မန္တလေးမြို့

မြန်မာစကြာပဋိပတ်သာသနာပြုအဖွဲ့ချုပ်

# ပထဝီဓါတ်နှင့်ဉာဏ်(၉)လွှာ
# ဝိပဿနာလုပ်ထုံးကျမ်း

မြန်မာစကြာပဋိပတ်သာသနာပြုရိပ်သာ
အရှေ့ပြင်မဂ်လာဥယျာဉ်ရိပ် မန္တလေးမြို့

၁၉၇၇၂


မန္တလေးမြို့
ဓမ္မစကြာပဋိပတ်သာသနာပြုအဖွဲ့ချုပ်
၁၃၃


# ပထဝီဓါတ်နှင့်ဉာဏ်(၉)လွှာ
# ဝိပဿနာလုပ်ထုံးကျမ်း


ဓမ္မစကြာပဋိပတ်သာသနာပြုရိပ်သာ
အရှေ့ပြင်မင်္ဂလာဥယျာဉ်ရပ် မန္တလေးမြို့

စာသားရေးစာပေ ခွင့်ပြုချက်အမှတ် ၉၂၅၉

# စတုတ္ထအကြိမ် ပုံနှိပ်ခြင်း

အုပ်ရေ ၂၀၀၀
၁၉၇၈-ခု၊ မတ်လ

☆☆☆

ဦးဒွေး
တက်နေလင်း ပုံနှိပ်တိုက်
၂၆-အာဇာနည်လမ်း၊ ပွဲကုန်း - မန္တလေး၊
(မြဲ-၀၁၂၂၀)မှ ရိုက်နှိပ်သည်။

ဦးလေးသောင်
နန်းရွှေ မင်္ဂလာဥယျာဉ်ရပ်
ကင်းလွတ်ခွင့်အမှတ် (၀၃၅၇၁) အရ
ထုတ်ဝေသည်။

# ကျမ်းပြုခြင်းအာသီသ

ရှင်တော်မြတ် ဘုရားသည် အာနန္ဒာ မထေရ်မြတ်အား မိန့်မှာတော်မူခဲ့သည်မှာ "ချစ်သား အာနန္ဒာ၊ ငါဘုရား၏ သာသနာသည် အနာဂတ်ကာလဝယ် (ခေါက်ရှာငှက်များ) ပျံသန်းသည့်အသွင် တခါတရံ၌လည်း ကမ္ဘာသူ ကမ္ဘာသား အပေါင်းတို့သည် အထူးလေးစား ဦးညွှတ်တွားလျက် အထွဋ်သဘွယ် တင့်တယ်မြင့်မား ကားကားစွင့်စွင့် အထူးပွင့်ပေမည်။

တခါတရံမှာလည်း လမင်းကြီးအား မိုဃ်းတိမ်တိုက် ဖုံးအုပ်သလို မိစ္ဆာတရားတွေ လွှမ်းမိုးလျက်ယုံကြည်ကိုးစားအားထားခြင်း ကင်းမဲ့စွာဖြင့် နိမ့်ကျခြင်းဖြစ်ပေမည်...."ဟု ရှင်တော်မြတ်ဘုရား မိန့်ကြားတော်မူခဲ့သော ဗျာဒိတ်တော်အရ သာသနာတော် (၂၀၀၀)တိုင်အောင် နိမ့်တုံမြင့်တုံဖြင့် ကမ္ဘာသူ ကမ္ဘာသား အပေါင်းတို့၏ အသိဉာဏ် အလင်းဓာတ် ရတနာကြီးကို ဖွင့်လှစ် ချီးမြှောက် စောင်မ စောင့်ရှောက်တော် မူပေ လိမ့်မည်။

ယခုအခါ သာသနာတော် သက္ကရာဇ်ကို တဘန်ပြန်လည်၍ တွက်စစ်ဆင်ခြင်ပြန်သော် နှစ်ပေါင်း (၂၅၀၀)ပြည့်မှာ (၅) နှစ်သာလိုပါသဖြင့် ခေတ်၅-မျိုးနှင့် တဘန် ဝေဘန် သုံးသပ်ပြန်သော် ယခု ဆိုက်ရောက်နေသော သာသနာ့ခေတ်ကြီးကား ဒါနယုဂ ခေတ်ကြီးဖြစ်ပေသည်။

**မှတ်ချက်။** ။ဤကျမ်းရေးစဉ်က သာသနာ ၂၅၀၀-ပြည့်ရန်မှာ ၅-နှစ် လိုသေးသည်။ ယခု ဝိမုတ္တိယုဂခေတ်ဖြစ်သည်။

ထိုဒါနယုဂခေတ်ကြီးသည် အနှစ် ၅၀၀-ထွန်းပေါ်လာခဲ့ ရာ ယခုအခါ သက်တမ်း ကုန်ဆုံးရှာတော့မည်မှာ ၅-နှစ်သာ လိုသေးသဖြင့် ထိုဒါနယုဂ ခေတ်ကြီး သက်တမ်းကုန်ဆုံးပါက ဝိမုတ္တိယုဂခေတ်ကြီး ပြန်လည် ထွန်းပေါ်ပေလိမ့်မည်။

**အိမ်ရာထောင် အရိယာလမ်းစဉ်**

ထိုဝိမုတ္တိယုဂ ခေါ် မဂ်-ဖိုလ် ချမ်းသာကို ပေးစွမ်း နိုင်သော ခေတ်ကောင်းကြီးသည် ရှင်တော် မြတ်ဘုရား သာသနာတော်၌ နှစ်ပေါင်း ၅၀၀-တိုင်တိုင် အရိယာတရား နေ့ဝန်းကြီး ထွန်း ပေါ်လျက် အမျိုးကောင်းသား အမျိုးကောင်း သမီး တို့အား အရိယာတရားခေတ် တည်းဟူသော မဂ်-အသိ ဖိုလ်-အသိတို့ကို ဖွင့်လှစ်တော်မူပေလိမ့်မည်။

ထိုဝိမုတ္တိယုဂ ခေတ်ကြီး၌ အရိယာ သူတော်ကောင်းတို့သည် ဒါန, သီလ, သမထ တရားတို့နှင့်သာ မွေ့လျော် မနေကြဘဲ ယခုဘဝနှင့်ပင် မဂ်-ဖိုလ်သို့ ဆိုက်ရောက်နိုင်အောင် ဝိပဿနာ လုပ်ငန်းစဉ်အရပ်ရပ်တို့ကို အထူးလေ့လာ စီမံဆောင်ရွက်၊ လုပ် ဆောင် အားထုတ်နေကြလေပြီ။

ယခုအခါ နိုင်ငံတော်အတွင်းရှိ ဗုဒ္ဓဝါဒီ ပုဂ္ဂိုလ်တိုင်း ထိုဝိမုတ္တိယုဂ ခေတ်ကြီး၏ ရှေ့ပြေးသဘွယ် ရောင်ခြည် ပမာ ဖြစ်သော ဝိပဿနာ တရားတော်ကို အထူးလေ့လာ ပွားများ ကြလျက် ထိုဝိမုတ္တိယုဂ ခေတ်အရောက်တွင် (အိမ်ယာထောင် သောတာပန်) လမ်းစဉ်ကြီးကို အပြီးတိုင် ဆွတ်ခူး၍ ပန်ဆင် နိုင်အောင် ကြိုးစားနေကြလေပြီ။

ထိုအိမ်ယာထောင်အရိယာလမ်းကြီး ပေါ်ထွက်မည့်သဘော တရားတို့ကို တရားပိုင် ခေတ်ပိုင် ပုဂ္ဂိုလ်ကြီးများ၏ဝေဘန်ချက် မှုမှာ ရှင်တော်မြတ်ဘုရား၏ သာသနာတော်သည် ရှေးဦးစွာ "အာဂါရိက ခေါ် အိမ်ယာထောင် သောတာပန်" လမ်းမကြီး ကို ဘန်ဆင်း တည်ထောင်တော် မူပေလိမ့်မည်။

ထိုအိမ်ယာထောင် အရိယာလမ်းမကြီးကို ဘန်ဆင်း တည် ထောင်တော်မူသောအခါတွင်လည်း သာသနာတော်၌ ပရိယတ် အသိဉာဏ် နည်းပါးကြသော ရဟန်း,ရှင်လူတို့သည် ရှေးဦးစွာ ဝိမုတ္တိရသာထူးကို ဆွတ်ခူး စားသုံးနိုင်ကြပေမည်။

**ကမ္ဘာနှင့် သာသနာတော်**

ဤဝိမုတ္တိယုဂ ခေတ်ကြီးသည် မြန်မာနိုင်ငံ တော်၌ ထွန်းပေါ် ကာမျှ မတ္တနှင့် ဗုဒ္ဓ သာသနာ လင်းရောင်ခြည်သည် ကမ္ဘာကြီး တခုလုံး၌ မထွန်းပြောင်နိုင်သေးပေ။ ပရိယတ် အကြားအမြင် ရှိတော်မူကြသော ရဟန်း,ရှင်လူအပေါင်းတို့သည် ဝိမုတ္တိ ရသာ ထူးကို ဆွတ်ခူးပန်ဆင်နိုင်သောအခါတွင် ဗုဒ္ဓသာသနာတော် သည် ကမ္ဘာကြီးတခုလုံးတွင် ထွန်းလင်း တောက်ပြောင်လျက် နေ-လအသွင် အလွန်ထင်ရှားပေလိမ့်မည်။

ထိုမှတပါး တရားပိုင် ခေတ်ပိုင်တော်မူကြသော ပညာရှိ ပုဂ္ဂိုလ်ကြီးတို့၏ ဝေဘန်ချက်တရပ်မှာ ရှင်တော်မြတ်ဘုရား၏ သာသနာတော်ကို နှစ်ပေါင်း ၂၅၀၀-အတွင်းမှာ သင်္ဂါယနာ တင်ပွဲ ပြုလုပ် ကျင်းပ လာခဲ့သည်မှာ ၅ ကြိမ်မြောက် ရှိခဲ့ လေပြီ။

ယခုနောက်ဆုံး (၂၅၀၀)စေ့မြောက်တော်မူသောအခါ တွင်လည်း ဆဋ္ဌသင်္ဂါယနာတင် ပွဲတော်ကြီးကို ဖွင့်၍ ဆင်မြန်း တော်မူကြပေလိမ့်မည်။ ထိုပွဲတော်ကြီးကား သာသနာတော် တဝက်တွင် ဗုဒ္ဓအာဏာစက် ထွန်းပေါ်မည့်နိမိတ်ပြပွဲတော်ကြီး ဖြစ်သောကြောင့် ကမ္ဘာသူ ကမ္ဘာသားတို့မှာ စင်ကြယ်သော အရိယာတရားခေတ်ကြီးနှင့် တွေ့ကြုံရတော့မည်မှာ မလွဲနိုင်ပေ။

ထို့ကြောင့် ရှင်တော်မြတ်ဘုရား၏ အနာဂတ် သာသနာ တော်ကြီးအတွက် အာဏာစက် ဓမ္မစက် ၂-ပါးဖြင့် ချီးမြောက် စောင့်ရှောက်တော်မူမည့် မဟာဓမ္မရာဇ်သာသနာပြုမင်းကောင်း မင်းမြတ်တို့၏ အလိုတော်ကျ ဖြစ်သော ပဋိပတ် လုပ်ငန်းစဉ်ကို အမျိုးကောင်းသား အမျိုးကောင်းသမီးများအတွက် ကြိုတင် သိရှိကြစေလိုပါသည်။

**မဟာဓမ္မရာဇ်နှင့် သာသနာ**

ကမ္ဘာသူ- ကမ္ဘာသား အပေါင်း တို့၏ ထာဝရ ငြိမ်းချမ်းရေးကြီးကိုမဟာဓမ္မရာဇ် မင်းသည် ဖွင့်လှစ် တည်ဆောက် နိုင်ရေး အတွက် ရှေးဦးစွာ ပဋိပတ်လုပ်ငန်းစဉ်များကို ရေးဆွဲရာတွင် ဝိပဿနာဉာဏ် လုပ်ငန်းစဉ်များကို စူဠသောတာပန်ဒီဂရီအဆင့် အတန်းထား၍ ဖွင့်လှစ်ရေးဆွဲပေလိမ့်မည်။

ရှင်တော်မြတ်ဘုရား ဟောကြားတော်မူအပ်သော ဓမ္မက္ခန္ဓာ (၈၄၀၀၀) ရှစ်သောင်းလေးထောင်တို့တွင် ဓမ္မစကြာ တရား တော်ကြီးကို နေယျပုဂ္ဂိုလ်များအတွက် အချက်ကျကျ ဝေဘန် သိမ်းဆည်းနိုင်စေရန် (အိမ်ယာထောင် အရိယာ)မဂ်စခန်းဖွင့်၍ ပဋိပတ်လုပ်ငန်းစဉ်ကို ဖွင့်လှစ် ရေးဆွဲပေလိမ့်မည်။

ရှင်တော်မြတ်ဘုရား ဟောကြားတော်မူအပ်သော အနတ္တ လက္ခဏသုတ် ဒေသနာတော်ကို အထက်မဂ် ၃-ပါးအတွက် တဆင့်တက်နိုင်ကြစေရန် အနာဂါမိကာ လမ်းခေါ် ပဋိပတ် လုပ်ငန်းစဉ်ကို အကျယ်ဝေဘန်၍ သုက္ခ ဝိပဿက ရဟန္တာ ခေတ်ကြီးကို ပြန်လည် ဖွင့်လှစ်တော်မူပေလိမ့်မည်။

ရှင်တော်မြတ်ဘုရား ဟောကြားတော်မူအပ်သော မဟာ သတိပဋ္ဌာန် ဒေသနာတော်ကြီးကို လေးမဂ်၊ လေးဖိုလ် ဖွင့်၍ ခွဲစိတ် ဝေဘန်ပြီးလျှင် နေ့ယျ ပုဂ္ဂိုလ်များ အချက်ကျကျ လုပ်ငန်းစဉ် သဘာဝကို အားထုတ်နိုင်၍ ရှင်တော် မြတ်ဘုရား သာသနာတော်၌ တေဝိဇ္ဇာ အရိယာခေတ်ကြီး ပေါ်ထွက်လာ အောင် ဖွင့်လှစ်တော်မူပေလိမ့်မည်။

ဤဘော်ပြအပ်သော ပဋိပတ္တိဓမ္မများသည် မဟာဓမ္မရာဇ် သာသနာပြုပုဂ္ဂိုလ်ကြီး ထွက်ပေါ်လာသောအခါတွင် ရှင်တော် မြတ်ဘုရား၏ ပဋိပတ် သာသနာတော်၌ ကမ္ဘာသူ ကမ္ဘာ သားများ မှီခိုကိုးစား အားထားရာဖြစ်သော ကျင့်စဉ်လမ်း ပဋိပတ်တရား လုပ်ငန်းစဉ်များဖြစ်၍ သာသနာတော်သည် ဝိမုတ္တိယုဂ ပန်းတိုင်သို့ တဖန် လှမ်းကိုင်တော် မူလိမ့်မည်ဟု တရားပိုင် ခေတ်ပိုင် ပညာရှိပုဂ္ဂိုလ်ကြီးများ ကိုယ်တိုင် အမိန့် ရှိတော်မူကြလေသည်။

ထိုပညာရှိပုဂ္ဂိုလ်ကြီးတို့၏ မိန့်တော်မူချက်ကို ဦးထိပ်ရွက် ပန်ဆင်တော်မူပြီးလျှင် ဓမ္မစကြာသာသနာပြုအဖွဲ့ချုပ်မှ ရှေ့ဦး စွာ ရှင်တော်မြတ်ဘုရား၏ ပဋိပတ်သာသနာတော်၌ အမျိုး

ကောင်းသား အမျိုးကောင်းသမီးများအတွက် မဂ်ဖိုလ်တရား၌ မှိုင်မြဲမြဲမြစ်တချုပြုကြစေရန် ရည်သန်တော်မူပြီးလျှင် စုဋ္ဌသောတာပန်ဒိဂရိကို အဆင့်အတန်း ထားလျက် "ပထဝီ ဓာတ်ဉာဏ် ဇူလွှာဓါ ဝိပဿနာ လုပ်ထုံးနည်းကျမ်း" ကို တိုင်းပြည်သို့ တင်ဆက်တော်မူခဲ့လေသည်။

**နေအရုဏ်နှင့် ကြာပဒုမ္မာ**

ဤလိုပ်ထုံးနည်းဓါ သုဒ္ဓဝိပဿက လမ်းစဉ်ကြီးကို သက္ကရာဇ် ၁၃၁၀-ခုနှစ်တွင် တိုင်းပြည်သို့ တင်ဆက်လိုက်ရာ ဝိပဿနာအာရဒ္ဓယောဂီဖြစ်တော်မူကြသော ရဟန်းရှင်လူ ပုဂ္ဂိုလ်တို့၏ စိတ်နှလုံးကို အထူးနှစ်သိမ့်စေလျက် အသိဉာဏ်တရား တည်းဟူသော ပဒုမ္မာကြာငုံပန်းကြီးသည် ကားကားစွင့်စွင့် နေအရုဏ် ပင့်သဖြင့် ပွင့်ခြင်းသို့ရောက်သလို ဝိပဿနာဉာဏ် စခန်းတွင် အသိဉာဏ်မပွင့်ကြသေးသော ပါရမီရှင်တို့သည် ဤကျမ်းဖြင့် အသိဉာဏ်အထူးပွင့်လန်းတော်မူကြလျက် လုပ်ငန်းစဉ်အမှန်ကို မြင်တွေ့ကြလေသည်။

ပါရမီရင့်သန်သော ဝိပဿနာ အာရဒ္ဓ ပုဂ္ဂိုလ်ကြီးတို့မှာလည်း ဤကျမ်းစာအုပ်တွင် ပါရှိသော ဝိပဿနာနည်းကို ဘတ်ရှုအားထုတ်ခါမျှနှင့် ရောင့်ရဲတင်းတိမ်ခြင်း မရှိကြသဖြင့် မိမိကိုယ်တိုင် လက်ထပ်သင်လို၍ ရန်ကုန်မြို့ဓမ္မစကြာသာသနာပြု အဖွဲ့ချုပ်ကြီးသို့ လာရောက်ကြပြီးလျှင် (ရက်ပေါင်း ၃၀ အားထုတ်နည်းကို ကျနစွာ အားထုတ်လျက် ဝိပဿနာအလုပ်တရားကို ကိုယ်တွေ့လက်တွေ့ ခံယူကြပြန်လေသည်။

**သတိပြုရန် အချက်**

ဤဝိပဿနာ လုပ်ထုံးကျမ်းသည် ရှင်တော်မြတ်ဘုရား၏ အရိယာ သာသနာတော်၌ နှစ်ပေါင်းများစွာ ဝိပဿနာအလုပ်ကို အားထုတ်ကြကုန်သော ကိုယ်တွေ့၊ သဘောတွေ့၊ မနောတွေ့အဖြစ်သို့ ရောက်ရှိတော်မူကြသည့် ပညာရှင်ကြီးတို့သည် ဤကျမ်းစာ၏ လုပ်ငန်းစဉ်ကို ဘတ်ရှုဝေဘန် သုံးသပ်ဆင်ခြင်ကြည့်ခါမျှနှင့်ပင် မိမိတို့၏ အသိဉာဏ်ခေါ် နှလုံးအိမ်၌ ဤဝိပဿနာနည်းကို လက်တွေ့၊ သဘောတွေ့ ဝိပဿနာနည်း ဟူ၍၎င်း၊ အတ္တနှင့် အနတ္တသဘောကိုအပိုင်သိနိုင်၍ပညာမြင်ဝိပဿနာနည်းဟူ၍၎င်း ဆုံးဖြတ်တော်မူကြပြီးလျှင် ဤကျမ်းစာကို လက်ကိုင်ပြုထား၍ ပဋိပတ် လုပ်ငန်းစဉ်ကို အားထုတ်ကြမည် ဖြစ်ကြောင်း မိမိကိုယ်တိုင် ဝန်ခံလာပေမည်။

**ဤကျမ်း၏ ဝန်ခံချက်**

ဤဝိပဿနာ လုပ်ထုံးနည်း ကျမ်းကို သဘောပေါက်အောင် လေ့လာ ဆည်းပူး အားထုတ်နိုင်ကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့မှာ ပါရမီလုပ်ငန်းစဉ်မပြည့်သေး၍ မဂ်ဖိုလ်ကို ယခုဘဝ်နှင့်ပင် မရနိုင်စေကာမူ အယုတ်ဆုံးကလျာဏ အဆင့်အတန်းကိုသော်၎င်း၊ စူဠသောတာပန် အဆင့် အတန်းကို သော်၎င်း ရနိုင်ကြပါသည်။

ထိုမှတပါး ရှင်တော်မြတ်ဘုရား သာသနာတော်၌ သူတမျိုး ငါတဖုံနှင့် ဝါဒလုပ်ငန်းစဉ်တွေ အစုံစုံ တန်ခိုးပြနေသော ဘေးရန်ကြီးကိုလည်း အလူးလေားဆီး ကာကွယ်နိုင်ပါကြောင်း ကျမ်းကဝန်ခံပါသည်။

## (၄)　　ကျမ်းပြုခြင်း အာသံသ

ဤမျှတွင် မဟုတ်သေးပါ (ဥပမာ) လောကဝယ် အရောင်းအဝယ်ပြုလုပ်ကြရာတွင် အလေးချိန်ကို ပဓာနထား၍ ၂၅-သား၊ ၅၀-သား၊ တပိဿာ စသည်ဖြင့် ချိန်တွယ်၍ အရောင်းအဝယ်ပြုကြလေရာ ဝယ်ယူသည့်ပုဂ္ဂိုလ်မှာ မိမိ၌ အလေးခံ တခုခု မရှိခဲ့သော် ဈေးသည်က ချိန်တွယ်ပေးသော သံခွက် အလေးကိုပင် မပြည့်သော်လည်း ပြည့်သည်ဟု ထင်မှတ် ပြီးလျှင် လက်ခံကျေနပ်ရပေလိမ့်မည်။

အကယ်၍ မိမိမှာသာ ၂၅-သား၊ ၅၀-သား စသောအလေးခံကလေး တခုခုရှိထားပါလျှင် ဈေးသည်ကချိန်တွယ်ပေးသော အလေးကို ပြည့်,မပြည့် တထစ်ကျ ပြောဆိုနိုင်သည့်ပြင် ကုန်ပစ္စည်းကိုလည်း အပြည့်အနှက် ပိုင်ပိုင်ယူနိုင်ရာသည်။

ယခုအခါ ရှင်တော်မြတ်ဘုရား၏ ပဋိပတ်သာသနာတော်၌ မဂ်ဆိုက် ဖိုလ်ဝင်နှင့်စပ်သော တရားအမျိုးမျိုးတို့သည် ရောင်းဝယ်သည့်အလား အထင်အရှား အမျိုးမျိုး ထွက်ပေါ်လျက်ရှိနေကြလေရာ၊ နာယူအားထုတ်ကြသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့မှာ ဈေးဝယ်ကြသည်နှင့် အလားတူနေကြလေသည်။

**ကိုယ်ပိုင် အသိဉာဏ်**

မိမိအား အလေးခံခေါ် အသိဉာဏ် ရှိထားမှုသည်အလွန်အရေးကြီးအပ်ပေသည်။အကယ်၍ ၂၀-သား၊ ၂၅-သားမျှ အလေးခံခေါ် အသိဉာဏ် အပိုင်မရှိခဲ့သော် ဟောပြောသော ပုဂ္ဂိုလ်က ပေးတိုင်း၊ လက်ဖြန့်ခံယူကြမည်မှာ အမှန်ဖြစ်ပေသည်။

အလေးပြည့် ကျပ်ပြည့် တင်းပြည့် တရား ဖြစ်ခဲ့ပါလျှင် သင့်တော်ပါသေး၏။ မပြည့်သော တရား ဖြစ်ခဲ့လျှင် သံသရာ တလျှောက်လုံး ထောက်တည်ရာမရဘဲ မဂ်,ဖိုလ်နှင့် ဝေးကွာ ကြရပေလိမ့်မည်။

ထို့ကြောင့် ဤဝိပဿနာ လုပ်ထုံးနည်း ကျမ်းသည် တရား အားထုတ်သော အမျိုးကောင်းသား အမျိုးကောင်းသမီးများ အတို့၌ ပါရမီလုပ်ငန်းစဉ် ပြည့်ခဲ့သော် ယခုဘဝနှင့်ပင် တမဂ် တဖိုလ်သို့ ဆိုက်ရောက်နိုင်သည့်အပြင် မပြည့်သေးသော ပုဂ္ဂိုလ် များအတွက်မှာလည်း အနည်းဆုံး အလေးခံခေါ် ကလျာဏ အသိ၊ စူဠသောတာပန် အသိသို့ ဆိုက် ရောက် နိုင် ပါကြောင်း၊ ဤ ကျ မ်း တွ င် ပါ ရှိ သော သဘာဝများက တာဝန်ခံနိုင် ပါသည်။

အထူး တိုက်တွန်းချက် ဤဝိပဿနာလုပ်ထုံးနည်းကျမ်းကို အကြိမ်ကြိမ် အဘန် ဆင်ခြင် လေ့ လာ ပွားများအားထုတ်ကြလျက် ဝိပဿနာအသိဉာဏ်ကိုအပိုင် ရရှိတော် မူကြသော ပါရမီရှင်တို့မှာ မိမိကိုယ်တိုင် ဟုတ်မှန် ကြောင်း ဝန်ခံနိုင်မည် ဖြစ်ပါသောကြောင့် စိမုတ္တိယုဂခေတ် ဟောင်းကြီး ပြန်လည်ထွန်းပေါ် အတက်တွင် အိမ်ယာထောင် သောတာပန် အရိယာ ခေတ်ကြီးကို လက် ဆုပ် လက် ကိုင်

(ည) ကျမ်းပြုခြင်းအာသီသ

အ ပိုင် ရ ရှိ ကြ စေ ရန် ရည် သန် ရိုး ရင်း နှ လုံး သွင်း လျက် “ပထဝီဓာတ်နှင့်ညာဏ် ၉-လွှာခေါ် ဝိပဿနာလုပ်ထုံးကျမ်း”ကို စတုတ္ထအကြိမ် စက်တင်ပုံနှိပ်၍ တိုင်းပြည်သို့ တင်ဆက်လိုက်ပေသတည်း။

ဓမ္မစကြာပဋိပတ်သာသနာပြုအဖွဲ့ချုပ်
နန်းရှေ့၊ မင်္ဂလာဥယျာဉ်ရိပ်
မန္တလေးမြို့။

## ပဌမပိုင်း မာတိကာ


ကျမ်းပြုခြင်းအာသီသ (က)
ဤကျမ်း၏ ဝန်ခံချက် (ဆ)
အဘိဓမ္မာနည်းနှင့် ဝိပဿနာနည်း ခြားနားပုံ ၃
သက္ကာယ ဒိဋ္ဌိသဘော ၇
အကြောင်းကို သိမ်းဆည်းပါ ၈
ပထဝီ၏ သဘာဝ ၉
အရေးကြီးသော တရားခံ ၁၀
တိဟိတ်ဉာဏ်နှင့် ဝိပဿနာ ၁၃
၉–လွှာခွဲစိတ်ပုံ ပုံစံ(၁) ၁၈
ပရမတ်သဘောနှင့် လက်တွေ့နည်း ၁၉
ပညတ်ငါးမျိုး ၂၀
နာမပညတ်နှင့် သက္ကာယဒိဋ္ဌိ ၂၁
သဏ္ဍာနပညတ်နှင့် သက္ကာယဒိဋ္ဌိ ၂၄
ဃနပညတ်နှင့် သက္ကာယဒိဋ္ဌိ ၂၅
သမူဟပညတ်နှင့် သက္ကာယဒိဋ္ဌိ ၂၆
သဘာဝပညတ်နှင့် သက္ကာယဒိဋ္ဌိ ၂၇
မာမူသဘောနှင့် သက္ကာယဒိဋ္ဌိ ၃၀
ဝိညာဏ်နှင့် ပညာခွဲခြားခဏ်း ၃၂
ပထဝီဓာတ်နှင့် ဉာဏ် ၉-ပါး ၃၆
ဝိပဿနာပုံစံ အမှတ်(၂) ၄၀
ပထဝီဓာတ်နှင့်အစွဲလေးချက် ၄၂
နည်းသုံးနည်းနှင့်ဝေဘန်ချက် ၄၇

| | |
|---|---|
| ပထဝီခေတ်နှစ်မျိုး | ၄၈ |
| ဌာန်လေးချက်နှင့် သိမ်းဆည်းခြင်း | ၄၉ |
| သောတာပန်နှင့် အနတ္တတရား | ၅၅ |
| ပညာနယ်လောက ပေါ်ထွက်ပုံ | ၆၀ |
| နာမရူပ ပရိစ္ဆေဒဉာဏ်နှင့်ဒိဋ္ဌိဝိသုဒ္ဓိ | ၆၅ |
| ဝိပဿနာပုံစံ အမှတ်(၃) | ၇၀ |
| ပစ္စယပရိဂ္ဂဟဉာဏ်နှင့်ကင်္ခါဝိတရဏဝိသုဒ္ဓိ | ၇၁ |
| ဒိဋ္ဌိကြီးလေးပါး | ၇၈ |
| ယုံမှားခြင်း ၂-မျိုး | ၈၃ |
| ဝိစိကိစ္ဆာသဘော | ၈၇ |
| ကြောင်းကျိုးဖြတ်ပုံ လုပ်ငန်းစဉ် | ၉၂ |
| သိမ်းဆည်းရန်နည်း လုပ်ငန်းစဉ် | ၉၉ |
| အစွန်းလေးချက် | ၁၀၂ |
| ဝိပဿနာအလွှာနှင့် သမ္မာသနလုပ်ငန်းစဉ် | ၁၁၁ |
| သန္တတိခေတ် သုံးမျိုး | ၁၂၁ |
| ဝိပဿနာပုံစံ အမှတ်(၄) | ၁၂၄ |
| သမ္မသနဉာဏ် လုပ်ငန်းစဉ် | ၁၂၅ |
| ဥဒယဗ္ဗယဉာဏ် လုပ်ငန်းစဉ်-၁ | ၁၃၃ |
| စူဠသောတာပန် | ၁၃၉ |
| ပုဂ္ဂိုလ်လေးမျိုးနှင့်ဒီကရီအား | ၁၄၀ |
| ဝိပဿနာပုံစံ အမှတ် ၅) | ၁၄၃ |
| ဥဒယဗ္ဗယဉာဏ်လုပ်ငန်းစဉ် (၂) | ၁၄၄ |
| အထူးသတိပြုရန် | ၁၅၃ |

## ဒုတိယပိုင်း မာတိကာ


ဝိပဿနာလုပ်ထုံးကျမ်း ဒုတိယပိုင်း ၁၆၅
အနုသယ နှစ်မျိုး ၁၆၈
အဝိဇ္ဇာရေသောက်မြစ်, အတိတ်စွဲ ၁၆၉
တဏှာရေသောက်မြစ်, အနာဂတ်စွဲ ၁၇၀
အနာဂတ်အာရုံနှင့်ဥစ္စေဒဒိဋ္ဌိ ၁၇၂
ကံရေသောက်မြစ်, ပစ္စုပ္ပန်အစွဲ ၁၇၄
ဥဒယဗ္ဗယဉာဏ် တရားခံ ကံရိပ် ၁၇၆
အာဟာရရေသောက်မြစ်, ပစ္စုပ္ပန်အရိပ် ၁၇၇
ပဋိစ္စသမုပ္ပါဒ်ရှုရန်အကျဉ်းနည်း ၁၈၀
အကျိုးတရားကိုဝေဘန်ခြင်း ၁၈၃
ပစ္စုပ္ပန်အရိပ်နှင့် ကံမျိုးစေ့ ၁၈၅
ကံတရား၏သဘာဝ ၁၈၉
လက်တွေ့နည်း သိမ်းဆည်းပုံ ၁၉၃
ပညာမြင် ဥဒယဗ္ဗယဉာဏ်,ဝိပဿနာပုံစံ အမှတ်(၅) ၁၉၉
သုညတနှစ်မျိုး ၂၀၃
သတ္တာလေးပါး၏သဘာဝ ၂၀၇
ဃ-န ဆိုသည်မှာ ၂၁၁
ခန္ဓာသဘောနှင့် ရုပ်နာမ်သဘော ၂၁၃
ပျက်သဘောအစစ် တွေ့ရန်နည်း ၂၁၆
အထူးသတိပြုရန်အချက် ၂၂၀
ပညာမြင်ဥဒယဗ္ဗယဉာဏ်၏တရားဥာက္ခောင်းဝင်ပုံ ၂၂၁
ဝိညာဏ်ရိပ် ၂-မျိုး ၂၂၄
အနိစ္စာနုပဿနာဉာဏ်,ဝိပဿနာပုံစံ အမှတ်(၆) ၂၂၈
အစွဲလေးချက်နှင့်သာရလေးလုံး ၂၂၉
အာရမ္မဏိက သဘောသက်သက် ၂၃၀

အကျိုးဝိညာဏ်ရုပ်နှင့်အစွဲသဘော ၂၃၁
ဘင်္ဂညာဏ်၌ အထူးမှတ်သားရန် ၂၃၅
ကံမျိုးစေ့နှင့်ဒိဋ္ဌိသဘော ၂၃၈
ဟေတုနှင့်ပစ္စယ ၂၄၇
ကောဓမ္မောတည်ရှိပုံ ၂၅၀
သောတာပန် အင်္ဂါလေးချက် ၂၅၂
အကျိုးတရား ၈-ပါး ထုတ်ပြချက် ၂၅၆
ဒုက္ခာနုပဿနာညာဏ် ဝိပဿနာပုံစံ အမှတ်(၇) ၂၅၉
စက်ရဟတ်လေးပါးလည်ပုံ ၂၆၄
ဒုက္ခညာဏ်သိမ်းဆည်းပုံ လက်တွေ့နည်း ၂၇၄
ညာဏ်စဉ်သုံးပါးနေပုံ ၂၀၀
အနတ္တာနုပဿနာညာဏ် ဝိပဿနာပုံစံ အမှတ်(၈) ၂၈၄
ပညာမြင် အနတ္တညာဏ်စခန်း ၂၈၅
ဝိပဿနာညာဏ်ဆိုသည်မှာ ၂၉၀
လက်တွေ့နည်း ဝေဘန်သုံးသပ်ပုံ ၂၉၇
အကျိုးသုညတနှစ်မျိုး ၃၀၃
ဝိပဿနာပုံစံ အမှတ်(၉) ၃၁၀
အကျိုးသုညတ ၃၁၁
အနုသယခန္ဓာ ၂-ပါး ၃၁၃
မဂ်ညာဏ်ဆိုသည်မှာ ၃၁၅
သဘာဝနှင့်တကွမြင်ပုံ ၃၂၀
ပညတ်ရုပ် ၄-ပါး ၃၂၄
သဘာဝညာဏ်နှင့်မြင်အောင်ရှု ၃၂၈
ဓမ္မစကြာ သာသနာပြု အဖွဲ့ချုပ်၏
ထုတ်ပြန်ကြေငြာချက် ၃၃၉

# ပဌမပိုင်း

# ဝိပဿနာ လုပ်ထုံးကျမ်း

## ပဉ္စမပိုင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ ပထဝီဓာတ်တပါး၌ “(၉)လွှာ” ရအောင် ဘယ်လို ခွဲစိတ်ကြမည်နည်း။

၂။ “အနတ္တအစစ်သဘော” ကို ဘယ်အလွှာကျမှ တွေ့ကြမည်နည်း။

၃။ “ဝိညာဏ်သိ”နှင့်“ ပညာသိ သဘော”ကို ဘယ်လို ဓာတ်ခွဲကြည့်မှသိနိုင်မည်နည်း။

၄။ ငါမဟုတ်, သူမဟုတ်, ယောကျ်ားမဟုတ်, မိန်းမ မဟုတ်, ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဟူ၍ သညာသိသဘောသိရုံမျှနှင့် သက္ကာယဒိဋ္ဌိ ကွာနိုင်ပါမည်လား။

F.1

၅။ မမြဲသောတရား၊ ဆင်းရဲသောတရား၊ အစိုးမရသော တရားဟူ၍ ၎င်း သဘောတရား ခေတ် သတ္တိ ခေါ် မြေ့မြေ့ကလေးသာရှိ၏ဟူ၍ ယူဆသိရုံနှင့် **ဝိညာဏ်** သိစင်၍ပညာမြင်ဖြစ်ကြပြီလား။

ယခုအခါ ရှင်တော် မြတ်ဘုရား၏ **အနာဂတ် သာသနာ** တော်သည် ဝိမုတ္တိယုဂခေတ်ကြီးသို့ တဘန်ပြန်လည်ထွန်းပေါ် တက်တော့မည်။ သာသနာတော်၌ အိမ်ရာထောင် သောတာပန် အရိယာ လမ်းကြီးသည် ထင်ရှား ထွက်ပေါ် လာတော့မည်။ သာသနာတော်ကိုမှီတင်းနေထိုင်ကြသောရဟန်းရှင်လူအပေါင်း တို့သည် ဝိပဿနာ တရားတော်ကြီးကို ဦးစိုက်၍ အမျိုးမျိုး ဟောပြော ဆွေးနွေး အားထုတ် နေကြလေပြီ။

သို့ရာတွင် အပြောသာရှိ၍ သဘောမပါသော အလုပ်မျိုး ဖြစ်နေပါသော် သင်္ကြန်အခါတွင်ပစ်ဖောက်သော အမြောက် ကြီးများကဲ့သို့ ကာပတ်တွေများ၍ အဆံမပါဘဲဖြစ်နေကြမည်ကို အထူး သတိပြုကြစေလို ပါသောကြောင့် ဤမေးခွန်း ပုစ္ဆာ (၅) ချက်ကို ထုတ်ဘော်၍ ဝိပဿနာရှုစဉ်ကို ရေးသား လိုက် ပေသတည်း။

# အဘိဓမ္မာနည်းနှင့် ဝိပဿနာနည်း ခြားနားပုံ

ဝိပဿနာဉာဏ် ၉-ပါးတို့၏ လုပ်ငန်းစဉ်ကိုရှင်းမပြသေးမီ အခြေခံဖြစ်သော သဘောတရားတို့ကို သိရှိနားလည်ရန် လိုအပ်ပေသည်။ သိသင့်သိထိုက်သော သဘာဝ အချက်တို့ကိုလည်း ကြိုတင်သိရှိထားရမည်ဖြစ်၍ အဘိဓမ္မာသဘောနှင့် ဝိပဿနာသဘောတရား ၂-ပါးတို့၏ ခြားနားပုံကို ရှေးဦးစွာ အကျဉ်းမျှ ရှင်းပြပေအံ့။

**မှတ်ချက်။** ။ဝိပဿနာလုပ်ငန်းစဉ်ကို သဘာဝနည်းဖြင့် ဝေဘန်သိမ်းဆည်းကြရာတွင် အဘိဓမ္မာ သဘောတရားသို့ သက်ရောက် တတ်လေရကား မကျရောက် အောင် အထူး သတိပြုကြစေလိုသည်။

**အဘိဓမ္မာနည်းဆိုသည်မှာ** ရှင်တော် မြတ်ဘုရားသည် ရုပ်လောက နာမ်လောကခေါ် စိတ်,စေတသိက်, ရုပ်တရားတို့ကို သဘောတူရာ ပေါင်းစပ် ယှဉ်တွဲ၍ ဖြစ်ရှိပုံနှင့်တကွ ထုတ်ဘော်လျက် အမည်အမျိုးမျိုး သမုတ်သတ်မှတ် ပညတ်တင်ပြီးလျှင် တန်ဆာဆင်ယင်၍ ဖွင့်ပြထားသော လောကကို "အဘိဓမ္မာလောက"ဟု ခေါ်ဆိုလေသည်။

အဘိဓမ္မာလောက၌ ခန္ဓာငါးပါး, အာယတန ၁၂-ပါး ဓာတ် ၁၈-ပါး, ပဋိစ္စသမုပ္ပါဒ်တရား,စသည်ဖြင့် အမည်အမျိုးမျိုးမှည့်ခေါ်၍ သမုတ်ထားသော်လည်း လိုရင်းအရ ဝေဘန်လိုက်သော် "**ရုပ်လောက,နာမ်လောက ၂-ပါးတို့သာ**"ဖြစ်ချေသည်။

အဘိဓမ္မာ ၇–ကျမ်း ဆိုသည်မှာလည်း ရုပ်နာမ် တရား ၂-ပါးတို့ပင်လျှင် ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ စသည်ဖြင့် ဝေဘန်ပြခြင်း၊ ခန္ဓာစသည်ဖြင့်ဝေဘန်ပြခြင်း၊ ဓာတ်စသည်ဖြင့် ဝေဘန်ပြခြင်း၊ပဋိစ္စသမုပ္ပါဒ်၊ပဋ္ဌာန်းစသည်ဖြင့်အမည်အမျိုးမျိုး နည်းစုံ ဖွင့်၍ ဆန်းကြယ် ခမ်းနားစွာ ဝေဘန်၍ ဖွင့်ပြခြင်း တို့ပင် ဖြစ်ပေသည်။

ဆိုလိုရင်းအဓိပ္ပါယ်မှာ အဘိဓမ္မာနည်းသည် သဘာဝဓမ္မ တို့၏ ဖြစ်ပေါ်မှုခေါ် သင်္ခတဓမ္မ လောကကြီးကို ဉာဏ်အစုံ နှိုက်၍ ဘယ်ပုံဘယ်နည်းဖြင့် ဖြစ်ပေါ်သည်ဟု ခွဲခြမ်း စိတ်ဖြာ ဝေဘန်ပိုင်းခြား ထုတ်ဘော် ထားသောကြောင့် အဘိဓမ္မာ ဒေသနာတော်သည် အလွန်နက်နဲ ဆန်းကြယ်တော်မူလေရကား ရှင်တော်မြတ်ဘုရားတို့၏ ကျက်စားရာ သဘောတရားကြီးပင် ဖြစ်ပေသည်။

**မဂ်ဖိုလ်အတွက် ရရာ ရကြောင်း၊ အချက်ကောင်းကြီး သည်ကား ထိုအဘိဓမ္မာနည်းနှင့် မသက်ဆိုင်ပေ။** အဘယ် ကြောင့်ဆိုသော် မဂ်ဖိုလ်တရားသည် အသင်္ခတဓမ္မ သဘော တရားသက်သက်ဖြစ်၍ ထိုသဘောတရားသို့ဆိုက်ရောက်လိုသော ပုဂ္ဂိုလ်သည် သင်္ခတဓမ္မကိုဆိပ်သုဉ်းအောင် ဝေဘန် သိမ်းဆည်း အားထုတ်လုပ်ဆောင်ခြင်းဖြစ်၍ အဘိဓမ္မာနည်းနှင့် မည်သို့မျှ မသက်ဆိုင်ပေ။

**အဘိဓမ္မာနှင့် ရုပ်လောက**

ရှင်တော်မြတ် ဘုရားသည် အဘိဓမ္မာနည်း၌ ရုပ်လောကကို ဝေဘန် ပြသော အခါတွင် အဝိနိဗ္ဘောဂခေါ် ရုပ် ၈ ခုမှာပင် ခွဲစိတ်၍ မရနိုင်ဟု သဘာဝဥက္ကောင်းချ၍ သင်္ခတဓမ္မ လောကကြီးကို

အမျိုးမျိုးတွဲစပ် ပေါင်းယှဉ်လျက် တည်ထောင်ပြတော်မူပေသည်။ ထိုမှတပါး ဓာတ်တပါး၊တပါးကို ထုတ်ဆောင်၍ ဟောကြားတော်မူရာ၌လည်း မာမှု၊ပျော့မှု၊ ပူမှု၊ အေးမှု၊ဖွဲ့စည်းမှု၊ယိုစီးမှု ဟူသော သဘာဝ လက္ခဏာကိုသာ ထုတ်ဆောင်၍ အဘိဓမ္မာ နည်းကို ဟောကြားတော်မူခဲ့ပေသည်။

ဤဟောကြားတော်မူခြင်းသည်ကား သခ်ာတမ္မ၏ဖြစ်ပေါ် နေပုံကို ဖွင့်ပြလိုသောကြောင့် သဘာဝ လက္ခဏာ မျှသာလျှင် ထုတ်ဆောင်၍ ဟောကြားခြင်း ဖြစ်ပေသည်။ ဤဟောကြားခြင်းဖြင့်လည်း အန္ဓပုထုဇဉ် ပုဂ္ဂိုလ်တို့၏ အဘို့မှာကား အလွန် ကြမ်းထမ်းရှန့်ရင်းသောအတ္တဒိဋ္ဌိခေါ်င ါ၊သူတပါး၊ယောကျ်ား၊ မိန်းမ၊ပုဂ္ဂိုလ်၊သတ္တဝါ ဟူသော အစွဲမှားကြီးသာ ပြုတ်နိုင်ရာ၏။ ဝိပဿနာဉာဏ်စဉ်တွင်သွင်း၍ ဝေဘန်လျှင် မာမှု၊ပျော့မှု ခေါ် သညာသိ၊ဝိညာဏ်သိ သဘောမျိုးသည် မည်သည့် ဝိပဿနာ ဉာဏ်စဉ်မှ သွင်း၍မရနိုင်သေးပေ။ သို့ရာတွင် နာမရူပ ပရိစ္ဆေဒ ဉာဏ်၏ အခြေခံသဘောလောက်သာ သွင်း၍ရနိုင်ပါသေးသည်။

နာမ်လောကကို ဝေဘန်သော အခါမှာလည်း တခုသော နာမ်တရားခေါ် သိမှု၌ စေတသိက်ပေါင်းမြောက်မြားစွာတို့နှင့် ပေါင်းယှဉ်တွဲစပ်ပြီးမှ ဝိညာဏ်သိလောကကို ဖွင့်ပြတော် မူနိုင် လေသည်။ (ဤ၌) အဘိဓမ္မာ ဒေသနာတော်ကို ဝိညာဏ်သိ လောကဟု ဆိုလိုက်ခြင်း မဟုတ်ပေ။ အန္ဓပုထုဇဉ် ပုဂ္ဂိုလ်တို့၏ အသိဉာဏ်နှင့် ဝေဘန်ခြင်း ကိုသာ ဝိညာဏ်သိ လောကဟု ဆိုလို၏။

ဘုရား, ရဟန္တာ အရိယာ အရှင်မြတ် တို့၏ အသိဉာဏ်နှင့် ဝေဘန်လျှင် အဘိဓမ္မာဒေသနာတော်သည်၊ပညာသိလောက၏

ကျက်စားရာ အစစ်အမှန်ကြီး ဖြစ်သောကြောင့် (အာဘိ အတိရေကော ဓမ္မော အာဘိဓမ္မော၊ အာဘိဝိသိဋ္ဌာ ဓမ္မာ ဧတ္တာတိ အဘိုဓမ္မာ)စသည်ဖြင့် အဋ္ဌကထာဆရာမြတ်တို့ မိန့်ဆိုတော်မူကြလေသည်။

**ဝိပဿနာနည်း ဆိုသည်မှာ** ရှင်တော်မြတ် ဘုရားသည် ရုပ်တပါး တပါးကိုရင်း, နာမ်တရား တပါးတပါးကို ရင်း ဝိပဿနာဉာဏ်(၁၀)ပါးနှင့် ခွဲစိတ်၍ အနိစ္စအစစ်, ဒုက္ခအစစ်, အနတ္တအစစ်တို့ကို ဖွင့်လှစ်ရှာဖွေသော နည်းကို ဆိုလို၏။ **ဥပမာ၊** ပထဝီ ဓာတ် တပါးကို ပင်လျှင် ဝိပဿနာဉာဏ် ၉-ပါးနှင့် ၉-လွှာရအောင် ခွဲစိတ်ဝေဘန်ခြင်းသည် ဝိပဿနာ၏ အရာဌာန ဖြစ်ပေသည်။

အဘိဓမ္မာနည်း**ကား** (၉)လွှာရအောင် ခွဲစိတ်ဝေဘန်ခြင်း မရှိပေ။ ယခုအခါ သာသနာတော်၌ အများအားဖြင့်ဝိပဿနာ ဟူ၍ ဟောပြောအားထုတ်နေကြသည့် မာမှု, ပျော့မှု, ပူမှု, မှု, စသော သဘာဝလက္ခဏာတို့ကား ဝိပဿနာမဟုတ်ကြသေးပေ။ အဘိဓမ္မာ သဘောတရားကိုသာ လေ့လာအားထုတ်ခြင်းဟု ဆိုနိုင်လေသည်။

ရှင်တော်မြတ်ဘုရားသည် ထူးဆန်းနက်နဲ ခက်ခဲလှစွာသော အနန္တနယ, သမန္တမည်မှန်း ပဋ္ဌာန်းကျမ်းတော်ကြီးကို သဘာဝဓမ္မတို့ဖြင့် အမျိုးမျိုးတန်ဆာဆင်၍ ဝေဘန်သုံးသပ်ဟောကြားငြားအပ်သော်လည်း အဘိဓမ္မာနည်း ဟူ၍သာ ခေါ်ဆိုနိုင်ရာ၏။ အဘယ့်ကြောင့်ဆိုသော် သင်္ခတဓမ္မကို ခွဲစိတ် ဝေဘန်ပြခြင်း ဖြစ်သောကြောင့်ပင်တည်း။

ထို့ကြောင့် ယခုခေတ်တွင် ဝိပဿနာ လုပ်ငန်းစဉ်ကို လိုလားအားထုတ်ကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီး အပေါင်းတို့သည် အဘိဓမ္မာနည်းကို ဝိပဿနာ ထင်မှတ်ပြီး စိတ်ယှဉ်, စေတသိက်ယှဉ် အမျိုးမျိုးနှင့် အဘိဓမ္မာ ဂုဏ်ကျမ်းကို လေ့လာ အားထုတ်နေကြပါလျှင် ပရိယတ် သင်ကြားမှု ဖြစ်နေမည်ကို အထူးသတိပြုသင့်လှပေ၏။

## သက္ကာယဒိဋ္ဌိသဘော

**သက္ကာယဒိဋ္ဌိဆိုသည်မှာ** အကြောင်းမဲ့ သက်သက်ဖြင့် ပေါ်ထွက်လာသော သဘောမဟုတ်ပေ။ ပညတ်ကိုစွဲ၍ ထွက်ပေါ်လာခြင်းဖြစ်ပေ၏။ ပညတ်သဘောတရားသည်လည်း ပရမတ်ဖြစ်သော ရုပ်တရား,နာမ်တရား,ခန္ဓာတရား ရှိ၍သာလျှင် ပညတ်သဘော ပေါ်ထွက်နိုင်လေသည်။

ပညတ်သဘော ပေါ်ထွက်နေပါလျှင် သက္ကာယဒိဋ္ဌိခေါ် အစွဲသဘောသည်လည်း စွဲတော့မည်မှာ အမှန်ဖြစ်ချေ၏။ မစွဲကြနှင့်ဟု အတင်းအဓမ္မ တားဆီး ပိတ်ပင် ထားသော်လည်း ရနိုင်မည်ကား မဟုတ်နိုင်ရာ၊ ရုပ်,နာမ် ၂-ပါး ခန္ဓာ ငါးပါး ထင်ရှားရှိသောကြောင့်သာ သက္ကာယဒိဋ္ဌိအစွဲလည်း ပေါ်ထွက်ရှိနေရသည်ဟု ဆိုလို၏။

ခန္ဓာ ငါးပါး ရုပ်နာမ် တရားတို့ကား သက္ကာယဒိဋ္ဌိ ပေါ်ထွက်ရန် အကြောင်းတရားခေါ် အခြေခံသဘောတို့ဖြစ်ပေ၏။ ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါဟု ခေါ်ဝေါ်အပ်သော

ပညတ်သဘောတို့ကား အကျိုးတရားတို့ဖြစ်ပေ၏။ ကြောင်း, ကျိုး ၂-ပါးတို့ တည်ရှိနေလျှင် သက္ကာယဒိဋ္ဌိခေါ် အစွဲသမားလည်း ရှိမည်မှာ အမှန်ဖြစ်ပေ၏။

**အကြောင်းကို သိမ်းဆည်းပါ** သက္ကာယဒိဋ္ဌိ အစွဲသမား မစွဲစေလိုလျှင် အကြောင်းတရား ဖြစ်သော ရုပ်, နာမ် ၂-ပါးကို ငြိမ်းအောင်သိမ်းဆည်းရပေမည်။ သိမ်းဆည်းခြင်း ဆိုသည်မှာလည်း သုဉ်းဆိတ်အောင် ပြုလုပ်ခြင်းကိုဆိုလို၏။ အကြောင်းတရား ငြိမ်းလျှင် အကျိုးတရားဖြစ်သောပညတ်တရားသည် အဘယ်မှာလျှင် ရပ်တည်၍ နေနိုင်ပါမည်နည်း။

ကြောင်း,ကျိုး ၂-ပါးတို့ သန္တာန်လောကတွင် ရပ်တည်၍ မရှိခဲ့လျှင် သက္ကာယဒိဋ္ဌိခေါ် အစွဲသမားလည်း စွဲစရာမရှိပါက အဘယ်မှာလျှင် ထွက်ပေါ် လာတော့မည်နည်း၊ ရိစ္ဆာခေါ် အချည်းနှီး သဘောတရားသို့ အလိုလို ဥဒ္ဒကွာင်း ဆိုက်ရောက်နေမည်ကား မလွဲနိုင်ပေ။

ထို့ကြောင့် လက်တွေ့နည်း, သဘာဝနည်းတို့ဖြင့် ဝေဘန်သိမ်းဆည်းပါလျှင် (အစွဲသဘော)ကို အတင်းအဓမ္မ ဖြုတ်၍ မရနိုင်ပေ။ အစွဲ ဖြစ်ပေါ်လာသော အကြောင်းရင်း ကိုသာ ပယ်နှုတ်ပါလျှင် အစွဲလည်း ပြုတ်နိုင်သည်ဟု မှတ်အပ်ရာ၏။

ဥပမာ၊ ရေသောက်မြစ် အလွန်အားကောင်းသော ဇီးပင်ကြီး တပင်ကို မသေအောင် သတ်လိုသော ယောကျ်ားသည် အကိုင်း အခက် တို့ကို (ဒါး)နှင့် ဖြတ်တောက် သော်လည်း

ထိုဗီးပင်ကြီးသည် အပြီးတိုင် မသေနိုင်သေးပေ။ ပင်လုံးပင်စည်ကိုလည်း လွှနှင့်ဖြတ်ပိုင်းလျက် လှဲဖြိုပစ်ရုံနှင့်လည်း မသေနိုင်သေးပေ။ ရေသောက်မြစ်ကို တူးဖြို၍ နုတ်ပယ်ပစ်မှ သာလျှင် ဗီးပင်ကြီး၏ သေခြင်းသဘောသို့ ဆိုက်ရောက်နိုင်သကဲ့သို့ ယခုလည်း ရေသောက်မြစ်နှင့် တူသော ရုပ်,နာမ် ၂—ပါး, ခန္ဓာ ငါးပါးတို့ကို သုဉ်းဆိတ်အောင်ပြုလုပ်မှသာလျှင် ပညတ်မထွက်ပေါ်နိုင်ပေ။ ပညတ် မထွက်ပေါ်သော် ဘာသဘောကို စွဲ၍ သက္ကာယဒိဋ္ဌိ ဖြစ်နိုင်ပါမည်နည်း၊ ကိုယ်ပိုင်ဉာဏ်နှင့်ဘဲ ဝေဘန် သုံးသပ်ကြည့်ပါ။

**ပထဝီ၏ သဘာဝ**

ထို့ကြောင့် မာမှု,ပျော့မှုခေါ် ပထဝီသဘာဝကို သညာသိ, ဝိဉာဏ်သိဖြစ်သည့်အနှစ်အသား သုဉ်းဆိတ်အောင် ဝိပဿနာ ဉာဏ် ၉—ပါးနှင့် ပိုင်းခြား ဝေဘန် သုံးသပ်ဆင်ခြင်ရပေမည်။ ယခုအခါ သူ,ငါ ကာစ ဝိပဿနာတရားတော်ကို ဟောပြောဆွေးနွေးအားထုတ် လုပ်ဆောင် နေကြသည်မှာ ရုပ်နာမ် ၂ ပါးသာ ရှိ၏၊ ခန္ဓာ ငါးပါးသာရှိ၏၊ ဓာတ်ကြီး ၄-ပါးသာရှိ၏၊ ယောကျာ်း, မိန်းမ ပုဂ္ဂိုလ်,သတ္တဝါ မရှိဟူ၍ရှင်း ဟောပြောလုပ်ဆောင် အားထုတ် နေကြလေသည်။

သူငါကာစ ယူဆကြသော ဤအယူဝါဒမျိုးသည် သက္ကာယဒိဋ္ဌိ ကင်းစင်သော အယူဝါဒမျိုး မဟုတ်ချေ။ လက်တွေ့ လုပ်ငန်းစဉ်မပါဘဲ အပြောသာ ဖြစ်နေသော အယူဝါဒမျိုး ဖြစ်၍ သကြန်အခါတွင် ပစ်ဖောက်သော အမြောက်ကြီးနှင့် အလွန်တူနေပါ၏။

**ဝိပဿနာဉာဏ် (၉)ပါး**

သို့ဖြစ်ပါ၍ငါမဟုတ်, သူမဟုတ်, ယောကျာ်း မဟုတ်, မိန်းမမဟုတ်, ပုဂ္ဂိုလ်သတ္တဝါမဟုတ် ဟု သာမန် သညာသိ, ဝိညာဏ်သိ ခေါ် အသိမျိုးကလေးနှင့် သက္ကာယဒိဋ္ဌိ မကွာနိုင်ပေ။ မူလ အခြေခံဖြစ်သော ရုပ်နာမ်၂-ပါး၊ ခန္ဓာငါးပါး တရားတို့ကို ဝိပဿနာဉာဏ် ၉-ပါးနှင့် ပိုင်းခြားဝေဘန် ဆင်ခြင် သုံးသပ်လျက် တုစ္ဆ ရိတ္တ သုညဓာတ်ဖြစ်အောင် လက်တွေ့ ခံစိတ်နိုင်မှ သာလျှင် သက္ကာယဒိဋ္ဌိကွာကြ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်စခန်းသို့ မပင်ပန်းဘဲ တက်လှမ်းနိုင်ကြပေမည်။

ထို့မှတပါး မာမှု, ပျော့မှု, ပူမှု, အေးမှုခေါ် သဘာဝလက္ခဏာကို လုပ်ငန်းစဉ် အားထုတ်၍ဖြစ်စေ၊ (ဝါ) တရားထိုင်၍ ဖြစ်စေ၊ သိခါမျှနှင့် သက္ကာယဒိဋ္ဌိမကွာနိုင်သော် နောက်တဖန်ထပ်ဆင့်၍ သဘောဖွင့်ကြပြန်သည်မှာ မမြဲသောတရား, ဆင်းရဲသောတရား, အစိုးမရသောတရား ဟူ၍၎င်း၊ သဘောတရား ဓာတ်သတ္တိခေါ် မြေ့မြေ့ကလေးသာရှိ၏ဟူ၍၎င်း ယူဆကြပြန်လေသည်။

၎င်းယူဆမျိုးသည်လည်း သက္ကာယဒိဋ္ဌိကွာနိုင်ပါမည်လောဟု မေးမြန်းပါလျှင် လက်တွေ့နည်းပေါက်၍ ပညာသိ သဘာဝသို့ ဆိုက်ရောက်သော် သက္ကာယဒိဋ္ဌိ ကွာနိုင်လေသည်။

**အရေးကြီးသော တရားခံ**

သို့ရာတွင် သဘောတရား ဓာတ်သတ္တိခေါ် မြေ့မြေ့ကလေးအရ လက်တွေ့ နည်းနှင့် ဝေဘန်သုံးသပ်ကြည့်လျှင်မာမှု, ပျော့မှုခေါ် သဘာဝလက္ခဏာကား မဟုတ်နိုင်ပေ။ မာမှု, ပျော့မှုသဘောကို လွန်မြောက်၍ သန္တတိခေါ် သဘာဝဓာတ်ကို မြေ့မြေ့ကလေး

ဟု ဆိုနိုင်ရာသည်။ ဤမြေ့မြေ့ကလေးကို တွေ့ရုံနှင့် ပညာသိ သဘာဝအစစ်အမှန်သို့မဆိုက်ရောက်နိုင်ပေ။ သို့ရာတွင်ဝိပဿနာ အစ သမ္မသနဟု မိန့်ဆိုတော်မူကြသည့် အတိုင်း ဝိပဿနာ လုပ်ငန်းစဉ်တွင် အရေးအကြီးဆုံးဖြစ်သည့် တရားခံ သဘောကို ကောက်ယူနိုင်သည်။

ဝိပဿနာ အရာဌာနတွင် ဤမြေ့မြေ့ခေါ် တရားခံသည် ကျားနှင့်ရင်ဆိုင်တွေ့ကြုံနေသော ယောကျ်ားကဲ့သို့ နောက်ဆုတ် ထွက်မပြေးဘဲ နိုင်နင်းစွာ ခုခံခုတ်သတ်သလို ဝိပဿနာလုပ်ငန်း စဉ်ကို အားထုတ်သော ပုဂ္ဂိုလ်တို့သည်လည်း သန္တတိပြတ်အောင် ဝိပဿနာဉာဏ်နှင့် ခွဲစိတ်ဝေဘန်သုံးသပ်နိုင်မှသာလျှင်ဥဒယဗ္ဗယ ဉာဏ်စခန်းသို့ တက်လှမ်းနိုင်ပေမည်။

သင်္ခတလောကနယ်ဆိုသည်မှာ သန္တတိခေါ် သဘောတရား မြေ့မြေ့ကလေးတို့၏ အစဉ်မပြတ် ဆက်စပ် ဖြစ်ပေါ်ခြင်း သဘောကိုဆိုလိုသဖြင့် အဘယ်မှာလျှင် သံသရာပြတ်နိုင်ပါမည် နည်း၊ ဝိပဿနာ အလုပ်သည် သံသရာကို ဖြတ်သော အလုပ် ဖြစ်သဖြင့် "သန္တတိ မပြတ်သော် ရုပ်လောက, နာမ်လောက ၂–ပါး ထွက်ပေါ်လိမ့်ဦးမည်။ ရုပ်နာမ်ထွက်ပေါ်လျှင် ပညတ် ထွက်ပေါ်၍ သက္ကာယဒိဋ္ဌိခေါ် အစွဲလောကကြီး ပေါ်ထွက် မည်ကား မလွဲနိုင်ပေ။"

**ပညာနယ်လောက**

သို့ရာတွင် မြေ့မြေ့ကလေးသာ ရှိ၏ဟု ယူဆ ကြသောကြောင့် သဘာဝ အကြီးက အသေး ကလေးဖြစ်လာမှုသာ ထူးပါသေး၏။ ဝိပဿနာ လုပ်ငန်းစဉ်ဆိုသည်မှာ မြေ့မြေ့ကလေးခေါ် သန္တတိသဘောကို

ပြတ်အောင် ခွဲစိတ်ဆင်ခြင်ဝေဘန်သော လုပ်ငန်းစဉ် ဖြစ်သော ကြောင့် သန္တတိခေတ် ပြတ်ကင်းသော် ဝိညာဏ်ခေါ် သခ်တ လောကကြီး ချုပ်ငြိမ်း၍ ပညာနယ် လောကကြီး ပေါ်ထွက် လာလိမ့်မည်။

ပညာနယ် ပေါ်ထွက်မှ မဂ်ဆိုက် ဖိုလ်ဝင်လမ်းသို့ ဖြောင့် တန်းတည့်မတ်စွာ တက်နိုင်လေသည်။ သို့ဖြစ်၍ အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်တို့သည် ထိုသဘာဝသန္တတိခေါ် မြေ့မြေ့ကလေးနှင့် တင်းတိမ်ရောင့်ရဲ ပြေမနေကြဘဲ လုပ်ငန်းစဉ် အပေါ်၌ အနု စိတ်နိုင်တမျှ ခွဲစိတ်ဝေဘန်လျက် အနိစ္စစစ်, ဒုက္ခစစ်, အနတ္တစစ် တို့ကို လက်တွေ့ ဉာဏ်တွေ့ သဘောတွေ့ မနောတွေ့ဖြစ်အောင် အားထုတ်ရှာဖွေကြစေရန် တိုက်တွန်းနှိုးဆော်သော အနေဖြင့် ပထဝီခေတ် တပါးကို ဉာဏ် ၉–လွှာဖြင့် ခွဲစိတ်ဝေဘန် မပြ သေးမီ သိသင့်သိထိုက်သော သဘာဝများကို ထုတ်ဖော်ရှင်းပြ လိုက်ရပေသတည်း။

ဤသို့ ဖော်ပြလိုက်ခြင်းသည် ဓမ္မဓိဋ္ဌာန် အနေအားဖြင့် သဘာဝကို မြင်စေလို၍ ဖော်ပြရခြင်း ဖြစ်ပေသည်။ တစုံ တခုသော ဂိုဏ်း,ပုဂ္ဂိုလ် အဖွဲ့တို့၏အပေါ်၌ အပြစ်ဆိုလိုသော စေတနာ ရှေ့ထားခြင်း အလျှင်း မရှိပါကြောင်း အထူး တောင်းပန်လိုက်ပါသည်။

**ဝိပဿနာတရားဆိုသည်မှာ** မိမိ၏ ကိုယ်ပိုင်ဉာဏ်ကို အလွန် စေစားရသော ဉာဏ်အလုပ်ဖြစ်ပေသည်။ တခုသောသဘာဝ၏ အစကိုတွေ့လျှင် အဆုံးတိုင်အောင် ဝေဘန် ပိုင်းခြား နိုင်ရလေ သည်။ ဤသို့ ဝေဘန်နိုင်သော ဉာဏ်မျိုးကို တီဟိတ်ဉာဏ်ဟု ခေါ်နိုင်လေသည်။

ဒိဋ္ဌိဟိတ်ဉာဏ်ဆိုသည်မှာကား တခုသော အစကို တွေ့လျှင် အဆုံးတိုင်အောင် မဝေဘန်နိုင်ဘဲ တွေ့သလောက်နှင့်ဘဲ ရောင့်ရဲ တင်းတိမ်၍ နေသော အသိဉာဏ်မျိုးကို ဒွိဟိတ် ဉာဏ်ဟု ဆိုလို၏။

လောက၌ ဒွိဟိတ်, တိဟိတ် ခေါ်ကြရာတွင် ပုဂ္ဂိုလ်၏ အပေါ်၌ အချော အလှနှင့် အပြော အဟော အကျင့်တရား ကောင်း,မကောင်းအပေါ်မှာသာလျှင် မူတည်၍ ခေါ်ကြခြင်း မဟုတ်ပါ၊အသိဉာဏ် အပေါ်မှာ သာလျှင် မူတည်၍ခေါ်ဝေါ် ကြခြင်း ဖြစ်ပေသည်။

**တိဟိတ် ဉာဏ်နှင့် ဝိပဿနာ**

ဝိပဿနာ၏ လုပ်ငန်းစဉ်မှာကား တခုသော သဘာဝတရား၏အစကိုတွေ့သော် အဆုံးသို့ ရောက်အောင် ဝေဘန် ပိုင်းခြား သုံးသပ် ဆင်ခြင်ရသော လုပ်ငန်းစဉ်ကြီး ဖြစ်၍ တိဟိတ်ဉာဏ် ရှိသော ပုဂ္ဂိုလ်မှသာလျှင် ပေါက်မြောက်အောင် မွေနှောက်လုပ်ဆောင် နိုင်ရာ၏။

ဤကဲ့သို့ ပေါက်မြောက်အောင် လုပ်ဆောင် နိုင်သော ပုဂ္ဂိုလ်မှသာလျှင် တိဟိတ်ဉာဏ်နှင့်ပြည့်စုံသောကြောင့်ပါရမီရှင် ပုဂ္ဂိုလ်ဟု ခေါ်နိုင်လေသည်။ ထိုပါရမီသည်ကား ဘဝအဆက် ဆက် သံသရာအဆက်ဆက် အသိဉာဏ်ကို မွေးမြူလာခြင်းတို့ ကြောင့်သာဖြစ်ပေ၏။ ဒါန, သီလ, သမထ ဘာဝနာ တို့ဖြင့် အသိဉာဏ်ကို မွေးမြူငြားသော်လည်း အခြေခံ စရဏ တရား လောက်သာ ရနိုင်ရာ၏။

ဝိပဿနာ တရားနှင့် အလိုဉာဏ်ကို မွေးမြူနိုင်မှ သာလျှင် ပါရမီအစစ်အမှန်ကို ရရှိတော် မူနိုင်သောကြောင့် ရှင်တော်မြတ်ဘုရား လက်ထက်တော် အခါက တထိုင်တည်း တနေရာတည်း နှလုံးသွင်းခါမျှ မဂ်တွင်နှင့် မဂ်ဖိုလ်သို့ ရကြသော ပုဂ္ဂိုလ်တို့ကား ရှေးရှေးသော ဘုရားရှင်တို့၏ သာသနာတော်တွင် ဝိပဿနာ တရားတော်တို့ကို အားထုတ် နာကြား တူးသော ကြောင့်ပင်ဖြစ်ပေသည်။

**ဝိဇ္ဇာနှင့် စရဏ**

ယခုအခါ သာသနာတော် နောက်ပိုင်း၌ တရား အားထုတ်ကြသောပုဂ္ဂိုလ်တို့တွင် အချို့ကား ဝိဇ္ဇာဉာဏ်ခေါ် အသိတရားကို အထက်စခန်းသို့ ရောက်အောင် ပါရမီမျိုးပါလာကြသောကြောင့် စရဏခေါ် အာနာပါန အလုပ်တရားကို အားထုတ်သော်လည်း ပညတ်အရိပ်နိမိတ် မထင်နိုင်ဘဲရှိနေလေရာ ထိုပုဂ္ဂိုလ်မျိုးကို ပါရမီအရိပ် နည်းပါးသည်ဟု မဆိုနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် အသိဉာဏ်ပညာ ပြင်းထန်နေမှုကြောင့် စရဏခေါ် အကျင့်တရား နုံနွေးသည်ဟု ဝေဘန်နိုင်လေသည်။

အချို့သော ယောဂီပုဂ္ဂိုလ်မှာကား တနာရီထိုင်၍ အာနာပါနလုပ်ခါမျှနှင့် ပညတ်အရိတ်နိမိတ် ထွက်ပေါ် ကွန့်မြူးပြီးလျှင် စိတ်ဝိညာဏ်ကို တခုသော အာရုံတွင် ထားနိုင် လေရာ ဤသို့ ထားနိုင်မှုကလေးနှင့် ပါရမီ ပြည့်စုံသည်ဟု မဆိုနိုင်ရာ၊ စရဏ တရားသာပြည့်စုံ၍ ဝိဇ္ဇာဉာဏ်တရားတွင်ကား ထိုပုဂ္ဂိုလ်မျိုးသည် ပေါက်မြောက် အောင်မြင်အောင် နှစ်ရှည် လများ အားထုတ် ရတတ်ချေသည်။

**ကိုယ်ပိုင်ဉာဏ်ကို သုံးပါ**

ထို့ကြောင့် ဝိပဿနာလိုလားကြကုန်သော အမျိုးကောင်း သား အမျိုးကောင်း သမီး အပေါင်းတို့သည် လက်တွေ့ လုပ်ငန်းစဉ် အရ အားထုတ်လိုပါလျှင် အစကိုတွေ့သော် အဆုံး တိုင်အောင် ဝေဘန်သုံးသပ်နိုင်ရန် မိမိတို့၏ ကိုယ်ပိုင် ဉာဏ်ဖြင့် အစွမ်းကုန် အကြိမ်ကြိမ်အဘန်ဘန် ပိုင်းခြားရလေသည်။

သို့မှသာလျှင် (လမ်းဆုံးလျှင် ရွာကို တွေ့ရမည်) ဟူသော စကားပုံ အတိုင်း တခုသော ဓမ္မ၏ အဆုံးသို့ ရောက်သော် မဂ်တရား ဖိုလ်တရားကိုတွေ့ရမည်ဟုမှတ်ပါ။ သို့ရာတွင် လမ်းဆုံး လို့မှ ရွာကို မတွေ့ခဲ့သော် ဤလမ်းသည် ရှင်တော်မြတ်ဘုရား ဟောကြားတော် မူသော မဇ္ဈိမပဋိပဒါခေါ် အလယ်လမ်း မဟုတ်သောကြောင့်ဖြစ်ရပေမည်။

အလယ်လမ်းမဟုတ်သော် လက်ဝဲလကျာ်လမ်းဖြစ်၍ ရွာကို မတွေ့ဘဲ သူရောက်ချင်ရာ ရောက်နေသည်ဟု မိမိအားထုတ်သော လမ်းစဉ်ကြီးကို အထူးဂရုပြုရန် လိုအပ်ပေသည်။

**အထူး မှတ်သားရန် အချက်**

ဗုဒ္ဓဝါဒီ ပုဂ္ဂိုလ်တိုင်း တရား ဆွေးနွေး ကြသော အခါတွင် (ကောဓမ္မော) ဟူသောစကားကို အလွန် ဘဲ အပြော များကြလေရာ ကောဓမ္မော၏ သဘာဝကို ဝေဘန် သုံးသပ် ပြန်လျှင်တခုသောဓမ္မ၏အစကိုတွေ့သော်အဆုံးသို့ရောက်အောင် ဝေဘန် ပိုင်းခြားသဖြင့် တရားဥက္ကောင်း ထွက်ပေါ်လာသော

သဘာဝအတိ အသိဉာဏ် ဆိုက်ရောက်ခြင်းကို ဧကောဓမ္မောဟု ဆိုလိုရင်းဖြစ်ပေသည်။

ယခုအခါ ရှင်တော်မြတ်ဘုရား၏ သာသနာတော်တွင် ဝိပဿနာ လုပ်ငန်းစဉ်ကို အလိုရှိကြကုန်သော သူတော်ကောင်းတို့သည် ဧကောဓမ္မော ဆိုက်၍ လမ်းဆုံးသို့ရောက်အောင် (ဝါ) မဂ်ဖိုလ်သို့ဝင်နိုင်အောင်ပထဝီဓာတ်တပါးကိုပင်လျှင် ပျော့,မာမှု သဘောလောက်နှင့် အသိဉာဏ်ရပ်ဆိုင်းမနေကြဘဲ ၉-လွှာအထိ ခွဲစိတ်နိုင်ကြပါလျှင် လမ်းဆုံးသို့ ရောက်၍ မဂ်ဖိုလ်ကို အမှန်တွေ့နိုင်ပါမည်။

ထို့ကြောင့် တရားပိုင် ဓာတ်ပိုင်ဖြစ်တော်မူကြသော ပညာရှိကြီးများက လမ်းဆုံးသို့ရောက်အောင် ကိုယ်ပိုင်ဉာဏ် အရေးကြီးကြောင်းကို မိန့်ဆိုထားခဲ့သည်မှာ.... (**လူသာမာန်,နတ်သာမန်,ပုထုဇဉ်သာမန်တို့, မကြံအပ် မကြံစည်နိုင်ရာ, ဝရဇိန်,မိုးသံကြိုးစက်သွားပမာ, စိန္တာမယပညာ, ဝဋ္ဋဒုက္ခတို့၏ ကုန်ရာ, တိဟိတ် ပုဂ္ဂိုလ်တို့နှင့်သာ, ထိုက်တန်ရာ ကြံစည်ရာ ဖြစ်သော ဤအရိယာဝိဇ္ဇာလမ်းကြီးသည်**) ဤသို့စသည်ဖြင့် မိန့်မှာတော်မူကြလေသည်။ ဤမိန့်မှာချက်သည် ထွက်ရပ်ပေါက် အင်းမဆရာတော်ပင်ဖြစ်ပေ၏။

ထို့ကြောင့် ပထဝီဓာတ်တပါးကို ၉-လွှာ ရအောင် ခွဲစိတ်နိုင်သော ပညာသည် သာမန်အသိဉာဏ်မျိုးမဟုတ်ပေ။ ဝရဇိန်မိုးကြိုးစက်ကဲ့သို့ ထက်မြက်စူးယှဉ်မှုလပင်ဋ္ဌိသန္ဓေကပင်တိဟိတ်မျိုးစေ့ပါလာသောပုဂ္ဂိုလ်မျိုးမှသာလျှင် ခွဲစိတ်နိုင်မည်ဖြစ်လေ

ရကား ဤပထဝီဓာတ်နှင့် ဉာဏ် ၉–လွှာခေါ် ခွဲစိတ်ပုံ နည်းကို သာမန်ဟု မမှတ်ထင်ကြဘဲ လေးလေးနက်နက် ကိုယ်ပိုင်ဉာဏ်ဖြင့် ဝက်ဝက်ကွဲအောင် စွမ်းအား ရှိသလောက် ဉာဏ်ကုန်နှိုက်၍ ခွဲစိတ်တော်မူကြပြီးလျှင် ဝိမုတ္တိရသာထူးကို ဆွတ်ခူး ပန်ဆင်နိုင်ရန် ကြိုးစားအားထုတ်နိုင်ကြ ပါစေကုန်သတည်း။

၉-လွှာခွဲစိတ်ပုံ ပုံစံ (၁)



အထက်ပါပုံစံနံပါတ်(၁)သည်၉-လွှာရအောင်ခွဲစိတ်ရာတွင် ရှေးဦးစွာ ဘော်ပြအပ်သော ပဌမ အလွှာပုံစံ ဖြစ်ပါကြောင်း၊ ထိုပုံစံကား ပထဝီဓာတ်ဟုဆိုအပ်သော မာမှု၊ပျော့မှုသဘောကို လက်တွေ့ ရှာဖွေနည်းပင် ဖြစ်ပေသည်။

## ပရမတ်သဘောနှင့် လက်တွေ့နည်း

ဝိပဿနာ တရားကို အားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် အခြေခံသဘောကို မူလထား၍ရှာဖွေရမည်။ ပညတ်နှင့် ပရမတ် တရား ၂-ပါးကို ခွဲခြား၍ဝေဘန်သိရမည်။

ပညတ်တရားဆိုသည်မှာ အကြောင်းမဲ့သက်သက် ပေါ်ထွက်လာခြင်းမဟုတ်ပေ။ တစုံတခုသော ပရမတ်တရား ရှိမှသာလျှင် ပရမတ်ကို အခြေခံထား၍ ပေါ်ထွက်နိုင်လေသည်။

ထို့ကြောင့် တိကျမှန်ကန်သော လုပ်ငန်းစဉ်ကိုအလိုရှိသော ပုဂ္ဂိုလ်သည် ပရမတ်သဘောကို လက်တွေ့နည်းဖြင့် တွေ့အောင် ရှာဖွေလိုသော် ပညတ်သဘောကို ရှေ့ဦးစွာ ဝေဘန် စစ်ဆေးရမည်၊ ပညတ်ကို ဝေဘန်စစ်ဆေးမှ လိုရင်းဖြစ်သော ပရမတ် သဘောကို တွေ့နိုင်မည်။

အချို့သော ဝိပဿနာ အားထုတ်သူတို့က ပညတ်တရားကို တဘက်သတ် စီရင်ချက်ချ၍ မရှိဟုပယ်ထုတ်ထားကြလေသည်။ ဤပယ်ထုတ်ချက်မျိုးသည် မဂ်စခန်း ဖိုလ်စခန်းတွင် စီရင်ချက် ချမှတ်သော သဘောမျိုး ဖြစ်ချေသည်။ ယခုအခါမှာကား မဂ်ဖိုလ်သို့ တက်နိုင်ရန် အခြေခံ သဘောတရားကို ရှာဖွေသော အခါကာလဖြစ်၍ ပညတ်တရားကို မရှိသဘောဟု စီရင်ချက် တဘက်သတ်မချပါနှင့်၊ ပညတ်တရားကိုရန်သူအနေထား၍လည်း မပယ်ထုတ်သင့်ပေ။

**ပညတ်ကို အသုံးပြုပါ** လက်တွေ့နည်းအရ ဝေဘန်သိမ်းဆည်းပါလျှင် ရှင်းပညတ် တရားနှင့်ပင် ပရမတ် သဘောကို တွေ့အောင် ရှာဖွေရမည် ဖြစ်သော ကြောင့် ရှင်းပညတ် သဘောကို အသုံးပြုလောက်ရုံ လက်ခံ သိမ်းပိုက်ထားစေရမည်၊ ပရမတ်သဘောကို တွေ့သော် ရှင်းပညတ်တရားသည် အသုံးပြုရန် ကိစ္စကုန်သဖြင့် လျစ်လျူပြုရန်သာ ဖြစ်ပေသည်။

ပညတ်တရားကို ရန်သူကြီး အနေ သဘောထား၍ မုန်းတီး စက်ဆုပ်စရာလည်း မဟုတ်ပေ၊ ခင်တွယ် နှစ်သက် စရာလည်း မဟုတ်ပေ၊ တခုသောဝမ္မကို တခုသောဓမ္မနှင့် ရှာဖွေရန်အတွက် အသုံးပြုခြင်းသာ ဖြစ်သည်ဟု မှတ်ရာ၏။

**ပညတ် ၄ မျိုး** ထို့ကြောင့်ရှေးဦးစွာ ပညတ်တရားကိုဝေဘန်သော် ဝိဉာဏ်သိလောကတွင် ပညတ် တရားသည် ၃-မျိုး ထွက်ပေါ်လာ၏။

(၁) **နာမပညတ်**- အမည် အမျိုးမျိုးဖြင့် ခေါ်ဝေါ်ခြင်း။

(၂) **သဏ္ဌာနပညတ်**- ပုံဟန် သဏ္ဌာန် အမျိုးမျိုးဖြင့် သိစေခြင်း။

(၃) **ဃန ပညတ်**- အစိုင်အခဲ အစု အတုံးကို ခေါ်သည်။

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး-ရန်ကုန်။



(၄) သမ္မုတိ ပညတ်- အပေါင်းအစုံ သဘောကို ခေါ်သည်။

(၅) သဘာဝပညတ်- သဘောလက္ခဏာတို့ဖြင့် သိစေခြင်းကို ခေါ်သည်။

ဤသို့အားဖြင့် ပုံစံတွင် ထုတ်ဖော် ပြထားသည့် အတိုင်း ရှေ့ဦးစွာ ပညတ်၅-မျိုးကို ဝေဘန် သိစေလိုပါသည်။

**မှတ်ချက်။** ။ပညတ်ကို ၅-မျိုး ဝေဘန်၍ ပြဆိုထားခြင်းမှာလည်း လုပ်ငန်းစဉ်နှင့် လျော်ညီအောင် ၅-မျိုး ခွဲခြား ပြသည်ဟု မှတ်ပါ၊ မြတ်စွာ ဘုရား ဟောကြားတော် မူအပ်သော ပုဂ္ဂလ ပညတ်ကျမ်းနှင့် အဋ္ဌကထာ ဋီကာ အရပ်ရပ် တို့၌ ဖော်ပြထားသော ပညတ် တရားတို့ကား နည်း အမျိုးမျိုးကိုမူထား၍ ဖွင့်ပြထားသော ပညတ် တရားတို့ဖြစ်ပေသည်။

**နာမ ပညတ်နှင့် သင်္ကာယဒိဋ္ဌိ**

ထိုပညတ် ၅-မျိုးတို့တွင် ရှေ့ဦးစွာ နာမပညတ်ကို စစ်တမ်း ထုတ်၍ ကြည့်ရမည်၊ အဘယ့်ကြောင့်ဆိုသော် နာမပညတ်သည် အရေး အကြီးဆုံးသော တရားခံကောင် ဖြစ်နေ ပေသည်။ သက္ကာယဒိဋ္ဌိခေါ် အစွဲတရားကြီးပေါ်ထွက်လာရခြင်းမှာလည်း နာမပညတ်ကြောင့်ပင် ဖြစ်ပေ၏။

လောကတွင် ယောကျ်ားဟူ၍ရင်း၊ မိန်းမဟူ၍ရင်း၊ ပုဂ္ဂိုလ် သတ္တဝါ ဟူ၍ရင်း ခေါ်ဝေါ် ကြခြင်းသည် နာမ ပညတ် ကြောင့်ပင်ဖြစ်ပေသည်။ ထိုနာမပညတ်ရှိသောကြောင့်သာလျှင်

၁၉၇၇၂

သက္ကာယဒိဋ္ဌိခေါ် အစွဲတရား ပေါ်ထွက် နိုင်လေသည်။ နာမ ပညတ်မရှိပါသော် ဘာကိုစွဲကိုင်၍ သက္ကာယဒိဋ္ဌိ ပေါ်ထွက်မည် နည်း၊ ဤသော်ပြသည့် သဘာဝကို ကိုယ်ပိုင်ဉာဏ်နှင့် ဝေဘန် သုံးသပ်ကြည့်ပါ။

ထို့ကြောင့် "**သက္ကာယဒိဋ္ဌိ ဆိုသည်မှာ အကျိုးတရား**" အရာ၌ တည်၏၊ "**နာမပညတ်သည်ကား အကြောင်းတရား**" အရာ၌ တည်၏။ အကြောင်းတရားရှိခဲ့သော်အကျိုးတရားလည်း အမှန်ရှိပေမည်၊ ဝိပဿနာ အလုပ်ကို **အားထုတ်သော** ပုဂ္ဂိုလ် တို့က မစွဲနှင့်ဟု ပြောဆို ဆုံးမ ပိတ်ပင် နေကြ သော်လည်း အကြောင်းတရားရှိက အပြောသာ ဖြစ်နေပေလိမ့်မည်။ မစွဲဘဲ နေကြမည်မဟုတ်ပေ။ အပြောနှင့် လုပ်ငန်းကြီး မအောင်မြင် မပြီးစီးနိုင်ရာ၊ အကြောင်း တရားကို အမှန် တကယ် ချုပ် ငြိမ်းနိုင်မှသာ အကျိုးတရားလည်း ငြိမ်းငြိမ်းဘွယ် အဖြစ်သို့ ရောက်ပေမည်။

**အခြေခံ အုဋ္ဌမြစ်** သက္ကာယဒိဋ္ဌိခေါ်တဲ့ အစွဲကြီးကို ဖြုတ်လို ပါလျှင် (ဖက်ဆစ်)ခေါ် စနစ်ဆိုးကြီးနှင့် အစွဲကို အတင်း အဓမ္မ ဖြုတ်ချရန်မလိုအပ်ပေ။ အတင်းအဓမ္မ ဖြုတ် သော်လည်း ရမည်ကားမဟုတ်ပေ၊ အစွဲသဘော၏ထွက်ပေါ်ရာ အခြေခံအုဋ္ဌမြစ်ဖြစ်တဲ့ နာမပညတ်ကို အသိဉာဏ်နှင့် ဝေဘန်၍ မပေါ်နိုင်အောင် ခြေမှုန်းသုတ်သင် ရှင်းလင်း နိုင်စေရမည်။

ထို့ကြောင့် သက္ကာယဒိဋ္ဌိ ထွက်ပေါ်လာခြင်းသည် နာမ ပညတ်၏ အပေါ်မှာ တရားခံ ထွက်နေသောကြောင့် ပုံစံတွင် နာမပညတ်ကို (၁)တရားခံ ထား၍ ထုတ်ဘော် ပြထားခြင်း ဖြစ်ပေ၏။

**တရားခံအစစ်ကို တွေ့အောင်ရှာ**

နာမပညတ်ကို တရားခံထား၍ ရှာဖွေသလို ဒုတိယတဆင့် နာမပညတ်၏ ပေါ်ထွက်ရာ တရားခံကိုလည်း ရှာဖွေရဦးမည်၊ဝိပဿနာ တရား၏ လုပ်ငန်းစဉ်ဆိုသည်မှာ တရားခံကို အပျောက်ခံရသော လုပ်ငန်းစဉ်မျိုးမဟုတ်ပေ။အခြေခံ အရင်းအမြစ်ကို တွေ့အောင် ရှာဖွေရသော လုပ်ငန်းစဉ်မျိုး ဖြစ်ချေသည်။

နာမပညတ်ခေါ် အမည်အမျိုးမျိုး မှည့်ခေါ် ထားနိုင်ခြင်းသည် သဏ္ဌာနပညတ်ပေါ်တွင် အခြေခံ အုပ်မြစ် ရှိသောကြောင့်သာ နာမပညတ်ဖြစ်ပေါ်နိုင်လေသည်။ တစုံတခုသော အားကိုးမှီခိုရာ မရှိပါလျှင် နာမပညတ်ခေါ် အမည်အမျိုးမျိုး တို့သည် အဘယ်မှာလျှင် ထွက်ပေါ်နိုင်ပါမည်နည်း။ မိမိတို့၏ ကိုယ်ပိုင်ဉာဏ်နှင့်ဘဲ ဝေဘန်သုံးသပ်ကြည့်ပါ။

ထို့ကြောင့် နာမပညတ်၏ အခြေခံ ဖြစ်သော ဒုတိယ တရားခံကို တွေ့အောင် ရှာဖွေပြန်သော် သဏ္ဌာန ပညတ်ပင် ဖြစ်ပေသည်။ သဏ္ဌာနပညတ်ဆိုသည်မှာလည်း ပုံဟန်သဏ္ဌာန် အမျိုးမျိုးနှင့် အတိုအရှည်, အပုအဝိုင်း, အလုံးအခုံး, အတုံ့ အရွဲ့ အစောင်းစသော ပုံသဏ္ဌာန်အမျိုးမျိုးကို ခေါ်သည်။

ထိုသဏ္ဌာနပညတ် ရှိသောကြောင့်သာလျှင် နာမပညတ်ခေါ် အမည်အမျိုးမျိုး ထွက်ပေါ် လာခြင်း ဖြစ်ပေသည်။ သဏ္ဌာန ပညတ် မရှိခဲ့ပါသော် မည်သည့် အကြောင်းကို စွဲ၍ (ဝါ)ထောက်၍ နာမပညတ် အဘယ်မှာလျှင် ထွက်ပေါ် လာနိုင်ပါမည်နည်း၊ မည်သို့မျှ မထွက်ပေါ်နိုင်ဟု တထစ်ချမှတ်ယူကြပါ။

**ဝေဘန်သုံးသပ်ပါ**

ဤဘော်ပြချက်ကို မိမိတို့၏ ကိုယ်ပိုင် ဉာဏ်နှင့်လည်း အသိဉာဏ်သို့ ခုံတင်၍ ဟုတ် မဟုတ် ဝေဘန်ကြည့်ကြပါ၊ ယခုခေတ်အခါ နိုင်ငံရေးသမားတို့သည် ကိစ္စတခု ပေါ်လာသော် ဝေဘန်မှုကို အရေးပြုကြသလို ဝိပဿနာတရား အားထုတ်သူတို့မှာလည်း နိုင်ငံရေးသမားတို့ထက် အသိဉာဏ် အမြင်ကျယ်ပြီးလျှင် စာပေါ်မှာသာ တင်မနေကြဘဲ အထူး ဝေဘန် သုံးသပ် လေ့လာကြရပေမည်။

ဝိပဿနာအလုပ်သည် အရိယာ ပုဂ္ဂိုလ်တို့၏ ဉာဏ်ကို အမှီလိုက်ရသော ဉာဏ်၏ အလုပ်မျိုး ဖြစ်၍ ဟောပြောရေးသား အဆုံးအမပေးသော ပုဂ္ဂိုလ်၏ဉာဏ်ကို(ဟီးလေးခို၍) အချောင်လိုက်နေကြပါလျှင် အမှောင်ကထွက်နိုင်ကြမည်မဟုတ်ကြောင်း အထူး သတိပြုသင့်လှပေသည်။

သို့ဖြစ်၍ သက္ကာယဒိဋ္ဌိခေါ် အစွဲ လောကကြီး ပေါ်တွက်နေခြင်းသည် နာမပညတ်ဟူသော အမည် အမျိုးမျိုးတို့ကြောင့်ဖြစ်သည်ဟု မှတ်ယူ ကြစေလိုသည်။ နာမပညတ် သည်လည်း သဏ္ဌာန ပညတ်ခေါ် အတို၊ အရှည်၊ အပု၊ အဝိုင်း၊ အလုံး၊ အပြား စသော ပုံဟန်သဏ္ဌာန်အမျိုးမျိုးတို့ကြောင့် ထွက်ပေါ်လာရလေသည်။

**သဏ္ဌာန ပညတ် နှင့် သက္ကာယဒိဋ္ဌိ**

ထိုသဏ္ဌာန ပညတ် မရှိခဲ့သော် နာမ ပညတ်သည်လည်း မရှိနိုင်ပြီ၊ နာမပညတ် မရှိပါကလည်း သက္ကာယဒိဋ္ဌိခေါ် အစွဲလောကကြီးသည် အဘယ်မှာလျှင် ထွက်ပေါ် နိုင်ပါမည်နည်း။ ဤသို့ အပြန်အလှန် အထပ်ထပ် ဝေဘန် သုံးသပ်ကြည့်ပါ။

ထို့ကြောင့် သဏ္ဌာနပညတ်ကို အဆင့်ဆင့် ဝေဘန်လိုက်ပြန်သော် သဏ္ဌာနယဒိဋ္ဌိနှင့် နာမပညတ် တို့၏ ပေါ်ထွက်ရာအကြောင်းတရား အခြေခံအုဋ္ဌမြစ်ကြီး ဖြစ်ရပြန်လေသည်။

ထိုသဏ္ဌာနပညတ်သည်လည်း အကြောင်းကင်း၍ သူ့အလိုလို အလေ့ပေါက် ပေါ်ထွက်လာနိုင်သော သဘောတရားမျိုး မဟုတ်ပေ၊ တစုံတခုသော အကြောင်းတရားကို အမှီပြု၍သာ ထွက်ပေါ်နိုင်လေသည်။

**ဃနပညတ်နှင့် သဏ္ဌာနယဒိဋ္ဌိ**

ဤသို့အားဖြင့် သဏ္ဌာနပညတ်၏အကြောင်းတရားကိုလည်း တဖန်ထပ်၍ စူးစမ်းရှာဖွေရဦးမည်၊ ပုံစံနံပါတ် (၁)တွင် ဖော်ပြထားသည့်အတိုင်း နံပါတ်(၃)ဖြစ်သော (ဃနပညတ်ကြောင့်ပင်)ပေါ်ထွက်လာခြင်းဖြစ်ပေ၏။ ဃနပညတ်ဆိုသည်မှာ အစိုင်အခဲ အစုအပုံအတုံးကို ခေါ်ဆိုလေသည်။ သဏ္ဌာန် အရိပ်နိမိတ်လက္ခဏာ ပုံဟန်အမျိုးမျိုး မထွက်ပေါ်သေးသော အစိုင်အခဲတခုခုကို ဃနပညတ်ဟု ခေါ်ဆိုလေသည်။

ဥပမာ။ ။ရွှံ့တုံးကြီး တခုကို နွားရုပ်သဏ္ဌာန်, ဆင်ရုပ်သဏ္ဌာန်,ကျွဲရုပ်သဏ္ဌာန် ပြုလုပ်ခဲ့သော် နွားရုပ်, ဆင်ရုပ်,ကျွဲရုပ် ဖြစ်ပေါ်လာသကဲ့သို့ ဃနဟူသော အစိုင်အခဲ ပညတ် ရှိသော် သဏ္ဌာန ပညတ်ခေါ် ပုံဟန်သဏ္ဌာန် အမျိုးမျိုး ပေါ်ထွက်လာမည်ကား မလွဲနိုင်ပေ။ တစုံတခုသော တန်ခိုး အာဏာ အမျိုးမျိုးနှင့်တားဆီးသော်လည်း တားဆီး၍ကား မရနိုင်ရာ။

**သမ္မုဟပညတ်နှင့် သက္ကာယဒိဋ္ဌိ**

ဃန ပညတ် သည်သည်း တစုံတခုသော အကြောင်းကြောင့်ဖြစ်ရလိမ့်ဦးမည်။ အစိုင်အခဲ ဆိုသည်မှာလည်း သူ့အလိုလို အစိုင်အခဲကြီး ဖြစ်လာမည် မဟုတ်နိုင်ရာ၊ သမ္မုဟခေါ် ပေါင်းစည်းဖွဲ့စည်းမှု ရှိသောကြောင့် သာလျှင် အစိုင်အခဲ တခုခု ဖြစ်လာရသည်ဟု မှတ်ပါ။

သမ္မုဟပညတ် ဆိုသည်မှာ ပရမတ္ထ သဘာဝဖြစ်သော ရုပ်ကလာပ်, ရုပ်မှုန့်ကလေးတွေကို စုပေါင်းခြင်း သဘောကို ဆိုလိုသည်။ ထိုရုပ်မှုန့်ကလေးတွေကို စုပေါင်းခြင်းကြောင့်သာ အစိုင်အခဲ ဖြစ်ပေါ်လာရလေ၏။

**ဥပမာ**။ ။ရွှံ့တုံးကြီးတခု ဖြစ်ပေါ်လာရခြင်းမှာ ရှေးဦးစွာ မြူမှုန်ကလေးများကို စုပေါင်း၍ ရေနှင့်သမအောင် အညီအညွတ်ပြုလုပ်ပါမှ ရွှံ့တုံးကြီး ဖြစ်ပေါ်ရလေသည်။ ရွှံ့တုံးကြီးနှင့်ကား ဃနပညတ်နှင့်တူ၏။ မြူမှုန်ကလေးများကို ပေါင်းစုခြင်းနှင့်ကား သမ္မုဟ ပညတ်နှင့် တူသည်၊ သမ္မုဟ ပညတ် အကြောင်းခံ ရှိခဲ့သော် ဃန ပညတ်သည် ပေါ်ထွက်မည်ဟု မှတ်လေ။

ဤသို့အားဖြင့် အသိဉာဏ်နှင့်ဝေဘန်သုံးသပ်သော်သက္ကာယဒိဋ္ဌိ၏ တရားခံကား နာမပညတ်ပင် ဖြစ်ပေ၏။ နာမပညတ်၏ တရားခံကား သဏ္ဍာနပညတ်ဖြစ်၏။ သဏ္ဍာနပညတ်၏ တရားခံကား ဃနပညတ်ဖြစ်သည်။ ဃနပညတ်၏တရားခံကား သမ္မုဟပညတ်ဟူ၍ တရားခံ အဆင့်ဆင့် များကို သဘာဝ ဉာဏ်နှင့် ဝေဘန်သိမ်းဆည်းကြစေလို၏။

**သဘာဝပညတ်နှင့် သက္ကာယဒိဋ္ဌိ**

ထိုမှတပါး သမူဟပညတ်၏ တရားခံကိုလည်း ရှာဖွေ၍သိမ်းဆည်းရဦးမည်။ သမူဟပညတ်မှာကား ပုံစံတွင် ထုတ်ဖော်ပြထားသည့်အတိုင်း သဘာဝခေါ် သဘောတရား ရှိမှသာလျှင် ဖြစ်ပေါ်နိုင်လေသည်။

သဘာဝခေါ် သဘောတရားတို့ကား ရုပ်တရားတို့ပင်တည်း၊ ရုပ်တရားဆိုသည်မှာလည်း ပရမတ္ထသဘာဝ ဖြစ်သော ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်ဟူသော ဘူတရုပ်, ဥပါဒါရုပ်တို့ကို ဆိုလို၏။ထိုရုပ်တို့ကိုသဘာဝပညတ်ဟု ခေါ်သည်။ ထိုသဘာဝဖြစ်သော ရုပ်တို့ကို ပေါင်းစုလိုက်သော် သမူဟပညတ် ဖြစ်ပေါ်လာသည်ဟုမှတ်ပါ။

ၚင်းသမူဟ ပညတ်၏ တရားခံကား သဘာဝ ပညတ်ပင် ဖြစ်ပေသည်၊ ထိုသဘာဝပညတ်သည်ကား အလုံးစုံသောပညတ်တို့၏ ရေသောက်မြစ်ကြီးတခု ဖြစ်ပေ၏၊ ထိုရေသောက်မြစ်ပြတ်မှသာလျှင် အလုံးစုံသော ပညတ်တရားတို့သည် ပျောက်သုဉ်း၍ သက္ကာယဒိဋ္ဌိခေါ် အစွဲသဘောလည်း မစွဲနိုင်ဘဲရှိချေမည်။

**သဒ္ဒါဝိဉာဏ် သုဉ်းဆိတ်ခြင်း**

သဘာဝကို ပျောက်သုဉ်းအောင် ဝိပဿနာဉာဏ် အနတ္တစခန်းနှင့် မွေ့နှောက် ပိုင်းခြားဝေဘန် သုံးသပ် ဆင်ခြင် ရပေမည်။ (ပျောက်) ဆိုသော စကားသည် မရှိဘဲ လုံးဝ ပျောက်ကွယ်သွားခြင်းကို မယူပါနှင့်၊ အနတ္တဉာဏ် ပိုင်၍ သညာစလည့်

ဝိညာဏ်စွဲဆိတ်သုဉ်းသွားခြင်းကို ပျောက်သွားခြင်းဟု ပေါ်လွင်အောင် ခေါ်ဝေါ်သုံးစွဲလိုက်ခြင်းဟု မှတ်တော်မူပါ။

**မှတ်ချက်။** ။ "သဘာဝတရားကို ပညတ်"ဟု ဆိုလိုက်ခြင်းသည် ပညတ်၏ သဘောကို မြင်စေလိုသောကြောင့်ရင်း၊ လုပ်ငန်းစဉ်နှင့် လျော်အောင် ပေါ်လွင်စေလိုသောကြောင့်ရင်း ခေါ်ဝေါ်ခြင်း ဖြစ်ပါသည်။ "စင်စစ်အမှန်မှာ သဘာဝ တရားသည် ပရမတ်တရားသာလျှင် ဖြစ်သည်"ဟု မှတ်ယူတော်မူကြပါကုန်။

ထိုသဘာဝတရားသည်ကား ပရမတ္ထသစ္စာနယ်၌ရင်း၊သမုတိသစ္စာနယ်၌ရင်း အလွန်အသုံးဝင်လေသည်။ သမုတိသစ္စာနယ်၌ အသုံးဝင်ပုံမှာ ယခင်ပြဆိုခဲ့ပြီးသော ပညတ်အဆင့်ဆင့်တို့သည် ပေါ်ထွက်၍ သက္ကာယဒိဋ္ဌိ အစွဲတရားကြီး စွဲဆိုနိုင်ခြင်းသည် သဘာဝခေါ် သဘောတရားကြောင့်ပင် ဖြစ်ပေသည်။

ထိုသဘာဝကို အခြေခံထားကြပြီးလျှင် ဝိညာဏ်သိ လောကနယ်တွင် ဝိညာဏ်စွဲအမျိုးမျိုးတို့ဖြင့် စွဲယူနိုင်၍ လုပ်ငန်းစဉ်တွင် ထင်မြင် လွယ်ကူစေရန် သဘာဝပညတ်ဟု ထုတ်ဘော်ပြထားသည်ဟု မှတ်ပါ။

ပရမတ္ထသစ္စာနယ်၌ကား သဘာဝခေါ် ပရမတ်တရားတို့သည် အလွန်အသုံးဝင်ပြန်လေသည်။ ဝိပဿနာ ဉာဏ်စဉ် လုပ်ငန်းဆိုင်ရာတို့တွင် ဝေဘန် သိမ်းဆည်းသော အခါ ထိုသဘာဝတရားကို တရားခံထား၍ နှစ်စိတ် ဝေဘန် ရသောကြောင့် ထိုသဘာဝတရားသည် ပညာသိ လောကနယ်ကို ဖွင့်ပြသော တရားတို့လည်း ဖြစ်ချေသည်။

ဝိညာဏ်သိ
ပညာသိ

ထို့ကြောင့် ဝိပဿနာ အလုပ်ကို အားထုတ်လိုသော ပုဂ္ဂိုလ်တို့သည် ရှေးဦးစွာ ဝိညာဏ်သိလောကနှင့် ပညာသိလောက ၂ ပါးကို ခွဲခြား၍ မှတ်ရပေမည်။

ဝိညာဏ်သိ လောက ဆိုသည်မှာလည်း ထင်ရှားရှိသော သဘာဝခေါ် ပရမတ်တရားမှ ထွက်ပေါ်လာသောလောကကြီး ဖြစ်ပေသည်။ ပညာသိလောက ဆိုသည်မှာလည်း ထင်ရှား ရှိသော သဘာဝခေါ် ပရမတ်တရားမှ ထင်ထင်ရှားရှားထွက် ပေါ်လာကြရသောကြောင့် ပုံစံတွင် နံပါတ် ၅-ခေါ် သဘာဝ ပညတ်သည် ပညာနှင့်ဝိညာဏ် ၂-ခုတို့၏ ပေါ်ထွက်ရာ လမ်းဆုံကြီးဖြစ်လေသည်။

တဘက်လမ်းကား "**သမုတိသစ္စာခေါ်ဝိညာဏ်သိလောက**" သို့ သွားရာလမ်းဟူ၍မှတ်၊ တဘက်လမ်းကား "**ပရမတ္ထ သစ္စာ နယ်ခေါ် ပညာသိလောက**"သို့ သွားရာလမ်းဟူ၍မှတ်။

ဤသို့ ၂-လမ်း ၂-သွယ် တည်ရှိနေပုံကို သဘာဝဉာဏ်ဖြင့် မြင်တွေ့အောင် ရှေးဦးစွာ နှလုံးအိမ်၌ ဝေဘန် သိမ်းဆည်းနိုင်စေရမည်၊ ပညတ်သဘောနှင့် အစွဲကို ဝေဘန်သော အခါ သမုတိသစ္စာခေါ် ဝိညာဏ်သိ လောကကို မူထား၍ ဝေဘန်ရသောကြောင့် ဘာဘာဝတရားကိုသဘာဝပညတ်အရာဌာနတွင် ထား၍ လျော်အောင် သုံးစွဲထားလေသည်။

သဘာဝပညတ်နှင့်
**အစွဲသဘော**

ဤသို့အားဖြင့် သဘာဝပညတ် ရှိသောကြောင့် သာ အဆင့်ဆင့် ပညတ်တို့ ထွက်ပေါ်ပြီးလျှင် သက္ကာယဒိဋ္ဌိ ခေါ် အစွဲထွက်ပေါ်လာရကား ထိုအစွဲကိုပျောက်စေလိုလျှင် **သဘာဝ**

ပညတ်ကိုပျောက်အောင် ဖျောက်သုဦးနိုင်စေရမည်၊ သဘာဝ ပညတ် မပျောက်သုဦးလျှင် အဘယ်မှာ သက္ကာယဒိဋ္ဌိ ကွာကြမည်နည်း။

ထို့ကြောင့် မာမှု ပျော့မှုသာ ရှိ၏ဟု ဝန်ခံနေကြသော သူငါဇစ အကျန်ုပ်တို့သည် အဘယ်မှာလျှင် သက္ကာယ ဒိဋ္ဌိ ကွာကြမည်နည်း၊ ဤကား မာမှု ပျော့မှုကို တွေ့အောင် ယခု ပြဆိုသည့်နည်းဖြင့် ပညတ်နှင့်တင်၍ စစ်ဆေးကြည့်ရမည်၊ ပညတ်ကို စစ်ဆေးသော် ရှေးဦးစွာ မာမှု ပျော့မှု ဟူသော သဘာဝ လက္ခဏာကို ဉာဏ်မှာတွေ့လိမ့်မည်။

ဤမာမှု ပျော့မှုကိုလည်း (၉)လွှာ ရအောင် ခွဲစိတ်နည်း တို့တွင် တကလာပ အဖြစ် (၀၁) တလွှာအဖြစ် ပါဝင်သည်ဟု မှတ်ကြပါကုန်။

**မာမှုသဘောနှင့် သက္ကာယဒိဋ္ဌိ** ပထဝီဓာတ်ဆိုသည်မှာမာမှုသဘော ပျော့မှု သဘောကို ခေါ်သည်။ ဝိပဿနာကို အားထုတ်ကြသော ပုဂ္ဂိုလ်တိုင်း ပထဝီဓာတ်၏ သဘောကို သိကြပေလိမ့်မည်။ သို့ရာတွင် မာမှု ပျော့မှုဟူသော ဆိုင်းဘုတ်စာ ပညတ်လောက်ကိုသာ ဉာဏ်မှာ တွေ့ကြပါလျှင် သက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိ, အတ္တာနုဒိဋ္ဌိဟူသော အစွဲတရားတို့သည် အဘယ်မှာလျှင် ကွာနိုင်ပါမည်နည်း။

ပထဝီဓာတ် တပါးတည်းကိုပင် အတ္တ အနတ္တ ကွဲပြားအောင် ဉာဏ်မှာ မသိမ်းဆည်းနိုင်ဘဲနှင့် ရုပ် ၂၈-ပါး၊ နာမ် ၅၃-ပါး ခန္ဓာ, အာယတန, ဓာတ်သစ္စာ, ပဋိစ္စသမုပ္ပါဒ်နည်း, ပဋ္ဌာန်းနည်းတို့

ကိုဒေသနာဉာဏ်လိုက်၍ လေ့လာ ဆည်းပူးနေသော်လည်းအတ္တ အနတ္တ ကွဲပြားနိုင်မည်မဟုတ်ပေ။ ဒေသနာနည်း ဆိုင်းဘုတ်စာ မှတ်တမ်းလောက်နှင့်သာ အထင်ကြီးထင် အဟုတ်ကြီး ဟုတ်နေသော် ဝိပဿနာ လမိုင်းဓာတ် ငြိကပ်ရုံမျှသာ ဖြစ်နေကြမည်ကို အထူး သတိပြုသင့်လှပေသည်။

ဤသတိပေးမှုသည် "ပရဝမ္ဘန" ခေါ် သဘောမျိုးနှင့် ဝိပဿနာ အားထုတ်သူတို့ကို ရှုတ်ချလိုသော စေတနာ ထား၍ သတိပေးခြင်းမဟုတ်ပါ။ မိမိကိုယ်တိုင်ပင် ဝိပဿနာ တရား လိုက်ခါစ အခါတွင် ဝိပဿနာ ဒေသနာနည်း အမျိုးမျိုးကို ကြည့်ရှု၍ အဘိဓမ္မာနည်း အနုစိတ်သဘောကို ဝိပဿနာထင်မှတ်ပြီးလျှင် စိတ်ကြီးဝင်၍ တရားဆွေးနွေးပွဲများတွင် လက်တွေ့နည်းဖြင့် ပေါက်ရောက်တော် မူကြသော ဝိပဿနာ တရားပြဆရာများအား မထေမဲ့မြင် ပြုလုပ်ခဲ့ဘူးသဖြင့် မိမိကိုယ်တိုင် ဝိပဿနာ လမိုင်းဓာတ် အကပ်ကို ၆-လတိုင်တိုင် ခံစားခဲ့ဘူးလေသည်။ မိမိကိုယ်တိုင် မှားဘူးသဖြင့် တရား သမားများ မမှားနိုင်ကြစေရန် ကိုယ်ချင်း စာနာ၍ သတိ ပေးလိုက်ခြင်း ဖြစ်မေ၏။ ထို့ကြောင့် ပဌဝီ ဓာတ်တပါးကိုပင်လျှင် အတ္တ, အနတ္တ ကွဲပြားအောင် ဝရဇိန် မိုးကြိုးစက် ကဲ့သို့ ထက်မြက် စူးယှဉ်သောဉာဏ်ဖြင့် အကြိမ်ကြိမ် ပွားများ ဝေဘန်တော် မူကြစေလိုပါသည်။

ဤယခု ဘော်ပြမည့် ဒုတိယ အလွှာသည်ကား နာမရူပ ပရိစ္ဆေဒဉာဏ်၏ အတ္တ,အနတ္တခွဲစိတ်ပုံ အလွှာဖြစ်ပေ၏၊ ထိုခွဲစိတ် ပုံကို မပြသေးမီ အတ္တ,အနတ္တနှင့် ပတ်သက်၍ ဝိပဿနာ ပညာ

ရှိကြီးများ ဉာဏ်သက် ဝင်နိုင်ကြစေရန် အရိယာ သာသနာပြု အဖွဲ့ကြီးသို့ ရေးသားပေးခဲ့ဘူးသော ဝိညာဏ်နှင့် ပညာ ခွဲခြား ခဏ်း ဝိပဿနာ စာတမ်းကို ရေးသားဘော်ပြပေဦးအံ့။

## ဝိညာဏ်နှင့် ပညာ ခွဲခြားခဏ်း။

ဒီတခါ မှုဉာဏ်မိ၊အသိတော်ရတနာ၊ပညာမှာဖြိုးလူလူ နှင့် သိလိုသူလာကြတော့၊ ခေတ်၆-ဖြာ, ခေတ်၄-ပါး, ခေတ် ၈-ပါး၊ စကားပညတ်၊ ခေတ်ချင်ရာတွေ ခေတ် ကြတော့ ဝိညာဏ်သတ်၊ ခေတ်သံလိုလို၊ ပရမတ်သံလိုလို၊ ဟင်းလေးအိုး ကြိုလိုက်မည်။

အရိယာရှောင်တော်ပွဲ၊ နွဲချင်လျှင်ခဲကြတော့၊ သာသ နာ့ခေတ်ပွဲမှာ၊ အောင်လံတော်တဝင့်ဝင့်နှင့်၊ သောတာ ပန်လွင့်ကြတဲ့၊ ဂေါတမမြတ်စွာဘုရား၏၊သွီးသားအစစ်၊ အမွေတော်နှစ်ခုံ၊ ဘုမ်နန်းစံ၊ ဝိသာခါ၊ အနာထပိဏ် တို့လို၊ ဓမ္မဂုဏ်သိရ်၊ သိရ်ချင်တိုင်းသိရ်၍၊ ထောမနာသံ၊ သြဘာဂုဏ်ခံရလျှင်၊အရိယာတရားပြဋ္ဌာန်၊ အယုဇ္ဈပူရီ၊ ရန်နိမ်မှန်ကင်း သိကြားမင်းစံရာ၊ ဝတီ သာ တလင်း ကဲ့သို့၊ မြေပထဗျာလင်းသည့်၊ အောင်ခြင်း ဇေယျုံ၊ မြို့ရန်ကုန်တွင်၊ အရိယာ ဂုဏ်ဟိတ်၊ ဘံဆိပ်သိုက်ညွှန်း၊ မော်ကွန်းထွန်းရော၊ ဝိဇ္ဇာပညာ၊ ပြန့်ပွားရာမှ၊ သိပ္ပါ နည်းစုံ၊ မြို့ကလဲရန်ကုန်၊ ဘုရားကလဲရွှေတိဂုဏ်၊ ဝိဇ္ဇာ တွေ့ကလဲအစုံ၊ ဉာဏ်ဟုန်သုံးချက်၊ သဘောတော်မခက် ကြနှင့်။

ဘုရားမြွက်ခဲ့တဲ့၊ ကော ဗုဒ္ဓေါ၊ ကော ဓမ္မော၊ ကောသံဃော၊ ကောဓာတု၊ သုံးလုံးစု၍၊ ပထဝီဓာတု၊ တေခုလုံး၊ ဝိညာဏ်မှာသုံး၍၊ ထုံးစနည်းတင်၊ သုံးနည်း ယဉ်လျက်၊ အနတ္တဝင်အောင်၊ ဝိပဿနာဖိုလ်စဉ်သို့၊ တင်ခါချ၍ ဆရာပြုလိုက်မည်၊ ပြော့သလား၊ မာသလား၊ သဘောတရားကို၊ အငြင်းပွားမနေကြနှင့်။

ဝိညာဏ်မှာသဘာဝတရားကို၊ ပြာကျခါသွားသည့်နှယ်၊လုပ်ထုံးနည်းအသွယ်သွယ်ကို၊ ဂေါတမရှင်စောက၊ လက်တွေ့နည်းအတန်တန်ဖြင့်၊မှန်ကန်စွာထားခဲ့သော်လဲ ဂေါတမ နောက်ပေါက် ဂေါတမမောက် ဆရာတို့က၊ နှစ်ဦးဘုရား မိန့်ဘော်၍ထားခဲ့သည့်အလား၊ သဘာဝတရား၊ လက်တွေ့ နည်းကိုမှ၊ လက်တွေ့နည်း မမှတ်၊ ပရိယတ်ကို ပဋိပတ်ထင်၊ သမထအစဉ်ကို ဝိပဿနာရှု၊ နိဗ္ဗာန်ကိုအာရုံပြုပြီလို့ပြော၊အဟောတွေက ကလိန်ချုံ၊ သာသနာ့ သူပုန်တွေထ၊ ဘုရာ့စကား မြတ်တရားကို နားမဝင်ဘဲ၊ မသိလျှင်သူပုန်၊ မယုံလျှင်ရန်သူ၊ အတူလိုနေ၊မဂ်ဖိုလ်မွေကို မရလေစွ့ လူ့အန္တဟု၊ဆုံးမသည့်နှုံး နှလုံးပိုက်ကြုံး၍ ပထဝီဓာတ်တလုံး၊ နိဗ္ဗာန်ဝင်တဲ့ထုံးကို၊ ကိုန်းဆုံးချ၍၊ ချုံးခါပြုလိုက်မည်။

(၁) ဓာတ်-တပါးသေ-အားလုံးကြေလိမ့်။

(၂) ဓာတ်·သေတခု၊အရင်းပြုသော်၊သဘာဝနယ်။
သိညာဏ်ကျယ်၊မဂ်ဝယ်·ဖိုလ်သို့၊ ဆိုက်လတံ့။

(၃) မဂ်ဆိုက်သူမှာ၊ ဒိဋ္ဌိကွာ၊ဝိစ္ဆာခေါ်ဆိုပါ။

(၄) ဝိစ္ဆာဖြစ်လျှင်၊ ဉာဏ်အစဉ်၊ ထင်မြင်နိုင်တော့သာ။

(၅) ဉာဏ်ပေါက်သူမှာ၊ ဝိညာဏ်ဟာ၊ ဝင်ခါ မနှောက်ပါ။

ဘာစွဲ-ညာစွဲ ဟိုဟာ၊ဒီဟာ၊ အတ္တစွဲနှင့် အရိပ်ကို အကောင်ထင်၊ဝိညာဏ် အစဉ်ဝင်ခါ နှောက်သော်လဲ၊ ခတ်တတ်တဲ့ကျွဲ မင်းတကယ်ရဲသသား၊ဝိညာဏ်နာမ်ရုပ်၊ အမဲသားလုပ်ပြီးလျှင်၊ စင်းကောခုတ်၍ ဦးကုတ်ကုတ်၊ ခပ်ခွေခွေ၊ ဓမ္မကောအနေ၊ ပညိန္ဒြေ ဉာဏ်သွားနှင့်၊ နံကိုင်းအောင်ပိုင်းလိုက်မည်၊ ကွင်းလုံးပိုင်း ပြတ်ကရော၊ သန္တတိသဘော မနှောဝိညာဏ် အသိဉာဏ်စင်မှ၊ ပညာ မြင်၊ အနတ္တဝင်မည်။

၁-အတ္တသဘော၊ ဉာဏ်မှာနှော၊ ရှင်စော ဘယ်သို့ ဟောသလဲ။

၂-ပထဝီကို၊မသိလို၊စာကိုမကြည့်နဲ့။

၃-ပညတ်စင်လျှင်၊အနတ္တဝင်ဉာဏ်စင်မလျှောက်နဲ့။

၄-ပရမတ်မြင်လျှင်၊ဝိညာဏ်စင်၊ ပညာမပျောက်နဲ့။

၅-ပညာမြင်လျှင်၊ သဘာဝပင်၊ထင်မြင်ရုပ်နာမ်ဘဲ။

ပထဝီသတ်ဆေး၊ ဉာဏ်မှာတွေးက၊ နဝင်းဆေးရ၏၊ နဝင်းမှာလျှင်၊ ၉-ခုမြင် ဉာဏ်ရှင်ပဂေးသိအောင်တွေး၊ ဆိုရေးတဖန်၊ ဉာဏ်မှာနဝ၊ (၉)ပါးပြ၏၊ လောက သမုတိ၊ ပညတ်သိမှာ ဝိညာဏ်သာမှတ်၊ ပရမတ်မှာ ပညာဝိညာဏ်၊ ချိန်မှာတင်လျက်၊ လျော့လျှင်မိစ္ဆာ၊ သာလျှင်ဒိဋ္ဌိ၊ ဉာဏ်ကဝိတ့် သိနိုင်ဘို့ရာ ပညာပါဘဲ၊ မမြဲအနိစ္စ၊ သဘာဝ ဓာတ်မှာ၊ အိပ်မက် အပ်သည့်၊ တံလျှပ်သဘွယ်၊ အနည်းငယ်မှ၊ မရအပ်စွ၊ (နိစ္စ·သုခ သုဘာ·အတ္တ) သာရလွင့်စင်၊ ပညာမြင်လျှင်၊ ဝိညာဏ် စင်လျက်၊ ကြည်လင်လှသည်၊ မြင်ကြအမျှား၊ အမှန်နှင့် အမှား။

ခြောက်ပါးဝိညာဏ်၊ သိထင်မြင်နှင့်၊ သုံးအင်ကမ္မ၊ ပြုသမျှသည်၊ သမုဒယ·ဒုက္ခသစ္စာ၊ ဖြစ်လေရာ၏၊ ပညာ သိမှ၊ ဒွါရသုံးခု၊ ပြုပြုသမျှ-မဂ္ဂသစ္စာ၊ နိရောဓကျ၊ ဖြစ်လာရသည်၊ မြင်ကြအမျှား၊ မှန်လေးပါး။

မှတ်ချက်။ ။အထက်ပါ ဝိညာဏ်နှင့်ပညာ ခွဲခြားခဏ်းစာတမ်း သည် လက်တွေ့နည်းကို အားထုတ်တော် မူကြ သော ဝိပဿနာ သူတော်ကောင်းများ အတွက် အတ္တနှင့် အနတ္တသဘောရိပ်ကို ပညာနှင့် ခွဲစိတ် နိုင်ရန် ထည့်သွင်း ဘော်ပြရခြင်း ဖြစ်ပေ၏။

ပထဝီဓာတ်တပါး၌ ၉—လွှာ ခွဲစိတ်ပုံခေါ် ဉာဏ်၉—ပါး လုပ်ငန်းစဉ်ဆိုသည်မှာလည်း ဤစာတမ်း၏အဓိပ္ပါယ်ကို ဝေဘန် နိုင်သော် အထူးခွဲစိတ်ရန်မလိုတော့ပြီဖြစ်၍ သဘာဝလက်တွေ့ကို

အလိုရှိကြပါလျှင် ဤစာတမ်း၏ သဘောကို မိမိ၏ ဉာဏ်၌ အသိဉာဏ်ရှင်းအောင် အကြိမ်ကြိမ် ပိုင်းခြားဝေဘန်တော်မူရန် အထူး တိုက်တွန်းလိုက်ပေ၏။

## ပထဝီဓာတ်နှင့် ဉာဏ် ၉-ပါး။

ပထဝီဓာတ် တပါး၌ ၉-လွှာ ခွဲစိတ်ပုံ နည်းကို ဆက်၍ ပြပေအံ့။

နောက်က ပြခဲ့သော အလွှာမှာကား ပညတ်နှင့် ပရမတ် ခွဲစိတ်ပုံအလွှာပင်ဖြစ်သည်။ ထိုခွဲစိတ်ပုံအရဆိုလိုရင်းသဘောမှာ ပညတ်ဟူသည် သညာဝိညာဏ်ခေါ် နာမ်တရားတို့၏ လုပ်ကြံမှုပင်ဖြစ်သည်။

လုပ်ကြံပုံမှာ- သိမှုဟုခေါ်ဆိုသော နာမ်တရားက အမည် အမျိုးမျိုးမှည့်ခေါ်၍ထားသောကြောင့် နာမပညတ် ဖြစ်ပေါ် လာရပေသည်။ ထို့အတူ သဏ္ဌာနပညတ်မှာလည်း နာမ်တရား ကပင် ပုံဟန်သဏ္ဌာန် အမျိုးမျိုးကို လုပ်ကြံ၍ သညာ ဝိညာဏ် တို့က စွဲမှတ်ထားသဖြင့် ဖြစ်ပေါ် နိုင်သောကြောင့် ပညတ် ဟူသည် နာမ်တရားတို့၏ စီမံလုပ်ကြံမှုပင်ဖြစ်၍အဘယ်မှာလျှင် သဘာဝခေါ် ပရမတ် အားဖြင့် ထင်ရှား ရှိနိုင်ပါမည်နည်း။ ဉာဏ်မှာ မိမိ ဓာတ်မျက်စိနှင့် ကြည့်ရှုပါက အတတ် သိပါ လိမ့်မည်။ ပရမတ် ဆိုသည်မှာကား နာမ်တရားတို့၏ ကြံဘန် စီမံလုပ်ကိုင်၍ ဖြစ်ရှိနိုင်သော သဘောမျိုးမဟုတ်ပေ၊ သဘာဝ အားဖြင့် ဘယ်သူမပြုဘဲ ဖြစ်ရှိနေသောတရားပင်တည်း။ ထိုပရ မတ်ကို သညာဝိညာဏ် နှစ်ပါးနှင့်ကြည့်ရှု၍ သိနိုင်မည်မဟုတ်ရာ ပညာနှင့် ကြည့်ရှုနိုင်မှသာလျှင် သိသောတရားမျိုးဟူ၍မှတ်ပါ။

ထို့ကြောင့် ပရမတ်အစစ်ကိုသိလျှင် အတ္တစွဲပြုတ်၍ အနတ္တဉာဏ်ဆိုက်တော့သည်။ အနတ္တဉာဏ် ဆိုက်လျှင် သောတာပန်ဟူ၍ ခေါ်နိုင်သည်။

**ဉာဏ်အဆင့်ဆင့်ဖြစ်ပေါ်ပုံ**

ဝိပဿနာဉာဏ်စဉ်ကို ၉-ပါး ၁၀-ပါးထား ခြင်းမှာလည်း ဉာဏ်အဆင့်ဆင့်တို့၏ ဖြစ်ပေါ်ပုံကို သိစေလို၍သာ ၉-ပါး ၁၀ ပါး ထားလေသည်။ လုပ်ငန်းစဉ်နှင့် ဝေဘန်လျှင် သမထ တရားများလို လုပ်ငန်းစဉ်အဆင့်ဆင့် ပြောင်းကူး၍လုပ်ရသည်မဟုတ် တခုသောသဘာဝမမှုကိုပင် ဉာဏ်မှာ သိမ်းပိုက်၍ အနတ္တဉာဏ်အစစ်သို့ ဆိုက်အောင် အစွမ်းကုန် ဆင်ခြင် မှုနှောက်ခြင်း ဖြစ်၍ လုပ်ငန်းစဉ်အရ ဝေဘန်ကြည့်လျှင် ဒိဋ္ဌိဝိသုဒ္ဓိခေါ် လုပ်ငန်းစဉ်တခုသာဖြစ်ပေ၏။

ဒိဋ္ဌိဝိသုဒ္ဓိဆိုသည်မှာ အသိဉာဏ်၏ စင်ကြယ်မှုကိုဆိုလိုသည်၊ အသိဉာဏ်စင်ကြယ်ခြင်းဆိုသည်မှာလည်း သညာသိ၊ ဝိညာဏ်သိ နှစ်ပါးမှ လွတ်မြောက်၍ပညာသိသဘောသို့ဆိုက်ရောက်ခြင်းကို အသိဉာဏ်၏ စင်ကြယ်ခြင်းဟု ခေါ်သည်။

ထိုစကားကို ထင်ရှားပြဦးအံ့- ကြမ်းတမ်း ခက်မာခြင်း သဘောကို ပထဝီဟုခေါ်ရာ၌ ကြမ်းထမ်း ခက်မာကြောင်းကို တာဝန်ခံနိုင်သောတရားခံကို ရှာဖွေရမည်၊ ရှာဖွေရန် နည်းမှာ ရှေးဦးစွာ ကာယဝိညာဏ်ခေါ် လက်ညှိုး, လက်မ တခုခုက စမ်းသပ်၍ စူးစမ်းသောကြောင့် သာလျှင် ခက်မာကြောင်းကို သိနိုင်လေသည်၊ သို့ရာတွင် လက်ညှိုး၌ရှိသော ကာယပသာဒ

ကာယဝိညာဏ်တခုတို့နှင့်လည်း ကြမ်းထမ်းခက်မာမှုသဘောကို မသိနိုင်ရာ။ မနောဝိညာဏ်ခေါ် သိမှုလည်း ပါဝင် ထောက်ခံရ ဦးမည်၊ သို့မှသာ ခက်မာမှုသဘောကို သိနိုင်ပေမည်။ ဤသို့ အားဖြင့် မာမှု၏သဘောဖြစ်ပုံကို ဝေဘန်သောအခါ ကာယ ပသာဒ, ကာယဝိညာဏ်, မနောဝိညာဏ်တို့၏ ထောက်ခံ ပြော ဆိုမှုသဘောကိုသာလျှင် ပထဝီဟု ခေါ်ဆိုကြောင်း သိရသော ကြောင့် ဤအသိမျိုးသည် သညာသိ, ဝိညာဏ်သိဖြစ်၍ အဘယ် မှာလျှင် အစွဲလွှတ်နိုင်ပါမည်နည်း။

**မျက်လှဲ့ဆရာကြီး** (မာယူပမဥ္စ ဝိညာဏံ) ဟူသော ဒေသနာ တော်အရ ဝိညာဏ်ဟူသည် လှည့်ပတ်ဖျား ယောင်းတတ်သော မျက်လှည့်သမားမျိုးဖြစ်၍ အစွဲလွှတ်ပြီဟု မယူဆနိုင်ပေ။

ထိုဝိညာဏ်သိကိုပင် ဝိပဿနာတရား အားထုတ်သူတို့က အဟုတ်ကြီး ထင်ပြီးကာ မာမှုသာ ရှိ၏၊ ပျော့မှုသာ ရှိ၏၊ ယောကျ်ား,မိန်းမ မရှိဟု ယူဆကြပြီးလျှင် သက္ကာယဒိဋ္ဌိကွာပြီဟု ထင်မှတ်နေကြလျှင် ဝိပဿနာ လမိုင်းခေတ်ကပ်ရုံသာ အရသာ တွေ့နေပေလိမ့်မည်။ မဂ်ဖိုလ်လမ်း ဆိုသည်မှာ သညာသိ, ဝိညာဏ်သိနှင့် မမိနိုင်သေး၊ ပညာသိနှင့်မှ မိနိုင်သည်ဟုမှတ်ကြ စေလိုသည်။

ထို့ကြောင့် စင်ကြယ်သောအသိဆိုသည်မှာ ပညာသိကိုမှတ်၊ မစင်ကြယ်သောအသိကို ဝိညာဏ်သိ, သညာသိဟု ခေါ်သည်၊ ၎င်းအသိမျိုးကို အစွဲသိဟူ၍လည်း ခေါ်သည်။

မာမှု၊ပျော့မှုဟူသော ပထဝီဓာတ်အသိကိုပညာသိအနေဖြင့် သိနိုင်အောင် ဝိညာဏ်သိကို ခွဲစိတ် ဝေဘန်ရဦးမည်၊ ခွဲစိတ် ဝေဘန်သဖြင့် သဘောတရား အမှန်ကို သိလျှင် (ယထာဘူတ) အသိဟူ၍ ဝိပဿနာညာဏ်အရာမှာ ခေါ်ဆိုနိုင်လေသည်။

ပညာသိ ဆိုက်အောင် ပထဝီဓာတ် တပါးကို အောက်ပါ ခွဲစိတ်ပုံအတိုင်း ခွဲစိတ်ဝေဘန်ရမည်၊ ၎င်းခွဲစိတ်ပုံသည်(၉)လွှာ တို့တွင် ဒုတိယအလွှာဖြစ်ပါကြောင်း။

## ဝိပဿနာ ပုံစံ အမှတ် (၂)





ဤဖော်ပြထားသော ပုံစံ ၂-ခုတို့တွင် တခုကား "ဒုက္ခသစ္စာကိုသိရမည်" ဟူသော လုပ်ထုံးနည်းအတိုင်း ပဋိစ္စသမုပ္ပါဒ်တပါးကို ပညာသိ အနုတ္တစခန်းသို့ ဆိုက်ရောက်အောင် ဝေဘန်ပိုင်းခြားပုံကို ဖော်ပြထားသော ပုံစံဖြစ်ပေ၏။

တခုသောပုံစံကား "သမုဒယသစ္စာကို ပယ်ရမည်"ဟူသော လုပ်ထုံးနည်း အတိုင်း ပဋိစ္စသမုပ္ပါဒ်၌ စွဲကပ်နေသော အတ္တ ၄-ချက်ကို စွဲကပ်ပုံသဘာဝနှင့်တကွ ထုတ်ဖော် ပြထားသော ပုံစံဖြစ်ပေ၏။

**သမုဒယသစ္စာနှင့် အတ္တ ဒိဋ္ဌိ**

အထူး မှတ်သား စေလိုသည်မှာ သမုဒယသစ္စာ၏ သဘောကို လက်တွေ့ နည်းနှင့် ရှာဖွေသော် အတ္တခေါ် အစွဲ တရားတို့ပင် ဖြစ်ပေသည်၊ အစွဲဆိုသည်မှာလည်း ဒိဋ္ဌိပင်ဖြစ်သည်၊ ဒိဋ္ဌိအရ တဖန် ဝေဘန်ပြန်သော်လောဘ၏တဘက်သောရေသောက်မြစ်ဖြစ်၍ သမုဒယသစ္စာ၌ အကျုံးဝင်သည်ဟုမှတ်၊ ထို့ကြောင့် သောတာပန်ပုဂ္ဂိုလ်တို့၏ ပဌမ ပယ်စဉ်သည် ဒိဋ္ဌိတည်းဟူသော သမုဒယသစ္စာ၏ရေသောက်မြစ်ကြီးကိုပယ်ရသည်။ အနာဂါမ်ပုဂ္ဂိုလ်မှသာ ကာမရာဂ ပြဋ္ဌာန်းသော လောဘခေါ် သမုဒယသစ္စာ ရေသောက်မြစ်ကို ပယ်နိုင်၏၊ ရဟန္တာ ပုဂ္ဂိုလ် မှာကား (မာန)တည်းဟူသော သမုဒယသစ္စာရေသောက်မြစ်ကိုပယ်သတ်ကြလေသည်။

ယခု ပြဆိုအပ်သော ဝိပဿနာ အရာမှာကား ဒိဋ္ဌိ တည်းဟူသော သမုဒယ ရေသောက်မြစ်ကို ပယ်ဖြတ်သော လုပ်ငန်းစဉ် ဖြစ်၍ အစွဲတရား အတ္တဒိဋ္ဌိကို သမုဒယသစ္စာဟု လုပ်ထုံးနည်း ပုံစံတွင် ထုတ်ဘော်ထားသည်ဟုမှတ်ပါ။

ထိုပုံစံ၌ အစွဲ ၄-ချက်ကို ပြဆိုထားရာ ထိုအစွဲတို့မှာကား သူ့အလိုလို မမှတ ာ အလေ့ပေါက် ပေါ်ထွက် လာကြခြင်း မဟုတ်ပေ၊ မာမှု-ပျော့မှုဟူသော သညာသိ ဝိညာဏ်သိ ပရမတ္ထ သဘာဝ ရှိသောကြောင့်သာလျှင် စွဲယူကြသော အစွဲသမုဒယ များ ဖြစ်ချေသည်။

**ပထဝီဓါတ်နှင့် အစွဲလေးချက်** ထို့ကြောင့် ပထဝီခေါ် မာမှု-ပျော့မှုကို ချည်တိုင်ထား၍ ၄-ချက်သော တုပ်နှောင်ထားသည်မှာ ပုံစံတွင် ပြထားသည့်အတိုင်း ဖြစ်ပေ၏။ လေးချက်သော တုပ်နှောင်ခြင်း ဆိုသည်မှာ ခိုင်မြဲ သည် ထက် ခိုင်မြဲပြီး မလွတ်နိုင်ဘဲ အသွားအပြန် တုပ်နှောင်ခြင်းကို ဆိုလိုသည်။ တုပ်နှောင်ပုံကို ဝေဘန်ပြဦးမည်။

(၁) ရုပ်သည်ငါဖြစ်၏၊ (၂) ငါသည် ရုပ်ဖြစ်၏၊ (၃) ရုပ်၌ငါရှိ၏၊ (၄) ငါ၌ရုပ်ရှိ၏။ ဤလေးပါးသည် ပထဝီခေါ် မာမှု-ပျော့မှု၌ တုပ်နှောင်ထားသော အစွဲလေးချက် မင်တည်း။

ဤအသွားအပြန် တုပ်နှောင်ခြင်း ဆိုသည်မှာ ရှေးဦးစွာ ရုပ်သည် ငါဖြစ်၏ဟု စွဲယူခြင်းကား "အသွားတုပ်နှောင်ခြင်း" မည်၏။ ၎င်းအသွား တုပ်နှောင်ခြင်းကို စိတ်မချသေး၍ အပြန် တုပ်နှောင်သည်မှာ ငါသည် ရုပ်ဖြစ်၏၊ ဤကား "အပြန်တုပ်နှောင်ခြင်း"ဟူ၍မှတ်။

ထို့ပြင် အတွင်းတုပ်နှောင်ခြင်း၊ အပြင်တုပ်နှောင်ခြင်းဟူ၍ လည်းရှိသေး၏။ ရုပ်၌ ငါရှိ၏ ဟူသော တုပ်နှောင်ခြင်းသည် "အတွင်းတုပ်နှောင်ခြင်း"မည်၏။ ငါ၌ရုပ်ရှိ၏ဟု တဖန် တုပ်နှောင်ခြင်းကား "အပြင်တုပ်နှောင်ခြင်း"မည်၏။

ဤသို့အားဖြင့် အစွဲခေါ် အတ္တဒိဋ္ဌိသည် သာမန် အားဖြင့် မစွဲယူဘဲ အလွန်ခိုင်မြဲအောင် (၄) ချက်သော တုပ်နှောင်ခြင်း တို့ဖြင့် တုပ်နှောင်လျက် အသွားအပြန် အတွင်းအပြင် မလို ရအောင် ပြင်းစွာ ချည်နှောင် ထားသောကြောင့် အန္ဓပုထုဇဉ် ခေါ် ဓာတ်မျက်စိမရှိကြကုန်သော ပုဂ္ဂိုလ်တို့သည် အဘယ်မှာ လျှင် လွတ်မြောက်အောင် ဖြတ်ထွက်နိုင်ပါမည်နည်း။ သဘော သက်ဝင်နိုင်အောင် စဉ်းစားဆင်ခြင်တော်မူကြပါ။

**အမှာ။** ။စာကို သာမန်ဖတ်ပြီး သာမန် မတွေးကြဘဲ သွားရင်း လာရင်း နေရင်း ထိုင်ရင်း အိပ်ရင်း စားရင်း သဘာဝမိအောင် တွေးယူ ကြစေလိုပါသည်။

မနေ မနား‌ဘဲ ဆင်ခြင် ပွားများ သော်လည်း သဘာဝကို မမိလျှင် မိမိကိုယ်ကို အားမလျှော့ပါနှင့်ဦး၊ သဘာဝဉာဏ် ပေါက်သူတို့နှင့် ဆွေး နွေး လျှင် သဘာဝဉာဏ် ပေါ်ပေါ် လိမ့်မည်။

**သင်္ကာယဒိဋ္ဌိ နှစ်ဆယ်** အတ္တဒိဋ္ဌိခေါ် အစွဲ ၄-ချက် ဖြစ်ပေါ် နေပုံကို ပုံစံနှင့်တကွ ထုတ်ဖော်ခဲ့ပါပြီ၊ ၎င်းအစွဲ ၄-ချက် ကို အတ္တဒိဋ္ဌိဟုခေါ်သည်။ ဓမ္မသင်္ဂဏီ ပါဠိတော် နှင့် အဋ္ဌကထာကြီးများတွင် အတ္တဒိဋ္ဌိ ၂၀-ကို ထုတ်ဘော်ပြချက် အရ အတ္တဒိဋ္ဌိ၂၀-ဆိုသည်မှာ ယခုဖော်ပြခဲ့သော အစွဲ ၄-ချက် ကို ပထဝီဟူသော ရုပ်ခန္ဓာ၌ ၄-ပါး ခွဲစိတ်ဝေဘန်သလို နာမ် ခန္ဓာ ၄-ပါးကိုလည်းတပါးပါး၌ အစွဲ၄-ချက်ကိုဝေဘန်ရမည်၊ ခန္ဓာ၅-ပါးကိုထည့်၍ ၄-နှင့်မြှောက် ၂၀-ဖြစ်၏၊ ၎င်း၂၀-ကို အတ္တဒိဋ္ဌိ ၂၀-ဟုခေါ်သည်။

၎င်းအတ္တဒိဋ္ဌိ ၂၀-တို့သည် ခန္ဓာ၅-ပါးပေါ်တွင် စွဲယူနေကြ သော အစွဲများဖြစ်၍ "ခန္ဓာ၅-ပါးသာရှိ၏၊ ယောကျ်ား မိန်းမ မရှိ"ဟုယူဆသိရှိနှင့် ၎င်းအစွဲတို့သည် ပြုတ်ကြမည် မဟုတ်ရာ၊ ခန္ဓာ ၅-ပါးဟူသော သဘာဝရှိလျှင် ၎င်းအစွဲ တို့လည်း ရှိမည်ဟုမှတ်။

**မာမှုသဘောနှင့် အစွဲတရား** ထို့အတူ ပထဝီဟူသော မာမှုသဘောရှိလျှင် ထိုမာမှုသဘောကို စွဲယူသော အစွဲသည်လည်း ရှိမည်မှာ အမှန်ဖြစ်ချေ၏။ ဆိုလိုရင်းသဘော မှာ စွဲစရာရှိလျှင်အစွဲတရားသည် ရှိမည်ဟုမှတ်၊ စွဲစရာဖြစ်သော ပထဝီဓာတ်ကိုဒုက္ခသစ္စာခေါ်သည်၊ အစွဲကိုကား သမုဒယသစ္စာ ဟူ၍မှတ်။

မီးနှင့် မီးရောင်၏သဘောကို နားလည်ရမည်၊ မီးရှိသော် မီးရောင်သည်ရှိဘိသကဲ့သို့ ပထဝီဓာတ်ဟူသော ဒုက္ခသစ္စာရှိလျှင် မီးရောင်ဟူသော သမုဒယသစ္စာရှိမည်ဟုမှတ်၊ မီးရောင်ကိုအလို မရှိလျှင် မီးကိုသာငြိမ်းရမည်၊ မီးငြိမ်းလျှင် မီးရောင်လည်း ငြိမ်း တော့သည်။ မီးကိုမငြိမ်းပါဘဲနှင့် မီးရောင်ကိုသာ ငြိမ်းနေပါ လျှင် အဘယ်မှာငြိမ်းရှိရပါမည်နည်း၊ ထို့ကြောင့် ပထဝီဓာတ် တပါးကိုပင် အစွဲ၄-ချက်ပြုတ်အောင် အနတ္တဓာတ်ကို ဝေဘန် ရမည်၊ ဝေဘန်ပုံကို ပုံစံတွင်ပြထားသည့်အတိုင်း လက္ခဏာ,ရသ ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်, ဟူသော သဘောလေးချက်နှင့် ပထဝီ ပျောက်သုဉ်းအောင် မွှေနှောက် ပိုင်းခြား တတ်ရမည်၊ ပထဝီ ပျောက်သုဉ်းလျှင် ၎င်းပထဝီကို စွဲကပ်နေသော အစွဲ ၄-ချက် လည်း အဘယ်မှာလျှင် ရှိတော့မည်နည်း။

ပထဝီကို ပျောက်အောင် ဖျောက်ရမည် ဆိုခြင်းမှာလည်း အနတ္တဉာဏ်ဆိုက်အောင် ဝေဘန်ခြင်းပင် ဖြစ်သည်၊ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကား ပထဝီဓာတ်ကို အနတ္တဉာဏ် ပေါက်အောင် ဝေဘန်ခြင်းတို့ဖြစ်ပေသည်။

ပရမတ္ထသဘာဝတို့၏ အနတ္တ လက္ခဏာကို ဝေဘန်ပြသော အခါ အဋ္ဌကထာဆရာမြတ်တို့သည် ဤလက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ခေါ် သဘောကြီး ၄-ချက်တို့ဖြင့် ဝေဘန်၍ အနတ္တ ဓာတ်ကို ပြတော်မူကြလေသည်။ သို့ရာတွင် လက်တွေ့နည်းနှင့် ဝေဘန်နိုင်မှသာလျှင် အနတ္တဓာတ်ကို တွေ့နိုင်လေသည်။

**ဝိညာဏ်သိ အနတ္တ**

ဒေသနာနည်းကို အားကိုး၍ သာမန်အားဖြင့် ဝေဘန်လျှင် ဝိညာဏ်စွဲ အနတ္တ လောက်သာ ဉာဏ်မှာတွေ့ကြပေလိမ့်မည်၊ ပညာစစ်အနတ္တ တွေ့လျှင် အစွဲပြုတ်နိုင်လေသည်၊ ထို့ကြောင့် ပထဝီဓာတ်တပါး၏ အနတ္တဓာတ်အစစ်ကိုတွေ့မှုသည် လွယ်ကူလှသည်မဟုတ်။

သဘောကြီး ၄-ချက်နှင့် ဝေဘန်လျှင် အနတ္တကို ဝေဘန်နိုင်သည်ဟု ညွှန်ကြားသော်လည်း လက်တွေ့နည်းနှင့် ဝေဘန်နိုင်မှသာလျှင် တွေ့နိုင်လေသည်။

ယခုဖော်ပြမည့် ဝေဘန်နည်းကား လက်တွေ့နည်းကိုအခြေခံထား၍ ဝေဘန်ရေးသားမည် ဖြစ်သော်လည်း စာကြည့်သူ ပုဂ္ဂိုလ်တို့မှာကား စာကိုဘတ်ရုံနှင့် စင်ကြယ်သော အသိဉာဏ်ကို ရကြမည် မဟုတ်သေးပေ၊ သို့ရာတွင် အကြိမ်ကြိမ် အဘန်ဘန် ကိုယ်ပိုင်ဉာဏ်နှင့် ဆင်ခြင်သုံးသပ်ပါလျှင် ပထဝီဓာတ်၏ အနတ္တဉာဏ်ကို ထင်မြင်ပေါက်ရောက်ပါလိမ့်မည်။

သဘောကြီး ၄-ချက်နှင့် ဝေဘန်၍ ပေါက်ရောက်ကြသော အနတ္တဉာဏ်မျိုးကား(ယထာဘူတ)အသိခေါ် အနတ္တဉာဏ်သာ ဖြစ်သေး၏၊ ဉာဏ်စဉ်နှင့် ဝေဘန်လျှင် ဝိပဿနာ၏ အခြေခံ အုဋ္ဌမြစ်လောက်ဖြစ်သော အနတ္တဉာဏ်ဖြစ်ပေသေး၏။

**ကိုယ်ပိုင်ညာဏ်နှင့် မှီအောင်လိုက်**

ထိုဉာဏ်ကို မိမိတို့၏ ကိုယ်ပိုင် ဉာဏ်နှင့် မှီအောင် လိုက်နိုင်မှ သာလျှင် အထက်ဖြစ်သော ဥဒယဗ္ဗယဝိပဿနာနည်းကိုလှမ်းကိုင်နိုင်မည်၊ သို့မဟုတ်သော် သဒ္ဒါလန်ဆိုသော ဥပမာကဲ့သို့ ဝိပဿနာလန် ဖြစ်နေကြမည်။

ထို့ကြောင့် ဝိပဿနာလန် မဖြစ်ကြစေရန်ယခုဘော်ပြသည့် သဘောကြီး ၄-ချက်ဖြင့် အနတ္တဉာဏ်ဖြစ်ပုံကို သဘောပိုင် အောင် အထူးအားထုတ်နိုင်ကြပါစေသတည်း။

**နည်းသုံးနည်းနှင့် ဝေဘန်ချက်**

ရှင်တော်မြတ်ဘုရားသည် ဝိပဿနာအရာ၌ ဉာဏ်စဉ်များကို ဘော်ထုတ်သောအခါတွင် သုံးချက်သေစရွေးကိုက်ထား၍ ဖွင့်ပြတော်မူသည်။

ဖွင့်ပြတော်မူပုံမှာ (၁)ဒေသနာနည်း၊ (၂)လက်တွေ့နည်း၊ (၃)သဘာဝနည်းအားဖြင့် သုံးချက်သောနည်းကို ရှေးဦးစွာ ဝေဘန်သိရမည်။ ဒေသနာနည်းဆိုသည်မှာ ပထဝီဓာတ်တပါးကို သဘောကြီး(၄)ချက်တို့ဖြင့် ဝေဘန်၍ပြခြင်းသည်ဒေသနာ နည်းမည်၏၊ ထိုဒေသနာနည်းကို သာသနာတော် ၃-ရပ်နှင့် ဝေဘန်လျှင် ပရိယတ္တိသာသနာမည်၏၊ကောင်းခြင်း ၃-ပါးနှင့် ဝေဘန်လျှင် အစ၏ကောင်းခြင်း မည်၏။

လက်တွေ့နည်းဆိုသည်မှာ သဘောကြီး ၄-ချက်နှင့်ဝေဘန် ရန်ကို ဒေသနာနည်းက ပြဆိုသည့်အတိုင်း ပထဝီဓာတ်ကို သဘောကြီး ၄-ချက်နှင့် ဝေဘန်သဖြင့် ယောဂီ ပုဂ္ဂိုလ် တို့၏ အသိဉာဏ်၌ ထင်မြင်လာသော အနတ္တဓာတ်သည် လက်တွေ့ နည်းမည်၏၊ ထိုလက်တွေ့နည်းသည်ပရိယတ္တိသာသနာမည်၏။

သဘာဝနည်းဆိုသည်မှာ သဘောကြီး ၄-ပါးတို့၏ လုပ် ငန်းစဉ်ပြီးဆုံး၍ တရားဥက္ကောင်း ကျရောက်သဖြင့် ထိုဉာဏ်၏ ဂေါစရမှာ ဆိုက်ရောက်ခြင်းသည် သဘာဝနည်းမည်၏။

ယိုသဘာဝနည်းသည် သာသနာတော်၃-ရပ်တို့တွင်ပဋိဝေဓ သာသနာတော်မည်၏၊ ကောင်းခြင်း ၃-ပါးတို့တွင် အဆုံး၏ ကောင်းခြင်းမည်၏၊ ဤသို့အားဖြင့် တလှာတလှာ၌ ၃-ချက် သေ စရွေးကိုက်ညီအောင် အားထုတ်ရမည်၊ ၃-ချက်သေ စရွေး မကိုက်လျှင် လုပ်ငန်းစဉ်သည် ယထာဘူတမဆိုက်သေးဟု မှတ် ရမည်။ ထို့ကြောင့် ပထဝီဓာတ်တပါးကို ဌာန် ၄-ချက်ခေါ် သဘောကြီး ၄-ပါးနှင့် ဝေဘန်သောအခါ ၃-ချက်သေစရွေး ကိုက်အောင် ပိုင်းခြားဝေဘန် ဆင်ခြင်တော်မူကြပါ။

ပထဝီဓာတ် တပါးသေလျှင်လည်း ကြွင်းသော ရုပ်နာမ် အလုံးစုံတို့သည် သေသည်မည်ကုန်၏၊ သေ့ဆိုသည်မှာလည်း သညာသိ ဝိညာဏ်သိ ပြတ်ခြင်းကို ဆိုလို၏။ ပထဝီဓာတ်ကို လုပ်ငန်းစဉ်နှင့်လျော်အောင် ၂-မျိုးခွဲခြား၍ ယူနိုင်စေရမည်။

**ပထဝီဓာတ် ၂-မျိုး** (၁) ဝိညာဏ်ပထဝီ၊ (၂)ပညာပထဝီ ဤသို့ အားဖြင့် ၂-မျိုးရှိရာ ကာယဝိညာဏ် မနော ဝိညာဏ် ၂-ပါးတို့၏ ထောက်ခံ အားပေး မှုကြောင့်ဖြစ်ပေါ်နေသောပထဝီကိုဝိညာဏ်ပထဝီဟုခေါ်သည်။

ပညာ ပထဝီ ဆိုသည် မှာကား ထိုကာယဝိညာဏ် မနော ဝိညာဏ် နှစ်ပါးတို့က ထောက်ခံအားပေးသဖြင့် မာသည်ဟု သိရှိကြရသော ဝိညာဏ်တွေ့ ပထဝီကိုပင် သဘောကြီး၄-ပါးနှင့် ဝေဘန်ပိုင်းခြား ခွဲခြမ်းစိတ်ဖြာ သဖြင့် အသိဉာဏ် ပေါ်ထွက် လာသော ပရမတ္ထ သဘာဝ ဆတ် ဆတ် ခေါ် တခုသော သဘောတရားသည် ပညာသိ ပထဝီ မည်၏။

ထိုဉာဏ်သိ ပထဝီကို တွေ့အောင် လက်တွေ့နည်းခေါ် သဘောကြီး ၄-ပါးဖြင့် ပိုင်းခြား ဝေဘန် ရမည်၊ ပိုင်းခြား ဝေဘန်နိုင်သော အသိဉာဏ်ကို နာမ ရူပ ပရိစ္ဆေဒ ဉာဏ်ဟု ခေါ်၏၊ ထိုဉာဏ်သည် မင် ဖိုလ်သို့ ဝင်ရာ အခြေခံ တံခါးဝ သဘွယ် ဉာဏ်ဖြစ်၍ ယောဂီ ပုဂ္ဂိုလ်တို့၌ အလွန် အရေးကြီး လေသည်။

**ဌာန်လေးချက်နှင့် သိမ်းဆည်းခြင်း**

ပုံစံတွင်—ပျော့-မာ-ဟူသော ပထဝီဓာတ်ကို စက်ဝိုင်း၏အလယ်တွင်ထား၍ အနား လေးဘက်က ပြဆိုထားသော လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ခေါ် ဌာန်လေးပါးတို့နှင့် ပိုင်းခြား ဝေဘန် သိမ်းဆည်းရလေသည်။ ပိုင်းခြားဝေဘန် သဖြင့် စင်ကြယ်သော အသိဉာဏ် ထွက်ပေါ် လာခြင်းကို ဒိဋ္ဌိဝိသုဒ္ဓိဟု ခေါ်သည်။

ဒိဋ္ဌိဝိသုဒ္ဓိကား ဝိပဿနာ ဉာဏ်၏ ကဏ္ဍ - မဟုတ်သေး ဝိပဿနာ၏ အခြေခံ အဆင့်အတန်းမျှသာ ဖြစ်သေး၏။

## လက္ခဏာနှင့်ရသအဓိပ္ပါယ်

"လက္ခဏာဆိုသည်မှာ" (သာမည်ဝါသဘာဝဝါဝါ)ဟူ၍ အဋ္ဌကထာဆရာများ ဖွင့်ဆိုထားသောကြောင့် 'မိမိ၏သဘော တရားသည်" လက္ခဏာမည်၏၊ (ဥပမာ)မာမှုသဘော ပျော့မှု သဘော ပူမှု-အေးမှု ပုံ့စည်းတွန်းကန်မှု သဘောတရား တို့ကို "လက္ခဏ"ဟု ခေါ်သည်။

"လက္ခဏာ"ဟူသော မှတ်ကြောင်းသဘောတရားက အမျိုးမျိုး ဝေဘန်ထားသောကြောင့် သဘောတရား အမျိုးမျိုးတို့ ထွက်ပေါ်နေနိုင်လေသည်။ "လက္ခဏာ"မရှိခဲ့သော် အဘယ်မှာလျှင် မာမှု–ပျော့မှု–ပူမှု–အေးမှု သဘောတရားတို့သည် ရှိနိုင်ပါမည်နည်း၊ "လက္ခဏာ"ကိုသာလျှင် အားကိုး၍ဖြစ်ပေါ်နေကြသော သဘောတရားများသာ ဖြစ်ချေ၏၊ ဤကား အကျဉ်း ဝေဘန်ပြချက် ဖြစ်ပေ၏။

"ရသ" ဆိုသည်မှာ (ကိစ္စသမ္ပတ္တိ ဝါရသေ ာနာမ) ဟူ၍ အဋ္ဌကထာဆရာ ဖွင့်ပြသောကြောင့် 'အမှုကိစ္စ ပြည့်စုံအောင် ဆောင်ရွက်စီမံအားထုတ်သော သဘောကို'ရသ'ဟု ခေါ်သည်၊ ဆိုလိုရင်းမှာ အလုပ်သမားကို 'ရသ'ဟုမှတ်၊ အလုပ်သမားဟု ခေါ်ရခြင်းမှာလည်း မာမှုသဘော-ပျော့မှုသဘော-ပူမှု-အေးမှု သဘောတရားတို့ အစဉ်ဖြစ်ပေါ်လာနိုင်အောင် ဆောင်ရွက် လုပ်ကိုင်ပေးခြင်းပင် ဖြစ်သည်၊ ထို"ရသ"ဟူသော အလုပ် သမားက ပြည့်စုံညီညွတ်အောင် ဆောင်ရွက် ပေးနိုင်မှသာလျှင် မာမှု-ပျော့မှုဟူသော သဘောတရားကို လက္ခဏာက ဖန်ဆင်း နိုင်လေသည်၊ ရသမရှိခဲ့သော် အဘယ်မှာလျှင် လက္ခဏာသဘော ရှိနိုင်မည်နည်း၊ လက္ခဏာမရှိခဲ့သော် မာမှု၌ပျော့မှုဟု ဝိညာဏ် နယ်ကြီးကို လက်မထောင်၍ အခြောက်ကြွား ဟစ်ကြွေးနေ သော ကိုမာနှင့် ကိုပျော့တို့သည် အဘယ်မှာလျှင် ကြွားနိုင်ကြ ပါမည်နည်း။

ဝိညာဏ်နယ် လောကကြီးတွင် မာမှု-ပျော့မှု-ပူမှု-အေးမှု စသည်ဖြင့် လက်မထောင်၍ အသားယူနေခြင်းသည် လက္ခဏာ ရသ နှစ်ပါး တို့ကြောင့်ပင် ဖြစ်ပေသည်။ လက္ခဏာ – ရသ

သဘောတရား ၂-ခုကိုပင် ဝေဘန်ကြည့်ရှုနိုင် မာမှု - ပျော့မှု-ဟူသော ပထဝီသည် မိမိ၏ သဘောတရား သက်သက်ဖြင့် ပျော့-မာနေခြင်း မဟုတ်ကြောင်းကို ယောဂီပုဂ္ဂိုလ်တို့၏ အသိဉာဏ်၌ ဝေဘန်နိုင်လေသည်၊ လက္ခဏာ-ရသ တို့၏ သဘောကို မသိသော ပုဂ္ဂိုလ်တို့သာလျှင် မာခြင်း-ပျော့ခြင်းတို့ကို တကယ့် သဘောကြီး ထင်မှတ် နေပေ လိမ့်မည်။ တကယ့် သဘောကြီး ထင်မှတ်နေမှုကို အတ္တဒိဋ္ဌိ အသိမှားဟု ခေါ်သည်၊ ယောကျ်ားဘဲ-မိန်းမဘဲ ဟု စွဲယူမှ အတ္တဒိဋ္ဌိ ဖြစ်သည် မဟုတ်ရာ၊ မာမှု-ပျော့မှု သဘောကို သူ့အလိုလို အနှစ်အသား အနေနှင့် ရှိ၏ဟု-ယူဆလျှင်လည်း(ဝါ)ဆွဲကိုင်ထားလျှင်လည်းအတ္တဒိဋ္ဌိဟု မှတ်ရာ၏။

**အနှစ်အသား** ဆိုသည်မှာ ( သယံ - နိဝါသီ-ဝေဒကော ကာရကော)ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာ ဖွင့်ပြထားသော ကြောင့် ငါ့သဘောနှင့် ငါမာနိုင်သည်၊ ငါပျော့နိုင်သည်၊ ငါ လုပ်နိုင်သည်၊ ငါခံစားနိုင်သည်ဟု ယူဆခြင်းကို ဆိုလိုသည်။

လက္ခဏာရသ နှစ်ပါးနှင့် ဝေဘန်ကြည့်သောအခါ ၎င်းတို့၏ သဘောနှင့် အဘယ်မှာလျှင် မာနိုင် ပျော့နိုင် ကြမည်နည်း၊ လက္ခဏာနှင့် ရသကို အစဉ်အားကိုးနေသော မာမှု-ပျော့မှု တို့သာ ဖြစ်ချေသည်၊ ထို့ကြောင့် မာမှု၊ပျော့မှုကို အနှစ်အသားအနေ နှင့် (ဝါ)မိမိ၏သဘောတခုတည်းဖြင့် ပျော့-မာ နိုင်ကြောင်း အနေနှင့် မသိမ်းပိုက်ထိုက်ပေ၊ မသိမ်းပိုက်နိုင်ပေ၊ ဤသို့မသိမ်း ပိုက်နိုင်ခြင်းသည် အနတ္တမည်၏။

ပစ္စုပ္ပန်ဆိုသည်မှာ (ဥပဋ္ဌာနာကာရေဝ ဖလံဝါ)ဟူ၍ အဋ္ဌကထာအရှင်မြတ်တို့ မိန့်ဆိုတော်မူသောကြောင့် အားထုတ်သော ယောဂီပုဂ္ဂိုလ်တို့၏အသိဉာဏ်အားရှေးရှုထင်သောအခြင်းအရာ သဘောတရားကို ဆိုလိုသည်၊ အခြင်းအရာသဘောတရားဟူသည် အသိဉာဏ်၌ထင်မြင်သော အကျိုးတရားပင်ဖြစ်သည်။

**အကျိုးတရားဖြစ်ပုံ အကျဉ်း**

မာမူ-ပျော့မှုဟူသော သဘောတရားသည် အကြောင်းမဲ့သက်သက် ပေါ်ထွက်လာသော သဘောတရားမျိုးမဟုတ်ပေ၊ တစုံတခုသော အကြောင်းတရားကို အစွဲပြုရမှသာလျှင် ပျော့နိုင်မာနိုင်သော သဘောတရားဖြစ်၍ အကျိုးတရားဟု ဆိုလိုသည်၊ အကျိုးတရားကိုတွေ့ရှိခဲ့သော် အကြောင်းတရားကို ရှာဖွေရဦးမည်၊ တေဇော - ဝါယော - အာပေါ ဟူသော ၃-ပါးသော သဘောတရားတို့က အကြောင်းတရားမည်၏။ မာမှု - ပျော့မှု ဟူသော ပထဝီကား အကျိုးတရားမည်၏။

**ပစ္စုပ္ပန် သဘော**

ဤသို့အားဖြင့် ပထဝီဟူသော သဘောတရားကို ပစ္စုပ္ပန်နှင့် ဝေဘန် သုံး သပ် သော် ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်အား ရှေ့ရှုထင်သော အကျိုးတရားကိုသာ တွေ့ရှိရလေသည်၊ မာသည်-ပျော့သည် ဟူသော သဘောတရားကို မတွေ့ရပေ၊ သို့ရာတွင် ဝိညာဏ်နယ်ခေါ် အစွဲလောကကြီးတွင် ခေါ်ဝေါ်အသုံးပြုလို၍သာ မာသဘော ပျော့သဘောဟု ဝိညာဏ်က မှတ်တမ်းတင်ထား၍လသည်၊ ထို ဝိညာဏ်၏ မှတ်တမ်းတင်ထားခြင်းကို လက္ခဏာ သမားများက

သာ ထောက်ခံ၍ အမျိုးမျိုး ၀ါဒ ဖြန့်နေကြ သော ကြောင့် မောင်မာနှင့် မောင်ပျော့ကို အဟုတ်ရှိ အမှန်ရှိ တကယ်ရှိထင် မှတ်နေကြလေသည်။

ပညာနှင့် သဘောတရားကို ခွဲခြမ်း စိတ်ဖြာ ကြည့်ရှုသော အခါ မာမှု-ပျော့မှု ပျောက်သုဉ်း၍ နောက်ဆုံးတွင် ယောဂီ ပုဂ္ဂိုလ်တို့၏ ဉာဏ်ဝ၌ ရှေ့ရှုထင်သော သဘောတရား အခြင်း အရာမျှသာ ဖြစ်လေသည်၊ တစုံတခု အမည်နာမ အားဖြင့် ပြောပြစရာ ဘာဘဲဟူ၍ မခေါ်ဝေါ်နိုင်ပေ။

**ပဒဋ္ဌာန် သဘော**

ပဒဋ္ဌာန် ဆိုသည် မှာကား (အာသန္နကာရဏံ ပဒဋ္ဌာနံနာမ) ဟူ၍ အဋ္ဌကထာ အရှင်မြတ်တို့ မိန့်ဆို တော် မူ သော ကြောင့် နီးစွာသော အကြောင်းတရားသည် ပဒဋ္ဌာန်မည်၏၊နီးစွာသော အကြောင်း တရား ဆိုသည်မှာလည်း၊ ဓာတ်ကြီး၄-ပါးတို့သည် အချင်းချင်း တဦးနှင့်တဦး ကျေးဇူးအထူးပြုနေကြသော သဘောတရားများ ဖြစ်၍ မာမှု-ပျော့မှုသည် တေဇော-၀ါယော-အာပေါဟူသော ၃-ပါးသော ဓာတ်ကြီးတို့၏ ထောက်ပံ့မှုကြောင့် ဖြစ်ပေါ်လာ သော သဘောတရားဖြစ်၍ ဓာတ် ၃-ပါးသည် နီးစွာသော အကြောင်းတရားဟု ခေါ်သည်။

ဤသို့ အားဖြင့် မာမှု-ပျော့မှု ပထ၀ီသည် ၀ိညာဏ်သိ လောကတွင် ပျော့-မာသည်ဟု ဆိုနိုင်သော်လည်း ၃-ပါးသော ဓာတ်ကြီးတို့၏ ထောက်ပံ့မှု အရှိန်အစော်ပင်ဖြစ်သည်၊ ၃-ပါး

သော ခေါတ်ကြီးတို့ မထောက်ခံသော် အဘယ်မှာလျှင် ပျော့-မာနိုင်ပါမည်နည်း၊ ဋ္ဌာန် ၄—ချက်နှင့် ဝေဘန် မကြည့်သော ပုဂ္ဂိုလ်တို့သည်သာလျှင် သူ့ကိုယ်တိုင်လက်မှထောင်၍ မာနိုင် ပျော့နိုင်သည်ဟု မှတ်ထင်ကြပေလိမ့်မည်၊ ဋ္ဌာန် ၄-ပါးနှင့် ဝေဘန်ကြည့်သောအခါ ၃-ပါးသော ခေါတ်ကြီးတို့၏အရှိန်အစော်ကိုသာ တွေ့ရသဖြင့် အဘယ်မှာလျှင် အနှစ်အသား အနေနှင့် သိမ်းပိုက်နိုင်ပါမည်နည်း၊ခေါတ်ကြီး ၃-ပါးတို့ကို အစဉ်အားကိုးနေရသောကြောင့် အနှစ်အသားမရှိ၊ မာခြင်း-ပျော့ခြင်းမျိုးဟူ၍မှတ်၊ ၎င်းမာခြင်း-ပျော့ခြင်းမျိုးကို အနတ္တဟု မှည့်ခေါ်နိုင်လေသည်။

ဝိပဿနာ တရားလုပ်ငန်း ဆိုသည်မှာ ဒေသနာ နည်းကို အားကိုးတခုပြုလုပ်နေ၍ ဖြစ်နိုင်သော လုပ်ငန်းမျိုးမဟုတ်ချေ၊ တခုသော သဘာဝဓမ္မကိုပင် (ကောဓမ္မော) ဆိုက်အောင် ကိုယ်ပိုင်ဉာဏ်စွမ်းရှိသလောက် အစွမ်းကုန် အားကုန် မွေနှောက် ဆင်ခြင် အားထုတ်ရသော လုပ်ငန်းမျိုးဖြစ်ချေ၏။

ဥပမာ.... ပထဝီ ခေါတ်တပါးကိုပင် အဘန်ဘန် အထပ်ထပ် ဉာဏ်ကုန်နိုက်၍ အနတ္တခေါတ်ကို တွေ့အောင်ဆင်ခြင် အားထုတ်ခြင်းပင်ဖြစ်သည်၊ အကာထူထပ်သော သစ်တုံးကြီး တခုကို ဒါးမကြီးတခုဖြင့် အဘန်ဘန် ရွေသည်ရှိသော် အကာကုန်၍ အနှစ်ကိုတွေ့ဘိသကဲ့သို့ ပထဝီ ခေါတ်တပါး ကိုလည်း ဝိပဿနာ ဉာဏ်ဒါးနှင့် လွှာသည်ရှိသော် အတွဲကွာ၍ အနတ္တကိုဆိုက်တွေ့ပေလိမ့်မည်။

ဇင်းအနတ္တဉာဏ် အစစ်အမှန်သို့ ဆိုက်ရောက် ခြင်း ကိုပင် သောတာပတ္တိမဂ်ဟု ခေါ်သည်၊ သောတာပတ္တိမဂ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား သောတာပန်ဟူ၍ ခေါ်ကြသည်။

## သောတာပန်နှင့် အနတ္တတရား

ထို့ကြောင့် သောတာပန် ပုဂ္ဂိုလ်ဟု ခေါ်ဆိုနေကြသော ဒိဂရိသည် ဒိဋ္ဌိအစွဲပြုတ်သော (၀၁) အနတ္တဉာဏ် ဆိုက်သောသဘော တရားကို အစွဲပြု၍ သောတာပန်ဟု ခေါ် ဆိုရင်း ဖြစ်သည်။

အတ္တ·အနတ္တ လုပ်ငန်းစဉ် စခန်းမှာလည်း ဤယခုဖော်ပြ သော စခန်းကစ၍ ပြုလုပ်ရသော အလုပ်စခန်း ဖြစ်ပေသည်၊ ဤစခန်းကို ကြေပွန် နားလည်မှ သာလျှင် အထက်စခန်းမှာ အလွယ်တကူ လှမ်းကိုင် နိုင်ပေသည်။

အတ္တဆိုသည်မှာ ပါဠိအခေါ်ဖြစ်သည်၊ မြန်မာလိုပြန်လျှင် အစွဲဟု ပြန်ရမည်၊ အနတ္တ ဆိုသည် မှာကား အစွဲ မရှိခြင်းကို ဆိုလိုသည်၊ အစွဲမရှိရန်မှာသည်း စွဲစရာမရှိမှသာ ဖြစ်နိုင်လေသည်၊ ပထဝီဓာတ်ရှိလျှင် ၎င်းကိုစွဲသော အစွဲလည်းရှိပေလိမ့်မည်။

ထို့ကြောင့် အစွဲမရှိဟု သာမန်မဝေဘန်ကြဘဲ စွဲစရာဖြစ်သော ပထဝီကိုသာ အတ္တ ပျောက်သဥ်းအောင် အကြိမ်ကြိမ် မွှေနှောက် ဆင်ခြင်ရမည်၊ ဆင်ခြင်သည့် အတိုင်း ပထဝီအတ္တ ပျောက်သဥ်းပါလျှင် အနတ္တဉာဏ်ပေါက်ပြီဟု ဆိုနိုင်လေသည်။

လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် တို့ကား ပထဝီဓာတ် တပါး၌ အတ္တပျောက်သည်းအောင် ခွဲစိတ်ဝေဘန်သော လုပ်ထုံးနည်း သဘောတရား၄ -ချက်တို့ ဖြစ်ပေသည်။

သဘောကြီး ၄ - ချက်နှင့် ဝေဘန်နည်းကို မပြသေးမီ အနတ္တသဘောကို အသိဉာဏ်ပေါ်အောင် ရှင်းလင်း ထုတ်ဖော်၍ ပြဦးမည်၊ အနတ္တ ဆိုသည် မှာကား အစွဲမရှိခြင်း သဘောကိုဆိုသည်၊ အစွဲမရှိ ဆိုသည်မှာလည်း စွဲစရာ ထိုထို ဤဤ ဘာတခုမျှ ပြစရာမရှိသောကြောင့် အစွဲမရှိဟု ဆိုရခြင်း ဖြစ်သည်။

စွဲစရာမရှိပုံမှာ... သဘာဝ အနတ္တဖြင့် ဖြစ်ရှိ နေသော သဘောတရားတခုခုကို မမြင်ဘဲ ပင်ကိုယ် သဘောတရား သတ္တိဖြင့် ဖြစ်နိုင်သည် လုပ်နိုင်သည်ဟုထင်မြင်ယူဆနေခြင်းကို အစွဲဟု ခေါ်သည်။

စင်စစ်မှာကား.... ပရမတ္ထ သဘောတရားတို့ မည်သည်မှာ မိမိသဘောတရား တခုတည်းအလိုဖြင့်ဖြစ်နိုင်လုပ်နိုင်ခြင်းမရှိပေ၊ ပထဝီဆိုသည်မှာ ပျော့-မာခြင်း သဘောရှိသည်ဟုဆို၏၊ ထို ပျော့-မာခြင်း သဘောကား မိမိတဦးထည်းအလိုဖြင့် ပျော့-မာနိုင်ခဲ့သော် ၎င်းကို အနတ္တ မခေါ်နိုင်၊ အတ္တဟု ခေါ်ဆိုရ ပေမည်။

**ရွှေနငွေခင်းကြောင့် ပါးပြောင်သည်**

ပထဝီ ခေတ်၏ သဘောကို ပျော့-မာ သည်ဟု ဆိုရာ ထို ပျော့-မာမှုကို တဖန် စစ် ဆေး ရမည်၊ ဘယ် လို စစ် ဆေး ရမည်နည်း မောင်မာနှင့်မောင်ပျော့ မင်းတို့က ပျော့-မာသည် ဟုဆိုကြရာ မိမိတို့၏ တခုတည်းဖြင့် ပျော့ မာ နိုင်ရဲ့လားဟု စစ်ဆေးပါ၊ ထိုအခါကိုမာနှင့် ကိုပျော့တို့က မပျော့ မာနိုင် ကြောင်း ဖြေဆိုရမည်၊ အဘယ့်ကြောင့် ဆိုသော် ပထဝီ၏ ပျော့-မာမှုကို စေဘန်ကြည့်သောအခါ ၎င်းခေတ်ဘပါးတည်း ဖြင့် ပျော့ မာ နေသည်မဟုတ်ပေ၊ အာပေါ့ တေဇော့ ဝါယော ဟူသော ၃ ပါးသောခေတ်တို့၏ပေါင်းဆုံ ထောက်ပံ့မှုသဘော ကြောင့် ပျော့-မာကြောင်း သိရလေသည်။

၎င်းခေတ် ၃-ပါးမရှိခဲ့သော်၊ (ဝါ) မထောက်ပံ့ခဲ့သော် အဘယ်မှာလျှင် ပျော့-မာ နိုင်ပါ မည်နည်း၊ "ရွှေနားငွေခင်း ကြောင့် ပါးပြောင်သည်"ဟူသော ဥပမာကဲ့သို့ ခေတ်၃-ပါး တို့၏ အရှိန်စော်ကြောင့် ပျော့-မာ သည်ဟု လက်မထောင်နေ ခြင်းသည် ခေတ် ၃-ပါးတို့တွင် တပါးပါးကို နှုတ်ထားလိုက် ပါက အဘယ်မှာ ပျော့ မာ နိုင်တော့မည်နည်း။

ထို့ကြောင့် ပထဝီကို ပျော့မာသည်ဟု ဆိုသော်လည်းမိမိ၏ ပင်ကိုယ်သဘော သက်သက် တခုတည်းဖြင့် မပျော့နိုင် မမာနိုင် သောကြောင့် ၎င်းပထဝီကို အနတ္တ ခေတ်ကောင်ဟုခေါ်ရမည်၊ ၎င်းအနတ္တ ခေတ်ကောင်ကို အထင်ကြီး ထင်မှတ်၍ စွဲယူစရာ

မလိုတော့ပြီ၊ စွဲယူနေပါလျှင် အချည်းနှီးသော စွဲယူနေခြင်းဟု ခေါ်ဆိုရပေမည်၊ ဤသို့အားဖြင့် စွဲယူစရာမရှိခြင်းသည် စွဲစရာ ကိုပင် မရှိသောသဘောကြောင့်သာ ဖြစ်ပေသည်။

ဤသို့ ညဏ်အမြင် စင်ကြယ်၍ ယူနိုင်ခြင်းကို ဒိဋ္ဌိဝိသုဒ္ဓိဟု ခေါ်သည်၊ ညဏ်အမြင် မရှိလျှင်ကား ပထဝီကို တကယ့် သဘောကြီး ထင်မှတ်၍ နေကြပေလိမ့်မည်။

ထို့ကြောင့် အစွဲမရှိ ဆိုသော စကားသည် စွဲစရာမရှိသော ကြောင့်သာ ဆိုသော စကားဖြစ်၏၊ စွဲစရာမရှိပုံကို ပင်ကိုယ် သဘော တဦးတည်းသဘော မရှိခြင်းကို နားလည်ရန် အထပ် ထပ် ဝေဘန်ဆင်ခြင်ရမည်၊ လက္ခဏာ,ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် တို့အား ဆင်ခြင်ရန်ကိုပြသော လုပ်ထုံးနည်းတို့ မည်ကုန်၏။

ဤသို့ အထပ်ထပ် ဝေဘန်သည်ရှိသော် ယောဂီပုဂ္ဂိုလ်တို့၏ အသိညဏ်၌ အစွဲဖြစ်သော သဘောတရားနှင့် အစွဲလွတ်သော သဘောတရား ၂-ခုတို့ ထွက်ပေါ်ကွန့်မြူးလာလိမ့်မည်။

ထွက်ပေါ်ကွန့်မြူးပုံမှာ အစွဲလောကခေါ် သခ်ဲတနယ်ကြီး နှင့် အစွဲလွတ်သော အသခ်ဲတနယ်ကြီးကို ညဏ်ဝမှာ ထင်မြင် လာလိမ့်မည်၊ မြတ်စွာဘုရားသည် ဝိပဿနာတရား လုပ်ငန်းစဉ် ကို ဖွင့်ပြရာ အောက်ပါအတိုင်း ဖွင့်ပြတော်မူသည်။

(၁) ဝိညာဏ်နယ်ခေါ် သင်္ခါတမွေ။
(၂) ပညာနယ်ခေါ် အသင်္ခါတမွေ။

ဤသို့အားဖြင့် ၂-မျိုးရှိရာ ဝိညာဏ် ၆-ပါးတို့ဖြင့် စွဲယူသိမှတ်နေကြသော အသိမျိုးဟူသမျှသည် ဝိညာဏ်နယ်ခေါ် သင်္ခါတမွေတို့ မည်ကုန်၏။

မည်ပုံမှာ.... ပထဝီဓာတ်သည် ပျော့၏, မာ၏ဟူ၍ငင်း၊ အာပေါဓာတ်သည် ဖွဲ့စည်း၏,ယိုစီး၏ဟူ၍ငင်း၊ ဝါယောဓာတ်သည် တွန်းကန်ထောက်ပံ့၏ဟူ၍ငင်း၊ တေဇောဓာတ်သည် ပူ၏ အေး၏ဟူ၍ငင်း သိမှတ်နေကြသော အသိမျိုးတို့သည်သညာသိ၊ ဝိညာဏ်သိ နှစ်ပါးတို့မည်ကုန်၏။

ထို အသိနှစ်ပါး တို့သည် ဝိညာဏ်သိ လောကကြီးကို အစဉ်ထောက်ခံနေကြသော အသိမျိုးတို့ ဖြစ်၍ အစွဲလောကခေါ် သင်္ခါတမွေကြီး ထွက်ပေါ်လာနိုင်လေသည်။

ထိုလောကကြီး ထွက်ပေါ်နေကြသော ယောဂီပုဂ္ဂိုလ်တို့အား အဘယ်မှာလျှင် အစွဲချုပ်ငြိမ်း ပါမည် နည်း။ အစွဲအမျိုးမျိုးတို့သာ ပေါက်ဖွားလျက် ဝိညာဏ်တရား လှည့်ပတ်ချင်သလို လှည့်ပတ်၍ ဒုက္ခသစ္စာ နယ်ကြီး ကျယ်ပြန့် မည်မှာ အမှန်ဖြစ်သည်၊ ကျယ်ပြန့်ခြင်း ဆိုသည်မှာလည်း ပထဝီဓာတ်ခေါ် ဒုက္ခသစ္စာကို ဝိညာဏ်တရားက အမျိုးမျိုးဆွဲဆောင်နိုင်သောကြောင့် ကျယ်ပြန့်ရခြင်း ဖြစ်ပေသည်။

## ပညာနယ်လောက ပေါ်ထွက်ပုံ

(၂) ပညာနယ်ခေါ် အသင်္ခတခေတ် ဆိုသည်မှာ ဝိညာဏ် အသိဖြင့် စေဘန်ထားသော မာမှု၊ ပျော့မှု သဘောတရားတို့ကို ပင် အနတ္တဉာဏ်ဆိုက်အောင် လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် တို့ဖြင့် ပိုင်းခြား စေ ဘန် သည် ရှိသော် ယောဂီ ပုဂ္ဂိုလ် တို့၏ အသိဉာဏ်၌ ထင်မြင်ပေါ်လာအောင် ပညာသိ အနတ္တ မမှခေါ် မာမှု၊ ပျော့မှု သဘောတရားသက်သက်ကို ဆိုလိုသည်။

ထို သဘောတရားမျိုး သည်ကား ဝိညာဏ်သိ လောကမှ လွတ်မြောက်၍ ထွက် ပေါ် လာ သော ပရမတ် ဆတ်ဆတ် သဘောတရားဖြစ်သောကြောင့် အားထုတ်သော ယောဂီပုဂ္ဂိုလ် တို့ သည်သာလျှင် လက်တွေ့ သိနိုင်လေသည်၊ ဒေသနာနည်း အနေနှင့် စေဘန်လျှင် ပညာသိခေါ် ပထဝီကိုသာ တွေ့ရပေ လိမ့်မည်။

ထို့ကြောင့် လုပ်ထုံးနည်းနှင့် လျော်ညီအောင် ၂-မျိုး ခွဲခြားမှတ်ရမည်၊ (၁) ဝိညာဏ်သိပထဝီ၊ (၂)ပညာသိပထဝီ၊ ဤသို့အားဖြင့်လည်း ၂-မျိုးခွဲခြားနိုင်လေသည်။

'ဝိညာဏ်သိ ပထဝီ' ဆိုသည်မှာ ကာယဝိညာဏ်၊ မနော ဝိညာဏ် ၂-ပါးတို့က ထောက်ခံကြသဖြင့် မာ၏၊ ပျော့၏ဟု သိကြသော ပထဝီမျိုးကို ဆိုလိုသည်။

ထို ပထဝီမျိုးကား သညာစွဲ ဝိညာဏ်စွဲ ၂-ပါးမှ မလွတ်မြောက်သောကြောင့် အတ္တဒိဋ္ဌိခေါ် အစွဲ ပထဝီ ဖြစ်ချေ၏၊ ထိုအစွဲပထဝီကို သိရုံနှင့် ဝိပဿနာလုပ်ငန်းစဉ် ဆိုက်ပြီဟု ယူဆနေလျှင်တရားအရသာကို တွေ့နိုင်မည်မဟုတ်ပေ၊ တရားအရသာဆိုသည်မှာလည်း ထိုအစွဲ ပထဝီကို လွန်မြောက်၍ ပညာပထဝီစခန်းသို့ ဆိုက်ရောက်အောင် ဉာဏ်ကုန် နိုက်နိုင်မှ သာလျှင်တရားစစ် တရားမှန်ကို တွေ့သည်ဟုမှတ်။

'ပညာသိ ပထဝီဆိုသည်မှာ' ဝိညာဏ်နယ် လောကကြီးတွင်ပေါ်ထွက်နေကြသော မာမှု - ပျော့မှု - ပူမှု - အေးမှု စသောသဘောတရားကြီးတို့ကို လက်တွေ့ဉာဏ်တွေ့ သဘောတွေ့ခေါ်ဉာဏ် ၄-ပါးနှင့် ပိုင်းခြား ဝေဘန် ခွဲစိတ်သဖြင့် ယောဂီပုဂ္ဂိုလ်တို့၏ အသိဉာဏ်၌ ပေါ်ထွက်လာသော ပညာသိ အနတ္တမှုခေါ် သဘောတရား သက်သက်ကို ပညာသိ ပထဝီဟု ခေါ်သည်၊ ထိုပထဝီမျိုးကား အလိုလို ပေါ်ထွက်လာသည် မဟုတ်ပေ၊ ဝိညာဏ်သိ ပထဝီမှ အသီးထုတ်၍ ရအပ်သောပထဝီမျိုး ဖြစ်ချေ၏၊ ထိုပထဝီမျိုးမှသာလျှင် အတ္တဒိဋ္ဌိ ကွာ၍အနတ္တဉာဏ် ဆိုက်နိုင်သည်ဟုမှတ်။

ထို့ကြောင့် ဝိပဿနာတရားပြ ပုဂ္ဂိုလ်ကြီးများကဝိပဿနာယောဂီပုဂ္ဂိုလ်တို့အား "သဘာဝကို မိအောင်ကြံ-သဘာဝကိုပြာချ"ဟူ၍ မိန့်တော်မူလေသည်၊ လုပ်ထုံးနည်းနှင့် ဝေဘန်သော် သဘာဝကို မိအောင်ကြံ ဆိုသည်မှာ ယခုဖော်ပြခဲ့သည့်ပညာသိပထဝီကိုပင် မိမိ၏အသိဉာဏ်၌ ထင်မြင်အောင် အား

ထုတ်နိုင်မှသာလျှင် သဘာဝကိုမြင်ပြီဟု ဆိုလိုသည်၊ သညာသိ၊ ဝိညာဏ်သိ ပထဝီမှာကား အစွဲသိပထဝီဖြစ်၍ ပရမတ်ဆတ်ဆတ် သဘာဝသို့ မဆိုက်သေးဟု မှတ်ရမည်။

"သဘာဝကိုပြာချ"ဆိုသည်မှာ ထိုလက္ခဏ၊ ရသ၊ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်၊ ခေါ် ဌာန်လေးပါးတို့ဖြင့် ပိုင်းခြားဝေဘန်၍ ယောဂီ ပုဂ္ဂိုလ်တို့၏ အသိဉာဏ်၌ ပေါ်ထွက်လာသော အနတ္တခေတ် ဆတ်ဆတ်သော သဘောတရားကိုပင် အနိစ္စ - ဒုက္ခ - အနတ္တ- အသုဘစသည်ဖြင့် ဆင်ခြင်ပွားများ ခြင်းကို ပြာချသည်ဟု ဆိုလိုသည်၊ ဤ၌လည်း အနိစ္စအစစ် ဒုက္ခအစစ် အနတ္တအစစ်သို့ တိုင် ရောက်မှသာလျှင် ပြာကျနိုင်လေသည်၊ ပြာကျမှသာလျှင် သုညတခေတ် ဆိုက်ရောက်၍ မဂ်ဉာဏ်ကို တွေ့ရမည်။

ယခုဖော်ပြအပ်သော လုပ်ငန်းစဉ်ကား ဝိပဿနာ၏အခြေ ခံအုဋ္ဌမြစ်ဖြစ်သော ဉာဏ်စဉ်မျှသာဖြစ်သေးသည်၊ ဤဉာဏ်စဉ်၏ လုပ်ငန်းမှန်ကန်မှသာလျှင် အထက်ဖြစ်သော ဝိပဿနာဉာဏ်သို့ လှမ်းကိုင်နိုင်ပေမည်။

ထို့ကြောင့် ဌာန် ၄-ချက် လုပ်ငန်းစဉ်ကို လက်တွေ့ သဘောတွေ့ ဖြစ်အောင် ပညာ ရှိကြီး များထံ ချဉ်းကပ်၍ အထပ်ထပ် မီးပွတ်ခယာကျားကဲ့သို့ ပွတ်တိုက်တော် မူကြရန် အထူး တိုက်တွန်းလိုက်ရပေ၏။

သို့ရာတွင် မီးပွတ်သမားသည် မီးထွက်ရန် အတွက် အား ကုန် တိုက်သော်လည်း မီးထွက်မှလာလျှင် အကျိုးခံစားရသလို ဥာန် ၄-ချက်နှင့် အကြိမ်ကြိမ် ဝေဘန်ပိုင်းခြား သော်လည်း ပညာသိ သဘာဝဆိုက်မှ အကျိုးခံစားရမည်။

**ပညာရှိထံ နည်းခံပါ**

ဝိပဿနာ လုပ်ငန်းဆိုသည်မှာ တမဂ် တဖိုလ်နှင့် ရင်ဆိုင်တွေ့ရသော လုပ်ငန်းစဉ်မျိုးဖြစ်၍ ဆံချည် တလွှာခန့်မျှ လွဲမှား၍ မဖြစ်နိုင်ချေ။

တရားလွဲလျှင် မည်သည့် ကံတရားမှမကယ်ဆယ်နိုင်၊ အပါယ် လမ်းနှင့် တိုက်ရိုက် ဆက်သွယ်နေသောကြောင့် တရားအလုပ် ကို ပေါ့ပေါ့အားထုတ်လို့ မဖြစ်နိုင်ရာ။

ထို့ကြောင့် မြတ်စွာဘုရားကိုယ်တော်တိုင်က သောတာပန် ဖြစ်လိုသော ပုဂ္ဂိုလ်တို့အား အင်္ဂါ ၄-ပါးထားခဲ့ရာတွင် ရှေး ဦးစွာ ပညာရှိ သူတော်ကောင်းကို ဆည်းကပ်ရမည်ဟု မိန့်ဆို ချက်အရ ပညာရှိ စစ်စစ်ထံ နည်းခံမှ သာလျှင် ဖြစ် သော ကြောင့် အင်္ဂါ ၄-ပါးတွင် တပါးအဖြစ် ထည့် သွင်း ထားခဲ့ သည်ဟုမှတ်။

ပညာရှိထံနည်းမခံဘဲ ဖြစ်နိုင်သော တရားမျိုးကား ၂၉- ပါးသော ကံတရားတို့၏ အလုပ်မျိုးသာဖြစ်ပေသည်။

ပညာရှိအရ ဝေဘန်ရာ၌လည်း ယခုခေတ် တရား အား ထုတ်သူတို့က မညာရှိသူတော်ကောင်းအရ ရုပ်ပေါ်-နာမ်ပေါ် ပရမတ်ပေါ်၌ ဝိပဿနာအမြင်စူးယှဲသော သူတော်ကောင်းကို မယူကြဘဲ အစား သူတော်ကောင်း အဝတ် သူတော်ကောင်း တို့ကို ပကတိ မျက်စိဖြင့် ကြည့်ရှု ပြီးလျှင် သူတော် ကောင်း သင်မှတ်ပြီး ဆည်းကပ်နေကြလေသည်။

ဘုရား အလိုတော်ကျ ဆိုလိုရင်း မှာကား မျက်စိ အမြင် သူတော်ကောင်း တို့ကို မလိုက်ကြဘဲ အသိဉာဏ် စင်ကြယ်၍ အနုတ္တဉာဏ် ပေါက်နေကြသော သူတော်ကောင်း တို့ကိုသာ ဆိုလိုရင်း ဖြစ်ချေ၏။

ထို့ကြောင့် ဝိပဿနာတရားအရသာကို အမြန်တွေ့လိုကြမူ လောကီဂုဏ် မျက်စိကို မတပ်ဆင်ကြဘဲ အသိဉာဏ် မျက်စိကို တပ်ဆင်တော် မူကြရာသည်။

“ခဇ္ဇုတ္တရာ,ကျွန်မ”နှင့် သာမာဝတီတို့၏ထုံးကို နှလုံးပိုက်၍ ဝိဇ္ဇာမိုရ်-သာသနာပြုပွဲသို့ နွှဲနိုင်အောင် အားထုတ်ကြဆောင် တော်မူနိုင်ကြပါရန် အထူးတိုက်တွန်းပါသည်။

ထဝထ

# နာမရူပ-ပရိစ္ဆေဒဉာဏ်နှင့် ဒိဋ္ဌိဝိသုဒ္ဓိ

နာမရူပ-ပရိစ္ဆေဒဉာဏ်ဖြင့် ရုပ်နာမ်တရား တို့ကို လက်တွေ့ သိမ်းဆည်းနိုင်သော အာရဒ္ဓ ယောဂီပုဂ္ဂိုလ်တို့၏ နှလုံးအိမ်၌ ပရမတ်ရုပ်စစ်နာမ်စစ် သဘောတရားအစစ် အမှန်တို့ ထွက်ပေါ်ကွန့်မြူးနေပုံမှာ ရုပ်တရား နာမ်တရား ၂-ပါးတို့ကို ဌာန်၄-ချက်နှင့် အကြိမ်ကြိမ် ဝေဘန် သိမ်းဆည်း ဆင်ခြင်သည် ရှိသော် ယောဂီပုဂ္ဂိုလ်တို့၏ နှလုံးအိမ်၌ ပညတ်စွဲ ရုပ်နာမ်နှင့် ပရမတ်သဘော ရုပ်နာမ် ၂-ပါးတို့ ကွဲပြား ခြားနားလျက် အသိဉာဏ် အပိုင်ရနိုင်လေသည်။

'ရနိုင်ပုံမှာ' ယခုအခါသူငါကစပြော ယူဆနေကြသော "မသိလျှင်ရုပ်-သိလျှင်နာမ်" ဟူသော ရုပ်သဘော နာမ်သဘောတို့သည်၎င်း၊ မာမှု-ပျော့မှု-ပူမှု-အေးမှု စသော ရုပ်သဘောတို့သည်၎င်း၊ အာရုံအမျိုးမျိုးသို့ သိခြင်းသဘောတရားတို့သည်၎င်း ပညတ်စွဲ ရုပ်နာမ်တို့မည်ကုန်၏။

ပညတ်စွဲ ရုပ်-နာမ်တို့ကို ပရမတ်စစ် ဓာတ်စစ် ရုပ်စစ် နာမ်စစ် ထင်မြင် ယူဆနေကြပါက အဘယ်မှာလျှင် နာမရူပ ပရိစ္ဆေဒဉာဏ်ကို အပိုင်ရပြီ သိပြီဟု ဝန်ခံနိုင်ကြ ပါမည်နည်း၊ ဤဉာဏ်ကိုပိုင်လျှင် မိမိတို့၏ နှစ်လုံးအိမ်၌ မျိုနိုင်အောင် ပညတ်စင်၍ ပရမတ်မြင် ရုပ်နာမ် သဘော တို့ကို အပိုင်ရရှိအောင် အထူးအားထုတ်ရမည်။

ယခုအခါ ယောဂီ ပုဂ္ဂိုလ်တို့မှာ ပညတ်စွဲ ရုပ်သဘော နာမ်သဘောလောက်နှင့်သာ တင်းတိမ်၍ ဤနာမရူပပရိစ္ဆေဒ ဉာဏ်စခန်းကို သိမ်းဆည်းနေကြလေသည်။

"နာမရူပ ပရိစ္ဆေဒ"ဟု ခေါ်ဝေါ်ခြင်း သဒ္ဒါ၏ အနက် သဘောကို ဝေဘန်လျှင် နာမ်တရား-ရုပ်တရား ၂-ပါးတို့ကို ပညတ်စွဲသဘောမှလွတ်မြောက်၍ ပရမတ် ဆတ်ဆတ် သဘော တရားကို ပိုင်းခြားဝေဘန် သိမ်းဆည်းနိုင်ခြင်းကို ဆိုလိုသည်။

ထို့ကြောင့် ပညတ်စွဲ ရုပ်–နာမ်နှင့် ပရမတ် သဘော ရုပ်-နာမ်နေပုံတို့ကို ၄-မျိုးခွဲခြားရမည်။

ခွဲခြားပုံမှာ လက္ခဏာ-ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ဟူသော ဌာန်၄-ချက်နှင့် ဝေဘန် သိမ်းဆည်း ခဲ့သည့်အတိုင်း ရုပ်တရား နာမ်တရားတို့ကိုလည်း ၄-မျိုးခွဲခြားနိုင်စေရမည်။

(၁) လက္ခဏာ-ရုပ်နာမ်၊
(၂) ရသ-ရုပ်နာမ်၊
(၃) ပစ္စုပဋ္ဌာန်-ရုပ်နာမ်၊
(၄) ပဒဋ္ဌာန်-ရုပ်နာမ်။

ဤသို့အားဖြင့် ၄-မျိုးခွဲခြားနိုင်စေရမည်။

**လက္ခဏာ ရုပ်နာမ်**

လက္ခဏာ ရုပ်နာမ် ဆိုသည်မှာ သညာစွဲ ရုပ်နာမ်ကို ဆိုလို၏၊ သညာစွဲ ရုပ်နာမ်၏ သဘောကို ဝေဘန် လျှင် ယခုအခါ သူငါကစ ဟောပြောယူဆ နေကြ

သော "မသိလျှင်ရုပ်-သိလျှင် နာမ်" ဟူသောပညတ်စွဲရုပ်သဘော နာမ်သဘောတို့နှင့် ပူမှု၊အေးမှု၊ မာမှု၊ ပျော့မှု ဟူသော လက္ခဏာစွဲ ရုပ်သဘော နာမ်သဘောတို့သည် သညာရှေ့သွားဖြစ်၍ စွဲယူသော ရုပ်နာမ်တို့ ဖြစ်သောကြောင့် ပညတ် ရုပ်နာမ်တို့ မည်ကုန်၏။

ရသ ရုပ်နာမ်

ရသရုပ်နာမ်ဆိုသည်မှာ ဝိညာဏ်စွဲ ရုပ်နာမ်ကိုဆိုလို၏ ဝိညာဏ်စွဲအရ ဝေဘန်ပြန်လျှင် (၁)ပဉ္စဝိညာဏ်ခေါ် စက္ခုဝိညာဏ်၊ သောတဝိညာဏ် ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ကာယဝိညာဏ် ၅-ပါးတို့၏စွဲယူခြင်း၊ (၂)မနောဝိညာဏ်၏ စွဲယူခြင်း အားဖြင့် ၂-ပါးရှိရာ ရသ-ရုပ်နာမ် အရ ပဉ္စဝိညာဏ်တို့၏ စွဲယူသော ရုပ် သဘော နာမ် သဘောကို ကောက်ယူရမည်။

ထို ရသ ရုပ်နာမ် သည်လည်း ပရမတ်ဆတ်ဆတ် ရုပ် နာမ် မဟုတ်သေးပေ၊ ပညတ်စွဲ ရုပ်နာမ်ပင် ဖြစ်သေး၏၊ သို့ရာတွင် သညာစွဲခေါ် လက္ခဏာ ရုပ် နာမ် လောက်ကား မကြမ်းထမ်းလှပေ၊ သိမ်မွေ့သော ပညတ်ရုပ်နာမ်ဟူ၍မှတ်။

ထင်ရှားစွာ စွဲချက် တင် လိုလျှင် ပညတ် ရုပ်သဘောကို သညာစွဲလက္ခဏာဟူ၍ ဝေဘန်နိုင်သည်။

ပညတ်နာမ် သဘောကို ဝိညာဏ်စွဲ ရသဟူ၍ ဝေဘန်နိုင်လေသည်၊ လက္ခဏာ ရသ ၂-ပါးကို ကြောင်းကျိုး ဝေဘန်ရာ၌ လက္ခဏာကား ပညတ်ရုပ် သဘောဖြစ်၍ အကျိုးတရား အရာ၌

သိမ်းဆည်း နိုင်သည်၊ ရသကား ပညတ်နာမ် သဘော ဖြစ်၍ အကြောင်းတရားအရာ၌ သိမ်းဆည်းနိုင်သည်၊လိုရင်းအချုပ်မှာ အဝိဇ္ဇာနှင့် တဏှာသဘောတရား ၂-ပါးတို့ပင်ဖြစ်၏။

**ပစ္စုပ္ပန် ရုပ်နာမ်** ပစ္စုပ္ပန်ဆိုသည်မှာ မနောဝိညာဏ်စွဲ ရုပ်နာမ် တို့ကို ဆိုလို၏၊ မနောဝိညာဏ်စွဲအရ ဝေဘန်ပြန် လျှင် ဒိဋ္ဌိစွဲကြီးပင် ဖြစ်ပေသည်၊ ထို ဒိဋ္ဌိစွဲခေါ် ပစ္စုပ္ပန် ရုပ်နာမ်ကိုမြင်မှသာလျှင် ပရမတ်ဆတ်ဆတ် ရုပ်နာမ် သဘောကို တွေ့နိုင်မည်၊ ထိုပစ္စုပ္ပန် ရုပ်နာမ်ကို တွေ့မြင်ကြ ရသောယောဂီပုဂ္ဂိုလ်တို့မှာ(မသိလျှင်ရုပ်-သိလျှင်နာမ်)ဟူသော ပညတ်စွဲ ရုပ်နာမ်တို့ဆိတ်သုဉ်း၍ ပရမတ် ဓာတ်အစစ် ဖြစ်သည့် မနော ဝိညာဏ်ခေါ် ဒိဋ္ဌိစွဲ ရုပ်နာမ် တို့ကို နှလုံးအိမ်၌ သိမ်း ဆည် နိုင်လေပြီ။

ဤ၌ ပရမတ်ဆတ်ဆတ်ဟု ဆိုသော်လည်း ပညတ်စွဲသဘောမှ လွတ် မြောက် သော ဆတ်ဆတ်မျိုးသာ ဖြစ်သေး၏၊ မနော ဝိညာဏ်စွဲမှ မလွတ်သေး သော ကြောင့် တကယ့် ဆတ်ဆတ် မဟုတ်နိုင်သေးပေ၊ မနောဝိညာဏ်ခေါ် ဒိဋ္ဌိစွဲ ချုပ်ငြိမ်း၍ မဂ်ဝင်ဖိုလ်ဝင်နိုင်သော အနုတ္တရပရမတ်မျိုးမှသာလျှင်တကယ့် ဆတ်ဆတ်ဟူ၍ မှတ်ပါ။

ပစ္စုပ္ပန် ရုပ်နာမ် မှာကား ဝိပဿနာ အစ ဖြစ်သော သမ္မာသနညာဏ်သို့ တင်၍ ဆင်ခြင် သုံးသပ် ခြင်းငှာ ထိုက်သော ပရမတ်ဆတ်ဆတ်မျိုး ဖြစ်ချေသည်။

**ပဒဋ္ဌာန် ရုပ်နာမ်** ပဒဋ္ဌာန် ရုပ်နာမ် ဆိုသည်မှာ နာမ ရူပ ပရိစ္ဆေဒဉာဏ်၌ လိုရင်း ဖြစ်သော ပရမတ် ရုပ်သဘော နာမ်သဘောမှာကား မာသဘော ပူသဘောတို့သည် ပရမတ် ရုပ်နာမ်မဟုတ် ပညတ်သိရုပ် သဘောတို့သာ ဖြစ်သည်၊ ထိုမာသဘော ပူသဘောကို ဖြစ်စေတတ်သော အမူအရာခေါ် ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်အား ရှေ့ရှုထင်သည့် အခြင်းအရာမျှသာ ဖြစ်သော သဘောတရားကို ကောက်ယူနိုင်လေသည်၊ ထို အခြင်းအရာကို ထင်ရှားအောင် စွဲချက် တင်လိုလျှင် အကျိုး တရားအရာ၌ တင်နိုင်လေသည်၊ အကျိုးတရားသည်ကား ပရမတ် ရုပ်သဘောမည်၍ အကြောင်းတရားကား ပရမတ် နာမ်သဘော မည်၏။

ထို ပရမတ် နာမ်သဘောကို **ပဒဋ္ဌာန်ရုပ်နာမ်** ဟု ခေါ် သည်၊ ပဒဋ္ဌာန် ရုပ်နာမ်၌ **တဏှာနှင့် အဝိဇ္ဇာ** ၂-ပါးတို့ အခြေခံအုဋ်မြစ်ဖြစ်လေသည်။ ထို အခြေခံအုဋ်မြစ်ကို ဥဒယဗ္ဗယ ဝိပဿနာဉာဏ်၌ နှုတ်သိမ်းတော် မူလိမ့်မည်။

ဤသို့ အားဖြင့် ရုပ် နာမ် လေးမျိုး ရှိပုံကို ဤနာမရူပ ပရိစ္ဆေဒဉာဏ်တွင် ပရမတ် မျက်စိ ဓာတ် မျက်စိ ပေါက် ရန် ယောဂီပုဂ္ဂိုလ်တို့အတွက် အလွန်အရေးကြီးပေသည်။

ဤသဘောတရားတို့ကို စာဘတ်၍ မသက်ဝင်မသိမ်းဆည်း နိုင်ကြပါလျှင် သဘာဝဉာဏ် ပေါက်သော ပုဂ္ဂိုလ် တို့နှင့် ကိုယ်တိုင်တွေ့ကြုံ၍ အဘန်ဘန်ဆွေးနွေး ဆင်ချင် သုံးသပ်ပါက ပရမတ်မျက်စိ ဓာတ်မျက်စိ အလင်းပေါက်ပါလိမ့်မည်။

နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ဒိဋ္ဌိဝိသုဒ္ဓိ လုပ်ငန်းစဉ်ရှုပုံနည်း ပြီး၏၊

## ဝိပဿနာ ပုံစံအမှတ် (၃)





# ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိ

ပထဝီ ဓာတ်တပါး၌ အတ္တ-အနတ္တ ခွဲစိတ်ပုံကို ဒေသနာ နည်းအရ အခြေခံထား၍ လက်တွေ့နည်းဖြင့် ခွဲစိတ်ဝေဘန်ပြခဲ့ ပြီး၍ ဝိပဿနာယောဂီအပေါင်းတို့ သိရှိကြရပေပြီ။

ယခုအခါတွင် အလွှာအရ ဝေဘန်ပြန်လျှင် (၉) လွှာရှိ သည့်အနက် လုပ်ငန်းစဉ်မှာ နှစ်လွှာသို့ ဆိုက်ရောက်ခဲ့ပြီးဖြစ်၍ (၃)လွှာဖြစ်အောင် ခွဲစိတ်ပုံနည်းကို ဆက်လက်ဖော်ပြပေအံ့။

ဉာဏ်စဉ်နှင့် ဝေဘန်လျှင် နံပါတ်(၂)အလွှာ သည်ကား နာမရူပ-ပရိစ္ဆေဒဉာဏ်၏ လက်တွေ့လုပ်ထုံးနည်းမည်၏။ ယခုဖော်ပြမည့် နံပါတ် (၃) အလွှာသည်ကား **ပစ္စယ ပရိဂ္ဂဟဉာဏ်၏ လက်တွေ့လုပ်ထုံးနည်း**ဟု ခေါ်သည်။

ဝိသုဒ္ဓိ(၇)ပါးနှင့် ဝေဘန်ပြန်သော်နံပါတ်(၂)အလွှာသည် ဒိဋ္ဌိဝိသုဒ္ဓိ၏ လက်တွေ့လုပ်ထုံးနည်းမည်၏။ နံပါတ်(၃) အလွှာ မှာကား **ကင်္ခါဝိတရဏဝိသုဒ္ဓိ၏ လက်တွေ့လုပ်ထုံးနည်း** မည်၏။

ဤသို့အားဖြင့် ဒေသနာစဉ်သို့သွင်း၍ ဝေဘန်ပြရခြင်း သည် ပရိယတ်ပညာရှင်များအတွက် ဒေသနာနည်းနှင့် ကိုက် ညီနိုင်ကြစေရန် ရည်သန်၍ သိသာရုံအကျဉ်းမျှ သွင်းပြရခြင်း ဖြစ်ပေ၏။

**ဒေသနာ** နည်းကို နားမလည် ကြသော (ဝါ) စာပေ ကျမ်းဂန်ကို မတတ်မြောက်ကြသော ယောဂီပုဂ္ဂိုလ် တို့အတွက်

လက်တွေ့နည်းကို ဝေဘန်နိုင်ရန် နံပါတ်(၂) အလွှာကို ကိုက်ညှိ၍ ပြလိုက်ပါဦးမည်။

မြတ်စွာဘုရား၏ သာသနာတော်သည် ပရိယတ် ပဋိပတ် ပဋိဝေဓဟူ၍ (၃)မျိုးရှိ၏။ ထို (၃)မျိုးရှိသလို လုပ်ငန်းစဉ်ကိုလည်း (၃)မျိုးရအောင် ခွဲစိတ်ဝေဘန်ပိုင်းခြားနိုင်စေရမည်။

ခွဲစိတ်ဝေဘန်ပုံမှာ, ရှေးဦးစွာ နာမရူပ ပရိစ္ဆေဒဉာဏ်ခေါ် ဒိဋ္ဌိဝိသုဒ္ဓိ လုပ်ထုံးနည်း၌ ပျော့ခြင်းသဘော မာခြင်းသဘောတို့ကား သညာသိ ဝိညာဏ်သိ ၂-ပါးတို့ဖြင့် သိမှု ဖြစ်လေရကား ပရိယတ်သိမည်၏၊ သညာသိ-ဝိညာဏ်သိ ဆိုသည်မှာလည်း ရှေးဦးစွာ မာမှုသဘော ပျော့မှုသဘော တို့ကို အမှတ်ပြု၍ ကာယဝိညာဏ် မနောဝိညာဏ် တို့ဖြင့် သာလျှင် သိရှိနိုင်သော အရာဋ္ဌာနဖြစ်ပေ၏၊ သညာဝိညာဏ် မရှိလျှင်ကား အဘယ်မှာလျှင် သိမှုဖြစ်ပေါ်နိုင်ပါမည်နည်း၊ သို့ရာတွင် ထိုသိမှုမျိုးသည် တရားအားမထုတ်သော ပုဂ္ဂိုလ်တို့ပင်လျှင် သိနိုင်သောအသိမျိုးဖြစ်၍ ၎င်းအသိကို ပရိယတ်အသိဟု ခေါ်သည်။

ယခုအခါ အဘိဓမ္မာ ဒေသနာတော်ကို သင်အံလေ့ကျက်ကြသဖြင့် သိရှိနေကြသော မာမှု-ပျော့မှု ပူမှု-အေးမှု စသော ရုပ်တရားအသိ နာမ်တရားအသိ ခန္ဓာတရား အာယတနတရား ဓာတ်တရား သစ္စာတရား အသိတို့ သည်၎င်း၊ ဆေးကျမ်း ဓာတ်ကျမ်း ဗိန္ဓောကျမ်းတို့၌ ဘော်ပြကြသော ပထဝီ အာပေါ တေဇော ဝါယော စသည်ဖြင့် ပြဆိုချက် အမျိုးမျိုးတို့ သည်၎င်း ပရိယတ်အသိ မည်ကုန်၏။

နောက်ဆုံး အချုပ်ဆိုလိုရင်းမှာ ပိဋကတ် (၃) ပုံကို နှုတ်တိုင် ဆောင်၍ သိရှိနေစေကာမူ သညာသိ ဝိညာဏ်သိ ဖြစ်၍ ပရိယတ် အသိဟုသာ ဆိုလို၏။

ထိုအသိမျိုးကို သိရုံနှင့် အဟုတ်သိ တကယ်သိ အမှန်သိဟူ၍ မမှတ်ထင်ကြရာ၊ သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိ အတ္တာနုဒိဋ္ဌိတို့ ကွာပြီ ကင်းပြီ ဟူ၍လည်း မမှတ်ထင်ကြရာ၊ အစွဲသိပင် ဖြစ်သေး၏၊ ထိုအစွဲကို ပရိယတ်အသိဟူ၍မှတ်၊

**ပဋိပတ်အသိဆိုသည်မှာ ဘာလဲ**

ပဋိပတ်ဆိုသည်မှာ သညာသိ ဝိညာဏ်သိ ၂-ပါးတို့ဖြင့် သိမှတ်စွဲယူ နေကြသော မာမှုသဘော ပျော့မှု သဘော တရားတို့ကိုပင် လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ဖြင့် ပိုင်းခြားဝေဘန် ခွဲစိတ်သည်ရှိသော် ယောဂီပုဂ္ဂိုလ်တို့၏ အသိဉာဏ်၌ ပေါ်ထွက်လာသော သဘာဝဆတ်ဆတ် ပရမတ်အစစ် ဓာတ်နှစ် ဓာတ်သား ပျော့မာခြင်း ဟူသော အခြင်းအရာ သဘော တရားမျှသက်သက်သည် ပဋိပတ်အသိမည်၏။

ထိုပဋိပတ်လမ်းစဉ်သို့ ရောက်သည်ရှိသော် ယောဂီပုဂ္ဂိုလ် တို့၏ အသိဉာဏ်ဝ၌ ပေါ်ထွက်လာသော ပညာသိ လောက နယ် ပရမတ္ထ သစ္စာ မာမှု-ပျော့မှုကိုသာ ပဋိပတ်ဟု ဆိုလို၏။

ထိုပဋိပတ်မျိုးကိုသာ အပြောနှင့်ဝေဘန်နေရုံနှင့် မပြီးနိုင် အကြိမ်ကြိမ် အဘန်ဘန် ဆင်ခြင် တွေးတောသဖြင့် စိန္တာမယ အသိဉာဏ်သို့ ဆိုက်ရောက်လာမှ ဖြစ်နိုင်လေသည်။

ပဋိဝေဓဆိုသည်မှာ ထိုမာမူ-ပျော့မှု သဘောတရား တို့ကို ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်၌ သိမ်းဆည်း ဆင်ခြင်သည် ရှိသော် ဉာဏ်အား ရှေ့ရှုထင်သော အခြင်းအရာ အကျိုးတရားမျှ ဖြစ်သည့် သဘောတရားကို ပဋိဝေဓဟု ဆိုလိုသည်။

မှတ်ချက်။ ။ထိုပဋိဝေဓသည် နံပါတ် (၃) လုပ်ထုံးနည်းတွင် ပရိယတ်အနေနှင့် ဖြစ်ပေါ်၍ တက်လာလိမ့်မည်။

ဖြစ်ပေါ် တက်လာပုံမှာ ပထဝီဓာတ်ကို လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်, ဟူသော ဌာန်လေးပါးနှင့် ဝေဘန်သည် ရှိသော် ပျော့မှု-မာမှု သဘောတရား တို့သည် ပျောက်သုဉ်း၍ ဝိညာဏ်နယ်ကြီး ချုပ်ငြိမ်းပြီးလျှင် ဉာဏ်အားရှေ့ရှု ထင်သော အခြင်းအရာ သဘောတရားမျှသာ တရားဥက္ကောင်း ထွက်ပေါ်လာလေသည်၊ ထိုတရားဥက္ကောင်းကား အကြောင်းနှင့် အကျိုးတရားပင်ဖြစ်သည်၊ ထို''ကြောင်း,ကျိုးနှစ်ပါးတို့သည် နာမရူပပရိစ္ဆေဒဉာဏ်၏ အရာဌာန မဟုတ်တော့ပေ။ ပစ္စယပရိဂ္ဂဟဉာဏ်၏ အရာဌာန ဖြစ်သောကြောင့် နံပါတ် (၃) အလှာတွင် ၎င်းကို တရားခံထား၍ လုပ်ငန်းစဉ်ကို တဖန် ဖွင့်လှစ် ရပြန်လေသည်။

ထို့ကြောင့် ဉာဏ်စဉ် ဆိုသည့်အတိုင်း တဉာဏ်တည်း၏ လုပ်ငန်းစဉ်ဖြင့် အပြီးမသတ်နိုင် လေရကား ဒုတိယ - တတိယ စသော ဉာဏ်စဉ်တွေ ထပ်၍ပေါ်ထွက်ရလေသည်။

ယခုအခါ လက်တွေ့နည်းနှင့် ပထဝီဓာတ်ကို ခွဲစိတ်ဝေဘန် ကြည့်သော် ပျော့မှု-မာမှု ပျောက်သုဉ်း၍ ကြောင်းကျိုး ထွက် ပေါ်လာပြန်သည်၊ ထိုကြောင်းကျိုးကို တဖန် ပျောက်သုဉ်း အောင် လုပ်ထုံးနည်း ထပ်မံ၍ဖွင့်ရဦးမည်၊ လုပ်ထုံးနည်းမဖွင့် ရမှုသာလျှင် မဂ်ဖိုလ်ဟု ခေါ်ဆိုနိုင်သည်။

သို့ရာတွင် ဒိဋ္ဌိ၏ ရေသောက်မြစ် လုပ်ထုံးနည်း ကုန်ပါက သောတာပတ္တိမဂ်ဟု ခေါ်ဆိုနိုင်သည်။

သောတာပတ္တိမဂ်ကို ရပြီးနောက် အထက်မဂ်များ အတွက် တဏှာ ရေသောက်မြစ် မာနရေသောက်မြစ်တို့ကို ပယ်နုတ်ရန် အတွက် လုပ်ထုံးနည်း ဖွင့်ရပြန်လေသည်။

အချို့ ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့သည် ဒိဋ္ဌိရေသောက်မြစ် မပြတ်သေးဘဲလျက်နှင့် တဏှာရေသောက်မြစ် မာနရေသောက် မြစ်တို့တို တက်လှမ်း၍ ဖြတ်နေကြလေသည်၊ 'ဥဃဋိတညူ'နှင့် 'ဝိပဉ္စိတညူ'ပုဂ္ဂိုလ်မျိုး ဖြစ်ခဲ့လျှင် သင့်ပါသေး၏၊ "နေယျ ပုဂ္ဂိုလ်"မျိုးဖြစ်လျှင် စဉ်းစားဆင်ခြင်ရန် သင့်ပေ၏။

ယခုဖေါ်ပြသော ဝိပဿနာ နည်းမှာကား နေယျပုဂ္ဂိုလ် တို့၏ အသိဉာဏ်ကို မူထားပြီးလျှင် ဉာဏ်စဉ် လက်တွေ့ လုပ်ထုံး နည်းဖြင့် ဘော်ပြရေးသား ရပါသောကြောင့် အနုစိတ်နိုင် သမျှ စိတ်ဖြာ၍ အသိဉာဏ် ရှင်းအောင် ထုတ်ဘော်ပြလိုက်ရ ပေသည်။

ထို့ကြောင့် နံပါတ်(၃)အလှာတွင် ကြောင်းကျိုး နှစ်ပါး ကို တရားခံထား၍ ပုံစံတွင် ထုတ်ဖော်ပြထားပါပြီ၊ ထိုပြချက် ကို သဘောမိအောင် ရှေးဦးစွာ စေ့စေ့ကြည့်ရမည်၊ စေ့စေ့ ကြည့်ပုံမှာ, ၎င်းကြောင်း ကျိုးသည် သူ့အလိုလို ပေါ်ထွက် လာသော ကြောင်းကျိုးလော၊ သို့မဟုတ် ဘယ်က ယူဆောင် ၍ စွဲချက်တင်ထားသော ကြောင်း့ကျိုးလေ လောဟု စေ့စေ့ ကြည့်ရမည်။

ထိုအခါ နာမရူပ ပရိစ္ဆေဒဉာဏ်၏ လက်တွေ့လုပ်ထုံးနည်း တို့ ပေါက်ရောက် အောင်မြင် ပြီးဖြစ်သော ယောဂီပုဂ္ဂိုလ်တို့၏ အသိမှာကား အလိုလို ပေါ်ထွက် လာသော ကြောင်း ကျိုး မဟုတ်ပေ၊ ဌာန်လေးချက်နှင့် စေ့စေ့ ပိုင်းခြား သဖြင့် ထွက် ပေါ် လာ သော "နာမရူပ ပရိစ္ဆေဒဉာဏ်၏ ပဋိဝေဓ" ခေါ် ကြောင်းကျိုးဖြစ်ကြောင်း သိရှိရပေလိမ့်မည်။

ထို ကြောင်းကျိုးသည် နံပါတ် ( ၂ ) အလှာမှ လှာမရှ သဖြင့် နံပါတ်(၃)အလှာသို့ ပို့ဆောင်လိုက်ရသော သဘာဝ ဖြစ်ကြောင်း ယောဂီပုဂ္ဂိုလ်တို့၏ အသိဉာဏ်တွင် ပိုင်နိုင်စွာ သိရှိ မည်ကား မလွဲနိုင်ပေ။

ဥပမာ ယခုခေတ်တရားရုံးများတွင် တရားမ ရာဇဝတ်အမှု အမျိုးမျိုး တို့ကို စစ်ဆေးကြရာ၌ အောက်ရုံးမှ စီရင်ပိုင်ခွင့် မရှိသောအမှုမျိုးကို အထက်ရုံးသို့ ပို့ဆောင်လျက် အမှုကို စစ် ဆေးဆုံးဖြတ်ကြသကဲ့သို့ဖြစ်သည်၊ ယခုအခါ ဉာဏ်စဉ်လုပ်ထုံး နည်းမှာလည်း နာမရူပ ပရိစ္ဆေဒဉာဏ်၏စီရင်စေ့ဘန်နိုင်ခွင့် မရှိ

သော သဘာဝခေါ် တရားခံများကို အထက်ဉာဏ်ဖြစ်သော ပစ္စယပရိဂ္ဂဟဉာဏ်သို့ သွင်းဆောင်၍ ဝိပဿနာ ဝိဇ္ဇာဉာဏ်ဖြင့် စစ်ဆေးဆုံးဖြတ်ရလေသည်။

ကြောင်းကျိုးသည်လည်း နာမရူပ ပရိစ္ဆေဒဉာဏ်၏ တရားရုံးတွင် မစီရင်မဆုံးဖြတ်နိုင်၍ ပစ္စယပရိဂ္ဂဟဉာဏ်၏ တတိယတရားရုံးသို့ ပို့ဆောင်ရသော သဘာဝတရားခံဟူ၍ မှတ်တော်မူပါ။

ပုံစံတွင် ကြောင်းကျိုးပထဝီကို အလယ်ကထား၍ "နည်းလေးပါး"ခေါ် လုပ်ထုံးနည်း (၄) ချက်ဖြင့် ကြောင်းကျိုးပျောက်သုဉ်း၍ အနုတ္တဉာဏ်ပေါက်အောင် ဝေဘန်ပိုင်းခြားပုံကို ရေးဆွဲ၍ ပြဆိုထားသော ပုံစံဖြစ်လေသည်။

ပူးတွဲပါ ပုံစံတခုမှာကား ကြောင်းကျိုးပထဝီ၌တပ်နှောင်ထားသော အစွဲလေးချက်ခေါ် ဒိဋ္ဌိကြီး လေးပါးပင် ဖြစ်ပေ၏၊ ထိုဒိဋ္ဌိကြီး(၄)ပါးတို့၏ စွဲကိုင်နေပုံကို သိစေလို၍ ပုံစံနှင့်တကွ ဖော်ပြထားခြင်းဖြစ်ပေသည်။

ထိုဒိဋ္ဌိကြီး (၄) ပါးကို သမုဒယ သစ္စာဟု ခေါ်ဆိုနိုင်လေသည်။

ထိုဒိဋ္ဌိကြီး တို့ကား အကြောင်းမဲ့ သက်သက် ပေါ်ထွက်၍ စွဲယူနေခြင်း မဟုတ်ကြပေ၊ ကြောင်းကျိုး ရှိသောကြောင့် သာလျှင် အစွဲဒိဋ္ဌိကြီး(၄)ပါးတို့ ရှိကြသည်ဟု မှတ်ပါ။

အစွဲပြုတ်ရန်မှာလည်း မလွယ်ကူလှပေ၊ ကြောင်း ကျိုး နှစ်ပါး ဆိတ်သုဉ်းမှ သာလျှင် ရင်းဒိဋ္ဌိကြီး (၄)ပါး တို့သည်လည်း မရှိနိုင်ပြီ၊ ထို့ကြောင့် ကြောင်း ကျိုး ပဋိစ္စကို ရှေးဦးစွာ ပျောက် သုဉ်း အောင် နည်းလေးပါးနှင့် ဝေဘန် ပိုင်းခြားခွဲစိတ်ရဦးမည်၊ သို့ရာတွင် နည်းလေးပါးနှင့် ကြောင်းကျိုးကို မဝေဘန်သေးမီ ဒိဋ္ဌိကြီး (၄) ပါးတို့၏ စွဲနေပုံကို ရှင်းလင်း ပြပေအံ့။

**ဒိဋ္ဌိကြီး လေးပါး**

(၁) "အဟေတုကဒိဋ္ဌိ" ဆိုသည်မှာ အကြောင်းတရားကို ပယ်သော ဒိဋ္ဌိမျိုးကိုဆိုလို၏၊ ထိုဒိဋ္ဌိမျိုးကား သာသနာတော်မှ အပဖြစ်သော မိစ္ဆာဒိဋ္ဌိတို့၏ အယူဝါဒမျိုးကို ကောက်ယူရမည်၊ ဗုဒ္ဓဝါဒီခေါ် အယူဝါဒ၌ကား ကုသိုလ်ကံ အကုသိုလ်ကံ ဟူသော အကြောင်းတရားတို့ကို အစွဲအယူရှိကြပြီးလျှင် အလွန်လေးစားယုံကြည်ကြလေသည်။

ယုံကြည့်ပုံမှာ လောကတွင် ဆင်းရဲမှု ချမ်းသာမှုဟူသော သဘောတရားတို့သည် ကုသိုလ်ကံတည်းဟူသော အကြောင်းတရားတို့ကြောင့်ဟု ဝေဘန်ကြလေသည်၊ ကံသာလျှင်အမိ ကံသာလျှင်အဘ ကံသာလျှင် မိမိဥစ္စာဘဲဟု အစဉ်အား ဖြင့် အကြောင်းတရားကိုသာ ဝေဘန်၍ စွဲယူကြလေသည်။

အဟေတုကဒိဋ္ဌိမှာကား ထို အကြောင်းတရားတို့၏ မရှိဟု ယူဆသော အယူဝါဒမျိုးကို ခေါ်ဆိုသဖြင့် ထိုအယူဝါဒမျိုးသည် မိစ္ဆာဝါဒီတို့၏ အယူဝါဒမျိုးဟု ဆိုလိုသည်။

ထိုအဟောတုက ဒိဋ္ဌိအစွဲမှာကား အထူးပယ်ရန် မလိုတော့ပြီ၊ ကြောင်းကျိုးဟူသော ပထဝီကို လက်တွေ့ ဉာဏ်တွေ့ သိရှိကြသော ယောဂီပုဂ္ဂိုလ်တို့အား အကြောင်းမရှိ ဟူသော အယူဝါဒသည် (ဝါ) အစွဲသည် အဘယ်မှာလျှင် ရှိနိုင်ပါတော့မည်နည်း။

အကြောင်း ပထဝီ တွေ့ရှိ သော ကြောင့် အလုံးစုံသော သဘောတရားတို့သည် အကြောင်းတရားသာလျှင် ပြဋ္ဌာန်းခြင်း ရှိကြောင်းကို ဝန်ခံနိုင်ကြပေလိမ့်မည်။

(၂) အကိရိယဒိဋ္ဌိဆိုသည်မှာ အကျိုးတရားကို ပယ်သော ဒိဋ္ဌိအစွဲကို ဆိုလို၏၊ ထိုအစွဲမျိုးကား သာသနာတော်မှ အပ ဖြစ်သော မိစ္ဆာဒိဋ္ဌိ တို့၏ အယူဝါဒမျိုးကို ကောက်ယူ ရပေလိမ့်မည်။

ဗုဒ္ဓဝါဒီပုဂ္ဂိုလ်တို့မှာကား အကျိုးတရားမရှိဟု ယူဆသော အယူဝါဒမျိုးကား မရှိကြပေ၊ ကမ္မဿကတ သမ္မာဒိဋ္ဌိခေါ် ကံ-ကံ၏ အကျိုးတရားတို့ကို အလွန်ယုံကြည်လေးစားကြသော ကြောင့်ရင်း၊ အကိရိယဒိဋ္ဌိအစွဲမျိုးသည် မရှိနိုင်ပြီ။

ရင်း အကိရိယဒိဋ္ဌိခေါ် အကျိုးတရား မရှိဟု ယူဆစွဲမှားသော ဒိဋ္ဌိကိုလည်း လုပ်ထုံးဖွင့်၍ ပယ်သတ်ရန်မလိုပေ၊ အကျိုး ပထဝီကို လက်တွေ့ဉာဏ်တွေ့ သိမြင်ကြပါက အဘယ်မှာလျှင် အကျိုးမရှိဟု စွဲယူနိုင်ပါတော့မည်နည်း။

ထို့ကြောင့် အကျိုးတရားပဋိစ္စသမုပ္ပါဒ်ကို ပစ္စယပရိဂ္ဂဟဉာဏ်တွင် ပိုင်းခြားသိအောင် ထုတ်ဖော်ပြထားသဖြင့် ၎င်း အကိရိယ ဒိဋ္ဌိသည် ပြတ်ကင်းနိုင်လေပြီ၊ အလုံးစုံသော သဘောတရား တို့သည် အကျိုးတရားနှင့် မကင်းနိုင်ကြောင်း ဝန်ခံနိုင်ကြပေလိမ့်မည်။

(၃) နတ္ထိကဒိဋ္ဌိဆိုသည်မှာ အကြောင်းတရားနှင့် အကျိုး တရား ၂-ပါးကို မရှိဟု ယူဆစွဲလမ်းသော ဒိဋ္ဌိအစွဲကိုဆိုလို၏၊ ထိုဒိဋ္ဌိအစွဲ အယူမျိုးသည်လည်း သာသနာတော်မှအပဖြစ်သော မိစ္ဆာဒိဋ္ဌိတို့၏ အစွဲအယူမျိုး ဖြစ်ချေ၏။

မြတ်စွာဘုရား လက်ထက်တော်အခါက ဘုရားပြိုင်ပြုလုပ်နေ ကြသော မက္ခလိဂေါသာလ, ပူရဏကဿပ, အဇိတကေသ ကမ္ဗလ,စသော တိတ္ထိဘုရား (၆)ဆူ တို့၏ အယူဝါဒ မျိုးကို နတ္ထိက ဒိဋ္ဌိဟု ခေါ်ရလေသည်။

မြတ်စွာဘုရားသခင်၏အဆုံးအမတော်ကို ရကြကုန်သောဗုဒ္ဓ ဝါဒီပုဂ္ဂိုလ်တို့၏ အယူဝါဒမှာကား အကြောင်းတရားနှင့်အကျိုး တရား ၂-ပါးစုံကို စွဲယူကြသော အယူဝါဒမျိုးဖြစ်၍ နတ္ထိက ဒိဋ္ဌိမှ လွတ်ကင်းလေသည်။

ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့၏ အဘို့မှာကား ကြောင်းကျိုး ပဋိစ္စကို လက်တွေ့ ဉာဏ်တွေ့ သဘောတွေ့ မနောတွေ့ တွေ့ရှိ ကြပြီး ဖြစ်သောကြောင့် အဘယ်မှာလျှင် နတ္ထိကဒိဋ္ဌိအစွဲအယူ ရှိနိုင်တော့မည်နည်း။

နတ္ထိက ဒိဋ္ဌိအတွက်လည်း လုပ်ထုံးနည်း ဖွင့်၍ အစွဲပြုတ်အောင် မေ့နှောက်ဆင်ခြင်ရန် မလိုတော့ပေ၊ ပုံစံကိုထုတ်ဘော်ပြထားရုံနှင့် ဉာဏ်အမြင် ထင်ပြီးဖြစ်ပေလိမ့်မည်။

( ၄ ) ဝိသမဟေတုက ဒိဋ္ဌိ ဆိုသည်မှာ ချို့တဲ့သော အကြောင်းကိုစွဲ၍ (ဝါ) သဘာဝမဆိုက်ဘဲ ဝိညာဏ်၏ ထင်မြင်ရာ အကြောင်းတခုခုကို စွဲ၍ယူဆနေသော အစွဲအယူမျိုးကို ဆိုလို၏။

ထိုအစွဲအယူမျိုးသည်ကား လုံလောက်သော အကြောင်းမရှိဘဲနှင့် (ဝါ) တထစ်ကျ ဟုတ်သည် မှန်သည်ဟု ဝန်မခံနိုင်ဘဲနှင့် သို့လော–သို့လော သံသယ ရှေ့သွား နှင့် စွဲယူနေကြသော အစွဲ အယူမျိုး ဖြစ်သောကြောင့် ဝိစိကိစ္ဆာဟု ခေါ်ဆိုနိုင်လေသည်။

ထိုအစွဲအယူမျိုးသည် ကံ–ကံ၏ အကျိုးကို ယုံကြည်တော်မူကြသော ဗုဒ္ဓဝါဒီ ပုဂ္ဂိုလ်တို့၏ အပေါ်၌သည်း ကျရောက်တည်ရှိလျက်နေသော အစွဲအယူမျိုးဖြစ်သောကြောင့်ဝိ ပဿနာဉာဏ်နှင့် မပယ်ရှင်းနိုင်မှုသာလျှင် ပြတ်ကင်းနိုင်လေသည်။

ဒါန-သီလ စသော ပုညကြိယာ အလုပ်မျိုးနှင့် ဝိသမဟေတုက ဒိဋ္ဌိခေါ် ဝိစိကိစ္ဆာ တရားတို့ မပယ်ရှင်းနိုင်ကြပေ၊ ယခုဘော်ပြသည့် ပုံစံနှင့် ပယ်ရှင်းမှ သာလျှင် ၎င်းအစွဲ ပြုတ်နိုင်လေသည်။

ဝိစိကိစ္ဆာ ဆိုသည်မှာလည်း ယုံမှားခြင်း သဘောတရားကို ဆိုလို၏၊ ယုံမှားရခြင်းမှာလည်း လုံလောက်သော အကြောင်းတရားကို ယထာဘူတ အသိဖြင့် မပိုင်သောကြောင့် သာလျှင် ယုံမှားခြင်း ဖြစ်ရလေသည်။

**ဘီလူးနှင့်ဒူး ဥပမာ** ဘီလူးနှင့် ဒူး-ဥပမာ ကဲ့သို့ မှတ်ရပေ လိမ့်မည်၊ လူ တယောက် သည် သုသာန် တစပြင် တွင် ရှုံကြောက်စွာနှင့် အိပ်လိုက်လေရာ တရေးနိုးသောအခါတွင် မီးရောင် နေရောင် ကြယ်ရောင် လရောင်မရှိသဖြင့် မှောင်မဲနေစဉ် မိမိထောင်ထားလျက် ရှိသော ဒူးကိုပင် ဘီလူးအောက်မေ့သဖြင့် မလှုပ်ဝန့်ဘဲ ဖြစ်နေလေရာ အရုဏ်ကျင်း၍ အလင်းသို့ ဆိုက်ရောက်လာမှ ဘီလူးမဟုတ်ကြောင်း မိမိ၏ ဒူးခေါင်း ဖြစ်နေကြောင်း အမှန်သိရသလို ဝိစိကိစ္ဆာ တရားသည်လည်း ဘီလူးနှင့်ဒူးကဲ့သို့ဖြစ်ပေါ်လာသော ဝိညာဏ် သဘော၏အာရုံကို မဆုံးဖြတ်နိုင်ဘဲ သို့လော-သို့လော ဖြစ်ပေါ်နေခြင်းပင်ဖြစ်သည်၊ ထိုဖြစ်ပေါ်နေရခြင်းမှာလည်း ဝိညာဏ်၏ နောက်သို့ အစဉ်လိုက်ပါ နေသောကြောင့်ပင်ဖြစ်သည်၊ ပညာ နယ်စခန်းသို့ အပိုင်ရောက်မှ ဒူးခေါင်းဘဲဟု ဆုံးဖြတ်နိုင်သလို အာရုံ၏သဘောကို ဆုံးဖြတ်နိုင်သည်ဟု မှတ်ရာ၏။

ထို့ကြောင့် ဝိစိကိစ္ဆာခေါ် ဝိညာဏ်၏ သို့လော-သို့လော ဖြစ်ပေါ်သော ဌာနပေါင်းမှာ သုတ္တန်နည်းအရ ဝေဘန်ပြန်လျှင် ၁၆-ပါးရှိ၏၊ အဘိဓမ္မာ နည်းအရ ဝေဘန်လျှင်ကား (၈)ပါးရှိ၏၊ သုတ္တန်နည်းအရ ၁၆-ပါးကို ပညတ်ယုံမှားခြင်း

၁၆-ပါးဟု ကျမ်းဂန်များတွင် ပြဆိုထား၏။ အဘိဓမ္မာနည်း ယုံမှားခြင်း ၈-ပါးကို ပရမတ် ယုံမှားခြင်းဟုပြဆိုထား၏။

**ယုံမှားခြင်း ၂-မျိုး**

ထိုပညတ် ပရမတ် ယုံမှားခြင်း ၂-မျိုးရှိရာတွင် ပရမတ် ယုံမှားခြင်းမှာ အရေးကြီးဆုံး ဖြစ်၍ အနည်းငယ် ထုတ်ဘော်ပြပေအံ့။

ဤနံပါတ် ၃-အလွှာကား ယုံမှားခြင်းဖြစ်သော ဝိသမဟေတုက ဒိဋ္ဌိကို ပယ်နှုတ်သောအလွှာ ဖြစ်သောကြောင့် ပယ်နှုတ်နိုင်ရန် အလွန်အရေးကြီးလေသည်။

ကြောင်ပန်းတောခရ ဆရာတော်ဘုရားကြီးက ဝိစိကိစ္ဆာမှာ အထူး ပယ်သတ်ရန် မလို ဒိဋ္ဌိပြုတ်လျှင် ဝိစိကိစ္ဆာလည်း ပြုတ်တော့သည်ဟု မှုံလုံးရေပေါ်နှင့် ဥပမာထား၍ ဆုံးမခဲ့ရာတွင် လက်တွေ့နည်းအရ ဝေဘန်သော် ဒိဋ္ဌိအရ အတ္တဒိဋ္ဌိ ၂၀ ကို မကောက်ယူကြပါနှင့် ၎င်းအတ္တဒိဋ္ဌိ ၂၀ တို့ကား အောက်ဖြစ်သော နာမရူပ ပရိစ္ဆေဒဉာဏ် နံပါတ် ၂-အလွှာကပင် ပြုတ်ခဲ့လေပြီ။

ယခု ဒိဋ္ဌိမှာကား ဝိသမဟေတုကဒိဋ္ဌိကို ကောက်ယူ ရပေမည်၊ ဝိသမဟေတုက ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ သဘောတရားတို့မှာ အခေါ်သာ ကွဲပြားကြသည် သဘောတရားတို့မှာ အတူတူပင် ဖြစ်ပေသည်။

သဘောတရား တူပုံမှာ ဝိစိကိစ္ဆာ ဆိုသည်မှာ သို့လော— သို့လော ဖြစ်ပေါ်မှုကို ခေါ်သည်၊ သို့လော-သို့လော ဖြစ်—

ခြင်းမှာလည်း၊ လုံလောက်သော အကြောင်းတရားကို မရသော ကြောင့်သာ ဖြစ်ရလေသည်၊ လုံလောက်သော အကြောင်း တရားမရပါဘဲလျက် စွဲယူနေသော ဒိဋ္ဌိကို ဝိသမဟေတုက ဒိဋ္ဌိ ဟု ခေါ်ဆိုရသဖြင့် ဝိစိကိစ္ဆာနှင့် သဘောတရားချင်းမှာ အဖျား နှင့်အရင်းပင်ဖြစ်၍ တပါးတည်း ပါနိုင်လေရကား အတူတူဟု ဆိုလို၏။

ပရမတ်၌ ယုံမှားခြင်း။

ပရမတ်ယုံမှားခြင်း ၈-ပါးဆိုသည်မှာ အောက် ပါအတိုင်း ဖြစ်၏။

၁။ မြတ်စွာဘုရား၏ ဉာဏ်တော် ဂုဏ်တော်တို့၌ယုံမှား ခြင်း။

၂။ တရားတော်၏ ဂုဏ်တော်၌ ယုံမှားခြင်း။

၃။ သံဃာတော်၏ ဂုဏ်တော် ကျေးဇူးတော်၌ ယုံမှား ခြင်း။

၄။ မိမိ၏ အကျင့် သိက္ခာ၌ ယုံမှားခြင်း။

၅။ သံသရာ၏ ရှေ့အစွန်းကို ယုံမှားခြင်း။

၆။ သံသရာ၏ နောက်အစွန်းကို ယုံမှားခြင်း။

၇။ ရှေ့နောက်(၂)ပါး အစွန်းကို ယုံမှားခြင်း။

၈။ ပဋိစ္စသမုပ္ပါဒ် တရားတော်၌ ယုံမှားခြင်း။

ဤသို့ အားဖြင့် ပရမတ် ယုံမှားခြင်းသည် ၈-ပါးရှိ၏၊ ဟို ၈-ပါးတို့၏ အပေါ်၌ ယုံမှားရခြင်းမှာလည်း ပညာသိစခန်းသို့ အပိုင်မဆိုက်ရောက်ဘဲ ဝိညာဏ်သိစခန်းဖြင့် ဝေဘန်နေသော ကြောင့်သာ ဖြစ်ပေသည်။

သညာသိ၊ဝိညာဏ်သိ ဆိုသည်မှာ လှည့်ပတ် ဖျားယောင်း ကောက်ကျစ် စဉ်းလဲသော အသိမျိုးဖြစ်၍ အဘယ်မှာလျှင် ယုံမှားခြင်း ကင်းနိုင်မည်နည်း၊ မိမိ၏ ဝိညာဏ်သည် ပင်လျှင် သို့လော-သို့လော ယုံမှားခြင်း ဝိညာဏ်ဖြစ်၍ ယခု ဘော်ပြ သော သဘောတရား (၈) ချက်တို့ကို တထစ်ကျ ဝန်ခံနိုင်မည် မဟုတ်နိုင်ပေ။

အကယ်၍ ဝန်ခံနိုင်ပါသည်ဟု ဝိညာဏ်ကပြောသော်လည်း ၎င်းပြောချက်သည် လုံလောက်သော အကြောင်းကို စွဲယူ၍ ပြောဆိုခြင်းမဟုတ်နိုင်ရာ ပညာ၏စခန်းနှင့်ဝေဘန်၍ ပြောဆို နိုင်မှသာလျှင် လုံလောက်ခိုင်လုံသော အကြောင်းကိုစွဲ၍ ဝန်ခံ နိုင်ခြင်းဟု ဆိုနိုင်လေသည်။

ခိုင်လုံသော အကြောင်း ဆိုသည်မှာလည်း မိမိ၏ ကိုယ်တွေ့ ဉာဏ်တွေ့ သဘောတွေ့ မနေ့သေတွေ့ဖြစ်မှ (၀၁) ဖြူစင်သော အရိယာတွေ့စခန်းသို့ရောက်မှ လုံလောက်သော အကြောင်းဟု ဆိုနိုင်လေသည်။

ဝိညာဏ်တွေ့သဘောမှာကား လုံလောက်သောအကြောင်း ၎င်း မဟုတ်သဖြင့် ဝိစိကိစ္ဆာခေါ် သို့လော-သို့လော နယ် အတွင်းသို့ ကျဆင်းနေရကား ဘော်ပြပါ ပရမတ် ၈-ချက်

သဘောတရားတို့၌ အဘယ်မှာလျှင် ယုံမှားခြင်း ကင်းနိုင်ပါမည်နည်း။

ယုံမှားခြင်း မကင်းလျှင် ဂုဏ်တော် ဉာဏ်တော်ကို အာရုံပြု၍ ရှိခိုးပူဇော်ကြသော်လည်း ဘုရားစစ်ဘုရားမှန်ကို တွေ့ကြမည်မဟုတ်နိုင်ပေ၊ ဝိညာဏ်ကပြောသော ယုံမှားခြင်းဘုရားကိုသာ တွေ့ရှိရမည်ဖြစ်၍ ဗုဒ္ဓဘာသာအစစ်ဟု ဝန်ခံနိုင်ရန် ခဲယဉ်းပေလိမ့်မည်။

ဘုရားစစ် ဘုရားမှန် ဆိုသည်မှာလည်း မြတ်စွာဘုရားသခင် ရတော်မူသော ဂုဏ်တော် ဉာဏ်တော်တို့ကို စစ်မစစ် ဝေဘန်လိုရင်းမဟုတ်ပေ၊ မိမိ၌ဝေဘန်နိုင်သော အသိဉာဏ်၏ အပိုင်မရခြင်းကိုဆိုလို၏။ (ကြောင့်)ဟူသော အကြောင်းအမျိုးမျိုးကိုစွဲ၍ ဝေဘန်ခြင်းသည် ဝိညာဏ်၏ သဘောတရား ပင်တည်း၊ ပညာ၏ သဘောတရားမှာကား (ကြောင့်) အမျိုးမျိုး မရှိကြတော့ပြီး၊ ရရှိပြီးသောအသိဉာဏ်ကိုသာလျှင် ဦးစိုက်၍ ဘုရားဟု ကိုးကွယ် နိုင်ကြသောကြောင့် ဝိစိကိစ္ဆာ သဘောမှ လွတ်ကင်းနိုင်လေသည်။

အကြောင်း အမျိုးမျိုး တို့ကို စွဲ၍ ထောက်၍ ဝိညာဏ်သိလောကဖြင့် ဝေဘန်ခြင်းသည် ဝိသမဟေတုက ဒိဋ္ဌိမည်၏၊ အဘယ့်ကြောင့် ဆိုသော် ဝိညာဏ်၏ ဝေ ဘန် ချက် သည် လုံလောက်သော အကြောင်းကို မရသောကြောင့်ပင် ဖြစ်ပေ၏။ မရခြင်းမှာလည်း တထစ်ကျ ဝန်မခံနိုင်ခြင်းကို ဆိုလို၏။

ဝန်မခံနိုင်ပုံကို ဥပမာပြပေအံ့ တောတွင်းသား တယောက်သည် ရန်ကုန်မြို့သို့ ဘုရားဖူးလာရာ ရွှေတိဂုံ စေတီတော်သို့ ရောက်သကာလ စေတီတော်နှင့်တကွ တန်ဆောင်း ပြသာဒ် အမျိုးမျိုးတို့ကို ကိုယ်တိုင် ဖူးတွေ့ရခြင်း၊ ၎င်းပြင် တိရစ္ဆာန်ရုံ ရုပ်ရှင်ရုံ တိုက်တာပြလမ်း ဈေးအလုံးစုံတို့ကိုလည်း ကိုယ်တိုင် တွေ့ကြုံရခြင်း တို့ကြောင့် နေရပ်သို့ ပြန် ရောက် သော အခါ ရန်ကုန်မြို့သို့ မရောက်ဘူးကြသော လူတစု တို့အား အကျိုး အကြောင်း တွေ့ရှိသမျှ အဖုံဖုံတို့ကို တခုမကျန် ပြောပြ လေရာ မရောက်ဘူးကြသော လူတစုတို့ကလည်း ၎င်း၏ ပြောပြချက် ကိုဘဲ စိတ်ထင်ရာကို တွေးတော ယူဆလျက် စွဲယူကြမည်မှာ ရွှေတိဂုံ စေတီတော်ကြီးသည် ရွှေတွေတဝင်းဝင်းနှင့် မည်သို့ မည်ပုံနေလိမ့်မည်၊ တန်ဆောင်းပြသာဒ်တွေ ဘယ်လိုဖြစ်နေလိမ့် မည် စသည်ဖြင့် တွေးတောမည်မှာ အမှန်ဖြစ်ပေသည်။

၎င်း၏ တွေးတော ယူဆချက်သည် တွေးယူသည့် အတိုင်း ဟုတ်စေကာမူ တွေးယူသော တောတွင်း သားက ဟုတ်မှန် ကြောင်းဝန်ခံနိုင်မည်မဟုတ်ပေ၊ ကိုယ်တွေ့မျက်မြင်မဟုတ်သော ကြောင့် သို့လော-သို့လောနှင့်ပင် ဖြစ်ပေလိမ့်မည်၊ အဘယ့် ကြောင့် ဆိုသော် မျက်စိ အမြင် ဟူသော လုံ လောက် သော အကြောင်းကို မရသောကြောင့်ဟု ဆိုရပေမည်။

ဝိစိကိစ္ဆာ သဘော — ထိုနည်းအတူ ဝိညာဏ်၏ အသိဉာဏ်စခန်းဖြင့် ဝေ ဘန်ယူဆကြသော အကြောင်းအမျိုးမျိုးတို့ သည် လည်း ဝေဘန်ချက်အတိုင်း မှန်စေကာမူ ကိုယ်

တွေ့ပေါ် ပညာသိ စခန်းမဟုတ်သောကြောင့် ၎င်း၏ ဝေဘန် စုံယူချက်ကို ဝိသုဒ္ဓိမဂ်ဟောတုက ဒိဋ္ဌိ(ဝါ) ဝိစိကိစ္ဆာဟု ခေါ်ဆိုရ ပေမည်။

ထို့ကြောင့် ဝိသမဟောတုက ဒိဋ္ဌိဟူသော ဝိစိကိစ္ဆာအစွဲ သမုဒယကင်းပြတ်ကြစေရန် လုံလောက်သော အကြောင်းနှင့် လုံလောက်သော အကျိုးတရားတို့ကို လက်တွေ့ ဉာဏ်တွေ့ သဘာဝတွေ့ ပညာတွေ့ဖြစ်အောင် နံပါတ် ၃-အလှည့်၏ လုပ်ထုံးနည်းကို သဘာဝမိအောင် ဝေဘန်နိုင်ရန် အလွန် အရေးကြီးလေသည်။

သို့ရာတွင် အစွဲတရားခေါ် ဒိဋ္ဌိကြီး ၃-ချက်တို့ မှာကား အကြောင်း ပထဝီနှင့် အကျိုး ပထဝီ တို့၏ သဘောတရားကို သဘာဝပိုင်ပိုင် ခွဲခြမ်း ဝေဘန်နိုင်လျှင် ပြုတ်ကျလေတော့သည်၊ ဤဝိသမဟောတုကဒိဋ္ဌိမှာကား အကြောင်းနှင့်အကျိုးပြတ်မှသာလျှင် ဖြုတ်နိုင်သည်၊ နံပါတ် ၃-အလှည့်၏ လက်တွေ့ လုပ်ထုံးနည်းသည် အကြောင်းအကျိုးကို ဖြတ်ပယ်သော လုပ်ထုံးနည်းဖြစ်ပေ၏။

ပထဝီ ခေတ်တပါး၌ **အတ္တ-အနတ္တ** တည်နေပုံတို့ကို လက်တွေ့နည်းအရ ခွဲစိတ်ပြခဲ့သဖြင့် ဝိပဿနာ ပညာရှိများ သိရှိကြရပေပြီ၊ ယခုတဖန် နံပါတ် ၃-အလှည့်၏ အနတ္တ နေပုံကို ဝေဘန်သိမ်းဆည်း၍ ပြပေအံ့။

ဝိပဿနာ တရား ဆိုသည်မှာ မဂ် - ဖိုလ်နှင့် ရင်ဆိုင်တွေ့ရသော တရားမျိုးဖြစ်၍ ပါရမီဓာတ်ခံအားကြီးသော ပုဂ္ဂိုလ်ဘို့မှသာလျှင် ကြံစည်အားထုတ်နိုင်လေသည်၊ ဗုဒ္ဓဝါဒီ အမည်ခံပုဂ္ဂိုလ်တို့က နိဗ္ဗာန်ရပါလို၏ဟု ဆုတောင်းပတ္ထနာ ပြုကြသည်၊ နိဗ္ဗာန်ကို တကယ်အမှန် အလိုရှိကြပါလျှင် ဆုတောင်း နေရန်မလိုပါ၊ ဝိပဿနာတရား လုပ်ငန်းစဉ်ကို ပေါက်ရောက်အောင် အားထုတ်နိုင်ရန်သာ အရေးကြီးပေ၏။

ဗုဒ္ဓဝါဒီ တမျိုးလုံးတို့၏ နှုတ်ဖျားက အနိစ္စ-ဒုက္ခ-အနတ္တဟု ရွတ်ဆိုပွားများနေကြ၏၊ ဤလိုပွားများနေရုံနှင့် ဝိပဿနာအလုပ်ဟူ၍လည်း ထင်မှတ်ကြသေသည်၊လုပ်ငန်းစဉ်နှင့်ဝေဘန်လျှင် ဤပွားများမှုသည် ဝိပဿနာလုပ်ငန်းစဉ်ကိုနားမလည်ကြသော ပုဂ္ဂိုလ်တို့၏ စိတ်အာရုံ ယော်ရမ်းမှုမျိုးပင်ဖြစ်ပေသည်။

ဤ နံပါတ် ၃-အလွှာတွင် ကြောင်း-ကျိုး ပထဝီ ဓာတ်၌ အတ္တနေပုံကို အကျယ်ဝေဘန်၍ပြခဲ့ပေပြီ၊ ယခုအခါ မှာကား ကြောင်း-ကျိုးပထဝီ၌ အနတ္တနေပုံကို ဆက်လက်၍ ဘော်ပြပေဦးအံ့။

**ကြောင်း-ကျိုးပထဝီ၌ အနတ္တဓာတ်နေပုံ**

ကြောင်း-ကျိုး ပထဝီ၌ အနတ္တဓာတ်နေပုံကို ရှင်းလင်းမပြမီ ၎င်း၏အခြေခံ သဘော တရားကို အ နည်း ငယ် ဘော်ပြရဦးမည်။

ယောဂီပုဂ္ဂိုလ်တို့၏ နှလုံးအိမ်၌ ရှေးဦးစွာ မှတ်သားထားရန်မှာ (၁)သခ်တနယ်၊ (၂) အသခ်တနယ် ဟူ၍ ၂-မျိုးခွဲခြား

၍ မှတ်ထားပါ၊ သခ်တနယ် ဆိုသည်မှာ ပြုပြင်ခြင်း မကောင်းသောနယ်ကို ဆိုလိုသည်။

ပြုပြင်ခြင်းဆိုသည်မှာလည်း အကြောင်းနှင့် အကျိုးတရားတို့သည် အစဉ်မပြတ် ဆက်စပ်၍ဖြစ်ပေါ်နေခြင်းကို ပြုပြင်ခြင်းဟုခေါ်သည်၊ တလောကလုံးကို ပညာမျက်စိနှင့် ဝေဘန်ကြည့်လျှင် အကြောင်းတို့ကြောင့် အကျိုးတရားတို့၏ အစဉ်ဖြစ်ပေါ်နေခြင်းကို လောကဟုခေါ်သည်၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ဆိုသည်မှာလည်း အကြောင်း တရားကြောင့် တကျိုး တရားဖြစ်ပုံကို ဝေဘန်ပြသော ဒေသနာတော်ကြီး ဖြစ်ပေသည်။

ဥပမာ သရက်ပင်ကြီးတပင်၏ ဖြစ်ပေါ်တည်နေ၍ အပွင့် အသီး အကိုင်း အခက် အရွက်မျိုးစုံတို့ဖြင့် တင့်တယ် ကြီးပွားနေခြင်းသည် သရက်စေ့ခေါ် မျိုးစေ့ဟူသော အကြောင်းကြောင့် ဖြစ်ပေါ်နေသော အကျိုးတရားခေါ် သရက်ပင်ကြီး ဖြစ်ပေသည်။

ယောကျ်ား-မိန်းမ ပုဂ္ဂိုလ် သတ္တဝါ အကြီး,အငယ် အမျိုးမျိုး ဖြစ်ပေါ်လာရခြင်းမှာလည်း အကြောင်းတရား အရင်းခံသောကြောင့်သာ ဖြစ်ပေါ်လာရသော အကျိုးတရားများ ဖြစ်ချေ၏၊ တလောကလုံး ပုပ္ပရွရွ ဟူသမျှ သက်ရှိသက်မဲ့အားလုံးကို သတ္တုချ ကြည့်လျှင် အကြောင်းနှင့် အကျိုးတရား နှစ်ပါးကိုသာလျှင် ဉာဏ်မှာ တွေ့ကြ ပေမည်၊ သံသရာ ဆိုသည်မှာလည်း အကြောင်း နှင့် အကျိုး အစဉ် မပြတ် ဖြစ်နေ ခြင်းကို ခေါ်သည်။

ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့ အတွက် ဆိုလိုရင်း သဘောမှာ အကြောင်း နှင့် အကျိုး မကင်းပြတ်သော တရား လုပ် ငန်း စဉ် အရပ်ရပ်တို့ကို သံသရာတရားဟူ၍ခေါ်သည်၊ ဝိပဿနာတရား မှာကား အကြောင်း နှင့် အကျိုးကို ဖြတ်သော တရားမျိုး ဖြစ် ချေသည်။

အသင်္ခတဓမ္မ ဆိုသည်မှာလည်း အကြောင်းအကျိုး ကင်း ပြတ်သော တရားမျိုးကို ဆိုလိုသည်၊ နိဗ္ဗာန်သည် အကြောင်း အကျိုး ကင်းပြတ်သော တရား မျိုး ပင် တည်း၊ ဒုစရိုက်ကံ သုစရိုက်ကံကား အကြောင်းအကျိုးကိုဖြစ်စေသော တရားမျိုး ဖြစ်ချေ၏၊ ဝိပဿနာအလုပ်မှ သာလျှင် အကြောင်း အကျိုး ကင်းပြတ်သော လုပ်ငန်းစဉ်ဖြစ်သောကြောင့် ယခုပုံစံနှင့်တကွ ဘော်ပြထားသော အကြောင်းပထဝီနှင့် အကျိုးပထဝီကို ပြတ် အောင် ဖြတ်ကြရပေလိမ့်မည်။

ပစ္စယပရိဂ္ဂဟဉာဏ် ဆိုသည်မှာလည်း အကြောင်းကို သိမ်း ဆည်းသော ဉာဏ်ပင်ဖြစ်သည်၊ သိမ်းဆည်းခြင်း ဆိုသည်မှာ လည်း အကြောင်း အကျိုး ကင်းပြတ်အောင် ဆင်ခြင် အား ထုတ်ခြင်းပင်ဖြစ်သည်။

ဝိပဿနာ ယောဂီ ပုဂ္ဂိုလ်တို့သည် အလုပ်စခန်းကို တကယ် ပိုင်အောင် လုပ်လိုကြလျှင် (၀၁)မိမိကိုယ်ကို ဝိပဿနာ စခန်း သို့ ဆိုက်ရောက်နေပြီဟု ထင်မှတ်နေကြပါလျှင် ယခု လက်တွေ့ ဘော်ပြထားသော ကြောင်းကျိုးပထဝီကို ပြတ်အောင် ဖြတ်ကြ စေလိုသည်၊ အပြောအဟောနှင့် လူတွင်ကျယ် လုပ်နေကြလျှင်

လုပ်ငန်းခရီး ရောက်မည် မဟုတ်ပေ၊ အကြောင်း နှင့် အကျိုး ဖြတ်နိုင်သော ပုဂ္ဂိုလ်ဖြစ်လျှင် ဒီကရီ (၄၅) အထိ ဉာဏ်စခန်း တက် လှမ်း နိုင် သော ပါရမီရှင် ဖြစ်၍ ကလျာဏ ပုဂ္ဂိုလ်ဟု ခေါ်သည်။

## ကြောင်းကျိုးဖြတ်ပုံ လုပ်ငန်းစဉ်

ပုံစံတွင်ပြဆိုထားသော နည်းလေးပါးသည် အကြောင်းနှင့် အကျိုးကိုဖြတ်သော သဘောတရားများဖြစ်ပေသည်။

(၁) **'ဧကတ္တနည်း'** ဆိုသည်မှာ တပေါင်းတည်းသော သဘောတရားကို ဆိုလို၏၊ တပေါင်းတည်း ဆိုခြင်း မှာလည်း အကြောင်းတရားသည် အကျိုးတရားနှင့် အစဉ်မပြတ် ဆက်စပ်ခြင်းပင်ဖြစ်သည်။

ဆက်စပ်နေပုံမှာ တဏှာ, ဥပါဒါန်, ကမ္မဘဝ ဟူသော အကြောင်းတရား ခေတ်၃-ပါးတို့သည် အကျိုးတရား ဖြစ်သော ပစ္စုပ္ပန်ခေတ်နှင့် အစဉ်မပြတ် ဆက်စပ်လျက် တပေါင်းတည်း ဖြစ်နေကြသည်။

အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်စသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌လည်း အဝိဇ္ဇာ ဟူသော အကြောင်း တရားသည် သင်္ခါရဟူသော အကျိုးတရားနှင့် အစဉ်မပြတ် ဆက်စပ်ခြင်း သဘောတရားကို ဧကတ္တနည်းဟု ခေါ်သည်။

ဆိုလိုရင်းမှာ အကြောင်း တရားနှင့် အကျိုး တရား နှစ်ပါးတို့၏ ဆက်စပ်ခြင်းကို ကေတ္တနည်း ဟူ၍မှတ်၊ (ဥပမာ) သရက်မျိုးစေ့ကို မြေ၌စိုက်ပျိုးသည်ရှိသော် ရှေးဦးစွာ အညှောက်ထွက်ပေါ်လာ၏၊ အညှောက်မှတဖန် အညွန့် ပင်စည် အကိုင်း အခက် အရွက် အပွင့် အသီးတို့ဖြင့်ဝေဆာ၍ သရက်ပင်အဖြစ်သို့ရောက်ရှိလေ၏၊ ဤနည်းအတူ အဝိဇ္ဇာဟူသော အကြောင်းကြောင့် သင်္ခါရဟူသော အကျိုးတရား ဖြစ်ပေါ်၏၊ သင်္ခါရဟူသော အကြောင်းကြောင့် ဝိညာဏ်ဟူသောအကျိုး၊ ဤသို့အားဖြင့် အကြောင်းနှင့်အကျိုးတရားသည် အစဉ်မပြတ် ဆက်ခါဆက်ခါ ဖြစ်ပေါ်ခြင်းတို့သည် ကေတ္တနည်းမည်၏။

(၂) 'နာနတ္တနည်း' ဆိုသည်မှာ အကြောင်း တရား နှင့် အကျိုးတို့သည် တပေါင်းတည်းဖြစ်၍ ဆက်စပ်ပြီးလျှင် ဖြစ်ကြသော်လည်း သဘောတရားချင်းမှာကား အတူတူမဟုတ်ကြပေ၊ မိမိ၏သဘောကို မိမိကဆောင်ရွက်လျက် မရောမယှက် တမျိုးစီဖြစ်နေကြလေသည်။

ဤသို့ သဘောတရားချင်း ကွဲပြား၍ တမျိုးစီ ဆောင်ရွက်ဖြစ်ပေါ်နေခြင်းကို နာနတ္တနည်းဟု ခေါ်သည်။

တေဇော, ဝါယော, အာပေါ ပထဝီ ဟူသော ဓာတ်ကြီး ၄-ပါးတို့သည် အချင်းချင်းဆက်စပ်၍ တပေါင်းတည်း ဖြစ်ကြသော်လည်း သဘောတရားမှာကား အသီးသီး ကွဲပြားလျက်ရှိကြ၏၊ ပထဝီသည် မာမှုသဘောကိုသာဆောင်၏၊ ပူမှု, အေးမှု, သဘောကို မဆောင်နိုင်၊ တေဇောသည် ပူမှု, အေးမှု သဘော

ကိုသာဆောင်၏၊ မာမူ-ပျော့မှုသဘောကို မဆောင်နိုင်သကဲ့သို့ အကြောင်းနှင့် အကျိုးတရားသည် ဆက်စပ်၍ တပေါင်းတည်း ကြသော်လည်း သဘောတရားချင်းမှာကား ကွဲပြားကြသော ကြောင့် အကြောင်း တရားသည် အကြောင်း သဘောကို ဆောင်၏၊ အကျိုး သဘောကို မဆောင်နိုင်၊ အကျိုး တရား သည်လည်း မိမိပိုင်ဆိုင်သော အကျိုးသဘောကိုသာဆောင်၏၊ အကြောင်းသဘောကို မဆောင်နိုင်ရာ။

ထို့ကြောင့် အကြောင်းတရားသည် အကျိုး တရား မဟုတ် အကျိုးတရား သည်လည်း အကြောင်း တရား မဟုတ်ဟု ဆိုလို သည်၊ ဤသို့အားဖြင့် အကြောင်းသဘောနှင့် အကျိုးသဘော တရားတို့သည် ကွဲပြားကြ၍ မိမိ၏သဘောကိုသာ ဆောင်ရွက် နိုင်ကြခြင်းကို နာနတ္တနည်းဟု ခေါ်ဆိုလေသည်။

ဥပမာ ထန်းပင်ကြီး တပင်သည် ပေါက်ရောက်လျက် ရှိပေ ၏၊ ထိုထန်းပင်ကြီးကို အမှီပြု၍လည်း ညောင်ကပ်ပင်ကြီးတပင် သည် ကပ်ရောက်လျက် ပေါက်နေပြန်၏၊ နှစ်ပရိစ္ဆေဒကြာရှည် သော် ညောင်ကပ်ပင်သည် အကိုင်း အခက် အရွက်တို့ဖြင့် ဝေ ဆာလျက် ထန်းပင်ကို မျိုလေရာ ထန်းပင်နှင့် ညောင်ကပ်ပင် တို့သည် တပေါင်းတည်းဖြစ်၍ ဆက် စပ် နေကြ သော် လည်း ထန်းပင်သည် ညောင်ကပ်ပင် မဖြစ်နိုင်၊ ညောင်ကပ်ပင် သည် လည်း ထန်းပင်မဖြစ်နိုင်ပေ၊ ထန်းပင်သည် ၎င်း၏သဘောကို အစဉ် ဆောင် နေ သော ကြောင့် ထန်းရွက် ထန်းဖူး ထန်းသီး ထန်းခိုင်တို့ဖြင့် ဝေဆာ၍ တင့်တယ်နေလေ၏။

ညှောင်ကပ်ပင်သည်လည်း မိမိ၏ ညှောင်ပွင့် ညှောင်ရွက် ညှောင်သီးညှောင်ကိုင်းတို့ဖြင့်ဝေဆာတင့်တယ်လျက် ညှောင်ပင် သဘောကို အစဉ်ဆောင်ရွက်နေလေသည်။

ဤသို့အားဖြင့် တပေါင်းတည်း တစပ်တည်း ပေါင်းစပ်၍ အတူတကွ ဖြစ်ပေါ်နေကြရသော်လည်း အရွက် အပွင့် အသီး အကိုင်း အခက် တို့မှာ ကွဲပြားဘိ သကဲ့သို့ ထိုနည်း အတူ အကြောင်း တရားနှင့် အကျိုး တရားတို့ သည်လည်း တပေါင်း တည်း ဆက်စပ်ဖြစ်ပေါ်နေကြသော်လည်း သဘောတရားချင်း မှာကားမတူ၊ ကွဲပြားလျက် မိမိ၏သဘောတရားကိုသာ မိမိက ဆောင်ရွက်နိုင်ခြင်းကို နာနတ္တနည်းဟု မှတ်ပါလေ။

(၃) 'အဗျာပါရနည်း' ဆိုသည်မှာ အကြောင်းတရားက ငါသည် အကျိုးတရားကို ဖြစ်စေအံ့ဟူသော ပယောဂဗျာပါရ ခေါ် လုပ်ဆောင်နိုင်သော အစွမ်းသတ္တိ မရှိခြင်းကိုဆိုလိုသည်။

(အဝိဇ္ဇာပစ္စယာ သင်္ခါရာ)ဟူသောစကား၌ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏ဟု ဆိုရာတွင် အဝိဇ္ဇာသည် သင်္ခါရကို ဖြစ်စေခြင်း ဟူသော ပယောဂဗျာပါရ သဘောသို့ ကျရောက် လေသည်၊ ထိုနည်းအတူ တေဇော, ဝါယော, အာပေါဟု ဆိုအပ်သော ဓာတ်၃-ပါး အကြောင်းတရားတို့သည် အကျိုးတရားဖြစ်သော ပထဝီကို ဖြစ်စေနိုင်ခြင်းသဘောသို့ ကျရောက်လေသည်၊ ဤသို့ ကျရောက်မှုသည် ဝိညာဏ်နယ်ခေါ် အမှားလောကမှာသာလျှင် ယူဆကြသော သဘောမျိုးဖြစ်ပေ၏။

ပညာနယ်ခေါ် အမှန်သဘောတရားမှာကား ဖြစ်နိုင်သော ပယောဂ ဗျာပါရ-ဟူ၍ ဘာတခုမျှမရှိချေ၊ အဘယ်ကြောင့် ဆိုသော် ပရမတ္ထ သဘာဝတရားတို့မည်သည် တဦးသည် တဦးကို ဖြစ်စေနိုင်သော (ဝါ) ပြုလုပ်နိုင်သော သဘောတရား အလျှင်းမရှိနိုင်သောကြောင့် အကြောင်း ဖြစ်သော အဝိဇ္ဇာက "ငါသည် အကျိုးဖြစ်သော သင်္ခါရကို ဖြစ်စေအံ့" ဟူ၍ရင်း၊ အကြောင်းဖြစ်သော ဓာတ်၃-ပါးတို့ကလည်း "ငါသည်အကျိုး ပထဝီကို ဖြစ်စေအံ့" ဟူသော ပြုလုပ်ထားနိုင်သည့် ပယောဂ ဗျာပါရမရှိခြင်းကို အဗျာပါရနည်းဟူ၍ ခေါ်သည်။

အကြောင်း တရားသည် အကျိုး တရားကို မဖြစ်စေနိုင်ခဲ့သော် အကြောင်းနှင့် အကျိုးတရား ၂-ပါးတို့သည် မည်ကဲ့သို့ ဆက်စပ်၍ ဖြစ်ပေါ်ကြပါသနည်းဟု တွေးတောဆင်ခြင်ရန် ရှိပေ၏၊ ထိုတွေးတောဆင်ခြင် ယုံမှားခြင်းကို ပယ်ဖျောက်ခြင်းငှာ ဧဝံဓမ္မတာ နည်းကို နားလည်ရမည်ဟု ပိဋကတ်တော်မှာမိန့်ဆိုထားသည်။

(၄) **ဧဝံဓမ္မတာနည်း** ဆိုသည်မှာ ထုံးတမ်းစဉ်လာ ဓမ္မတာ သဘောဘရားအတိုင်း ဖြစ်ပေါ်ရခြင်းကို ဆိုလို၏။

ဓမ္မတာသဘော ဆိုသည်မှာလည်း အကြောင်းတရား တို့က အကျိုးတရားကို ဖြစ်စေအံ့ဟု ပယောဂဗျာပါရ မရှိသော်လည်း ထိုသဘောတရားရှိပါက ဤသဘောရှိအပ်လေသည်၊ (ဥပမာ) နွားနို့ ဟုဆိုအပ်သော သဘောတရားရှိလျှင် နို့ဓမ်းဖြစ်သော

ဒိန်ခဲမျိုးသည် ဖြစ်ပေါ်လာမည်မှာ အမှန်ဖြစ်သည်၊ ငြုတ်စေ့ စိုက်ပျိုးလျှင် ငြုတ်ပင်သည် အမှန်ဖြစ်ပေါ်ရလေသည်။

ဤသို့ ဖြစ်ပေါ်ရသော်လည်း ငြုတ်စေ့ကြောင့် ငြုတ်ပင် ဖြစ်ပေါ်သည်ဟု စွပ်စွဲလျှင် အတ္တဒိဋ္ဌိ အစွဲလမ်းသို့ သက်ရောက် လေသည်၊ အတ္တဒိဋ္ဌိအစွဲလွတ်ရန် ယူဆနည်းမှာကား ငြုတ်စေ့ သဘောတရားရှိလျှင် ငြုတ်ပင် သဘော တရား မျိုးသည် ဖြစ် ပေါ်မြဲဓမ္မတာဟု ယူဆစေလို၏။

အဝိဇ္ဇာဟူသော သဘောတရားမျိုးရှိပါက သင်္ခါရဟူသော သဘောတရားမျိုးသာရှိနိုင်၏၊ အခြား သဘောတရား တို့သည် ပေါက်လွတ်ပဲစား ဖြစ်ချင်တိုင်းဖြစ်နိုင်သည် မဟုတ်ပေ။

ထို့ကြောင့် ဓမ္မတာနည်းအရ ယောဂီ ပုဂ္ဂိုလ် တို့သည် အကြောင်းနှင့် အကျိုးတို့၏ သဘာဝ ဆက်စပ်ပုံကို မိမိတို့၏ ဉာဏ်ဝဥ္ဇ ထင်မြင်အောင် နှလုံးသွင်းနိုင်ရမည်။

ဤသို့အားဖြင့် ယခုဖော်ပြခဲ့ပြီးသော နည်း ၄-ပါး တို့၏ သဘောတရားကို ရှေးဦးစွာ ကွဲကွဲပြားပြား ဖြစ်အောင် ဆင်ခြင် ဝေဘန်သုံးသပ်ရမည်၊ သို့မှသာ အကြောင်းနှင့်အကျိုးကို ဖြတ် တောက်နိုင်မည်၊ ကြောင်းကျိုးပြတ်မှ သံသရာဝဋ်ကြီးချုပ်ငြိမ်း မည်၊ သံသရာဝဋ်ချုပ်မှ အသံသရာဝဋ်သို့ရောက်မည်၊အပြောနှင့် ရောက်နေ၍ မဖြစ်နိုင်ပေ၊ အလုပ်နှင့်ရောက်မှ ကလျာဏ ဖြစ် မည်၊ ကလျာဏဖြစ်မှ စူဠသောတာပန် စခန်းသို့ တက်လှမ်းနိုင် လိမ့်မည်၊ စူဠသောတာပန်ဖြစ်ပြီးသော် မဟာသောတာပန်မှာ ကား လွယ်ကူ၍ ခဏချင်းရနိုင်လေပြီ။

ထို့ကြောင့် နည်းလေးပါး၏ သဘောတရားကို နားလည်ရန် အလွန်အရေးကြီးလေသည်၊ ယခု—ဤစာကိုဖတ်၍ လုပ်ထုံးနည်း၌ နားမလည်သေးလျှင် အကြိမ်ကြိမ်ထပ်၍ ဝေဘန်ပါ၊ ဤသို့ ဝေဘန်သော်လည်း စိန္တာမယဉာဏ် မပေါ်ခဲ့သော် မိမိ၏ဝီရိယကိုမလျှော့ပါနှင့်၊ နည်းလေးပါး၏ သဘောတရားကို နားလည်သော ပညာရှိ ဝိပဿနာ ဆရာကြီး များထံ ချဉ်းကပ်၍ လက်ထပ်နာယူ သင်ကြားတော်မူပါ။

ကြောင်းကျိုး ၂-ပါးတို့မှာ နည်းလေးပါးခေါ် ထုံနှင့် ဘမ်းယူနိုင်မှသာလျှင် ပြာအတိ ကျနိုင်လေသည်၊ (ဥပမာ) ပြဒါးဟူသော လူစွမ်းကောင်းမျိုးကို ဘမ်းဆီးချုပ်နှောင်၍ ပြာချလိုသော အာယုသိဒ္ဓိပေါက် ဂန္ဓာရီ အဂ္ဂိယဆရာကြီးသည် ရှေးဦးစွာ ပြဒါးကို ဘမ်းချုပ်နှောင်ရန် အတွက် ထုံအိုးကြီး တခုကို စီမံပြုလုပ်ရာ၏၊ မိမိပြုလုပ်သော ပြဒါးထုံအိုးသည် ပြာကျနိုင်သော တန်ခိုးသတ္တိရှိမှသာလျှင် ပြဒါးသည် ပြာကျပေလိမ့်မည်၊ ထုံအိုးသည် တန်ခိုးမရှိဖြစ်နေပါလျှင် ပြာမကျဘဲ ပြဒါးထွက်သွားဘိ သကဲ့သို့ ကြောင်းကျိုးတရား ၂-ပါးသည် ပြဒါးနှင့်တူ၏၊ နည်းလေးပါးသည်ကား ပြဒါးထုံးအိုးနှင့်တူ၏၊ အဂ္ဂိယဆရာကြီးနှင့်ကား ဝိပဿနာယောဂီပုဂ္ဂိုလ်ကြီးနှင့်တူ၏၊ အနုတ္တာဉာဏ်သည်ကား ပြာနှင့်တူ၏။

ထို့ကြောင့် ကြောင်းကျိုးပဋိစ္စကို နည်းလေးပါး ထုံအိုးတွင် တင်၍ အနုတ္တာဉာဏ် ပေါက်အောင် (၀၇) ကြောင်းကျိုး နှစ်ပါး ပြတ် အောင် အစွမ်းကုန် မှုနှောက်တော် မူကြစေလို၏။

**မှတ်ချက်။** ။အကြောင်း အကျိုး ၂-ပါးတို့ဘွင် လိုရင်းမှာကား အကြောင်းတရားပင်ဖြစ်၏၊ အကြောင်းတရားပြတ်လျှင် အကျိုးတရားလည်း ပါဝင်ပြီးစီးနိုင်လေသည်၊ ဥပမာ အရွက်၊အပွင့်၊အသီးတို့ဖြင့် ဝေဝဆာ လျက် နေသော သစ်ပင်ကြီး တပင်ကို ခုတ်လှဲရာ၌ သစ်ပင်ကြီးတပင်လုံးကို ခုတ်လှဲလိုက်သော် အကိုင်း အခက် အရွက်၊အပွင့်၊ အသီးတို့လည်း ပါဝင်၍-လဲကျသွားသလို အကျိုးတရားမှာကား အကိုင်း၊ အခက်၊ အပွင့်၊အရွက် တို့နှင့်တူ၏၊သစ်ပင်ကြီးသည်အကြောင်းတရားနှင့်တူ၏။

ထို့ကြောင့် ပစ္စယပရိဂ္ဂဟ ဉာဏ်အရ မြန်မာလို ပြန်လျှင် အကြောင်းကို သိမ်းဆည်းသောဉာဏ်ဟု ဆိုလိုရင်း ဖြစ်သည်၊ အကြောင်းကိုသိမ်းဆည်းလျှင် အကျိုးတရားလည်း ကင်းပြတ်နိုင်လေသည်။

**သိမ်းဆည်းရန် နည်း၊လုပ်ငန်းစဉ်** အကြောင်းနှင့် အကျိုးတရား ၂-ပါးကို သိမ်း ဆည်း လိုသော ယောဂီပုဂ္ဂိုလ် တို့သည် ရှေးဦးစွာ နည်းလေးပါး တို့ဘွင် အဗျာပါရနည်းနှင့် သိမ်းဆည်းရမည်။

ယောဂီပုဂ္ဂိုလ်တို့၏ နှလုံးအိမ်ထဲ၌ အမေးတခု ပြုလုပ်ကြည့်ရန်မှာ အကြောင်းတရားကို ယခုခေတ်တွင် တရားခံများစစ်သလို စစ်မေးကြည့်ရမည်။ စစ်မေးပုံမှာ ''အို....အကြောင်းတရား သင်သည် အကျိုးကိုဖြစ်စေနိုင်၏လော။ အကျိုးတရားသည် သင် အကြောင်းတရားကြောင့် ဖြစ်သလော''ဟု စစ်ဆေး မေးမြန်းကြည့်ရပါမည်။

ထိုအခါ အကြောင်းတရားက မှန်သည့် သဘော အတိုင်း ဖြေဆိုပေလိမ့်မည်၊ အကြောင်းတရားတို့ မည်သည်မှာ ပရမတ္ထ သဘာဝ အနတ္တဓာတ်သဘောတို့ဖြစ်၍ အကျိုးတရားကို မဖြစ် စေနိုင်ပါဟု ဟုတ်မှန်သည့်သဘောအတိုင်းဖြေဆိုပေလိမ့်မည်။

အဘယ့်ကြောင့်ဆိုသော် မြတ်စွာဘုရားသခင် ကိုယ်တော် တိုင် မိန့်ကြားခဲ့သည်မှာ၊ အိုချစ်သားတို့ အလုံးစုံသော သဘော တရားတို့သည်(အဗျာပါရဋ္ဌေန၊ တစုံတခုပြုလုပ်နိုင်သော (ဝါ) ဖြစ်စေနိုင်သော ပယောဂ ဗျာပါရ မရှိခြင်း ဟူသော အနက် သဘောကြောင့်၊အနတ္တာ၊ အနတ္တမည်ကုန်၏) ဟူ၍ ဟောတော် မူသောကြောင့် အကြောင်းတရားသည်လည်း အကျိုးတရားကို မဖြစ်စေနိုင်ပေ။

အကယ်ပင် ဖြစ်စေနိုင်သည်ဟု ယူဆငံ့ယူနေကြခြင်း တို့သည် ကား အတ္တဒိဋ္ဌိခေါ် အစွဲသမား ဝိညာဏ်နယ် လောကသား တို့၏ အစွဲအယူမျိုးဟူ၍မှတ်ပါ၊ ထိုအစွဲအယူမျိုးတို့ကို မြတ်စွာ ဘုရားသခင်က မှားသောအယူ၊ မိုက်သောအယူ၊ မဟုတ်မမှန် သော အယူတို့ဟူ၍ မိန့်တော်ဟောကြား ဆုံးမတော် မူလေ သည်။

ဤသို့အားဖြင့် အကြောင်းအကျိုးကို အဗျာပါရ နည်းတခု နှင့်ပင် စစ်ဆေးကြည့်သော် သဘာဝ အနတ္တသဘောကို သိရ ပြီး ဖြစ်သောကြောင့် ယောဂီပုဂ္ဂိုလ်တို့၏ နှလုံးအိမ်၌ အဘယ် မှာလျှင် အကြောင်းတရားကို တကယ် အကြောင်း တရားကြီး ဟူ၍ အထင်ကြီးနေတော့ပါမည်နည်း။

ယောဂီပုဂ္ဂိုလ်တို့၏ နှလုံးအိမ်၌ အကြောင်းတရားကို အထင်မကြီးခဲ့သော် ရင်းကြောင့်ဖြစ်သည်ဟု ဝိညာဏ်သမားတို့က လှည့်ပတ်ထားသော အကျိုးတရားကိုလည်း အဘယ်မှာ လျှင် တကယ့်အကျိုးဟု စွဲယူကြတော့ပါမည်နည်း။

ထို့ကြောင့် အကြောင်းဓာတ် ၃-ပါးတို့ကြောင့် အကျိုးပထဝီဖြစ်ပေါ်ခြင်းတို့သည်ရင်း၊အဝိဇ္ဇာကြောင့် သင်္ခါရအကျိုးတရား ဖြစ်ပေါ်ရသည်ဟူ၍ရင်း၊ ယူဆစွဲယူခြင်းတို့သည် တဦးကို တဦးက (ဝါ)တခုသော သဘောတရားကို တခုသောသဘောတရားက ဖြစ်နိုင်သော ကတ္တု သတ္တိ ဗျာပါရ ဖြစ်သောကြောင့် ထိုဖြစ်စေနိုင်သော သဘောတရားတို့သည် ဝိညာဏ်နယ်လောက အရ ခေါ်ဝေါ်သုံးစွဲခြင်းမျှသာ ဖြစ်နိုင်လေသည်။

ပရမတ်အနှစ် ဓာတ်အစစ်ခေါ် ပညာနယ် လောကမှာကား တဦးကတဦးကို (ဝါ) တခုသော သဘောတရားက တခုသော သဘောတရားကို မဖြစ်စေနိုင်သောကြောင့်အနတ္တဓာတ်ကောင်ဟု ဆိုလိုသည်၊ အနတ္တဓာတ်ကောင်ကို (ယထာဘူတ)အသိဉာဏ်ဖြင့် အမှန်မြင်လျှင် ကလျာဏပုဂ္ဂိုလ်အဆင့်အတန်းတွင် ပါဝင်နိုင်လေပြီ။

**ကလျာဏပုထုဇဉ် ခေါ်နိုင်ပုံ**

ကြောင်း-ကျိုး-တရား ၂-ပါးကိုနည်းလေးပါးတို့တွင် အဗျာပါရနည်းနှင့်သိမ်းဆည်းပုံကို ဝိပဿနာယောဂီ ပုဂ္ဂိုလ်တို့ အတွက် ထုတ်ဖော်၍ ပြခဲ့လေပြီ။ ကျန် နည်းသုံးမျိုး တို့ဖြင့် သိမ်းဆည်းပုံကို ဆက်လက်၍ ဖော်ပြပေအံ့။

ကြောင်းကျိုး ၂-ပါးကို အဗျာပါရနည်းဖြင့် သိမ်းဆည်းသော် ထိုယောဂီပုဂ္ဂိုလ်တို့၏ ဒသိညာဏ်တွင် အကြောင်းတရားသည် အကျိုးတရားကို ဖြစ်စေနိုင်သည်ဟူသော အတ္တဒိဋ္ဌိအစွဲမှ လွတ်မြောက်သွားလေသည်။

ဤသို့ လွတ်မြောက် သွားခြင်းကို ကင်္ခါဝိတရဏ ဝိသုဒ္ဓိဟု ခေါ်သည်၊ ထို-ကင်္ခါဝိတရဏ ဝိသုဒ္ဓိစခန်းသို့ လှမ်းကိုင်နိုင်သော ဝိပဿနာ ယောဂီ ပုဂ္ဂိုလ်သည် ကလျာဏ ပုထုဇဉ် ပုဂ္ဂိုလ်၏ အဆင့်အတန်းတွင် ပါဝင်နိုင်လေသည်။

ဤသို့လျှင် အဗျာပါရနည်းအရ အကြောင်း တရား သည် အကျိုးတရားကို မဖြစ်စေနိုင်ခဲ့သော် အကြောင်းနှင့် အကျိုးတရားတို့သည် တခြားစီဖြစ်၍ မည်သို့မျှမသက်ဆိုင်ရောကျရောက် ပြန်လေသည်၊ ဤအတိုင်း ယူဆခဲ့သော် ထို-အယူဝါဒ မျိုးကို ဥစ္ဆေဒဒိဋ္ဌိအယူဟု ဆိုလိုသည်၊ ဥစ္ဆေဒ ဒိဋ္ဌိ အယူ ဖြစ် ခဲ့ သော် မြတ်စွာဘုရား၏ အယူဝါဒ အဆုံးအမတော်နှင့် ဆန့်ကျင်သော အယူဝါဒမျိုးဖြစ်၍ မဇ္ဈိမပဋိပဒါ လမ်းသို့ မဆိုက်ရောက်ဘဲ အစွန်းနှစ်ပါးတို့တွင် တခုသောအစွန်းသို့ တင်ရောက်နေသော အယူဖြစ်၍ ထိုအယူဝါဒမျိုးကို မိစ္ဆာဒိဋ္ဌိတို့၏ အယူဝါဒဟု ဆိုနိုင်လေ့သည်။

**အစွန်းလေးချက်** ထို့ကြောင့် ဝိပဿနာတရား ဆိုသည်မှာ မဇ္ဈိမ ပဋိပဒါလမ်းသို့ ဆိုက်ရောက်မှ သာလျှင် ဖြောင့်မှန်သော လုပ်ငန်းစဉ်ဖြစ်သောကြောင့်အကြောင်းနှင့် အကျိုးတရားတို့ သိမ်းဆည်းရာ၌ အစွန်းလေးချက် လွတ်၍

အနတ္တအစစ်သို့ ဆိုက်ရောက်ရန် အလွန်ပင် အရေးကြီး လေသည်၊ ယခုအခါ ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့မှာ အစွန်း လေးချက် ပေါ်တွင် ဝိပဿနာထင်၍ လုပ်ငန်း စဉ် ဖွင့်၍ နေတတ်ကြ လေသည်။

အစွန်းလေးချက်ဆိုသည်မှာ အောက်ပါအတိုင်းဖြစ်ပေ၏။

(၁) အတ္တဒိဋ္ဌိအစွန်း၊ တခုသော သဘာဝဓမ္မသည် တခုသော သဘာဝဓမ္မကို ဖြစ်စေနိုင်ခြင်း ပြုလုပ်နိုင်ခြင်းဟု စွဲယူခြင်းကိုဆိုလိုသည်။

(၂) ဥစ္ဆေဒဒိဋ္ဌိအစွန်း: ဖြစ်ပေါ်ကြသော သဘာဝဓမ္မတို့သည် တပါးနှင့် တပါး မည်သို့မျှ မသက်ဆိုင် တခြားစီဟု ယူဆခြင်းကိုဆိုလိုသည်။

(၃) သဿတဒိဋ္ဌိအစွန်း: ပရမတ္ထ သဘာဝဓမ္မ တရားတို့သည် မိမိ၏ သဘောတရားကို မိမိဆောင်၍ အသီးသီး ဖြစ်ကြ သော်လည်း ထို သဘောတရား တို့ကို တခုတည်း ဟူ၍ရှင်း တပေါင်းတည်း ဟူ၍ရှင်း ယူဆခြင်းကို ဆိုလိုသည်။

(၄) အာဇီဝိယဒိဋ္ဌိအစွန်း၊ အကြောင်း နှင့် အကျိုး ဟူသော သဘာဝ ဓမ္မတို့ကို မရှိဟုယူ ဆခြင်းကို ဆိုလိုသည်။

ဤသို့လျှင် ကြောင်းကျိုး ၂-ပါးကို သိမ်းဆည်း ဆင်ခြင်ကြသော ဝိပဿနာ ယောဂီပုဂ္ဂိုလ် တို့သည် အထက်တွင် ဖော်ပြထားသော အစွန်းလေးချက်ကို အထူးသတိပြုသင့်လှပေသည်။

မြတ်စွာဘုရား ညွှန်ပြတော်မူသော မဇ္ဈိမပဋိပဒါလမ်း ဆိုသည်မှာလည်း အစွန်းလေးချက်မှ လွတ်သော လမ်းကို ညွှန်ပြခြင်းပင်ဖြစ်သည်။

ကြောင်း-ကျိုး ၂-ပါးကို သိမ်းဆည်းသော ယောဂီပုဂ္ဂိုလ်တို့သည်လည်း အစွန်းလေးချက်လွတ်ကင်း၍ မဇ္ဈိမပဋိပဒါလမ်း ဆိုက်ရောက်အောင် သိမ်းဆည်းရပေမည်။

ထို့ကြောင့် အကြောင်းတရားသည် အကျိုးတရားကို မဖြစ်စေနိုင်ခဲ့သော် အကြောင်းအကျိုးတို့သည် မည်သို့မျှမသက်ဆိုင် တခြားစီဟူ၍လည်းမယူနိုင်ရာ၊ အဘယ့်ကြောင့်ဆိုသော် ကေတ္တနည်းအရ သဘာဝဉာဏ်မြင်အောင် ရှုဆင်ခြင်ရဦးမည်။

(ကေတ္တနည်းအရ ဆင်ခြင်ပုံမှာ) အကြောင်း တရား သည် အကျိုးတရားကို မဖြစ်စေနိုင်သော်လည်း အကြောင်းနှင့်အကျိုးတရားတို့သည် အချင်းချင်း ဆက်စပ်လျက်ရှိနေကြသည်။

**ဥပမာ**–မီးနှင့်မီးရောင်ကိုမှတ်ရမည်၊ မီးသည်အရောင်ကိုမဖြစ်စေနိုင်သော်လည်း မီးနှင့်မီးရောင်တို့မှာ အချင်းချင်း ဆက်စပ်လျက် ဖြစ်ရှိနေကြသောကြောင့် မီးငြိမ်းလျှင် အရောင်လည်း ပျောက်ကွယ်လေသည်။

ဤသို့ ဆက်စပ်နေမှုကို ဉာဏ်အမြင် မပေါက်ရောက်ကြသော အတ္တဒိဋ္ဌိ-အတ္တာနုဒိဋ္ဌိ သက္ကာယဒိဋ္ဌိ အစွဲရှိကြသည့် အန္ဓပုထုဇဉ် ပုဂ္ဂိုလ်တို့က သူ့ကြောင့် သူဖြစ်သည်ဟု စွဲယူနေကြလေသည်။

ထို့ကြောင့် ကြောင်း-ကျိုး နှစ်ပါးကို ကေတ္တ နည်း နှင့် ဉာဏ်အမြင် ထင်မြင်အောင် အထူးသိမ်းဆည်းရမည်၊ ဥတုဇ-နယ်လောက အာဟာရဇနယ် လောက စိတ္တဇနယ် လောက ကမ္မဇနယ်လောကကြီး တခုလုံးကို အုံးအုံး ကြွက်ကြွက် ဖြစ်အောင် ကေတ္တနည်းနှင့် ဝေဘန်ဆင်ခြင်ကြည့်ကြပါ၊ ဆက်စပ်ခြင်း သဘာဝတွေ ဉာဏ်ထဲမှာ ပေါ်လာပါလိမ့်မည်။

**မဇ္ဈိမ ပဋိပဒါလမ်း** ဤရုပ်လောက နာမ်လောကကြီး သည်ကား အချင်းချင်း ဆက်စပ်၍ အကြောင်း ညီညွတ်ထောက်ပံ့မှုကို အမှီသဟဲ ပြုကြပြီးလျှင် ဖြစ်ပေါ်နေကြသော သဘာဝဓမ္မဝတို့ ဖြစ်ချေသည်ဟုဉာဏ်အမြင်ထင်ပေါ်အောင် ဝေဘန်ဆင်ခြင်ရမည်။

ဤသို့ ဆင်ခြင်သော ယောဂီပုဂ္ဂိုလ်တို့အား အနတ္တဓာတ်၏ သဘောတရားတို့သည် ဉာဏ်မှာ ပေါ်ထွက် လာပေ လိမ့်မည်၊ အနတ္တဓာတ် ပေါ်ထွက်လာခြင်းကို မဇ္ဈိမပဋိပဒါလမ်း ဆိုက်သည်ဟု ဆိုလိုရင်းဖြစ်သည်။

ဤ၌လည်း အနတ္တဉာဏ်မဆိုက်ဘဲနှင့် တခုသောအစွန်းတရား

14 ပေါ်သို့လည်း ကျရောက်တတ်ပြန်လေသည်။

**ကျရောက်တတ်ပုံမှာ** အကြောင်းနှင့် အကျိုးတရား နှစ်ပါးတို့သည် အချင်းချင်း ဆက်စပ် နေကြသည်ရှိသော် သဘောတရားကိုလည်း တပေါင်းတည်း တခုတည်းဟု ယူဆတတ်လေသည်၊ ဤသို့ယူဆသော အစွဲအယူမျိုးကိုလည်း သဿတဒိဋ္ဌိ အစွန်းပေါ်မှာ တည်နေသော အစွဲအယူမျိုးဟူ၍မှတ်၊ ထိုအစွဲ အယူမျိုးကို ပယ်နှုတ်ခြင်းငှာ နာနတ္တနည်းနှင့် ကြောင်း-ကျိုး ၂ ပါးကို သိမ်းဆည်းရဦးမည်။

**နာနတ္တနည်းနှင့် သိမ်းဆည်းပုံ** အကြောင်းနှင့် အကျိုးတရား ၂ ပါးတို့သည် အချင်းချင်းဆက်စပ်၍ ဖြစ်ကြသော်လည်း သဘော တရား မှာ ကား - မတူ၊ ကွဲပြားလျက် ရှိနေကြလေသည်။

ဥပမာ မီးနှင့်အရောင်တို့သည် အချင်းချင်းဆက်စပ်၍ ဖြစ်နေကြသော်လည်း မီးသည် အရောင်မဟုတ်ပေ၊ အရောင်သည်လည်း မီးမဟုတ်ပေ၊ အဘယ်မှာလျှင် တခုတည်း ဟူ၍ရှင်း၊ တပေါင်းတည်း ဟူ၍ရှင်း ယူဆ နိုင်ပါ မည်နည်း၊ အဘယ့်ကြောင့်ဆိုသော် မီးသည် ပူခြင်းသဘောကိုဆောင်၏၊ အရောင်သည် လင်းခြင်းသဘောကိုဆောင်၏၊ သဘောတရားချင်းမတူ၊ ကွဲပြားသောကြောင့် တပေါင်းတည်း တခုတည်းဟူ၍ မယူဆနိုင်ပေ။

ထို့အတူ အကြောင်းတရားသည် မိမိ၏အကြောင်းသဘောလက္ခဏာ ကိုသာ ဆောင်နိုင်၏၊ အကျိုး တရား၏ သဘောလက္ခဏာကို မဆောင်နိုင်ရာ ဤနည်းအတူ အကျိုးတရားသည်

လည်း မိမိ၏ အကျိုး သဘော လက္ခဏာကို ဆောင်နိုင်၏၊ အကြောင်းသဘောလက္ခဏာကို မဆောင်နိုင်ပေ။

ဤသို့အားဖြင့် သဘောတရားချင်းတို့သည် မတူ၊ ကွဲပြား၍ မိမိ၏ သဘောလက္ခဏာကိုသာ မိမိက ဆောင်ရွက် နေကြသော ကြောင့် အချုပ်ချင်းဆက်စပ်၍ဖြစ်ကြသော်လည်း အဘယ်မှာ လျှင် တပေါင်းတည်း ဖြစ်နိုင်ပါမည်နည်း။

တပေါင်းတည်း ဖြစ်၏ဟု ယူဆကြသော အယူဝါဒမျိုး သည် သဿတဒိဋ္ဌိ အစွန်းသို့ ကျရောက်သော အယူဝါဒမျိုး ဖြစ်၍ ဝိပဿနာ ယောဂီ ပုဂ္ဂိုလ် တို့သည် အထူး သတိပြုရန် ကောင်းလှပေသည်။

ဓမ္မစကြာ ဒေသနာတော်၌ မြတ်စွာဘုရားသည် (အယုတ် တရားနှစ်ပါးအရ) သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိနှစ်ပါးကို ထုတ် ဖော်၍ပြခဲ့ရာ ဝိပဿနာယောဂီပုဂ္ဂိုလ် တို့က မိမိကိုယ်ကို ဆင်းရဲ အောင် ကျင့်သော အကျင့်တရား နှင့် ကာမဂုဏ် ခံစားခြင်း အကျင့်တရားတို့ကိုသာ သဿတဒိဋ္ဌိဥစ္ဆေဒဒိဋ္ဌိဟု သာမန် ယူဆ ကြလေသည်။

ဝိပဿနာလုပ်ငန်းစဉ် နှင့် ဝေဘန်လျှင် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ တို့၏ သဘော တရား တို့ကား အလွန်သိမ်မွေ့သော တရားတို့ ဖြစ်ချေသည်၊ ထိုဒိဋ္ဌိ ၂ ပါးတို့ သံသရာ၏ ရေ သောက် မြစ် ဖြစ်သောကြောင့် ဝိပဿနာ လုပ်ငန်းစဉ်နှင့် ပြတ်မှ သာ လျှင်

ပြတ်နိုင်သော တရားမျိုးလည်း ဖြစ်ချေသည်၊ ဤပစ္စယပရိဂ္ဂဟ ဉာဏ်ခေါ် ကြောင်း-ကျိုး ၂-ပါးကို သိမ်းဆည်းရာ၌ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတို့ကို ယခုဖော်ပြသည့် သဘောတရား အနေနှင့် ဉာဏ်မှာတွေ့ကြရပေမည်။

အထက်ဉာဏ် စခန်းတွင်ကား ထိုဒိဋ္ဌိ ၂-ပါးတို့သည် ဆန်းကြယ်သော သဘောတရားဖြင့် ယောဂီပုဂ္ဂိုလ်တို့၏ အသိဉာဏ်၌ ဝင်ရောက် နှောက်ယှက်ကြလိမ့်ဦးမည်။

ဝိပဿနာ၏ ညစ်ညူးကြောင်းဖြစ်သော ဘေးရန်ဆယ်ပါးတို့ဆိုသည်မှာလည်း ထိုသဿတဒိဋ္ဌိ ဥစ္ဆေဒ ဒိဋ္ဌိတို့၏ အစွယ်အပွားဖြစ်သော တရားတို့မည်ကုန်၏။

ယောဂီပုဂ္ဂိုလ်တိုင်း ထိုရေသောက်မြစ်ဖြစ်သော ဒိဋ္ဌိ ၂-ပါးကိုပြတ်ရန် အထူးရှေ့ပြုထိုက်လှပေ၏။

ဝိပဿနာဉာဏ်စဉ်တိုင်းမှာ ထိုဒိဋ္ဌိ ၂-ပါးတို့၏ ရေသောက်မြစ် တည်ရှိနေသောကြောင့် ဝိပဿနာ ယောဂီပုဂ္ဂိုလ် တို့သည် တည်ရှိနေပုံကို ဉာဏ်အမြင်ပေါ်ပေါက်ရန်လည်း အလွန်အရေးကြီးလေသည်၊ ရေသောက်မြစ်မှန်း မသိသော ယောဂီပုဂ္ဂိုလ်တို့အား ထို ဒိဋ္ဌိ ၂-ပါးတို့သည် တရားစစ် တရားမှန် အရောင်ဆောင်၍လည်း လှည့်ပတ်တတ်လေသည်၊ အထူးသတိကြပ်ကြပ်ပြုကြပါကုန်။

ယခုဖော်ပြသော စကားအစဉ်များကို လက်တွေ့နည်းပေါက်ရောက်သော ယောဂီပုဂ္ဂိုလ်တို့မှ သာလျှင် ဟုတ်မှန်ကြောင်း အထူးဝန်ခံနိုင်ပေလိမ့်မည်။

ဤသို့အားဖြင့် ကြောင်းကျိုး ၂ ပါးတို့ကို နာနတ္တနည်းဖြင့် သိမ်းဆည်း ဆင်ခြင်သည်ရှိသော် ယောဂီ ပုဂ္ဂိုလ်တို့၏ အသိဉာဏ်၌ သဿတဒိဋ္ဌိအစွန်းမှ ထွက်မြောက်ပေမည်။

**ဧဝံဓမ္မတာနည်း** ဧဝံဓမ္မတာနည်းနှင့် သိမ်းဆည်းပုံမှာ အကြောင်းနှင့်အကျိုးတရား ၂-ပါးတို့သည် အချင်းချင်းဆက်စပ်၍ဖြစ်နေကြသော်လည်း ဤသဘောတရားရှိက ထိုသဘောတရားမျိုးသာ ရှိနိုင်လေသည်၊ "ဥပမာ" တဇော,ဝါယော,အာပေါဟူသောသဘောတရားအကြောင်းခံရှိလျှင် ပထဝီဟူသော သဘောတရား အကျိုးသာ ရှိနိုင်လေသည်။

ပေါက်လွတ်ပဲစား ဖြစ်ချင်ရာသဘောတရားတွေ ဝင်ရောက်၍ မဖြစ်နိုင်ခြင်းကို ဧဝံဓမ္မတာနည်းဟု ခေါ်သည်။

ထို ဧဝံဓမ္မတာနည်းဖြင့် အကိရိယဒိဋ္ဌိကို ပယ်သည်ဟုမှတ်၊ ပယ်ပုံမှာ တကြောင်းနှင့် အကျိုးတရား တို့သည် အချင်းချင်းဆက် စပ် ခြင်း မျှသာ ရှိ၏ဟု ယူဆသော ယောဂီပုဂ္ဂိုလ်အား ထိုဆက်စပ်သော သဘောတရားတို့သည် ပေါက်လွတ် ပဲစား ဖြစ်ချင်ရာ ဖြစ်နိုင်သည်ဟု ယူဆတတ်လေသည်၊ ဤလိုယူဆလျှင် အကိရိယဒိဋ္ဌိ အစွန်းပေါ်သို့ ကျရောက်သည်ဟုမှတ်။

ဤသို့ မကျရောက် စေရန်အတွက် အထက်ပါ ဘော်ပြချက်အတိုင်း ဧဝံဓမ္မတာနည်းကို သဘာဝဉာဏ်ပေါက်ရောက် ထင်မြင်အောင် ရှုဆင်ခြင်ရလေသည်။

ဤသို့အားဖြင့် ကြောင်း ကျိုး ၂-ပါးကို နည်းလေးပါး အစုံနှင့် အနတ္တဉာဏ် ထင်အောင် အကြိမ်ကြိမ် အဘန်ဘန် ခွဲစိပ် သုံးသပ် ဝေဘန်၍ အနတ္တဉာဏ် ထင်မြင်သော ယောဂီ ပုဂ္ဂိုလ်တို့မှာ တကယ့် အကြောင်းကြီးဟု အထင်မှတ်နေသော ဝိညာဏ်စွဲသည် ပြတ်ကျ၍ ကြောင်းကျိုးတရား ၂-ပါးတို့သည် ဆိတ်သုဉ်းခြင်း အနတ္တစခန်းသို့ ဆိုက်ရောက်သွားလိမ့်မည်။

ကြောင်းကျိုးဆိတ်သုဉ်းမှ မာမှု-ပျော့မှု ပျောက်သုဉ်းမည်၊ မာမှု-ပျော့မှု မရှိလျှင် အဘယ်မှာလျှင် ပညတ် ၅-မျိုး ထွက်ပေါ်တော့အံ့နည်း၊ ပညတ်မပေါ်နိုင်လျှင် သက္ကာယဒိဋ္ဌိခေါ် အစွဲသမားလည်း ရှိတော့မည်မဟုတ်ပေ။

ထို့ကြောင့် ဝိညာဏ်စွဲ ကြောင်း—ကျိုးကို ပျောက်သုဉ်းအောင် ယခုဖော်ပြသော နည်းလေးပါး လုပ်ငန်း စဉ် ဖြင့် လက်တွေ့ ဉာဏ်တွေ့ သဘောတွေ့ နေရာတွေ့ ဖြစ်အောင် အကြိမ်ကြိမ် ပိုင်းခြားဝေဘန်တော်မူကြရန် အထူး တိုက် တွန်း အပ်ပေ၏။

**၃-လွှာ၏ လုပ်ငန်းစဉ်ခရီး**

ပထဝီဓာတ်တပါး၌ ၄-လွှာရအောင် ခွဲစိတ်နည်းတို့တွင် ယခုဖော်ပြသော အလွှာသည်ကား ၃-လွှာ မျှသာ ရှိသေး၏၊ ရှေ့တွင် ဖော်ပြမည့်အလွှာများကား ဝိပဿနာဉာဏ်၏ အလွှာများဖြစ်၍ ဤနံပါတ် ၃-အလွှာထိ "ဉာတပရိညာ"ဟု ကျမ်းဂန်များတွင် ပိုင်းခြား၍ထားလေသည်။

## ဝိပဿနာ အလွှာနှင့် သမ္မသနဉာဏ်လုပ်ငန်းစဉ်

ဤသို့လျှင် ဉာတပရိညာ စခန်းဖြင့် ရုပ်လောက နာမ်လောက တို့၏ သဘာဝ လက္ခဏာကို ယထာဘူတ အသိဉာဏ်ဖြင့် အပိုင် သိမြင် ကြသော ကလျာဏ ယောဂီပုဂ္ဂိုလ် တို့သည် တီရဏ ပရိညာခေါ် ဝိပဿနာစခန်းသို့ တဘန် တက်လှမ်းကြရ ပြန်လေသည်။

တက်လှမ်း ကြရမည် ဆိုသော်လည်း လက်တွေ့ ဉာဏ်တွေ့ သဘောတွေ့နည်းကိုလွတ်၍ တက်လှမ်းခြင်းငှာ မရနိုင်ပေ။

ထို့ကြောင့် နံပါတ်၃-အလွှာတွင် တရားဥက္ကောင်း သွင်းခဲ့သော သဘာဝလက်တွေ့ကို လက်ကိုင်ထား၍ ဝိပဿနာဉာဏ်နှင့် ၄-လွှာရအောင် ခွဲစိတ်ရဦးမည်။

ခွဲစိတ်ဝေဘန်ပုံမှာ ကြောင်းကျိုး ၂-ပါးကို နည်းလေးပါးတို့ဖြင့် သိမ်းဆည်းဆင်ခြင်သည်ရှိသော် ဝိဉာဏ်စွဲ ကြောင်းကျိုး ၂-ပါး ပျောက်သုဉ်း၍ " **ဆက်စပ်ခြင်း သဘောတရား ခေါ် သန္တတိခေတ်**"ထွက်ပေါ်လာပြန်လေသည်။

သန္တတိခေတ်သည် နံပါတ်၃-အလွှာမှ ထွက်ပေါ်လာသော လူစွမ်းကောင်းခေါ် သဘောတရား ဖြစ်ပေသည်၊ ထိုသဘောတရားကို ယောဂီ ပုဂ္ဂိုလ်တို့က လက်ခံ သိမ်းပိုက် ထားလျှင် သန္တတိခေတ် လူစွမ်းကောင်းရှိက ကြောင်းကျိုးရှိလာလိမ့်မည်၊ ကြောင်းကျိုး ရှိပြန်လျှင်လည်း မာမူ-ပျော့မူနှင့်တကွ ပညတ်တရားတွေပေါ်၍ သက္ကာယဒိဋ္ဌိ အစွဲဆရာကြီး စွဲယူမည်မှာ အမှန်ဖြစ်သောကြောင့် သန္တတိခေတ် လူစွမ်းကောင်း ကိုလည်း

ဝိပဿနာဉာဏ် သမ္မသနနှင့် လုပ်ထုံးနည်းဖွင့်၍ သတ်ကြရလိမ့်ဦးမည်၊ ယောဂီပုဂ္ဂိုလ်တွေ ပေါ့ဆမနေကြပါနှင့်အုံး၊ ကျွဲနှင့်ရင်ဆိုင် တွေ့ကြုံ နေသော ယောကျ်ားသည် ထိုတွေ့ကြုံသောရန်ကို မကြောက်မရွံ့ ရဲဝံ့စွာဖြင့် ခုခံတိုက်ဖျက်သလို သန္တတိသူရဲကောင်းကိုလည်း ဝိပဿနာအသိဉာဏ်လက်နက်ဖြင့် တိုက်ဖျက်ရန် အထူးအားထုတ်ရပေမည်၊ သို့ရာတွင် သန္တတိ လူစွမ်းကောင်းကို တိုက်ဖျက်လိုသော ယောဂီ ပုဂ္ဂိုလ်အား မြတ်စွာဘုရားက အင်္ဂါ ၅-ပါးနှင့်ပြည့်စုံရန် အရေးကြီးသည်ဟု ညွှန်ကြားပြန်လေသည်။

အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသော ယောကျ်ား အာဇာနည်မိန်းမ အာဇာနည် ပုဂ္ဂိုလ်တို့မှသာလျှင် သန္တတိခတ်ကို ချေဖျက်နိုင်ရာ၏၊ အင်္ဂါ ၅-ပါး မပြည့်စုံလျှင် မချေဖျက်နိုင်ဟုမှတ်ပါလေ။

ထို့ကြောင့် တိုက်ဖျက်လိုသော အာဇာနည်အမျိုးကောင်းသား သမီးတို့အတွက် အင်္ဂါ ၅-ပါးကို ထုတ်ဘော်၍ပြပေအံ့။

## ပြည့်စုံရန် အင်္ဂါ ၅-ပါးကို ပြချက်

(၁) ယုံကြည်မှု သဒ္ဓါတရားနှင့် ပြည့်စုံခြင်း အင်္ဂါ တပါး။

(၂) ကိုယ်လက်အင်္ဂါ ကျန်းမာခိုင်ခန့်ခြင်း အင်္ဂါ တပါး။

(၃) ဝမ်းတွင်းနှလုံး မြူစင်ဖြောင့်သုံးခြင်း အင်္ဂါ တပါး။

(၄) သူတပါးတို့နှင့် မတူမတန် ထက်သန်သော လုံ့လဝီရိယနှင့် ပြည့်စုံခြင်း အင်္ဂါတပါး။
(၅) ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ပေါ်မှု ချုပ်ကွယ်မှုတို့၌ စူးယှသော ဉာဏ်အမြင်နှင့် ပြည့်စုံခြင်း အင်္ဂါတပါး။

ဤသို့အားဖြင့် သန္တတိဓာတ်ကို ဖြတ်လိုသောယောဂီပုဂ္ဂိုလ်တို့သည် အင်္ဂါ ၅-ပါးနှင့်ပြည့်စုံရန် လိုအပ်ပေသည်။

၁။ ယုံကြည်မှု သဒ္ဓါတရားနှင့် ပြည့်စုံခြင်း ဆိုသည်မှာ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ် အရဟတ္တ မဂ်ဉာဏ်တော်ကို ယုံကြည်ခြင်းပင် ဖြစ်သည်၊ ပါဠိတော်၌ မြတ်စွာဘုရားကိုသာ ပဓာနပြသော်လည်း မိမိဆည်းကပ် ကိုးကွယ်သော ကမ္မဋ္ဌာန်းပြ ဆရာနှင့် မိမိ အားထုတ် သော တရား လုပ် ငန်း စဉ် တို့၏ အပေါ်၌လည်း ယုံကြည်မှုသဒ္ဓါတရားနှင့် အထူးပြည်စုံရမည်ဟု ဆိုလိုသည်။

**မှတ်ချက်။** ။ဝိပဿနာ လုပ်ငန်းစဉ်အရ ဝေဘန်လျှင် အောက်ဖြစ်သော နာမရူပ ပရိစ္ဆေဒဉာဏ် ပစ္စယ ပရိဂ္ဂဟ ဉာဏ် နှစ်ပါးတို့၏ လုပ်ထုံးနည်းကို ပေါက်ရောက်သဖြင့် သဘာဝဉာဏ် ရင့်သန်သော ယုံကြည်မှု မျိုးကို ဆိုလို၏။

၂။ ကိုယ်လက်အင်္ဂါ ကျန်းမာခိုင်ခံ့ခြင်းနှင့် ပြည့်စုံခြင်း ဆိုသည်မှာ ပဥ္စင်္ဂုတ္တိုရ် ပါဠိတော်အဖွင့်၌ "သမဝေပါကိနိယာ ဂဟဏိယာ သမန္နာဂတော"စသည်ဖြင့်ဟောကြားတော်မူသောကြောင့် ပရိပါစက ဝမ်းမီးဓာတ်သည်အလယ်အလတ်ဖြစ်သော ဝမ်းမီးဓာတ်နှင့် ပြည့်စုံရန်ကို အထူး ဘော်ပြထားလေသည်။

အလွန်ပူလွန်းသော ဝမ်းမီးဓာတ် အလွန်အေးလွန်းသော ဝမ်းမီးဓာတ် တို့သည် ကျန်းမာခိုင်ခံ့ခြင်း သဘောတရားကို မဆောင်နိုင်ကြပေ၊ မဆောင်ရွက်နိုင်ကြ သောကြောင့် ယခု ခေတ်တွင် မီးယပ်ပိန် ဒူလာခြောက် ဝေဒနာရှင်တို့မှာ တိုးလုံး နာပင်မဟုတ်သော်လည်း မတ်တတ်နာ ဝေဒနာသယ်များသာ များကြလေသည်။

ထိုဝေဒနာ သယ်တို့မှာ ကျန်းမာသော ပုဂ္ဂိုလ်တို့ကဲ့သို့ သွားလာ လုပ်ကိုင်နေကြသော်လည်း အပူနှင့် တွေ့သောအခါ အပူဒဏ်ကို မခံနိုင်ကြပေ၊ အအေးနှင့် တွေ့ပြန်သော်လည်း အအေးဒဏ်ကို မခံနိုင်ကြပေ၊ ထိုပုဂ္ဂိုလ်တို့အား ကိုယ်လက် အင်္ဂါ ကျန်းမာခိုင်ခံ့ခြင်းတည်းဟူသော ဒုတိယ အင်္ဂါမပြည့်စုံ ကြခြင်းဖြစ်သည်။

ဆိုလိုရင်း၏ သဘောမှာ ပရိပါစက, ဝမ်းမီးဓာတ်သည် ညီမျှသောအားနှင့် အချင်းခပ်သိမ်း ပြည့်စုံနေရမည်၊ အပူနှင့် အအေး တွေ့သော်လည်း တစုံတရာ ဘောက်ပြန်ခြင်း မရှိဘဲ ကျန်းမာသော ရုပ်အစဉ် ပြည့်စုံ၍ နေရမည်၊ **အစားအစာ အမျိုးမျိုးတို့ကြောင့်လည်း**ဘောက်ပြန်ခြင်းမရှိ အလွန်ခန့်ကျန်း သန်မာသော ရုပ်အစဉ်အမြဲရှိနေမှုကို ဒုတိယအင်္ဂါနှင့် ပြည့်စုံ သည်ဟုမှတ်။

(၃) ဝမ်းတွင်းနှလုံး ဖြူစင်ဖြောင့်သုံးခြင်းနှင့် ပြည့်စုံခြင်း ဆိုသည်မှာ ပါဠိတော်၌ (အသဌော ဟောတိ၊ အမာယာဝီ ယထာဘူတံ အတ္တာနံ အဝိကတ္တာ) စသည်ဖြင့် ဟောကြား တော်မူသောကြောင့်ကမ္မဋ္ဌာန်းဆရာ၏ အပေါ်၌ရင်း၊ မိမိထက်

အသိဉာဏ် ကြီးမားသော အတူနေ သိတင်းသုံးဘော်တို့၏ အပေါင်းဖွဲ့ဝင်း၊ ကောက်ကျစ်စဉ်းလဲ လှည့်ပတ်ဖျားယောင်း ခြင်း မရှိမှု၍ ဖြစ်ပေါ်ရရှိသည့် သဘောမှန်ကို အတိအလင်း ထင်စွာပြနိုင်ခြင်းကို ဆိုလိုသည်။

လိုရင်းအဓိပ္ပါယ်မှာ မိမိစိတ်၏သန္တာန်၌ရှိသော မကောင်း အမှုအရာအကြံအစည် ဝါသနာ စရိုက် ကောင်းသောအမှုအရာ အကြံအစည် ဝါသနာ စရိုက်တို့ကို မထိမ်မချန် ဖြောင့်မှန်စွာ အတိအလင်းပြောဆိုနိုင်ခြင်း၊ မသိဘဲနှင့်အသိလုပ်ချင်မှု၊ မမြင် ဘဲနှင့်အမြင်လုပ်ချင်မှု၊ အနည်းငယ်မျှ သိမြင်သည်ကို အများကြီး သိမြင်သည်ဟု လုပ်ချင်မှု စသော ကောက်ကျစ်စဉ်းလဲခြင်း၊ လှည့်ပတ်ဖျားယောင်းခြင်းတို့ကို အနည်းငယ်မျှ မရှိရစေအောင် ဝမ်းတွင်းနှလုံး ဖြူစင်ဖြောင့်သုံးခြင်းနှင့် ပြည့်စုံခြင်းကိုဆိုလိုရင်း ဖြစ်ပေသည်။

**မှတ်ချက်။** ။ယခုခေတ် အချို့သော ဝိပဿနာ ယောဂီ ပုဂ္ဂိုလ်တို့သည် ကောက်ကျစ် စဉ်းလဲခြင်း လှည့်ပတ်ဖျားယောင်းခြင်းနှင့် ယှဉ်သော လုပ် ငန်းစဉ်တို့ကို တရားအလုပ်ဟု ယူဆနေကြ သောကြောင့် အထက်ပါ အင်္ဂါနှင့်ပြည့်စုံရန် ခဲယဉ်းနေချေပြီ။

(၄) ထက်သန်သော လုံ့လဝီရိယနှင့် ပြည့်စုံခြင်း ဆိုသည် မှာ မိမိ၏ သန္တာန်၌ စုဝင်နေသော အတ္တဒိဋ္ဌိ အတ္တာနုဒိဋ္ဌိ သက္ကာယဒိဋ္ဌိတရားတို့ကို "ရင်ဝလှံစူး ဦးခေါင်းမီးလောင်သော ယောကျ်ားကဲ့သို့" မနေမနား ကြိုးစားအားထုတ်ခြင်းနှင့်ယှဉ်

သော အာရဒ္ဓဝီရိယဖြင့် မဖြစ်မနေ အရိုးကြေကြေ အရေစုတ်စုတ် နောက်မဆုတ်ဘဲ မဖြစ်မနေ ဟူသော ဝန်ကိုထမ်းဆောင်ဘိသကဲ့သို့ ကြိုးစားသော လုံ့လ ဥဿာဟ တရားနှင့်ပြည့်စုံခြင်းကို ဆိုလိုသည်။

မြတ်စွာဘုရားဟော ပါဠိတော်၌ (ထာမံဝါဒဠှပရက္ကမော အနိက္ခိတ္တဓုရော) စသည်ဖြင့် လုံ့လဝီရိယတော်ကို ထုတ်ဘော်ပြထားသောကြောင့် သာမန်အားထုတ် ပြုလုပ်သော လုံ့လဝီရိယမျိုးကို မဆိုလို၊ ထက်သန်သော ကိုယ်အစွမ်း၊စိတ်အစွမ်းရှိသည်ဖြစ်၍ မြဲမြံ ခိုင်ခံ့သော အားလုံ့လတော်ဖြင့် မဖြစ်မနေထမ်းဆောင်အပ်သော ဝီရိယမျိုးကို ယူဆရမည်။

(၅) ပဉ္စမအင်္ဂါ၌ မြတ်စွာဘုရားသည် (ပညာဝါဟောတိ ဥဒယတ္ထဂါမိနိယာ၊ ပညာယ သမန္နာဂတော အရိယာယ၊ နိဗ္ဗေဓိကာယ သမ္မာ ဒုက္ခက္ခယဂါမိနိယာ) ဟု ဟောတော်မူသည်။

ပညာဝါ၊ ပညာရှိသည် မူလည်း။ ဟောတိ၊ ဖြစ်၏၊ ဥဒယတ္ထဂါမိနိယာ၊ ရုပ်တရား နာမ်တရားတို့၏ ခဏမစဲတသဲသဲ ဖြစ်ပေါ်၍နေမှု၊ ခဏမစဲတသဲသဲ ချုပ်ကွယ်၍ နေမှုတို့ကို အမှီလိုက်နိုင်ထသော။ အရိယာယ၊ ပုထုဇဉ်သာမန်လူသာမန် နတ်သာမန်တို့နှင့် မတန်မရာ မွန်မြတ်စွာထသော။ နိဗ္ဗေဓိကာယ၊ ကျောက်အတိပြီးသော တောင်ထွဋ် တောင်အထုတို့ကို၊ မှုန်မှုန် ညက်ညက်၊ ရက်ရက် ရဲရဲ၊ ဝက်ငက်ကွဲအောင်၊ ခွဲနိုင်သော ဝရဇိန် မိုးကြိုးသွား အလားကဲ့သို့ရုပ်ခဲ နာမ်ခဲ၊ ငရမတ်ခဲ မာတင်ခဲတို့ကို ရက်ရက်ရဲရဲ ခွဲစိတ်နိုင်

သော အစွမ်းသတ္တိလည်းရှိထသော။ သမ္မာ၊ မချွတ်မယွင်း။ ဒုက္ခက္ခယ ဂါမိနိယာ၊ ဝဋ်ဒုက္ခတို့၏ ကင်းရာ ကုန်ရာ စခန်းသို့ တန်းတန်း ဖြောင့်ဖြောင့်၊ မထောင့်မကွေ့၊ ချမ်းမြေ့ ပိုင်ပိုင် ဆိုက်ရောက်စေနိုင်ထသော။ ပညာယ၊ ဝိပဿနာဉာဏ် ပညာနှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။

ဆိုလိုရင်း အဓိပ္ပါယ်မှာ သန္တတိ ဓာတ်ကို ချေဖျောက် ဖျက်ဆီးနိုင်သော ဝိပဿနာ အသိဉာဏ်ပညာနှင့် ပြည့်စုံရမည်ဟု ဆိုလိုသည်။

ထိုဝိပဿနာအသိဉာဏ်ပညာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့ကို တိဟိတ်ပုဂ္ဂိုလ်ဟု မှချမှတ်ယူနိုင်လေသည်။ ဤယခု ဘော်ပြခဲ့ ပြီးသော အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည် ယခု ဘဝ၌ မဂ်ဖိုလ်ကို ရနိုင်လေတော့သည်။
ဒွိဟိတ် ပုဂ္ဂိုလ်၊ အဟိတ် ပုဂ္ဂိုလ်မျိုးတို့ကား ယခုနောက် ဆုံး ပြသော အင်္ဂါနှင့် မပြည့်စုံနိုင်ပေ။

ထို့ကြောင့် ယခုဘဝ နှင့် မဂ်ဖိုလ်ကို ယူလိုကြကုန်သော ယောကျ်ားအာဇာနည် မိန်းမအာဇာနည် တိဟိတ် ပုဂ္ဂိုလ်တို့ သည် ဤအင်္ဂါ ၅-ပါးနှင့် ပြည့်စုံရန် အလွန် အရေးကြီး သောကြောင့် ၎င်းအင်္ဂါ ၅-ပါးကို ဝိပဿနာ ဉာဏ်အရာ၌ ထုတ်ဘော်ထားသော အင်္ဂါဟု ခေါ်နိုင်လေသည်။

ပါဠိတော်နှင့် တကွ အဋ္ဌကထာ ကျမ်းကြီး တို့၌ကား ၎င်းအင်္ဂါ၅-ပါးကို 'ပဓာနိယင်္ဂတရား'ဟု ဆိုကြ လေသည်။ ပဓာနိယင်ဆိုသည်မှာ ယခုဘဝနှင့် မဂ်ဖိုလ်သို့ ပေါက်ရောက်

လိုသော ဝိပဿနာ ယောဂီ ပုဂ္ဂိုလ်တို့အား ဤအင်္ဂါ၅-ပါးသည် ပြဋ္ဌာန်းသော ပဓာန အချက်ကြီးဖြစ်၍ အမြဲကြေကြေ အရေစုတ်စုတ် နောက်ဆုတ်ကြဘဲ ပြုလုပ်ရမည်။ ဝီရိယခေတ်သည် ပဓာနမည်၏။ ထိုပဓာန အင်္ဂါ ၅ ချက်နှင့် ပြည့်စုံသူကို ပဓာနိယ ပုဂ္ဂိုလ်ဟု ခေါ်သည်၊ ထိုပုဂ္ဂိုလ်အား ထိုက်တန်သော အကြောင်းကို ပြဆိုအပ်သော အင်္ဂါ ၅-ပါး တရားတော်သည် ပဓာနိယင်္ဂ တရားမည်၏။

ဤယခု ပြဆိုအပ်ခဲ့ပြီးသော အင်္ဂါ၅-ပါးနှင့် ပြည့်စုံရန် ဝိပဿနာ အရာ၌ အလွန်အရေးကြီးလေသောကြောင့် သန္တတိခေတ်၏ သဘာဝကို ထုတ်မပြမီ ရှေးဦးစွာ အင်္ဂါ၅-ပါးကို ထုတ်ဆောင်၍ ပြရပေမည်။

သန္တတိခေတ်ဆိုသည်မှာ ယောဂီ ပုဂ္ဂိုလ်တိုင်း ပါးစပ်ဖျား တွင် ပြောဆိုနေကြသော မြွေမြွေကလေးခေါ် သဘော တရားပင်ဖြစ်သည်။ ထိုမြွေမြွေကလေးကိုပင် ဝိပဿနာ တရား သမားများ သောင်တင်နေတတ်ကြလေသည်။

သောင်တင်နေပုံမှာ ငါ-သူတပါး ယောကျ်ား, မိန်းမ မရှိ သဘောတရားခေတ် သတ္တိ မြွေမြွေကလေးသာ ရှိ၏၊ ၎င်း မြွေမြွေကလေးကို အနတ္တခေတ်စစ်ဟူ၍ ရှေ့သို့ ဝိပဿနာဉာဏ် အဟုန်မတက်ကြဘဲ တရားဥက္ကောင်းသွင်း၍ မဂ်ဖိုလ်ဟု ယူဆ နေကြသည်။

ထို့ကြောင့် သန္တတိခေါ် မြွေမြွေကလေး၏သဘောတရားကို လုပ်ငန်းစဉ်၌ ပေါ်လွင်လာအောင် လက်တွေ့ နည်းကို ရှင်းပြ ပေအံ့။

သန္တတိ ဆိုသည်မှာ ပါဠိ အခေါ် ဖြစ်သည်၊ မြန်မာလို အဓိပ္ပါယ်ပြန်ဆိုလျှင် ဆက်စပ်ခြင်းကို ခေါ်သည်။ "ဆက်စပ် ဟူသည်" ရုပ်တရား နာမ်တရားတို့၏ အစဉ်မပြတ် ဖြစ်ပေါ် နေခြင်းပင် ဖြစ်သည်။

ဖြစ်ပေါ်နေပုံမှာ ရုပ်တရား နာမ်တရားတို့သည်။ အချင်း ချင်း ဆက်စပ်လျက် ဖြစ်ပေါ်နေကြလေသည်။ မာမှုဟူသော သဘောတရားသည် ဝိညာဏ်နယ် လောကကြီး၌ မာသည်ဟု ပြောနိုင်လောက်အောင် (ဝါ) အထင်ကြီး ထင်မှတ်အောင် ပြုလုပ်သည့် တရားခံမှာ သဘာဝဓမ္မခေါ် ဆက်စပ်ခြင်းတို့ပင် ဖြစ်သည်။ ထိုဆက်စပ်ခြင်းတို့၏ အားအရှိန်, ထင်ရှားဖြစ်ပေါ် လာခြင်းကိုပင်လျှင် ဝိညာဏ်စွဲ ဆရာတို့က မာမှုပျော့မှုဟု ခေါ်ဝေါ်ကြလေသည်။

ထို့ကြောင့်မာမှု-ပျော့မှုဖြစ်ပေါ်လာခြင်း၏ရေသောက်မြစ် သဘောတရားကိုရှာလျှင်ဆက်စပ်ခြင်းသဘောတရားအစုကိုသာ တွေ့ရှိကြပေလိမ့်မည်။

ထိုအတူ ပူမှု-အေးမှု-ဖွဲ့စည်းမှု-ယိုစီးမှုခေါ် သဘောတရား တို့သည်လည်း အလိုလိုပေါ်ထွက်လာနိုင်ကြခြင်း မဟုတ်နိုင်ပေ၊ ဆက်စပ်သောအရှိန်အဟုန်တို့၏ ထင်ရှားလာမှုကိုပင် ဝိညာဏ်စွဲ ဆရာတို့က မှည့်ခေါ်ကြခြင်းဖြစ်လေသည်။

ရုပ်လောကခေါ် သင်္ခတနယ်ကြီး တခုလုံးကို သိမ်းကြုံး၍ ဉာဏ်မျက်စိနှင့်ကြည့်ရှုလျှင် ဆက်စပ်ခြင်းခေါ် သဘာဝ ဓမ္မ တို့၏ အစဉ်မပြတ် တပါးနှင့်တပါး အချင်းချင်း ဖြစ်ပေါ် နေခြင်းတို့ပင် ဖြစ်သည်။

နာမ်လောကကြီးကိုလည်း ဤနည်း အတူ ရှုမှတ်ရမည်၊ ဆက်စပ်ခြင်းသည်လည်း အမျိုးမျိုး ရှိ၏၊ ရုပ်သဘာဝ တရားတို့၏ အချင်းချင်း ဆက်စပ်ခြင်း၊ နာမ်သဘာဝတို့၏ အချင်းချင်း ဆက်စပ်ခြင်း၊ ရုပ်သဘာဝနှင့်နာမ်သဘာဝတို့၏ အချင်းချင်းဆက်စပ်ခြင်း၊ ပူသော သဘာဝနှင့် အေးသောသဘာဝ၊ ကြမ်းတမ်းသော သဘာဝနှင့် သိမ်မွေ့သောသဘာဝတို့လည်း အစဉ်မပြတ် ဖြစ်ပေါ်လျက် ဆက်စပ်နေကြလေသည်။

ကြောင်း-ကျိုး ၂-ပါးတို့ကို သိမ်းဆည်းခဲ့သဖြင့် ထွက်ပေါ်လာသော သန္တတိခေတ်သည်ကား ရုပ်သန္တတိခေတ် မည်၏၊ ထို ရုပ် သန္တတိခေတ် နှင့် အဘွင်း အဇ္ဈတ္တ၌ ရှိသော ယောဂီပုဂ္ဂိုလ်တို့၏ အသိဉာဏ်ခေါ် နာမ်သန္တတိ ခေတ်နှင့်လည်း အစဉ်မပြတ် ဆက်စပ်လျက် ရှိနေကြလေသည်။

**ယခုပေါ်ပြမည့် သမ္မသနဉာဏ် ၄-လွှာ၏ စခန်းမှာကား အပြင်မှာရှိသော ရုပ်သန္တတိ သဘာဝနှင့် အတွင်းမှာရှိသော နာမ်သန္တတိ သဘာဝ တို့၏ အဆက်အစပ်ကို ရှေးဦးစွာ ဖြတ်တောက်ရမည့် လုပ်ငန်းစဉ် ဖြစ်ချေသည်။**

အပြင်မှာရှိသော ရုပ်သန္တတိနှင့် ယောဂီ ပုဂ္ဂိုလ် တို့၏ အတွင်းမှာ ရှိသော နာမ်သန္တတိကို အဆက်စပ် ပြတ်လျှင် ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့သည် ဗဟိဒ္ဓ ဖြစ်သော ရုပ်သန္တတိကို လွှတ်၍ အတွင်း အဇ္ဈတ္တ နာမ်သန္တတိ တခု ပေါ်မှသာလျှင် ဝိပဿနာဉာဏ် စူးစိုက်ရပေတော့မည်၊ ထိုအခါ ဥဒယဗ္ဗယ ဝိပဿနာဉာဏ်၏ လုပ်ငန်းစဉ် အရာဌာန ဖြစ်ပေ၏။

ယခု ပေါ်ပြမည့်လုပ်ငန်းစဉ်ကား သမ္မသန ဉာဏ်၏၊လုပ်ငန်းစဉ်ခေါ် အလွှာ ၄-လွှာ၏ လက်တွေ့ ခွဲစိတ်ပုံ၊ ဝိပဿနာဉာဏ်

အရာဌာနကို ပြမည်ဖြစ်သောကြောင့် ယောဂီပုဂ္ဂိုလ် တို့သည် သန္တတိဓာတ်၏ သဘောကို ဉာဏ်အမြင်ပေါက်အောင် ရှေးဦးစွာ မှနေ့သော် သိမ်းဆည်းတော်မူကြစေလို၏။

အထူးသတိပြုရန် အချက် — သန္တတိ၏ သဘောလက္ခဏာကို ကောင်းစွာ ဉာဏ်အမြင် မပေါက်ကြသေးသော ယောဂီ ပုဂ္ဂိုလ်တို့သည် မာမှု သဘောတရားတွေ့ ပူမှု အေးမှုသဘောတရားတွေ့ အစဉ်မပြတ် ဆက်စပ် ဖြစ်နေခြင်းကို သန္တတိဟုယူဆနေကြသည်ဤအယူအဆမျိုးသည်ကားဝိပဿနာ ၏ ဉာဏ်အရာတွင် တရားဥက္ကောင်းဆိုက်ရောက်လာသော(၀၁) ကြောင်း-ကျိုး ၂-ပါးကို သိမ်းဆည်း၍ ထွက်ပေါ် လာသော သန္တတိ မျိုးမဟုတ်ချေ၊ အောက်ဖြစ်သော နာမရူပ ပရိစ္ဆေဒ ဉာဏ်၌ အကြုံးဝင်သော သန္တတိမျိုးဖြစ်၍ အနိစ္စ ဒုက္ခ အနတ္တ ညာဏ်ဖြင့် ရှုခြင်းငှာ မထိုက်သော သန္တတိမျိုး ဟူ၍မှတ်။

ထို့ကြောင့် သန္တတိဓာတ်ကို ဝိပဿနာဉာဏ် အလင်း ပေါက်အောင် ထပ်မံ၍ ရှင်းပြဦးမည်။

## သန္တတိဓာတ် ၃-မျိုး

(၁) ပညတ်သန္တတိ။
(၂) ပရမတ်သန္တတိ။
(၃) ဝိပဿနာသန္တတိ ဤသို့ အားဖြင့် ၃-မျိုး ရှိ၏။

(၁) ပညတ်သန္တတိ၊ မြတ်စွာဘုရား ဟောကြားတော်မူအပ် သော ငါးရာ ငါးဆယ် ဇာတ်တော် တို့၌ ဖြစ်စဉ်ပေါင်း အမျိုးမျိုးတို့သည်ပညတ် သန္တတိ မည်၏။

(၂) **ပရမတ်သန္တတိ၊** မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ပဋိစ္စသမုပ္ပါဒ်နည်း ပဋ္ဌာန်းနည်းအရပ်ရပ်တို့သည် ပရမတ်သန္တတိ မည်၏။
ပဋိစ္စသမုပ္ပါဒ်နည်း၌ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဏ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်၊ စသည်ဖြင့် ပရမတ် သဘောတရားတို့၏ ဖြစ်စဉ်ကို ဘော်ပြ ထားလေသည်၊ ပဋ္ဌာန်း နည်း၌လည်း ပစ္စည်း ပစ္စယုပ္ပန် အမျိုးမျိုးတို့ဖြင့် ရုပ်ဓမ္မ နာမ်ဓမ္မတို့ကို ဆက်စပ်၍ ပြထားသောကြောင့် ပရမတ်သန္တတိဟု ဆိုလိုသည်။

(၃) **ဝိပဿနာသန္တတိ၊** ရုပ်ဓမ္မ နာမ်ဓမ္မတို့ကို (ဝါ) မာမှုသဘော ပျော့မှုသဘောတရားတို့ကို နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယ ပရိဂ္ဂဟဉာဏ် ၂-ပါးတို့ဖြင့် သိမ်းဆည်း ဆင်ခြင်သဖြင့် ယောဂီပုဂ္ဂိုလ်တို့၏အသိဉာဏ်၌ မာမှုပျော့မှုအကြောင်းအကျိုး သဘာဝ ဓမ္မတို့သည် ဆိတ်သုဉ်း၍ ထွက်ပေါ်လာသော ဆတ်ဆတ်သော သဘောတရား ခဏသတ္တ အခိုးအငွေ့ ခေါ် မြွေ့-မြွကလေးဖြစ်သည့် သန္တတိမျိုးကို ဆိုလိုသည်၊
ထိုသန္တတိမျိုးကား အလွန်သိမ်မွေ့နူးညံ့လှသဖြင့် မာသည်ဟူ၍ရင်း၊ ပျော့သည်ဟူ၍ရင်း၊ ပူသည် အေးသည် ဟူ၍ရင်း၊ ပြောပြစရာ စွဲယူစရာ, မရှိ သောကြောင့် ကလျာဏခေါ်

ယောဂီပုဂ္ဂိုလ်တို့၏ အသိဉာဏ်၌သာလျှင် ကျက်စားရာ အာရုံသဘောမျှသာ ဖြစ်သည့် သန္တတိခေတ်မျိုးပင်တည်း၊ ထိုသန္တတိခေတ်ကို မြင်မှသာလျှင် ဝိပဿနာဉာဏ် အမြင် ပေါက်ရောက်နိုင်လေသည်။

ထို့ကြောင့် ယောဂီပုဂ္ဂိုလ်တို့သည် သန္တတိ သဘောကို သာမန်မယူဆကြဘဲ လေးလေးနက်နက် ဝိပဿနာ သန္တတိအချက်ကို ကွက်ကွက် ကွင်းကွင်း ထင်လင်းစွာ မြင်နိုင် ကြစေရန်၊ (၄)လွှာကို ထုတ်ပြမီ ရှေးဦးစွာ သန္တတိ သဘောကို ထုတ်ပြရ ပါသည်ကြောင့် သန္တတိဉာဏ် အမြင်သန်ကြ၍ ဝိပဿနာဉာဏ် စခန်းသို့ အမြန်တက်လှမ်း ဆိုက်ရောက်တော်မူနိုင်ကြပါစေသတည်း။

◎ ◎ ☆ ◎ ◎




ပထဝီဓာတ်၌ ခွဲစိပ်ပုံအလွှာ ၄-လွှာ

သမ္မသနဉာဏ် လုပ်ငန်းစဉ် — တဘက်၌ ဖော်ပြပါ ပုံစံသည် ပထဝီဓာတ်ကို ခွဲစိပ်ရာ၌ (၄) လွှာ မြောက် ဖြစ်သော ပုံစံ ဖြစ်လေသည်။

ထိုပုံစံ၌ မြတ်စွာဘုရားသည် အနတ္တလက္ခဏာသုတ်ဒေသနာတော်ကို ထုတ်ဖော် ဟောရာ၌ ဝိပဿနာ လုပ်ငန်းစဉ်အတွက် သမ္မသနဉာဏ်ကို (၁၁)ပါးထား၍ ပြတော်မူလေသည်။

ထိုပြချက်အတိုင်း သင်္ခတဓာတ်ကို ဖြတ်တောက် လိုသော ယောဂီပုဂ္ဂိုလ်တို့သည် ထိုသင်္ခတဓာတ်၏ ခိုအောင်းရာဌာနကို ရှေးဦးစွာ ဉာဏ်မှာတွေ့အောင် ရှာဖွေရမည်။

တွေ့အောင်ရှာဖွေသော ဉာဏ်ကို သမ္မသနဉာဏ်ဟု ခေါ်သည်၊ သမ္မာသနဉာဏ် ဟူသော ပါဠိကို မြန်မာလို ပြန်ဆိုလျှင်လည်း စုံစမ်းရှာဖွေခြင်းပင် ဖြစ်သည်။ စုံစမ်းခြင်း ဆိုသည်မှာလည်း သင်္ခတ ဓာတ်တို့၏ ဆက်စပ်ခြင်း၊ နေရာ ဌာနကို သိအောင် ပြုလုပ်ခြင်းပင်ဖြစ်၍ ယခု ဖော်ပြထားသော ပုံစံသည် သင်္ခတ သူရဲကောင်း၏ ပုန်းအောင်း မှီခိုရာ နေရာအရပ်ကို ညွှန်ပြထားသော ပုံစံ ဖြစ်လေသည်။

**ဥပမာ** · ရန်-သူပုန်တို့ကို ဖြိုဖျက်လိုသော စစ်သူရဲကောင်းသည် ရှေးဦးစွာ ရန်သူ တို့၏ ပုန်းအောင်း မှီခိုရာ စခန်းချရာ နေရာ အရပ်ကို ကင်းထောက် စေလွှတ်၍ ကြိုတင် တိုက်ဖျက်သလို သင်္ခတ သူရဲကောင်း သူပုန်ကို အနိုင် တိုက်လိုသော ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့သည်လည်း သမ္မသနခေါ် ဝိပဿနာ

ဉာဏ်ဖြင့် ရှေးဦးစွာ သန္တတိသူရဲကောင်းသူပုန်တို့၏ မှီခိုပုန်းအောင်းရာဌာနကိုစုံစမ်းပြီးလျှင် တိုက်ဖျက်သုတ်သင်ရပေမည်။

သမ္မသနဉာဏ်ဖြင့် သုတ်သင် ရှင်းလင်းသော် သူပုန်တို့၏ မှီခိုရာဌာနသည် ပျက်စီး၍ ရန်သူပုန်တွေ ဖရိုဖရဲ ပြိုကွဲသောအခါတွင် ဥဒယဗ္ဗယခေါ် ဝိပဿနာစစ်သည်တော် တပ်မကြီးဖြင့် ကျူးပင်ခုတ်သော် ကျူငုတ်မကျန်ရအောင် သုတ်သင်ရှင်းလင်းရပေဦးမည်။

ထို့ကြောင့် ပုံစံတွင် ပြထားသည့်အတိုင်း ဆက်စပ်ခြင်းခေတ်တို့၏ ပုန်းအောင်းရာ ဌာနသည် ၁၁-ပါးရှိ၏။

ပုန်းအောင်းရာဌာန ၁၁-ပါး။ (၁)အတိတ်ကာလ၊(၂)ပစ္စုပ္ပန်ကာလ၊(၃)အနာဂတ်ကာလ၊(၄)အတွင်းသန္တာန်၊ (၅)အပသန္တာန်၊ (၆)ရုန့်ရင်းသောဓမ္မ၊ (၇)သိမ်မွေ့သောဓမ္မ၊ (၈)ယုတ်သောဓမ္မ (၉)မြတ်သောဓမ္မ၊(၁၀)ဝေးသောဓမ္မ၊ (၁၁)နီးသောဓမ္မ၊ ဤသို့အားဖြင့် ပုန်းအောင်းရာဌာနသည်၁၁-ပါးအပြားရှိ၏။

ထို၁၁-ပါးသော နေရာဌာနတို့ကို မြေကြီးတုတ် ကာဘာလုပ်၍ သန္တတိ သဘောတရားတို့သည် မှီခိုပုန်းအောင်းလျက်နေကြသောကြောင့် ယောဂီပုဂ္ဂိုလ်တို့သည် သာမန်ခေတ်မျက်စိဖြင့် မမြင်မတွေ့နိုင်ကြပေ၊မမြင်မတွေ့ကြသောကြောင့် အတိတ်ကာလ ဖြစ်ခဲ့ပြီးသော ရုပ်-နာမ်တရားတို့နှင့် ပစ္စုပ္ပန် ကာလအတွင်း၌ ဖြစ်နေသော ရုပ်-နာမ်တရားတို့ကို အတူတူ ဟူ၍ထင်မှတ်နေတတ်ခြင်း ပစ္စုပ္ပန် ကာလ အတွင်း၌ ဖြစ်သောရုပ်နာမ်တရားတို့ကိုလည်း အနာဂတ်ကာလ၌ ပါဝင် ဖြစ်နေသည်ဟု ထင်မှတ်နေကြလေသည်။

ထို့အတူ အပြင်၌ ဖြစ်ပေါ်နေသော ရုပ်နှင့် အတွင်း၌ ဖြစ်ပေါ်နေသော ရုပ်ကို အတူတူ ထင်မှတ်ခြင်း၊ အဝေး၌ ရှိသော ရုပ်နှင့် အနီး၌ရှိသော ရုပ်ကို တခုတည်းဟု ထင်မှတ်ခြင်း စသည်ဖြင့် သန္တတိခေတ်တို့၏ သဘောကို ဝိပဿနာ ခေတ်မျက်စိဖြင့် မမြင်မတွေ့ကြပေ။

သန္တတိခေတ်တို့၏ ပုန်းအောင်း မှီခိုရာ နေရာဌာနကို မသိ မမြင်ဘဲနှင့် အနိစ္စဟူ၍ရင်း၊ ဒုက္ခဟူ၍ရင်း၊ အနတ္တ ဟူ၍ရင်း ရှုမှတ် နေကြခြင်း တို့သည် ဝိညာဏ်သိ အနိစ္စ စခန်းသို့မင် ဆိုက်ရောက်နိုင်ဘို့ဝေးစွ၊ ပညာသိ အနိစ္စ မှာကား သာ၍ပင် ခဲယဉ်းလှလေသည်။

ထို့ကြောင့် သန္တတိခေတ် ပုန်းအောင်း မှီခိုနေပုံကို ယခု ပုံစံဖြင့် ဖော်ပြထားသည်မှာ အတိတ်ကာလနှင့် ပစ္စုပ္ပန်ကာလ သည်ဆက်စပ်ခြင်း သဘောတရား တခုမည်၏၊ အနာဂတ် ကာလနှင့် ပစ္စုပ္ပန်ကာလသည်လည်း ဆက်စပ်ခြင်း သဘော တရားတခုမည်၏။

ထို့အတူ အတွင်းသန္တာန်နှင့် အပသန္တာန် တို့သည်လည်း ဆက်စပ်ခြင်းတခုမည်၏၊ ရုန့်ရင်းသော ဓမ္မနှင့် သိမ်မွေ့သော ဓမ္မ၊ ယုတ်သောဓမ္မနှင့်မြတ်သောဓမ္မ၊ ဝေးသောဓမ္မနှင့်နီးသော ဓမ္မတို့သည်လည်း ဆက်စပ်ခြင်း သဘောတရားတို့မည်၏။

ထိုဆက်စပ်သော သဘောတရားတို့ကို သမ္မသနဉာဏ်ခေတ် မျက်စိဖြင့် မြင်အောင် ရှုကြည့်ပြီးသော ယောဂီပုဂ္ဂိုလ်တို့သည် အနိစ္စ၏ လက္ခဏာကို ဉာဏ်အမြင်ဆိုက်အောင် တဖန် သုံးသပ် ဝေဘန်ရမည်။

ဓဝဘာန်ဆင်ခြင်ပုံမှာ အတိတ်ကာလအတွင်း၌ ဖြစ်သော ရုပ်-နာမ်တရားတို့သည် ပစ္စုပ္ပန်ကာလသို့ မပါမရောက်ကြဘဲ ထိုအတိတ်ကာလ အတွင်းမှာပင် ကုန်ဆုံး ချုပ်ပျောက်လေ သောကြောင့် ထိုတရားအစုတို့ကို အနိစ္စဟု ဉာဏ်မှာ ထင်မြင် အောင် ရှုရမည်။

"ထင်မြင်အောင်ရှု"ဆိုသည်မှာလည်း ပုတီးကုန်းကို ကိုင် တွယ်၍ ပုတီးစိပ်သလို တလုံးစိ-တလုံးစိ အနိစ္စ-အနိစ္စဟု ရွတ် ဆို၍ ရှုမှတ်ရမည်မဟုတ်ပေ၊ ယခုဘော်ပြသော သဘောတရား တို့ကိုဉာဏ်အမြင်ထင်လာအောင်(ဝါ)တလောကလုံး အနိစ္စထင် မြင်လာအောင် (ဝါ) သန္တတိခေတ်တို့၏ ဆက်စပ်ခြင်း သဘော တရားတို့ကို မနေ့ာတွေ့ သဘောတွေ့ဖြစ်အောင် သုံးသပ်ခြင်း ကိုပင် ဆိုလိုသည်။

အပ-သန္တာန်၌ ဖြစ်သော ရုပ်နာမ်ဓမ္မ တရားအစုတို့သည် လည်း အတွင်းသန္တာန်သို့ မရောက်ကြဘဲ ထိုအပသန္တာန် အဘွင်း၌ပင်လျှင် ကုန်ဆုံးချုပ်ပျောက် ရလေသောကြောင့် ၎င်းတရားတို့ကို အနိစ္စဟုခေါ်သည်၊ ဤသို့အားဖြင့် ၁၁-ပါး သော သန္တတိ သဘောတရားတို့၌ အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ် ထင်မြင်အောင် သုံးသပ်ဆင်ခြင်ရလေသည်။

ထိုသို့ ဆင်ခြင်ပွားများသဖြင့် ယောဂီပုဂ္ဂိုလ်တို့၏ အသိ ဉာဏ်၌ ဆက်စပ်သော သန္တတိခေတ်သည် ကင်းပြတ်၍ အနိစ္စ ဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ် ထင်မြင်ပေါ်လာလိမ့်မည်။

ဤသို့ ထင်မြင်လာသော အနိစ္စဉာဏ်မျိုး သည်ကား ဝိဉာဏ်မြင် အနိစ္စမျိုးသာဖြစ်သေး၏၊ ပညာမြင် အနိစ္စစစ်မှာ ကား အထက်ဖြစ်သော ပဟာနပရိညာခေါ် ဘင်္ဂဉာဏ်ကစ၍ အနုပဿနာ ၇-ပါးတွင် ထင်ရှားပေလိမ့်မည်။

ထို့ကြောင့် ဝိပဿနာယောဂီပုဂ္ဂိုလ်တို့ အထူးသတိပြုရန် မှာ သန္တတိခေါ် ဆက်စပ်ခြင်းသဘောတရားကို သမ္မသနဉာဏ် ၁၁-ချက်ဖြင့် ဝိပဿနာတင်၍ အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တ ဉာဏ် ထင်မြင်အောင် သုံးသပ်ဆင်ခြင်ရမည်။

**အနိစ္စအစစ် ဟုတ်,မဟုတ်**

ဤသို့ ဆင်ခြင် သုံးသပ်သည် ရှိသော် ယောဂီ ပုဂ္ဂိုလ်တို့၏ အသိဉာဏ်၌ အတိတ် ကာလနှင့် ပစ္စုပ္ပန်ကာလတို့သည်၎င်း၊ အနာဂတ်ကာလနှင့် ပစ္စုပ္ပန်ကာလတို့သည်၎င်း ကာလသုံးပါး၏အတွင်း၌ ဖြစ်ပေါ် နေကြသောရုပ်ဓမ္မ နာမ်ဓမ္မခေါ် သဘာဝ ဓမ္မတို့သည် မိမိ၏ သက်ဆိုင်ရာ ကာလအတွင်း၌ သာလျှင် ဖြစ်ပေါ်ကြ၍ အခြား တပါးသော ကာလသို့မရွှေ့မပြောင်းနိုင်ကြဘဲ အနိစ္စဓမ္မ၊ ဒုက္ခ ဓမ္မ၊ အနတ္တဓမ္မ သဘောတရားသို့သက်လျှောကျရောက်ကြလျက် သန္တတိခေတ် ကင်းပြတ် ချုပ်ငြိမ်းခြင်း သဘောတရားသို့ ဉာဏ် အမြင် ဆိုက်ရောက်ပေလိမ့်မည်။

ဤ ဆိုက်ရောက်ခြင်းသည် သန္တတိပြတ်သည် ဟူ၍၎င်း၊ အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ်ထင်သည်ဟူ၍၎င်း ခေါ်ဆို နိုင်သော်လည်း စင်စစ် အမှန်မှာ အနိစ္စစစ် မဟုတ်သေးပေ၊ 
7 ဝိဉာဏ်မြင် အနိစ္စလောက်သာ ရှိသေး၏။

ထိုအနိစ္စမျိုးကို လက်တွေ့နည်းနှင့် ဖော်ဘန်သော် သန္တတိအကြမ်းသာ ကင်းပြတ်သော အနိစ္စမျိုးဖြစ်ချေသည်၊ တနည်းမှာအဇ္ဈတ္တနှင့် ဗဟိဒ္ဓနှစ်ပါး ဆက်စပ်ရာတွင် ဗဟိဒ္ဓခေါ် အပြင်သန္တတိခါတ်သာ ကင်းပြတ်သေး၍ အတွင်းအဇ္ဈတ္တ သန္တတိခါတ်ကြွင်းကျန်လျက် ရှိနေသော အနိစ္စမျိုးဟူ၍ မှတ်လေ။

ဤဖော်ပြလိုက်သော လက်တွေ့နည်းသည် ဒေသနာနည်းလောက်ကို ဉာဏ်တွေ့ သဘောတွေ့ တွေ့နေ၍ အနိစ္စ ဒုက္ခ အနတ္တ လုပ်နေကြသော ပုဂ္ဂိုလ်တို့သည် ဉာဏ်မှီကြမည် မဟုတ်ပေ၊ ဝိပဿနာအလုပ်ကို ဆရာကောင်းထံမှာနည်းခံ၍အားထုတ်ကြသော အာရဒ္ဓ ဝိပဿက ယောဂီပုဂ္ဂိုလ်တို့မှသာလျှင် ဉာဏ်အမြင်စင်ကြယ်၍ ဟုတ်မှန်ကြောင်း ဝန်ခံနိုင်ပေလိမ့်မည်။

သန္တတိကြမ်းကို ဖြတ်သော ဝိညာဏ်စွဲ ဝိဉာဏ်မြင် အနိစ္စမျိုးကိုပင် လက်တွေ့နည်းပေါက်မှ ထင်မြင်နိုင်သောကြောင့် ပညာမြင် အနိစ္စစစ်မှာကား အဘယ်ဆိုဘွယ်ရာ ရှိတော့မည်နည်း၊ သာ၍ပင်မြင်နိုင်ခဲ၏။

ဤသို့လျှင် ဆက်စပ်ခြင်းဟူသော သန္တတိခါတ်ကို သမ္မသနဉာဏ် ၁-ပါးဖြင့် ခွဲစိတ်ဝေဘန်လိုက်သော် အနိစ္စသဘောဒုက္ခ သဘော အနတ္တသဘော တို့သည် ယောဂီပုဂ္ဂိုလ်တို့၏ အသိဉာဏ်၌ မကွယ် မဝှက်ဘဲ ထွက်ပေါ် လာလေရကား သန္တတိပြတ်သော် မည်သည့် သဘောတရား ကြွင်းကျန်ပါသနည်း၊ ထပ်၍ တဘန်-ဝေဘန်သိမ်းဆည်းရမည်။

ဝိပဿနာတရားဆိုသည်မှာ အစကို တွေ့လျှင် အဆုံးတိုင်အောင် လိုက်ရမည်ဟု ဥပဒေ ထုတ်ပြခဲ့သည့်အတိုင်း မာမူ ပျော့မှု ဆိတ်သုဉ်းသော ကြောင်းကျိုး ထွက်ပေါ်လာ၏၊ ကြောင်းကျိုးကိုတဖန် နည်းလေးပါးနှင့် ဝေဘန်၍ သိမ်းဆည်းပြန်သော ကြောင်းကျိုးဆိတ်သုဉ်း၍ သန္တတိခေါ် ဆက်စပ်ခြင်းထွက်ပေါ်လာပြန်၏။

ရင်းသန္တတိကိုပင် သမ္မသနဉာဏ် ၁၁-ချက်ဖြင့် မွှေနှောက်၍ ဖြတ်တောက် ပြန်သော ဝိညာဏ်မြင် အနိစ္စ ဒုက္ခ အနတ္တ ထွက်ပေါ်လာ၏၊ ထို-ဝိညာဏ်မြင် အနိစ္စ ဒုက္ခ အနတ္တကို ပညာမြင် အနိစ္စ ဒုက္ခ အနတ္တဖြစ်အောင် ဆက်လက်၍ လုပ်ထုံးနည်းဖွင့်ရပေဦးမည်။

လမ်းဆုံးလျှင် ရွာကို တွေ့ရမည် ဟူသော ဥပမာ အတိုင်း ယခု အခါ လမ်းမဆုံးသေး၍ ရွာကို မတွေ့သေးသော်လည်း တွေ့အောင်လုပ်ထုံးနည်းကို ဖွင့်ရပေလိမ့်မည်။

လုပ်ထုံးနည်းဖွင့်ပုံမှာ သမ္မသနဉာဏ် ၁၁-ချက်ဖြင့် သန္တတိခေတ်ကို ဖြတ်လိုက်သည်ရှိသော် တအာရုံ တကာလအကြားဟုခေါ်ဆိုအပ်သော သန္တတိခေတ် အကြွင်းသာ ပြတ်ကင်းနိုင်သေး၏၊ တအာရုံအတွင်း တကာလအတွင်းမှာ ဖြစ်ရှိနေသော သန္တတိခေတ်ခေါ် ဆက်စပ်ခြင်းတို့ကား ကြွင်းကျန်လျက် ရှိနေပေသည်။

ရှိနေပုံမှာ အတိတ်ကာလနှင့် ပစ္စုပ္ပန်ကာလ ၂-ပါးတို့၏ အကြားကို သမ္မသနဉာဏ်ဖြင့် ဖြတ်တောက်လိုက် သည်ရှိသော်

အတိတ်ကာလ တခုလုံးမှာ ရှိသော ဆက်စပ်ခြင်း သန္တတိ သဘောတို့သည်၎င်း၊ ပစ္စုပ္ပန် ကာလအတွင်းမှာ ဖြစ်ရှိနေကြသော သန္တတိခေတ် သဘောတို့သည်၎င်း၊ ကြွင်းကျန်လျက် ရှိနေကြလေသည်၊ ဝိပဿနာ ဉာဏ်မျက်စိဖြင့် မြင်အောင် ရှုကြည့်ကြပါ။

ဥပမာ တဲ့ပေါင်းများစွာရှိသော မီးရထားတွဲတို့ကို ၃-ပိုင်း ဖြတ်တောက်လိုက်သော အခါ တခုစီ ခွဲခြား၍ အပိုင်းပိုင်း ပြတ်သွား သော်လည်း တပိုင်းပိုင်း၌ တွဲပေါင်းများစွာ ဆက်စပ်၍နေသေးသလို မှတ်ယူရမည်။

ထို့အတူ အတွင်းနှင့်အပြင် ၂-ပါးတို့၏ ဆက်စပ်ခြင်းကို ဖြတ်လိုက်သောအခါတွင်လည်း အတွင်းမှာရှိနေသော သန္တတိ အပြင်မှာရှိနေသော သန္တတိတို့သည်ကြွင်းကျန်လျက်ရှိနေကြ၏၊ အဘယ်ကြောင့် ဆိုသော် ၂-ခု တို့၏ အဆက်အစပ်ကိုသာ ဖြတ်သောကြောင့် တခုတည်းသော ကာလအတွင်းမှာ ဖြစ်ရှိနေသောသန္တတိခေတ်တို့သည် ကြွင်းကျန်ရလေသည်။

**သိမ်မွေ့သော သန္တတိ** ထိုကြွင်းကျန်သော သန္တတိခေတ်တို့ကို သိမ်မွေ့သော သန္တတိခေတ်ဟု ခေါ်သည်။ ထိုခေတ်တို့ကိုကား ဤသမ္မသနဉာဏ် လုပ်ထုံးနည်းဖြင့် ပြတ်အောင်ဖြတ်တောက်နိုင်သော အစွမ်းသတ္တိ မရှိနိုင်တော့ပေ။

အထက်ဖြစ်သော ဥဒယဗ္ဗယဉာဏ်၏ အရာဌာနသာဖြစ်သောကြောင့်တကာလ တအာရုံအတွင်းမှာ ၎င်းကြသော သန္တတိ

ဓာတ်သိမ်မွေ့ နူးညံ့သော ဆက်စပ်ခြင်း သဘာဝတရားကို အထက်ဉာဏ်သို့ (ဝါ) အထက်ရှုံးတော်သို့ တရားခံအဖြစ်ထား၍ စွဲချက်တင် ရပေလိမ့်မည်။

ယခု ဖော်ပြခဲ့သော စကားအစဉ်ဖြင့် သမ္မသနဉာဏ်၏ လုပ်ငန်းစဉ်ကို နံပတ်(၄)တွင်ထုတ်ဖော်၍ ဝိပဿနာ ယောဂီ ပုဂ္ဂိုလ်များ နှလုံးသွင်းနိုင်ရန် သန္တတိ ဓာတ်အကြွမ်းကို ဖြတ်တောက်ပုံနှင့်တကွ ရရှိသော ဝိပဿနာနည်းကို အစီရင်ခံစာ သွင်းအပ်ပါပြီ၊ သဘာဝဉာဏ်ဖြင့် မြင်အောင် ရှုနိုင်တော်မူကြပါစေသတည်း။

သမ္မသနဉာဏ် လုပ်ငန်းစဉ်ပြီး၏။

---

## ဥဒယဗ္ဗယဉာဏ် လုပ်ငန်းစဉ် (၁)

ဤသို့လျှင် သမ္မသနဉာဏ်ဖြင့် ပထဝီဓာတ်၌ ဉာဏ် ၄-လွှာ စခန်းကို ပုံစံနှင့်ထုတ်၍ ဝိပဿနာလုပ်ထုံးနည်းကို ထုတ်ဖော်၍ပြခဲ့ပေပြီ၊ ယခုအခါ၌ကား ပထဝီဓာတ်နှင့် ဉာဏ်၅-လွှာခေါ် ဥဒယဗ္ဗယ လုပ်ထုံးနည်းကို ပုံစံနှင့်တကွ ထုတ်ပြပေအံ့။

ဤ ၅-လွှာ လုပ်ထုံးနည်းစခန်း၌ကား တရားခံအဖြစ် စွဲချက်ယူရမည့် သဘာဝတရားမှာကား တအာရုံ တကာလ အတွင်းမှာရှိသော ဆက်စပ်ခြင်းခေါ် သန္တတိဓာတ် တို့ပင်တည်း၊ ထိုဓာတ်တို့ကိုကား သိမ်မွေ့သော သဘာဝများဖြစ်၍ သန္တတိအနုဟူ၍ ခေါ်ဆိုနိုင်လေသည်။

ထိုသိမ်မွေ့သော သန္တတိအနုတို့ကိုလည်း လက်တွေ့နည်းနှင့် စေဘန်ရဦးမည်။

ဝေဒနာပုံမှာ တအာရုံအတွင်း၌ ဖြစ်ပေါ်နေကြသော သန္တတိခေါ် ဆက်စပ်ခြင်း သဘောတရားတို့ကို လိုရင်း အရ ဝေဒနာလိုက်သည်ရှိသော် ဖြစ်သဘောနှင့် ပျက်သဘော ၂-ပါး သာရှိလေသည်၊ ထိုဖြစ်သဘောနှင့် ပျက်သဘောကို ပါဠိ အခေါ်မှာ ဥဒယဝယဟူ၍ခေါ်သည်၊ ဥဒယကား ဖြစ်ခြင်း သဘောပင် ဖြစ်သည်၊ ဝယ-ကား ပျက်ခြင်း သဘောပင် ဖြစ်သည်။

သန္တတိ ခေတ်ပေါင်းများစွာ စုပေါင်း၍ဖြစ်ကြသော်လည်း သဘာဝနည်းနှင့် လိုရင်းအရမှာ ဥဒယဝယ နှစ်ပါးတို့သာလျှင် ဖြစ်ကြလေသည်။

ထို့ကြောင့် သန္တတိခေတ်ကို သမ္မသနဉာဏ် ၁၁-ချက်နှင့် သိမ်းဆည်းဆင်ခြင်သော် သန္တတိပြတ်ကင်း၍ ဖြစ်ခြင်း ပျက်ခြင်း ၂-ပါး ထွက်ပေါ်လာသည်ဟု လိုရင်းကို မှတ်ရမည်၊ ဖြစ်ခြင်းပျက်ခြင်း ၂-ပါးကိုလည်း တဖန် ဥဒယဗ္ဗယဉာဏ်ဖြင့် ထပ်မံ၍ သိမ်းဆည်းရဦးမည်။

သို့မှသာ ဖြစ်သဘောနှင့် ပျက်သဘော ၂-ပါးချုပ်ငြိမ်း၍ သင်္ခတ လောကနယ်ကြီး ရုပ်သိမ်းနိုင်ပေလိမ့်မည်၊ သင်္ခတနယ် ရုပ်သိမ်းမှ အသင်္ခတခေတ်ကို ဉာဏ်မှာတွေ့မည်။

မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားဆိုသည်မှာ သင်္ခတနယ် ချုပ်ငြိမ်းမှတွေ့နိုင်သော သဘောတရားမျိုး ဖြစ်ချေသည်။

(ဥပ္ပါဒေါ သင်္ခါရာ အနုပ္ပါဒေါ နိဗ္ဗာနံ ဟူ၍ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ ဟောတော်မူရာ ဖြစ်ပေါ်သမျှ အလုံးစုံတို့သည် သင်္ခါရမည်၏၊ မဖြစ်ပေါ်ခြင်းသည် နိဗ္ဗာန်မည်၏ဟူရာ၌ ဖြစ်သဘောနှင့် ပျက်သဘောတို့သည် အစဉ်မပြတ် ဖြစ်ပေါ်နေခြင်းကို သင်္ခါရတရားဟူ၍ ခေါ်သည်၊ ထိုဖြစ်ခြင်း ပျက်ခြင်း ၂-ပါးတို့သည် ချုပ်ငြိမ်း၍ မဖြစ်ပေါ်ခြင်းကို နိဗ္ဗာန်ဟူ၍ ခေါ်သည်။

ယခုအခါ ယောဂီပုဂ္ဂိုလ်တို့သည် ဖြစ်ခြင်းသာရှိ၏ ပျက်ခြင်းသာရှိ၏ဟု ဉာဏ်အမြင်တင်နေဘတ်ကြလေသည်၊ ဤဖြစ်ခြင်း ပျက်ခြင်း ၂-ပါးမျိုးကို သိရုံနှင့် ဥဒယဗ္ဗယဝိပဿနာ နည်း၏ လုပ်ထုံးနည်းမဟုတ်သေးပေ။

အဘယ်ကြောင့် ဆိုသော် ဖြစ်သဘော ပျက်သဘောတို့သည် သင်္ခတလောကကြီး၌ အမြဲရှိသောကြောင့် ထိုဖြစ်ပျက် ၂-ပါးကို သိရုံနှင့် အကြောင်းမထူးလှပေ။

(အကြောင်းမထူးပုံမှာ) ဖြစ်သဘောနှင့် ပျက်သဘောရှိသော် သန္တတိခေါ် ဆက်စပ်ခြင်း သဘောတရားသည်လည်း ရှိမည်ဖြစ်၏၊ အဘယ်ကြောင့်ဆိုသော် ဆက်စပ်သည်ဆိုခြင်း၌ အခြား သဘောတရားတို့ ဆက်စပ်ခြင်း မဟုတ်ပေ၊ ဖြစ်ခြင်း ပျက်ခြင်း သဘောတရား အစုတို့ကိုပင် ဆက်စပ်ထားသောကြောင့် ဖြစ်ခြင်း ပျက်ခြင်း ရှိသည်ဟု ဝန်ခံသော ယောဂီပုဂ္ဂိုလ်အား သန္တတိခတ် သည်လည်း ရှိမည်အမှန်ဖြစ်ချေ၏၊ သန္တတိခတ်ရှိပြန်သော် ကြောင်း အကျိုး ပေါ်ထွက်လာလိမ့်

ဦးမည်၊ ကြောင်းကျိုး ပေါ်ထွက်ပြန်လျှင် မာမှု ပျော့မှု ဘာဘောတရားတွေ ထွက်ပေါ်၍ ပညတ် ၅-မျိုး ပေါ်လာပြီးလျှင် သက္ကာယဒိဋ္ဌိခေါ် အစွဲ တရားကြီး ထွက်လာမည်မှာ အမှန်ဖြစ်သောကြောင့် ဖြစ်ခြင်းပျက်ခြင်းသာ ရှိ၏ဟု ဝန်ခံနေကြသော ပုဂ္ဂိုလ်တို့အား အကြောင်းမထူးဟု ဆိုလိုသည်။

ထိုမှတပါး မြတ်စွာဘုရားသခင်သည်။ ဥဒယဗ္ဗယဉာဏ် နှင့်ပတ်သက်၍ အကျိုးတရားကို ထုတ်ဖော်ပြခဲ့သည်မှာ (ယောစ ဝဿသတံဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ၊ကောဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။)ဟူ၍ဟောကြားတော်မူရာအဓိပ္ပါယ်မှာ အကြင်သူသည် ဖြစ်ခြင်း ပျက်ခြင်းတရား ၂-ပါးကို နှလုံးမသွင်း မဆင်ခြင်သည်ဖြစ်ပါအံ့၊ အသက်ဘာရာရှည်ကြာစွာ နေရသော်လည်း အသက်ရှည်၍ မြတ်သော နေခြင်းဟု မခေါ်ဆိုနိုင်။

အကြင်သူသည်ကား ဖြစ်ခြင်း ပျက်ခြင်း တရား ၂ ပါးကို ဆင်ခြင်ပွားများ အားထုတ်၏၊ ထိုသူသည်ကား တနေ့တရက်ပင် အသက်ရှည်၍ နေရသော်လည်း မြတ်သော နေရခြင်း မည်၏။

ဤသို့ ဟောကြားတော်မူရာ၌ လက်တွေ့နည်း သဘာဝနှင့် ဇောဘန်လျှင် ဘော်ပြခဲ့သော ဖြစ်ပျက် နှစ်ပါးကို သာမန်သိရုံနှင့်ဖြစ်ခြင်း ပျက်ခြင်းကို မြင်သည်ဟု မဆိုနိုင်၊ ငါတို့သည် ဝိပဿနာတရား လိုက်ခါစတွင် ကမ္မဋ္ဌာန်းပြ ဆရာတဦးထံ၌ ဥဒယဗ္ဗယ ဝိပဿနာဉာဏ် ပွားများ အားထုတ် နည်းကို သင်ယူ၍ ကမ္မဋ္ဌာန်းထိုင်ဘူးရာ ရုပ်တရား နာမ် တရားတို့၏

ဖြစ်ပျက်ပုံကို အာရုံတွင်ထင်ဖွားဖွား ပေါ်ဘူးလေသည်၊ တခါ တရံ ကျမ်းဂန်တွင် ရေးသားသည့်အတိုင်း သဲကမ်းပါး ပြိုသလို ရုပ်တရားစု တို့သည် တအိအိနှင့် ပြိုပျက်၍ စိတ်အစဉ်၌ အနှစ် အသား မရှိသော အနတ္တဓာတ်ကို အာရုံတွေ့ ခံစားရဘူးလေ သည်။

**ပညာမြင် ဖြစ်ပျက်မဟုတ်**

ထိုစဉ်အခါက မိမိကိုယ်ကို ဝိပဿနာဉာဏ် ဆိုက်ပြီဟု ထင်မှတ်ခဲ့ရာ သာသနာပြုဆရာကြီး များနှင့် တဖန်တွေ့ကြုံပြန်လေသည်၊ ထိုအခါ ထွက်ရပ်ပေါက်တရားကို အဆုံးအမခံယူရာ ဂိုဏ်းဆရာကြီးများ က (ငါတပည့် သင့်မှာအာရုံစွဲ ဖြစ်ပျက်တွေ ခံနေသည်၊ ၎င်း ဖြစ်ပျက်မျိုးကား အနတ္တဉာဏ်ဆိုက်၍ ပညာမြင်ဖြစ်ပျက်မဟုတ် ပေ၊ ဈာန်(၅)မျိုးတို့တွင် သိမ်မွေ့သော အာရမ္မဏဈာန်ပေါ်မှာ တင်နေသည့် ဖြစ်ပျက်မျိုးဖြစ်၍ အဘယ်မှာ အစွဲပြတ်မည်နည်း၊ ပယောဂ အစွဲကောင်က လူယောင်ဆောင်၍ နေသောကြောင့် ငါတပည့်၏အစွဲ ဥဒယဝယဖြစ်ပျက်ကို ချွတ်ပစ်ရဦးမည်၊ အစွဲ ကြီးမားလာကာ ဝိပဿနာ ရန်သူကြီး ၁၀-ပါးနှင့်ပေါင်းလျှင် ဆရာကြီးက ချွတ်နိုင်လိမ့်မည် မဟုတ်)ဟု သာသနာပြုဆရာကြီး များက အဆုံးအမပေးဘူးလေသည်။

ထို့ကြောင့် ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့သည်လည်း ဖြစ် ခြင်း ပျက်ခြင်းသာရှိ၏၊ တလောကလုံး သတ္တုချလျှင်ဖြစ်ပျက် နှစ်ပါးသာရှိ၏ဟု စသည်ဖြင့် ဖြစ် ပျက် နှစ် ပါး အ ပေါ် မှာ ဝိညာဏ်စွဲဉာဏ်အမြင်တင်နေကြလျှင် ပညာမြင် အနတ္တဆိုက်ရန် ခဲယဉ်းပေလိမ့်မည်။

ဥဒယဗ္ဗယခေါ် လက်တွေ့ လုပ်ငန်းစဉ် မှာကား ဖြစ်ပျက်နှစ်ပါးတို့၏ သန္တတိလောကကြီး၌ မပေါ်နိုင်အောင် ပြာချနိုင်မှသာလျှင် အသန္တတိကို တွေ့မည်၊ ဝိညာဏ်စွဲ ဖြစ်ပျက်နှစ်ပါးဉာဏ်ထဲမှာ နေသမျှ ကာလပတ်လုံး အဘယ်မှာလျှင် သန္တတိလောကကြီး ချုပ်ငြိမ်းနိုင်ပါမည်နည်း။

ဗုဒ္ဓဝါဒီပုဂ္ဂိုလ်တို့ အထူးတောင်းတနေကြသော အသန္တတိခေါ် နိဗ္ဗာန်သည်ကား ထိုဥဒယဗ္ဗယ ဉာဏ်စခန်းမှ ပေါ်ထွက်လာနိုင်သော သဘာဝတရားမျိုးဖြစ်၍ ဤဉာဏ်၏ လုပ်ငန်းစဉ်သည် အကျဉ်းအားဖြင့် သန္တတိနယ်ကြီး ချုပ်ငြိမ်း၍ အသန္တတိနယ်သို့ဆိုက်ရောက်ရန် လုပ်ငန်းစဉ် ဖြစ်လေသည်၊ သန္တတိနယ်ဆိုသည်မှာလည်း ဖြစ်ပျက် ၂ ပါးတို့ပင်ဖြစ်သည်၊ ဖြစ်ပျက်နှစ်ပါးတို့၏ အစဉ်မပြတ် ဖြစ်ပေါ် နေခြင်းကို သန္တတိ တရားဟု ဆိုသဖြင့် ဖြစ်ပျက်ကို တွေ့နေရုံနှင့် အစွဲမကျွတ်နိုင်သေးပေ။

ထို ဖြစ်ပျက် နှစ်ပါးတို့သည် အစဉ်မပြတ် ဖြစ်ပေါ်လာခြင်းကို မဖြစ်ပေါ်အောင် ဝိပဿနာဉာဏ်နှင့် ပယ်သတ် ရမည်။ "**သတ်ရန်နည်းရှာပုံမှာ**" ဖြစ်သဘောနှင့် ပျက်သဘော တို့သည် သန္တတိလောကကြီး၌ အဘယ်ကြောင့် ပေါ်ထွက်လာရသနည်းဟု ပေါ်ထွက်လာနိုင်အောင် ပြုလုပ်အားပေးသောရေသောက်မြစ်ကို တွေ့အောင် ရှေ့ဦးစွာ ရှာဖွေရမည်၊ အစဉ်မပြတ် ဖြစ်သဘောနှင့် ပျက်သဘောတို့ ဖြစ်ပေါ်နိုင်မှုသည် ရေသောက်မြစ်ရှိသောကြောင့်သာ ဖြစ်နေနိုင်လေသည်။

ထို့ကြောင့် လုပ်ငန်းဥဉ်အမှန်သို့ ဆိုက်ရောက်လိုလျှင် ဖြစ်ပျက် သဘောတို့၏ ရေသောက်မြစ်ကို တွေ့အောင်ရှာပါ၊ တွေ့လျှင် ရေသောက်မြစ်ကိုဖြတ်ပါ၊ ရေသောက်မြစ်ပြတ်သော် အဘယ်မှ လျှင် ဖြစ်ပျက် ပေါ်နိုင်တော့မည်နည်း၊ မပေါ်နိုင်သော် သခ်တနယ်ကြီး ချုပ်ငြိမ်းရမည်မှာ မလွဲနိုင်ပေ၊ သခ်တနယ် ချုပ်ငြိမ်းမှုကို အသခ်တ တရားဟု ခေါ်သည်။

**စူဠသောတာပန်** သခ်တနယ် ချုပ်ငြိမ်းသွားသော ယောဂီပုဂ္ဂိုလ်တို့၏ အသဉာဏ်သည် ဒီကရီ ၅၄-တွင်ရှိသဖြင့် စူဠသောတာပန်ဟုခေါ်နိုင်သည်၊ ဤကား အကြမ်းသဘောမျှသာ ချုပ်ငြိမ်းခြင်းသို့ ဆိုက်ရောက်နိုင်သေး၏။

ဆိုလိုရင်းမှာ ဖြစ်ပျက် ၂-ပါးကို မှတ်နေရန် ရှုနေရန်မလိုလှပေ၊ ပေါ်မလာနိုင်အောင် ရေသောက်မြစ်ကိုသာ ဖြတ်နိုင်ရမည်၊ ရေသောက်မြစ်ဆိုသည်မှာလည်း အကျဉ်းအားဖြင့်ဖြေဆိုရလျှင် အစွဲ တရားတို့ ပင်တည်း၊ အောက်ဉာဏ်တွင် ပြခဲ့သော သာမန်အစွဲမျိုးမဟုတ်ပေ၊ အလွန်အရေးကြီးသော အစွဲတရားကြီးဖြစ်ပေ၏၊ ထိုအစွဲ တရား ကြီး ကို ဖြတ် တောက် နိုင် လျှင် သံသရာရေသောက်မြစ် အစွယ်ပြတ်သည်ဟုဆိုသည်၊ ကြွင်းကျန်သော နှစ်စွယ်တို့မှာ အားမရှိသဖြင့် (သစ်ပင်ကြီးခြောက်သွေ့၍) လဲပြိုကျသလို တနေ့နေ့တွင် ကျန် ၂-စွယ်တို့လည်း ကင်းပြတ်မည်ဟု မှတ်။

(မှတ်ချက်) ရေသောက်မြစ်အရ အနုသယ ရေသောက်မြစ်မျိုးကို ဆိုလိုရင်း မဟုတ်ပေ။

ထို့ကြောင့် အစွဲတရား ရေသောက်မြစ်ကို ဖြတ်နိုင်သော ဒိကရိကို ခွဲစိတ်၍ ပြရဦးမည်၊ ဒိကာရိခေါ်သော အသုံးအနှုန်းသည် ခေတ်အလိုက် သုံးနှုန်း၍သာ ခေါ်လိုက်သည်၊ ဆိုလိုရင်းမှာ ဖြတ်တောက်နိုင်သောအားကို ရေတွက်ဘော်ပြခြင်း ပင်ဖြစ်သည်။

ဂန္ဓာရီဝိဇ္ဇာလမ်းကို အားထုတ်ကြသော ဆရာကြီး တို့သည် ၁၀၈-နဝင်းခွင်ကို ရေချိန်ထား၍ စီမံလုပ်ကိုင်ကြလေသည်၊ ဓနသိဒ္ဓိစသော သိဒ္ဓိ ၁၀-ပါးကို ထုတ်ဘော်ထားရာ၌လည်း အမှတ်မဲ့ထားခဲ့သည်မဟုတ်ပေ၊ ၁၀၈-နဝင်း ဒိကရိ ကိုက်ညီ၍ ထားခဲ့သောကြောင့် သိဒ္ဓိလမ်းကို အားထုတ်ကြသော ဂန္ဓာရီ ဆရာကြီးတို့သည်လည်း နဝင်းကိုက်အောင် ရေချိန်ဖြင့် လုပ်ငန်းစဉ်ကို အားထုတ်ကြလေသည်။

မြတ်စွာဘုရားသည်လည်း ဝိပဿနာဉာဏ် ၉-ဆင့် လုပ်ငန်းစဉ်ကို ထုတ်ဖော်၍ပြရာ၌ ဒိကရိ ၁၀၈-ကို ရေချိန်ထား၍ ပြတော်မူသည်မှာ အဘိဓမ္မာနည်းဖြင့် သိနိုင်ပေသည်။ (သိနိုင်ပုံမှာ) လောကအတွင်း၌ မှီတင်းနေကြသော လူ နတ် ဗြဟ္မာ တိရစ္ဆာန် သတ္တဝါ အမျိုးမျိုး တို့ကို ဒိကရိနှင့် ဝေဘန်လျှင် ပုဂ္ဂိုလ် ၁၂-ယောက်သာရှိ၏။ ၎င်း ၁၂-ယောက်ကို တဖန် အကျဉ်းချုံးလိုက်သော် ပုဂ္ဂိုလ် ၄-မျိုးသာရှိ၏။

**ပုဂ္ဂိုလ်လေးမျိုးနှင့် ဒိကရိအား** (၁) ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊ (၂) သုဂတိ အဟိတ်ပုဂ္ဂိုလ်၊ (၃) ဒွိဟိတ်ပုဂ္ဂိုလ်၊ (၄) တိဟိတ်ပုဂ္ဂိုလ်အားဖြင့် ၄-မျိုးသာရှိ၏၊

၄-မျိုးဖြစ်ပေါ်နေရခြင်းမှာလည်း ရရှိအပ်သော ဒိကာရီ အား ချင်း, ပါဝါချင်းမတူသောကြောင့် ဖြစ်၏။

ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်တို့အား အဘိဓမ္မာနည်းအရ ဒိကာရီကို ၃၇-ဖြင့် ရေတွက်ပြတော်မူ၏၊ ၎င်း ၃၇-သည် ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်တို့ရအပ်သော ဒိကာရီအားမည်၏။

သုဂတိအဟိတ် ပုဂ္ဂိုလ်မှာကား ဒိကာရီ (၄၁) ထုတ်ပြတော် မူ၏။ ဒွိဟိတ်ပုဂ္ဂိုလ်တို့ကိုလည်း ဒိကာရီ(၄၁) တိဟိတ်ပုဂ္ဂိုလ်မျိုး ကား ဒိကာရီ(၄၅)အထိ ထုတ်ပြတော်မူသည်။ ထိုဒိကာရီတို့မှာ ပဋိသန္ဓေ ကံအားဖြင့် ပါလာကြသော ဒိကာရီမျိုးဖြစ်၍ မူလ ပဋိသန္ဓေ ဒိကာရီအားမည်၏။

ထိုမူလ ပဋိသန္ဓေ အားကို မြတ်စွာဘုရားသည် မူထားတော် မူပြီးလျှင် ဝိပဿနာဉာဏ် ၉-ဆင့်ပညာကို ဒိကာရီနှင့်ဖွင့်ပြတော် မူသည်မှာ မူလပဋိသန္ဓေ ဒိကာရီအား ၄၅-မှာ တိဟိတ်ပုဂ္ဂိုလ် အားဖြစ်သောကြောင့် ကျွက်ထိုက်သော ပုဂ္ဂိုလ် (ဝါ) ဉာဏ် ၉-ဆင့်ပညာ ပေါက်ရောက်နိုင်သော ပုဂ္ဂိုလ်ဟုခေါ်သည်။ ဤသို့ ခေါ်နိုင်ခြင်းသည် မူလပဋိသန္ဓေပညာကပင် ဒိကာရီ ၄၅-တွင် ပါဝါအား ရပ်တည်၍ ဖွားမြင်လာသော အာဇာနည် ပုဂ္ဂိုလ် ဖြစ်သောကြောင့် ကျွတ်ထိုက်သောပုဂ္ဂိုလ်ဟုခေါ်သည်၊ ဒိကာရီ ၄၅ ကို ပေါင်းသော် ၉-ဖြစ်၏။ ၎င်း ၉-ကို နဝင်းအိမ် ခေါ်၏။

ကျန်ပုဂ္ဂိုလ် ၃-ဦးတို့မှာကား မူလပဋိသန္ဓေကပင်ဒိကာရီအား (၄၅)မပြည့်သောကြောင့် ယခုဘဝတွင် မကျွတ်နိုင်ဟု ဆုံးဖြတ် တော်မူခဲ့လေသည်။

၁၀၈-နဝင်းခေတ်ကို ထက်ဝက်ခွဲသော် ၅၄-ပါးစီရ၏၊ ၅၄-ပါး ဒီကရီသည် လောကီဝိဇ္ဇာလမ်းတွင် အောက်သိဒ္ဓိ ၅-ပါးအထိ ပေါက်ရောက်သောဒီကရီဖြစ်သည်၊ လောကုတ္တရာ ဝိဇ္ဇာ လမ်း ဘက် တွင် လည်း တိဟိတ်ပုဂ္ဂိုလ်တို့၏ ဒီကရီသည် (၄၅)အဆင့်အတန်းတွင် ရပ်တည်၍ မူလအခြေခံ တည်စိုက် လာသောကြောင့် ပဝတ္တိအခါ အားထုတ်အပ်သောဉာဏ်ဝီရိယ ခေတ်တို့ တက်ကြွလာလျှင် ၁၀၈-နဝင်းဆုံးအထိ ပေါက်နိုင် လေသည်။

ထို့ကြောင့် ဝိပဿနာဉာဏ် ၉-ဆင့်အရာ၌ ဒီကရီနှင့် လုပ် ငန်းစဉ်အားကို စေ့ဘန်လျှင် ဥဒယဗ္ဗယ ဝိပဿနာ နည်းသည် ဒီကရီအား ၅၄-တွင် တည်ရှိသော လုပ်ငန်းစဉ်မျိုး ဖြစ်၍ သာမန်အသိဉာဏ်နှင့် မရနိုင်ပေ။

ဖြစ်ပျက် နှစ်ပါးတို့၏အရှိကို ဝိညာဏ်သိ လောကမှလွတ်၍ ပညာသိလောက ဖြစ်ပေါ်လာအောင် ရေသောက်မြစ် အစွဲ ကြမ်းကို ဖြတ်ရမည်၊ ရေသောက်မြစ် အစွဲကြမ်း ပြတ်လျှင် ဖြစ်ပျက် နှစ်ပါး ဟူသော သခ်တ လောကကြီးလည်း အလိုလို ချုပ်ငြိမ်းသွားလိမ့်မည်။

ဖြစ်သဘောနှင့် ပျက်သဘော အစဉ်မပြတ် ထွက်ပေါ်နိုင် ရန် အားပေးနေသော ရေသောက်မြစ် အကြမ်းကို ဥယဒဗ္ဗယ ဝိပဿနာ နည်းဖြင့် ဖြတ်ရန် ပုံစံနှင့် တကွ လုပ်ထုံးနည်းကို ထုတ်ပြပေအံ့။

—— ၀ ——


ဥဒယဗ္ဗယ-ဝိပဿနာဉာဏ်
မြစ်-ပျက်
၁
၂
၃
၄
သန္တတိ-အာရုံ-၄ချက်
၁
၂
၃
၄

# ဥဒယဗ္ဗယဉာဏ် လုပ်ငန်းစဉ် (၂)

ဤလုပ်ထုံးနည်း၌ ပုံစံ ၂-ခုထုတ်ပေါ်ပြရာတွင် တဘက်သော ပုံစံသည်ကား ဖြစ်ပျက်ခေါ် သန္တတိခေတ်တို့၏ နေပုံကို ဘော်ပြထားသော ပုံစံဖြစ်ပေ၏။

တဘက်သော ပုံစံသည်ကား ဖြစ်ခြင်း ပျက်ခြင်း တို့၏ ရေသောက်မြစ်ခေါ် အစွဲ ၄-ချက် တည်နေပုံကို ထုတ်ဘော်ပြထားသော ပုံစံဖြစ်လေသည်။

ပုံစံ၌ ဘော်ပြထားသော (၁) စက္ခုပသာဒ၊ (၂)ရူပါရုံ၊ (၃) အာလောက၊ (၄) မနသိကာရ၊ ဤ ၄-ပါး တို့ကား တအာရုံ တကာလ အတွင်းမှာ ဖြစ်ပေါ်ကြသော သဘောတရားများဖြစ်၍ မြင်ဖြစ်ဟူသော သဘောတရား တခုတည်း၌ ပေါင်းဆုံ ဆက်စပ်၍ ဖြစ်ပေါ်ကြသော သန္တတိ ခေတ်တို့ပင် ဖြစ်သည်။

လောက၌ အန္ဓပုထုဇဉ် ပုဂ္ဂိုလ်တို့သည် မြင်မှု ကြားမှု နံမှု လျှက်မှု ထိတွေ့မှု သိမှု ဟူသော သဘောတရားတို့၏အပေါ်၌ အခြေခံ အုဋ်မြစ် စိုက်ပြီးလျှင် ငါမြင်သည် ငါကြားသည် စသည်ဖြင့် သက္ကာယ ဒိဋ္ဌိခေါ် အစွဲတရားကြီး ထွက်ပေါ်၍ စွဲယူနေကြလေသည်။

ဝိပဿနာ အလုပ် ဆိုသည် မှာလည်း တောတောင်စခန်းသို့ ကြွမြန်း၍ အားထုတ်ရသော လုပ်ငန်းမျိုး မဟုတ်ချေ၊ မြင်မှု ကြားမှု နံမှု စားမှု ထိမှု သိမှု ဟူသော သဘောတရားတို့၏ အပေါ်၌ အစွဲတရား မဖြစ်ပေါ်နိုင်အောင် ရုပ်ဓမ္မ နာမ်ဓမ္မ တို့ကို မြင်အောင် ဆင်ခြင်သုံးသပ်ခြင်းပင် ဖြစ်ပေသည်။

ဆင်ခြင်သုံးသပ် ဆိုသည်မှာလည်း မြင် လိုက် သည့်-အခါ ကြားလိုက်သည့်အခါတို့၌ ရုပ်နာမ်တရားတို့၏ သဘောတရားကို ခွဲစိတ်ဝေဘန်နေရသည်မဟုတ်ပေ၊ ခွဲစိတ်ဝေဘန်နည်းကို ရှေ့ဦးစွာ သိရှိနားလည်ပြီးဖြစ်စေ၍ သာမညနည်းကို ဝိပဿနာတင် ရှုရလေသည်။

တင်ရှုပုံလုပ်ငန်းစဉ်ကို ဥဒယဗ္ဗယ နောက်ပိုင်းတွင် ဖော်ပြပါမည်၊ ယခုရှေ့ပိုင်းမှာကား သဘာဝဓမ္မခေါ် ဖြစ်ပျက်နေသော ဓမ္မ ပါးတို့၏ ချုပ်ငြိမ်းပုံ သဘော တရားကိုသာ ထုတ်ဖော်၍ ပြဦးမည်။

တလောကလုံး အထင်ကြီးနေကြသော မြင်မှုသဘောတရား၌ ပေါင်းစပ်၍ဖြစ်ပေါ်ကြသော သင်္ခတ (ဖြစ်)သဘောတို့မှာ (၁)စက္ခုပသာဒခေါ် မျက်စိအကြည်ရှိရခြင်း၊ (၂)ရူပါရုံခေါ် အဆင်းအမျိုးမျိုးရှိရခြင်း၊ (၃)အာလောကခေါ် အလင်းရောင်ကြီးရခြင်း၊ (၄)မနသိကာရခေါ် နှလုံးသွင်းခြင်းရှိရခြင်း၊ ဤလေးပါးသော သဘောတရားတို့သည် ပေါင်းဆုံဆက်စပ်မှသာလျှင် မြင်ဖြစ်သဘောခေါ် (ဥဒယ) ဖြစ်ပေါ် နိုင်လေသည်၊ ဤသဘောတရား ၄-ပါး မပေါင်းစပ်လျှင် အဘယ်မှာ မြင်ဟူသော (ဖြစ်)သဘော ပေါ်ထွက်နိုင်မည်နည်း။

ကိုယ်ပိုင်ဉာဏ်နှင့်တွေးကြည့်ပါ ၄-ပါးစလုံးကိုမဆိုထားနှင့် သဘော တရား တခုခုကို နုတ်ထားလျှင် မြင်ဟူသော သဘော တရားသည် ဖြစ်ပေါ်လာနိုင်မည် မဟုတ်ပေ၊

ဥပမာ လောကတွင် စက္ခုပသာဒခေါ် မျက်စိအကြည်ရုပ် ပျက်နေသော သူကန်း သမားတို့သည် ဘယ်လိုပင် အဆင်းနှင့် အလင်းရောင် နှလုံးသွင်းရှိကြသော်လည်း မြင်ခြင်းငှာ မတတ်နိုင်ကြပေ။

ထိုအတူ သဘောတရား ၄-ချက်တို့တွင် တပါးပါးချို့ယွင်း ပျက်ကွက်နေပါက မြင်မှုခေါ်သော ( ဖြစ်သဘောသည် ) အဘယ်မှ လျှင် ထွက်ပေါ်နိုင်တော့ပါအံ့နည်း။

မြင်မှုဟူသော ဖြစ်သဘော ထွက်ပေါ်လာနိုင်ရန် ၄-ပါး သော သဘာဝတရားတို့ပေါင်းစပ်၍ တပါးနှင့်တပါး ဆက်စပ် ပြီးလျှင် အကြောင်းညီညွတ်အောင် ဆောင်ရွက်ကြရလေသည်၊ သဘာဝ ၄-ပါး ပေါင်းဆုံဆက်စပ်မှုလည်း မြင်မှုဟူသော ဖြစ် သဘော ပေါ်ထွက်နိုင်ရလေသည်။

ထို့ကြောင့် ဖြစ်သဘောဟူသော သန္တတိသည် သဘာဝ ၄-ပါးနှင့် အစဉ်မပြတ် ဆက်စပ်နေသောကြောင့် ယောဂီ ပုဂ္ဂိုလ်တို့၏ အသိဉာဏ်၌ ဖြစ်ခြင်းသာရှိသည်ဟု ရှုမှတ်သိထားရုံ နှင့် သန္တတိ မချုပ်ငြိမ်းနိုင်သေးပေ၊ သန္တတိ မချုပ်ငြိမ်း၍ အစဉ်မပြတ် ဆက်စပ်နေခြင်းကို သင်္ခတလောက ဟူ၍ရင်း၊ သံသရာဟူ၍ရင်း၊ ခေါ်ဆိုကြလေသည်။

ဝိပဿနာအလုပ်သည် သင်္ခတလောကကြီးကို ချုပ်ငြိမ်းသော အလုပ်ဖြစ်၍(ဝါ)သံသရာကိုဖြတ်တောက်သောအလုပ်ကြီးဖြစ်၍ ဖြစ်သဘော ရှိသည်ဟု တွေ့သိနေသော ယောဂီပုဂ္ဂိုလ် အား

အဘယ်မှာလျှင် ဝိပဿနာအလုပ် ဆိုက်ရောက်နိုင်ပါ မည်နည်း စဉ်းစားဆင်ခြင်ကြပါ။

ဝိပဿနာ တရားသမားများမှာ မျက်မှောက်၌ တွေ့ကြုံရသော လက်တွေ့နည်းကို အခြေခံထား၍ အသိဉာဏ် ဖြစ်ပေါ်ကြရသည်၊ ယခု ဖော်ပြ ထားသည့် မြင်မှုခေါ် ဖြစ်သဘော၌ သဘာဝ ၄-ပါးနှင့် မြင်မှု သဘောတရား တို့သည် အစဉ်မပြတ် ဆက်စပ်၍ပြုပြင်ဘန်ဆင်းနေမှုကို သင်္ခါရလောကဟုခေါ်သည်၊ ဤလောကကြီး ချုပ်ငြိမ်းအောင် မြတ်စွာဘုရားက ဥဒယဗ္ဗယ ဝိပဿနာနည်းကစ၍ လုပ်ငန်းစဉ် ဖွင့်ပြ ထား သော ကြောင့် ဥဒယဗ္ဗယ ဝိပဿနာနည်းကို သာမန်ထင်မှတ်မနေကြဘဲ ပေါက်ရောက်အောင် သဘာဝဓမ္မကို ရှေးဦးစွာ ခွဲစိတ်ဝေဘန်ရမည်၊ သဘာဝနည်းကို ဉာဏ်အမြင်ပေါက်မှ ရှုမှတ်ပုံ သာမညနည်းကို လိုက်ရမည်။

ငါတို့သည် အရိယာ လုပ်ငန်းစဉ် ပညာကို မတွေ့မီက ဥဒယဗ္ဗယ ဝိပဿနာနည်းတွင် ရှုမှတ်ပုံ သာမညနည်းကို ပွား များ ဆင်ခြင် ဘူးလေသည်၊ ဂိုဏ်းဆရာကြီးများက သာမညနည်းကို နောက်မှပွားရမည်၊ သဘာဝ ခွဲစိတ်နည်းကို ဝိညာဏ်စွဲ အသိဉာဏ် စင်အောင် ရှေးဦးစွာ အားထုတ်ရမည်ဟု အဆုံးမ ပေးတော်မူလေသည် ထို ဆုံးမချက်အတိုင်း ဥဒယဗ္ဗယဝိပဿနာနည်းကို ဘော်ပြရေးသားပါမည်။

ထို ကြောင့် မြင်ဖြစ် သဘောသည် ၄-ပါးသော သဘာဝ ဓမ္မတို့နှင့် အစဉ်မပြတ်ဆက်စပ်လျက် ဖြစ်ပေါ်နေသောကြောင့်

ချုပ်ငြိမ်းလိုသော ယောဂီပုဂ္ဂိုလ်တို့သည် ဆက်စပ်ခြင်း သန္တတိ ခေတ်ကို ဖြတ်တောက်နိုင်စေရမည်။

ဖြတ် တောက် ရန် လုပ်ငန်းစဉ်ထက် ဆက်စပ်ပုံ သဘော တရားကို အထူး စိတ် ဝင် စား အောင် အကြိမ်ကြိမ် ဆင်ခြင် ကြည့်ရမည်။

**ဆင်ခြင်ဝေဘန်ပုံမှာ**

စက္ခုပသာဒ၊ ရူပါရုံ၊ အာလောက၊ မနသိကာရ၊ ဟုဆိုအပ်သော သဘာဝ ၄-ပါးနှင့် 'မြင် ဖြစ်' သဘောတရားတို့သည် တအာရုံ တည်း တကာလတည်းမှာ ဆက်စပ်နေကြသည်ဟုဆိုရာ၌ ၎င်းတို့ သည် သာမန် ဆက်စပ်ခြင်းမျိုး မဟုတ်ကြပေ၊ ပုံစံတွင်ဖော်ပြ ထားသော အစွဲကြီး ၄-ချက်တို့ဖြင့် ရေသောက်မြစ်ချုပြီးလျှင် နှုတ်ပယ်ဖြတ်တောက်၍ မရနိုင်အောင် ဆက်စပ်နေကြလေသည်။

အကြောင်းအကျိုး အနေနှင့် ဝေဘန်ပြန်သော် သဘာဝ ၄-ပါးတို့သည် အကြောင်း၏ သဘောတရားအရာ၌ တည်ရှိလေ သည်။ "မြင်-ဖြစ်" သဘောသည်ကား အကျိုးတရားအရာ၌တည် ရှိနေ၍ သဘာဝတရား ၄-ပါး ပေါင်းဆုံ ဆက် စပ် လျှင် "မြင်-ဖြစ်" ဟူသော သဘောတရားမှာ ပေါ်ထွက် လာ မည် ကား မလွဲနိုင်ရာ။

"မြင်-ဖြစ်" သဘောတရားသည် ၄-ပါးသောသဘောတရား တို့နှင့် အစဉ်မပြတ် ဆက်စပ်၍ ဖြစ်ပေါ်ရသည့်ပြင် သဘော တရား ၄-ပါးတို့သည် မြင်ဖြစ်သဘောအား နိမိတ်အနေ အား ဖြင့်၎င်း၊ အာရုံအနေအားဖြင့်၎င်း၊ အမြဲဘမ်းယူထားဘိသကဲ့သို့

ဆက်စပ်လျက် ရှိသောကြောင့် ဖြစ်သဘောသည် ၄-ပါးသော သဘောတရားသို့ အစဉ်ကိန်းအောင်း နေသည်ဟု ဆိုနိုင်ပြန်လေသည်။

အနုသယ ကိလေသာကို မဂ်နှင့် ဖြတ်မှ ရနိုင်သည်ဟု ဟောကြားချက်အရ ယခု ဝိပဿနာ အလုပ်သည် မဂ်ကိုဆိုက်အောင် လက်တွေ့ သုပ် င်နး ကြီး ဖြစ်၍ မဂ်နှင့်ဖြတ်ရန်ကို ထားပါဦး ဝိပဿနာနှင့်ပင် ဖြတ်နိုင်သလောက် လက်တွေ့ဖြတ်ပါဟု မေးမြန်းခဲ့သော် ဥဒယဗ္ဗယ ဝိပဿနာဖြင့် အနုသယကိလေသာကို ချွေနိုင်သလောက် ချွေနိုင်စေရမည်။

အနုသယဆိုသည်မှာ မြန်မာလို အဓိပ္ပါယ်ပြန်ဆိုလျှင်အစဉ်ကိန်းအောင်း တည်ရှိနေသော ဓါတ်ကို ဆိုလိုသည်၊ ( ကိန်းအောင်းတည်နေပုံမှာ ) မြင်ဖြစ်ဟူသော သဘောတရားသည် ၄-ပါးသော သဘောတရား၌ အစဉ်ကိန်းအောင်းလျက် ရှိနေသည်။ အဘယ့်ကြောင့်ဆိုသော် ၄-ပါးသော သဘောတရားနှင့်ကင်း၍ မြင်ဖြစ်သဘောတရားသည် မပေါ်နိုင်မဖြစ်နိုင်သောကြောင့် ၄ ပါးသော သဘာဝနှင့် ဆက် စပ် နေ ခြင်း ကိုပင် ကိန်းအောင်းနေသည်ဟူ၍လည်း ခေါ်နိုင်သည်။

ထို့ကြောင့် အနုသယကိလေသာအရ အိမ်ရာ ထောင်သောကိလေသာမျိုးကိုသာ မှတ်မထားကြနှင့်၊ မြင်ဖြစ် သဘောနှင့် သဘာဝ ၄-ချက် ဆက်စပ်၍ ဖြစ်ပေါ်နေမှုကို အသိဉာဏ်ဖြင့် မြင်အောင်ရှု၍ အနုသယသဘောကို ဝေဘန်ကြရမည်၊အနုသယ

ကိလေသာဓာတ်ကို မဂ်ပညာဖြင့် ပယ်သတ်သည်ဟု ဆိုသော်လည်း ဝိပဿနာလုပ်တွေ့နည်းနှင့်စေဘန်ကြည့်က ယခုဘော်ပြနေသည့် ဥဒယဗ္ဗယ ဝိပဿနာ အလုပ်ကပင် အနုသယဓာတ်ကို အစပြု၍ ပယ်သတ်နေခြင်းဖြစ်သည်။

အကြောင်းဖြစ်သော သဘာဝ ၄-ပါး သန္တတိနှင့် အကျိုးဖြစ်သော မြင်ဖြစ် သဘောတရားတို့သည် အစဉ်မပြတ် ဆက်စပ်ခြင်းမှ ပြတ်အောင်ဖြတ်နိုင်လျှင် အနုသယ အကြမ်း ကိလေသာလည်း ပြတ်သည်ဟူ၍မှတ်။

သန္တတိပြတ်ရန်မှာလည်း အစွဲ ၄-ချက် ရေသောက်မြစ် ဖြစ်နေသောကြောင့် ယောဂီ ပုဂ္ဂိုလ် တို့အား ရေသောက် မြစ်ကြီးထွားပုံကို ထုတ်ဘော်၍ပြရဦးမည်။

ရေသောက်မြစ်ဆိုသည်မှာ နံပါတ်(၃) အလွှာတွင် ထုတ်ဘော်၍ပြခဲ့သည့်အတိုင်း (၁)အတ္တဒိဋ္ဌိ၊ (၂) ဥစ္ဆေဒဒိဋ္ဌိ၊ (၃) သဿတဒိဋ္ဌိ (၄)အကိရိယဒိဋ္ဌိတို့ ဖြစ်ချေသည်။

အတ္တဒိဋ္ဌိရေသောက်မြစ် တွယ်နေပုံမှာ ''မြင်-ဖြစ်''ဟူသော သဘောတရားသည် သဘာဝ ၄-ပါးခေါ် စက္ခုပသာဒ ရူပါရုံ အာလောက မနသိကာရ ဤ ၄-ခုတို့ကြောင့် ဖြစ်ပေါ်ရသည်ဟု ယူဆသောပုဂ္ဂိုလ်အား အတ္တဒိဋ္ဌိ အစွဲ ရေသောက်မြစ်ကြီးတို့ ကပ်၍ထားလေသည်။

ဥစ္ဆေဒဒိဋ္ဌိ ရေသောက်မြစ် တွယ်နေပုံမှာ အချို့ ယောဂီပုဂ္ဂိုလ်တို့၏ အသိဉာဏ်တွင် ''မြင် ဖြစ်'' သဘောတရားတို့သည် ၄-ပါးသော သဘောတရားတို့နှင့် မည်သို့မျှမဆိုင် တခြားစီဟု

ယူဆ တတ်ကြ လေသည်၊ ဤ အယူမျိုး သည် ဥစ္ဆေဒဒိဋ္ဌိရေ သောက်မြစ်ကြီး တွယ် ကပ် နေ သော အယူဝါဒမျိုး ဖြစ် ချေသည်။

**သဿတဒိဋ္ဌိ** ရေသောက်မြစ် တွယ်နေပုံမှာ "မြင် ဖြစ်" သဘောတရားသည် စက္ခုပသာဒ ရူပါရုံ အာလောက မနသိ ကာရ ဟူသော သဘောတရား လေးပါးတို့နှင့် အတူတကွ ဖြစ် ပေါ်ကြ၍ အချင်းချင်း ဆက်စပ်ဖြစ်ခနေသောကြောင့်တပေါင်း တည်းဟူ၍ရင်း၊ တခုတည်းဟူ၍ရင်း ယူဆကြလေသည်၊ ထို အယူဝါဒမျိုးသည် သဿတဒိဋ္ဌိ ရေသောက်မြစ်ကြီး တွယ်ကပ် နေသော အယူဝါဒမျိုးဖြစ်ချေသည်။

အကိရိယဒိဋ္ဌိ ရေသောက်မြစ်ကြီး တွယ်နေပုံမှာ "မြင် ဖြစ်" သဘောနှင့် သဘာဝ ၄-ပါးတို့သည် ပေါက်လွတ်ပဲစား ဖြစ်ချင် သလို ဖြစ်ကြသဖြင့် ဘာမှပြုဘွယ်မရှိဟု သဘာဝ ၂-ခုကို ပယ် သော အယူဝါဒမျိုးသည် အကိရိယဒိဋ္ဌိ ရေသောက်မြစ် တွယ် ကပ်နေခြင်းဖြစ်၏။

ထိုရေသောက်မြစ်ကြီး ၄-ခုတို့သည် ဖြစ်ခြင်းဘာရး၌ သော် ၎င်း၊ ပျက်ခြင်းတရား၌သော်၎င်း၊ တွယ်ကပ်နေကြသော အစွဲ ရေသောက်မြစ်ကြီးများဖြစ်၍ သန္တတိဓာတ် ချုပ်ငြိမ်းလိုသော ယောဂီ ပုဂ္ဂိုလ် တို့သည် ရေသောက်မြစ်ကို ရှေးဦးစွာ ဖြတ် တောက်ရမည်၊ ရေသောက်မြစ်ပြတ်လျှင် ဖြစ်ခြင်း ပျက်ခြင်း သဘောတရားတို့သည် အဘယ်မှာလျှင် ဆက်စပ်၍ ဖြစ်ပေါ် နေနိုင်ပါအံ့နည်း။

ရေသောက်မြစ် ဖြတ်ရန်မှာ ယခု ဘော်ပြသော အစွဲကြီး လေးချက်သို့ အသိဉာဏ် မတွယ်မကပ်အောင် မဇ္ဈိမပဋိပဒါ လမ်းဆိုက်အောင် သွားနိုင်သော အသိဉာဏ်ရှင် ပုဂ္ဂိုလ်တို့သည် အလွယ်တကူနှင့် ဖြတ်နိုင်လေသည်။

ထိုရေသောက်မြစ် အစွဲကြီးတို့ကို ဖြတ် တောက် နိုင် သော တိုဟိတ်ပုဂ္ဂိုလ်တို့၏ အသိဉာဏ်ကို ဝရဇိန် မိုးကြိုးစက် ကဲ့သို့ ထက်မြက်စူးယှသော အသိဉာဏ်ဟူ၍၎င်း၊ ဝဋ္ဋဒုက္ခတို့၏ ကုန်ရာ ကင်းရာသို့ ဆိုက်ရောက်နိုင်သော အသိဉာဏ်ဟူ၍၎င်း ခေါ်ဆို နိုင်လေသည်။

ဂိုဏ်းဆရာကြီးတို့၏အထံတွင် ဥဒယဗ္ဗယ ဝိပဿနာ လုပ်ငန်း စဉ်ကို သင်ကြားနာယူစဉ်က ယခုဖော်ပြသော အစွဲကြီး၄-ချက် တို့ကိုထုတ်ဘော်၍အဆုံးအမပေးသည်မှာ ရုပ်ရှိသည်နာမ်ရှိသည် ဖြစ်ပျက်ရှိသည်ဟု ငါတပည့်ယူဆလျှင် သဿတဒိဋ္ဌိဖြစ်လိမ့်မည်၊ မရှိဘူးဟု ယူဆပြန် လျှင်လည်း ဥစ္ဆေဒဒိဋ္ဌိ ဖြစ်လိမ့်မည်၊ သူ့ ကြောင့် သူဖြစ်သည်ဟု ယူဆလျှင် အတ္တဒိဋ္ဌိ ဖြစ်လိမ့်မည်၊ ဖြစ် သဘော ပျက်သဘောနှင့် သဘာဝ ၄-ပါးတို့ကို ပယ်လျှင် အကိရိယဒိဋ္ဌိ ဖြစ်လိမ့်မည်။

ဤဒိဋ္ဌိကြီး ၄-ချက် လွတ်အောင် ငါတပည့် ဉာဏ်အမြင် ပေါက်လျှင် ဥဒယဗ္ဗယ ဝိပဿနာနည်းကို သဘာဝနည်းပေါက် ပြီဟုမှတ်။

**အထူး သတိပြုရန်** ဒိဋ္ဌိအစွဲကြီး ၄-ချက်မှ လွတ်အောင် မယူတတ်လျှင် ဝိပဿနာ၏ ရန်သူကြီး ခေါ် ညစ်ညူးကြောင်း ဘေးရန်ဆယ်ပါးနှင့်တွေ့လိမ့်မည်၊ အစွဲနယ်ကြီးက ဘန်ဆင်းထားသော ညစ်ညူးကြောင်း ရန်သူကြီးတို့ကို မိတ်ဆွေထင်လိမ့်မည်၊ မဂ်ဟူ၍ရင်း၊ ဖိုလ်ဟူ၍ရင်း ထင်လိမ့်မည်၊ အစွဲနယ်ကြီး၌ရှိသော ဥဒယဗ္ဗယ ဝိပဿနာ တရားသည်လည်း တန်ခိုးအမျိုးမျိုးပြတတ်သည်၊ တန်ခိုးလည်းရှိတတ်သည်၊ တရားစစ် တရားမှန် ဟန်ဆောင်၍ ယောဂီပုဂ္ဂိုလ်တို့ ဘဝင်ကြွအောင် လုပ်ပေးလိမ့်မည်၊ သတိပြုဟုဆရာကြီးများက အဆုံးမ ပေးဘူးလေသည်။

ထို ဆုံးမချက်ကို ယောဂီ ပုဂ္ဂိုလ်များ အသိဉာဏ် ပေါက်အောင် ဘော်ပြလိုက်ခြင်းဖြစ်ပေ၏၊ ဆိုလိုရင်းမှာ ဥဒယဗ္ဗယ ဝိပဿနာနည်း၌ လုပ်ငန်းစဉ် အမှန်သို့ ဆိုက်ရောက်ရန် အလွန်အရေးကြီးလေသည်။

သာသနာတော်၌ ထင်ရှားကျော်စောတော် မူကြကုန်သော အရှင်တိဿ မထေရ်ကြီးများ အရှင်မဟာဒိန္န မထေရ်ကြီးများသည် ဥဒယဗ္ဗယဝိပဿနာနည်း၌ လုပ်ငန်းစဉ်အမှန်ကို မရကြဘဲ ဝိညာဏ်စွဲ ဥဒယဗ္ဗယ ဝိပဿနာ အလုပ်ကို အား ထုတ် နေ ကြသောကြောင့် ဘေးရန်ဆယ်ပါးနှင့်တွေ့၍ မဂ်မရဘဲသောင်တင် နေခြင်းဖြစ်သည်။

ရင်းပုဂ္ဂိုလ်ကြီးတို့၏ လုပ်ငန်းစဉ်ကို လက်တွေ့နည်းနှင့် ဝေဘန်လျှင် ဒိဋ္ဌိအစွဲကြီး ၄-ချက်တို့တွင် တခုခုသို့ ဆိုက်ရောက်၍

မဇ္ဈိမ ပဋိပဒါ လမ်းသို့ မပေါက်ရောက်သောကြောင့် ပင် ဖြစ်ပေသည်။

ထိုပုဂ္ဂိုလ်ကြီး တို့သည် ဝိညာဏ်စွဲ ဖြစ်ပျက်ကိုဖျက်၍ ပညာ မြင် ဥဒယဗ္ဗယ စခန်း သို့ လမ်းကိုင်မိရုံနှင့် မဇ္ဈိမ ပဋိပဒါလမ်း ဆိုက်ရောက်ပြီး လျှင် တချိန်တည်း မဂ်ဖိုလ်ကို ဝင်နိုင်ကြလေ သည်။

ထို့ကြောင့် ဆရာကောင်းထံမှာ နည်းခံ၍ လမ်းမှန်သို့ရောက် အောင် အထူးသတိဆောင်၍ အားထုတ်ကြရလေသည်။

ဥဒယဗ္ဗယ ဝိပဿနာ နည်းသည် သိမ်မွေ့သော အနိုသာသ သန္တတိခါတ်တို့ကို ပယ်နုတ်သည့် ဝိပဿနာဖြစ်၍ အလွန်ကျယ် ဝန်းလေသည်။

ဝိညာဏ်စွဲ အလွန်သန်လျှင် သန်သလောက် ဒိဋ္ဌိစွဲရသောက် မြစ် ကြီးကြီးနှင့် တွေ့ရတတ်လေသည်၊ လောက၌ သမထကို ပြင်းစွာအားထုတ်သော ယောဂီပုဂ္ဂိုလ်,အကျင့်သူတော်ကောင်း အနေသူတော်ကောင်း အစားသူတော်ကောင်း အဝတ်သူတော် ကောင်း ပြုလုပ်နေကြသည့် လောကီ သူတော်ကောင်း တို့သည် ဤဥဒယဗ္ဗယ ဝိပဿနာနည်း၌ ဝိညာဏ်စွဲခေါ် ဒိဋ္ဌိကြီး ၄-ချက် ရေသောက်မြစ်တွင် နစ်မြုပ်တတ်လေသည်၊ သတိ ကြပ်ကြပ် ပြုပါ။

ထို့ကြောင့် ဖြစ်ပျက် ၂-ပါးကို အစွဲကြီး ၄-ချက်နှင့်တကွ ဆက်စပ်ခြင်း သန္တတိခါတ်ပြတ်၍ ချုပ်ငြိမ်းစေရန်မဇ္ဈိမပဋိပဒါ လမ်းဆိုက်အောင် အားထုတ်ရမည်။

ထို ဥဒယဗ္ဗယ ဝိပဿနာနည်းသည် အကျဉ်းအားဖြင့် လုပ်ငန်းစဉ်အရ ဝေဘန်လျှင် ၂-မျိုးသာရှိ၏၊ (၁) ဝိညာဏ်စွဲခေါ် ဘေးရန် ၁၀-ပါးနှင့် ယှဉ်သော ဥဒယဗ္ဗယ ဝိပဿနာနည်း၊ (၂)ဝိပဿနာ ညစ်ညူးကြောင်း ဘေးရန် ၁၀-ပါးမှ လွတ်မြောက်သော ပညာမြင် ဥဒယဗ္ဗယ ဝိပဿနာနည်း။

၎င်းသို့အားဖြင့် ၂-မျိုးရှိရာ ဝိညာဏ်နယ် လောကကြီးကို မလွတ်မြောက်သေး၍ ဒိဋ္ဌိကြီး ၄-ချက်တို့ဖြင့် ရေသောက်မြစ်တွယ်ကပ်လျက် ဖြစ်ခြင်း ပျက်ခြင်း ၂-ပါးတို့သည်အစဉ် မပြတ်ဆက် စပ် လျက် ရှိနေသော ဝိပဿနာကို ဘေးရန် ဆယ်ပါးမှ မလွတ် မြောက် သေး သော ကြောင့် ဝိညာဏ်စွဲ ဥဒယဗ္ဗယ ဝိပဿနာဟု ခေါ်သည်။

ညစ်ညူးကြောင်း ဘေးရန်ဆယ်ပါးမှ လွတ်မြောက်သော ဝိပဿနာနည်းဆိုသည်မှာ ဖြစ်ပျက် နှစ်ပါးတို့၏ ဆက်စပ်သော သန္တတိဓာတ်ကို အနိစ္စ ဒုက္ခ အနတ္တ တည်းဟူသော ဝိပဿနာဉာဏ်ဖြင့် ကောင်းစွာ သိမ်း ဆည်း ဆင် ခြင် ပွားများ သဖြင့် သင်္ခတ လောကကြီး ချုပ်ငြိမ်း၍ ဖြစ်ပျက် ၂-ပါ တို့၏ ဇာတ်သိမ်းသည့် ပညာစခန်းသို့ ဆိုက်ရောက်သော ဝိပဿနာနည်းကို ဆိုလိုသည်။

ယခုဖော်ပြမည့် လုပ်ထုံးနည်းသည်ကား ဒိဋ္ဌိကြီး ၄-ပါး အုဋ္ဌမြစ်ခ၍ ဖြစ်ပျက် ၂-ပါးတို့ဖြင့် ဆက်စပ်နေသော ဝိညာဏ်စွဲ သန္တတိဓာတ်ကို ချုပ်သတ်ရမည့် ဝိပဿနာ လုပ်ငန်းစဉ် ဖြစ်သောကြောင့် ရှေးဦးစွာ အဌ္ဌ၏ သဘောကို နားလည်ရန် လိုအပ်ပေသည်။

**မှတ်ချက်။** ။အနုတ္တခေတ်၏ သဘောတရားကို နားမလည်လျှင် ဖြစ်ပျက် ၂-ပါး သန္တတိခေတ်ကို ဖြတ်တောက်နိုင်မည်မဟုတ်ဟု မှတ်ပါ။

**အနုတ္တ**၏ သဘောကို ယောဂီပုဂ္ဂိုလ်တို့သည် သာမန်ဝေဘန်နေကြသည်မှာ ငါ--သူတပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ဟု ယူဆသိရုံ သဘောတရားလောက်ကိုအနုတ္တ ဆိုက်ပြီဟု ယူဆနေကြလေသည်။

ဤယူဆကြသော အနုတ္တဉာဏ် အသိမျိုးနှင့်ကား ဖြစ်ပျက်နှစ်ပါး သန္တတိခေတ်ကို မဖြတ်နိုင်သေးပေ၊ ဝိဉာဏ်စွဲ အတ္တသဘောမှလွတ်၍ ပညာမြင် အနုတ္တဉာဏ်သို့ ဆိုက် ရောက် နိုင်သော သဘောတရားမျိုးမှ သာလျှင် သန္တတိခေတ် ဖြစ်ပျက် ၂-ပါးကို ဖြတ်နိုင်သေးသည်။

ထို့ကြောင့် ပညာမြင် အနုတ္တခေတ်ကို ထုတ်ဘော်၍ ပြပေအံ့။

**မှတ်ချက်။** ။ဖြစ်ပျက် ၂-ပါးတို့**တွင်** ဖြစ်သဘော၏ သန္တတိပြတ်သော် ပျက်သဘောလည်း ဤနည်းအတူ ဖြစ်သောကြောင့် ပါဝင်သည်ဟုမှတ်။

"ဖြစ်ခြင်းသဘော" သည် အကြောင်းမဲ့ ပေါ်ထွက်လာသည်မဟုတ်ပေ၊ (၁)စက္ခုပသာဒ၊ (၂)ရူပါရုံ၊ (၃)အာလောက၊ (၄)မနသိကာရဟူသော ၄-ပါးသော သဘောတရားတို့၏ ပေါင်းဆုံညီညွတ်မှုကြောင့် ဖြစ်ပေါ်လာသော သဘောတရား ဖြစ်ပေသည်။

ထို သဘော တရားကို ဝိညာဏ်နယ် ခေါ် အစွဲဆရာတို့က သဘာဝ ၄-ပါးကြောင့် ဖြစ်ပေါ်သည်ဟု ယူဆကြလေသည်၊ ဤသို့ ယူဆခြင်းသည်လည်း "ထန်းသီးကြွေခိုက် ကျီးနင်းခိုက်" ဆိုသည့် သဘောကဲ့သို့ လျှော်ကန် လျောက်ပတ်နေ၍ စွဲယူခြင်း ဖြစ်ပေသည်၊ သို့ရာတွင် ဝိညာဏ်နယ် သမားတို့၏ စွဲယူချက် အတိုင်း ဟုတ်,မဟုတ်ကို ပညာစခန်းဖြင့်စစ်ဆေး၍ အနတ္တဉာဏ် ဆိုက်အောင် ဝေဘန်သိမ်းဆည်းရပေမည်။

**ဝေဘန် သိမ်းဆည်းပုံမှာ**

သဘာဝ ၄-ပါးတို့သည် (ဖြစ်ခြင်း)သဘော ကို ဖြစ်စေ နိုင်သလော ဟူ၍ရှင်း၊ ဖြစ်ခြင်း သဘောသည် သဘာဝ ၄-ပါးကြောင့် ဖြစ်သလောဟူ၍ရှင်း ဝေဘန်သိမ်းဆည်း ဆင်ခြင်ရမည်၊ ဤသို့ဝေဘန်သည်ရှိသော် သဘာဝ တရားတို့ မည်သည်မှာ အနတ္တခေတ် သဘောတရားသာဖြစ်၍ တခုသောသဘာဝဓမ္မကို တခုသော သဘာဝဓမ္မသည် မဖြစ်နိုင်ကြပေ၊ အဘယ့်ကြောင့် ဆိုသော် ဖြစ်နိုင်သော တန်ခိုးသတ္တိပါဝါသည် မြူမျှမရှိသောကြောင့်ဟု မှတ်၊ မဖြစ်နိုင်ကြသဖြင့်လည်း တဦးနှင့်တဦး ပေါင်းစပ်၍ အားပြုကြရသည်၊ ဘယ်လိုပင်ပေါင်းစပ်၍ အားပြုပြီး ဖြစ်ပေါ် သော်လည်း ဝိညာဏ်စွဲဆရာတို့ကသာ အားရှိသည်ဟု ထင်မှတ် လျက် ဖြစ်နိုင်သည်ဟု စွဲနေကြလေသည်၊ ပညာမြင် ရှိသော ပုဂ္ဂိုလ်တို့မှာကား မူလအခြေခံ ခေတ်သဘောကို သိရှိပြီးဖြစ်၍ ရာပေါင်း ထောင်ပေါင်းများစွာ ပေါင်းစပ်၍ အားရှိယောင် ဆောင်လျက် ဖြစ်နိုင်သည်ဟုပြသော်လည်း အသိဉာဏ်ပြောင်းလဲ တော့မည်မဟုတ်ပေ၊ အနတ္တ ခေတ်ကောင်ဟုသာ အမြင်မှန်ကို အခြေစိုက်ထားကြပေမည်။

ဥပမာ လောက၌ နှမ်းစေ့နှင့် သဲပွင့်သည် ထင်ရှားကြ၏၊ ဆီကိုအလိုရှိ၍ပွတ်ကြသော ဆီပွတ်ယောကျ်ားသည် နှမ်းစေ့ ပေါင်းများစွာကို ဆုံတွင်ထည့်၍ ပွတ်မှသာလျှင် ဆီထွက်နိုင်၏၊ သဲပွင့်ကိုထည့်၍ဆီပွတ်လျှင် အဘယ်မှာဆီထွက်နိုင်ပါမည်နည်း။

ဆီထွက်သော နှမ်းစေ့သည် တစေ့ပင် ဖြစ်သော်လည်း လက်မနှင့် ပွတ်ကြည့်လျှင် ဆီထွက်၏၊ အစေ့ပေါင်းများစွာ ပေါင်း၍ ပွတ်ပြန်လျှင်လည်းဆီထွက်၏၊ ထွက်နိုင်သော တန်ခိုး သတ္တိသဘာဝ ရှိသောကြောင့် နှမ်းစေ့တစေ့ထဲပင် ဖြစ်သော် လည်း ဆီထွက်လေသည်။

သဲပွင့် မှာကား တပွင့်ထဲနှင့်လည်း ဆီမထွက်နိုင်၊ များစွာ စုပေါင်းသော်လည်း ဆီမထွက်နိုင်၊ ဆီထွက်သော သဘာဝမျိုး မဟုတ်သောကြောင့်ဟု ဆိုရပေမည်။

ဤနည်းအတူ ရုပ်တရား နာမ်တရားတို့ သည်လည်း သဲပွင့် ကဲ့သို့ တခုသောသဘောတရားကို စစ်ဆေးကြည့်သော် ဖြစ်စေ နိုင်ခြင်းဟူသော တန်ခိုးသတ္တိ မရှိပေ၊ သဘာဝ များစွာကို စုပေါင်းသော်လည်း သဲပွင့်ကဲ့သို့ အဘယ်မှာလျှင် ဖြစ်စေနိုင် သော (ဝါ) ဆီထွက်နိုင်သော တန်ခိုးသတ္တိ ပေါ်ထွက်နိုင်ပါ မည်နည်း။

သဘာဝ ၄-ပါးတို့ဘွင် (၁)စက္ခုပသာဒခေါ်အကြည်ရုပ် တခုကိုပင် မေးမြန်းကြည့်ပါ၊ (ဖြစ်ခြင်း) သဘော တရားကို ဖြစ်စေနိုင်သလောဟု မေးကြည့်ပါ၊ စက္ခုပသာဒက ကျွန်တော် ဖြစ်နိုင်သော သဘောတရားမှာ ကြည်လင်ခြင်း ကိစ္စကိုသာ စွမ်းဆောင် နိုင်ပါသည်၊ (ဖြစ်သဘော) ပေါ်အောင် မစွမ်း ဆောင်နိုင်ပါဟု အဖြေပေးလိမ့်မည်။

ရူပါရုံကိုလည်း ဤနည်းအတူမေးပါ၊ အာလောက, မနသိကာရ,တို့ကိုလည်း ဤနည်းအတူ တခုစီမေးသော် မည်သူမျှ (ဖြစ်ခြင်း)သဘောကို ဖြစ်စေနိုင်သည်ဟု ဝန်မခံကြပေ၊ သို့ရာတွင် မိမိတို့ရရှိသော အနတ္တသဘော လက္ခဏာကိုသာ ဆောင်နိုင်သည်ဟု ဖြေဆိုကြရပေလိမ့်မည်။

ဤသို့ အားဖြင့် ဖြစ်စေနိုင်သော သဘောတရားကို မည်သူမျှ ဝန်မခံနိုင်သော (သဲပွင့်ပမာ)သဘောတရားတို့ကို စုပေါင်းသော်လည်း ပေါင်းရုံသာရှိမည်၊ သဲပွင့်၌ဆီမထွက်သလို ၎င်းတို့လည်း အဘယ်မှာလျှင်(မြင်ဖြစ်)ဟူသော အကျိုးတရားကိုဖြစ်စေနိုင်ပါမည်နည်း။

ပညာစခန်းဖြင့် မြင်အောင် မကြည့်ရှုနိုင် မဝေဘန်နိုင်ကြသော အတ္တဒိဋ္ဌိ၊ အတ္တာနုဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ ဝိညာဏ်စွဲသန်သော ပုဂ္ဂိုလ်တို့၏ အထင်မှား အမြင်မှား အသိမှား၍ သူ့ကြောင့်သူဖြစ်သည်ဟု စွဲယူနေခြင်းတို့ပင်ဖြစ်သည်။

အစွဲဆိုသည်မှာလည်း အပြင်ဗဟိဒ္ဓမှာ ရှိသည်မဟုတ်၊ မိမိ၏ အသိဉာဏ်ခေါ် ဝိညာဏ်တရားပင်ဖြစ်သည်၊ ဝိညာဏ်တရားသည်လည်း ၂-မျိုးရှိ၏။

(၁) သညာနှင့်ယှဉ်သောဝိညာဏ်၊
(၂) ပညာနှင့်ယှဉ်သောဝိညာဏ်၊

၁။ သညာနှင့် ယှဉ်သော ဝိညာဏ်ဆိုသည်မှာ (သညာပုဗ္ဗင်္ဂမာ သင်္ခါရာ) ဟူ၍ အဋ္ဌကထာဆရာတို့ မိန့်ဆိုထားသောကြောင့် တဏှာ-မာန ဒိဋ္ဌိတို့၏ ရှေ့သွားကား သညာတရားပင်ဖြစ်သည်၊ ထိုသညာဦးစီး၍ ဖြစ်ပေါ်နေသော ဝိညာဏ်ကို

သညာနှင့်ယှဉ်သော ဝိညာဏ်ဟု ဆိုလိုသည်၊ ထိုဝိညာဏ်စွဲနှင့် ပြုလုပ်နေကြသော ကုသိုလ် အကုသိုလ်ခေါ် ၂၉-ပါးသော ကံတရားတို့သည် အစွဲလောကကြီး၏ လုပ်ငန်းစဉ်မည်ကုန်၏။

၂။ ပညာနှင့်ယှဉ်သော ဝိညာဏ်ဆိုသည်မှာ အတ္တဒိဋ္ဌိ၊ အတ္တာနုဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိတို့သည် အစဉ် ကပ် ရောက် လျက် ရှိသော သညာသိလောက ဝိညာဏ်သိလောကမှ လွတ်မြောက်၍ ပညာသိ စခန်းသို့ ဆိုက် ရောက် လာ သော အသိဉာဏ်မျိုးကို ဆိုလိုသည်။

အစွဲ ၄-ချက်နှင့်တကွ ဖြစ်ပျက် နှစ်ပါးတို့၏ သန္တတိကို ဖြတ်တောက်လိုသော ယောဂီပုဂ္ဂိုလ်တို့သည် ပညာနှင့်ယှဉ်သော ဝိညာဏ်သိစခန်းသို့ ဆိုက်ရောက်အောင် အနတ္တခေတ်ကို အသိဉာဏ်ပိုင်အောင် အားထုတ်စေရမည်။

ယခုဘော်ပြခဲ့သော အနတ္တဉာဏ်စခန်းဖြင့် ဖြစ်ပျက် ၂-ပါးကို သိမ်းဆည်းဆင်ခြင်သည်ရှိသော် သဘာဝ ၄-ပါးတို့ကြောင့် ဖြစ်သည်ဟု အထင်ကြီးသော ဖြစ်သဘောသည် ၎င်း၏ အထင်ကြီးချက်အတိုင်း သဘာဝ ၄-ပါးကို စစ်ဆေးကြည့်ရာ သဘာဝ ၄-ပါးတို့က မဖြစ်စေနိုင်ကြောင်း အမှန်ကို ဝန်ခံသောကြောင့် အနှစ်အသား အနေဖြင့် အဘယ်မှာလျှင် ဖြစ်ခြင်းသဘောကို သိမ်းပိုက်ထားနိုင်ပါတော့မည်နည်း။

အချီးနှီးသောတရား အနှစ်အသားမှ ဆိတ်သုဉ်းသောတရား အထင်အမြင်ကြီး၍ မိတ်ဆွေအနေဖြင့် အားကိုးခြင်းငှာမထိုက်သောတရား, မိမိ၏အလိုသို့ မလိုက်နိုင်သောတရား,ဟူ၍ ဆင်ခြင်သုံးသပ်ရန်သာ ဖြစ်ပေသည်။

ဤယခုဖေါ်ပြချက်သည် ဥဒယဗ္ဗယ လုပ်ငန်းစဉ်၌ ဖြစ်ပျက် ၂-ပါးတို့၏ သန္တတိကို ဖြတ်တောက်ရာတွင် နည်းရရုံမျှသာ ဘော်ပြထားသော လုပ်ငန်းစဉ်ဖြစ်သေး၏။

မိမိတို့၏ကိုယ်ပိုင်ဉာဏ်ကို အစွမ်းကုန် အားကုန် ညှစ်ထုတ်ကြပြီးလျှင် သန္တတိ ရေသောက်မြစ် အစွဲကြီး ၄-ချက်ကို ပယ်ဖြတ်နိုင်ရန် အထူးကြိုးစားကြစေလိုပါသည်။

နောက်ဆုံးအချုပ် လိုရင်းသဘောမှာ လက်တွေ့နည်းဖြင့် ဘယ်လိုပင်ခွဲစိတ်ပြသော်လည်း ကိုယ်ပိုင်ဉာဏ်မရှိလျှင် ဥဒယဗ္ဗယ ဝိပဿနာမှာ တလည်လည်နှင့် နေရမည်မှာ အမှန်ဖြစ်ချေ၏။

ကိုယ်ပိုင်ဉာဏ် ကြီးထွားသော ပုဂ္ဂိုလ်တို့မှာကား ဤလမ်းစ လောက်နှင့်ပင် ဖြစ် ပျက် ၂-ပါး တို့သည် ချုပ်ပြတ် ကြ၍ ဝိပဿနာ ညစ်ညူးကြောင်း ဘေးရန် ၁၀-ပါးမှ လွန်မြောက်ပြီးလျှင် ပညာမြင် ဥဒယဗ္ဗယဉာဏ်စခန်းသို့ လှမ်း ကိုင် နိုင် ပါလိမ့်မည်။

ဝိပဿနာအာရဒ္ဓ ယောဂီပုဂ္ဂိုလ်များအတွက် လုပ်ထုံးနည်းကို အားထုတ်ကြ၍ စင်ကြယ်သော (၀ါ) ဝိညာဏ်စွဲမှ ကင်းလွတ်သော ဥဒယဗ္ဗယ ဝိပဿနာလမ်းသို့ အမြန် ဆိုက်ရောက်လိုပါလျှင် အောက်ပါလက်တွေ့လုပ်ငန်းစဉ်ကို သဘောသက်ဝင်တော်မူကြစေလို၏။

အကြောင်း သန္တတိနှင့် အကျိုး သန္တတိ ကို ဖြတ်ရာ၌ အကြောင်းပြတ် အကျိုးငြိမ်းသဘောတရားသို့ တရားဥကွောင်း ဆိုက်နိုင်အောင် အားထုတ်ပါ။

အသိဉာဏ် အနေနှင့် ဝေဘန်ပြန်လျှင် ဝိညာဏ်စွဲ သန္တတိ ချုပ်ငြိမ်း၍ ညာမြင်အနတ္တ ဥဒယဗ္ဗယသို့ ဆိုက်ရောက်အောင် ဉာဏ်အမြင်ကို ပို့ဆောင်ပါ။

ဉာဏ်စဉ်ခေါ် လုပ်ငန်းစဉ်နှင့် ဝေဘန်လျှင် ဒိဋ္ဌိစွဲ ၄-ချက်နှင့် တကွ အကြောင်းသမုဒယ ဖြစ်ပျက်အကုန် ချုပ်ငြိမ်း၍ အကျိုး တရားခေါ် ပျက်သဘောသို့ တရားဥက္ကောင်း သွင်းကြပါ။

ဤကား ဝိပဿနာ ယောဂီပုဂ္ဂိုလ်များ အတွက် ဥဒယဗ္ဗယ လုပ်ငန်းစဉ်၌ မဇ္ဈိမပဋိပဒါလမ်းသို့ တန်းတန်း ဖြောင့်ဖြောင့် မထောင့်မကွေ့ဘဲ အမြန် ရောက် စေ ရန် လမ်းပြ ထားသော လုပ်ငန်းစဉ်ခေါ် တရားဥက္ကောင်းများ ဖြစ်ပေ၏။

ပထမဝိဓာတ်နှင့် ဉာဏ် ၉-လွှာအရ ယခုဘော်ပြထားသော ဥဒယဗ္ဗယ ဝိပဿနာနည်း အလွှာကား ၅-လွှာမျှသာ ရှိသေး၏၊ ကြွင်းကျန်သော အလွှာများနှင့် လုပ်ငန်းစဉ်ကို ဒုတိယပိုင်းတွင် ပြည့်စုံပါလိမ့်မည်။

( ပဥ္စမပိုင်း ပြီး၏။ )

# ဒုတိယပိုင်း

# ဝိပဿနာ လုပ်ထုံးကျမ်း

## ဒုတိယပိုင်း

မြန်မာနိုင်ငံတော်အတွင်း မှီ တင်း နေ ထိုင် ကြ ကုန် သော ဝိပဿနာပညာရှိ ပုဂ္ဂိုလ်အပေါင်းတို့ထံ တင်ပြသော အားဖြင့် ဓမ္မစကြာ ပဋိပတ် သာသနာပြု အဖွဲ့ချုပ်မှ "ပထဝီဓာတ်နှင့် ဉာဏ် ၉-လွှာ" ခေါ် လုပ်ထုံးနည်း ဝိပဿနာကျမ်း ပဌမ ပိုင်းတွင် လုပ်ငန်းစဉ်နှင့်တကွ အသေးစိတ် တင်ပြပြီးစီးခဲ့ပေပြီ။

ယခုတဖန်ကြွင်းကျန်သောအလွှာများအတွက်သင်္ခါရုပေက္ခာ ဉာဏ်စခန်း အထိ ဝိပဿနာ အနုတ္တဓာတ် ထွက်ပေါ်ပုံကို ဒေသနာနည်း လက်တွေ့နည်း သဘာဝနည်း သုံးနည်းတို့တွင် ဒေသနာနည်းကို မူထား၍ အစဉ်အတိုင်း ပုံစံများနှင့် တကွ ဘော်ပြပါအံ့။

## ဝိပဿနာပညာအစ ဥဒယဗ္ဗယ

ဝိပဿနာ လုပ်ထုံး နည်း ကျမ်း ပဌမပိုင်းတွင် ဥဒယဗ္ဗယ သုပ်ငန်းစဉ်၌ ဝိညာဏ်စွဲ ဥဒယဗ္ဗယ ဖြစ်ပျက် ၂-ပါး တို့ကို (၅၁) ၄-ချက်ခေါ် သဘောကြီး လေးပါးနှင့် သိမ်းဆည်းပုံ တို့ကို ပြခဲ့လေပြီ။

ထိုမှတပါး နည်းလေးပါးခေါ် **သန္တတိဖြတ်သဘောတရား ၄-ချက်နှင့်လည်း** သိမ်းဆည်းပုံကို ဝိပဿနာ ပါရမီ ရှင်များ နည်းရစေရန်(ဂ)ဥဒယဗ္ဗယ အသိဉာဏ် တရားမျက်စိပေါက်နိုင် စေရန် ဒေသနာနည်းအရ သိမ်းဆည်းပုံတို့ကိုလည်း ထုတ်ဘော် ပြခဲ့လေပြီ။

ဤ ဒုတိယပိုင်းမှာကား လက်တွေ့နည်း သဘာဝနည်း သိမ်းဆည်းပုံ တို့ကို သိသာရုံ ဖေါ်ပြပါအံ့၊ **လက် တွေ့ နည်း ဆိုသည်မှာ** စိန္တာမယပညာ၏ ကျက်စားရာ ပဋိပတ် အလုပ်သို့ အားထုတ်ကြသော ပုဂ္ဂိုလ်တို့၏ ကိုယ်တွေ့သဘောတွေ့ **အလုပ်** တွေ့ သိမ်း ဆည်း ခြင်း မျိုးကို လက်တွေ့နည်းဟု ဆိုလိုရင်း ဖြစ်ပေ၏။

**သိမ်းဆည်းရန် နည်း** ဖြစ်ပျက် ၂-ပါးကို သိမ်းဆည်းလိုသော ယောဂီ ပုဂ္ဂိုလ်သည် ရှေးဦးစွာ ဖြစ်ပျက် ၂-ပါးတို့၏ သဘောတရား တည်ရှိနေပုံကို ဉာဏ်အမြင်ပိုင် အောင် သိမ်းဆည်းနိုင်စေရမည်။

( ဖြစ် )ဆိုသော သဘောတရားသည် အကြောင်းသဘော ဖြစ်၍ (ပျက်)ဆိုသောသဘောတရားသည်ကား အကျိုးသဘော

ဖြစ်၏။ ဖြစ်သဘောရှိခဲ့သော် ပျက်သဘောလည်း ရှိရမည်မှာ အမှန်ဖြစ်ပေ၏။ ဖြစ်သဘောမရှိခဲ့သော် ပျက်သဘောလည်း ချုပ်ငြိမ်းခြင်းသို့ အမှန်ဆိုက်ရောက်ပေမည်။

ထို့ကြောင့် ဥဒယဗ္ဗယ ဝိပဿနာနည်းအရ လက်တွေ့နည်းကို သိမ်းဆည်းလိုသော ယောဂီပုဂ္ဂိုလ်သည် ဖြစ်သဘောကို ဦးစိုက်၍ မဖြစ်သဘောသို့ ဉာဏ်အမြင် ပိုင်အောင် သိမ်းဆည်းခြင်းပင်ဖြစ်ပေသည်။ မဖြစ် သဘော သို့ ဆိုက် ရောက် အောင် သိမ်း ဆည်း ရန် မှာ လည်း ထိုဖြစ်သဘော၏ သဘာဝခေါ် သဘောတရား ဆတ်ဆတ်ကို မြင်မှသာလျှင် သိမ်းဆည်းနိုင်လေရတား ရှေးဦးစွာ ဖြစ်သဘော၏ သဘောတရား ဆတ်ဆတ်ကို **လက်တွေ့နည်းဖြင့် သိအောင်ဝေဘန်သုံးသပ်ရမည်။**

**လက်တွေ့နည်း ဝေဘန်ပုံ**

သဘောတရား ဆတ်ဆတ် ဆိုသည်မှာ ဖြစ်သဘော၏ ရေသောက်မြစ်ကိုဆိုလိုသည်၊ ရေသောက်မြစ်ကိုဖြတ်ပယ်နိုင်မှသာလျှင် ဖြစ်ဟုထွက်ပေါ်နေသော သင်္ခတလောက ဝိညာဏ်မြင် ဝိဉာညာဏ်သိ အမှားသဘောကြီးသည် ကင်းပြတ် သုဉ်းတိတ်နိုင်ပေမည်။

**ဥပမာ။** မြေပေါ်၌ ပေါက်ရောက်ဖိကားလျက် တည်ရှိနေသော သစ်ပင်ကြီးကို ခုတ်သတ်ရာ၌ ရှေးဦးစွာ အကိုင်းအခက်တို့ကို ဖြတ်ပယ်ခုတ်ခြင်းသည် သစ်ပင်၏သေခြင်းသို့ မရောက်နိုင်သေးပေ။ ဤနည်းအတူ ခက်မငါ့ဖြာတို့နှင့်တကွ ပင်လုံးကြီးကို ပယ်ဖြတ်ခြင်းကို သည်လည်း သစ်ပင်၏ သေခြင်း သဘောသို့ အမှန်မရောက်နိုင်ရာ။ ရေသောက်မြစ်ကို ဖြတ်တောက် နှုတ်ပယ်

သတ်မှသာလျှင် နောင်တဖန် အညွန့် အတက် မပေါ်ထွက်နိုင်ဘဲ သစ်ပင်၏ သခြင်းသဘောသို့ဆိုက်ရောက်နိုင်သလို ဤဥဒယဗ္ဗယ ဉာဏ်၌လည်း ဖြစ်သဘော ပျက်သဘောတို့၏ ပေါ်ထွက်ရာ ရေ သောက်မြစ်ခေါ် မူလတရားခံဆတ်ဆတ်သဘောကို တွေ့အောင် ရှာဖွေ၍ ဖြတ်ပယ်မှသာလျှင် ဝိညာဏ်မြင် ဝိညာဏ်သိ အမြင် မှားပျောက်၍ ပညာမြင် အမှန်စခန်း ဆိုက်ရောက်နိုင်ပေမည်။

ထို့ကြောင့် ဖြစ်သဘော၏ ရေသောက်မြစ်ကို ရှာဖွေသော် ဖြစ်ပျက် ၂-ပါး၌ အစဉ်ကပ်လျက်တည်ရှိနေကြသော အနုသယ ကိလေသာ အကြွမ်းများ ဖြစ်ချေသည်။

**အနုသယ ၂-မျိုး** အနုသယ အရ ဝေဘန်ပြန်လျှင် အနုသယ သည် ၂-မျိုးရှိ၏။ မဂ်ဖြင့် ပယ်အပ်သော အလွန်သိမ်မွေ့သည့် အနုသယမျိုးလည်းတပါး။ ဥဒယဗ္ဗယပညာဉာဏ်ဖြင့် ပယ်သတ် သော အနုသယ အကြွမ်းလည်းတပါး။ဤသို့ ၂-ပါးရှိ၏ဟု ဝေ ဘန် သိမ်းဆည်းထားပါ။

ဖြစ်ပျက် ၂-ပါး တို့၌ အစဉ်ကပ်လျက်ရှိသော အနုသယ ကိလေသာအကြွမ်းဆိုသည်မှာ ရေသောက်မြစ်ဖြစ်သော ကံ,စိတ် ဥတု,အာဟာရ,ဟူသော အကြောင်းတရား အစုတို့ပင်ဖြစ်ပေ၏။ ထိုအကြောင်းတရားတို့ကို ပစ္စယပရိဂ္ဂဟ ဉာဏ်တွင် နည်းလေး ပါးဖြင့် သိမ်းဆည်း ပယ်သတ်ခဲ့သော်လည်း ရေသောက်မြစ်နှင့် တကွ ကင်းပြတ်ခြင်းသို့ မဆိုက်ရောက်နိုင်ပေ။ အကြောင်း ၄-ပါးတို့၏ ပေါ်ထွက်ရာ ရေသောက်မြစ်သည် ကြွင်းကျန်

လျက် တည်ရှိနေလေသည်။ ထိုကြွင်းကျန်သော အကြောင်းတရား၏ ရေသောက်မြစ်ကို ဥဒယဗ္ဗယဉာဏ်စခန်းတွင် တရားခံအဖြစ် ထုတ်ဖေါ်၍ **အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ,** ဟူ၍ စွဲချက်တင်ထားလေသည်။

ထိုအဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ,ဟူသော သဘောတရား **၄**-ချက်သည် ကံ စိတ် ဥတု အာဟာရ ဟူသော အကြောင်းတရား ၄-ပါးတို့၏ ရေသောက်မြစ်ဖြစ်ပေသည်။

ထိုရေသောက်မြစ် သဘော ၄-ချက်ရှိခြင်းကြောင့် "ဖြစ်" ဟူသော သဘောတရားသည် ဝိညာဏ်နယ်လောကကြီး၌ ပေါ်ထွက်နေခြင်းဖြစ်သည်။ ဝိညာဏ်နယ်လောကကြီး၌ 'ဖြစ်' ဟူသော သဘော ပေါ်ထွက်နိုင်ခြင်းကြောင့် အတ္တဒိဋ္ဌိစသော အစွဲကြီး ၄-ချက်တို့သည် သတ္တဝါတို့၏ နှလုံးအိမ်၌ အစဉ် ကိန်း လျက် တည်ရှိနေလေသည်။

**အဝိဇ္ဇာရေသောက်မြစ် အတိတ်စွဲ**

အစွဲ ၄-ချက်ဘည်ရှိနေပုံမှာ အဝိဇ္ဇာတည်းဟူသော ရေ သောက် မြစ်မှ သဿတဒိဋ္ဌိဟူသော အစွဲကြီး ထွက်ပေါ်လာ၍ သတ္တဝါတို့၏ နှလုံးအိမ်၌ အမြဲတည်ရှိ ကိန်းဝပ်နေလေသည်။

အဝိဇ္ဇာ ဆိုသည်မှာ အတိတ် သဘော, အတိတ် ကာလ, အတိတ် အကြောင်း, ဟူသော ရေ သောက် မြစ် ကြီး တခုဖြစ်ပေ၏။

အဘယ့်ကြောင့် ဆိုသော် "**မသိသဘော အဝိဇ္ဇာ**" ဟု ပိဋကတ်တော်များ၌ (အညာဏ လက္ခဏာ အဝိဇ္ဇာ)ဆိုထားသော

ကြောင့် ထိုမသိသဘောအရ ကာလ ၃-ပါးနှင့် ဝေဘန်သုံးသပ်ပြန်သော် မျက်ကွယ်ဖြစ်သော အတိတ်ကာလ အတိတ်အာရုံတို့၏ အပေါ်မှာ စွဲချက်တင်နိုင်လေသည်။ ပုထုဇဉ် သတ္တဝါတို့သည် ထိုမျက်ကွယ်ဖြစ်သော ချုပ်ကွယ်ပြီးသည့် အာရုံကိုပင် ထင်ရှားသည့်အနေဖြင့် ထင်မှတ်ပြီးလျှင် "နွားများ စားမြုံ့ပြန်သလို"တဖန် ဝိညာဏ်ရိပ်ဖြင့် ဆွဲဆောင်၍ ခံစားကြသော အလေ့သဘောသည် အစဉ်ရှိကြလေသည်။

ထိုအတိတ်အာရုံတို့သည် ကုန်ဆုံးချုပ်ကွယ်လေပြီး ဖြစ်သော်လည်း မမှာရုံအနေဖြင့် ဝိညာဏ်ရိပ်က ဆွဲဆောင်၍ ခံစားကြသော သာယာမှုမျိုးသည် သတ္တဝါတို့၏အသိဉာဏ်ခေါ် ဝိညာဏ်ရိပ်၌ သဿတဒိဋ္ဌိခေါ် ထိုခံစားသော အာရုံကို မြဲ၏ဟု ဖမ်းယူဆုံ့ကိုင်ထားသော ဒိဋ္ဌိတရားပင် ဖြစ်ပေသည်။

ထို့ကြောင့် ဥဒယဗ္ဗယဉာဏ် လုပ်ငန်းစဉ်တွင် ဖြစ်သဘောခေါ် ဝိညာဏ်ရိပ်ကြီးကို ပယ်သတ်ရာ၌ ဝိညာဏ်၏ ရေသောက်မြစ်ဖြစ်သော အဝိဇ္ဇာကို ရှေးဦးစွာ ဝိပဿနာအာရုဒ္ဓပုဂ္ဂိုလ်များ အချက်ကျ သိရှိနိုင်ရန် အလွန်အရေးကြီးလှပေ၏။

### တဏှာ ရေသောက်မြစ် အနာဂါတ်စွဲ

တဏှာတည်းဟူသော ရေသောက်မြစ်ကြီးမှလည်း ဉစ္ဆေဒဒိဋ္ဌိဟူသော အစွဲကြီးထွက်ပေါ်၍သင်္ခတလောကခေါ် ဖြစ်ပျက် ၂-ပါးတို့သည် ပေါ်ထွက်လျက် သတ္တဝါတို့၏ နှလုံးအိမ်၌ အမြဲတည်ရှိ ကိန်းဝပ်နေလေသည်။

တဏှာဆိုသည်မှာလည်း အနာဂတ်ကာလ အနာဂတ်အာရုံ အနာဂတ် အကြောင်းဟူသော ရေသောက်မြစ်ကြီးတခု ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ( ဖြစ်သောတဏှာ ) ဟူ၍ ဥဒယဗ္ဗယဉာဏ်စခန်းတွင် လက်တွေ့နည်းထုတ်ဖော်ပြထားသောကြောင့် ကာလ ၃-ပါးနှင့် ဝေဘန်သုံးသပ်ပြန်သော် မျက်ကွယ်ဖြစ်သော အနာဂတ်အာရုံ အနာဂတ်သဘောတရားတို့ကိုစွဲချက်တင်နိုင်လေသည်။

ထိုမျက်ကွယ်ဖြစ်သော အနာဂတ်အာရုံ အနာဂတ်ကာလ အနာဂတ်သဘောတို့သည် တဏှာတည်းဟူသောရေသောက်မြစ်မှ ထွက်ပေါ်နေကြသော သဘောတရားများ ဖြစ်ပေသည်။

ပုထုဇဉ်သတ္တဝါတို့သည် ထိုမျက်ကွယ်ဖြစ်သော မဖြစ်သေးသည့် အာရုံတို့ကိုင်လျှင် ဝိညာဏ်နှင့်ပြင့်ဘန်ဆင်း၍အမျိုးမျိုး လုပ်ကြံပြီးလျှင် ခံစားတတ်သောအလေ့အလာ ဓမ္မတာသဘောသည် အစဉ်ရှိနေကြလေသည်။

အမျိုးမျိုးလုပ်ကြံ ဘန်ဆင်းရာ၌ ဝိညာဏ်ရုပ်သည် ပြဋ္ဌာန်းသောကြောင့် ရှင်တော်မြတ်ဘုရားက ဝိညာဏ်ရုပ်ကြီးကို ဥပမာပြု၍ ထုတ်ဖော်ထားခဲ့သည်မှာ (မာယူပဉ္စ ဝိညာဏံ၊မျက်လှည့်သွားကြီးနှင့်တူ၏)ဟု ထုတ်ဖော်ဆုံးမခဲ့လေသည်။

ထိုဝိညာဏ်၏ အမျိုးမျိုးလုပ်ကြံ ဘန်ဆင်းနိုင် ခြင်းသည် တဏှာဟူသော ရေသောက်မြစ် ရှိ၍သာလျှင် ဘန်ဆင်း လုပ်ကြံနိုင်ခြင်းဖြစ်ပေသည်။

ဝိညာဏ်ရုပ်၏ အမျိုးမျိုးလုပ်ကြံ ဘန်ဆင်းမှု သည်လည်း အတိတ်အာရုံ ပစ္စုပ္ပန်အာရုံတို့၏အပေါ်၌ ပြဋ္ဌာန်းခြင်းမရှိပေ။ မဖြစ်သေးသော အနာဂတ်အာရုံကိုသာလျှင် အမျိုးမျိုး တွေးထင် စွဲယူနိုင်အောင် လုပ်ကြံ ဘန်ဆင်း နိုင်လေ ရကား တဏှာ ဟူသော ရေသောက်မြစ်ကြောင့်ဟု ဥဒယဗ္ဗယ ဉာဏ်စခန်းတွင် ထုတ်ဖော်၍ အကြောင်းရုပ်ကို ပြထားခြင်းဖြစ်ပေ၏။

**အနာဂတ် အာရုံနှင့် ဥစ္ဆေဒဒိဋ္ဌိ**

ဆိုလိုရင်းမှာ တဏှာဟူသော ရေသောက်မြစ် အကြောင်းရုပ်ရှိခြင်းကြောင့် အနာဂတ်ကာလ အနာဂတ်အာရုံ ဟူသော သဘောတရား ထွက်ပေါ်နိုင်လေသည်။ ထိုအနာဂတ်ကာလ အနာဂတ်အာရုံဟူသော သဘောတရား ထွက်ပေါ်ခြင်းကြောင့် ဖြစ်သဘောခေါ် ဝိညာဏ်ရုပ်သည် အမျိုးမျိုးလုပ်ကြံ ဘန်ဆင်းနိုင်လေသည်။ ထိုဝိညာဏ်ရုပ်၏ အမျိုးမျိုး လုပ်ကြံ ဘန်ဆင်း လှည့်ပတ်နိုင်ခြင်းကြောင့် သတ္တဝါအပေါင်းတို့သည် မျက်ကွယ်ဖြစ်သော အနာဂတ်အာရုံကို ဥစ္ဆေဒဒိဋ္ဌိခေါ် အစွဲအယူဖြင့် မြိန်ယှက်စွာ ခံစားကြလေသည်။

ဥစ္ဆေဒဒိဋ္ဌိဆိုသည်မှာ ပိဋကတ်တော်၌ ကင်းခြင်းပြတ်ခြင်းဟု စွဲယူသော အယူဝါဒကို ထုတ်ဖော်ထားသဖြင့် တဏှာလွန်ကဲစွာ ဖြစ်ပေါ်သော ပုဂ္ဂိုလ်တို့၏သန္တာန်၌ အာရုံကိုခံစားရာတွင် ပြင်းစွာစွဲယူသော တဏှာ၏အရှိန်ဖြင့် အာရုံကိုမထိန်းသိမ်းနိုင်ဘဲ ကင်းခြင်း ပြတ်ခြင်း သဘောသို့ သက်ရောက်ကျဆင်း၍ ခံစားတတ်ကြလေသည်။

ကင်းခြင်းပြတ်ခြင်း ဆိုသည်မှာ အကုသိုလ်၏အတိုသို့ လုံးဝ ကျရောက်ခြင်းပင်ဖြစ်ပေ၏။ သို့ရာတွင် မဟာဂ္ဂုတ်စျာန်နှင့် ပတ်သက်သော သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ တို့ကား ရုပ်နာမ် ပေါ်၌ မူထား၍ စွဲယူကျင့်ကြသော ဒိဋ္ဌိများဖြစ်၍ အကုသိုလ်နှင့် ယှဉ်သော သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိမဟုတ်ကြပေ၊ ကုသိုလ်နှင့်ယှဉ်သော သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိများ ဖြစ်ကြသည်။ သံသရာ၏ ထွက်လမ်းတွင်အား ကုသိုလ်နှင့်ယှဉ်သည်ဖြစ်စေ အကုသိုလ်နှင့်ယှဉ်သည်ဖြစ်စေ အလုံးစုံပြတ်ကင်းမှ ထွက်နိုင်လေသည်။

**ဥစ္ဆေဒဒိဋ္ဌိ ပေါ်ထွက်ပုံ**

ဥဒယဗ္ဗယ ဉာဏ်စခန်းမှာကား အကုသိုလ် တို့၏ ရေသောက်မြစ်ဖြစ်သော သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ၂-ပါးတို့ကို အဦးပြု၍ ပယ်သတ်သော အရာဌာနဖြစ်သောကြောင့် ကင်းခြင်း ပြတ်ခြင်း အရ ဝေဘန်လျှင် "ကင်းခြင်းအရ" ပစ္စုပ္ပန်မျက်မှောက်တွင် ဖြစ်ပေါ်နေသော အတ္တဘောခေါ် ရုပ်တရားကြီးနှင့် နောင်အနာဂတ်ဘဝတွင် ဖြစ်လတ္တံ့သော ရုပ်တရားတို့၏ ဆက်စပ်မှုမရှိဟု စွဲယူခြင်းပင် ဖြစ်သည်။ ထိုအစွဲအယူသို့ သက်ရောက်သောပုဂ္ဂိုလ်သည် ကိုယ်ချင်းစာတရား လွတ်ကင်း၍ တဘဝတခန္ဓာ ချမ်းသာစွာနေရမှုကို ကြိုးစားအားထုတ်လေသည်။ မိမိခန္ဓာကိုယ် ချမ်းသာစွာ နေထိုင်ရမှုအတွက် တစုံတခုသော ဒုစရိုက်ကံကို ပြုလုပ်ရမည်မှာ ဝန်မလေးပေ၊ ဤကား ကင်းခြင်းသဘော ဥစ္ဆေဒဒိဋ္ဌိ ပေါ်ထွက်ပုံကို အကျဉ်းမျှ ပြလိုက်ပေ၏။

"ပြတ်ခြင်း ဆိုသည်မှာ" မျက်မှောက် ဖြစ်ပေါ်နေသော နာမ်သဘောသည် သေသည်၏အခြားမဲ့၌ တဖန်ဘဝသစ်၌ ဖြစ်

ပေါ်ခြင်းမရှိ သေလျှင်ပြတ်၏ ငြိမ်း၏ ဘာမျှမဖြစ်ဟု ယူသော အစွဲအယူပင်ဖြစ်ပေသည်။ ဤအစွဲအယူရှိကြသောပုဂ္ဂိုလ်တို့သည် တဘဝကောင်းစားရေးကိုသာကြိုးစား၏။ အကုသိုလ် ကုသိုလ် ရှိ၏ဟု မစွဲယူသော အယူဝါဒမျိုးပင် ဖြစ်ပေ၏။

ဤဉစ္ဆေဒဒိဋ္ဌိခေါ် အစွဲအယူသည် အနာဂတ်အာရုံကိုခံစားသော တဏှာရေသောက်မြစ်မှ ထွက်ပေါ်လာသော အစွဲအယူဖြစ်၍ ဥဒယဗ္ဗယဉာဏ်စခန်းတွင် ဖြစ်သဘောခေါ် ဝိညာဏ်ရိပ်၏ ပေါ်ထွက်ရာ ရေသောက်မြစ်ကို ရှာဖွေသော် တဏှာသည်လည်း အကြောင်းရင်းမူလဖြစ်ကြောင်း ဝိပဿနာ အာရဒ္ဓပုဂ္ဂိုလ်များ ရှေးဦးစွာသိရန် အချက်ကြီးတခုဖြစ်ပေ၏။

**ကံ ရေသောက်မြစ် ပစ္စုပ္ပန်အစွဲ**

ကံ တည်းဟူသော ရေသောက်မြစ် ကြီးမှ အတ္တဒိဋ္ဌိခေါ် အစွဲလောကကြီးထွက်ပေါ်၍ သတ္တဝါတို့၏ နှလုံးအိမ်၌အမြဲကိန်းဝပ်တည်ရှိနေလေသည်။

ကံ တရားအရ ဝေဘန်ပြန်သော် ပစ္စုပ္ပန်ကာလ ပစ္စုပ္ပန်အာရုံဖြစ်သော မျက်မှောက်သဘော၏ ရေသောက်မြစ်သည် ကံ တရားပင်ဖြစ်ပေ၏။ ထိုကံတရားသည်လည်း အဘိဇ္ဈာ အမိ တဏှာ ဟူသော သဘောတရားမှ ပေါ်ထွက်လာသော မျိုးစေ့ခေါ် သားကလေးပင်ဖြစ်ပေသည်။ အာရုံနှင့်ဝေဘန်လျှင် အတိတ်အာရုံ အနာဂတ်အာရုံ နှစ်ပါးတို့၏ ပေါင်းဆုံဆက်စပ်ခြင်းကြောင့် ပစ္စုပ္ပန်အာရုံဖြစ်ပေါ်လေသည်။ ဤအား "အသွားသဘော"ဖြစ်ပုံကို ပြခြင်းဖြစ်သည်။

"အပြန်သဘော" ဖြစ်ပုံမှာ ပစ္စုပ္ပန်ဟူသော သဘောတရားမှလည်း (ဝါ)ပစ္စုပ္ပန် သဘောတရား ရှိသည် ရှိသော် အတိတ် အနာဂတ် သဘောတို့လည်း ပေါ်ထွက်ပြန်လေသည်။

ဤသို့အားဖြင့် သခ်ၤတ လောကကြီးသည် အသွားသဘော အပြန်သဘော အဝင်သဘော အထွက်သဘော ၂-ပါးတို့ဖြင့် ပြုပြင်နေခြင်းကို ပဋိစ္စသမုပ္ပါဒ် ဟူ၍ရင်း၊ သံသရာ ဟူ၍ရင်း ခေါ်ဆိုကြလေသည်။

**ခရီးတဝက် ရောက်ပြီ**

ဥဒယဗ္ဗယ ဉာဏ်သည်ကား ထိုအသွားသဘော အပြန်သဘော အဝင်သဘော အထွက်သဘောတို့ကို ရှေးဦးစွာ သိမ်းဆည်းရသော ဉာဏ်ဖြစ်သောကြောင့် အလွန်သိမ်မွေ့သော ဝိပဿနာဉာဏ် ဖြစ်ပေသည်။ ဤဉာဏ်ကို အသိဉာဏ်ပိုင်လျှင် ခရီးတဝက် ရောက်ပြီဟု ထုတ်ဘော် ဆုံးမကြလေသည်။

ဤသို့ အသွားသဘော, အပြန်သဘော, အဝင်သဘော, အထွက်သဘော, အပြန်အလှန် ဖြစ်ပေါ်နေခြင်းသည် ကံတရားပင်ဖြစ်ပေသည်။ ကံတရားမှသာလျှင် အပြန်အလှန် သဘော ၂-ချက် ထွက်နိုင်လေသည်။ သဘော ၂-ချက်ထွက်နိုင်မှ သံသရာ စက်ရဟတ်ကြီး လည်ပတ်နိုင်လေသည်။ သံသရာ စက်ရဟတ် လည်ပတ်နိုင်မှ ရုပ်ပင် နာမ်ပင် တို့သည် အစဉ်မပြတ်တော့ဘဲ ဆက်ခါဆက်ခါ ပေါက်ဖွားကြ၍ ရေသောက်မြစ် ခိုင်မြဲစွာ ဖြစ်ပေါ်နိုင်မည်။

ကံ တရား၏ အပြန် အလှန် ဖြစ်ပေါ်နိုင်ခြင်းမှာ ကံ ဟူသော မျိုးစေ့မှာပင် အပြန်အလှန် သဘော ၂ ချက် ပါဝင်လျက်ရှိ၏။ အဝိဇ္ဇာ တဏှာ ၂ ပါးတို့၏ **ဆက်စပ်ခြင်းကြောင့် ကံတရားပေါ်၏။ ကံတရားကြောင့် အဝိဇ္ဇာ တဏှာတို့သည် တဖန်ပေါ်ပြန်၏။**

ထို့ကြောင့် ကံတည်းဟူသော ရေသောက်မြစ် ပြတ်ရန် အရေး ကြီး လေ သည်။ ကံဘရား ရေ သောက် မြစ် ပြတ်သော် အတ္တဒိဋ္ဌိ ခေါ် **အစွဲ**လည်း ကျွတ်နိုင် **လေသည်။**

အတ္တဒိဋ္ဌိ အစွဲဆိုသည်မှာလည်းပစ္စုပ္ပန်အရိပ်တွင် ဖြစ်**ပေါ်**နေသော ပညတ်စွဲ ဝိညာဏ်အရိပ်ကြီးကို အတ္တဟု ဆိုလိုသည်။

ထိုပညတ်စွဲ ဝိညာဏ်ရိပ်ကြီး၏ အမျိုးမျိုးလုပ်ကြံ ဘန်ဆင်း လှည့်ပတ်မှုကိုပင်လျှင် အဟုတ်ရှိ အမှန်ရှိ တကယ်ရှိ ထင်မှတ်ပြီး စွဲယူနေခြင်းကို ဒိဋ္ဌိဟု ဆိုလိုသည်။

**ဥဒယဗ္ဗယဉာဏ်**
**တရားခံ--ကံရိပ်**

ဆိုလိုရင်းမှာ အတ္တဒိဋ္ဌိ အစွဲအယူသည် ဝိညာဏ်ရိပ်မှ ထွက်ပေါ်လာသောအစွဲအယူ ဖြစ်လေသည်။ ထိုဝိညာဏ်ရိပ် သည်လည်း " ပစ္စုပ္ပန်ရိပ် "ခေါ် အာရုံသဘောနှင့် ဒွါရသဘော ၂-ပါး တို့၏ ပေါင်းဆုံမှု သဘောတရားမှ ထွက်ပေါ်လာခြင်း ဖြစ်ပေ သည်။ ပေါင်းဆုံခြင်း ပစ္စုပ္ပန်အရိပ် သည်လည်း ကံ့ဟူသော

ရေသောက်မြစ်မှ ထွက်ပေါ်လာသော အရိပ်ဖြစ်၍ ဥဒယဗ္ဗယဉာဏ်၏ လုပ်ငန်းစဉ်အရ ပယ်သတ်ရန် တရားခံအစစ်ကိုရှာသော် ကံအရိပ်သည် တရားခံစစ် ဖြစ်နေလေ့သည်။

ထို့ကြောင့် ဖြစ်သဘော၏ ရေသောက်မြစ်ကို ဝေဘန်ရာတွင် ကံဟူသောအကြောင်းတရားကိုလည်း ထည့်သွင်း၍ပိဋကတ်တော်များတွင် အထင်အရှား ထုတ် ဖေါ် ပြ ထား ခြင်း ပင် ဖြစ်ပေ၏။

**အာဟာရရေသောက်မြစ် ပစ္စုပ္ပန်အရိပ်**

အာဟာရဟူသော ရေသောက်မြစ်ကြီးမှ အကိရိယခေါ် ဒိဋ္ဌိစွဲကြီး ပေါ်ထွက်၍ သတ္တဝါတို့၏ နှလုံးအိမ်၌ အမြဲကိန်းဝပ် တည်ရှိနေလေသည်။

အာဟာရ ဆိုသည်မှာ ထောက်ပံ့ခြင်း ပို့ဆောင်ခြင်း သဘောတရားကို ဆိုလို၏။ ထောက်ပံ့ပို့ဆောင်ပုံမှာ အတိတ်အကြောင်းဖြစ်သော အဝိဇ္ဇာနှင့် "အနာဂတ်သဘောဖြစ်သော တဏှာ" ပစ္စုပ္ပန်ဖြစ်သော ကံသဘော"တို့ ပေါင်းဆုံဆက်စပ်နိုင်အောင် ဆောင်ရွက် ပြုလုပ် ပေးခြင်းကို ထောက်ပံ့ခြင်းဟု ဆိုလိုသည်။

ထိုအာဟာရ သဘောတရားမရှိခဲ့သော် အဝိဇ္ဇာ တဏှာ ကံဟူသော သဘောတရားတို့လည်း သင်္ခတလောကတွင် အဘယ်မှာ ပေါ်ထွက်နိုင်ပါအံ့နည်း။ ဤအတူ အတိတ် အနာဂတ် ပစ္စုပ္ပန်ဟု သင်္ခတ လောကတွင် အသီးသီး ပေါ်ထွက်နေခြင်းတို့သည်လည်း တဦးကို တဦးကစွဲ၍ ပေါ်ထွက်နေခြင်း ဖြစ်ရာ

ဤအာဟာရ ဟူသော သဘောမရှိပါက တဦးနှင့်တဦး မဆက်စပ်နိုင် အခြေမပြုနိုင်ကြသဖြင့် အဘယ်မှာ ထွက်ပေါ်၍ သခ်တလောကကြီးကို ဘန်ဆင်းနိုင်ကြပါမည်နည်း။

ထို့ကြောင့် အာဟာရဟူသော ရေသောက်မြစ် အကြောင်းတရားသည်လည်း ဥဒ္ဒယဗ္ဗယ ဉာဏ်စခန်း ပယ်သတ်စဉ်၌ အရေးကြီးသော တရားခံဖြစ်ပေသည်။

အဝိဇ္ဇာ တဏှာ ကံဟူသော သဘောတရားတို့သည် "အာဟာရဟူသော ပစ္စုပ္ပန်အရိပ်သဘော"ကို အမှီပြုရမှသာလျှင် ဖြစ်ပေါ်နိုင်လေရကား ထိုအာဟာရအရိပ်ကို ပိဋကတ်တော်များ၌ နို့ထိန်းသမားနှင့်တူကြောင်း အကျယ်ဝေဘန်ပြကြလေသည်။

**အာဟာရအရိပ်နှင့် အကိရိယဒိဋ္ဌိ**

အကိရိယ ဒိဋ္ဌိခေါ် အစွဲကြမ်း သည်လည်း ထိုအာဟာရအရိပ်မှ ထွက်ပေါ်၍ သခ်တလောကတွင် ဖြစ်ပေါ်နိုင်လေသည်။ အကိရိယဒိဋ္ဌိ သဘောမှာ အကြောင်းနှင့် အကျိုး ၂-ပါးကို မရှိဟုစွဲယူသော အယူဝါဒ အကြမ်းသဘောကြီးကို ဆိုလိုသည်။ ၎င်းအယူဝါဒမျိုးကို ပိဋကတ်တော်များ၌ နိယတ မိစ္ဆာ ဒိဋ္ဌိကံဟု ထုတ်ဖော်ပြထားလေသည်။

အချို့သောသတ္တဝါတို့သည် ဤအယူဝါဒမျိုးသို့ သက်ဝင်လျက် ရှိကြသည်။ သက်ဝင်သော သတ္တဝါတို့၏ နှလုံးအိမ်၌ ဆွဲကိုင်ထားသော ဝေဘန်ချက်တခုမှာ ပစ္စုပ္ပန် မျက် မှောက်ကောင်းစားရေးအပေါ်မှာ ဦးစိုက်ပြီးလျှင် မျက်ကွယ်ဖြစ်သော

ကံတရား၏ အရေးအခွင့်တို့ကို ယုံကြည်သက်ဝင်မှု အလျှင်းမရှိကြပေ။ ထိုကံတရား၏အရေးအခွင့်တို့ကို ပယ်ထုတ်သောပုဂ္ဂိုလ်အား ကံတရား၏ မှီရာဖြစ်သော အဝိဇ္ဇာ တဏှာ တရား တို့ကိုလည်း ယုံကြည်စောင့်ထိန်းမှု အဘယ်မှာရှိနိုင်ပါတော့မည်နည်း။

ထိုတရားတို့ကို ပယ်ထုတ်သော ပုဂ္ဂိုလ်၏နှလုံးအိမ်၌ ကုသိုလ်အကုသိုလ်ဟူသော အကြောင်းတရား, ခံစားအပ်သော အကျိုးတရားတို့သည် မရှိနိုင်ဟု လုံးဝ စွဲယူ ထား သော ပုဂ္ဂိုလ်သည် ဒုစရိုက်ကံ အမျိုးမျိုးတို့ကို မရွံ့မကြောက်ဘဲ မျက်မှောက်ခံစားရမှုကိုတွေ့သော် ပြုလုပ်မည်မှာ အမှန်ဖြစ်ပေသည်။

အလွန်ကြီးလေးသော အကုသိုလ်ဂရုကံကြီးကိုပင် လွန်ကျူးရန် လွယ်ကူနေပါလျှင် သေးငယ်သော ကံတို့၌ စောင့်ထိန်းခြင်းအလျှင်း မရှိတော့ဘဲ စိတ်အာရုံ ဆွဲကိုင်ရာသို့ ပြုလုပ်မည်ကားမလွဲတော့ပေ။

ထို့ကြောင့် အကိရိယဒိဋ္ဌိသည် အာဟာရအရိပ်ခေါ်ပစ္စုပ္ပန်သက်သက်ကိုသာ ရှုသောပုဂ္ဂိုလ်၏ တဖက်သတ်စွဲယူသဖြင့် ဖြစ်ပေါ်လာနိုင်သော ဒိဋ္ဌိကြီးဖြစ်သောကြောင့် ဥဒယဗ္ဗယ ပညာစခန်းတွင် အာဟာရ အရိပ်မှ ထုတ်ဖော်၍ ပြဆိုထားသည်ဟုမှတ်။

ဤသို့အားဖြင့် ဖြစ် ဟူသော သဘောတရား၏ ပေါ်ထွက်ရာရေသောက်မြစ် ၄-ချက်ကို အသိဉာဏ်စခန်းဖြင့် ရှေးဦးစွာ တွေ့

အောင် ရှာဖွေသုံးသပ် ဆင်ခြင် ရပေမည်။ သို့မှသာ "**မဖြစ်သဘော**"အစစ်အမှန်သို့ ရောက်အောင် ဝိပဿနာ **အသိဉာဏ်ကို** ပို့ဆောင်ပေးနိုင်ရာ၏။ မဖြစ်သဘော **အစစ်** အမှန် တွေ့လျှင် ဤဥဒယဗ္ဗယ ဝိပဿနာလမ်းစဉ် **အောင်မြင်ပြီ**ဟုမှတ်။

ရှင်တော်မြတ်ဘုရားသည် ဤဥဒယဗ္ဗယလမ်းစဉ် **အောင်မြင်** ကြသော ထေရီခေါ် ဘိက္ခုနီမ အမျိုးသမီးတို့အား ဇေတဝန် ကျောင်းတော်မှ နေပြီးလျှင် **တန်ခိုးတော်**လွှတ်၍ ကမ္မဋ္ဌာန်း အာရုံကို အထူးစောင့်ရှောက်တော်မူကြောင်း အပဒါန် ကျမ်း များတွင် အထင်အရှား မှတ်တမ်းတင်ချက် ရှိလေသည်။

ဤသို့လျှင်"**ဖြစ်သဘော**"၌လိုရင်း**အချုပ်** တရားခံအစစ်ကို ရှာဖွေ စူးစမ်းဆင်ခြင်သော် အာရုံနှင့်တွေ့၍ ဖြစ်ပေါ်လာသော မြင်မှု ကြားမှုခေါ် ပစ္စုပ္ပန်သဘောလောက်ကို ဖြစ်သဘောဟု ဝေဘန်သိမ်းဆည်းခါမျှနှင့် တရားခံ**အစစ်**ကို မတွေ့နိုင်သေး။ ယခု ဖေါ်ပြ ထားသော **အနုသယ** အနေနှင့် ပစ္စုပ္ပန်အရိပ်တွင် ပုန်းအောင်းနေကြသည့် အဝိဇ္ဇာ တဏှာ ကံ **အာဟာရ**ဟူသော ရေသောက်မြစ် အကြောင်း**တရား** ၄-ချက်နှင့် ဒိဋ္ဌိ**စွဲ**၄-ချက်ကို ကောက်ယူ သိမ်းဆည်းနိုင်မှသာ ဖြစ်သဘော **အစစ်** အမှန် ကို တွေ့မည်ဟုမှတ်။

**ပဋိစ္စသမုပ္ပါဒ်ရှုရန် အကျဉ်းနည်း**

ရှင် တော် မြတ် ဘုရား ဟောကြားတော်မူအပ်သော ပဋိစ္စ သမုပ္ပါဒ်၌ ဒေသနာတော်ကြီး တခုလုံးကို လိုရင်း အဆီ ညှစ်

ထုတ်လိုက်သော် အဝိဇ္ဇာ တဏှာ ကံ အာဟာရ ဟူသော အကြောင်းတရား ၄-ပါးသာ ပြဋ္ဌာန်းလျက် တည်ရှိနေသော ပဋိစ္စသမုပ္ပါဒ်ကြီး ဖြစ်ပေသည်။

ပြဋ္ဌာန်းပုံ သဘောတရားကား ကြောင်း-ကျိုးခေါ် ပဋိစ္စ သမုပ္ပါဒ် တရားတို့ကိုပင် လက်တွေ့ ဝေဘန် သိမ်းဆည်း သော် အကြောင်းတရားသာဖြစ်၏ဟုဝေဘန်နိုင်လေသည်၊ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌ အကျိုးတရားဟု ထုတ်ပြထားသော် လည်း စင်စစ်သဘောမှာ အကျိုးတရားစစ်စစ်မဟုတ်နိုင်ရာ။အကြောင်း တရားကိုမြင့်၍ (ဝါ)အကြောင်းတရားအစုတို့က အကျိုးတရား ယောင် ဟန်ဆောင်နေသော ဝိညာဏ်လှည့် သဘောတရားသာ ဖြစ်ချေသည်။အဘယ့်ကြောင့်ဆိုသော် အကျိုးတရားစစ်စစ်တို့၏ သဘောမှာ နောင်တဖန် ဖြစ်ပေါ်နိုင်သော အကြောင်းဟိတ် ဟူက မူမျှမရှိနိုင်ပေ။ ပဋိစ္စသမုပ္ပါဒ် အကျိုးတရား သည်ကား အကြောင်းဟိတ်ပါသောတကျိုးတရားဖြစ်သောကြောင့်အဆင့် ဆင့်သော သဘောတရားတို့ အစဉ်မပြတ် ဖြစ်ပေါ်ခြင်း ရှိရ လေသည်။

ဥပမာ "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ"ဟူသောပုဒ်၌ အဝိဇ္ဇာ သည် သင်္ခါရကို ဖြစ်စေနိုင်သောကြောင့် အကြောင်းတရားဟု ခေါ်သည်။ သင်္ခါရကား အဝိဇ္ဇာကြောင့် ဖြစ်ပေါ်ရသော ကြောင့် အကျိုးတရားဟုခေါ်ဆိုရာ, ၎င်းသင်္ခါရကို တကယ့် အကျိုးတရားလောဟု ဆင်ခြင်ဝေဘန်သုံးသပ်ရမည်။ တကယ့် အကျိုးတရား ဖြစ်ခဲ့ပါလျှင် " သင်္ခါရပစ္စယာ ဝိညာဏံ " ဟု မဟောကြားနိုင်တော့ပေ။ ယခုမှာကား သင်္ခါရကြောင့်ဝိညာဏ် ဖြစ်၏ဟု ဟောကြားမြဲ သောကြောင့် သင်္ခါရသည် အကြောင်း

မျိုးဟိတ်ရှိကြောင်း အလွန် ထင်ရှား လေသည်။ အကျိုးတရား စစ်စစ် သင်္ခါရဖြစ်ခဲ့ပါလျှင် အဘယ်မှာ ဝိညာဏ်ကို ဖြစ်စေနိုင်ပါမည်နည်း။ ကိုယ်ပိုင်ဉာဏ်နှင့်ဝေဘန်ဆင်ခြင်သုံးသပ်ကြည့်ပါ။

သင်္ခါရသည် အဝိဇ္ဇာ ဟူသော မိမိထက် တန်ခိုးကြီးသူနှင့် တွဲစပ်ခိုက်တွင် "ပါဝါ"ချင်း မတူသောကြောင့် အကြောင်းတရားက ဟန်ဆောင်၍ အကျိုးတရားယောင် ပြုလုပ်ရခြင်းဖြစ်ပေသည်။ စင်စစ်သဘောတရားအမှန်သို့ ဝေဘန်ကြည့်လျှင် အကြောင်းတရားဖြစ်ကြောင်း အလွန်ထင်ရှားလှပေ၏။

ဝိညာဏ်တရားသည်လည်း သင်္ခါရနှင့် တွဲစပ်ရသော အခါ တန်ခိုးအာဏာ ခြင်း မတူသောကြောင့် အကျိုးယောင် ဟန်ဆောင် ရပြန် သေးသည်။ နာမ်ရုပ်နှင့် တဖန်တွဲသော် ၎င်း၏ သဘောတရား အမှန်အတိုင်း အကြောင်းတရား ဖြစ်ကြောင်း ထင်ရှားလာပြန်သည်။

ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်တခုလုံးကို လက်တွေ့နည်းအရ ဝေဘန်ဆင်ခြင် သုံးသပ်လျှင် အကြောင်းတရားသာ အလုံးစုံဖြစ်ကြလေသည်။ အကျိုးတရားဆိုသည်မှာ ဟန်ဆောင်ခါမျှသာဖြစ်၏ဟု ဝေဘန်သိနိုင်လေသည်။

ရှင်တော်မြတ်ဘုရားသည် ဓမ္မစကြာဒေသနာတော်၌(ယံကိဉ္စိ သမုဒယဓမ္မံ)ဟု ဟောကြားဆုံးမတော်မူချက်အရပဋိစ္စသမုပ္ပါဒ် ဒေသနာတော်တခုလုံးသည် ဖြစ်ခြင်းဟူသော အကြောင်းတရားသာလျှင်ရှိ၏။ ဓမ္မစကြာ အသိဉာဏ် တရား မျက်စိ နှင့် လည်း တပ်ဆင်၍ ကြည့်ရှုဝေဘန် သုံးသပ်စေလိုပေ၏။

**အကျိုးတရားကို ဝေဘန်ခြင်း**

အကျိုးတရားကို လက်တွေ့နည်းနှင့် ခွဲစိတ်ဝေဘန်လျှင် အောက်ပါအတိုင်း ၂-မျိုး ဝေဘန်နိုင်ရာ၏။

၁။ အကြောင်းဟူ၍ မူမျှမရှိသော အကျိုးတရား။

၂။ အကြောင်းသဘော ပါရှိနေသည့် အကျိုးတရား။

ဤသို့အားဖြင့် ၂-မျိုးခွဲဝေပေါ့။ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌ရှိသော အကျိုးတရားမှာကား အကြောင်း ပါ သော အကျိုးတရား ဖြစ်သောကြောင့် သဘောတရားတို့သည် အစဉ်မပြတ် ဆက်ခါ ဆက်ခါ ဆက် စပ် ဖြစ် ပေါ် နေ နိုင် ခြင်းပင် ဖြစ်ပေသည်။

အစဉ်မပြတ် ဆက်စပ်လျက်ဆက်ခါဆက်ခါဖြစ်ပေါ်နေခြင်းကိုပင်လျှင် သံသရာလည်သည်ဟုခေါ် ဆိုနိုင်ရာ၏။အဆက်အစပ်ပြတ်ခြင်းကိုပင်လျှင် သံသရာရပ်သည်ဟု ဆိုနိုင်လေသည်။သံသရာရပ်ခြင်းကို အလိုရှိကြသောသူတော်ကောင်းတို့သည် အကြောင်းမပါသော အကျိုးတရားသို့ ဆိုက်ရောက်အောင် ဝိပဿနာ အသိဉာဏ် ပညာစခန်းဖြင့် အားထုတ်လုပ်ဆောင်နိုင်မှ သာလျှင် သံသရာသည်မလည်မပတ်နိုင်ဘဲအမှန်ရပ်နိုင်ပေမည်။ အကြောင်းမပါအောင် လုပ်ရန်ကိစ္စမှာလည်း ဤဥဒယဗ္ဗယဉာဏ်စခန်းတွင် ထုတ်ဖော်ပြီးဖြစ်သော ဒိဋ္ဌိအစွဲ ၄-ချက်တို့ပင် ဖြစ်ပေ၏။

**မှတ်ချက်။** အကြောင်းမပါသော အကျိုးတရားသက်သက်သည် အထက်ဖြစ်သော ဘင်္ဂဥာဏ်စခန်းသို့ ဆိုက်ရောက်လိမ့်မည်။ ၎င်းအကျိုးတရားမျိုးမှသာလျှင် အပျက်သဘော အစစ်အမှန်ဟု ဆိုနိုင်ရာသည်။

ဥဒယဗ္ဗယ ဝိပဿနာနည်း၌ "ဖြစ်-ပျက်" ဟုဆိုရာတွင် အပျက်သဘောသည်ကား တကယ်ပျက် သဘော အစစ်အမှန် ပျက်သဘော မဟုတ်ပေ။ အကြောင်း တရားက အကျိုး တရား အယောင် ဟန်ဆောင်နေသည့် အပျက်သဘောဟု ဆိုလိုသည်။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်တခုလုံးကို လက်တွေ့နည်းနှင့်ဆင်ခြင်သုံးသပ်သော် အကြောင်းတရားကား "ဖြစ်သဘော" မည်၏။ အကျိုးတရားကား "ပျက်သဘော" မည်၏။ ထိုပျက်သဘောသည်လည်း တကယ်ပျက် အစစ်အမှန်ပျက် သဘောမဟုတ်ပေ။ အကြောင်းတရားက ဟန်ဆောင်သော အပျက်ဖြစ်သောကြောင့် ပညာသိနှင့် ဝေဘန်ကြည့်လျှင် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်တခုလုံးမှာ အကြောင်းတရားအစုဟု ဆိုလိုသည်။

ထိုအကြောင်းတရားအစုကို လက်တွေ့ဝေဘန်ပြန်သော် ဒိဋ္ဌိစွဲ ၄-ချက်တို့နှင့် တကွ အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ, ဟူသော သဘောတရားများသာ ဖြစ်ပေ၏။ ထိုသဘောတရားတို့ကို နှိပ်သိမ်းနိုင်လျှင် အကြောင်းပြတ်၍ အကျိုးငြိမ်းပြီဟု မှတ်ပါလေ။

အ ကြောင်း ပြတ် ရန် မှာလည်း မလွယ်ကူလှပေ။ လိုရင်းတရားခံကိုမြင်မှသာလျှင် ပြတ်နိုင်လေသည်။ လိုရင်းအရဝေဘန်

ပြန်သော် လက်တွေ့နည်းပင်ဖြစ်ပေ၏။ ဥဒယဗ္ဗယ ဝိပဿနာ နည်းတွင် ဒေသနာနည်းက ဖေါ်ပြထားသော အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ၊ ဟူ၍ အကြောင်းတရားကို ၄-ချက်ပြဆိုထားရာ ထို၄-ချက်စလုံးကို ဝေဘန်သိမ်းဆည်းနေပါလျှင် အဘယ်မှာ အကြောင်းတရားခေါ် ဒိဋ္ဌိစွဲပြုတ်နိုင်ပါမည်နည်း။

**ပစ္စုပ္ပန်အရိပ်နှင့် ကံမျိုးစေ့**

အကြောင်း တရား ခေါ် ဒိဋ္ဌိစွဲ ၄ -ချက်ရှိသည့်အနက် ပစ္စုပ္ပန်အရိပ်တွင် အစဉ်ကိန်းလျက် ဖြစ်ပေါ်နေ သော အတ္တဒိဋ္ဌိခေါ် အကြောင်းကံ မျိုးစေ့ကို အနတ္တဉာဏ်စခန်းဖြင့် အပိုင် သိမ်းဆည်းနိုင်လျှင် ၎င်း ပစ္စုပ္ပန် အရိပ်၌ ကိန်းလျက်ရှိကြသော "အတိတ်ကာလဟူသော၊ အဝိဇ္ဇာ" "အနာဂတ်ကာလဟူသော၊ တဏှာ" အချင်းချင်း ဆက်စပ်ထောက်ခံခြင်း တည်းဟူသော အာဟာရအကြောင်း ၃-ပါးတို့သည်လည်း တပြိုင်နက်တကွသာလျှင် ကျွတ်လွတ်ပြတ်ကင်းသည်ဟု ဆိုနိုင်လေသည်။

ဤနေရာ၌ အတ္တဒိဋ္ဌိခေါ် အကြောင်းကံမျိုးစေ့ ကျွတ်လွတ် ကင်းပြတ်ရန်ကို ဒေသနာနည်းတွင် အဗျာပါရဓာတ်၊ ကို ထုတ်ဖေါ်ပြထားလေသည်။ ၎င်းအဗျာပါရဓာတ်ကို လက်တွေ့နည်းဖြင့် ပေါက်ရောက် ထင်မြင်အောင် ဝေဘန် သိမ်းဆည်း နိုင်မှုသည် မလွယ်ကူလှပေ။ ဥဒယဗ္ဗယဉာဏ် အမြင်သန်သောပညာရှိများထံ နည်းခံပြီးလျှင် အကြိမ်ကြိမ် ဝေဘန်၊ ဆင်ခြင် သုံးသပ်နိုင်မှ "အဗျာပါရ အနတ္တ ဓာတ်သဘော" ကို အပိုင် သိနိုင်လေသည်။

ယခုခေတ် သာသနာ့ နောက်ပိုင်း တွင်ကား ဥဒယဗ္ဗယ ဝိပဿနာပညာဉာဏ် အမြင်သန်အောင် ပညာရှိထံသို့ကြိုးနှံ့စွာ အဆင်းရဲ အပင်ပန်းခံ၍ နည်းခံခြင်းတို့ ကား အလွန်လျှင် နည်းပါးလျက်ရှိနေလသည်။ ရှေးအခါက လောကီပညာချပ်များကို တကယ်တတ်မြောက်လိုသော ပုဂ္ဂိုလ်များသည် လောကီပညာရှိ ဆရာကြီးထံတွင် ၃-နှစ်,ဘိနပ်ကိုင်၍ခိုင်းစေသမျှကို မတွန့်ဆုတ်ဘဲ မိမိကိုယ်ကို ကျွန်ခံပြီးလျှင် သက်မွေးဝမ်းကြောင်း လောကီပညာကိုပင် နည်းခံ၍ ယူကြရလေသည်။

သံသရာမှထွက်မြောက်လိုသော သူတော်ကောင်းသည်လည်း ရှင်တော် မြတ်ဘုရား ထွက်ပေါ်၍ အထူးချီးမွမ်းတော် မူသော ဥဒယဗ္ဗယ ပညာစခန်းကို အပိုင် သိမ်းဆည်း နိုင်ရန် ဥဒယဗ္ဗယ ဝိပဿနာ အမြင်သန်သော ပညာရှိများထံ ကြိုးနှံ့စွာ ကိုယ်ကို နှိမ့်ချ၍ နည်းခံကြရန် အထူးသင့်လှပေသည်။

**အဗျာပါရသဘောကို အကျဉ်းဆင်ခြင်ရန်**

လက်တွေ့နည်းဖြင့် အဗျာပါရသဘော ကို ဝိပဿနာ ဓာတ်မျက်စိ ပေါက် အောင် ဝေ ဘန် ဆင် ခြင် ပြန် သော် အဗျာပါရခေါ် သဘောတရားသည်၃-မျိုးရှိလေသည်။ ထိုအဗျာပါရ ၃-မျိုးကို သိလိုလျှင် ရှေးဦးစွာ ဗျာပါရခေါ် အတ္တအချက် ၃-ချက်ကို ခွဲစိတ်ဝေဘန်ဆင်ခြင် သုံးသပ်စေလိုသည်။

### ဗျာပါရခေါ် အတ္တအနက် ၃-ချက်

၁။ သယံနိဝသီ။ မိမိ အလိုသို့ လိုက်ခြင်း သဘောဟု အစွဲအယူပြုထားခြင်း အတ္တ။

၂။ ဝေဒကော။ မိမိအလိုဖြင့် အပိုင်ခံစားနိုင်သည်ဟု အစွဲအယူရှိခြင်း အတ္တ။

၃။ ကာရကော။ မိမိသဘောဖြင့် ပြုလုပ် နိုင်သည် ဟု အစွဲအယူရှိခြင်း အတ္တ။

အထက်ပါ သဘောတရား ၃-ချက်တို့သည် အတ္တခေါ် သဘောတရားဖြစ်ချေသည်။ ထိုသဘောတရား ၃-ချက်ကို စွဲယူသောကြောင့် ဒိဋ္ဌိဟု ဆိုလိုသည်။

အဗျာပါရဆိုသည်မှာကား ထိုသဘောတရား ၃-ချက်တို့၏ ကင်းဆိတ်ခြင်း အစွဲအယူမရှိခြင်း သဘောတရားကို အဗျာပါရ ဆိုလိုသဖြင့် ထိုအဗျာပါရ သဘောကို ဗျာပါရသဘောမှ ပြန်သောအားဖြင့် ထုတ်ယူ၍ဝေဘန်သိမ်းဆည်းရလေသည်။

**အပြန်သဘော ထုတ်ယူပုံ**

၁။ မိမိ၏အလိုသို့ အစဉ်လိုက်ခြင်းသဘောတရားကို အတ္တဆိုသဖြင့် အဗျာပါရအနတ္တအရ မိမိ၏အလိုသို့ အစဉ်မလိုက်ခြင်းဟူသော အဗျာပါရတော်ကိုသိရမည်။ ရှင်တော်မြတ်ဘုရားသည် (သဗ္ဗေဓမ္မာ အနတ္တာ)ဟု အလုံးစုံသော သဘောတရားတို့သည် အစိုးမရ အလိုသို့မလိုက် အနတ္တဓမ္မဟု ထုတ်ဖော် ဆုံးမချက် အရ အလိုသို့မလိုက်ပုံကို ပညာဉာဏ်ဖြင့် ဝေဘန် သိမ်းဆည်း ရမည့် ဝိပဿနာ ပညာဉာဏ် မရှိကြသော အန္ဓပုဂ္ဂိုလ်တို့၏ ဝေဘန် သိမ်းဆည်းနိုင်မှုမှာ ဆံဖြူခြင်း သွားကျိုးခြင်း အရေတွန့်ခြင်း စသော ဇရာဒုက္ခ၏ အပေါ်မှာ အစိုးမရ အလိုသို့မလိုက်ဟု ဝေဘန်သိမ်းဆည်းနိုင်လေသည်။

စိတ်ဝိညာဏ်၏ ကြံစည်လုပ်ကိုင် အားထုတ်သဖြင့် ဖြစ်ပေါ် လာသော နေမှု ထိုင်မှု စီးပွါးမှု အကြံ အစည် အောင်မြင်မှု စသော လောကီအာရုံ ကာမဂုဏ်အစုစုခေါ် ခံစားမှုအမျိုးမျိုး တို့၏အပေါ်၌ကား အစိုးရသည့်အလိုလိုက်သည့်ငါ ကြံဆောင် လျှင် အောင်မြင်သည်ဟု လက်မထောင်၍ အတ္တ ဂဟာ ဆွဲကိုင် လျက် ရှိကြလေသည်။

ဤ အတ္တ ဂဟာ ဆွဲကိုင်ထားကြခြင်းသည် မိမိ၏စိတ်ဝိညာဏ် ၏ သဘောတခုကိုသာလျှင် အထင်ကြီး ထင်မှတ်ပြီးလျှင် အစွဲ အယူရှိသောကြောင့် အတ္တဂဟာခေါ် လက်မထောင်ခြင်းဖြစ်ပေ သည်။ ပညာနှင့်ဝေဘန်သိမ်းဆည်းသော် ထိုမိမိ၏ စိတ်ဝိညာဏ် သည် မည်သည့်သဘောမှ ပေါ်ထွက်လာသနည်းဟု သဘာဝ ကို စူးစမ်းရှာဖွေရဦးမည်။

ဤသို့ စိတ်ဝိညာဏ်၏ ပေါ်ထွက်ရာ အခြေခံသဘာဝကို ရှာ ဖွေသော် ပစ္စုပ္ပန်အာရုံအရိပ်တွင် အစဉ်ကိန်းလျက် တည်ရှိနေ သော ကုသိုလ်အကုသိုလ် ကံတရားမှ ထွက် ပေါ် လာရ သော ဝိညာဏ်ဖြစ်ပေသည်။

ထို ဝိညာဏ်၏ ဖြစ်ပေါ် ကြံဆောင်သမျှ အလုံးစုံသည် ကံတရားသာလျှင် ရှေ့ဆောင်၏။ ကံတရားသာလျှင်ပြဋ္ဌာန်း၏။ ကံတရားသာလျှင် စီမံ၏။ ကံတရား စီမံသလို စိတ်ဝိညာဏ်၏ ကြံဆောင်လုပ်ကိုင်ခြင်းသည် ထွက်ပေါ်နိုင်လေသည်။

ဥပမာ။ သစ်သား ထုလုပ်ထားသော မင်းသား မင်းသမီး အရုပ်ကြီးသည် သူ့သဘာဝအားတိုင်း ခြေက လက်က စသော

အကအမျိုးစုံကိုကပြနိုင်ခြင်း မရှိသော်လည်း တပ်ဆင်ထားအပ်သော ကြိုးက ဆွဲဆောင်လိုက်သောအခါ ခြေအကလက်အကစသော အကမျိုးစုံကို ကပြနိုင်သလို ဝိညာဏ်နှင့်ကားသစ်သားထုလုပ်သော မင်းသား မင်းသမီး အရုပ်နှင့်တူ၏။ ကြိုးနှင့်ကားကံရုပ်နှင့်တူ၏။

**ကံတရား၏ သဘာဝ**

ပြုပြင်စီမံသော ကံတရား၏ သဘာဝကို ဝေဘန်ပြန်သော် ကံတရားတို့၏ သဘောသည် အစဉ်ပေါ်ထွက်တည်မြဲနေသော သဘာဝ အလျှင်းမရှိပေ။ အကြောင်းညီညွတ်ခိုက်တွင် (ဝါ)ပစ္စယတို့၏ ပေါင်းဆုံစုဝေးခိုက်တွင် ဖြစ်ပေါ်နိုင်သော သဘာဝဖြစ်၍ မည်သူ၏ အလို မည်သူ၏ အမိန့်အာဏာကိုမှ မလိုက်။ သဘာဝအတိုင်း အနတ္တဓမ္မဖြင့် ဖြစ်ပေါ်ရသော အဗျာပါရသဘောတရားအစစ်ဖြစ်ပေသတည်း။

ဤ ပြုပြင် စီမံသော ကံရုပ်၏အဗျာပါရ သဘောတရားကို ပညာဖြင့် မြင်သိကြသော ပုဂ္ဂိုလ်တို့က ဝိညာဏ်၏ အတ္တဂဟာခေါ် လက်မထောင်ခြင်းကို အချိုးနှိုးဟု ပယ်စွန့်ကြ ပြီး လျှင် "အလုံးစုံသော သဘော တရား တို့သည် မိမိခေါ် ဝိညာဏ်၏ အလိုသို့မလိုက် သူ့သဘာဝအတိုင်း အနတ္တဓမ္မတို့ပါ တကား" ဟု အသိဉာဏ်ဥက္ကောင်းချလျက်နေခြင်းသည် အဗျာပါရဓာတ်ကို အပိုင်သိမ်းဆည်းခြင်းဟု ဆိုလိုသည်။

ထို့ကြောင့် သံသရာမှ ထွက်မြောက် လိုကြသော သူတော်ကောင်းတို့သည် ပစ္စုပ္ပန်အကျိုးရုပ်တွင် အစဉ်ကိန်းလျက်ရှိသော

ပစ္စုပ္ပန်အကြောင်း မျိုးစေ့ခေါ် (၂၉) ပါးသော ကံတရားတို့ကို ပယ်နုတ်တော်မူကြသဖြင့် အနာဂတ်ဘဝတွင် အဝိဇ္ဇာ၊ တဏှာ၊ တည်းဟူသော တရား ၂-ပါးတို့သည် လူခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာ၊ အပါယ်ခန္ဓာ၊ အိမ်ကို မဆောက်နိုင်သဖြင့် ကံတည်းဟူသော မျိုးစေ့ပြတ်၍ ဘဝဇာတ် သိမ်းတော်မူကြလေသည်။

ဤကား အစိုးမရ အလိုသို့မလိုက်ခြင်းဟူသော အဗျာပါရခေတ်သဘောကို ဆင်ခြင်ရန် အကျဉ်းပြချက် ဖြစ်ပေသည်။

၂။ မိမိ၏သဘောအလိုဖြင့် ခံစားနိုင်ခြင်းဟူသောဗျာပါရအတ္တကိုလည်း မိမိ၏ သဘော အလိုဖြင့် မခံစားနိုင် ဟူသော အဗျာပါရခေတ်နှင့် သိမ်းဆည်းစေဘန်ဆင်ခြင်သုံးသပ်ရမည်။

၃။ မိမိ၏သဘောအလိုဖြင့်ပြုလုပ်ဆောင်ရွက်နိုင်ခြင်းဟူသော ဗျာပါရ အတ္တ ကိုလည်း မိမိ၏ သဘောအလိုဖြင့် မပြုလုပ်နိုင် မဆောင်ရွက်နိုင် ဟူသော အဗျာပါရ အနတ္တ ခေတ်နှင့် သိမ်းဆည်းစေဘန် ဆင်ခြင်သုံးသပ်ရမည်။

မိမိ၏ သဘော အလိုဖြင့် မပြုလုပ်နိုင် မဆောင်ရွက်နိုင်ဟူသော အဗျာပါရ ခေတ်သဘောကို အနည်းငယ် ရှင်းပြပေအံ့။

**အဗျာပါရ သဘော**

လောက၌ 'မြင်မှုတချက်'ဖြစ်ပေါ်မှုသည် စက္ခုပသာဒ ခေါ် အကြည် ခေတ် တခု တည်း ဖြင့် မဆောင်ရွက်နိုင် မပြုလုပ်နိုင်။ သဘောတရား ၁၂-ချက်တို့သည် (ပစ္စယသာမဂ္ဂီ) ခေါ် အကြောင်းညီညွတ်

ပေါင်းစုမှသာလျှင် မြင်မှုတချက် ဖြစ်နိုင်သေးသည်။ သို့ရာတွင် သဘာဝ ၁၂-ချက်တို့၏ ပေါင်းစုခြင်းကို မသိသောအန္ဓပုဂ္ဂိုလ်တို့က မြင်မှုသည် စက္ခုအကြည်ကမြင်နိုင်သည်။စက္ခုအကြည်က လုပ်ကိုင် ဆောင်ရွက်နိုင်သည်ဟု.... ဗျာပါရ အတ္တဖြင့် စွဲယူကြလေသည်။

အဠ္ဌသာလိနီ အဠ္ဌကထာ ကြီးတွင် ရူပါရုံခေါ် အဆင်းသဘောနှင့်တွေ့၍ စက္ခုအကြည်က တကြိမ်တခါ ခံစားခြင်းဖြစ်ပေါ်ရမှုသည် မိမိခေါ် စက္ခုအကြည် သဘောဖြင့် မပြုလုပ်နိုင် မခံစားနိုင်ပေ။ (၁၂) ချက်သော သဘောတရားတို့၏ ပေါင်းစုညီညွတ်မှုသာ ဖြစ်ပေါ်နိုင်လေသည်။ ဓာတ်ကြီး၄-ပါးတို့ကလည်း စက္ခုအကြည်ကလေး၏ ခံစားနိုင်မှုကိုအခြေခံအနေနှင့် ကိစ္စ ၄-ချက်ကို ဆောင်ရွက်လျက် ပါဝင်ရလေသည်။

ကံ,စိတ်,ဥတု,အာဟာရ,ဟူသော အကြောင်းတရား၄-ပါးတို့ကလည်း စက္ခုအကြည်ကလေး၏ ခံစားမှုတွင်အထမ်းသမားအလုပ်သမားခေါ် အကြောင်း တရား အနေနှင့် ပါဝင်ရပြန်လေသည်။ ဤ ဂ-ယောက် ပေါင်းစုရုံနှင့် စက္ခု အကြည်က ရူပါရုံကို ခံစားမှုမဖြစ်နိုင်သေး၍ ဝဏ္ဏ,ဂန္ဓ,ရသ,ဩဇာ,ဟူသော အရံဓာတ်ငယ် ၄-ပါးကို ခေါ်ဆောင်၍ ဝိုင်းဝန်း အားပေးခိုင်းရပြန်လေသည်။

**ပစ္စယသာမဂ္ဂီ** ဤသို့ တကြိမ်သာလျှင် ခံစားရမှုကလေးအတွက် ၁၂-ချက်သော သဘောတရားတို့သည် ပေါင်းစုညီညွတ် (ပစ္စယသာမဂ္ဂီ) အကြောင်းတိုက်ဆိုင်မှု

သာလျှင် ဖြစ်ပေါ်နိုင်သော စကြွာအကြည်၏ ခံစားမှုသဘော တရားဖြစ်၍ မိမိအလိုဖြင့် ခံစားနိုင်သည်, မိမိအလိုဖြင့်ပြုလုပ်နိုင် သည်ဟူသော ဗျာပါရသည် အဘယ်မှာ ရှိနိုင်ပါမည်နည်း။

၁၂-ချက်သော သဘောတရားတို့၏ ပေါင်းစုညီညွတ်ခိုက် တွင် ဖြစ်ပေါ်ခံစားရသော သဘောတရားဖြစ်၍ စကြွာအကြည် ၏ ခံစားရမှုသည် အဗျာပါရ အနတ္တဓာတ်သဘောဖြင့် ခံစား ရကြောင်း အမှန်သဘောကို မြင်သိကြပေလိမ့်မည်။ ထိုအမှန် သဘောကို မြင်သိကြသော ပညာရှိ သူတော်ကောင်း တို့သည် သင်္ခတလောကတွင် စိတ်ဝိညာဏ်ကြီး၏ အမျိုးမျိုးသော လှည့် ပတ်ဖျားယောင်း သွေးဆောင်မှုတို့၌ ဝိညာဏ်နောက်သို့မလိုက် ပါဘဲ ပညာသိစခန်းဖြင့် အဗျာပါရအနတ္တဓာတ်သို့ ဥက္ကောင်း မြဲစွာ ချထားနိုင်ခြင်းကို အရိယာလောကတွင် အစွဲကျွတ်သည် ဟု ခေါ်ဆိုနိုင်လေသည်။ တနည်းအားဖြင့် အနာဂတ်ဘဝသို့ တဖန် ပို့ဆောင်နိုင်သော ကံမျိုးစေ့သည် ပစ္စုပ္ပန်အကျိုးရိပ် မှာ သုဉ်းဆိတ်နေပြီဟု ဆိုလိုသည်။

**ကံမျိုးစေ့ သုဉ်းဆိတ်ခြင်း**

သောတာပန် ပုဂ္ဂိုလ်သည် အပါယ်လေးပါး သို့ တဖန်ဖြစ်ပေါ်မည့် ကံမျိုးစေ့သုဉ်းဆိတ် ခြင်းကြောင့် ပိဋကတ်တော်တွင် (နိယတော အဝိနိပါတဓမ္မော သမ္ဗောဓိပရာယနော)ဟု ထုတ်ဖော်ပြတော် မူလေသည်။

ရှင်တော်မြတ်ဘုရားသည် ဝေရဉ္ဇပုဏ္ဏားအား ဟောကြားတော်မူရာတွင် ငါဘုရားအား အနာဂတ်ဘဝတွင် တဖန် ဖြစ်ပေါ်နိုင်သော ကံမျိုးစေ့အလုံးစုံ ကင်းပြတ်ငြိမ်းပြီးဖြစ်ကြောင်းကို (ပဟီနာ ဥဆိန္နမူလာ တာလဝတ္ထုကတာ အနဘာဝံကတာ အာယတိံ အနုပ္ပါဒဓမ္မာ) ဟု ၅-ချက်ထုတ်ဖော်၍ ပစ္စုပ္ပန်အကျိုးရိပ်တွင် အစဉ်ကိန်းလျက်ရှိသော ကံမျိုးစေ့ သုဉ်းဆိတ်ပုံကို ဟောကြားတော်မူလေသည်။

ဤကား ဝိညာဏ်ရိပ်ကို ပယ်သတ်ရန်နည်းခေါ် အဗျာပါရ အနတ္တ ခေတ်သဘောကို ဒေသနာနည်းအရ အကျဉ်းမျှပြလိုက်ပေသတည်း။

**လက်တွေ့နည်း သိမ်းဆည်းပုံ**

လက်တွေ့နည်းအရ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌ သိမ်းဆည်းပုံကို ထပ်မံ၍ဆင်ခြင်သုံးသပ်ရပေဦးမည်။ သိမ်းဆည်း ဆင်ခြင် ပုံမှာ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူအပ်သော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်သည်ကား လက်တွေ့နည်းခေါ် ဥဒယဗ္ဗယပညာစခန်းနှင့် ဝေဘန် ဆင်ခြင်ပြန်သော် ဖြစ်သဘောခေါ် သင်္ခါရလောကကြီးကို မူတည်၍ ဟောကြားတော်မူသော ဒေသနာတော်ကြီး ဖြစ်ပေသည်။

သစ္စာလေးပါးနှင့်ဝေဘန်ပြန်လျှင် ဒုက္ခသစ္စာ သမုဒယသစ္စာ ၂-ပါးတို့၏ဖြစ်ပုံကို အကျယ်ဝေဘန်ပြထားသော ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီးဖြစ်သောကြောင့် ဝိပဿနာဥဒယဗ္ဗယဉာဏ်ခေါ် ခေတ်မျက်မှန်နှင့် တပ်ဆင်ကြည့်လျှင် ဝိညာဏ်နယ်ခေါ် အစွဲ

25

လောကကြီး၏ သဘောတရားဖြစ်ပေါ်ပုံကို ဖွင့်ပြထားကြောင်း အလွန်ထင်ရှားလေသည်။

မှတ်ချက်။ ။ဝိညာဏ်နယ် လောကကြီး၏ သဘာဝ ဖြစ်ပုံကို အသေးစိတ် ဝေဘန်သိမ်းဆည်းနိုင်သော ပညာသည် မဂ်ပညာ ဖိုလ်ပညာ ဖြစ်၍ ပဋိစ္စ သမုပ္ပါဒ်ဒေသနာ ဘော်ကို အလွန် နက်နဲ ခက်ခဲသည်ဟု အဋ္ဌကထာ ဆရာကြီးတို့ ထုတ်ဖော်ပြခဲ့လေသည်။

ပညာသိသဘောဖြစ်သော နိရောဓသစ္စာနှင့်မဂ္ဂသစ္စာ ၂-ပါးတို့၏ သဘောတရား များမှာကား ဤပဋိစ္စ သမုပ္ပါဒ် တရားတော်၌ အလျှင်းမပါကြပေ။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်ဟု ဟောကြားတော်မူသော သဘောအရ လက်တွေ့ ဝေဘန်လျှင် ရှင်တော်မြတ်ဘုရားသည် အတ္တဒိဋ္ဌိ၊ အတ္တာနုဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ တို့၏ သဘောကို ထုတ်ဘော်ဟောကြားခြင်းပင်ဖြစ်သည်။

အဘယ့်ကြောင့် ဆိုသော် ပရမတ္ထ သဘောတရားတို့ မည်သည်မှာ တခုသောသဘောကို တခုသောသဘောကဖြစ်နိုင်ခြင်းဟူသော ဗျာပါရအလျှင်းမရှိ။ မဖြစ်နိုင်ခြင်းဟူသောအဗျာပါရ အနတ္တဓာတ်ဖြစ်၍ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏ဟု ထုတ်ဖော် ဟောကြားခြင်းသည် အတ္တဒိဋ္ဌိတို့ကို မြင်စေလို၍ ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

ဤနည်းအတူ ဖြစ်ခြင်းသဘောအရ ဝေဘန်ပြန်လျှင်လည်း ပရမတ္ထသဘောတရား အစစ်မှန်ခဲ့လျှင် အဗျာပါရ အနတ္တဓာတ် ဖြစ်၍ ဖြစ်ခြင်းသဘောကား အလျှင်း မရှိ နိုင် ပေ။ ဖြစ်ခြင်း

သဘောဟု ပေါ်ထွက်နေခြင်းသည် ဒိဋ္ဌိစွဲပင်ဖြစ်သည်ဟု ဉာဏ်အမြင်ပေါက်အောင် အဖန်ဖန် ဆင်ခြင်သုံးသပ်စေလို၏။ ဤသို့ဆင်ခြင်သုံးသပ် အထပ်ထပ်ပွားများ လေ့လာ အားထုတ်သည့်ရှိသော် ပရမတ္ထသဘာဝတို့၏ အနတ္တဓာတ် အစစ်အမှန် ဖြစ်ပုံကို ထင်ရှားစွာ အသိဉာဏ် ပေါ်လာပါလိမ့်မည်။

**ဝိပဿနာဉာဏ် ဆိုသည်မှာ** သင်္ခတ လောကကြီး တခုလုံးကို ပညာနှင့် သိမ်းကြုံး ဝေဘန်လျှင် အနတ္တဓာတ်တုံးကြီး အနတ္တ ဓာတ်ခဲကြီး တို့သာ ဖြစ်၏။ အနတ္တဓာတ်တုံး ဓာတ်ခဲကြီးဖြစ်သောကြောင့် အလုံးစုံသော တရားတို့သည် တခုတည်းအနေဖြင့် ပေါ်ထွက်နိုင်ခြင်းမရှိပေ။ ပေါင်းစု၍ တခုနှင့်တခု သန္တတိခေါ် ဆက်စပ်မှု ရရှိမှသာလျှင် ဖြစ်နိုင်ပေါ်နိုင်လေရကား ၎င်းတို့၏ဖြစ်ပေါ်မှုသည်,၎င်းတို့၏ပေါင်းစုမှုသည်,၎င်းတို့၏ ဆက်စပ်နေရမှုသည်, အနတ္တဓာတ် ဖြစ်၍သာ ပေါင်းစု ဆက်စပ် ဖြစ်ပေါ် ရသည်ဟု ဉာဏ်အမြင်ပေါက်လာအောင် ရှုပါ။

ထို့ကြောင့် အဘိဓမ္မာ ဒေသနာတော်၌ ပရမတ္ထ တရားကို ထုတ်ဖော် ပြရာတွင် စိတ်တခုမှာ စေတသိက်ပေါင်း များစွာ ယှဉ်၍ ထွက်ပေါ်ပြထားခြင်း၊စိတ်၏ဥပါဒ်ခဏမှာပင် ရုပ်ပေါင်းမည်မျှယှဉ်၍ ပြထားခြင်း၊ပစ္စည်း,ပစ္စယုပ္ပန်,အမျိုးမျိုး ဆက်စပ်ပေါင်းစည်း၍ ပြခြင်းတို့သည် အဗျာပါရ အနတ္တဓာတ် အစစ်ဖြစ်ကြောင်း အလွန်ထင်ရှားလေသည်။

ဤ ဥဒယဗ္ဗယဉာဏ်စခန်းတွင်လည်း ဖြစ်ခြင်း သဘော အရကို ပညာနှင့်ဝေဘန်လျှင် ပရမတ်စစ်တို့မှာ အဘယ်မှာလျှင်

ဖြစ်သဘောရှိမည်နည်း။ ပေါင်းစု၍အဗျာပါရ အနုတ္တာခေတ်ဖြင့် ပေါ်လာခြင်းသာ ရှိနိုင်လေသည်။ " ဖြစ်သဘော " ဟု ထုတ်ဖော် ထားခြင်းသည် ပညတ်တင်၍ ထုတ်ဖော် ထားခြင်း ဖြစ်၍ ဒိဋ္ဌိစွဲ၏ ကျက်စားရာ သဘောပင်ဖြစ်ပေ၏။

**လက်တွေ့နည်း** ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်တခုလုံးကို ဝိပဿနာ ရှုရန်နည်းအရ လက်တွေ့နည်း နှင့် သိမ်းဆည်း၍ "ဧကော ဓမ္မော" သွင်းလိုက်သော် ဒိဋ္ဌိတလုံးသာ ထွက်ပေါ်၏။ ဒိဋ္ဌိကြေလျှင် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်သည် မလည်နိုင်ပေ။ ဒိဋ္ဌိမကြေနိုင်ကြခြင်းသည်လည်း မသိသဘော အဝိဇ္ဇာကြောင့်ပင်ဖြစ်၏။ မသိသဘောအဝိဇ္ဇာကို သိသဘော ပညာနှင့်ဖြုတ်မှ အမှန်ပြုတ်ကျပေမည်။

**မှတ်ချက်။** ။ဒိဋ္ဌိနှင့် လောဘကို တခြားစီ ထင်မှတ် မယူရာ လောဘ တရားမှ ထွက်ပေါ် လာသော အမည် သဘောတခုပင် ဖြစ်သည်။

**သဘာဝနည်း** သဘာဝ နည်းနှင့် ပဋိစ္စသမုပ္ပါဒ် ဒေသနာ တော်တခုလုံးကို သိမ်းဆည်းပြန်သော် ဒုက္ခ သဘောတခုသာထွက်၏။ ထိုဒုက္ခ သဘောတရားကို ရှင်တော် မြတ်ဘုရားသည် ဝေနေယျ အပေါင်း တို့အား မြင်စေလိုသော ကြောင့် စက်ရဟတ်နှင့်တကွ ကြောင်း ကျိုးလည်ပတ်၍ ပြတော် မူခြင်းဖြစ်ပေ၏။

ထို့ကြောင့် လက်တွေ့နည်း "ဧကော ဓမ္မော" အရ ပဋိစ္စ သမုပ္ပါဒ်ဒေသနာတော်ကို ဝေဘန်လျှင် ဒိဋ္ဌိတလုံးသာထွက်၏။

ထိုဒိဋ္ဌိသည်လည်း တဏှာအရင်းခံ သဘောတရား ဖြစ်ပေ၏။ သဘာဝနည်း "ကောဓမ္မော"အရ ဝေဘန်လျှင် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော် တခုလုံးသည် ဒုက္ခသဘော တခုသာ ထွက်၏။ ထိုဒုက္ခ သဘော သည်လည်း အဝိဇ္ဇာအရင်းခံ သဘောတရား ဖြစ်ပေ၏။

**ပညာမြင် ဥဒယဗ္ဗယဉာဏ်**

ထို သဘောသရား တို့ကို အပိုင် သိမြင်သော ဥဒယဗ္ဗယဉာဏ်သည် ဝိညာဏ်စွဲမှလွတ်သော (ဝါ) ဝိပဿနာ ညစ်ညူးကြောင်း ဘေးရန် ၁၀-ပါးမှ လွတ်သော ပညာမြင် ဥဒယဗ္ဗယဉာဏ်ဟု ခေါ်ဆို နိုင်လေသည်။ ပညာမြင် ဥဒယဗ္ဗယဉာဏ်စခန်းသို့ ဆိုက်ရောက် သော အာရဒ္ဓ ယောဂီပုဂ္ဂိုလ်သည် ဓမ္မစကြာ ဒေသနာတော်၌ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူသော ဇာတိ စသော ဒုက္ခတရားတို့ကို ဝိညာဏ်သိ မဟုတ်ဘဲ ပညာမြင် ပညာသိဖြင့် သဘာဝတရားတို့ကို ထိုးထွင်း၍ သိမြင်နိုင်လေသည်။

ဤသို့လျှင် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌ အကြောင်း တရား အကျိုးတရား ၂-ပါးတို့ကို ဝေဘန်ပြဆိုရာတွင် ပညာ သိနှင့် ဝေဘန်သိမ်းဆည်းသော် အကျိုးတရားသည် တကယ့် အကျိုးတရား မဟုတ်ပေ။ အကြောင်းတရားက ဟန်ဆောင် သော အကျိုးတရားဖြစ်၍ ဥဒယဗ္ဗယ ဝိပဿနာ အသိဉာဏ်နှင့် တပ်ဆင်ကြည့်လျှင် အလုံးစုံ အကြောင်းတရား ချည်းသာ မြင် ဘွယ်ရာရှိပေ၏။

ရင်း အကြောင်းတရားကို တဖန်ဓာတ်ခွဲကြည့်ပြန်သော် ဒိဋ္ဌိ စွဲဖြစ်ကြောင်း ထင်ရှားလိမ့်မည်။ ဒိဋ္ဌိစွဲ၏ ရေသောက်မြစ်ကို

ဝေဘန်ပြန်လျှင် အမှန်သဘောကို မသိသောကြောင့်သာ စွဲယူခြင်းဖြစ်၍ နောက်ဆုံးအချုပ်မှာ အဝိဇ္ဇာပေါ်တွင် တရားခံအဖြစ် ထင်ရှားလေသည်၊

ဝိညာဏ်သိလောက အဝိဇ္ဇာနယ်၌ အတ္တဒိဋ္ဌိစွဲ ပုဂ္ဂိုလ်တို့က အကြောင်းတရားရှိ၏ဟု စွဲယူသောအမှားစွဲကို ပညာသိလောက ဝိဇ္ဇာနယ်တွင်းမှာကား အဘယ်မှာလျှင် အကြောင်းတရားရှိနိုင်ပါမည်နည်း။ အလုံးစုံသော သဘောတရား အပေါင်းတို့သည် ဖြစ်နိုင်ခြင်းဟူသော ဗျာပါရ သဘောတရားမှ ဆိတ်သုဉ်းကြသောကြောင့် အနတ္တအစစ် အဗျာပါရဓာတ် အကျိုးတရားသက်သက်သို့သာ သဘာဝအတိုင်း ဥက္ကောင်း ဆိုက်ရောက်ကြလေသည်။ ထို့ကြောင့် ဓမ္မစကြာ ဒေသနာတော်၌ ရှင်တော်မြတ်ဘုရားသည် ငါးဦးသော ပဥ္စဝဂ္ဂီ ရဟန်းတို့အား တရားဥက္ကောင်းချ၍ ဟောကြားထားသည်မှာ(တံသဗ္ဗံ နိရောဓ ဓမ္မံတိ) ဟု၊ ဟောကြားတော် မူချက်အရ အစစ်အမှန် အကျိုး တရားဟူသမျှ အလုံးစုံသည် နိရောဓခေါ် တဖန် မဖြစ်ခြင်း သဘောချုပ်ငြိမ်းခြင်းသဘောသို့ အစဉ်ကျရောက်သော ဥက္ကောင်းရှိပေသတည်း။ ဤသို့ အကြောင်းတရား ပျောက်သုဉ်း၍ အကျိုးတရား သက်သက်ကို မြင်လျှင် ဝိပဿနာ အသိဉာဏ် ဥဒယဗ္ဗယစခန်းသို့ ဆိုက်ရောက်ပြီဟု ဆိုလိုသည်။

ထို့ကြောင့် ပညာမြင် ဥဒယဗ္ဗယ ဉာဏ်၏ သဘောကို လက်တွေ့ သဘောတွေ့ ဝေဘန် နိုင်ကြစေရန် ပုံစံနှင့်တကွ ထုတ်ပြပေအံ့။


ပညာမြင် ဥဒယဗ္ဗယဉာဏ်
ဝိပဿနာဘေးရန်(၁၀)ပါးသုဉ်းဆိတ်
အကြောင်းအတ္တသုဉ်း
အကြောင်းအတ္တသုဉ်း
အဝိဇ္ဇာ
တဏှာ
အကြောင်းသုဉ်းဆိတ်
ဖြစ်
အကျိုးနိရောဓ
ပျက်

**ပညာမြင်**
**ဥဒယဗ္ဗယဉာဏ်**

ဤပုံစံသည်ကား ပညာမြင် ဥဒယဗ္ဗယဉာဏ်၏ သဘောတရား တည်နေပုံကို ဝိပဿနာအာရဒ္ဓ ယောဂီ ပုဂ္ဂိုလ်များ ဝေဘန်နိုင်ကြစေရန် ဖေါ်ပြထားသောပုံစံဖြစ်ပေသည်။ ထိုပုံစံတွင်ဒေသနာနည်းအရ ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့်တကွ ပဋိသမ္ဘိဒါမဂ်စသောပိဋကတ်ကျမ်းဂန်များတွင် ပြဆိုထားသည့်အတိုင်း ဖြစ်သဘောသည် နိမိတ်လေးချက်ခေါ် အကြောင်းတရား ၄-ပါး တို့ကြောင့်ဖြစ်ပေါ် ရကြောင်းကို ဝိညာဏ်သိ လောကတွင် ထုတ်ဖေါ်ပြထားလေသည်။

ထို ပြဆိုချက်အရ ပညာသိ လောကနှင့် ဝေဘန် ပိုင်းခြားသော် အကြောင်းတရား ၄-ပါးတို့သည် အဗျာပါရ အနတ္တဓာတ်သဘော အစစ်အမှန် ဖြစ်သောကြောင့် အဘယ်မှာလျှင်ဖြစ်နိုင်ခြင်း သဘောတရား ရှိနိုင်ပါမည် နည်း။ ဖြစ်နိုင်ခြင်းသဘောတရားမရှိဘဲလျက် ဝိညာဏ်စွဲခေါ် ပုဂ္ဂိုလ်တို့က စွဲယူနေကြခြင်းသည် "ဝေ့ဝမ္မတာနည်း"ခေါ် ဤသဘောတရားရှိက ထိုသဘောတရားရှိသည်ဟူသော သင်္ခတ လောကကြီး၏ ပုံပြင်ဘန်ဆင်းမှုကြောင့်ပင် ဖြစ်ပေသည်။

ထိုဘန်ဆင်းမှု သဘောတရားကို သာမန်မျက်စိနှင့် ကြည့်ရှု၍ မမြင်မသိနိုင်ရာ။ ဥဒယဗ္ဗယ ဝိပဿနာ ဓာတ် မျက် စိ နှင့် ကြည့်ရှုနိုင်မှသာလျှင် သဘောတရားအမှန်ကို သိနိုင်လေသည်။ သဘော တရားအမှန် မသိကြခြင်းသည် အဝိဇ္ဇာ သဘောဟု ဆိုလိုသည်။ အမှန်သဘောကို သိခြင်းသည် ပညာသဘော အဝိဇ္ဇာသဘောဟုဆိုလို၏။ သင်္ခတလောက၏ သဘောတရားကို

ပညာမျက်စိနှင့် ဝေဘန်ပိုင်းခြား ဆင်ခြင်လျှင် အနတ္တခေတ်တို့၏ ဆန်းကြယ်စွာ ပြုပြင်တည်ထောင် ဘန်ဆင်း နေခြင်းကို မိမိတို့၏ ဝိပဿနာ အသိဉာဏ်တွင် တရိပ်ရိပ်နှင့် ထင်မြင်ပေါ် လာပေလိမ့်မည်။

**သုညတ အနတ္တနှင့်သိမ်းပုံ**

အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ, ဟူသော အကြောင်းတရား ၄-ပါးတို့၏ သဘော တရားနေပုံကို ရှေးဦးစွာ အကျယ်ဝေဘန် ပြခဲ့ပေပြီ။ ယခုအခါ၌ကား ထိုအကြောင်းတရား ၄-ပါးတို့အား သိမ်းဆည်းပုံကို ဝေဘန်ပြရန်သာလိုပေသည်။ အဗျာပါရ အနတ္တခေတ်ဖြင့် ထိုအကြောင်းတရား ၄-ပါးတို့ကို သိမ်းဆည်းရာတွင် ယောဂီပုဂ္ဂိုလ်တို့၏ နှလုံးအိမ်၌ ဃနမကျေဘဲ အနည်းငယ် ခုခံနေတတ်ကြလေသည်။ ထိုခုခံနေသော ဃနမှာကား အခြားသဘောမဟုတ်ပေ။ အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ, ဟူသော သဘောတရား လေးပါး တို့သည် တပါးစီ ခွဲခြား၍ သဘာဝကို မေးစိစစ်လျှင် ဖြစ်နိုင်ခြင်းဟူသော သဘောတရားသည် မှုလွှာတခြမ်းမျှ မရှိကြောင်း ဉာဏ် မှာ ထင် ရှား သော်လည်း ၄-ပါးပေါင်းစုလိုက်သော အခါတွင်ကား ဖြစ်နိုင်သည် ဟူသော ဗျာပါရ ထွက်ပေါ်သည်ဟု ဝိညာဏ်စွဲ ပုဂ္ဂိုလ် တို့က ထင်မှတ်ပြန်လေသည်။ ဤထင်မှတ်ချက်သည် ဃနမကျေသဖြင့် ထင်မှတ်ခြင်း စွဲယူခြင်းဖြစ်၍ ရှင်တော်မြတ်ဘုရားသည် ဤဃန ကို ကြေစေခြင်းငှါ သုညတအနတ္တကို ထုတ်ပေါ်၍ ဟောကြား တော်မူပြန်လေသည်။

ဥပမာ။ မြေကြီးပေါ်တွင် တစုံတရာ တွင်းတူးခြင်း၊ တိုင်စိုက်ခြင်း မပြုလုပ်ဘဲနှင့် (၁၀-ဘောင် ၁၅ တောင်ရှိ) ဝါးလုံးကို စိုက်ထူလျှင် သူ့အလိုအလျောက် စိုက်ထူ၍ကားမရနိုင်ပေ။ အဘယ့် ကြောင့် ဆိုသော် ထောင်နိုင်သော သဘောတရား အလျှင်းမရှိသောကြောင့်ပင် စိုက်ထူ၍မရဟု ဆိုလိုသည်။ သူ့အလို အလျောက် စိုက်ထူ၍မရသော ဝါးလုံးကိုပင် လေးလုံးတိုင် အောင် ပေါင်းစု၍ စပါးများလှေ့သလို အဖျားကိုစုပြီးလျှင် အရင်းကိုအောက်ကကားရ၍ထူထောင်လိုက်သောအခါတွင်ကား တဦး နှင့် တဦး သန္တတိဆက်၍ အချင်းချင်း အားပြုကြပြီးလျှင် မြေကြီးပေါ်တွင် စိုက်ထူ၍ ထားဘိသည့်အလား ထူထောင်၍ နေနိုင်လေသည်။ ယခုခေတ်ယခုအခါတွင် ရန်ကုန်မြို့ ကြည့်မြင် တိုင် ကမ်းနားဆိပ်တွင် ရာပေါင်း ထောင်ပေါင်းသော ဝါးလုံး များသည် တစုံ တခု သော မှီရာ သစ်ပင် စသည် မရှိဘဲလျက် အချင်းချင်း အားပြု၍ စိုက်ထူထားသော ဝါးပုံကြီး တို့သည် အလွန် များပြားကြလေသည်။

ဤဥပမာ၏ သဘာဝအတိုင်း ဝါးလုံးသည်တလုံးတည်းဖြင့် ထောင်၍မရသော်လည်း ဝါးလုံးပေါင်းများစွာကို အချင်းချင်း အားပြု၍ သန္တတိဆက်စပ် စိုက်ထူလိုက်သောအခါ မြေကြီးပေါ် တွင် ထောင်နိုင်သည်ဟူသော သဘောတရား ဗျာပါရ ထွက် ပေါ်နိုင်သကဲ့သို့ ပရမတ္ထသဘောတရားတို့သည်လည်းတခုတည်း အနေဖြင့် တခုသောသဘောတရားကို တခုသောသဘောတရား က ဖြစ်နိုင်ခြင်း အလျှင်းမရှိသော်လည်း သဘောတရားပေါင်း များစွာ ပေါင်းစုလိုက်သော အခါတွင်ကား ဝါးပုံကြီးကဲ့သို့

ဖြစ်နိုင်သည် ဟူသော ဗျာပါရ သဘော ထွက်ပေါ် သည်ဟု ဝိညာဏ်စွဲ ဝိညာဏ်မြင် ပုဂ္ဂိုလ်တို့က ပေါင်းစုသော သဘော အပေါ်တွင် ဃနမကျေဘဲ ခံနေတတ်ကြလေသည်။ ထို့ကြောင့် ထိုဃနကြေစေခြင်းငှါ သုညတ အနတ္တနည်းဖြင့်သိမ်းဆည်းပုံကို ထပ်မံ၍ ဥဒယဗ္ဗယဉာဏ်စခန်းတွင် ထည့်သွင်း၍ပြပေအံ့။

**သုညတ ၂-မျိုး** သုညတ ဆိုသည်မှာ သုဉ်း ဆိတ် ခြင်း သဘောတရားကိုဆိုလို၏။ ထိုသုဉ်းဆိတ် ခြင်း သဘောကို ထပ်၍တဘန် ဝေဘန်ပြန်လျှင် မဖြစ်သဘော ပင်ဖြစ်ပေ၏။ ထိုသုညတသည် ၂-မျိုးရှိ၏။

၁။ အကြောင်းတရားတို့၏ သုညတခေါ် သဘော တရား အနတ္တ။

၂။ အကျိုးတရားတို့၏ သုညတခေါ် သဘောတရား အနတ္တ။

ဤဥဒယဗ္ဗယဝိပဿနာ ဉာဏ်စခန်း၌ကား အကြောင်းတရား တို့၏ သုညတကို ထင်မြင်အောင်ရှုသော ဝိပဿနာနည်းဖြစ်ပေ ၏။ အကျိုးတရားတို့၏ သုညတမှာကား အထက်ဖြစ်သော သင်္ခါရုပေက္ခာဉာဏ်စခန်းတွင် ထင်ရှားပါလိမ့်မည်။ အကြောင်း တရား သုညတဆိုသည်မှာ အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ, ဟူသော နိမိတ္တ အကြောင်းတရား ၄-ပါးတို့၏ သုဉ်းဆိတ် ခြင်း ဖြစ်သဘောကို ရှုခြင်းပင်ဖြစ်ပေ၏။

**နိမိတ်လေးချက် ပေါင်းစုခြင်း** ဤနေရာ၌ ဖြစ်သဘောအရ ဝိညာဏ်သိ လောကနှင့်စူးစမ်းရှာဖွေသော်အကြောင်း တရား နိမိတ္တ လေးချက် တို့၏ ပေါင်းစု ညီညွတ်မှုကြောင့် ဖြစ်သဘော ထွက်ပေါ်လာသည်ဟု စွဲချက် ယူထားလေသည်။ ထိုစွဲချက်အရ ဟုတ်,မဟုတ် မှန်,မမှန် စစ် ဆေးရန် တာဝန်သည် ပညာမြင် ဥဒယဗ္ဗယဉာဏ်စခန်း၏ တာ ဝန်ဖြစ်ပေ၏။ ထိုတာဝန်အတိုင်း စစ်ဆေးရန်နည်းမှာ ရှေးဦး စွာ တရားခံနှင့်တရားလို ၂-ဦးကို တွေ့အောင် ရှာဖွေ ရမည်။ တရားလိုကား (ဖြစ်သဘော)ဟု ထွက်ပေါ်လာသော် အကျိုး တရား ဝိညာဏ်မြင် သဘောပင်ဖြစ်၏။ တရားခံကား နိမိတ္တ အကြောင်းတရား ၄-ပါးတို့ပင်ဖြစ်ပေရာ ၎င်းတရားခံနှင့်တရား လိုကို ပညတ် ပရမတ် သဘော၂-ခုဖြင့် ခွဲဝေရမည်။ တရားလို ဖြစ်သဘောကား ပညတ်သဘောဖြစ်လေသည်။ တရားခံ နိမိတ္တ အကြောင်း ၄-ချက်တို့ကား ပရမတ်သဘောဖြစ်ပေသည်။

"ပရမတ်ရှိလျှင် ပညတ်ရှိသည်"ဟု ဝိပဿနာဆရာကြီးများ ဆုံးမချက်အရ တရားခံဖြစ်သော ပရမတ်သည် အဘယ်သို့သော သဘောဖြင့် ရှိပါသနည်း တရားလိုဖြစ်သော ပညတ်သဘော သည်လည်း အဘယ်သို့သော သဘောဖြင့်စွဲပါသနည်း။ စွဲစရာ အမှန်ရှိလို့ စွဲယူခြင်းပေလော၊ သို့မဟုတ် စွဲစရာ အမှန်မရှိဘဲနှင့် မိမိ၏ထင်ရာ တဘက်သတ် ဝေဘန်ပြီး လျှင် စွဲယူခြင်းလော။ ဤသို့ စသည်ဖြင့် တရားလို တရားခံ၏ သဘောကို ရှေးဦးစွာ ဝေဘန်သုံးသပ်ပါ။

တရားခံဖြစ်သော နိမိတ္တအကြောင်း ၄-ချက်ကို တပါးစီ တပါးစီ(၀၁)တခုစီတခုစီ အဗျာပါရနည်းနှင့် ဝေဘန် စစ်ဆေး

သော် ၎င်းတို့၏သဘာဝသည် ပရမတ်သဘာဝဖြစ်၍ "ဖြစ်ခြင်းသဘော"ကို ပေါ်ထွက်အောင် ပြုလုပ်ပေးနိုင်သော ပဿယောဂ ဗျာပါရ တိုက်တွန်းခြင်း အလျှင်းမရှိသော အနတ္တ အစစ်အမှန်ဖြစ်ကြောင်း ဝန်ခံကြလေသည်။ သို့ရာတွင် တပါးစီ တပါးစီ သဘောအနေဖြင့် မည်သို့မျှ တခုသော သဘောတရားကို မပြုလုပ်နိုင်ကြောင်း အဗျာပါရခုံရုံးတွင် ထင်ရှားသော်လည်း အစုံ ဆရာ တရားလိုက နိမိတ္တ ၄-ချက် ပေါင်းလိုက်သော အခါတွင် ဖြစ်သဘော ပေါ်ထွက်လာအောင် လုပ်ပေးနိုင်သည့် ဗျာပါရ ရှိ၏ဟု တဖန်ထပ်၍ ပေါင်းစုသောသဘောတွင် စွဲဆိုထားပြန်သောကြောင့် ပေါင်းစုခြင်းသဘောကို စစ်ဆေးရမည်။

သုညတ အနတ္တခုံရုံးတွင် တင်သွင်း၍စစ်ဆေးရမည်။ အဝိဇ္ဇာခေါ် နိမိတ္တအကြောင်းသည် လေးပါးပေါင်းစုသောအခါတွင် 'ငါသည် ဖြစ်သဘောကို လုပ်ပေးနိုင်သည်' ဟူသော သဘောတရား ထွက်ပေါ် လာ နိုင်ပါ၏ လောဟု မေးစစ်ဆေးသော် အဝိဇ္ဇာခေါ် နိမိတ္တအကြောင်းက ထွက်ဆိုသည်မှာ မူလကပင် အဗျာပါရခေါ် လုပ်ပေးနိုင်ခြင်း အလျှင်းမရှိပါ၍ ပေါင်းစုသော်လည်း သုညတ သဘောတခုသာ ထွက်နိုင်ပါတော့သည်။ သုညတခေါ် သုဉ်းဆိတ်သော သဘောတရားမှ လွဲဖယ်၍ မည်သည့်သဘောမျှ မထွက်နိုင်ပါကြောင်း အစစ်ခံလေသည်။

ဤနည်းအတူ တဏှာသဘော, ကံသဘော, အာဟာရသဘော တို့ကို စစ်ဆေးလျှင်လည်း အဝိဇ္ဇာကြီး၏ ထွက်ဆိုချက်အတိုင်း ပေါင်းစုသော်လည်း သုညတ သဘောသာ ထွက်နိုင်ကြောင်း အစစ်ခံကြလေရာ ဥဒယဗ္ဗယပညာစခန်းဖြင့် ဆုံးဖြတ်

ရန်မှာ သုညခေါ် သဘောတရားသည် သဘာဝကပင်သုဉ်းဆိတ်နေသောကြောင့်(၁)ဂဏန်းနှင့်ပေါင်းသော်လည်းသုညကြောင့်ဂဏန်းတိုးပွားလာခြင်းမရှိပေ။ (၁)ဂဏန်းသာလျှင်ထွက်၏။ (၂)ဂဏန်းနှင့် ပေါင်းပြန်သော်လည်း သုညကြောင့် ဂဏန်းတိုးပွားလာခြင်းမရှိ (၂)ဂဏန်းသာရှိ၏။ အဘယ်ကြောင့် တိုးပွားလာခြင်း မရှိသနည်းဟု ဝေဘန် လျှင် သုဉ်း ဆိတ် ခြင်း သဘောတရားအမှန်ဖြစ်၍ တိုးပွားခြင်းမရှိနိုင်။

**သဘာဝ-သုည** ဤနိမိတ္တ အကြောင်းလေးချက်တို့မှာကား သဘာဝကပင် သုည သဘော များ ဖြစ်ကြ၍ သုညတခုနှင့် သုညတခုပေါင်းသော် မည်သည့်ဂဏန်းမျှမထွက်ဘဲ သုညသာလျှင် ထွက်ပေါ်ဘိသကဲ့သို့ အကြောင်း ၄-ချက် ပေါင်းစုသော်လည်း သုညတလုံးသာ ထွက်နိုင်လေသည်။ ဤပေါင်းစုသောအခါ သုညတလုံးသာထွက်သည်ကို ဝိညာဏ်စွဲပုဂ္ဂိုလ်တို့ မမြင်ကြသည့်အတွက် ဖြစ်သဘော ပေါ်သည်ဟု စွဲယူခြင်းသည် ၎င်းတို့၏ လုပ်ကြံစွဲယူသော ဝိညာဏ်သဘောပင်ဖြစ်ပေသည်။

“ ပရမတ်ရှိလျှင် ပညတ်ရှိသည် ” ဟူသော သဘောဖြင့် စွဲစရာမရှိသော ပရမတ်သဘောကို စွဲစရာရှိ၏ဟု ဝိညာဏ်ဖြင့် လုပ်ကြံ၍ မိမိ၏ ထင်မြင်ရာ တဘက်သတ် စွဲယူသော် ပညတ်သဘောသက်သက်ဖြစ်၍ ဤဝိညာဏ်၏ သဘောသည်တုစ္ဆခေါ် အချီးနှီးသဘောသို့ ဥက္ကောင်း ဆိုက်ရောက် လေသည်။ နိမိတ္တ အကြောင်းလေးချက် ပရမတ်သဘောတို့သည်ကား သုဉ်းဆိတ်ခြင်းသဘော မဖြစ်ခြင်း သဘော သို့ အလိုလို ဥက္ကောင်း

ဆိုက်ရောက်လေသည်။ နိမိတ္တ အကြောင်းလေးချက် ပရမတ်သဘောတို့သည်ကားသုဉ်းဆိတ်ခြင်းသဘော၊မဖြစ်ခြင်းသဘောသို့ အလိုလို ခေါင်းဆိုက်လေသည်။ ထိုဥဒယဗ္ဗယဉာဏ်စခန်းတွင် ဆိုက်ရောက်သော မဖြစ်သဘောခေါ် သုညတ အနတ္တ တရားဌာဉကျောင်းကို သစ္စာလေးချက်တွင် သွင်းသော် နိရောဓသစ္စာ သွင်းနိုင်လေသည်။

**သစ္စာလေးပါး၏ သဘာဝ**

ထို့ကြောင့် ဝိပဿနာ ပညာရှိကြီးများက ထိုဥဒယဗ္ဗယဉာဏ်စခန်းတွင် သစ္စာလေးပါး သဘာဝအားဖြင့် ပေါ်ထွက်ပုံကို မြင်စေလို၍ အောက်ပါအတိုင်း မြွက်ကြားထားလေသည်။

၁။ မဖြစ်သဘောကား နိရောဓသစ္စာ။

၂။ ဖြစ်သဘောကား ဒုက္ခသစ္စာ။

၃။ ပြုပြင်ခြင်းသဘောကား သမုဒယသစ္စာ။

၄။ မပြုပြင်ခြင်းသဘောကား မဂ္ဂသစ္စာ။

ပညာမြင်ဥဒယဗ္ဗယဉာဏ်ဟုပိဋကတ်တော်များတွင်သီးခြား၍ ထုတ်ပေါ် ပြထားချက်အရ ပညာမြင်သဘောကို ဝေဘန်လျှင် ဤသုညတ အနတ္တဓာတ်ဖြင့် ဖြစ်သဘောကို ဝေဘန်သိမ်းဆည်းသော် (မဖြစ်သဘော)ခေါ် နိရောဓသစ္စာ နိဗ္ဗာနဓာတ် ပညာသဘော ပေါ်ထွက်လာခြင်းကို ပညာမြင်ဟုဆိုလို၏။ ထိုဥဒယဗ္ဗယ ဉာဏ်သည် လောကီ ဝိပဿနာ ဉာဏ်ပင် ဖြစ်သော်လည်း နိဗ္ဗာန်ခေါ် နိရောဓသစ္စာကို အနုမာနသိဒ္ဓိဖြင့် မျက်ရမ်းဆ၍ ပြုနိုင်လေရကား ထိုဉာဏ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်အား (စူဠသောတာပန်)ဖြစ်ပြီဟု ပိဋကတ်တော်၌ ဆုံးဖြတ်ချက်ရှိလေသည်။

မဟာသောတာပန် ဖြစ်ရန်အတွက်မှာလည်း ဤဉာဏ်ကိုပိုင်လျှင် နိယတတံဆိပ် ခပ်နှိပ်ထားပြီးဖြစ်၍ ထိုပုဂ္ဂိုလ်သည် ယခုဘဝတွင်ရင်း နောင်ဖြစ်ပေါ်လတ္တံ့သော ဘဝတွင်ရင်း မချွတ်ကေန် အမှန်ဖြစ်မည်မှာ သေချာနေသော ဗျာဒိတ်ရပုဂ္ဂိုလ်ဟု ဆိုလိုသည်။ အိမ်ရာထောင် သောတာပန်ဆိုသည်မှာရုပ်လောက နာမ်လောက ၂-ပါးတို့၌ အနတ္တသဘောတရားကို အပိုင်သိမ်းဆည်း သိမြင်နိုင်ခြင်းမျှသာရှိသေး၏။ သာသနာတော်၌ အာဒိကလျာဏခေါ် အစ၏ကောင်းခြင်းနှင့်သာ ပြည့်စုံနိုင်သေး၏ အစ၏ကောင်းခြင်းနှင့် ပြည့်စုံခြင်းဆိုသည်မှာလည်း သောတာပန် ပုဂ္ဂိုလ်တို့၏ နှလုံးအိမ်၌ သီလအစစ် အမြဲတေ ကိန်းဝပ်သောကြောင့် ၃-ပါးသော သဘောတရားသို့ သက်ဝင် ဆိုက်ရောက် တည်ရှိနေလေသည်။

### သဘောတရား ၃=ချက် ပြည့်စုံပုံ

၁။ ကံ ကံ၏ အကျိုးတရားကို ယုံကြည်ခြင်း၊ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း အကျိုးတပါး။
၂။ ဘုရား တရား သံဃာ ဟူသော သရဏဂုံတည်မြဲခြင်း အကျိုးတရား တပါး။
၃။ သံသရာမှ ထွက်မြောက်ခြင်း ဟူသော နိဿရဏဓာတ် အစဥ်ရရှိခြင်း အကျိုးတပါး။

အထက်ပါ သဘောတရား ၃-ချက်တို့သည် အနတ္တဓာတ် အစစ်အမှန်ကို တွေ့ရှိသော သောတာပန်ပုဂ္ဂိုလ်တို့အား ပြည့်စုံသောအကျိုးတရားများ ဖြစ်ကြလေသည်။

ဤဥဒယဗ္ဗယ ပညာမြင် ဝိပဿနာ အသိဉာဏ်စခန်းသို့ ဆိုက်ရောက်သော အာရဒ္ဓယောဂီပုဂ္ဂိုလ်တို့၏နှလုံးအိမ်၌“အကြောင်းတရား ဟူ၍ရှိရင်း အကျိုး တရား ဟူ၍ရှိရင်း စွဲယူသော ဝါဒ” ‘ဖြစ်သဘော ပျက်သဘောရှိ၏ဟု စွဲယူသောဝါဒ’ ‘အကြောင်းကြောင့် အကျိုးဖြစ်၏ဟု စွဲယူသောဝါဒ’ “ရုပ်ရှိသည် နာမ်ရှိသည်ဟု စွဲယူသောဝါဒ”ဤအလုံးစုံသော ဝါဒတို့သည် သင်္ခတလောကခေါ် ပြုပြင်ခြင်း သဘောတရားအပေါ်တည်၍ ပညာမြင်မဟုတ်ဘဲ ဝိညာဏ်မြင် ဝိညာဏ်သိ သဘောသက်သက်ဖြင့် စွဲယူကြသော အယူဝါဒမျိုး ဖြစ်သောကြောင့် အတ္တဒိဋ္ဌိဝါဒဟူ၍ရှိရင်း သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိဝါဒဟူ၍ရှိရင်း ခေါ်နိုင်လေသည်။ ဤဝါဒဆိုးတို့ကို အကြမ်းအားဖြင့် သောတာပန်ပုဂ္ဂိုလ်သည် ပယ်စွန့်နိုင်လေသည်။

သုညတ အနတ္တဉာဏ် စခန်းသို့ အစစ်အမှန်ဆိုက်ရောက်ပြီးဖြစ်သော ပုဂ္ဂိုလ်တို့၏နှလုံးအိမ်၌ အလုံးစုံသော သင်္ခတလောကကြီးသည် ပုဂ္ဂိုလ်သတ္တဝါဟူသော အတ္တသဘောမှ သုဉ်းဆိတ်၍ အနတ္တသဘောခေါ် တဖန်မဖြစ်ခြင်းသဘောသာလျှင် အစဉ်ရှိပါတကားဟု အသိဉာဏ်တွင် တရှင်းထဲရှင်း တသင်းထဲလင်းလျှင် အေးငြိမ်းတဲ့ “နိဗ္ဗာန်ရဏာဓာတ်ကြီး”သို့ ဥက္ကောင်း ဆိုက်ရောက်နေသည်ဟု ဆိုလိုသည်။

ဥဒယဗ္ဗယ-ဝဲ ဝိပဿနာ၏ ညစ်ညူးကြောင်း ဘေးရန်၁၀-ပါး ဆိုသည် မှာလည်း ဥဒယဗ္ဗယ ဝိပဿနာ နည်း၌ လိုရင်း သဘော အချုပ်ကို မဝေဘန် မသိမ်းဆည်း နိုင်သည့်

သဘာဝဉာဏ် မစူးယှဉ်ကြသော ယောဂီပုဂ္ဂိုလ်တို့အား သာလျှင် နှိပ်စက်သော ဒဏ်ချက်ကြီးတခု ဖြစ်လေသည်။

ဥဒယဗ္ဗယဉာဏ် အမြင်သန်၍ ဖြစ်ပျက် ၂-တန်တို့၏သဘာဝကို သုညတ အနတ္တဖြင့် ပြာချနိုင်သော ဝိပဿနာ ပညာရှင်ကြီးတို့၏ အဘို့မှာကား ဤဘေးရန် ၁၀-ပါးခေါ် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိလမ်းစဉ်သည် ခရီးစဉ်ကို တွေ့သော ယောကျာ်းကဲ့သို့ တွေ့ခါမျှမတ္တ, ရောက်ခါမျှမတ္တ, လောက်သာရှိနိုင်ပေ၏။ နှစ်လ ပရိစ္ဆေဒ ကြာမြင့်စွာ ရပ်ဆိုင်းတည်းခို၍ ဥဒယဗ္ဗယ ဝိပဿနာလမိုင်းဝတွင် အစုံအဆန် လူးလာပြန်ခပ် ချားရဟတ်ကဲ့သို့ လှည့်ပတ်၍ ဘေးရန် ၁၀-ပါးတို့၏နှိပ်စက်ညှဉ်းပန်းခြင်း ဒဏ်ကို ကြာမြင့်စွာ မခံစားရမိပေ။

ထို့ကြောင့် ဥဒယဗ္ဗယ ဉာဏ်စခန်းတွင် ဘေးရန် ၁၀-ပါး ကြာမြင့်စွာ နှိပ်စက်သည့် ဒဏ်ချက်မှ အမြန်လွတ်ကင်း နိုင်ရန် စားသုံးရန် ဆေးနည်းကား 'အဗျာပါရ အနတ္တဓာတ်ဆေး'နှင့် 'သုညတ အနတ္တဓာတ်ဆေး' ၂-လက်တို့ ဖြစ်ကြောင်း ဤဝိပဿနာ အခန်းတွင် ထုတ်ဖော်၍ ဓမ္မစကြာ သာသနာပြု အဖွဲ့ချုပ်မှ အကျဉ်းနည်းဖြင့် ဆေးညွှန်းနှင့်တကွ ဆေးစာရေးခဲ့ပါသည်။ ဉာဏ်သွားဝရဇိန်ဖြင့် အနည်းအများကို ချင့်ချိန်နှိုင်းဆ၍ ဥဒယဗ္ဗယဝမှ လွတ်ထွက်ရန် ရဟန်း ရှင်လူ မည်သူမဆို ဘုဉ်းပေးသုံးဆောင်တော်မူရန် ထပ်လောင်း၍ မေတ္တာပြုလိုက်ပေသတည်း။

**ဈာန်ဆိုသည်မှာ** ဥဒယဗ္ဗယဉာဏ်စခန်းတွင် ဘေးရန်၁၀-ပါးနှင့် ရင်ဆိုင်တွေ့ရ၍ ကြာမြင့်စွာနှိပ်စက်ခြင်းဒဏ်ကို ခံစားရခြင်းမှာ လက်တွေ့နည်းနှင့် ဘောဇ်နံ ဆင်ခြင်ပြန်သော် ဈာန်မကျေသောကြောင့်ပင် ဖြစ်ပေသည်။ ဈာန်ဆိုသည်မှာလည်း အကျဉ်းအားဖြင့် ၅-မျိုးရှိ၏။

၁။ **သမ္မုဟာဈာန်။** ရုပ်စု ရုပ်တုံး ရုပ်ခဲကြီးတို့၌ ရုပ်ကလာပ်တို့၏ အပေါင်းအစုကို ခေါ်သည်။

၂။ **ကိစ္စဈာန်။** မာမှု ပျော့မှု ပူမှု အေးမှု ဟူသော လက္ခဏာ အသီးသီးတို့၏ ပေါ်ထွက်နေခြင်းကို ခေါ်သည်။

၃။ **သန္တတိဈာန်။** အတိတ် အနာဂတ် ပစ္စုပ္ပန် ဟူသော ကာလ ၃-ပါးတို့၏ ဆက်စပ်ဖြစ်ပေါ်နေခြင်းကို ခေါ်သည်။

၄။ **အာရမ္မဏိကဈာန်။** မနော ဝိညာဏ်ခေါ် အသိရုပ်၌ ပညတ်နိမိတ် အစဉ်ပေါ်ထွက်နေခြင်းကို ခေါ်သည်။

၅။ **နိမိတ္တဈာန်။** အနုသယခေါ် ရေသောက်မြစ် တို့၏ တည်ရှိနေခြင်းကို ခေါ်သည်။

ဤသို့အားဖြင့် ဈာန် ၅-မျိုးရှိရာ ဝိပဿနာ ဉာဏ်တို့သည် မိမိတို့နှင့် သက်ဆိုင်ရာ ဈာန် သဘော တို့ကို ချေဖျက်ကြလေသည်။ ဤချေဖျက်သုတ်သင်ပုံကို အသိဉာဏ် အပိုင် မသွင်းနိုင်

သော ယောဂီ ပုဂ္ဂိုလ်တို့သည် ဥဒယဗ္ဗယ ဝိပဿနာ ဝဲတွင် ဘေးရန် ၁၀-ပါးနှင့် အဖန်တလဲလဲ တွေ့ကြုံ နေရတတ် လေသည်။

ဤဥဒယဗ္ဗယ ဝိပဿနာနည်းတွင် တရားခံအဖြစ်စွဲချက်တင်၍ ခြေမှုန်းဖျက်ဆီးရသော ဿနမှာကား အာရမ္မဏိက ဿန ပင်ဖြစ်ပေသည်။ ထိုဿနမပျောက်သုဉ်းပုံမှာ အာရဒ္ဓယောဂီပုဂ္ဂိုလ်သည် ဥဒယဗ္ဗယဉာဏ်စခန်း၌ လက်တွေ့ ဆိုက်ရောက် လာသော ရုပ် နာမ်တို့၏ သဘောတရားကို အောက်ဉာဏ်စခန်းကရုပ်နာမ်မျိုး ထင်မှတ်နေကြလေသည်။ အောက်ဉာဏ်စခန်း၌ ရှိသော ရုပ်နာမ်တို့ကား ပညတ်သဘောပြဋ္ဌာန်းသည့် ရုပ်နာမ်များ ဖြစ်ချေသည်။

ဥဒယဗ္ဗယဉာဏ်စခန်း၌ တရားခံအဖြစ် စွဲချက်တင်ထားသော ရုပ်နာမ်တို့ကား ပရမတ်သဘော ပြဋ္ဌာန်းသော ရုပ် နာမ်ဖြစ်၍ သဘောတရား ဆတ်ဆတ်ခေါ် "နိမိတ္တသန္တတိ" အနေမျှသာ ရှိလေသည်။

ထိုသဘောတရားတို့ကို ရုပ်နာမ်ဟူ၍ မစွဲခေါ်နိုင်တော့ပေ။ ခန္ဓာ သဘောတရားပင် ဖြစ်ပေသည်။ သို့ရာတွင် 'သမုတိသစ္စာ' အနေနှင့်သော်၎င်း "ရုဋ္ဌိသညာ" အားဖြင့်သော်၎င်း ခေါ်ဝေါ်လိုလျှင် " သဘော ရုပ် " " သဘော နာမ် " မျှသာ တင်စားခေါ်နိုင်လေသည်။

## ခန္ဓာသဘောနှင့် ရုပ်နာမ်သဘော

ရုပ်နာမ်သဘောဆိုသည်မှာ အဋ္ဌကလာပ်ရုပ်တွင်ရှိကြသော မာမှု ပျော့မှု ပူမှု အေးမှု ခေါ် ပညတ်ပြဌာန်းသော ရုပ်သဘောတို့သည်၎င်း၊ ဧကိစ္စ လက္ခဏာအားဖြင့် ပေါ်ထွက်နေသော ရုပ်သဘော နာမ်သဘောတို့သည်၎င်း၊ အတိတ်ကာလ အနာဂတ်ကာလပစ္စုပ္ပန်ကာလဟူသော ကာလဖြင့်ပိုင်းခြားခြင်းကို ခံယူကြရကုန်သောသဘောတရားတို့သည်၎င်း၊ ပညတ်ပြဌာန်းလျက် ပညတ်ရှေ့သွား ရှိသောကြောင့် ၎င်းသဘောတို့ကို ရုပ်နာမ်ဟုခေါ်သည်။ ဆိုလိုရင်းမှာ ငါးပါးသော ပသာဒရုပ်၊ ၆-ပါး ပသာဒရုပ်ဖြင့် စမ်းသပ်၍ ရစကောင်းသော သဘောတရားမျိုးသည် ပညတ်ပြဌာန်းသဖြင့် ကြမ်း ထမ်း လေ ရကား ၎င်းသဘောတရားများကို ရုပ်နာမ်ဟုဆိုလိုရင်းဖြစ်ပေ၏။

ခန္ဓာသဘော ဆိုသည်မှာ.... သိမ်မွေ့သော သဘောတရားဖြစ်၏။ ငါးပါးသော ပသာဒရုပ်ဖြင့် စမ်းသပ်၍မရနိုင်ရာ၊ ပစ္စုပ္ပန်အရိပ်ခေါ် အသိသဘော မနောဝိညာဏ်အရိပ်၌ အစဉ်ကိန်းလျက် တည်ရှိနေကြသည့် ပရမတ် ဆတ်ဆတ် သဘော တရားအစုတို့ကို ခန္ဓာသဘောဟု ခေါ်ဆိုလေသည်။

ထိုပစ္စုပ္ပန်ခေါ် မနောဝိညာဏ် အသိရိပ်တွင် အစဉ်ကိန်းနေသည့် ပရမတ်သဘော ဆတ်ဆတ်တို့ကို ရှင်တော်မြတ်ဘုရားသည် ထုတ်ဖော်၍ အမည်ပညတ် တင်ပြထားသည်မှာ ဝေဒနာ သညာ သင်္ခါရ စေတနာဟူ၍ သဘာဝကို အသီး ထုတ် ဖော်ဟောကြားတော်မူလေသည်။

**သတိပြုရန်** ဤဉဒယဗ္ဗယ ဉာဏ်ပညာမြင် စခန်း၌ကား ခန္ဓာနည်းခေါ် ပရမတ်ပြဋ္ဌာန်းသည်။ သဘာဝတို့ကို ထုတ်ဖော်၍ ဆင်ခြင်သုံးသပ်သော ဝိပဿနာနည်းဖြစ်၍ အာရဒ္ဓ ယောဂီ ပုဂ္ဂိုလ်တို့သည် ဤသိမ်မွေ့သည့် ပရမတ် ပြဋ္ဌာန်းသော ခန္ဓာသဘော ရုပ်နာမ်တို့ကို အသိဉာဏ်ပိုင်အောင် ဆွဲကိုင်နိုင်ရန် အလွန် အရေးကြီး ပေသည်။ ထို ရုပ် နာမ် သဘော ခန္ဓာသဘောတို့ကို မမြင်သည်ရှိသော် ရုပ်တရား နာမ် တရားနှင့် ဒိဋ္ဌိစွဲ ဝိညာဏ်စွဲတို့ကို တခြားစီထင်မှတ်နေတတ်ကြ လေသည်။ ဤသို့ ထင်မှတ်နေခြင်း အသိဉာဏ်သည်ပင်လျှင် ဝိပဿနာ ဘေးရန် ၁၀-ပါးသို့ ကျရောက် နေသည်ဟု ဆိုလို သည်။ ဤကား သတိပြုဘွယ် အချက်ကောင်းကြီးပေတည်း။

ထို့ကြောင့် ရုပ်ရှိသည် နာမ်ရှိသည် အကြောင်း တရား အကျိုးတရားရှိသည် ဖြစ်သဘောရှိသည် ပျက်သဘောရှိသည် စသည်ဖြင့် စွဲယူသော အယူမျိုးသည် ဒိဋ္ဌိစွဲ ဝိညာဏ်စွဲ သညာစွဲ အယူမျိုး ဖြစ်သောကြောင့် ပုပြင်ခြင်း ခေါ် ဝိညာဏ်နယ် အတွင်းမှာပင် ရှိသေးသဖြင့် ပညာမြင် ဉဒယဗ္ဗယဉာဏ်သို့မဆိုက် ရောက်နိုင် အသိဉာဏ်အပိုင် မရနိုင်သေးဟု မှတ်ပါကုန်။

ပညာမြင် ဉဒယဗ္ဗယဉာဏ်သို့ ဆိုက်ရောက်ရန်မှာကား ပုံစံ တွင် ပြထားသည့်အတိုင်း အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ, သဘောတရားတို့သည် ဖြစ်နိုင်ခြင်းဟူသော သဘောတရားမှ ကင်းကြ ကုန်သော အဗျာပါရ ဓာတ်သဘောတို့ ဖြစ်သော ကြောင့်ရင်း၊ ပေါင်းဆုံ ညီညွတ်သော အခါ ဖြစ်ပေါ်ကြ

ဌာသလည်း ဖြစ်သဘောကားမရှိ သုဉ်းဆိတ်ခြင်း သုညတအနတ္တ သဘောသာရှိကြသောကြောင့် အကြောင်းတရားဟူ၍ အဘယ် မှာလျှင် ဆိုနိုင်ပါမည်နည်း။ အကြောင်းတရားဟုထင်မှတ်စွဲယူ နေကြခြင်းသည် အတ္တဒိဋ္ဌိအစွဲအယူပင်ဖြစ်ပေသည်။ထိုအစွဲအယူ ကို ပညာမြင် ဥဒယဗ္ဗယဉာဏ်စခန်းဖြင့် အပိုင်သိမှသာ ထိုဉာဏ် စခန်းသို့ ဆိုက်ရောက်နိုင်လေသည်။

**အာရုဏ်ဦး လင်းရောင်ခြည်**

ဤ ဉာဏ်စခန်းသို့ ဆိုက် ရောက် သော ပုဂ္ဂိုလ်အား ကြောင်းကျိုးမပြတ် ဆက် စပ်ဖြစ်သော ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် သည် မပတ်လည်နိုင်ဘဲတခါတည်းရပ်လျက် သင်္ခတလောကနယ် ကြီး ချုပ်ငြိမ်းလေသည်။ သင်္ခတဓမ္မချုပ်ငြိမ်းခြင်းကို အသင်္ခတ ဓမ္မသဘောသို့ ဆိုက်ရောက်သည်ဟု ဆိုလိုသည်။

အသင်္ခတ ဓာတ်သဘောမှာ ဤဥဒယဗ္ဗယဉာဏ် ပညာမြင် စခန်းကပင် နေဝန်းကြီးပေါ်ခါနီးတွင် လင်းရောင်ခြည်သည် ရှေးဦးစွာ ကွန့်မြူးပေါ်ထွက်လာသလို အသင်္ခတ ဓမ္မဓာတ် ပေါ်ထွက်သည်ဟုမှတ်။

ဤ ဖော်ပြအပ်သော စကားအစဉ် ဖြင့် အာရဒ္ဓ ယောဂီ ပုဂ္ဂိုလ်တို့သည် ဖြစ်သဘောတရား၌ ဥဒယဗ္ဗယ ဝိပဿနာ ပညာ ဉာဏ် အလင်းဓာတ် ပေါက်ရောက်၍ အတ္တဂဟာရိပ်ကို ဝေဘန် ပိုင်းဖြတ် သုခ်သင် ရှင်းလင်း နိုင်လောက် ပေပြီ။ ပျက်သဘော တရား၌ ဥဒယဗ္ဗယဉာဏ် စိန်သွားဖြင့် တဖန် တဆင့်တက်၍

ပစ်ခွင်းနိုင်ကြစေရန် ပျက်သဘော၏ သဘာဝကို အနည်းငယ် ထုတ်ဖော်၍ ရှင်းပြပေအံ့။

## ပျက်သဘောအစစ် တွေ့ရန်နည်း

ပျက်သဘောအရ ဝေဘန်ပြန်လျှင် နောက်ကဖော်ပြခဲ့သည့် အတိုင်း အပျက်သဘောသည် ၂-မျိုးရှိ၏။

၁။ ဝိညာဏ်မြင် အပျက်သဘော။

၂။ ပညာမြင် အပျက်သဘော။

ဤသို့အားဖြင့် ၂-မျိုးရှိရာ ဝိညာဏ်မြင် အပျက်တရားမှာ ကား အစစ် ပျက်သဘောမဟုတ်နိုင်ပေ။ အကြောင်းပါသော အပျက်မျိုးဖြစ်ချေသည်။ ထိုအပျက်သဘော မျိုးကား အသစ် တဖန် ဖြစ်ပေါ်လို၍ ပျက်သောသဘောမျိုး ဖြစ်သောကြောင့် ပျက်ချင်ယောင် ဟန်ဆောင်သော အပျက်မျိုးဖြစ်ပေသည်။

ဥပမာ။ ထောင် ကိုမြင် သော ယောကျ်ားသည် ရာကို စွန့်သကဲ့သို့ရင်း၊ ငါးအကောင်ကို မြင်သော သတ္တဝါသည် ငါး အစိမ်းကို စွန့်ဘိသကဲ့သို့ရင်း၊ ရုပ်သစ် နာမ်သစ် သဘောတရား မြောက်များစွာကို ဖြစ်ပေါ်လိုသဖြင့် (အဟောင်းပျက် အသစ် ပေါ်)အနေနှင့် ပျက်ခြင်းသဘောဟု သုံးစွဲခြင်းမျှဖြစ်သည်။ ထိုအပျက်မျိုးသည်ကား ဝိညာဏ်စွဲအပျက် အတ္တဒိဋ္ဌိ အစွဲအယူ အပျက်မျိုး ဖြစ်ပေသည်။

**ပညာမြင် အပျက်တရား ဆိုသည်မှာ...** အကြောင်းတရားဟူ၍ မှုမျှမရှိ အကျိုးတရား သက်သက်ခေါ် သဘောတရားကိုမြင်မှသာလျှင် ပညာမြင် အပျက်ဟူ၍ ခေါ်ဆိုနိုင်လေသည်။ ထိုပညာမြင် အပျက်သဘောမှသာလျှင် သန္တတိပြတ်၍ နိရောဓ သဘောသို့ ဆိုက်ရောက်နိုင်လေသည်။

ဝိညာဏ်မြင်အပျက်မျိုးကားနိရောဓခေါ် အစဉ်ချုပ်ငြိမ်းခြင်း သဘောသို့ မဆိုက်ရောက်နိုင်ပေ။ ရက်ကျပင်မှ ရက်ကျရွက်သည် အပင်မှကြွေကျသော်လည်း မြေသို့ရောက်သောအခါ ခြောက်သွေ့၍ဆွေးမြေ့ခြင်းမရှိဘဲ တဖန် ရက်ကျပင်ငယ် ပြန်၍ဖြစ်ပေါ်လာသကဲ့သို့သော အပျက်မျိုးသည် ဝိညာဏ်ပျက် ခေါ်ဆိုနိုင်လေသည်။

တဖန်ဖြစ်ပေါ်ခြင်း မရှိသည့် နိရောဓခေါ် အစဉ်ချုပ်ငြိမ်းခြင်း သဘောတရားသို့ ဥက္ကောင်းဆိုက်သော အပျက်မှသာ ပညာမြင် အပျက်သဘောဖြစ်၍ (သမုစ္ဆေဒ နိရောဓ) သဘောတရားသို့ ဆိုက်ရောက်နိုင်သော အကြောင်းကောင်းသည့် အပျက်မျိုးဖြစ်ချေသည်။ ထိုအပျက်မျိုးကို တွေ့မှသာလျှင် ပညာမြင် အနိစ္စညာဏ် ပညာမြင်ဒုက္ခညာဏ် ပညာမြင်အနတ္တညာဏ် သဘောတရားတို့ကို ထုတ်ဖော်၍ ရနိုင်ပေမည်။ သို့မှသာတန်ဘိုးရှိသော အပျက်သဘော ခေါ်ဆိုနိုင်လေဘည်။

အကြောင်းတရား မချုပ်ငြိမ်းသေးသော သန္တတိ အပျက်မျိုးဖြစ်ခဲ့ပါလျှင် အနိစ္စစစ်, ဒုက္ခစစ်, အနတ္တစစ်,ကိုတွေ့နိုင်မည်

မဟုတ်ပေ။ ဝိညာဏ်စွဲအနိစ္စ, ဒုက္ခ, အနတ္တသဘော, ကိုသာ တွေ့နိုင်လေသည်။ ထိုဝိညာဏ်စွဲအနိစ္စမျိုးကား တကယ်ပျက် တကယ်မမြဲခြင်းမဟုတ်ပေ။ အသစ်ဖြစ်ပေါ်ချင်၍ ပျက်သောသဘော မမြဲသောသဘော ခဏပျက်သောသဘောမျိုးဖြစ်သောကြောင့် လှည့်ပတ် ဖြားယောင်းခြင်း သဘောသို့ အစဉ် အမြဲ ကျရောက်သဖြင့် သံတလောကကြီးသည် ရပ်စဲခြင်းမရှိဘဲ မပြတ်ဖြစ်ပေါ်ခြင်းသာ ရှိလေသည်။

ယခု ဖော်ပြရေးသားအပ်သော စကားအစဉ်ဖြင့် ပညာမြင် ဥဒယဗ္ဗယဉာဏ်၏ ပျက်သဘောကို လက်တွေ့နည်း သဘာဝနည်းတို့ဖြင့် ထုတ်ဖော် ပြဆိုသဖြင့် ဝိပဿနာ ပညာရှိ ပုဂ္ဂိုလ်များ ဝေဘန်သိမ်းဆည်းနိုင်လောက်ပေပြီ။

**လိုရင်းအချုပ် သိမ်းဆည်းရန်နည်း**

ဖြစ်သဘောကို အဗျာပါရ အနတ္တ၊ သုညတ အနတ္တ နှစ်ပါးတို့ဖြင့် သိမ်းဆည်းလိုက်သော် ပျက်သဘော တရားသည်လည်း ဝိညာဏ်မြင် ပျက်သဘောမှကင်း၍ ပညာမြင် ပျက်သဘောသို့ သဘာဝအလျောက် အလိုလိုဥက္ကောင်း ဆိုက်ရောက်သွားလေသည်။ ၎င်း ပျက်သဘော၏ ဆိုက် ရောက် သော ဥက္ကောင်းကား နိရောဓမှခေါ် အစဉ်ချုပ်ငြိမ်းခြင်း သဘောပင်ဖြစ်ပေ၏။

ထိုအစဉ်ချုပ်ငြိမ်းခြင်းသဘောကို ပညာမြင်ဒုက္ခဟု ဆိုနိုင်လေသည်။ ဖြစ်သဘောကား အနတ္တအစစ်ထွက်လေသည်။ ပျက်သဘောကား ဒုက္ခအစစ်ထွက်လေသည်။ ထိုအနတ္တအစစ် ဒုက္ခအစစ်တို့ကို တွေ့သောပုဂ္ဂိုလ်သည်ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ခေါ်

သံသရာ၏ အစ သဘော နှင့် အဆုံး သဘောကို တွေ့သော ပုဂ္ဂိုလ်ဖြစ်၍ သံသရာသဘောကို မြင်ပြီဟုဆိုနိုင်သည်။ သံသရာကုန်မြင်လျှင် သံသရာ၌ ရုပ်ပင် နာမ်ပင် တဖန်စိုက်ပျိုးရန် အားမထုတ်တော့ဘဲ ကံမျိုးစေ့တို့ကို ကြိတ်ချေရန်သာ အားထုတ်ပေမည်။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာတွင် (သောတာပန္နော ပဋိစ္စသမုပ္ပါဒ ညေယေဝ မနသိကရောထ )ဟု မိန့်ဆိုချက်အရ သောတာပန် ပုဂ္ဂိုလ်သည် ပဋိစ္စသမုပ္ပါဒ်တရားကိုသာလျှင် နှလုံးသွင်း ဆင်ခြင်နိုင်သည်အရ ယခုဖော်ပြသော သံသရာအစ အနတ္တနှင့်သံသရာအဆုံး ဒုက္ခကို မြင်တွေ့ခြင်း သဘောကို ဤဉာဏ်ကစ၍ အသိတရား နေ ရောင် ခြည် ထွန်းပေါ် သည် ဟု ဝေ ဘ န် နိုင် လေသည်။

**မှတ်ချက်။** ။ဤဉာဏ်၏ သဘော တရားကို အကျယ် ဝေဘန် ရေးသားလျှင် ရေး သား ချင် တိုင်း ရနိုင်သော ဉာဏ်ကြီးဖြစ်လေသည်၊ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီး တခုလုံးကို သိမ်း ဆည်း ထား သော အရဋ္ဌာန ဖြစ်သောကြောင့် မဂ်လေးပါး အားလုံးနှင့် သက်ဆိုင်နေကြောင်း အထူးသတိပြုပါ။

ပိဋကတ်တော်များတွင် ဖော်ပြထားသော ပုဂ္ဂိုလ်၄-မျိုး ဆိုသည်မှာလည်း ဤဉာဏ်၏စခန်းမှ ထွက်ပေါ်လာခြင်းဖြစ်ပေသည်။ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင် ကိုလည်း ဤဉာဏ်တပါးဖြင့် သိမ်းသွင်းထားလေသည်။

**အထူးသတိပြုရန်အချက်**

သောတာပန်လမ်းကို အားထုတ်ကြသော ပါရမီရှင် တို့သည် ဥဒယဗ္ဗယ ဉာဏ်စခန်း၌ အတ္တဒိဋ္ဌိနှင့် အတ္တာနုဒိဋ္ဌိ ၂-ပါး တို့၏ သဘောတရား နေပုံကို အသိဉာဏ် ပေါက်အောင် မေ့ နှောက် ဆင်ခြင်သုံးသပ်စေလိုပါသည်။ အကြောင်းကိုဆိုသော်ဤဉာဏ်၌ ရှိသော အတ္တဒိဋ္ဌိ အတ္တာနုဒိဋ္ဌိတို့ကား အလွန် သိမ်မွေ့ သော သဘောတရားများဖြစ်ပါ၍ သာမန်မျက်စိနှင့်မမြင်နိုင်ရာ။ ပါရမီ ခေတ်မျက်စိရှိသော ပုဂ္ဂိုလ်တို့မှသာလျှင် ၎င်းဒိဋ္ဌိတို့၏ သဘော တရားကို မြင်နိုင် တွေ့နိုင်ပေမည်။ ၎င်းဒိဋ္ဌိတို့၏ သဘောတရား အမှန်ကို အသိဉာဏ်မျက်စိနှင့် မြင်တွေ့နိုင်ပါလျှင် ဒိဋ္ဌိစွဲ ကျွတ် နိုင်ပြီဖြစ်၍ ရှေ့သို့တက်ရန် စခန်းတွင် မဂ်၏သဘောတူညီချက် ကိုခံယူရန် အရိပ်အယောင် အစွဲခေါ် သက္ကာယဒိဋ္ဌိရေသောက် မြစ်ကို ပယ်နုတ်ရန်သာ ကြွင်းကျန်နိုင်ပါသည်။

ပညာမြင်သဘောကို လက်တွေ့ရှာဖွေရာ၌ အသိဉာဏ်စေစား မှုခေါ် ဝေဘန်ဆင်ခြင်မှုသည် အလွန်လျှင် အရေးပါ အရာ ရောက်ခြင်းပင်ဖြစ်ပေသည်။ နေယျပုဂ္ဂိုလ်တို့မှာ အသိဉာဏ်စေ စား ဝေဘန်သိမ်းဆည်းနိုင်ရန်အတွက် ရှေးဦးစွာသုတမယဉာဏ် ပွါးစည်းရန် အဖန်ဖန် အားထုတ်စုဆောင်းနိုင်စေရမည်။ သို့မှ သာ အသိဉာဏ်ကို ဝေဘန်နိုင်သည်ဟု မှတ်ပါလေ။

ထိုသို့ မဟုတ်ဘဲ သမထကို အားကိုးတခု ပြု၍သော်၎င်း ကမ္မဋ္ဌာန်း နိမိတ် ပဋိပတ်ကို လက်ကိုင်ထား၍ သော်၎င်း ဥဒယဗ္ဗယ ဉာဏ်စခန်းကို သိမ်းဆည်းနေပါလျှင် နေယျပုဂ္ဂိုလ်

တို့မှာ ပညာစခန်းကို တွေ့မည်မဟုတ်ဘဲ (ဗူးလေးရာ ဖရုံဆင့်) ဆိုသည့်အတိုင်း ဩဘာသ စသော ဘေးရန်ဆယ်ပါးကို တွေ့တတ်သည်ကိုလည်းသတိပြုပါ။ဘေးရန်၁၀-ပါးသည်(ကျားနှင့် ရင်ဆိုင်) တွေ့သော ယောကျ်ားကဲ့သို့ ငါတို့လည်း ဝိပဿနာ တောအုပ်ကြီးသို့ ဝင်ထွက်သွားလာရာ ကျားနှင့်ကား တွေ့ကြုံ ရမည်မှာ မရှောင်ကွင်းနိုင်ပေ။

သို့ရာတွင် ကြိုတင်သတိရှိက ကျားနှင့်တွေ့သောအခါ မိမိ အား ကျားကမအုပ်နိုင်အောင် ကာကွယ်၍ ထိုတွေ့သောကျား ကို အပိုင်အနိုင် လက်ရပယ်သတ်နိုင်အောင် လုပ်ဆောင်မှုသည် သာ အရေးကြီးပေသည်။

## ပညာမြင် ဥဒယဗ္ဗယ ဉာဏ်၏ တရားဥက္ကောင်း ဝင်ပုံ

ဥဒယဗ္ဗယ ဝိပဿနာ ဉာဏ်စခန်း၌ ဖြစ်--ပျက်ဟု တရား ဥက္ကောင်း ဆိုက်ရောက်လာသော ပစ္စုပ္ပန် သန္တတိ ခဏ်ခေါ် တရားခံကို ဒေသနာနည်း လက်တွေ့နည်း သဘာဝနည်းတို့ဖြင့် အနတ္တဉာဏ် ဆိုက်အောင် သိမ်း ဆည်း ဆင်ခြင်သည် ရှိသော် ဖြစ်ခြင်းဟူသော သဘောတရားသည်သဉ်းဆိတ်၍ မဖြစ်ပေါ်နိုင် ခြင်း ဟူသော သုညတ နိရောဓ ဓမ္မသို့ ဥက္ကောင်း ဆိုက်ရောက် လေသည်။ ဤနည်းအတူ(ပျက်သဘော)သည်လည်းဖြစ်ဟူသော သဘောတရားကို သုညတ အနတ္တနှင့် သိမ်းဆည်းလိုက်သည်နှင့် တပြိုင်နက် ထိုပျက်သဘောတွင် ကိန်း ဝပ် လျက် နေ သော

အကြောင်း တရား ခေါ် တဖန်ဖြစ်ပေါ်မည့် မျိုးစေ့ ကလေး သည်လည်း ပါဝင်၍ တဖန်မဖြစ်နိုင်ခြင်း အနုတ္တ သဘောသို့ အလိုလို ဥက္ကောင်းဆိုက်ရောက်သွားလေသည်။

ဆိုလိုရင်းမှာ ဥဒယဗ္ဗယ ဉာဏ်ဖြင့် ကြောင်းကျိုး ၂-ပါး ဖြစ်ပျက် ၂-ပါး သန္တတိခေတ် တို့ကို နုတ် သိမ်း လိုက် သော် အကြောင်းကင်းသော အကျိုးတရားသက်သက်ခေါ်အစဉ်ပျက် သဘောသို့ တရားဥက္ကောင်း ဆိုက်ရောက်သည်ဟု ဆိုလိုသည်။ ထိုပျက်သဘောခေါ် တရားဥက္ကောင်း သည်လည်း ဥဒယဗ္ဗယ ဉာဏ်မှထွက်ပေါ်လာသော ပဋိဝေဓ ဓမ္မခေါ် အလွန်စင်ကြယ် သည့် (တရုဏဝိပဿနာ)ဝိမုတ္တိဓမ္မ ပညာသဘောဖြစ်၍ ထိုပညာ သဘောကို အထက်ဉာဏ်စခန်းသို့ တဖန်တင်ပြီးလျှင် ထပ်မံ၍ ဝေဘန် သိမ်းဆည်းရပေလိမ့်မည်။ ထိုဝိမုတ္တိဓမ္မ ပညာသဘော ဆတ်ဆတ်ကို ဥဒယဗ္ဗယ ဝိပဿနာဉာဏ်၏ ခုံရုံးတော်မှ စီရင် နိုင်ခွင့် တရားဒီဂရီ ချနိုင်ခွင့် မရှိသော သဘော တရား ဖြစ်၍ ဘင်ဉာဏ်ခေါ် အ ထက် ရုံး တော် သို့ တင် သွင်း ရ ခြင်း ဖြစ် ပေသည်။

**ရုံးတော်ကြီး ၂-ခုတို့၏ သဘောတရား**

ဥဒယဗ္ဗယ ပုဒ်ကို အနက်ပြန်ဆိုလျှင် ဥဒယ သဒ္ဒါကား ဖြစ် သဘော ကို ဟော၏။ ဗ္ဗယ သဒ္ဒါကား၀-အက္ခရာကို ဗ-ရေးထားသောကြောင့် ပျက်သဘောကိုဟော၏၊ နှစ်ရပ် ပေါင်းစပ်သော် ဖြစ်သဘောနှင့် ပျက်သဘောကို ခေါ်သည်ဟု မှတ်ရသည်။

ဘင်္ဂညာဏ်၌လည်း (ဘင်္ဂသဒ္ဒါ)သည် အပျက်သဘောကိုပင် ဟော၏။ (ဗ္ဗယ)အပျက်သဘောနှင့် ဘင်္ဂအပျက်သဘော ၂-ပါး တို့၏ ကွဲပြားခြားနားပုံ အထူးကို သဘာဝညာဏ်ဖြင့် ဝေဘန် ဆင်ခြင်သုံးသပ်ရပေမည်။ ဥဒယဗ္ဗယညာဏ်တွင်ရှိသော (ဗ္ဗယ) အပျက်သဘောကား တကယ်ပျက်အမှန်ပျက် အစစ်ပျက်မဟုတ် နိုင်ပေ။ အသစ်တဖန် ဖြစ်ပေါ်လိုပြန်၍ အကြောင်းတရားက အကျိုးသဘောယောင် ဟန်ဆောင်ဘမ်းပြ၍ အပျက်သဘော ဟု ပြောဆိုခြင်းပင် ဖြစ်ပေသည်။

ထိုအပျက်သဘောမျိုးသည် ခဏပျက် သဘောမျိုး ဖြစ် သောကြောင့် သခ်တ လောက ခေါ် ဝိညာဏ်နယ် ကြီးသည် မချုပ်ငြိမ်းနိုင်ဘဲ အစဉ်မပြတ် စက်ရဟတ်ကဲ့သို့ လည်ပတ် ဖြစ် ပေါ်နေရခြင်း ဖြစ်လေသည်။ ထို့ကြောင့် ဥဒယဗ္ဗယညာဏ်၏ အပျက် သဘောမျိုးကို လက်တွေ့နည်းနှင့် ဝေဘန်သိမ်းဆည်း သော် အပျက်သဘော အစစ်အမှန် မဟုတ်ကြောင်း ထင်ရှား သဖြင့် ၎င်းအပျက်ကိုသဘာဝအစစ်ရှာဖွေသော် အပျက်သဘော မဟုတ် အဖြစ်သဘောပင်ဖြစ်ပေသည်။ ဤကား ရှုဘွယ်တရပ် ပင် ဖြစ်ပေ၏။

ထိုဖြစ်သဘော အလုံးစုံတို့ကို ဥဒယဗ္ဗယညာဏ်သည်နှုတ်သိမ်း နိုင်သေးသဖြင့် အတ္တဒိဋ္ဌိစွဲသာ ကျွတ်သေး၏။ ပစ္စုပ္ပန်အကျိုး ဝိညာဏ်ရိပ် သညာရိပ် နှစ်ပါးတို့သည် ကြွင်းကျန် နေသေး၏။ ဤ၌ ပစ္စုပ္ပန်အအကျိုး ဝိညာဏ်ရိပ် သညာရိပ်နှင့် ပစ္စုပ္ပန် အကြောင်း ဝိညာဏ်ရိပ် သညာရိပ်တို့၏ သဘာဝ နေပုံကို အနည်းငယ် ရှင်းပြဦးအံ့။

အသိဉာဏ်ခေါ် ဝိညာဏ်ရိပ်သည် ၂-မျိုးရှိပေ၏။

၁။ သညာပြဋ္ဌာန်းသော ဝိညာဏ်ရိပ်တမျိုး။

၂။ သညာမပြဋ္ဌာန်းဘဲ အသိပြဋ္ဌာန်းသော ဝိညာဏ်ရိပ် တမျိုး။

ဤသို့အားဖြင့် ၂-မျိုးရှိရာ အဆင်းသဘော အကြည်သဘော နှစ်ပါးတို့၏ ပေါင်းဆုံမှု သဘောကို အစဉ် မှတ် တတ် သော သညာ၏ အာရုံသဘောကို ဆွဲကိုင်၍ဖြစ်ပေါ်လာသောသိမှုမျိုး သည်၎င်း၊ ဝိညာဏ်၏အရိပ်၌ အစဉ်ကိန်းလျက်ရှိသော သညာ သဘော၏ ဆွဲဆောင်ရာသို့ လိုက်ပါသိနိုင်သော ဝိညာဏ်သိ မျိုးသည်၎င်း၊ သညာ ပြဋ္ဌာန်း သော ဝိညာဏ် သိမျိုး မည်၏။ ထိုဝိညာဏ်အသိမျိုးသည် ပညတ်သဘော ပညတ်အာရုံနောက် သို့ လိုက်ပါသိတတ်သော ဝိညာဏ်သိမျိုးဖြစ်၍ တရား အား မထုတ်သော (ဝါ)ဥဒယဗ္ဗယဉာဏ် အသိစခန်းသို့ မဆိုက်ရောက် သော အန္ဓပုဂ္ဂိုလ်တို့၏ အသိမျိုးဆိုလိုသည်။

ထိုအသိမျိုးကို ပစ္စုပ္ပန်အကြောင်း ဝိညာဏ်ရိပ် သညာရိပ်ဟု ဝိပဿနာဉာဏ် အရာ၌ ခေါ်ဝေါ် သုံး စွဲ ခြင်း ဖြစ် ပေ သည်။ ထိုဝိညာဏ်ရိပ် သညာရိပ်မျိုးကိုအတ္တဒိဋ္ဌိစွဲဟူ၍၎င်း၊သဿတဒိဋ္ဌိစွဲ ဥစ္ဆေဒဒိဋ္ဌိစွဲဟူ၍၎င်း ဝိပဿနာအရာ၌ ခေါ်ဝေါ် သုံးစွဲနိုင်ခွင့် ရှိသည်ဟု မှတ်ပါ။

သညာမပြဋ္ဌာန်းဘဲ ထိုသညာသည် ဝိညာဏ်၏ နောက်သို့ အစဉ်လိုက်၍ သိမှုအမျိုးမျိုးတို့၌ ဝိညာဏ်သာလျှင် ပြဋ္ဌာန်းလျက် ဖြစ်ပေါ်သော ဝိညာဏ်ရိပ်မျိုးသည် ပညာပြဋ္ဌာန်းသော ဝိညာဏ်ရိပ်မည်၏။ ထိုဝိညာဏ်ရိပ်မျိုးကား ဥဒယဗ္ဗယဉာဏ် အမြင်ပိုင်သောပုဂ္ဂိုလ်တို့၏ သိမှုမျိုးဖြစ်၍ ပညတ်သိ ပညတ်မြင် အတ္တဒိဋ္ဌိသဘောတရားမှ လွတ်သော အသိမျိုးဖြစ်၍ ဝိပဿနာ ဉာဏ်အရာ၌ ပစ္စုပ္ပန်အကျိုး ဝိညာဏ်ရိပ် သညာရိပ်ဟု ခေါ်ဆိုကြလေသည်။

ဆိုလိုရင်းအချုပ်မှာ.... ပညတ်အာရုံနှင့် ပရမတ် သဘော အာရုံ ၂-ပါးတို့၏ အပေါ်၌ ဆွဲကိုင်၍ဖြစ်သော အသိဉာဏ်သဘောကို ဝေဘန် ပိုင်းခြားခြင်းပင် ဖြစ်ပေသည်။ ဤကား သိသာရုံ အနည်းငယ်မျှ ရှင်းပြလိုက်ပေ၏။

ဤသို့အားဖြင့် ကြွင်းကျန်နေသော ပစ္စုပ္ပန်အကျိုးရိပ် ဖြစ်သည့် ဝိညာဏ်ရိပ် သညာရိပ် ၂-ပါးတို့သည် အကြောင်းတရား မရှိသည့် အကျိုးသက်သက်ခေါ် ပျက်သဘောအပေါ်၌ စွဲယူသော သိမ်မွေ့သည့် အစွဲများဖြစ်ကြလေသည်။ ထိုအစွဲတို့ကို ဘင်္ဂဉာဏ်စခန်းတွင် အနိစ္စဉာဏ်သဘောနှင့် ဝေဘန်သိမ်းဆည်းပေလိမ့်မည်။

ဘင်္ဂဉာဏ် အပျက်သဘောဆိုသည်မှာ.... နောက်က ဖေါ်ပြခဲ့သည့်အတိုင်း ခဏပျက်သဘောမျိုး မဟုတ်ပေ။ အစဉ်ပျက်တဖန်ပြန်မဖြစ်သော အပျက်မျိုးဖြစ်ပေသည်။ ထိုအပျက်မျိုးမှ သာလျှင် အကြောင်း တရား မရှိသော အကျိုးတရား သဘော

သက်သက်တို့၏ အပျက်မျိုးဖြစ်၍ ပညာမြင် အနိစ္စစစ် ဒုက္ခစစ် အနတ္တအစစ်သဘောတို့ကို တွေ့နိုင်လေသည်။ အနိစ္စစစ် ဒုက္ခစစ် အနတ္တစစ် ဆိုသည်မှာလည်း မိမိတို့၏ စိတ်ဝိညာဏ် လုံ့ကြံ၍ မှည့်ခေါ်နိုင်သောအနိစ္စမျိုးကိုဆိုလိုသည်မဟုတ်ပေ။ သူ့အလိုလို သဘာဝအားဖြင့် ဘယ်သူမှ လုံ့ကြံ၍ မမှည့်ခေါ်ဘဲ လျက် သဘာဝအတိုင်း ကျရောက်ထွက်ပေါ်လာသော အကျိုးတရား ပျက်သဘောမှသာလျှင် ပညာမြင်အနိစ္စအစစ်ကို ဝေဘန်သိမ်းဆည်းနိုင်လေသည်။ ထိုဘင်္ဂဉာဏ်သည်ကား ပညာမြင်အနိစ္စကို တွေ့အောင် စူးစမ်းရှာဖွေရသော ဉာဏ်ဖြစ်သောကြောင့် တရားဥဒေ ကွာင်းဆိုက်ရောက်သော ပျက်သဘောကို ရှေးဦးစွာဝေဘန် ဆင်ခြင် သုံးသပ်ရပေမည်။

**ဘင်္ဂဉာဏ်ဖြင့် ဝေဘန်ပုံ**

ဤပျက်သဘောသည် ခဏပျက်၊ အစဉ်ပျက် ၂-မျိုးရှိရာ အကြောင်းတရားကုန်၍ အကျိုးတရား သက်သက်မျှသာရှိသော အပျက်တရား ပေလော။ သို့မဟုတ် အကြောင်းတရားမြဲနေသော ခဏပျက် သဘောတရားလေလော ဤသို့ ဝေဘန် ဆင်ခြင်ရပေလိမ့်မည်။

အကြောင်းတရားမြဲ၍ ခဏပျက် သဘောတရား ဖြစ်ချေသော် ရွက်ကျပင်များကဲ့သို့ အရွက်ကျလျှင် အရွက်က တဖန် အပင်ပြန်၍ ဖြစ်ပေါ်သလို ပျက်သဘော ဖြစ်တိုင်း ဖြစ်တိုင်း အသစ် တဖန် ရုပ် နာမ် ပေါင်းများစွာ တိုးပွါးဖြစ်လေရာ အဘယ်မှာလျှင် အနိစ္စအစစ် သဘောကို ဝေဘန်၍ရနိုင်ပါမည်နည်း။ ကိုယ်ပိုင် ဉာဏ် နှင့် ပင် တွေးယူကြည့်က အတတ်သိနိုင်ပါလိမ့်မည်။

အကြောင်း တရား ကုန်၍ အကျိုးတရား သက်သက် ခေါ် အပျက်မျိုးမှသာလျှင် နောင်တဖန်ဖြစ်ပေါ်ခြင်းအလျှင်းမရှိနိုင်သောကြောင့် အစဉ်ပျက်သဘောဖြစ်၍ ပညာမြင် အနိစ္စဉာဏ်စခန်းသို့ အမှန်ဆိုက်ရောက်နိုင်လေသည်။

ထို့ကြောင့်ဘင်္ဂဉာဏ် အပျက်သဘောကို ရှေးဦးစွာ ယခုဝေဘန်ချက်အတိုင်း အနိစ္စစစ်ကို တွေ့လိုသော ယောဂီပုဂ္ဂိုလ်တို့သည် ပိုင်းခြား ဝေဘန်နိုင်စေရမည်။

ဤသို့ ပိုင်းခြား ဝေဘန်ပြီးသော် ပျက်သဘောကို တရားခံအနေဖြင့် စွဲချက်တင်လျက် အနိစ္စသဘော ၄-ချက်နှင့်ပိုင်းခြား ကြည့်ရမည်။ သို့မှသာ တကယ်ပျက် အမှန်ပျက် ဟုတ်၏ မဟုတ်၏ ကို အပိုင်သိ၍ အနိစ္စဉာဏ် ထင်နိုင်မည်။ ပိုင်းခြား ဝေဘန်ရန် နည်းကို ပုံစံနှင့်တကွ ထုတ်ဖော်ပြပေအံ့။





## အစွဲလေးချက်နှင့် သာရလေးလုံး

ဤပုံစံစက်ဝိုင်း ၂-ခုတို့တွင် တခုသောပုံစံကား ပျက်သဘော တရားခံ၌ သဘာဝ ၄-ပါးနှင့် သိမ်းဆည်းသော ပုံစံဖြစ်ပေ သည်။ တခုသောပုံစံကား ထိုပျက်သဘော၌ အတ္တ ၄-ချက် တွယ်နေပုံကို ဖော်ပြသောပုံစံဖြစ်ပါကြောင်း။

ဤပုံစံ ၂-ခုတို့အနက် ရှေးဦးစွာ အစွဲ ၄-ချက်ခေါ် သာရ လေးလုံးနေပုံကို ရှင်းပြပေဦးအံ့။

**သင်္ခါရာ သင်္ခါရာဝဝိပဿနံ့** အစရှိသောဝိသုဒ္ဓိမဂ်အဋ္ဌကထာ ကျမ်းထွက်အရ လိုရင်းသဘောကို ဝေဘန် သိမ်း ဆည်း သော် ဝိပဿနာ ရှုသည်ဟူရာ၌ သင်္ခါရ သင်္ခါရချင်း ဆင်ခြင်သုံးသပ် ခြင်းသဘောပင်ဖြစ်သည်။

ဆင်ခြင်သုံးသပ်ခြင်း ဆိုသည်မှာလည်း တခုသော သင်္ခါရက တခုသောသင်္ခါရတို့ကို ပိုင်းခြားခြင်းပင်တည်း။ ထိုပိုင်းခြားခြင်း အရကို ဉာဏ်စဉ်နှင့်ဝေဘန်လျှင် ဥဒယဗ္ဗယဉာဏ်စခန်း၌ "အရှုခံရ သော တရား" နှင့် "ရှုတတ်သော တရား" ၂-ပါးပင်ရှိပေသည်။ အရှုခံရသောတရားကား အာရုံသဘောခေါ် ရုပ်နာမ်ပင် ဖြစ် သည်။ ရှုတတ်သောတရားကား အာရမ္မဏိက ရုပ်နာမ်မျိုးပင် ဖြစ်ပေသည်။ အာရုံသဘော ရုပ်နာမ်မျိုး နှင့် အာရမ္မဏိက သဘောရုပ်နာမ်မျိုးတို့၏ခြားနားပုံမှာအတွင်းရိပ်နှင့် အပြင်ရိပ် အနေ အား ဖြင့် ၎င်း၊ ရုပ် နာမ် သဘောနှင့် ခန္ဓာသဘော အနေအားဖြင့်၎င်း၊ခြားနားခြင်းရှိနိုင်လေသည်။ ဤသို့အားဖြင့် ရှေးဦးစွာ ရုပ်နာမ်တို့၏သဘောကို ခွဲခြားကြည့်နိုင်စေရမည်။

ဤသို့ ခွဲခြားပြီးသော် ဥဒယဗ္ဗယဉာဏ်စခန်းတွင် သုဉ်းဆိတ်ခြင်းခံရသော ရုပ် နာမ် သဘော တို့ကား အာရုံသဘောခေါ် အရှုခံရသော သင်္ခါရတရားများဖြစ်ချေသည်။ ထိုသင်္ခါရ ရုပ်နာမ်တို့ သည်ကား ဒိဋ္ဌ ဦးစီးလျက် ရှိကြသည်။ ၎င်းတို့သည် နောက်ကပြဆိုခဲ့သည့်အတိုင်း အကြောင်းသန္တတိ ဖြစ်သဘောများဟူ၍ မှတ်ယူနိုင်သည်။ ဆိုလိုရင်းမှာ ဝိညာဏ်အရိပ်ကြီးတွင် အစဉ်ကိန်းလျက် အကြောင်းမျိုးခေါ် သညာရိပ်ကလေးပင် ဖြစ်သည်။ ထိုသညာရိပ်ကလေးကို ဥဒယဗ္ဗယ ဉာဏ်စခန်းတွင် ဥဒယခန္ဓာဟူ၍လည်း အမည်အထူး ပြုထားလေသည်။ သဘာဝ အစစ်ကိုရှာသော် အာရုံသဘောခေါ် အပြင်သဘောရေသောက် မြစ်ပင်ဖြစ်ပေသည်။

**အာရမ္မဏိက သဘောသက်သက်**

အကြောင်း သင်္ခါရခေါ် ရှုအပ်သော အာရုံသဘော သုဉ်းဆိတ်ခဲ့သော် အကျိုး သင်္ခါရခေါ် ရှုတတ်သော အာရမ္မဏိက သဘော သက် သက် သည်သာ ကြွင်းကျန်လျက် ရှိနေလေသည်။ ၎င်းအာရမ္မဏိက သဘောသက်သက်ကို "အပျက်"ဟု ဆိုလိုသည်။ ထိုအပျက်သဘော အကျိုးသင်္ခါရတို့၌ကား ဝိညာဏ်ရိပ်သည် အကျိုးဝိညာဏ်ရိပ်မျှသာရှိ၏။ သညာရိပ်သည် အကျိုးသညာရိပ်မျှသာရှိပေ၏။ ထိုအကျိုးဝိညာဏ်ရိပ်အကျိုးသညာရိပ် အပေါ်တွင် အစွဲ ၄-ချက်စွဲယူလျက် ရှိနေသည်မှာ နိစ္စ, သုခ, သုဘ, အတ္တ, ဟူသော အကျိုးဝိညာဏ်ရိပ် အစွဲသဘောများ ဖြစ်ချေသည်။

**အကျိုးဝိညာဏ်ရိပ်နှင့်အစွဲသဘော**

ဥဒယဗ္ဗယဉာဏ်စခန်းကို လွန်မြောက်၍ ဘင်္ဂဉာဏ်စခန်းသို့ ဆိုက်ရောက်သော အာရဒ္ဓယောဂီပုဂ္ဂိုလ်တို့သည် မိမိတို့၏ နှလုံးအိမ်၌ အရှုခံရသော သင်္ခါရတရားတို့သည် သုဉ်းဆိတ်၍ ရှုတတ်သော သင်္ခါရတရားသည် (ဝါ)မိမိ၏အသိဉာဏ် ပစ္စုပ္ပန် အကျိုး ဝိညာဏ်ရိပ်သည် ပျက်သဘောသို့ သဘာဝဥက္ကောင်းဆိုက်ရောက်နေလေသည်။

ထိုအခါ ယောဂီပုဂ္ဂိုလ်တို့သည် ထိုပျက်သဘော၏ ဝိညာဏ်ရိပ်၌ အစဉ်ပေါ်နေခြင်းမျှကို မြဲ၏ဟု သာယာခြင်း (နိစ္စ)။ ကောင်း၏ဟု ခံစားခြင်း (သုခ)။တင့်တယ်ခြင်းဟု ဆွဲကိုင်ခြင်း (သုဘ)ခိုင်မြဲခြင်းဟု နှလုံးသွင်းခြင်း (အတ္တ)ထိုသဘော၄-ချက်တို့သည် အပျက်ကိုတွေ့သော ပုဂ္ဂိုလ်တို့၏ နှလုံးအိမ်၌ ဖြစ်ပေါ်ပြန်လေသည်။

ထိုဖြစ်ပေါ်စွဲလမ်းခြင်းသဘောတရားအစုကို'သာရလေးလုံးအစွဲ'ဟူ၍ ခေါ်ဆိုလေသည်။ ထိုအစွဲသည်ကား ဒိဋ္ဌိစွဲမျိုးကဲ့သို့ မဟုတ်ပေ။ ဒိဋ္ဌိစွဲမှာကား အလွန်ခိုင်မာသော အကြောင်းတရားအစွဲ အယူ ဖြစ်ပေသည်။ သာရလေးလုံးခေါ် အစွဲမှာကား အကျိုးတရားခေါ် ပျက်သဘောကိုစွဲသော အကျိုးဝိညာဏ်ရိပ်သညာရိပ်ဖြစ်၍ မခိုင်မြဲလှပေ။

ဥပမာပြဦးအံ့။ ရေသောက်မြစ် ပြတ်ကင်းပြီးသော သစ်ပင်ကြီးသည် ဘယ်လိုပင် အရွက်အပွင့် အသီး အကိုင်း အခက်စသည်တို့ဖြင့် မျက်စိအမြင်မှာ တင့်တယ်လျက် စည်ကားနေစေ

ကာမူ ရေသောက်မြစ် ပြတ်ကင်းပြီး ဖြစ်သောကြောင့် မကြာ မြင့်မီပင် ခြောက်သွေ့၍ မြေသို့လဲကျမည်မှာ အမှန်ဖြစ်သကဲ့သို့ ဗိဒ္ဓိစဲ့ခေါ် ပစ္စုပ္ပန် အကြောင်းကံ မျိုးစေ့ ကင်းပြတ်ပြီးသော အကျိုးတရားသက်သက်ခေါ် ပျက်သဘောသည်လည်း အဘယ် မှာလျှင် အသစ်တဖန် အညွန့်အညှောက် ပေါက်နိုင်ဘို့ရာ ဝေးစွ၊ အနိစ္စဉာဏ် သဘော တရားသို့ အလိုအလျောက် ဥက္ကော်င်း ကျရောက်မည်မှာ အမှန်ဖြစ်ပေသည်။

သို့ရာတွင် အကျိုးဝိဉာဏ်ရိပ်, သညာရိပ်တို့က မချုပ်ငြိမ်း သေး၍သာ ဝိပဿနာယောဂီပုဂ္ဂိုလ်တို့၏ နှလုံးထဲ၌မြဲ၏ဟူသော သညာအမှတ်, ကောင်း၏ဟူသော သညာအမှတ်, တင့်တယ်၏ ဟူသော သညာအမှတ်,ခိုင်မြဲခြင်းအနှစ်အသားဟူသော သညာ အမှတ်, တို့သည် အရိပ် အရောင် အနေ ဖြစ်ပေါ်ခြင်းမျှ ရှိနေ သေး၏။

ဥပမာ။ လောကတွင် တောက်တဲ့ အိမ်မြှောင်ခေါ်ဝေါ် သော သတ္တဝါကောင်ကို လက်ရဘမ်းဆီးပြီးလျှင် အမြီးဖျား ကလေးကို ဒါးနှင့် ဖြတ် တောက် လိုက် သော် ၎င်းအိမ်မြှောင် တောက်တဲ့ အမြီးကလေးသည် သွေးအား လေအားတို့ မချုပ် ငြိမ်းသေးသောကြောင့် အသက်ရှိယောင်ယောင် လှုပ်ရှားလျက် ခုန်ဆွ ခုန်ဆွ ဖြစ်နေလေသည်။

ဤဥပမာအတိုင်း အတ္တဒိဋ္ဌိခေါ် ကံအစွဲပြတ်သော "ပျက် သဘော"သည်လည်း ဝိညာဏ်ရိပ် သညာရိပ် မကင်းသေးသော ကြောင့် နောင်တဖန်ဖြစ်ပေါ်မည့် သဘောတရားရှိနေသေးဟန်

အယောင်ဆောင်၍ လှုပ်ရှားပြသော်လည်း သဘာဝကို မသိသေးသော အခိုက်သာလျှင် ယောဂီပုဂ္ဂိုလ်တို့က ထင်မှတ်ကြပေလိမ့်မည်။ အနိစ္စသဘော ၄-ချက်နှင့် ဝေဘန် ကြည့်သော် အဘယ်မှာလျှင် တဖန်ဖြစ်နိုင်မည့် သဘောတရားကို တွေ့နိုင်ပါမည်နည်း။

ထို့ကြောင့် အစွဲ ၄-ချက်တို့ကား အိမ်မြှောင်အမြီးပြတ်၏ လှုပ်ရှားခြင်း သဘောတရားအနေသာ ရှိနိုင်လေရာထိုသဘောတရား အစွဲမျိုးသည်ကား မူလစွဲမဟုတ်သောကြောင့် မခိုင်မြဲလှပေ။ ပြတ်ကင်းသွားသော အိမ်မြှောင်အမြီးသည် ကြည့်ရှုနေရင်းပင် မလှုပ်ရှားနိုင်ဘဲ သွေးအားလေအားချုပ်ငြိမ်း၍ ငြိမ်ဝပ်ပိပြားသွားသလို (ပျက်) သဘောတရား သည်လည်း အလိုလို အနိစ္စသဘောသို့ ဘယ်သူမှ မပို့ဘဲနှင့် ဆိုက် ရောက် မည် ဟု ဆိုလိုသည်။

အလိုလိုချုပ်ငြိမ်းပုံမှာ အနိစ္စဟူသော ဝိညာဏ်ရိပ်အစွဲသည် (ပျက်)သဘောသို့ အနိစ္စဉာဏ်ထင်လျှင် ချုပ်ငြိမ်းသည်ဟုမှတ်။ ထိုနည်းအတူ သုခ,သုဘ,ဟူသော ဝိညာဏ်ရိပ်အစွဲတို့သည်လည်း (ပျက်)သဘောကို ဒုက္ခဉာဏ် အပိုင်ထင်မြင်လျှင် ချုပ်ငြိမ်းလေတော့သည်။ (အတ္တ)ဟူသော ဝိညာဏ်ရိပ်အစွဲသည်လည်း အနတ္တဉာဏ်ထင်လျှင် သူ့အလိုလို ချုပ်ငြိမ်းသည်ဟုမှတ်။

ဘင်္ဂဉာဏ်၏ လုပ်ငန်းစဉ်ကို ဝေဘန် သုံးသပ်လျှင် အကျိုးငြိမ်းသည့် သဘောတရားမျှသာရှိသဖြင့် ဝိသုဒ္ဓိမဂ်ကျမ်းဂန်ကြီးများ၌လုပ်ထုံးနည်းမရှိဟုဆုံးဖြတ်ကြသည့်အပြင် အကျိုးတရား
30 ၈-ပါးကိုလည်း ထုတ်ဖော်၍ အကျယ်ဝေဘန် ပြကြလေသည်။

ဉာဏ်စဉ်အဆင့်ဆင့်နှင့် ရုပ်သဘော နာမ်သဘော

ထို့ကြောင့် ဝိပဿနာ အာရဒ္ဓ ယောဂီ ပုဂ္ဂိုလ် အပေါင်း တို့သည် သာရလေးလုံးခေါ် အစွဲ ၄ ချက်တို့၏ ဖြစ်ပေါ် လာပုံနှင့် တကွ ၎င်းတို့စွဲယူသော ရုပ်သဘော နာမ်သဘော ခန္ဓာသဘောတို့၏ သဘောတရားကို ရှေးဦးစွာ နားလည်သိနိုင်ရန် အလွန်အရေးကြီးပေ၏။ ဝိပဿနာအားထုတ်ကြသော အာရဒ္ဓယောဂီပုဂ္ဂိုလ်တိုင်း ရုပ်ပေါ် နာမ်ပေါ် ခန္ဓာပေါ်၌ သာရလေးလုံး အစွဲကို အရေးတကြီး ပြောဆိုကြ၍ ဟောပြောနေကြလေရာ ရှေးဦးစွာ သာရလေးလုံးတို့၏ စွဲယူသော ရုပ်သဘော နာမ်သဘောတို့ကို နားလည်ရန် လိုအပ်ပေသည်။ ထိုရုပ်သဘောနာမ်သဘောတို့ကိုပင်လျှင် ဝိပဿနာဉာဏ်စဉ်သို့သွင်း၍ ဝေဘန်ဆင်ခြင်သုံးသပ်ပါလျှင် တဉာဏ် တဉာဏ်၌ ရှိသော ရုပ် နာမ် ခြင်းပင်မတူနိုင်ကြပေ။

ဥပမာ။ ညာ တ ပ ရိ ညာ ခေါ် နာမရူပ ပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ် စခန်းတွင်ရှိသော ရုပ် နာမ် သဘောမျိုးနှင့် တီရဏပရိညာ စခန်းတွင်ရှိသော ရုပ် နာမ်သဘောချင်းပင်လျှင် မတူနိုင်ကြပေ။ ဤနည်းအတူ ပဟာနပရိညာခေါ် ဘင်္ဂဉာဏ် စခန်းတွင်ရှိသော ပျက်သဘော ရုပ်နာမ်မျိုးနှင့် အောက်စခန်းတွင်ရှိသော ရုပ်နာမ်မျိုးတို့မှာ မည်မျှလောက် သဘောခြင်း မတူဘဲ ခြားနား ကွဲပြားပုံကို ရှေးဦးစွာ လက်တွေ့နည်းဖြင့် ဉာဏ်အမြင်ပေါက်အောင် ဆင်ခြင်သုံးသပ်ကြစေလိုပါသည်။

ရုပ်နာမ်သဘောချင်းမတူ ကွဲပြားကြသလို ဒိဋ္ဌိစွဲ ဝိညာဏ်စွဲ သညာစွဲ တို့လည်းမတူကြဘဲ ကွဲပြားလျက် ရှိနေသောကြောင့်

သာရလေးလုံးအစွဲသည် မည်သည့်ရုပ်နာမ်ပေါ် မည်သည့်ခန္ဓာပေါ်တွင် စွဲယူပါသနည်းဟု ရရှိပြီးသော ဝိပဿနာအသိဉာဏ်ဖြင့် အကြိမ်ကြိမ်အထပ်ထပ် ဝေဘန်ဆင်ခြင်သုံးသပ်ပါလေ။

ဤဝိပဿနာ လုပ်ထုံးနည်းကျမ်း၌ကား ဉာဏ်စဉ်အဆင့်ဆင့်ပေါ်ထွက်ပုံနှင့်တကွ တရားခံခေါ် ရုပ်နာမ် အဆင့်ဆင့် တို့၏ပေါ်ထွက်ပုံကို ဒိဋ္ဌိစွဲနှင့်တကွ လက်တွေ့ထုတ်ဖော်၍ ပြဆိုထားသဖြင့် ပါရမီရှင်များ အသိဉာဏ်ပေါက်လောက်နိုင်ပေပြီ။

**ဘင်္ဂဉာဏ်၌ အထူးမှတ်သားရန်**

ဤဘင်္ဂဉာဏ်၌ကား သာရလေးလုံးရှိသည့် အနက် နိစ္စသာရစွဲ တခုကိုသာ ဖြုတ်နိုင်သေး၏။ ဖြုတ် နိုင် သည် ဆိုရာ ၌လည်း အကြွင်းမဲ့ ဖြုတ်နိုင်သည် မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် ဘင်္ဂဉာဏ် စခန်း သည်ကား မဂ် ၄-ဆင့်အားလုံးနှင့် သက်ဆိုင်နေသော ဉာဏ်ဖြစ်ပေ၏။

အနိစ္စဉာဏ် သဘော ၄-ချက် ဆိုသည်မှာ ပုံစံတွင် ဖော်ပြထားသည့်အတိုင်း (၁)ခယဓမ္မ၊ (၂)ဝယဓမ္မ၊ (၃)ဝိရာဂဓမ္မ၊ (၄)နိရောဓဓမ္မ ဤလေးပါးပင် ဖြစ်ပေ၏။

ခယဓမ္မဆိုသည်မှာ....ကုန်ခြင်းသဘောတရား ကို ဆိုလိုသည်။ ကုန်ခြင်းအရ တဘန်ဝေဘန် ပြန်သော် အကြောင်းတရားတို့၏ ကုန်ခြင်းသဘောပင်ဖြစ်ပေ၏။ ဉဒယဗ္ဗယဝိပဿနာ ဉာဏ်စခန်းတွင် တရားခံအဖြစ် စွဲချက်တင်ခဲ့သော ဖြစ်-ပျက် ၂-ပါးတို့တွင်

ပျက်သဘော၌ အစဉ် ကိန်း နေ သည့် အကြောင်း တရား ကို ဥဒယဗ္ဗယပညာဖြင့် ပယ်သတ်၍ အကြောင်းဇာတ်သိမ်းခဲ့လေရကား ထိုပျက် သဘော သည် အကြောင်း တရား ကုန် ခန်း ၍ အကျိုးတရား ပျက်သဘောသက်သက်သို့ ဆိုက်ရောက်ခြင်းကို (ခယဓမ္မ)ဟုဆိုလိုသည်။

ထို အပျက် သဘောမျိုးမှ သာလျှင် နောင်တဖန် ဖြစ်ပေါ်နိုင်ခြင်း တည်းဟူသော အကြောင်း တရား မျိုးစေ့ မရှိသောကြောင့် တကယ်ပျက်,အမှန်ပျက်,ဖြစ်၍ ပညာမြင် အနိစ္စဉာဏ်စခန်းသို့ဆိုက်ရောက်နိုင်လေသည်။

ယခုခေတ်အခါတွင် အနိစ္စဉာဏ်သဘောကို သာမန်ဆင်ခြင်သုံးသပ် နေကြသည်မှာ ရုပ်တရားသည် မမြဲအနိစ္စ ဟူ၍ရင်း၊ နာမ်တရားသည် မမြဲအနိစ္စဟူ၍ရင်း၊ မြင်မှုသည် မမြဲပါတကား အနိစ္စဟူ၍ရင်း၊ ကြားမှုသည် မမြဲပါတကား အနိစ္စဟူ၍ရင်း၊ သာမန်ဆင်ခြင် သုံးသပ်ပွါးများနေကြလေရာ၍အနိစ္စမျိုးသည် ဘင်္ဂဉာဏ်စခန်းတွင် ထွက်ပေါ်လာသော ပညာမြင်အနိစ္စမျိုး မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် အကြောင်းမျိုးစေ့မကုန်သောကြောင့် တဖန်ထပ်၍ဖြစ်ပေါ်နိုင်ခြင်းရှိလေရကား ၎င်းအနိစ္စမျိုးကို သညာသိအနိစ္စ, ဝိညာဏ်သိ အနိစ္စ,ဟု အမည်ပြုနိုင်ကြလေသည်။

ထိုသညာသိ ဝိညာဏ်သိ အနိစ္စမျိုးကား ရှင်တော်မြတ်ဘုရားပေါ်ထွက်မှ ထွက်ပေါ်လာသော အနိစ္စမျိုးမဟုတ်ပေ။ ကမ္ဘာလောကကြီး၌ အစဉ်ထာဝရ တည်ရှိနေသော အနိစ္စမျိုးဖြစ်၍

သာသနာတော်တွင်း တရားသဘောသို့ မသက်ဝင်နိုင်ဘဲ လက်ဝဲလက်ျာ သံသရာလည်တရားတွင် ပါဝင်သည်ဟု ဆိုလိုသည်။

အနတ္တလက္ခဏသုတ် ဒေသနာတော်တွင် အကြောင်းတရားကင်းသော အပျက်သဘောသည် နောင်တဖန်ဖြစ်ပေါ်နိုင်ခြင်းမရှိသောကြောင့် ( ခီဏာဇာတိ ) ဟူ၍ ရှင်တော်မြတ်ဘုရားမိန့်ကြားတော်မူသည်။ မြန်မာပြန် အနက်မှာ—(ဇာတိ၊တဖန်ထပ်၍ဖြစ်ပေါ်နိုင်ခြင်းဟူသော အကြောင်းတရားမျိုးစေ့သည်။ ခီဏာ၊ကုန်ပြီ။) ဤမိန့်ချက်တော်အရ လက်တွေ့နည်း သဘောတရားကို ဝေဘန် သုံး သပ် လျှင် ဘင်္ဂဉာဏ်စခန်းတွင် ရှိသော အပျက်သဘောမျိုးကစ၍ သွင်းနိုင်လေသည်။

ဤအပျက်သဘောသို့ ဆိုက်ရောက်တော်မူကြသောအသိဉာဏ်ပိုင် ပါရမီရှင်တို့မှာ အနိစ္စဉာဏ် အစစ်အမှန်ကို တွေ့ပြီးဖြစ်သောကြောင့်ထိုပုဂ္ဂိုလ်တို့အား မြတ်သောအကျင့်သို့ဆိုက်ရောက်သော ပုဂ္ဂိုလ်ဖြစ်ကြောင်းကို "၎င်း အနတ္တလက္ခဏသုတ်တော်မှာပင်" (ဝုသိတံဗြဟ္မစရိယံ) ဟူ၍ ထုတ်ပြတော်မူသည်။

အကြောင်းတရားတို့၏ ကုန်ခြင်းသဘောတရားကို ထပ်မံ၍ ရှင်းပြပေဦးအံ့။ အကြောင်းတရားဆိုသည်မှာ အဝိဇ္ဇာ, တဏှာ, ဟူသော ရေသောက်မြစ်နှစ်ပါးကိုလည်း အကြောင်းတရားဟူ၍ ဝေဘန် သိမ်းဆည်းနိုင်လေသည်။ အကြောင်း တရား မျိုးစေ့ ဆိုသည်မှာ ထိုအဝိဇ္ဇာ,တဏှာ,တို့၏ပြဋ္ဌာန်းချက် ဆက်ဆံပေါင်း သင်း ချက် ကြောင့် ဖြစ် ပေါ် လာ သော လောကီ ကုသိုလ်

အကုသိုလ် စေတနာကံ (၂၉) ပါးသော ကံတရား အစု တို့ကို အကြောင်းမျိုးစေ့ဟု ခေါ်ဆိုသည်။ ထို အကြောင်း မျိုးစေ့ ခေါ် ကံတရားကို ဝိပဿနာ အရာ၌ အတ္တဒိဋ္ဌိ၊ အတ္တာနုဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိဟု ခေါ်နိုင်ပြန်လေသည်။ ထိုဒိဋ္ဌိသဘောနှင့် ကံသဘောတို့သည်ကား သုတ္တန်နည်း အဘိဓမ္မာနည်းအားဖြင့်သာ ခြားနား၍ ခေါ်ဆိုထားခြင်းဖြစ်ပေရာ သဘာဝနည်းနှင့်ဝေဘန်လျှင် ဒိဋ္ဌိသဘောကြောင့်လည်း ကံတရား ဖြစ်ပေါ် နိုင်သည်။ ကံသဘောကြောင့်လည်း ဒိဋ္ဌိသဘော ပေါ်ထွက်နိုင်လေသည်။ ဤသို့ အပြန်အလှန် ဖြစ် ပေါ် နေ နိုင် ခြင်း သည် ပညတ်နှင့် ပရမတ် သဘောတို့ကဲ့သို့ မှတ်ရာ၏။

**ကံမျိုးစေ့နှင့် ဒိဋ္ဌိသဘော**

ထို ကံမျိုးစေ့ ခေါ် ဒိဋ္ဌိ သဘော တရားတို့ကြောင့် ပဋိစ္စ သမုပ္ပါဒ် ဒေသနာတော်ကြီး တခုလုံးသည် အလည်မရပ်ဘဲ အစဉ် မပြတ် ချားရဟတ်ကဲ့သို့ ပတ်ပတ်လည်နေရခြင်းကို သံတလောကဟု ခေါ်ဆိုသည်။ ထိုသံတလောကကြီးတခုလုံး၌ လိုရင်းသဘောကို အကျဉ်းချုံးသော် အကြောင်း တရား ကြောင့်ပင် ဖြစ်ပေ၏။ အကြောင်းတရား၏သဘောကို ဝေဘန်ပြန်လျှင် (၂၉) ပါးသော ကံမျိုးစေ့ခေါ် ဒိဋ္ဌိစွဲတို့ပင်ဖြစ်ကြောင်း အလွန်ထင်ရှား လေသည်။ ထိုအကြောင်းမျိုးစေ့ခေါ် ကံတရားဒိဋ္ဌိအစွဲတို့သည် ဘင်္ဂဉာဏ် စခန်း၏ အပျက်သဘော၌ သဉ်းဆိတ်၍ ကုန်ဆုံး ချုပ်ပျောက်လျှက် အကျိုးတရားသက်သက် အပျက်သဘောသို့ ရောက်ခြင်းကို ခယမ္မ ဟု ဆိုလိုရင်းဖြစ်ပေသည်။

ဤ၌ ခယဝမ္မ=ဟု ဆိုခြင်းသည် တကယ်ပျက် အမှန်ပျက် အကြောင်းမျိုး ကုန်သော အပျက်မျိုးမှ သာလျှင် ပညာမြင် အနိစ္စဉာဏ်ဖြင့် ဝေဘန် သိမ်းဆည်း နိုင်သည်ဟု မှတ်ကြစေလို သည်။

**ဝယဝမ္မ ဆိုသည်မှာ....** ပျက်စီးခြင်း သဘော တရား ကို ဆိုလို၏။ ပျက်စီးခြင်း သဘော ကို **ဝေ ဘန်** ပြန် လျှင် လည်း အကြောင်းကင်းသော အကျိုးတရားသည် နောင်တဖန် ပြန်၍ မဖြစ်ပေါ်နိုင် သော ကြောင့် ဧပျက် တရား စစ်စစ် မည်၏။ ထိုအပျက်မျိုးကို သမုစ္ဆေဒအပျက်သဘောဟု ဆိုလို၏။

ဤ၌ ကုန်သဘောနှင့် ပျက်သဘောခေါ် ခယဓမ္မ ဝယဓမ္မ ၂-ပါးတို့၏ နေပုံကို ပဋိစ္စသမုပ္ပါဒ် အသိဉာဏ် ပေါက် အောင် အနည်းငယ် ရှင်းပြဦးမည်။

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌ စက်ရဟတ် ၄-ပါးရှိ၏။

၁။ အတိတ်--အကြောင်းစက်။
၂။ ပစ္စုပ္ပန်--အကျိုးစက်။
၃။ ပစ္စုပ္ပန်--အကြောင်းစက်။
၄။ အနာဂတ်--အကျိုးစက်။

အတိတ် အကြောင်း စက် မှာ ကား အဝိဇ္ဇာ ပြဋ္ဌာန်း လျက် ရှိသည်။ ပစ္စုပ္ပန် အကျိုး စက်ရဟတ် မှာကား တဏှာပြဋ္ဌာန်း လျက်ရှိ၏။ ပစ္စုပ္ပန် အကြောင်းစက်မှာကား ကံပြဋ္ဌာန်းလျက် ရှိ၏။ အနာဂတ် အကျိုးစက် မှာကား ဝေဒနာ ပြဋ္ဌာန်းလျက် ရှိ၏။

ဤသို့ အားဖြင့် စက်ရဟတ် လေးပါး၌ သဘော တရား ၄-ချက်တို့ ပြဌာန်းနေပုံကို ဥဒယဗ္ဗယ ဝိပဿနာ ဉာဏ်အမြင် သန်သော ပုဂ္ဂိုလ်များ သဘောပိုင်အောင် ရှေးဦးစွာ ဝေဘန် သိမ်း ဆည်း နိုင် စေ ရမည်။ ဤသဘော ၄-ချက် နေပုံတို့ကို ဓမ္မစကြာ အနတ္တလက္ခဏသုတ် အဖွင့်ကျမ်းများတွင် အကျယ် ဝေဘန် ပြထားပါသည်။

အနိစ္စဉာဏ်သဘောကို ရှင်တော်မြတ်ဘုရား ထုတ်ဖော်ဆုံးမ ရာ၌ လေးချက် ထုတ်ဖော် ထားပါသဖြင့် ထို ၄-ချက်တို့သည် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ၄-ပါးကို မြင်စေလို၍ ထုတ်ဖော် ပြထားပါသောကြောင့် အဝိဇ္ဇာရိပ်ခေါ် အတိတ် အကြောင်း စက်၏မလည်ပတ်နိုင်ဘဲ ရပ်တန့်သွားခြင်းသဘောကို'ခယဓမ္မ'' ကုန်ခြင်းသဘောဟု ဆိုလိုသည်။

ပစ္စုပ္ပန် အကျိုး စက် ခေါ် တဏှာရိပ်သည် ၂၉-ပါးသော ကံမျိုးစေ့ကို မချနိုင်ခြင်း သဘောတရားသည် 'ဝယဓမ္မ'ခေါ် ပျက်သဘောမည်၏။

ပစ္စုပ္ပန်အကြောင်းစက်ခေါ် ကံ ရိပ်သည်လည်း အနာဂတ် ဘဝသို့ တဖန် မျိုးစေ့ မချနိုင်ဘဲ (ဝါ) မပေါက်နိုင်တော့ဘဲ ဖြစ်ပေါ်ရာ ပစ္စုပ္ပန် အရိပ်တွင်ပင် ဇာတ် သိမ်း သွား ခြင်း ကို 'ဝိရာဂဓမ္မ'' ကင်းခြင်းသဘောဟု ဆိုလို၏။

အနာဂတ် အကျိုးစက်ခေါ် ဝေဒနာ အရိပ် သည် လည်း တဏှာ ဥပါဒါန်, ဘဝ, ဇာတိ, စသော သဘော တရား တို့ကို တဖန်ပြန်လည်၍ ပဋိစ္စသမုပ္ပါဒ် ဖြစ်ပေါ်အောင် မလုပ်ဆောင်

နိုင်ဘဲ နိရောဓ ဓမ္မ ခေါ် ချုပ်ငြိမ်းခြင်းသဘောသို့ ဥက္ကောင်း ဆိုက်ရောက်သွားခြင်းပင် ဖြစ်ပေ၏။

ဤသို့အားဖြင့်ပညာမြင်အနိစ္စဉာဏ် ၄-ချက်တို့သည် ပဋိစ္စ သမုပ္ပါဒ် စက်ရဟတ်၏ သဘောတရား ၄-ချက်ကို အပိုင် မြင်အောင် သိမ်းဆည်းနိုင်သော သဘော တရားများ ဖြစ်၍ ဤအနိစ္စမျိုးကို သညာသိ ဝိညာဏ်သိ အနိစ္စမျိုးဟူ၍ မဆိုနိုင်။ ပညာမြင် အနိစ္စဉာဏ်ဟုဆိုနိုင်လေသည်။ ဤကားပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို သိမ်းဆည်းရန် ပညာမြင် အနိစ္စဖြင့် အနည်း ငယ်ပြလိုက်ပေ၏။

ပညာမြင်အနိစ္စဉာဏ်၌ ခယဓမ္မ ဝယဓမ္မဟုနပုံတို့ကို တပါးစီ ထုတ်ဖော်၍ ရှင်းလင်း ပြသည့် အတိုင်း ဝိရာဂဓမ္မ နိရောဓဓမ္မ နေပုံတို့ကိုလည်း ထုတ်ဖော်၍ ပြပေအံ့။

**ဝိရာဂဓမ္မ ဆိုသည်မှာ....** ကင်းခြင်း သဘောပင် ဖြစ်ပေ သည်။ ကင်းခြင်းဆိုသည်မှာလည်း ဘင်္ဂဉာဏ်၌ရှိသော အပျက် သဘောသည် နောင်တဖန်ဖြစ်ပေါ်နိုင်ခြင်းဟူသောအကြောင်း တရားမှ ကင်းခြင်းကို ဆိုလိုသည်။

ဤကင်းခြင်းမျိုးကား အနာဂတ် ဘဝတွင် ဖြစ် ပေါ် နိုင် သော ကံရိပ်ပြတ်ခြင်းကို ဆိုလိုသဖြင့် ပဋိစ္စသမုပ္ပါဒ် စက်တွင် ဝေဘန် သုံး ဆပ် သော် ပစ္စုပ္ပန် အကြောင်းစက် ရပ်ခြင်းပင် ဖြစ်ပေသည်။

နိရောဓ ဓမ္မဆိုသည်မှာ.... ချုပ်ခြင်းသဘောပင် ဖြစ်ပေ၏၊ ချုပ်ခြင်းသဘော ဆိုသည်မှာလည်း ဘင်္ဂဉာဏ်၌ တရားခံအဖြစ် စွဲချက်တင်ထားသော အပျက်သဘောသည် အကျိုးတရား သက်သက်ခေါ် အပျက်သဘောဖြစ်၍ နောက်ဆုံးတွင် သူ့သဘာဝ၏ ဥက္ကောင်းသည် ရပ်တည်မနေနိုင်တော့ဘဲ ချုပ်ငြိမ်းခြင်း သဘောသို့သာ ဆိုက်ရောက်မည်ဟု ဆိုလိုသည်။ ဤသို့အားဖြင့် ပျက်သဘောကို သဘာဝ ၄-ချက်တို့ဖြင့်ခွဲစိတ်ဝေဘန်ကြည့်သော် ပညာမြင် အနိစ္စသဘောတရားသည် ထင်ရှားလှပေ၏။ ဤဝေဘန်ချက်သည် ဒေသနာနည်း လက်တွေ့နည်း သဘာဝနည်း ၃-မျိုးတို့တွင် ဒေသနာနည်း သက်သက်မျှသာ ဖြစ်ပါသေး၏။

လက်တွေ့နည်းအရ ပညာမြင် အနိစ္စတွေ့ပုံကို ဝိပဿနာအာရဒ္ဓ ပုဂ္ဂိုလ်များ အတွက် ဝေဘန်သုံးသပ် နိုင်ကြစေရန် ရေးသားဖော်ပြပေဦးအံ့။

ဤဉာဏ်နှင့် သင့်လျော်သော လက်တွေ့နည်းဆိုသည်မှာ ပျက်သဘောတရား၌အနိစ္စဉာဏ်ထင်မြင်အောင်ခယဓမ္မ,ဝယဓမ္မ, ဝိရာဂဓမ္မ, နိရောဓ ဓမ္မ, ၄-ချက် ထုတ်ဖော်ပြခဲ့လေရာ ခယသဘောနှင့် ဝိရာဂသဘောတရားတို့သည် တခုနှင့်တခု အဓိပ္ပါယ်ချင်း မထူးခြားလှပေ။ အကြောင်းတရားအပေါ်မှာ သာလျှင် ဥက္ကောင်းဆိုက်ရောက်နေသော သဘောတရားများ ဖြစ်ပေ၏။

ဤနည်းအတူ ဝယ သဘောနှင့် နိရောဓ သဘောတရားတို့သည်လည်း အဓိပ္ပါယ်ချင်း မထူးခြားလှပေ။ အကျိုး တရား

သက်သက်အပေါ်မှာသာလျှင် ဥကွောင်းဆိုက်ရောက် နေသော သဘော တရားများ ဖြစ်ကြ သဖြင့် အနိစ္စ သဘော တရား ကို ၂-ချက်လောက် ထုတ်ဖော်လျှင် (ပျက်)သဘော၏သဘာဝကို တွေ့နိုင်မည်မဟုတ်ပါလော စသည်ဖြင့် ကြံစည်တွေးတော ဆင်ခြင်သုံးသပ်ရမည်။

ဤသို့ ကြံစည်တွေးတော ဆင်ခြင်သုံးသပ်ခြင်းသည် လက်တွေ့နည်းကို စူးစမ်း ရှာဖွေသည်ဟု ဆိုလိုသည်။ ရှင်တော်မြတ်ဘုရားသည် မဂ်ဖိုလ်နှင့်ယှဉ်သော ဝိပဿနာနည်းကိုဟောကြားတော်မူရာတွင် ဆံချည်တလွှာခန့်မျှ ပရိယာယ်ကိုအသုံးမပြုပေ။ သဘာဝကို အခြေခံထား၍သာ သဘာဝအတိုင်း ဟောကြားတော်မူသောကြောင့် ပျက်သဘောကိုလည်း ၎င်း၏သဘာဝအတိုင်း ၄-ချက်ထား၍ ထုတ်ဖော်ပြခြင်း ဖြစ်သောကြောင့် လက်တွေ့ နည်းခေါ် ပဋိပတ္တိဓမ္မကို အလိုရှိတော်မူကြသော ပညာရှိများသည် သဘာဝ ၄-ချက်ဖြစ်ပေါ်လာခြင်း၏ အကြောင်းရင်းကို ဉာဏ်ဖြင့်တွေ့အောင် ဆင်ခြင်ပါ။ သို့မှသာ ဘင်ဉာဏ်၏ ပဋိပတ္တိဓမ္မကို အသိဉာဏ်ပိုင်၍ အနမတဂ္ဂ သံသရာ အစဉ်က ပါလာကြသော သညာသိ ဝိညာဏ်သိ အနိစ္စတို့ ဇာတ်သိမ်း၍ ပညာမြင် အနိစ္စအစစ်အမှန်ကို တွေ့မည်ဟု ဆိုလိုသည်။

ထို့ကြောင့် ပျက်သဘောအား သဘောတရား ၄-ချက်ထား၍ သိမ်းဆည်းရခြင်းကို ပညာရှိများ လက်တွေ့နည်းရကြစေရန် ဖော်ပြပေအံ့။

သင်္ခတလောကကြီး၌ ရုပ်တရား နာမ်တရား ၂-ပါးတို့သည် အကြောင်းမဲ့သက်သက် ပေါ် ထွက် လာ နိုင်ခြင်း မရှိကြပေ။ အကြောင်း တရား မျိုးစေ့ကြောင့် သာလျှင် ဖြစ်ပေါ်လာရသော ရုပ်တရား နာမ်တရားများ ဖြစ်ကြလေသည်။ ထိုရုပ်နာမ်တို့၏ အကြောင်းတရားကိုရှာဖွေသော် ကံ, စိတ်, ဥတု, အာဟာရ, ဟူသော အကြောင်းတရား လေးပါးတို့ကြောင့်ဟု အဘိဓမ္မာ ဒေသနာတော်က တာဝန်ခံလျက် ထုတ်ဘော်ပြထားလေသည်။ ထိုအကြောင်းတရားတို့ကို ဘင်္ဂညာဏ်စခန်းတွင် ရေသောက်မြစ်ကို ပယ် နုတ် လေ ရ ကား ထိုအကြောင်းတို့၏ ချုပ်ငြိမ်းပုံသည် အချင်းချင်း သဘာဝမတူကြဘဲ ကွဲပြားလျက် ရှိလေသည်။

ပျက်သဘောအရ လက် တွေ့ ဝေ ဘန် သိမ်း ဆည်း လျှင် အကြောင်းတရားလေးပါးတို့၏ ရေသောက်မြစ် ပြတ်ကင်းခြင်းပင်ဖြစ်သောကြောင့် ကံအကြောင်းတရားပြတ်ပုံနှင့် စိတ်, ဥတု, အာဟာရ, အကြောင်းတရားတို့၏ ပြတ်ကင်းပုံ သဘောတရား ၄-ပါးရှိသောကြောင့် ပျက်သဘောကိုလည်းသဘာဝလေးပါး ဖွင့်၍ ခယဓမ္မ, ဝယဓမ္မ, ဝိရာဂဓမ္မ, နိရောဓဓမ္မ,ဟု ဝေဘန်သိမ်းဆည်း တော်မူသည်။ ထို့ကြောင့် ပျက်သဘော၌ ကံ-အကြောင်း၏ သုဉ်းဆိတ်ခြင်းကို ခယဓမ္မ ကုန်ခြင်းသဘောဟု ဆိုလိုရင်းဖြစ်ပေသည်။

ဘုရားဟော ပိဋကတ်တော် များတွင် ကံအကြောင်း တရားတို့၏ ပြတ်ကင်းခြင်းကို အမည်မှည့်ခေါ် ထုတ်ဖော် ဟောကြားသောအခါတွင် (ခီဏံ)ဟု ထုတ်ဖော်ဟောကြားတော်မူသည်။

(ခီဏံ) ဆိုသည်ကား "ကုန်ခြင်းသဘော" ပင် ဖြစ်ပေသည်။ လောကတွင်လည်း လူအပေါင်းတို့ ခေါ်ဝေါ်သမုတ် ပြောဆိုနေကြသည်မှာ ကံတရားနှင့် ဆက်စပ်သောစကားကို ထုတ်ဖော်ပြောဆိုသောအခါတွင် 'ကံကုန်နေ့စေ့'ဟူ၍၎င်း၊ 'ကံကုန်ပြီ' ဟူ၍၎င်း၊ ကုန်ခြင်း ဝေါဟာရဖြင့် ကံသဘောကို ခေါ်ဝေါ်သုံးစွဲကြလေသည်။ ထို့ကြောင့် ပျက်သဘောကို သဘာဝ ၄ ချက်ထုတ်၍ ဝေဘန်သိမ်းဆည်းရာတွင် (ခယဓမ္မံ) ဟူ၍ ကုန်ခြင်းသဘောတရားဟု ဝေဘန် သိမ်းဆည်း ခြင်းသည် ကံ-အကြောင်း၏ ကုန်ခြင်းကိုလက်တွေ့နည်းဖြင့်ဝေဘန်သိမ်းဆည်းခြင်းဟု မှတ်တော်မူကြပါ။

စိတ်အကြောင်းတရား၏ သုဉ်းဆိတ်ခြင်း သဘော တရားကို (ဝယဓမ္မံ) ပျက်ခြင်း သဘောတရားဟု ဆိုလိုသည်။ စိတ်အကြောင်းကို လက်တွေ့နည်းနှင့် ဝေဘန်သုံးသပ်လျှင် ဆက်စပ်သော သန္တတိအစဉ်ခေါ် သဘောတရားကို စိတ်ဟူ၍ခေါ်သည်။ ထိုဆက်စပ်သော သန္တတိအစဉ်၏ ပျက်စီးခြင်းကို (ဝယဓမ္မ)ဟု ဆိုလိုရင်းဖြစ်ပေသည်။ ဤယခုဖော်ပြချက်သည် သမ္မာသနဉာဏ် အမြင်မှန် ဆိုက် ရောက် သော လက် တွေ့ နည်းပေါက် အာရဒ္ဓယောဂီ ပုဂ္ဂိုလ်တို့မှ သာလျှင် ဟုတ်မှန်ကြောင်း ဝန်ခံနိုင်ကြပေလိမ့်မည်။

သဘောတရားအစဉ် ပျက်စီးရန်အတွက် ရှင်တော်မြတ်ဘုရားသည် ရှေးဦးစွာ သညာစွဲ ဝိညာဏ်စွဲ အနိစ္စလက္ခဏာ မျိုးကို သမ္မာသနဉာဏ်တွင် ထုတ်ဖော်ပြတော်မူလေသည်။ ထို့ကြောင့် ပျက်စီးခြင်းသဘောတရားသည် ၂-မျိုးရှိ၏။

၁။ သညာမြင် ဝိညာဏ်၏အပျက်၊
၂။ ပညာမြင် အပျက်။

အစဉ် သဘော၏ ပျက်စီးခြင်း သည်လည်း မဆက်စပ်နိုင် မပေါင်းစုနိုင်၍ ပျက်စီးခြင်းသဘောပင် ဖြစ်လေသည်။ ၎င်း အပျက်မျိုးကား သညာမြင် ဝိညာဏ်၏ အပျက်မျိုးမည်၏။

အစဉ်ပြတ်ကင်းပြီးသောသဘောတရားတို့သည် နောင်တဖန် မြန်လည်၍ ဆက်စပ်နိုင်ခြင်း အလျင်းမရှိဘဲ ရေသောက်မြစ် ပြတ်ကင်းပြီးလျှင် သုဉ်းဆိတ် ချုပ်ကွယ် သွားသော သဘော တရားအပျက်မျိုးကို(ဝယမ္မ`အပျက်မျိုးဟုခေါ်နိုင်လေသည်။ ၎င်းအပျက်မျိုးကို ပညာမြင် အပျက်သဘောဟူ၍မှတ်၊ ပညာ မြင် အပျက်သဘောကို ဆိုက်ရောက်မှ အနိစ္စဉာဏ် အစစ်အမှန် ကို တွေ့နိုင်လေသည်။

**မှတ်ချက်။** လိုရင်းလက်တွေ့နည်းမှာဝိညာဏ်မြင် အပျက်သည် အကြောင်းပျက်မည်၏။ ပညာမြင် အပျက်သည် အကျိုးပျက်မည်၏။ ဤကား မှတ်ရန် အကျဉ်း ပေတည်း။

အာဟာရ အကြောင်းတရားတို့၏ သုဉ်းဆိတ်ခြင်း သဘော တရားကို (ဝိရာဂဓမ္မ)ဟူ၍ခေါ်သည်၊ အာဟာရ အကြောင်းကို လက်တွေ့နည်းနှင့် ဝေဘန်သုံးသပ် ဆင်ခြင်သော် ထောက်ပံ့ ခိုင်မြဲခြင်းသဘောပင်ဖြစ်ပေသည်။ ထိုသဘောကို ထပ်မံဝေဘန် လျှင် အကြောင်းသဘောပင်ဖြစ်သည်။ ဤအာဟာရအကြောင်း

ကို ပစ္စယပရိဂ္ဂဟဉာဏ်တွင် လုပ်ထုံးနည်း အကျယ်ဖွင့်၍ သိမ်းဆည်း တော်မူလေသည်။ ထို့ကြောင့် အာဟာရဟူသော အကြောင်းကို ဝိရာဂဓမ္မခေါ် ကင်းခြင်းသဘောဟု ရှုနိုင်လေသည်၊ ကင်းခြင်းဆိုရာ၌လည်း ရုပ်အကြောင်း၏ သဘောကို ကင်းခြင်းဟု ဆိုလိုသည်။

**ဟေတု-နှင့် ပစ္စယ** ၎င်း ရုပ်အကြောင်းကို ပစ္စယအကြောင်း ဟေတုအကြောင်း ၂-မျိုးတို့တွင် ဟေတုအကြောင်းမျိုး၌ သွင်းနိုင်ရာသည်။ နာမ်အကြောင်းတရားကား ပစ္စယအကြောင်းမည်၏။ထိုနာမ်အကြောင်းကို(ခယဓမ္မ) ကုန်ခြင်းသဘောဟုခေါ်သည်။ ရုပ်အကြောင်းကို (ဝိရာဂဓမ္မ) ကင်းခြင်းသဘောဟု ခေါ်သည်။ ဤဖော်ပြသည့် လက်တွေ့နည်းမှာ ပစ္စယပရိဂ္ဂဟဉာဏ် အမြင်သန်သော ယောဂီပုဂ္ဂိုလ်တို့မှသာလျှင် ဟုတ်မှန်ကြောင်း ဝန်ခံနိုင်ပေလိမ့်မည်။

ဥတုဟူသော အကြောင်းတရားတို့၏ သဉ်းဆိတ်ခြင်းသဘောကို (နိရောဓဓမ္မ) ချုပ်ငြိမ်းခြင်းဟုဆိုလို၏။ ချုပ်ငြိမ်းခြင်းအရ ဝေဘန်ပြန်သော် ၂-မျိုးထွက်ပေါ်၍လာလေသည်။

၁။ သခ်ိတခေါ် ချုပ်ငြိမ်းခြင်းသဘော။
၂။ အသခ်ိတခေါ် ချုပ်ငြိမ်းခြင်းသဘော။

ဤသို့ အားဖြင့် ၂-မျိုး ရှိလေရာ ဘင်္ဂဉာဏ်၌ ရှိသော ပျက်သဘော၏ချုပ်ငြိမ်းခြင်းကား ဥတုအကြောင်း၏ ချုပ်ငြိမ်းခြင်းမျှသာ ရှိသေးသဖြင့် သခ်ိတချုပ်ဟု ခေါ်နိုင်သည်။

အသင်္ခတ ချုပ်ငြိမ်းခြင်းမှာကား အကြောင်းတရား ၄-ပါး တို့သည် တပြိုင်နက် အညီအညွတ် ချုပ်ငြိမ်းသောနိဗ္ဗာန်သဘော ကို ခေါ်သည်၊

ထိုသင်္ခတ ချုပ်ငြိမ်းခြင်းခေါ် ဥတု အကြောင်း တရား၏ (နိရောဓဓမ္မ) ချုပ်ငြိမ်းခြင်းမျိုးကို သမုတိသစ္စာချုပ်ဟူ၍ရင်း၊ ပညတ်သဘောတရားချုပ်ဟူ၍လည်းခေါ်နိုင်သည်။ ထို့ကြောင့် ပညာမြင် အနိစ္စ ဉာဏ်သည် ဥတု အကြောင်းချုပ် ဖြစ်သော သမုတိသစ္စာ ပညတ်သဘောမှသာ လက်တွေ့နည်းအရချုပ်ငြိမ်း နိုင်လေရကား ထိုအချုပ်မျိုးသည် အသင်္ခတချုပ် သဘော တရားသို့ လုံးဝမဆိုက်ရောက်နိုင်သေးပေ။ သို့ရာတွင် ၄-ပုံ ၁-ပုံ သာ အသင်္ခတချုပ်သို့ သက်ဝင်ပြီး ဖြစ်သောကြောင့် ၎င်း ဘင်္ဂဉာဏ်၏ အမြင်သည် သံသရာထွက်လမ်းတွင် တန်ဘိုး အလွန် ရှိပေစွတကား။ ထို့ကြောင့် အကျိုးတရား ၈-ပါးကိုထုတ်ဖော်၍ ပြထားခြင်းဖြစ်ပေသည်။

ထိုဥတုအကြောင်းကို(နိရောဓဓမ္မ)သဘာဝဖြင့် သိမ်းဆည်း ခြင်းသည် နာမရူပ ပရိစ္ဆေဒဉာဏ် အမြင်သန်သော ပုဂ္ဂိုလ်တို့မှ သာလျှင်သဘောပေါက်၍ဝန်ခံနိုင်ကြပေလိမ့်မည်။ သမုတိသစ္စာ နယ်ခေါ် ပညတ်စွဲ လောကကြီး တခုလုံးသည် ဥတုအကြောင်း ရင်းပေါ်တွင် အခြေခံ သဘော တရား ပြဋ္ဌာန်းလျက် ရှိနေ လေသည်။

ဥတုသဘောပြဋ္ဌာန်း၍ ဖန်ဆင်းသော ရုပ်နာမ်၏ သဘော ကို ဉာဏ်အမြင်ပိုင်လျှင် နာမရူပ ပရိစ္ဆေဒဉာဏ် အသိပိုင်ပြီဟူ၍ ဆုံးဖြတ်နိုင်လေသည်။ ဤသို့အားဖြင့် အနိစ္စသဘော ၄-ချက် တို့သည် ကံ, စိတ်, ဥတု, အာဟာရ, ဟူသော အကြောင်းတရား ရေ သောက် မြစ် ကို သိမ်း ဆည်း သော သဘော တရား များ ဖြစ်ကြောင်း အကြိမ်ကြိမ်အဖန်ဖန် ဝေဘန် သုံးသပ်တော် မူနိုင် ကြစေလိုပါသည်။

**သဘာဝနည်းဖြင့် သိမ်းဆည်းပုံ** ဧကောဓမ္မော ဟူသော သဘောတရား သည် အရာရာမှာရှိနေသည့်သဘောတရား ဖြစ် ပေ သည်။ ဝိပဿနာ အား ထုတ် ကြသော ပုဂ္ဂိုလ်တို့သည် နောက်ဆုံးသိမ်းလိုက်ရသည့် သဘော မှာ ဧကောဓမ္မောပင် ဖြစ်ပေ၏။ ထိုဧကောဓမ္မောသို့ မဆိုက် ရောက် သေး သော် တရား၏ အ ရ သ ာ ကို မခံစားရ သေးဟု ဆိုလိုသည်။

ဝိပဿနာမူရ ဆိုသည်မှာလည်းဧကောဓမ္မောသို့ဆိုက်ရောက် အောင် အားထုတ်ခြင်းပင်ဖြစ်ပေသည်။ဂန္ထဓူရမှာကားဒေသနာ နည်း လက်တွေ့နည်းကို ဝေဘန်ခံစားခြင်းဖြစ်၍ ဧကောဓမ္မော ဆိုက်ရောက်ပြီးသော ပုဂ္ဂိုလ်တို့မှသာလျှင် ဒေသနာနည်း အစစ် အမှန်ခေါ် ဂန္ထဓူရနည်းကို တွေ့နိုင်ရာ၏။

ဧကောဓမ္မောအရကို အကျယ်ဝေဘန်သော် မဂ် ၄-ပါးနှင့် တကွ ဝိပဿနာဉာဏ်စဉ်တိုင်းမှာပင် သူ့သဘာဝနှင့်သူဆောင်၍ ရှိနေလေရကား ဤဘင်္ဂဉာဏ်၏ လုပ်ငန်းစဉ်တွင် ဧကောဓမ္မော သည် သူ့သဘောနှင့်သူ ရှိနေလေသည်။

**ဂေါတြဘုမ္မော တည်ရှိပုံ**

အနိစ္စသဘော ၄-ချက်တို့ကိုပေါင်း၍ သင်္ဂြိုဟ်ရေတွက်သော် မည်သည့် သဘောတရားသည် အကျိုး တရား အနေနှင့် အဆီ အနှစ် ခေါ်လိုရင်းဖြစ်ပါသနည်း။ (ဝါ) ၄-ချက်ကို ပေါင်း၍ အဆီညှစ်လိုက်သော် မည်သည့်သဘောတရား ထွက်ပေါ်လာပါသနည်း။ (ဂေါတြဘုမ္မော)တခုတည်းသော တရားဖြစ်အောင် ၄-ချက်ကို ၁-ချက်တည်း သွင်းယူနိုင်စေရမည်။ သွင်း ယူ ရန် မှာ လည်း ခယဓမ္မ, ဝယဓမ္မ, ဝိရာဂဓမ္မ, နိရောဓဓမ္မ, ဟူသော သဘောတရား လေးချက်တို့ကို တခုတည်းပေါင်း၍ လိုရင်းအချုပ် သဘောတရားကို ကောက်ယူသော် နောက်ဆုံး သဘော ဖြစ်သော နိရောဓဓမ္မသည် ဂေါတြဘုမ္မော ဖြစ်လေသည်။

ထို့ကြောင့် ပညာမြင် အနိစ္စအရကို ဂေါတြဘုမ္မောနှင့် ဝေဘန် သုံးသပ်သော် နိရောဓဓမ္မခေါ် အစဉ် ချုပ်ငြိမ်းခြင်း သဘောပင်ဖြစ်ပေသည်။ ပျက်သဘောဆိုသည်မှာလည်းနိရောဓဓမ္မ ချုပ်ငြိမ်းခြင်းသဘောသို့ ဆိုက်ရောက်သော ပျက်သဘောမှသာလျှင် ဂေါတြဘုမ္မောသို့ ဆိုက်ရောက်သည်ဖြစ်၍ တကယ်ပျက် အစစ်အမှန်ပျက်ဖြစ်သောကြောင့် ပညာမြင် အနိစ္စဉာဏ်စခန်းသို့ ဆိုက်ရောက်နိုင်သည်ဟု မှတ်ပါလေ။

**နိဗ္ဗာနခေတ် ဆိုသည် မှာ**

ပညာမြင် အနိစ္စဉာဏ်သည် နိဗ္ဗာန ခေတ်ကို ရှေးဦးစွာ ဖေါ်ပြသော ဉာဏ် ဖြစ် ပေ သည်။ နိဗ္ဗာနခေတ် ဆိုသည် မှာ လည်း ငြိမ်းခြင်း သဘောပင်ဖြစ်ရာ ထိုငြိမ်းခြင်း သဘော တရား သည် လည်း အစဉ်ချုပ်ငြိမ်းခြင်း နိရောဓဓမ္မမှ ပေါ်ထွက်လာသောအမြုတေ

ခေတ် ဖြစ်လေရကား ပညာမြင် အနိစ္စဉာဏ်သည် နိဗ္ဗာန်၏ သဘောကို ရှေးဦးစွာဖေါ်ထုတ်လိုက်သော ဉာဏ်ဟူ၍ မှတ်သင့် မှတ်ထိုက်လှပေ၏။

ထို့ကြောင့် ဓမ္မစကြာ ဒေသနာတော်၌ ရှင်တော်မြတ်ဘုရားသည် ပဥ္စဝဂ္ဂီရဟန်းတို့အား တရားဥကွောင်းခေါ် ကောဓမ္မော သွင်းရာ၌ အောက်ပါအတိုင်း တကာယ်ပျက် အစစ်အမှန်ပျက် သဘောတရားကို နိရောဓ ဓမ္မဟူ၍ တရားဥကွောင်းသွင်းခဲ့သည် မှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ။

မြန်မာပြန်ဆိုလျှင်။ အို-ချစ်သား ရဟန်းများတို့အလုံးစုံသော သဘောတရားအပေါင်းသည် ဖြစ်သဘောဟူသောအနတ္တသဘောသာ ရှိ၏။

ဤကား သင်္ခတလောကကြီးတခုလုံး၏ သဘောကို အနတ္တ သဘောဖြင့် ချုံး၍ပြလိုက်ခြင်း ပေတည်း။

ထိုဖြစ်သဘော အနတ္တမျိုးဟူသမျှသည် ချုပ်ခြင်းသဘောသာရှိ၏။

ဤကား သင်္ခတလောကကြီး တခုလုံးခေါ် အနတ္တမျိုးသည် လည်း ချုပ်ငြိမ်းခြင်း သဘောဖြစ်သော ပညာမြင် အနိစ္စဉာဏ် သာ ဖြစ်ပေ၏ဟု ဓမ္မစကြာတွင် တရားဥကွောင်း ဆိုက်ပုံကို

ရှင်တော်မြတ်ဘုရားသည် အနိစ္စဉာဏ်ခေန်းကစ၍ ဝေကေမွော သွင်းပြတော်မူလေသည်။

ဤဘင်ဉာဏ်သည်ကား ပဟာနပရိညာတွင် ပါဝင်ကြသည့် အနုပဿနာ (၇)ဉာဏ်တို့တွင် ရှေးဦးစွာအနိစ္စအစစ်ကို ဖေါ်ပြသော ဉာဏ်ကြီး ဖြစ်ပေ၏။ ထိုဉာဏ်ကြီး၏ ဒေသနာနည်း လက်တွေ့နည်း သဘာဝနည်းတို့ကို ပေါက် ရောက် အောင် သံသရာဝဋ်မှ ကျွတ် လွတ် လို သော သူ တော် ကောင်း သည် အဘန်ဘန် အထပ်ထပ် ဆင်ဆင်သုံးသပ် အပ်ပေသတည်း။

ဤသို့ဆင်ခြင်သုံးသပ်ရာ၌လည်း သောတာပတ္တိမင် အင်္ဂါ ၄-ချက်နှင့် ကိုက်ညီအောင် အားထုတ်နိုင်ရန် အရေးကြီးလှပါသောကြောင့် သောတာပန် အင်္ဂါ ၄ - ချက်ကို သဘာဝနှင့် ခွဲပြပါဦးမည်။

## သောတာပန် အင်္ဂါ ၄-ချက်

၁။ သပ္ပုရိသသံသေဝ၊ သူတော်ကောင်းကို ဆည်းကပ် ကိုးကွယ် ပေါင်းဖေါ်ခြင်း အင်္ဂါတပါး။

၂။ သဒ္ဓမ္မသဝန၊ သူတော်ကောင်းတို့ဟောပြောသော တရားတော်ကို နာကြားခြင်း။

၃။ ယောနိသော မနသိကာရ၊ နှလုံးသွင်း ဆင်ခြင် အားထုတ်ခြင်း။

၄။ ဓမ္မာနု ဓမ္မပဋိပတ္တိ၊ မဂ်, ဖိုလ် နှင့် လျော်သော အနုဓမ္မသို့ ဆိုက်ရောက်ခြင်း။

အထက်ပါ အင်္ဂါ ၄-ချက်သည် မဂ်ရကြောင်း အင်္ဂါများ ဖြစ်ကြသဖြင့် ဝိပဿနာအားထုတ်ကြသော ပုဂ္ဂိုလ်တိုင်း သိပြီး ဖြစ်ကြသော်လည်း ဤအင်္ဂါ ၄-ချက် ထွက်ပေါ် လာ ခြင်း၏ သဘော တရား ကို ဆင် ခြင် ဝေ ဘန် ရန် အရေးကြီးပေ၏။ ထို့ ကြောင့် အင်္ဂါ ၄-ချက်ခေါ် သဘောတရားတို့၏ထွက်ပေါ် လာပုံကို ဝိပဿနာဉာဏ်စဉ်နှင့်သွင်း၍ ဝေဘန်ပြပေအံ့။

ဝိပဿနာ ဉာဏ်စဉ် တို့တွင် (၁) နာမရူပ ပရိစ္ဆေဒဉာဏ်၊ (၂) ပစ္စယ ပရိဂ္ဂဟ ဉာဏ် ဤဉာဏ် ၂-ပါးတို့၏ လုပ်ငန်းစဉ် သဘောတရားကိုရည်၍ သူတော်ကောင်းအား ဆည်းကပ်ခြင်း၊ သူတော်ကောင်းတရားကို နာကြားခြင်းဟူသော အင်္ဂါ ၂-ပါး ကို ထုတ်ဖော်တော်မူလေသည်။

သမ္မာသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ် ၂-ပါးတို့၏ လုပ်ငန်းစဉ် ကို ရည်တော်မူ၍ "နှလုံးသွင်းဆင်ခြင်ရမည်"ဟူသော အင်္ဂါကို ထုတ်ဖော်တော်မူသည်။

ဘင်္ဂဉာဏ်မှစ၍ သင်္ခါရုပေက္ခာ ဉာဏ်အဆုံးရှိသော ၇-ပါး သော အနုပဿနာဉာဏ်စဉ်များ၏ သဘောပေါက် လုပ်ငန်းစဉ် ကို ရည်တော်မူ၍ "မဂ်ဖိုလ်နှင့်လျော်သောအနုဓမ္မသို့ဆိုက်ရောက် ခြင်း"အင်္ဂါကို ထုတ်ဖော်တော်မူသည်။

စတုတ္ထအင်္ဂါ၌ (ဓမ္မာနု ဓမ္မပဋိပတ္တိ) ခေါ် မဂ်ဖိုလ်နှင့်လျော် သည့် အနုဓမ္မတို့၏နေပုံကို အကျဉ်းမျှထုတ်ဖော်ပြပေအံ့။

(ဓမ္မာနုဓမ္မပဋိပတ္တိ) အင်္ဂါ၌ ဓမ္မအရနှင့် အနုဓမ္မအရ ၂-မျိုး ခွဲခြားနေပုံကို ဝေဘန်သိရမည်။ ဓမ္မအရကား ၉-ပါးသော လောကုတ္တရာ တရားအပေါင်းကိုခေါ်သည်။ အနုဓမ္မအရကား အနုပဿနာ ၇-ဉာဏ်၌ ရှိသော ဝိပဿနာ တရားအစုကို ခေါ်သည်။ ထိုတရားအစုတို့သည်ကား လောကုတ္တရာ တရား ၉-ပါး နှင့် လျော်သော တရားအစုများ ဖြစ်ကြလေသည်။

ထိုဉာဏ်တို့သည် ရှေးဦးစွာ အသင်္ခတဓမ္မကိုဖော်ပြကြသော ဉာဏ်စဉ်ကြီးများ ဖြစ်သောကြောင့် ၎င်းတို့ကို ဝိပဿနာဉာဏ် ဟု ခေါ်ကြသော်လည်း အသိဉာဏ်ဒီဂရီမှာကား အလွန်ရင့်သန် သဖြင့် အနုဗောဓ အသိစခန်းတွင် ပါဝင်လျက်ရှိကြပေသည်။

ဥပမာအားဖြင့်ဆိုသော် ၎င်းဉာဏ်ကြီးတို့သည် တိုင်းပြည်ကို အုပ်ချုပ်တော်မူသော တိုင်းမင်းကြီးများနှင့် တူပေသည်။ ဥဒယဗ္ဗယဉာဏ်မှာကား စစ်မြေပြင်သို့ထွက်၍စစ်တိုက်ကြရသော စစ်မင်းကြီး စစ်ဗိုလ်မှူး ဗိုလ်ချုပ်တို့နှင့်တူပေသည်။ တဖက်တွင် ရှိသော ရန်သူပုန်တို့ကို ဥဒယဗ္ဗယဉာဏ်ခေါ် တပ်မတော်ကြီးက "ကျူပင်ခုတ်သော် ကျူငုတ်မကျန်" တွန်းလှန် ဖြိုခွင်း၍ စစ် အောင်လံ ဝင့်ကြပြီးလျှင် အောင်ပွဲသဘင် ဆင်ယင်တော်မူ၍ တိုင်းပြည်သို့ ဝင်တော်မူလျက် သောတာပတ္တိ မဂ်ဉာဏ်ခေါ် မင်းတရားကြီးထံ အစီရင်ခံစာ သွင်းကြရလေသည်။

သောတာပတ္တိမင်းတရားကြီးသည် ဥဒယဗ္ဗယတပ်မတော်ကြီး ၏ အစီရင်ခံချက်အရ ဟုတ်မဟုတ်မှန်မမှန်ကို စစ်ဆေးတော်မူရန်

ရှေးဦးစွာ အရေးပါအရာရောက်သော ဘင်္ဂါလ်ခေါ် တိုင်းမင်းကြီးကို စစ်မြေပြင်သို့စေလွှတ်၍ တဖန်ကြည့်ရှု ဆင်ခြင်စေလိုသည်။ ဥဒယဗ္ဗယ စီရင်ခံချက် အတိုင်း ဟုတ်မှန်ကြောင်းကို ဘင်္ဂါလ်ကတဖန် သောတာပတ္တိမဂ်ဉာဏ်ခေါ် မင်းတရားကြီးထံသို့ အစီရင်ခံစာ သွင်းရပြန်လေသည်။ ဤသို့အားဖြင့် တိုင်းမင်းကြီး ၇-ပါးတို့၏ အစီရင်ခံချက်ကို ရမှသာလျှင် မဂ်ဉာဏ်ခေါ် မင်းတရားကြီးသည် အသိအမှတ် ပြုတော်မူသောကြောင့် ဤဘင်္ဂါလ်သည် တိုင်းမင်းကြီး ၇-ယောက်တို့တွင် ရှေးဦးစွာ စစ်မြေပြင်သို့ ထွက်တော်မူရသော ဉာဏ်ကြီးများ ဖြစ်ကြလေသည်။

ထို့ကြောင့် ယခုအခါ ဗုဒ္ဓဝါဒီပုဂ္ဂိုလ်တို့သည်ဘုရားရှိခိုး၍ အပြီးတွင် နောက်ဆုံး နိဂုံးအုပ်၍ ဆိုလေ့ ရှိကြသည်မှာ ( ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ ) အစရှိသော စာတမ်းကို ရွတ်ဆိုကြ၍ ပူဇော်ကြလေသည်။

ထိုပူဇော်ကြသော သဘောတရားကို လက်တွေ့ဝေဘန်လျှင် ယခုဖော်ပြသည့် အနုပဿနာ ဉာဏ်ကြီး ၇-ပါးတို့၏ ကျင့်ဝတ်ကို ဆိုလိုသဖြင့် ဤပူဇော်ခြင်းမျိုး၏ သဘာဝအစစ်ကို ရှာသော် စူဠသောတာပန် ပုဂ္ဂိုလ်တို့၏ ပူဇော်ခြင်းမျိုးဟုဆိုနိုင်လေသည်။ သာမန် ဗုဒ္ဓဝါဒီ ပုဂ္ဂိုလ်တို့ ပြုလုပ်ကြသော ဒါနမှု, သီလမှု, ဘာဝနာမှုမျိုးနှင့် ပူဇော်ခြင်းတို့ကား ရော်ရမ်းခြင်း မျှသာ ဖြစ်ပေ၏။ အစစ်အမှန် သဘောသို့ မဆိုက်ရောက် နိုင်ကြောင်း သတိပြုအပ်ပေသည်။

## အကျိုးတရား ၈–ပါး ထုတ်ပြချက်

၁။ ဘဝသည် မြဲ၏ဟု ယူမှားသော သဿတဒိဋ္ဌိကို ပယ်နိုင်ခြင်း အကျိုးတပါး။

၂။ မိမိ၏ အသက်၌ တပ် နှစ် သက် သော နိကန္တိက တဏှာကို စွန့်နိုင်ခြင်းအကျိုးတပါး။

၃။ အချင်းခပ်သိမ်း ဘာဝနာတရားနှင့် ယှဉ်နိုင်ခြင်း အကျိုးတပါး။

၄။ သန့်ရှင်းစင်ကြယ်သော သက် မွေး ဝမ်း ကျောင်း ရှိခြင်း အကျိုးတပါး။

၅။ မှုကြီးမှုငယ် အသွယ်သွယ်တို့၌ ကြောင့်ကြဗျာပါရ လုံ့လမပြုခြင်း အကျိုးတပါး။

၆။ ကြောက်လန့်ခြင်းမှ ကင်းခြင်းအကျိုးတပါး။

၇။ သည်းခံခြင်း သီလစောင့်ထိန်းခြင်း ခန္တီသောရစ္စ ဂုဏ်နှင့် ပြည့်စုံခြင်း အကျိုးတပါး။

၈။ ကုသိုလ် တရားတို့ ၌သာ မွေ့လျော်ခြင်း အကျိုး တပါး။

အထက်ပါ အကျိုးတရား ၈-ပါးသည် ဘင်ဉာဏ်နှင့် ပြည့်စုံသော အာရဒ္ဓယောဂီပုဂ္ဂိုလ်တို့သည် လက်တွေ့ကိုယ်တွေ့ ခံစားရကြောင်း ဝိသုဒ္ဓိမဂ် အဋ္ဌကထာတွင် ထုတ်ဖော်ထားတော် မူလေသည်။

**အထူးဖော်ပြချက်** ထိုအကျိုးတရား ၈-ပါးတို့သည် အလိုလို ပေါ်ထွက်လာကြသည်မဟုတ်ပေ။ ထွက်ပေါ်လာရခြင်း၏ သဘောရင်းကို စေဘန် ဆင်ခြင် ရပေမည်။ အကျိုးတရားသည် အကြောင်းတရား ပြည့်စုံမှသာလျှင် ထွက်ပေါ်မြဲ ဓမ္မတာဖြစ်သောကြောင့် ပြည့်စုံသောအကြောင်းတရားကို စေဘန်ဆင်ခြင်ရပေမည်။

ပြည့်စုံသော အကြောင်းတရား ဆိုသည်မှာလည်း လိုရင်းစစ်လိုက်သော် သီလ, သမာဓိ, ပညာ ဤသုံးပါးပင်ဖြစ်ပေသည်။ ဤ ၃-ပါးသော သဘောတရားတို့သည် ဘာဂ်ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့၏ နှလုံးအိမ်၌ ကိန်းဝပ်တည်မြဲနေသောကြောင့် အကျိုးတရား ၈-ပါးကို ထုတ်ဖော်၍ပြခြင်းဖြစ်ပေ၏။ ဤယခု ဖော်ပြအပ်သော စကားအစဉ်ဖြင့် ဘာဂ်ဉာဏ်၏ လုပ်ငန်းစဉ်သည် အားထုတ်သော ယောဂီ ပုဂ္ဂိုလ်များ အတွက် အခြေခံ သဘောတရား ပြည့်စုံလုံလောက်ပြီ ဖြစ်ပေ၏။

**ပညာမြင် ဒုက္ခနှင့် ဉာဏ်စဉ် ၃-ပါး** ဤသို့လျှင် ဘာဂ်ဉာဏ်ဖြင့်(ပျက်သဘော)ကို သဘာဝ ၄-ချက်နှင့် ခွဲစိတ်ဝေဘန် သိမ်းဆည်းပုံကို အကျယ် ဝေ ဘန် ခဲ့ လေ ပြီ။ ယခုအခါ၌ တရားဥက္ကောင်းဆိုက်ရောက်လာသော(နိဗ္ဗိဒါဓမ္မ)ခေါ် အကျိုးတရား ပျက်သဘောကိုပင် တရားခံအဖြစ် စွဲချက်တင်၍ ပညာမြင် ဒုက္ခသဘောကို တွေ့အောင် ဒေသနာနည်း လုက်တွေ့နည်း သဘာဝနည်းတို့ဖြင့် သိမ်း ဆည်း ပုံကို ဖော်ပြ ပေအံ့။

**မှတ်ချက်။** ဘင်္ဂဉာဏ်တွင် နောက်ဆုံး တရားဥဂ္ဂေါင်း သွင်းပြုသော နိရောဓဓမ္မ သဘော တရား သည် ပညာမြင် အနိစ္စစစ်မည်၏၊ ထိုပညာမြင် အနိစ္စအစစ်ကို တပန်စွဲချက်ယူ၍ ပညာမြင် ဒုက္ခဉာဏ် ဆိုက်အောင် မွေ့နှောက် ပိုင်းခြား ဝေဘန်နိုင်မှသာလျှင် တရားအဆင့်ဆင့်တက်၍ မဂ်ဉာဏ်စခန်းသို့ ဆိုက်ရောက်မည်ဟု မှတ်လေ။

ပထဝီဓာတ်နှင့် ဉာဏ် ၆ - လွှာဟု ခေါ်ဝေါ်ခဲ့သည့်အတိုင်း ပထဝီဓာတ်တပါးကိုပင် ၆-လွှာရအောင် ခွဲစိတ်ရာ၌ပြီးခဲ့သော အလွှာများကား (၁)ပညတ်ပရမတ်တလွှာ၊ (၂)မာမှု့ပျော့မှုတလွှာ။ (၃) ကြောင်းကျိုးတလွှာ။ (၄) သန္တတိတလွှာ။ (၅)ဖြစ်ပျက်တလွှာ။ (၆) အပျက်တလွှာ အားဖြင့် (၆)လွှာ ခွဲစိတ် ဝေဘန် သုံးသပ် ပုံကို သဘာဝနှင့်တကွ ထုတ်ဖေါ်၍ ပညာရှိများ၏ ခုံရုံးတော်သို့ တင်ဆက်လိုက်ပါပြီ။ အကြိမ်ကြိမ် အထပ်ထပ် ပညာဉာဏ်သွား၍ ဆင်ခြင်သုံးသပ်တော် မူကြစေလိုပါကြောင်း။




ယခုအခါ၌ ဤအလှည့်သည်ကား ၇-ခုမြောက် ဖြစ်သော အလှည့်ပင်ဖြစ်ပေသည်။ ထိုအလှည့်ဖြင့် ပညာမြင်ဒုက္ခညာဏ်စခန်းကို သဘာဝပိုင်အောင် ဝေဘန်သုံးသပ်နိုင်စေရမည်။ ဝေဘန်သုံးသပ်ရန်မှာလည်း ဒုက္ခအနက် ၄-ချက်နှင့်ပင် ဝေဘန်ရမည် ဖြစ်၍ ရှေးဦးစွာ ဒုက္ခအနက် ၄-ချက်ကို သဘောပိုင်ရန်အရေးကြီးပေသည်။

**ဒုက္ခာနုပဿနာဉာဏ်** ဤပုံစံကား ပညာမြင် အနိစ္စခေါ် နိရောဓမှ အကျိုးသက်သက် ဖြစ်သော ပျက်သဘောကိုမှုထား၍ ဒုက္ခအနက်သဘာဝ ၄-ချက်နှင့်လွှာပုံကို ပေါ်ပြထားသည့် ပုံစံ ၇-ဖြစ်ပါကြောင်း။ ထိုသဘောတရား ၄-ချက်တို့၏ လွှာပုံကို ရှင်းမပြသေးမီ သုခသာရနှင့် သုဘသာရ အစွဲ ၂-ချက် နေပုံတို့ကို ရှေးဦးစွာ ဉာဏ်အမြင် ပေါက် နိုင်စရမည်။

သာရလေးလုံးရှိရာတွင် နိစ္စသာရကို ဘင်္ဂဉာဏ်ကအောက်မင်္ဂနှင့် ဆိုင်ရာ သန္တတိကို ဖြတ်ပယ်ခဲ့လေပြီ။ ဤဉာဏ်၌ကား သုခသာရနှင့် သုဘသာရ ၂ ပါးကို ပယ်ဖြတ်ရန် ကိစ္စရှိလေသည်။ ထိုသန္တတိတို့မှာကား ပညာမြင် ဒုက္ခသဘောကိုတွေ့လျှင် ပြတ်ကင်းနိုင်လေသည်။ သုခသာရဆိုသည်မှာ ချမ်းသာ၏ဟု အနှစ်အသားအနေဖြင့် စွဲယူခြင်းကိုဆိုလိုသည်။ ထိုအစွဲအယူမျိုးသည်ကား ခန္ဓာကိုယ်ပေါ်မှာ စွဲယူသော အတ္တဒိဋ္ဌိ အစွဲကြမ်းမျိုးကဲ့သို့မဟုတ်ပေ။ ဝိပဿနာ တရားအစဉ်သို့ ဆိုက်ရောက်နေသော ယောဂီ ပုဂ္ဂိုလ်သည် မိမိ၏ အသိဉာဏ်၌ ထင်မြင် ရရှိနေသည့် ပျက်သဘောခေါ် နိရောဓမှချုပ်ငြိမ်းခြင်း ပညာမြင်အနိစ္စကို ပင်လျှင် ဆွဲကိုင်ထားသော သာယာ နှစ်သက် ခံစားမှု သဘောတရားကို သုခသာရဟူ၍ခေါ်သည်။ ထိုသာယာခံစားမှုသဘောသည်ကား ဝိပဿနာ အသိဉာဏ်ကြောင့် ဖြစ် ပေါ် လာ သော ငွေပွန်အကျိုးရိပ်ခေါ် သညာရိပ် ဝိညာဏ်ရိပ် သဘောမျှသာ ရှိသော အငွေ့မျိုးဖြစ်ချေသည်။

ဥပမာ။ ဝိပဿနာအသိဉာဏ်ကြောင့် အစွဲပြုတ်ပုံကို ဥပမာအားဖြင့်ပြဆိုသော် ၁၀-တောင် ၁၅-တောင်ရှိသည့်မြေပေါက်စေတီတော် တခုတွင် အရှေ့ဘက်မှနေ၍ ဆီမီးဖြင့်သော်၎င်း၊ လက်ဆွဲမီးဖြင့် သော်၎င်း၊ ထွန်းညှိ ပူဇော်သော အခါတွင် မီး၏အလင်းရောင်သည် တွန်းညှိသော အရှေ့အရပ်နှင့် တောင်မြောက် အရပ် ၂-ပါးတို့ကိုသာ ထွန်းလင်းနိုင်ရာ၏။ ၎င်းနှင့်တူရူကျသော အနောက် အရပ် မှာကား မထွန်း လင်း နိုင် ဘဲ အမှောင်သဘောသာ ထွက်ပေါ်နေဘိသကဲ့သို့ ဤနည်းအတူ ပညာမြင် အနိစ္စဉာဏ် သည်လည်း အလင်းရောင် ၃-ဘက်သာ ထွန်းလင်းနိုင်သည်။ထိုအလင်းရောင်ကြောင့် ဖြစ်ပေါ်လာသော အမှောင်ဓာတ်တဘက်ကိုကားမည်ကဲ့သို့မျှလင်းအောင်မဆောင်ရွက်နိုင်။ အဘယ့်ကြောင့် မဆောင်ရွက်နိုင်ပါသနည်း။ မိမိကြောင့် ဖြစ်ပေါ် လာသော အရိပ်ကို မိမိသည် ပယ်စွမ်းနိုင်ခြင်း အလျှင်းမရှိသောကြောင့်ပင် ဖြစ်ပေသည်။

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့မှာကား ထိုကဲ့သို့အမှောင်ရိပ်ထွက်ခြင်းမရှိပေ။ လေးဘက်စလုံးကို တပြိုင်တည်း ထွန်း လင်း နိုင် သော ပညာဖြစ်၍မဓ္စကြာဒေသနာတော်၌(အာလောကောဥဒပါဒိ)ဟု ရှင်တော်မြတ်ဘုရား ထုတ်ဘော် ဟောကြားတော် မူသည်။ ဤကား လောကီ ဉာဏ်အမြင်နှင့် လောကုတ္တရာ ဉာဏ်အမြင် ၂-ပါးတို့၏ ခြားနားပုံကို အကျဉ်းပြလိုက်ပေသတည်း။

ဤသို့အားဖြင့် ပညာမြင်အနိစ္စဉာဏ်မှ ထွက်ပေါ်လာသော (ဝါ) အနိစ္စဉာဏ်ဖြင့် မပယ်သတ်နိုင်သော အမှောင်ဓာတ်ခေါ် သေဘောတရားကို ဒုက္ခဉာဏ်က သာယာ နှစ်သက်ခြင်း ဟူသော

သုခသာရ, တင့်တယ်လှပခြင်းဟူသော သုဘသာရ, နှစ်ပါးဖြင့် တဖန် ဆွဲကိုင်ပြန်လေရကား ထိုအမှောင်ရိုင်များကို ပယ်သတ်နိုင်စေရန် ဒုက္ခဉာဏ်ကို တဖန်ဖွင့်လှစ်တော်မူပြန်လေသည်။

ရှင်တော် မြတ်ဘုရားသည် ဒုက္ခဉာဏ်ကို ဖွင့်လှစ်တော်မူရာ၌ ပိဋကတ်တော်များတွင် (ဘယဋ္ဌေန ဒုက္ခံ)ဟု ဟောကြားတော်မူသော ပါဠိတော်သည်ရှိ၏။ ထိုပါဠိတော်၏ သဘာဝကို အနည်းငယ် ထုတ်ပြပေအံ့။

**၁။ ခဏသဘောအားဖြင့် ဖြစ်တတ်သောဘေး။**

**၂။ အစဉ်သဘောအားဖြင့် ဖြစ်တတ်သောဘေး။**

ဤသို့အားဖြင့် ၂-မျိုးရှိရာ အကြောင်းတရား မကုန်သေးသော (ဝါ) အဝိဇ္ဇာ,တဏှာ,ကံ,တရား မပြတ်ငြိမ်းသေးသော ရုပ်နာမ် သဘောတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းခေါ် ဘေးမျိုးကား ခဏတွေ့ကြုံသော ဘေးမျိုးဖြစ်သောကြောင့် ထိုဘေးမျိုးကို ဒုက္ခ,ဒုက္ခဟုရှုသော အသိဉာဏ်သည် ဝိညာဏ်မြင်အသိဉာဏ်ဖြစ်၍ ဝိညာဏ်စွဲဒုက္ခကို ရှုသည်မည်၏။

အဝိဇ္ဇာ,တဏှာ,ကံ, အကြောင်းတရားပြတ်ကင်း၍ အကျိုးသဘောသက်သက် ရုပ်နာမ်တို့၏ ပျက်ခြင်းသဘောဆတ်ဆတ်၏ ဘေးကိုမြင်မှသာလျှင် ပညာမြင်ဒုက္ခဖြစ်သည်။ ထိုပညာမြင်ဒုက္ခသည်ကား အစဉ်ဖြစ်နေသည့် ဘေးမည်၏။ ထိုအစဉ် ဖြစ်ပေါ်နေသည့်ဘေး၌ အတ္တဒိဋ္ဌိစွဲပြတ်ကင်းနေသော်လည်း အတ္တဒိဋ္ဌိစွဲ၏ အမွေခံအမွေဆက်ခေါ် အကျိုးဝိညာဏ်ရိပ် သညာရိပ် ၂-ပါး

တို့ ကြွင်းကျန်လျက် စွဲယူနေသေးသောကြောင့် ယောဂီပုဂ္ဂိုလ်တို့သည် **သုခသာ**ရနှစ်သက်ခြင်းဟူသော ဝိညာဏ်ရိပ်၊ သုဘသာရတင့်တယ်ခြင်း ဟူသော ဝိညာဏ်ရိပ်, သညာရိပ်,တို့သည် ထိုပျက်သဘော အနိစ္စဉာဏ်အစဉ်၌ စူးဝင်ကပ်ငြိလျက် ရှိနေကြလေသည်။

ဤ**သာ**ရလေးလုံးခေါ် အစွဲအယူမျိုးကို ဒေသနာနည်းအရ အစွဲ၏သဘောကို အမည်ထုတ်၍ ခေါ်ဆိုလိုလျှင် ပိဋကတ်တော်များ၌ သက္ကာယဒိဋ္ဌိဟု ထုတ်ဖော်ထားလေသည်၊ ထိုသက္ကာယဒိဋ္ဌိကို လက်တွေ့နည်းနှင့် ဝေဘန်သုံးသပ်သော် ဝိညာဏ်ရိပ် သညာရိပ်အစွဲဟု ခေါ်လိုက်သည်။ စင်စစ်မှာကား ခန္ဓာငါးပါးအပေါ်မှာ စွဲယူသော အစွဲမျိုးဖြစ်သည်။ ရုပ်နာမ်ပေါ်မှာ စွဲယူသော အစွဲမျိုးကား အတ္တဒိဋ္ဌိ သဿတဒိဋ္ဌိအကြမ်းစွဲ ဥစ္ဆေဒဒိဋ္ဌိအကြမ်းစွဲတို့ပင် ဖြစ်ပေသည်။ ဤကားသတိပြုရန်အတွက် အစွဲသဘော နေပုံတို့ကို ဝေဘန်သိမ်းဆည်း၍ ထုတ်ဖော် ပြခြင်းဖြစ်ပေ၏။

ဤ ဖော်ပြအပ်သော စကား အစဉ်ဖြင့် ပညာမြင် ဒုက္ခ၌ ဝိညာဏ် ရိပ်ခေါ် သုခ သာရနှင့် သုဘ သာရ အစွဲ နေပုံတို့ကို ဝေဘန်သိနိုင်လောက်ပေပြီ။

နိရောဓ ဓမ္မ ချုပ်ခြင်း သဘော တရားကို ဒုက္ခ အနက် ၄-ချက်နှင့် ဝေဘန်သိမ်းဆည်းပုံကို ပုံစံတွင် ဖော်ပြထားသည့် အတိုင်း ရေးသားပေအံ့။

ဒုက္ခအနက် ၄-ချက်တို့၏ ရှေးဦးစွာဒေသနာနည်းပေါ်ထွက်လာခြင်းကို ဉာဏ်အမြင်ပိုင်နိုင်စေရမည်။ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ စက်ရဟတ် ၄-ပါးသည်ရှိ၏။ ထိုစက်ရဟတ်၄-ပါးတို့၏ သဘာဝနေပုံကို ဒုက္ခ ၄-ချက်နှင့် ဝေဘန်သိမ်းဆည်းရမည်။

## စက်ရဟတ် ၄-ပါး လည်ပုံမှာ

၁။ အတိတ်အကြောင်း စက်ရဟတ်။
၂။ ပစ္စုပ္ပန်အကျိုး စက်ရဟတ်။
၃။ ပစ္စုပ္ပန်အကြောင်း စက်ရဟတ်။
၄။ အနာဂတ်အကျိုး စက်ရဟတ်။

စက်ရဟတ်သည် ၄ မျိုးရှိ၏။ အတိတ်အကြောင်းစက်ကြောင့် ပစ္စုပ္ပန်အကျိုးစက် ထွက်ပေါ်လာသည်။ ထိုပစ္စုပ္ပန်အကျိုးစက်မှလည်း ပစ္စုပ္ပန်အကြောင်းစက်ထွက်ပေါ်ပြန်သည်။ ထိုပစ္စုပ္ပန်အကြောင်းစက် ရှိခြင်းကြောင့် အနာဂတ် အကျိုးစက် ထွက်ပေါ်၍ ပဋိစ္စသမုပ္ပါဒ် စက်ယန္တရား ကြီးသည် မရပ်တည်ဘဲ ချားရဟတ်ကဲ့သို့ လည်ပတ်နေလေသည်။

ဤစက်ရဟတ်လည်ပတ်ပုံကို ပိဋကတ်တော်များတွင် မျိုးစေ့နှင့် သစ်ပင် ဥပမာတင်၍ ပြဆိုကြလေရာ သရက်စေ့ဟူသော မျိုးစေ့ကြောင့် သရက်ပင်ဟူသော အကျိုးတရား ထွက်ပေါ်လေသည်။ တဖန် သရက်ပင်ဟူသော အကျိုးတရား မှလည်း အကြောင်းမျိုးစေ့ ပြန်ထွက်၍ သရက်စေ့ ဖြစ်ပေါ်လာပြန်လေသည်။ ဤသို့အားဖြင့် မျိုးစေ့ကြောင့် သစ်ပင်ဖြစ်၏။

သစ်ပင်ကြောင့်လည်း မျိုးစေ့ဖြစ်၏။ ဤသို့ အပြန် အလှန် ဖြစ်ပေါ် နေရမှုကို ပဋိစ္စသမုပ္ပါဒ် သံသရာ လည်သည်ဟု ခေါ် သည်။ အကြောင်းအကျိုးတရား ၂-ပါးတို့သည် အပြန် အလှန် ဖြစ်ပေါ် နေခြင်းကို သံသရာ အစမရှိဟု ခေါ် ဆိုသည်။ စင်စစ် မှာကား သံသရာလည်ခြင်း၌ အစမရှိခြင်းပင် ဖြစ်ပေသည်။ ထိုအစမရှိရခြင်းမှာလည်း အစသဘောကို မမြင်ခြင်းကြောင့်ပင် တရားခံ ပြန်ထွက် ပြန်လေ ရကား အစ သဘောကို မြင်သော ပုဂ္ဂိုလ်သည် သံသရာမလည်နိုင်ဟု ဝေဘန် သိမ်းဆည်း နိုင်လေ သည်။

သံသရာ၏ အစ သဘော ကား အနတ္တ တရားပင် တည်း။ သံသရာ၏ အဆုံးသဘောကား ဒုက္ခတရားပင်တည်း။ အနတ္တ တရားနှင့် ဒုက္ခတရားသည်သံသရာ၏အစသဘော, အဆုံးသဘော များဖြစ်၍ သောတာပန်ပုဂ္ဂိုလ်သည် အနတ္တဉာဏ်နှင့်သာ ပြည့်စုံ သေးသဖြင့် သံသရာ၏အစကိုတွေ့သော ပုဂ္ဂိုလ်ဟုဆိုနိုင်သည်။ ရဟန္တာပုဂ္ဂိုလ်သည် ဒုက္ခသဘောကို အပိုင်သိမ်းဆည်းနိုင်လေရ ကား သံသရာ၏အဆုံးသဘောကိုသိသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် ဖြစ်လေသည်။

ဤဖော်ပြချက်များကား သိမ်မွေ့လှပါသည်။ ပရိယတ်ခေါ် ဒေသနာမျက်စိ သဘောနှင့် တဘက်သတ်ကြည့်ပြီးလျှင် မဟုတ် မမှန်ဟုမငြင်းဆန်လိုက်ပါနှင့် ပရိယတ် ပဋိပတ် မျက်လုံး ၂ဘက် တပ်ဆင်ပြီးလျှင် အကြိမ်ကြိမ် ဝေဘန် ဆင်ခြင် သုံးသပ် တော် မူကြပါ။

ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ၄-ပါးကို တဖန်ထပ်၍ ဝေဘန် သိမ်းဆည်းပုံကို ပြဦးအံ့။

၁။ အတိတ် အကြောင်း စက်ရဟတ်ဆိုသည်မှာ.... အဝိဇ္ဇာ အရိပ်ကြီးပင် ဖြစ်ပေသည်။ ထိုအဝိဇ္ဇာအရိပ်ကြီးကို ဒုက္ခအချက် ၄-ချက်၌ သွင်းသော် သခ်တဋ္ဌ သဘောတရားပင် ဖြစ်ပေသည်။ သခ်တဋ္ဌဆိုသည်မှာ ပြုပြင်ခြင်းသဘောပင်ဖြစ်၏။ ဤ၌ ပြုပြင် ခြင်းဆိုသည်မှာ စီမံအုပ်ချုပ်ခြင်း သဘောပင်ဖြစ်၍ အဝိဇ္ဇာ အရိပ်ကြီးသည်ကား အလုံးစုံသော အရိပ်တို့ထက် အားအကြီး ဆုံးဖြစ်၍ ပြဋ္ဌာန်းလျက် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် လည်ပတ်ရာ တွင် ပြုပြင်ခြင်းသဘောတရားကား အမှန်ဖြစ်ပေသည်။

စက်ရဟတ် ၄-ပါး တို့ တွင် လည်း အတိတ် အကြောင်း စက်ရဟတ်သည် အဝိဇ္ဇာ ရေသောက်မြစ် ပြဋ္ဌာန်းလျက် ရှိလေ ရကား ပြုပြင်ခြင်းအရ အတိတ် အကြောင်း စက်ရဟတ် ကို ကောက်ယူနိုင်လေသည်။ ထို့ကြောင့် သခ်တဋ္ဌခေါ် ပြုပြင်ခြင်း သဘောတရားသည်ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်ခြင်းဟုဆိုအပ် သော ဒုက္ခသဘော ဖြစ်ပေါ်ရာ၌ အခြေခံ ရေသောက်မြစ် ဖြစ်လေရကား ထိုပြုပြင်ခြင်း သဘော တရား သည် ဒုက္ခအစစ် မည်၏။

၂။ ပစ္စုပ္ပန်အကျိုးစက်ရဟတ် ဆိုသည်မှာ.... တဏှာအရိပ် ကြီးပင် ဖြစ်ပေသည်။ ထိုတဏှာအရိပ်ကြီးသည်ကား ကံအရိပ် ကြီးကို ဘွားမြင်နိုင်သော အကြောင်းမျိုးစေ့ ကိုယ်စားနယ်ဆောင် အရိပ်ကြီး ဖြစ်သောကြောင့် ပစ္စုပ္ပန် အကျိုးစက်တွင် သွင်း၍

ဝေဘန် နိုင်လေသည်။ အကြောင်းကြောင့် အကျိုးဖြစ်ခြင်း တဖန် အကျိုးကြောင့် အကြောင်းပြန်ဖြစ်ခြင်း ဆိုရာ၌ အကျိုးတရားသည် အကြောင်းမျိုးစေ့ကို ကိုယ်ဝန် ဆောင်ထားသော အကျိုးတရားဖြစ်၍ အကြောင်းတရား ပြန်လည် ပေါ် နိုင် ခြင်း ဖြစ်ပေသည်။

ထို့ကြောင့် ပစ္စုပ္ပန်အကျိုးစက်သည် အကြောင်းမျိုးစေ့ကို ကိုယ်ဝန်ဆောင်၍ ရင်ခွင်တွင် ပိုက်လွယ်ထားပုံကို မြင်အောင် ကြည့်ရှုဆင်ခြင်ပါ။ တဏှာရိပ်သည်လည်း ကံတည်းဟူသော မျိုးစေ့ကို ကိုယ်ဝန်ဆောင်၍ တဖန်အကြောင်းမျိုးစေ့ချစိုက် ဦးမည်ကို ပညာဖြင့် ဝေဘန်နိုင်လိမ့်မည်။

ဒုက္ခအနက် ၄-ချက်တွင် ပစ္စုပ္ပန်အကျိုးစက်ခေါ် ကိုယ်ဝန် ဆောင် တဏှာရိပ်ကြီးကိုသွင်းသော် (ပိဠနဋ္ဌ) သဘောတရား၌ သွင်းနိုင်လေသည်။ (ပိဠနဋ္ဌ) ဆိုသည်မှာ နှိပ်စက်ခြင်းခေါ် သဘောတရားပင်ဖြစ်ရာ ဤကိုယ်ဝန်ဆောင်တဏှာရိပ်ကြီးသည် ကား နှိပ်စက်ခြင်း ဒုက္ခသဘော အမှန်ရှိလေသည်။ ထိုနှိပ်စက် ခြင်း ဒုက္ခကိုမြင်သော ပုဂ္ဂိုလ်သည် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၏ ဒုက္ခအစစ်ဖြစ်ပေါ်နေပုံကို မြင်သောပုဂ္ဂိုလ်ဖြစ်၍ သဘာဝဉာဏ် ရင့်သန်ခြင်းသို့ ဆိုက်ရောက်ပြီဟု ဆိုနိုင်လေသည်။

၃။ **ပစ္စုပ္ပန်အကြောင်း စက်ရဟတ်ဆိုသည်မှာ**.... ကိုယ်ဝန် ဆောင်ဖြစ်သော တဏှာရိပ်မှ ဘွားမြင်လာသည့် ၂၉ပါးသော ကံရိပ်ကြီးကို ဆိုလိုသည်။ ပဋိစ္စ သမုပ္ပါဒ် ဒေသနာတော်တွင်

ပစ္စုပ္ပန်အကြောင်းရုပ်ကို ဝေဘန်ပြရာ၌ တဏှာ,ဥပါဒါန်,ဘဝ, အဝိဇ္ဇာ,သင်္ခါရ,ဟု ထုတ်ဖော်ပြသည်။ ဤထုတ်ဖော်ပြခြင်း သည် ကိုယ်စားဆောင်သဘောကို ထုတ်ဖော်ပြခြင်းဟု မှတ်စေ လိုပါသည်။ လက်တွေ့နည်းဖြင့် တရားခံအစစ်ကို ဝေဘန်သိမ်း ဆည်းလျှင် တဏှာရုပ်မှ ဘွားလာသော ကံအရုပ်ကို ပစ္စုပ္ပန် အကြောင်း စက်ရဟတ်ဟု ဝေ ဘန် သိမ်း ဆည်း ပါ။ သို့မှသာ အကျိုးတရားမှ အကြောင်း မျိုးစေ့ ပြန် လည် ထွက် ပေါ်၍ ပဋိစ္စသမုပ္ပါဒ် စက်ယန္တရားကြီး မပြတ်လည်နိုင်ပေမည်။

ဒုက္ခအနက် ၄-ချက်တွင်ပစ္စုပ္ပန်အကြောင်းစက်ကို သွင်းပြန် သော် (သန္တာပဋ္ဌ)ခေါ် ပူပန်ခြင်းသဘောတရား၌ သွင်းနိုင်လေ သည်။ ပူပန်ခြင်း ဆိုသည်မှာလည်း တဖန် ကံမျိုးစေ့ ထွက်၍ အနာဂတ်အကျိုးစက်ကြီး ပေါ်ထွက်ခြင်းသဘောကို ပူပန်ခြင်း ဟုဆိုလိုသည်။ ဤပူပန်ခြင်းဒုက္ခကိုမြင်သော ပုဂ္ဂိုလ်သည် နောင် အနာဂတ်ဘဝ၌ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ဖြစ်ပေါ်မှုကို ပိတ်ပင်တားဆီးလေတော့သည်။ ဘဝသစ်၌ ကပ်ငြိသော စိတ် ပြတ်ကင်းအောင် ဒုက္ခသဘောတရား၌ အဘန်ဘန် ဆင်ခြင် သုံးသပ်လေသည်။ (၂၉) ပါးသော ကံအရုပ်တို့သည် ပစ္စုပ္ပန် အကျိုး ရုပ် နာမ်၌ မပေါ် ထွက် အောင် အမြဲ စောင့် ကြပ် ထိန်းသိမ်းထားနိုင်လေသည်။

၄။ အနာဂတ်အကျိုး စက်ရဟတ်ဆိုသည်မှာ....အဝိဇ္ဇာရုပ် တဏှာရုပ် ကံအရုပ် ၃-ပါး တို့ကြောင့် ဖြစ် ပေါ် လာ သော ဝေဒနာအရုပ်ကိုဆိုလိုသည်။ ထိုဝေဒနာအရုပ်သည်ကား ပဋိစ္စ သမုပ္ပါဒ် စက်ရဟတ် လည်ပတ်နိုင်မှု သည်လည်း တရားခံကို

ရှာသော် ဝေဒနာပင်ဖြစ်၍ သံသရာ ဖြတ် ထွက် ရန် မှာ လည်း ၎င်းဝေဒနာပင် တရားခံဖြစ်ပေသည်။

ရှင်တော်မြတ်ဘုရားသည် ဥရုဝေလ ကဿပ အမှူးရှိသော ရဟန်းတို့အား အာဒိတ္တပရိယာယ သုတ်ကို ဟောကြားတော်မူရာတွင် ဝေဒနာသဘောမှ အလျှံပြောင်ပြောင် မီးတောက်ပုံကို ဟောကြားတော်မူသဖြင့် ဝေဒနာတရားသည်၂၄ပစ္စသမုပ္ပါဒ်စက်ရဟတ်လည်ခြင်း၌လည်း တရားခံဖြစ်သည်။ ဖြတ်ထွက်ရန်မှာလည်း ဝေဒနာကိုပင် ဝိညာဏ်ရိပ်ကင်းအောင် လုပ်ဆောင်အားထုတ်ခြင်းပင် ဖြစ်ပေသည်။ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌ကား အနာဂတ်အကျိုးစက်ကိုဝိညာဏ်, နာမ်, ရုပ်,'သဠာယတန ဖဿ, ဝေဒနာ ဤငါးပါးကို ထုတ်ပြတော်မူသည်။ထိုငါးပါးကို လက်တွေ့နည်းဖြင့် ဝေဘန်သုံးသပ်သော်ဝေဒနာသဘောတရားသည် ပြဋ္ဌာန်းလျက်ရှိလေရကား အနာဂတ်အကျိုးစက်၌ဝေဒနာရိပ်ကို ဉာဏ်အမြင်ပိုင်အောင် ဝေဘန်သိမ်းဆည်းရာ၏။

ဒုက္ခအနက် ၄-ချက်တွင် အနာဂတ်အကျိုး စက်ရဟတ်ကို သွင်းပြန်သော် (ဝိပရိဏာမ)ခေါ် ဖေါက်ပြန်ပျက်စီးခြင်း ဒုက္ခသဘော၌ သွင်းနိုင်လေသည်။ ဖေါက်ပြန် ပျက်စီးခြင်း ဆိုသည်မှာလည်း ၂-မျိုးရှိ၏။

၁။ အသစ်တဖန်ဖြစ်ပေါ်လို၍ဖေါက်ပြန်ပျက်စီးခြင်း။
၂။ အသစ်တဖန် မပေါ်ဘဲ အစဉ်ဖေါက်ပြန် ပျက်စီးခြင်း။

ဤသို့အားဖြင့် ၂-မျိုးရှိရာ ဝိညာဏ်ရိပ်ကင်းသော ဝေဒနာသည် အစဉ်ဖေါက်ပြန် ပျက်စီးခြင်း ဒုက္ခသဘောသို့ ဥက္ကောင်းအလိုလို ဆိုက် ရောက် သည်။ ဤသို့ ဆိုက် ရောက် ခြင်း ကို (ဝိပရိဏာမ)ခေါ် ပညာမြင် ဒုက္ခစစ်သဘောမည်၏။

ဝိညာဏ်ရိပ်မကင်းသော ဝေဒနာ၏ ဖေါက်ပြန်ပျက်စီးခြင်းသည် အစစ်အမှန် ပျက်စီးခြင်းမဟုတ်ပေ။ အသစ်တဖန်ဖြစ်ပေါ်လိုပြန်သဖြင့် ဖေါက်ပြန်ပျက်စီးခြင်း သဘောဖြစ်၍ ဤဒုက္ခမျိုးကို မြင်သော ယောဂီ ပုဂ္ဂိုလ်သည် ပညာမြင် ဒုက္ခ အစစ်ကိုမြင်သည်ဟုမဆိုနိုင်။ ဝိညာဏ်မြင် ဒုက္ခကိုသာ တွေ့နေသည်ဟုဆိုနိုင်လေသည်။ ဤသို့အားဖြင့် စက်ရဟတ် ၄-ပါးကို ဒုက္ခ ၄-ချက်နှင့် ရှေးဦးစွာ ဉာဏ်အမြင်ပိုင်အောင်ဝေဘန်သိမ်းဆည်းရမည်။

ဤသို့ သိမ်း ဆည်း ပြီး သော် နိရောဓမှခေါ် ဘင်ဂ်ဉာဏ်မှပေါ်ထွက်လာသော အကျိုးတရားအပျက်ချုပ်ခြင်းသဘောကိုဒုက္ခအနက် ၄-ချက်နှင့် တဖန် စဉ်ရွေးကိုက်၍ ဝေဘန်သိမ်းဆည်းရပေမည်။

**သခ်တင္ဒ ဆိုသည်မှာ....ပြုပြင်ခြင်းသဘောတရားပင်ဖြစ်သည်။ ဤဒ္ဓပြုပြင်ခြင်းသည် ၂-မျိုးရှိ၏။**

၁။ **အကြောင်းတရားတို့၏ ပြုပြင်ခြင်းသဘော။**

၂။ အကျိုးတရားတို့၏ ပြုပြင်ခြင်းသဘော။

အဝိဇ္ဇာ, တဏှာ, ကံ, အစရှိသော အကြောင်းဟိတ် မကင်းသော ရုပ်နာမ်သဘောတရားတို့၏ ဖြစ်ပေါ်မှု ချုပ်ကွယ်မှုခေါ်

ပြုပြင်မှုမျိုးသည်ကား သင်္ခတလောကကြီးသည် မချုပ်ငြိမ်းဘဲ အမြဲမပြတ် အထပ်ထပ် ဖြစ်ပေါ် အောင် ပြုပြင်ခြင်း သဘော တရားမျိုးဖြစ်၍ အကြောင်းတရားတို့၏ ပြုပြင်ခြင်းမျိုးပ ဆိုလို သည်။ ဤပြုပြင်မှုမျိုးကို ဒုက္ခဟု သိမ်းဆည်းသော ယောဂီပုဂ္ဂိုလ် သည် သဘာဝ ဝိညာဏ်မြင် ဒုက္ခသဘောကို သိမ်းဆည်းခြင်း မည်၏။

အဘယ်ကြောင့် ဆိုသော် ဤဝိညာဏ်မြင် ဒုက္ခ မျိုး သည် သဘာဝအတိုင်း ကျရောက်သော ဒုက္ခမျိုးမဟုတ်ပေ။ သင်္ခတ လောကကြီး၌ အကြောင်းညီညွတ်မှုကို မရခိုက်တွင်ဒုက္ခဖြစ်ပေါ် ၏။ အကြောင်းညီညွတ်မှုရပြန်သော် တဖန်ဖြစ်ပေါ်လာကြပြန် သောကြောင့် အစဉ်ထာဝရ ဒုက္ခဟုမဆိုနိုင်ရာ။

ဥပမာ။ မိဘဆွေမျိုး စသည်တို့၏ ပျက်စီးခြင်းနှင့် တွေ့ကြ သော ပုဂ္ဂိုလ်တို့အား ပရိဒေဝမီး တောက်လောင်၍ဒုက္ခဝေဒနာ ကို ခံစားကြရငြားသော်လည်း အစဉ်ခံစားနိုင်ခြင်း မရှိကြပေ။ တွေ့ကြုံခိုက်လောက်သာ ဒုက္ခဟု မှတ်ထင်ကြ၏။ နောင်သော အခါ ပျောက်ကွယ်ပြန်လေသည်။

ထိုနည်းအတူ အကြောင်းတရားတို့၏ ပြုပြင်မှုသဘောတရား သည်လည်း ပျက်စီးခြင်းအခိုက်သာ ဒုက္ခသဘောကို မြင်နိုင်၏။ နောင်တဖန် ဖြစ်သဘော ပေါ်ပြန်သော် ဒုက္ခသဘော ပျောက် ကွယ်ပြန်၏။

၂။ အကျိုးတရားတို့၏ ပြုပြင်မှုသဘောတရားခေါ် ဒုက္ခ မျိုးသည်ကား ဖြစ်သဘော အလျှင်းမရှိသောကြောင့် တဖန် ပြန်လည်၍ မဖြစ်ပေါ်နိုင်။ အကျိုးသဘောအစဉ်မျှသာ ပြုပြင်

ခြင်းရှိ၍ ဤသဘာဝ မျိုးမှသာ ပျက်သဘော အမှန်ဖြစ်၍ ပညာမြင် ဒုက္ခစစ်ဟုဆိုလို၏။ ပညာမြင် ဒုက္ခ၌ ဖေါ်ပြသော သင်္ခါရဒုက္ခခေါ် ပြုပြင်ခြင်းသဘော ဒုက္ခသည်ကား (နိရောဓဓမ္မ) ခေါ် ချုပ်ငြိမ်းခြင်းသဘောသို့ အစဉ်ကျရောက်မည်မှာ အမှန်ဖြစ်လေရကား ချုပ်ငြိမ်းခြင်းသို့ရောက်အောင် ပို့ဆောင်ပြုလုပ်ခြင်းသဘောကို ဝေဘန်သိမ်းဆည်းနိုင်လေသည်။

ပီဠနဋ္ဌ ဆိုသည်မှာ.... နှိပ်စက်ခြင်း သဘောကို ဆိုလို၏။ ထိုနှိပ်စက်ခြင်းအရ ဝေဘန်ပြန်လျှင် (ဖြစ်·ပျက်) ၂·ပါးတို့ပင် ဖြစ်ပေသည်။ ထို ၂·ပါးတို့ရှိနေခြင်းကို နှိပ်စက်ခြင်းသဘောဟု ဆိုလိုသည်။ ၎င်း နှိပ်စက်ခြင်း သဘော ကိုလည်း ပြုပြင်ခြင်းသဘောကဲ့သို့ ၂ မျိုးခွဲခြားဝေဘန်ရမည်။ အကြောင်းတရားနှိပ်စက်ခြင်းမျိုးကား အသစ်တဖန်ဖြစ်ပေါ်ရန်အတွက် နှိပ်စက်ခြင်းမျိုးဖြစ်၍ ဝိညာဏ်စွဲဒုက္ခကိုသာ ဖေါ်ပြခြင်းဖြစ်လေသည်။

အကြောင်းကင်းသော အကျိုးတရားတို့၏ နှိပ်စက်ခြင်းမျိုးကား နောင်တဖန် ဖြစ်ပေါ်နိုင်ခြင်း ဟူသော မျိုးစေ့လုံးဝမရှိသောကြောင့် ဤနှိပ်စက်ခြင်းမျိုးသည် ပညာမြင် ဒုက္ခကိုသာ ဖေါ်ပြသော နှိပ်စက်ခြင်းမည်၏။ ဤနိရောဓဓမ္မခေါ် ချုပ်ငြိမ်းခြင်းသဘောသည် အကျိုးတရားတို့၏ တဖန် မဖြစ်ပေါ်ခြင်းတည်း ဟူသော နှိပ်စက်ခြင်း သဘောတွင် သဘာဝ အတိုင်းကျရောက်နေလေရကား ပညာမြင် ဒုက္ခသဘောသို့ ဥက္ကောင်းဆိုက်ရောက် နေလေသည်။

**သန္တာပဋ္ဌ ဆိုသည်မှာ....** ပူပန်ခြင်း သဘောတရားပင် ဖြစ်ပေ၏။ ပူပန်ခြင်းအရ ဝေဘန်ပြန်လျှင် အကြောင်းမျိုးစေ့ ခေါ် နောင်တဖန်ဖြစ်ပေါ်မည့် ကံတရားပင်ဖြစ်ပေသည်။ ဤ၌ ပူပန်ခြင်းကိုလည်း ၂-မျိုးခွဲခြားရမည်။

၁။ အကြောင်းမျိုးစေ့ပါသော ပူပန်ခြင်း။

၂။ အကြောင်းမျိုးစေ့မပါသော ပူပန်ခြင်း။

အကြောင်းမျိုးစေ့ပါသောပူပန်ခြင်းမျိုးသည်နောင်တဖန်ဖြစ်ပေါ်မည့် ပူပ[န်] ခြင်းမျိုး ဖြစ်၍ ဝိညာဏ်မြင်ပူပန်ခြင်းမည်၏။ မျိုးစေ့ မပါသော ပူပန် ခြင်း မျိုး ကား တဖန်မဖြစ်ပေါ်နိုင်သဖြင့် သင်္ခတလောက ဇာတ်သိမ်းရသော သဘာဝ ပူပန်ခြင်းမျိုးဖြစ်၍ ပညာမြင်သဘောသို့ ဥကွောင်း ဆိုက်ရောက်နေလေသည်။

ဤနိရောဓဓမ္မခေါ် ချုပ်ငြိမ်းခြင်းသဘောတရားသည်လည်း သင်္ခတလောက ဇာတ်သိမ်းသွားသော ချုပ်ငြိမ်းခြင်းသဘော ဖြစ်၍ သဘာဝပူပန်ခြင်းသို့ ဆိုက်ရောက်နေလေရကားပူပန်ခြင်း ဒုက္ခသဘောသို့ ကျရောက်နေခြင်းပင် ဖြစ်ပေသည်။

**ဝိပရိဏာမဋ္ဌ ဆိုသည်မှာ....**ဖေါက်ပြန် ပျက်စီးခြင်းသဘော တရားကို ဆိုလိုသည်။ ထိုသဘောတရားသည်လည်း ဖြစ်သဘော ဟူ၍ မြူမျှမရှိ၊ အစစ်အမှန် တကယ် ဖေါက်ပြန် ပျက်စီးသော အကျိုး တရား တို့၏ နိရောဓ သဘောကို ဝေဘန် သိမ်းဆည်း

ရမည်။ ထိုဖေါက်ပြန် ပျက်စီးခြင်း မျိုးမှ သာလျှင် ပညာမြင် ဒုက္ခမည်၏။

ရှင်တော် မြတ်ဘုရား သည် ပညာမြင် ဒုက္ခကို ပြဆိုရာတွင် အနတ္တလက္ခဏသုတ်တော်၌ (ဝိပရိဏာမ)ဟု ထုတ်ဖေါ်ပြတော်မူလေသည်။ဤဝိပရိဏာမသဘောဖြင့် နိရောဓမှခေါ်ချုပ်ငြိမ်းခြင်း သဘောတရားကို ဝေဘန် သိမ်း ဆည်း သော် ပညာမြင် ဒုက္ခအနက်၄-ချက်ထွက်ပေါ်လေရကား အနိစ္စအစစ်ကိုမူထား၍ ဒုက္ခအစစ်ကို ရှာရမည်ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ကျမ်းဂန်ကြီးတို့၌ မိန့်မှာချက်အတိုင်း ပညာရှိများ ဝေဘန်သိမ်းဆည်းနိုင်ရန် အနိစ္စအစဉ်မှ ဒုက္ခအနက် ၄-ချက်ထွက်ပုံကို တင်ဆက်လိုက်ပါကြောင်း။

ဤကား ဒေသနာနည်းကို အခြေခံထား၍ ဒုက္ခ အနက် ၄-ချက်ထွက်ပုံကို ဝေဘန်ပြခြင်းသည် ဒေသနာနည်းသဘောကို ထုတ်ဖေါ်ပြခြင်းဖြစ်ပေသည်။ လက်တွေ့နည်းသဘောကိုလည်း ပညာ ရှိများ အသိဉာဏ် ပွါးအောင် ဆက်လက်၍ ဝေ ဘန် သိမ်းဆည်း ပြပါဦးမည်။

**လက်တွေ့နည်း ဒုက္ခဉာဏ် သိမ်းဆည်းပုံ**

ပညာမြင် အနိစ္စ ဉာဏ် ဒုက္ခ ဉာဏ် အနတ္တဉာဏ်တို့ကားအကြောင်းဟိတ်ကင်း သော အကျိုး တရား သဘောသက်သက်ကို သိမ်း ဆည်း ကြသော ဉာဏ်ကြီး များ ဖြစ်သောကြောင့် အကျိုးတရားကို ၃-မျိုး ခွဲခြားရမည်။

၁။ မုချကျိုးခေါ် အကျိုးရင်းတပါး။

၂။ သာမန်ကျိုးခေါ် အကျိုးဖျားတပါး။

၃။ အာနိသံသကျိုးခေါ် အကျိုးဆက်တပါး။

**မှတ်ချက်။** ပဋိစ္စပ္ပါဒ် ဒေသနာတော်၌ကား မုချကျိုး, သာမန်ကျိုး, ဟူ၍ ၂-မျိုးသာ ထုတ်ဖော်ထားလေသည်။ အာနိသံသ အကျိုး မှာကား သုတ္တန်နည်းတွင် ရှင်တော်မြတ်ဘုရား ဟောကြားတော်မူချက်အရ ထည့်သွင်း၍ ပြဆိုထားခြင်း ကြောင့် အကျိုးတရား ၃-ပါးဖြစ်ပေသည်။

ဤ ၃-ချက် ပြခြင်းဖြင့် အကျိုး တရားကို ငြိမ်း ရာ တွင် အနိစ္စဉာဏ်, ဒုက္ခဉာဏ်, အနတ္တဉာဏ် ၃-ပါးဖြင့်ငြိမ်းပုံကိုလက်တွေ့ နည်းတွင် ထင်ရှားပါလိမ့်မည်။

၁။ **မုချကျိုး ဆိုသည်မှာ....** ပဋိစ္စသမုပ္ပါဒ် ဒေသနာတော် တွင် ဇရာ, မရဏဟူသော သဘောတရား ၂-ပါးကိုထုတ်ဖော်၍ ပြဆိုထားရာ ထိုဇရာ, မရဏတို့သည် ဇာတိရှိခြင်းကြောင့် ထွက် ပေါ်လာရသော အကျိုးတရားဖြစ်၍ မည်သို့မျှ မငြင်းဆန်နိုင် လေရကား မုချအကျိုးတရားမည်၏။

ဇာတိဆိုသည်မှာ ပဋိသန္ဓေကို ဖြစ်စေခြင်းသဘောပင် ဖြစ်ရာ ၂၉-ပါးသော ကံမျိုးစေ့အကြောင်းတရားသည် ဇာတိမည်၏။ ထိုဇာတိကို ဥဒယဗ္ဗယဉာဏ်တွင် ပယ်နုတ်တော်မူသည်။ အကျိုး တရား သက်သက် ဖြစ်သော ဇရာ, မရဏ သဘော တရား သည်

ကြွင်းကျန်၏။ ထိုကြွင်းကျန်သော မုချအကျိုးကို ဘင်္ဂညာဏ် စခန်းတွင် ပညာမြင် အနိစ္စညာဏ်ဖြင့် ပယ်နှုတ်တော်မူပြန်လေ သည်။ ထို့ကြောင့် ဘင်္ဂညာဏ်တွင် ဖော်ပြသော ပညာမြင် အနိစ္စညာဏ် သည်ကား မုချ ကျိုးခေါ် အကျိုး ရင်း ကြီးကို သိမ်း ဆည်း သော ညာဏ် ဖြစ်ကြောင်း လက် တွေ့ နည်း အရ ဝေဘန်နိုင်လေသည်။

၂။ သာမန်ကျိုးခေါ် အကျိုးဖျား ဆိုသည်မှာ.... ပဋိစ္စ သမုပ္ပါဒ်ဒေသနာတော်တွင် သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ ဥပါယာသ ဟူသော ငါးပါးသော သဘောတို့ကို ထုတ်ဖော်၍ ပြဆိုထားလေသည်။

သာမန်ကျိုး ခေါ်ရခြင်းမှာလည်း ၎င်း သောက ပရိဒေဝ စသော အကျိုးငါးပါးသည် ဇာတိကြောင့်ဖြစ်ငြားသော်လည်း ဇရာ,မရဏ သဘောတရားလောက် တိုက်ရိုက် အရင်း မကျပေ။ ဇရာ,မရဏတို့မှာကား ဇာတိရှိလျှင် ၎င်းတို့လည်း မငြင်းနိုင်ဘဲ ရှိရမည့် သဘောတရားအမှန်ဖြစ်ကြပေသည်။ သောကပရိဒေဝ တို့မှာကား ဇရာ, မရဏ သဘောလောက် အရင်း မကျပေ။ ဖြစ်သော်လည်း ရှိ၏။ မဖြစ်သော်လည်း ရှိ၏။

ဥပမာ။ ၇-နှစ် အရွယ်မှာ မဂ် ၄-ဆင့်ပေါက် ရဟန္တာ ဖြစ်တော်မူသော အရှင်ဒဗ္ဗစသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့မှာ ဇရာ,မရဏ သဘောသာရှိ၏။ သောက,ပရိဒေဝ သဘောမှာ ကား ထင်ရှားမဖြစ်ပေါ်နိုင်ရာသကဲ့သို့ သောကပရိဒေဝစသော တရား ငါးပါးသည် ပုဂ္ဂိုလ်တိုင်း မခံစားရပေ။ ထို့ကြောင့်

ဂုဏ်းတရားအစုကို အကျိုးဖျားဟူ၍ခေါ်သည်။ ထိုသာမန်ကျိုးခေါ်အကျိုးဖျားကို ပညာမြင် ဒုက္ခဉာဏ်ဘွင်ဒုက္ခအနက်၄-ချက်တို့ဖြင့် ပယ်နုတ်တော်မူလေသည်။

အာနိသံသခေါ်အကျိုးဆက်ဆိုသည်မှာ..ရှင်တော်မြတ်ဘုရားသည် သုတ္တန် ဒေသနာတော်၌ တခုသော အကုသိုလ်ကံသည်အကျိုးဆက်ဆက် လိုက်ပုံတို့ကို ဟောကြားတော်မူလေသည်။

ဥပမာ။ ဆိတ်ကိုသတ်လျှင် ဆိတ်အမွေးနှင့်အမျှ ခံရမည်။ နွားကိုသတ်လျှင် နွားအမွေး နှင့် အမျှ ခံရမည် စသည်ဖြင့် အကုသိုလ်ကံ၏ အကျိုးပေးမှု အကျိုးဆက် တို့ကို ထုတ်ဖော်ပြသကဲ့သို့ဂုဏ်း၊ ကုသိုလ်အရာ၌လည်း တခုသောကုသိုလ်စေတနာ၏ အကျိုးသည် အဘယ်မှာလျှင် ဟော၍ ကုန်နိုင်ပါမည်နည်း စသည်ဖြင့် ဟောကြားချက်သည် အာနိသံသ အကျိုးဆက်ကို ရည်၍ ဟောတော်မူခြင်း ဖြစ်ပေသည်။

ဝိသုဒ္ဓိမဂ်စသော ကျမ်းဂန်ကြီးများတွင် အကျိုးဆက် တို့ကို ဖော်ပြထားသည်မှာ တခုသော သီလတရား၏ အကျိုးဆက်ကို ပင်လျှင် အောက်ပါအတိုင်း ဖော်ထုတ်ထား၏။

အာနိသံသ ပရိစ္ဆေဒ်၊တသ္မာ သီလဿ ကော ဝဒေ။

ဤသို့စသည်ဖြင့် အာနိသံသအကျိုးဆက်တို့ကို ထုတ်ဖော်၍ပြဆိုထားကြသည်မှာ ပိဋကတ်တော်တွင် အထင်အရှား အလွန်များပြား လှပေသည်။ ထိုအာနိသံသခေါ် အကျိုးဆက် တို့ကို ရှေ့တွင် ပြလတ္တံ့ဖြစ်သော ပညာမြင်အနတ္တဉာဏ်စခန်းကအပိုင်နုတ်သိမ်းတော်မူလိမ့်မည်။

**မှတ်ချက်**။ အကျိုးဆက်တို့ကို နုတ်သိမ်းသည် ဆိုရာ၌ ပဋိသန္ဓေ ပဝတ္တိ ၂-မျိုးရှိရာတွင် ပဋိသန္ဓေသို့ပေးမည့် အကျိုးဆက်ကိုသာ နုတ်သိမ်းနိုင်သည်ဟု မှတ်လေ။

ဤကား လက်တွေ့နည်းကို အလိုရှိတော် မူကြကုန်သော အာရဒ္ဓ ယောဂီ ပုဂ္ဂိုလ်များအတွက် ဝေဘန် သိမ်းဆည်းရန် အကျဉ်းမျှ ဖေါ်ပြလိုက်ပေသည်။ သဘာဝနည်းနှင့် ဝေဘန် သိမ်းဆည်းပုံကို ဆက်လက်၍ ပညာရှိများ ဝေဘန်နိုင်ရန် ဖေါ်ပြပေအံ့။

**သဘာဝနည်းဖြင့် ဝေဘန်ချက်**

သဘာဝနည်း ဆိုသည်မှာ သံ်တင္ဒ စသော သဘော ၄-ချက်တို့ကိုစုပေါင်း၍ အဆီညှစ်လိုက်သည်ရှိသော် ပေါ်ထွက်လာသော သဘောတရားခေါ် အဆီခဲ အဆီနှစ်ကို ခေါ်သည်။ ထိုအဆီခဲ အဆီနှစ်ကို တရားအရသာဟူ၍လည်းခေါ်သည်။ ဧကောဓမ္မော ဟူ၍လည်း ခေါ်ဆိုနိုင်လေသည်။

တနည်းအားဖြင့် ဒုက္ခဉာဏ်မှ ပေါ်ထွက်လာသော တရားဥက္ကောင်းပင်ဖြစ်ပေသည်။ ထိုတရားဥက္ကောင်းကို ဝိမုတ္တိဓမ္မဟူ၍ ပိဋကတ်တော်တွင် အထင်အရှား ပြဆိုထားချက်အရ သဘာဝနည်းနှင့်တွေ့အောင် ရှာဖွေရမည်။

သံ်တင္ဒစသော ဒုက္ခအနက် ၄-ချက်တို့ကို တချက်တည်းအဖြစ် ဝေဘန်သိမ်းဆည်းသော် ဝိပရိဏာမဋ္ဌ သဘောတရားသာ ထွက်ပေါ်လေသည်။ ဤဝိပရိဏာမ သဘောတရားသည် အဆီခဲ အဆီနှစ်ခေါ် ဧကောဓမ္မောပင် ဖြစ်ပေသည်။ ထိုအဆီခဲ

အဆီနှစ်ကို ဝိပဿနာ အသိဉာဏ် တည်းဟူသော လျှာပေါ်သို့ တင်၍ တရားအရသာကိုရှာဖွေသုံးသပ်သော် ဖေါက်ပြန်ပျက်စီး ခြင်းသဘောဟုဆိုရာ ဖေါက်ပြန် ပျက် စီး ခြင်း ကား အဘယ် သဘောပါနည်းဟု အရသာကို ပညာဖြင့် တွေ့အောင် ခံစား ရမည်။

ဖေါက်ပြန်ပျက်စီးခြင်းဟုအနက်ပြန်ဆိုရာ၌(ဖေါက်ပြန်ခြင်း) ကား သဘာဝတချက်ထွက်သည်။ (ပျက်စီးခြင်းကား)သဘာဝ တချက်ထွက်သည်။ ဤသို့ ၂-ချက်ထွက်ပုံကို ရှေးဦးစွာဝေဘန် သိမ်းဆည်းပါ။ (ဖေါက်ပြန်ခြင်း) သဘာဝကား ပညတ်ရုပ် သဘောတရားတို့၏သဥ္စးဆိတ်ခြင်းကိုခေါ်သည်။(ပျက်စီးခြင်း) သဘာဝကား ပရမတ်ရုပ်တို့၏ သုဥ္စးဆိတ်ခြင်း သဘောတရား ကိုခေါ်သည်၊ ၂-ရပ်ပေါင်းသော် ပညတ်ရုပ်နှင့် ပရမတ်အကျိုး တရား အလုံးစုံတို့သည် သုဥ္စးဆိတ်ခြင်း သဘောသို့ ဥက္ကောင်း ကျရောက်ခြင်းကို (ဝိပရိဏာမဋ္ဌ)ဟု ဆိုလိုသည်။

**လိုရင်းအချုပ်သဘောမှာ....** ပညာမြင် အနိစ္စဉာဏ်ကို အဆီ ညှစ်လိုက်သော် ဒုက္ခဉာဏ် ထွက်ပေါ် လေသည်။ ဒုက္ခဉာဏ်ကို တဖန်အဆီညှစ်လိုက်ပြန်သော် အနတ္တဉာဏ်ထွက်ပေါ်လေသည်။ အနတ္တဉာဏ်ကို အဆီညှစ်ပြန်သော် မဂ်ဉာဏ် ထွက် ပေါ် မည် ဖြစ်၏။ အကျဉ်းနည်း ရှုမှတ်ပါလေ။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်စသော ကျမ်းဂန်ကြီးများတွင် မိန့်ဆို ထားသည်မှာ အနိစ္စဉာဏ်ထင်လျှင် ဒုက္ခဉာဏ် အနတ္တဉာဏ် မြင် နိုင်၏ ဟူ၍ရင်း၊ မေဃိယ သုတ်တော်၌ အနိစ္စဉာဏ် ထင်လျှင်

အနတ္တဉာဏ်ပါ မြင်၏ဟူ၍ရှင်း၊ ဟောကြားတော် မူချက်အရ ဤ ၁ ဘ ၀နည်းနှင့် ဝေဘန် သိမ်းဆည်း နိုင်သော် ဝိပဿနာ ပညာရှိအပေါင်းတို့သည် ဟုတ်မှန်ကြောင်း မိမိကိုယ်တိုင် ဝန်ခံ နိုင်ပေလိမ့်ည်။

ဤဝိပဿနာ အသိဉာဏ်တရားတို့သည်ကား အလွန်သိမ်မွေ့ နက်နဲလှပါသဖြင့် သူတပါးအပြောနှင့် မမြင်နိုင်ရာ။ မိမိဉာဏ် ဖြင့်သာ ထွင်းဖေါက်မြင်နိုင်ရာ သောကြောင့် ဤဖေါ်ပြသော သဘောတရားများကို အခြေခံယူပြီး လျှင် မနေမနား မီးပွတ် သမာ ကဲ့သို့ ပညာဉာဏ် အသိဟုရေး ပွားအောင် ဣရိယာပထ လေးပါးစလုံးတွင် သတိပဋ္ဌာန်တရားဖြင့် ပွားများ အား ထုတ် နိုင်ကြပါစေသတည်း။

ဉာဏ်စဉ် ၃-ပါး
နေပုံ

ဤဉာဏ်စဉ် ၃-ပါးတို့၏ သဘောတရားကို အကျယ် ဝေဘန်၍ ဒေသနာ နည်း တို့ကို မရေးသားတော့ပြီ။ မြန်မာနိုင်ငံတော်တွင် ဝိပဿနာခေတ်ကြီး ထွက်ပေါ်နေဆဲဖြစ်၍ ပညာရှိပုဂ္ဂိုလ်တိုင်း ဟောပြောခြင်း စာအုပ်ထုတ်ဝေခြင်းဖြင့် ဉာဏ်စဉ်များကိုဖွင့်ဆို ကြလေပြီ။ ထို့ကြောင့် လက်တွေ့နည်းခေါ် ဉာဏ်စဉ် ၃-ပါး သဘော တရား နေပုံ ကိုသာ ဒုက္ခဝိပဿနာဉာဏ် ထင်မြင်သော အာရဒ္ဓယောဂီပုဂ္ဂိုလ်များအတွက် ဖေါ်ပြပေအံ့။

လက်တွေ့နည်းရှာပုံကိုဒုက္ခနုပဿနာဉာဏ်စခန်း၌ ဉာဏ်၃ပါး တွဲစပ်၍ တပြိုင်တည်း ထုတ်ဖေါ် ပြလေရာ ဤဉာဏ် ၃-ပါး တို့သည် မည်သည့်သဘောမှထွက်ပေါ်လာသော ဉာဏ်များဖြစ် ပါသနည်းဟု ရှေးဦးစွာ ဝေ ဘန် ဆင် ခြင်သုံးသပ် ကြည့်ပါ။

ထိုဉာဏ် ၃-ပါးတို့၏ ထွက်ပေါ်လာသော သဘောရင်းကို မမြင် မတွေ့လျှင် လက်တွေ့နည်း မပေါက် နိုင် သေးဟု ဆိုလိုသည်။ လက် တွေ့ နည်း မပေါက်သော် သဘာဝ နည်းမှာ သာ၍ပင် ပေါက်နိုင်ရန် ဝေးစွတကား။ ဒေသနာ နည်းခေါ် ဉာဏ်စဉ် လောက်ကိုသာ စကြံ့ လျှောက်နေသော ယောဂီ ပုဂ္ဂိုလ် ဖြစ်၍ အဘယ်မှာလျှင် နိဿရဏခုတ် နှလုံးအိမ်မှာ ကိန်းဝပ်ဘည်နေ လက်ခံနိုင်ပါမည်နည်း။

ဘယဉာဏ် ဆိုသည်မှာ.... ဘေးဟု ထင်မြင်ခြင်းကို ဆိုလို၏။ လက်တွေ့နည်းအရ ဝေဘန်လျှင် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူအပ်သော အဝိဇ္ဇာရိပ်, တဏှာရိပ်, ကံရိပ်ခေါ် အကြောင်းတရားတို့၏အပေါ်၌ဘေးဟု ထင်မြင်ခြင်းပင် ဖြစ်သည်။

ဒုက္ခအနက် ၄-ချက်တွင်သွင်း၍ ဝေဘန်ပြန်သော် သန်္တတ္ထ ဟူသော သဘောတရားမှ ထွက် ပေါ် လာ သော ဉာဏ်ဖြစ်၍ အာရဒ္ဓယောဂီပုဂ္ဂိုလ်တို့သည် သန်္တတ္ထခေါ် ပူပြင်ခြင်းသဘော တရားကို ဒုက္ခဟုနှလုံးအိမ်၌ သိမ်းပိုက်ထင်မြင် အပိုင်သိမ်းဆည်း နေနိုင်လျှင် ပူပြင်မှုအမျိုးမျိုးတို့၏ အပေါ်၌ နောင်တဖန် ဖြစ် ပေါ်ခြင်းကို အလွန်ကြောက်လန့်တော်မူခြင်း, ဘေးဟု ထင်မြင် ခြင်းကို ခေါ်သည်။

အာဒီနဝဉာဏ် ဆိုသည်မှာ.... အပြစ်ကို မြင်သော ဉာဏ်ဟု ဆိုလို၏။ အပြစ်ကိုမြင်ခြင်းဆိုရာ၌လည်း ပဋိစ္စသမုပ္ပါဒ်ဒေသနာ တော်တွင် ရှင်ဘော်မြတ်ဘုရား ဟော ကြား တော် မူသော ပစ္စုပ္ပန်အကျိုးစက်ခေါ် ဝိညာဏ်, နာမ်, ရုပ်, သဠာယတန, ဖဿ,

ဝေဒနာ အကျိုးတရားတို့၏ အပေါ်၌ ဖြစ်ပေါ်ရခြင်း၏အဖြစ်ကို မြင်ခြင်းပင်တည်း။

ဤအာဒီနဝ ဉာဏ်ကိုလည်း ဒုက္ခအနက် ၄ - ချက်၌သွင်း၍ ဝေဘန်သော် ပိဋ္ဌနဋ္ဌ သဘောတရားမှ ပေါ် ထွက် လာရသော ဉာဏ်ဖြစ်သောကြောင့် ထိုဉာဏ်သို့ ဆိုက်ရောက်သော ယောဂီ ပုဂ္ဂိုလ်သည် ရုပ်ရုံနှင့် မျက်စိအကြည် ပေါင်းဆုံသဖြင့်ဖြစ်ပေါ် လာသော ပဉ္စက္ခန္ဓာအကျိုးရုပ် နာမ်ၖ သိမှုသဘောၖ စသော အာရုံ ၆-ပါး ဒွါရ ၆-ပါးတို့မှပေါင်းဆုံသဖြင့် ဖြစ်ပေါ်လာကြသော ပစ္စုပ္ပန်အကျိုး ရုပ် နာမ်ၖခေါ် သိမှုမျိုးတို့၌ သာယာမှု ခံစားမှု တဏှာပြတ်ကင်း၍ သိတိုင်း သိတိုင်း မြင်တိုင်း မြင်တိုင်း အာဒီနဝခေါ်အပြစ်သဘောသို့သာ ရှေ့ရှုထင်မြင်နေခြင်းကို အာဒီနဝဉာဏ် ဆိုက်သည်ဟု ဆိုလိုသည်။

**မှတ်ချက်။** ရှေးဦးစွာဖြစ်ပေါ်သော အာရုံ၏သိမှု၌ကား အပြစ်ကို မမြင်သေးသော်လည်း နောက် ဖြစ် ပေါ် သော အာရုံတို့၌ အပြစ်ကို မြင် သ ဖြင့် စိ တ် ကို အ လို လို ထိန်းသိမ်း ဆောက်တည်နိုင်မှု သည်လည်း အာဒီနဝ ဉာဏ်ပင်ဖြစ်ပေ၏။

နိဗ္ဗိန္ဒာဉာဏ်ဆိုသည်မှာ....ငြီးငွေ့ခြင်းသဘောတရားကိုဆိုလို၏။ ငြီးငွေ့ခြင်းဆိုသည်မှာလည်း ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်တွင် ရှင်တော် မြတ် ဘုရား ဟောကြားတော် မူအပ်သော ပစ္စုပ္ပန် အကြောင်းစက်ခေါ် တဏှာၖ ဥပါဒါန်ၖ ဘဝၖ အဝိဇ္ဇာၖ သင်္ခါရ ဟူသော သဘောတရားတို့၏ အပေါ်၌ ဇဖန် အကြောင်းမျိုးစေ့ ထွက်ပေါ် လာခြင်းကို ပိတ်ပင်ခြင်းသဘောသည် ငြီးငွေ့ ခြင်းမည်၏။

ဤ နိဗ္ဗိန္ဒာဉာဏ်ကိုလည်း ဒုက္ခာနုပဿနာ ၄-ချက်၌ သွင်းသော် သန္တာပဋ္ဌာနဟူသော သဘောတရားမှ ပေါ်ထွက်လာသော ဉာဏ်ဖြစ်သောကြောင့် ဤဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ် တို့သည် အနာဂတ်ဘဝတွင် ခန္ဓာငါးပါး ရုပ် နာမ် တရားတို့၏ အသစ်ဖြစ်ပေါ်မှုကို အလိုမရှိကြသဖြင့်ဤပစ္စုပ္ပန်ဖြစ်သောအတ္တဘော၌ ကံ ဖြစ်ပေါ် စေတတ်သော ဥပါဒါနက္ခန္ဓာ အစွဲမျိုးစေ့တို့ကို မကျစေဘဲ အသစ်ဖြစ်ပေါ်မှု ခန္ဓာငါးပါး တို့၏အပေါ်၌အစဉ် ငြီးငွေ့ခြင်း သဘောသို့ ဥက္ကောဝင်း ဆိုက်ရောက် နေ ခြင်း ကို နိဗ္ဗိန္ဒာဉာဏ်ဟု စေဘာန်သိမ်းဆည်းပါ။

ဤ၌ ကံမျိုးစေ့ မကျပုံကို စေဘာန်ပြဦးမည်။ ဤဉာဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် ဒါန၊ သီလ စသော ကုသိုလ်ကောင်းမှုကို ပြုသော်လည်း အနာဂတ် ဘဝခေါ် လူ၊ နတ် စည်းစိမ်ကို တောင့်တ၍ မပြုခြင်းကို ကံမျိုးစေ့ မကျဟု ဆိုလိုသည်။ အကျယ်မှာ ဓမ္မစကြာ ပဋိပတ် အဖွင့် ကျမ်းတွင် ရေးသားထားပါကြောင်း။

ဤသို့အားဖြင့် ဉာဏ်စဉ် ၃-ပါးတို့သည် ဒုက္ခာနုပဿနာဘာဝ တို့မှ မိမိတို့ဆိုင်ရာ အသီးသီးထွက်ပေါ်လာကြရသောဉာဏ်များ ဖြစ်လေသည်။ နောက်ဆုံးအချုပ် ဤဉာဏ်တို့၏ သဘောတရား ကို စုပေါင်းလိုက်သော် (ဝိပရိဏာမဋ္ဌ) ခေါ် သဘောတရား တချက်မှာပင် တရားဥက္ကောဝင်း ဆိုက်ရောက်ကြလေသည်။

ဤဖော်ပြအပ်သော လက်တွေ့နည်းခေါ် သဘောတရားတို့ မှာ အလွန်သိမ်မွေ့လှပေ၏။ အကြိမ်ကြိမ် အထပ်ထပ် ပွါးများ ဆင်ခြင် သုံးသပ်တော်မူကြ၍ အ ထက် ဉာဏ် ခေါ် (ဂ – လ္ဘာ စခန်း)သို့ တက်လှမ်းတော်မူနိုင်ကြပါစေသော်။

ပုံစံ ၈--လွှာ



## ပညာမြင် အနတ္တဉာဏ်စခန်း

ပထဝီဓာတ်နှင့် ဉာဏ် ၉-လွှာဟု ဝေဘန် ရေးသား ခဲ့သည့် အတိုင်း ပထဝီဓာတ်တပါးတည်းကိုပင် ၉-လွှာရအောင် ခွဲစိတ် ဝေဘန်ပုံတို့ကို ပုံစံနှင့်တကွ ထုတ်ဖေါ်ရှင်းပြလိုက်သဖြင့်အာရဒ္ဓ ယောဂီ ပညာရှိ ပုဂ္ဂိုလ် အပေါင်း တို့သည် ဝေဘန်သိမ်းဆည်း နိုင်ပေမည်။ ယခုအခါတွင် အနတ္တဉာဏ်စခန်းအလွှာသို့ လုပ်ငန်း စဉ်အတိုင်း ဆိုက်ရောက်လာပြီ ဖြစ်ပါကြောင်း။ ထိုအနတ္တ အလွှာသည်ကား ၇-ခုမြောက်ဖြစ်သောအလွှာမည်၏။ထိုအလွှာ ၏ သဘောတရားကို ဝေ ဘန် သိမ်း ဆည်း နိုင် ရန် ပုံစံနှင့်တကွ ဖေါ်ပြထားလေပြီ။

၎င်းပုံစံ၏ သဘောတရားကို ခွဲစိတ် ဝေဘန် မပြသေးမီ အတ္တ သာရဟူသော အစွဲသန္တတိတည်ရှိနေပုံကို သဘောပေါက်အောင် ဝေဘန်သိမ်းဆည်း ပြပေဦးအံ့။

အတ္တသာရ ဆိုသည်မှာ.... အစိုးရ၏ အလိုသို့ လိုက်၏ ဟု အခိုင်အမာ အနှစ်အသားအနေဖြင့် စွဲယူခြင်းကိုဆိုလို၏။ထိုစွဲယူ ခြင်းသည် အဘယ် သဘော တရား အ ပေါ် မှာ စွဲယူနေခြင်း ပါနည်း။ (ဝိပရိဏာမ) ခေါ် ဖေါက်ပြန်ပျက်စီးခြင်း သဘော ကိုပင်စွဲယူခြင်းဖြစ်၏။

စွဲယူနေပုံမှာ ပညာမြင် ဒုက္ခဉာဏ်ဖြင့် အလုံးစုံသော သင်္ခါရတရားတို့ကို သိမ်း ဆည်း အား ထုတ်သောအာရဒ္ဓယောဂီ ပုဂ္ဂိုလ်သည် မိမိ၏ဝိပဿနာအသိဉာဏ် တွင် သင်္ခါရ တရားတို့၏

ဝိပရိဏာမခေါ် ဖေါက်ပြန် ပျက်စီးခြင်း သဘောသည် အစဉ် မပြတ် ပေါ်ထွက်နေလေ၏။

ထို ဝိပရိဏာမ သဘောတရား သာလျှင်ရှိ၏။ ထိုသဘော တရားမှတပါး သင်္ခတ လောကကြီး တခုလုံးသည် အခြားသော သဘောတရားဟူ၍ကား မရှိနိုင်ပြီဟု ဝိပရိဏာမ သဘောတရား ကို အနှစ်အသား အရသာအနေနှင့် ခံစား ဆွဲကိုင် ထားခြင်းကို အတ္တသာရဟူ၍ခေါ်သည်။ထိုအတ္တသာရအစွဲသည်ကားအတ္တဒိဋ္ဌိ စွဲခေါ် အစွဲမျိုးမဟုတ်ပေ။ ပစ္စုပ္ပန်အကျိုး ဝိညာဏ်ရိပ်,သညာ ရိပ် (၀၁) ရှုမှတ်သော ဝိပဿနာ ဝိညာဏ်ရိပ် အစွဲမျှသာ ဖြစ်ပေသည်။

ထို ဝိပဿနာ အသိဉာဏ် ဝိညာဏ်ရိပ်ကြောင့် ဖြစ်ပေါ်လာ သောအစွဲကို နောက်ကဉပမာပြ၍ ထုတ်ဖေါ်ခဲ့လေပြီ။ဆိုလိုရင်း မှာ လမင်း၏ အရိပ်သည် လကိုကွယ်စေဘိ သကဲ့သို့ရင်း၊ မိမိ၏ အပြစ်သည် မိမိအား မမြင်အောင် ဖုံးကွယ်ထားဘိသကဲ့သို့ရင်း၊ မိမိ၏ မျက်စိမှ ထွက်သော အညစ် အကြေးကို မိမိ မမြင်နိုင် သကဲ့သို့ရင်း၊ ဤအစွဲသည်လည်း ဝိပဿနာ ရှုမှတ်သော စိတ် ကြောင့်ဖြစ်ပေါ်လာရသည့် အစွဲဖြစ်၍ လွယ်ကူစွာနှင့် မကျွတ် နိုင်ရာ။( ဆင်နှင့်အစ်၍ ဆွဲထုတ်ရသည့်ပမာ ခက်ခဲစွာဖြုတ်ပယ် ရပေမည်။)

အနတ္တ ဝိပဿနာဉာဏ် စခန်းတွင် ရှုမှတ်သော သင်္ခါရခေါ် သဘောတရား၏ သဘာဝတည်ရှိနေပုံကို အနည်းငယ် ရှင်းပြပါ ဦးမည်။ ဤဉာဏ်၌ ရှုမှတ်ပွါးများသော ဝိပဿနာ ဉာဏ်ခေါ်

သင်္ခါရတို့ကား ရုပ်နာမ် သင်္ခါရလည်း မဟုတ်ပေ။ ဖြစ်ပျက်ကြောင်း-ကျိုးခေါ် သင်္ခါရမျိုးလည်း မဟုတ်နိုင်ပေ။ အရိပ်အရောင်သဘောမျှသာရှိသော သင်္ခါရမျိုးဖြစ်ပေသည်။

**အရိပ်အရောင် သဘောဆိုသည်မှာ...** ရုပ်တရား နာမ်တရား ၂-ပါးတို့၏ ဖြစ်ပေါ်ရာ ရေသောက်မြစ်ခေါ် မူလရောတည် သဘောကို အရိပ်အယောင်ဟု ဝိပဿနာ အရာ၌ ခေါ်ဝေါ် သုံးစွဲလေသည်။ ထိုအရိပ်အရောင်ခေါ် ရေသောက်မြစ်သည် လည်း ၂-မျိုးရှိ၏။ (၁)အောက်သို့စူးဝင်နေသော ရေသောက်မြစ်။ (၂) အပေါ်ရံသို့ တွယ်ကုတ် နေသော ရေသောက်မြစ် ၂-မျိုးရှိရာ ဤအရိပ်အရောင် ရေသောက်မြစ်မှာကား အပေါ်ရံတွင် အမြစ်ကုတ်တွယ်နေသည့် ရေသောက်မြစ် ဖြစ်သောကြောင့် အရိပ်အရောင်ရေသောက်မြစ်ဟုခေါ်သည်။ အောက်သို့ စူးဝင်နေသော ရေသောက်မြစ်ကိုကား အနုသယ ရေသောက်မြစ်ဟူ၍ ခေါ်သည်။

ထိုအရိပ်အရောင်ကို လက်တွေ့နည်းနှင့် ရှာဖွေသော် ပညတ်ရိပ်နှင့်ပရမတ်ရိပ်ပင်ဖြစ်သည်။ ပညတ်ရိပ်ကိုစွဲ၍ ပရမတ်ရိပ်ထွက်ခြင်း, ပရမတ်ရိပ်ကိုစွဲ၍ ပညတ်ရိပ်ပေါ်ခြင်း, စသည်ဖြင့် အပြန်အလှန်စွဲ၍ ဖြစ်ပေါ်နေသော အရိပ်ပင်ဖြစ်သည်။ အစွဲခံရသည့် သဘောကို အရိပ်ခေါ်၏။ စွဲတတ်သည့်သဘောကား အရောင်မည်၏။ အရိပ်သဘောကို အကျိုး ဝိညာဏ် ရိပ် ခေါ်သည်။ အရောင်သဘောကိုလည်း အကျိုးသညာရိပ်အရောင်ခေါ်သည်။ ဤသို့ အရိပ်အရောင် သဘောမျှသာ ထွက်ပေါ်နေနိုင်သော သင်္ခါရ သဘောမျှသာ ရှိပုံကို ဉာဏ်အမြင် ပိုင်အောင် ဝေဘန်သိမ်းဆည်းပါ။

**မှတ်ချက်။** ဤဖော်ပြချက် သင်္ခါရတို့ကား သိရန် မလွယ်ကူလှပါသဖြင့် ပညာရှိသူတော်ကောင်းတို့သည်ဘာဝနာမယဉာဏ်ဖြင့် အကြိမ်ကြိမ် ပွါးများအားထုတ်နိုင်မှ အသိဉာဏ် အပိုင်ရနိုင်ပါမည်။

ဤအနုတ္တ အနုပဿနာ စခန်းသည်ကား ၈ - လွှာမြောက်ဖြစ်သော အလွှာဖြစ်ပါသည်။ ရှေ့အလွှာတွင် မဂ်ဉာဏ်စခန်းထွက် ပေါ် တော့မည် ဖြစ်၍ ဤအလွှာမှနေ၍ လောကီဉာဏ်အလုံးစုံကို သိမ်းကျုံးပြီး တရှိန်တက် မဂ်စခန်းကို တက်လှမ်းရမည်ဖြစ်သောကြောင့် သိမ်းဆည်းပုံကို အနည်းငယ် လက်တွေ့နည်း ဖော်ပြဦးမည်။ မိမိ၏စိတ်ကိုအထူးကြည်လင်ရွှင်စေလျက်ဤဖော်ပြချက်များကို ဝေဘန်သုံးသပ်ပါ။ အောက်မဂ်ရဘို့ရန်မှာ အသိဉာဏ်ရှေ့သွား ဖြစ်ပါသည်။ အကျင့်လမ်းကို အလွန်အမင်း အပြင်းအထန် အားမထုတ်သော်လည်း မဇ္ဈိမပဋိပဒါသို့ရောက်သော် ရနိုင်ပါသည်။ ရှင်တော် မြတ်ဘုရား နှင့် တကွပါရမီရှင်ကြီးများ မဂ်ရပုံကိုလည်း အထူးသတိပြုပါ။

အောက် မဂ်ဉာဏ် သည်ကား ဒိဋ္ဌိစွဲကိုသာ ပယ်နိုင်သည်ဟုပိဋကတ်တော်များက ဖော်ပြထားရာ ဒိဋ္ဌိစွဲကိုစိစစ်ဆားကြဦးစို့။ ဒိဋ္ဌိစွဲဆိုသည်မှာ ရုပ်ပေါ် နာမ်ပေါ်တွင် စွဲနေသော အစွဲပင်ဖြစ်သည်။ သို့ဖြစ်၍ ရုပ် နာမ်ကို တွေ့အောင် ရှေးဦးစွာရှာဖွေရမည်။

နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟ ဉာဏ်ခေါ် ဉာဘာရှိသောစခန်းသည် ရုပ်နာမ်ကိုရှာဖွေသောအခန်းဖြစ်ရာ ထိုဉာဏ် ၂ ပါးဖြင့် ရှာဖွေ၍တွေ့သော ရုပ်နာမ်မှာ ဆက်စပ်ခြင်းခေါ် သန္တတိသဘောပင် ဖြစ်ပေသည်။

ထိုဆက်စပ်ခြင်း သဘောကို တီရဏပရိညာဒေါ် သမ္မာသန ဉာဏ် ဥဒယဗ္ဗယဉာဏ် ၂-ပါးနှင့် ဝေဘန်ပြန်သော် သညာသိ သဘောနှင့်ဝိညာဏ်သိသဘောထွက်ပေါ်လာသည်။ ထိုသညာသိ ဝိညာဏ်သိ ၂-ပါးကို ပညာမြင် ဥဒယဗ္ဗယဉာဏ်ဖြင့် သိမ်းဆည်း သော် ၂-ပါးပေါင်း၍ သိသော အသိသည် ပညတ်သိ ဖြစ်၍ ၎င်းပညတ်သိကို ဥဒယဗ္ဗယဉာဏ်ဖြင့် သိမ်းဆည်းလေသည်။

ဤဉာဏ်ဖြင့်သိမ်းဆည်းသော် ပညတ်သိဒေါ် သညာပြဋ္ဌာန်း သော အသိဟူသမျှသည် ဇာတ်သိမ်း၍ ပရမတ်သိဒေါ်ဝိညာဏ် သဘောအသိသည် ကြွင်းကျန်လျက် ပညာမြင် အနိစ္စ, ဒုက္ခ, အနတ္တဉာဏ်ဒေါ် ပဟာန ပရိညာ စခန်းတွင် ထွက် ပေါ် လာ လေသည်။

ထိုပရမတ်သိဒေါ် ဝိညာဏ်သဘော၌ ပညတ်သိဒေါ် သညာ သဘော ကလေးသည် အလုံး အရင်း နှင့် မပါဝင်နိုင် ငြားသော်လည်း အရိပ်အရောင်အနေနှင့် လိုက်ပါကပ်မြှောင် နေသည်ကို ဝိပဿနာအရာ၌ အကျိုးဝိညာဏ်ရိပ် သညာရိပ်ဟု ခေါ်ဝေါ်သုံးစွဲလေသည်။

ထိုအရိပ်အရောင်အားဖြင့် သညာသိကလေး ကပ်တွယ်လိုက်ပါ နေခြင်းကို အနိစ္စဉာဏ်ဖြင့် ပယ်ထုတ်သည်။ ဒုက္ခဉာဏ်ဖြင့် ပယ် ထုတ်သည်။ အနတ္တဉာဏ်ဖြင့် ပယ်ထုတ်သည်။ ဤ ဉာဏ်ကြီး ၃-ပါးဒေါ် အနုပဿနာဉာဏ်များနှင့်ပယ်ထုတ်လိုက်သောအခါ ကပ်ပါ တွယ်လိုက် နေသော သညာသိဒေါ် ပညတ်သိသဘော

37 ကလေးသည် အရိပ် အရောင် အနေဖြင့် မ လိုက် နိုင် တော့ ဘဲ

အနုသယခေါ် ရေသောက်မြစ် သဘောသို့ ပြောင်းသွားပြန်သည်။ ဤရေသောက်မြစ်သဘောသို့ ပြောင်းသွားသောအခါ ဝိပဿနာဉာဏ် ၉ ပါးတို့က လက်လွှတ်လိုက်ရလေသည်။

**သညာသဘော ရေသောက်မြစ်**

ဋင်း သညာ သဘော ခေါ် ရေသောက်မြစ်ကလေးကို မျက်ခြေမပြတ်စောင့်ကြပ်ကြည့်ရှုရန် အနုလောမဉာဏ်က တာဝန်ယူစေလျက် မဂ်ဉာဏ်စခန်းသို့ တင်ပို့လေရာ မဂ်ဉာဏ်စခန်းက တချက်တည်းဖြင့် သညာ သဘော ရေသောက်မြစ်ကို ဖြတ်ပယ် သတ်လိုက်မှ ပြတ်ကင်းလေသည်။ ဤရေသောက်မြစ် ပြတ်ကင်းခြင်းကို ဒိဋ္ဌိစွဲကျွတ်သည်ဟု ခေါ်သည်။

ဒိဋ္ဌိစွဲဟု ခေါ်နေခြင်းသည်လည်း ပညတ်သိသညာသဘောပင်ဖြစ်သည်။ ထိုပညတ်သိ သညာ သဘောကလေး အမျိုးမျိုးပြောင်းလဲ ဖြစ်ပေါ်နေသော အခြင်း အရာကို ထောက်၍ ဒိဋ္ဌိစွဲကိုလည်း အမျိုးမျိုးထုတ်ဖော်၍ အတ္တဒိဋ္ဌိ,သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, ဝိသမဟေတုကဒိဋ္ဌိ စသည်ဖြင့် အမည်အမျိုးမျိုး မှည့်ခေါ်ကြလေသည်။

**ဝိပဿနာ ဉာဏ် ဆိုသည်မှာ**

ပညတ်သိ သညာသဘောကလေးအမျိုးမျိုးပြောင်းလဲ ဖြစ်ပေါ်ခြင်းကို အစဉ်မပြတ်လိုက်၍ အမည်မှည့်ခေါ် ထုတ်ဖော်ပြောဆိုပေးရသော ဉာဏ်တို့ကို ဝိပဿနာ ဉာဏ်ဟူ၍ ခေါ်သည်။ ထိုဉာဏ်တို့က ထုတ်ဘော်ကြ သော ပညတ် ပရမတ် အမည်, မာမှု ပျော့မှု အမည်, ကြောင်း-ကျိုး အမည်, ကာလ၃-ပါး

အမည်, ဖြစ်-ပျက် အမည်, စသော အမည် အမျိုးမျိုး တို့မှာ ပညတ်သိ သညာသဘောကလေးကို အမည်ထုတ်ဖော်၍ပြခြင်း တို့ပင် ဖြစ်ပေသည်။

ဤကား အာရဒ္ဓ ယောဂီ ပုဂ္ဂိုလ်များ အတွက် အချက်ကျ ဝေဘန်နိုင်ရန် ဝိပဿနာတရားတည်းဟူသော တောအုပ်ကြီးကို ရှင်းထုတ်တော်မူ၍ ပုန်းကွယ်နေသော ဒိဋ္ဌိစွဲတရားကို လက်ပူး လက်ကြပ် ဘမ်းဆီးချုပ်နှောင်ပြီးလျှင် မဂ်ရောက်နိုင်မည့်ပါရမီ ရှင်များ၏ လက်သို့ (၀) ကွက်၍ ၀ါ-သုညထိုး၍ မမှုစကြာ သာသနာပြုအဖွဲ့ချုပ်မှ ပေးအပ်လိုက်ပေသတည်း။

အနတ္တာ နုပဿနာညဏ်စခန်းဖြင့် ဆက်လက်၍ ဝိပရိဏာမ သဘောကို သုညလေးလုံးဖြင့် နုတ်သိမ်းပုံ အကျဉ်းမျှ ဖော်ပြ ပေဦးအံ့။

( ဝိပရိဏာမ ) သဘော တရားကို အနတ္တသဘာ၀ ၄-ချက် နှင့် ဝေဘန် သိမ်းဆည်း ရပေမည်။ ဤဖော်ပြအပ်သော ပုံစံ သည်ကား အနတ္တသဘာ၀ ၄-ချက်နှင့် ဝေဘန် သိမ်းဆည်း ပုံကို ဖော်ပြထားသော ပုံစံ ဖြစ်ပါကြောင်း။ သုညတ ဆိုသည်မှာ သုဉ်းဆိတ်ခြင်း သဘောကို ခေါ်သည်။ သုဉ်းဆိတ်ခြင်း သည် လည်း ၂-မျိုးရှိပြန်လေသည်။

၁။ အကြောင်း သုညတ သုဉ်းဆိတ်ခြင်း။

၂။ အကျိုး သုညတ သုဉ်းဆိတ်ခြင်း။

ဤသို့အားဖြင့် သုညတသည် ၂ - မျိုးရှိလေရာ နောက်က ပြဆိုခဲ့သော ပညာမြင် ဥဒယဗ္ဗယဉာဏ်စခန်းတွင် သုဉ်းဆိတ်ကြသော သုညတတို့ကား အကြောင်းသုညတတို့ဖြစ်ကြလေသည်။

၁။ ထိုအကြောင်း သုညတ သုဉ်းဆိတ်သဖြင့် သညာနှင့် ဝိညာဏ် ၂-ပါးတို့တွင် သညာသဘောသည် ဝိညာဏ်၏အရိပ်၌ တစင်ထောင် မနေနိုင်ဘဲ အရိပ်အရောင်ခေါ် အကျိုးသဘော သက်သက်အနေမျှသာ လိုက်နိုင်လေသည်။ ဝိညာဏ်ရိပ် သည် လည်း သညာဦးစီး မရှိတော့သဖြင့် သဘာဝတမျိုး ပြောင်း၍ ပရမတ်သိ နယ်သဘော ပညာနောက်သို့ ကောက်ကောက် ပါအောင် လိုက်ရသော်လည်း ၎င်းဝိညာဏ်ရိပ်သည်အမှားသဘော သညာ၏အရောင် အုပ်နေသေးသောကြောင့် အကျိုးဝိညာဏ်ရိပ် ဟူ၍ ခေါ်ဆိုခြင်းခံရလေသည်။

၂။ အကျိုးသုညတ ဆိုသည်မှာ.... ယခုဖော်ပြလိုက်သော အကျိုးဝိညာဏ်ရိပ်နှင့် အရောင်၊ အရိပ်လိုက်ပါနေသော အကျိုး သညာရိပ် ၂-ပါးတို့ အလုံးစုံဇာတ်သိမ်း၍ သုဉ်းဆိတ်သွားခြင်း ကို ဆိုလိုသည်။

ဤသုဉ်းဆိတ်ခြင်းသည်အရိပ်၊ အရောင် တို့၏ သုဉ်းဆိတ်ခြင်း မျိုးဖြစ်၍ ပညတ်ကိုစွဲ၍ ပရမတ်ပေါ်ခြင်း၊ ပရမတ်ကိုစွဲ၍ ပညတ်ပေါ်ခြင်းဟူသော အပြန်အလှန်ဖြစ်ပေါ်နေသော အစွဲ လောက ဇာတ်သိမ်းခြင်းပင် ဖြစ်သေး၏။ ပညတ် တရား တို့၏ ပေါ်ထွက်ရာ ရေသောက်မြစ်ကား ကြွင်းကျန်သေး၏။ ထို ရေသောက်မြစ်ကို ဂေါ်ဉာဏ်စခန်းက ဖယ်သတ်ပါလိမ့်မည်။

**မှတ်ချက်။** မဂ်ဉာဏ်စခန်းတွင် ၎င်း ရေသောက်မြစ် များကို မဂ်ဉာဏ် က လက်ခံ နိုင်ရန် အတွက် အနုလောမ ဉာဏ်က လျော်အောင် နာ မည် ပေး လိမ့် မည်။ (ဥပမာ) လူသတ်တရားခံကိုအဝတ်နီများ စွတ်ထား သလို မဂ်ဉာဏ်က လက်ခံနိုင်အောင်ပြုလုပ်ပေးလိမ့် မည်။ မျက်ခြေ မပြတ် အောင် သတိပြု ထားပါ။ မျက်ခြေပြတ်လျှင် အရှာရခက်လိမ့်မည်။

**အသာရကဋ္ဌ အနတ္တဆိုသည်မှာ....** အနှစ် အသား မရှိခြင်း သဘောကို ဆိုလိုသည်။ အနှစ်အသား ဆိုသည် မှာလည်း နောက်က ဖော်ပြခဲ့ပြီးသော အကြောင်း တရား မျိုးစေ့သည် အနှစ်အသားမည်၏။ အဘယ့်ကြောင့်ဆိုသော် ထိုအကြောင်း မျိုးစေ့သည် သံ်တ လောက ကြီးတွင် တဖန် ပြန် လည်၍ ဖြစ်ပေါ်နိုင်သော သဘောတရားဖြစ်သောကြောင့်ပင်တည်း။

မျိုးစေ့ဆိုသည်မှာလည်း သညာနှင့်ဝိညာဏ်၊ရုပ်နှင့် နာမ်၊ အကြောင်းနှင့်အကျိုး အချင်းချင်း ပေါင်းစပ်သဖြင့် ဖြစ်ပေါ် လာသော သဘောတရားကို မျိုးစေ့ဟူ၍ ခေါ်ဆိုခြင်းဖြစ်ပေ သည်။ ဤပေါင်းစပ်သော သဘောတရားတို့ မပေါ်နိုင်အောင် (ဝါ)မပေါင်းစပ်နိုင်အောင် (ကျွဲ နွား များကို ဆုံးမကွပ်ညှပ်) သည့်အလား ဥဒယဗ္ဗယဉာဏ်စိန်သွားဖြင့် ပယ်ထုတ်ခဲ့ပြီးဖြစ်၍ ဤအနတ္တ အနုပဿနာဉာဏ်ငြင်စခန်းတွင် သညာရုပ် ဝိညာဏ် ရုပ်တို့သည် ဓာတ်မသိမ်းသေး၍ ပေါ် ထွက် နေ သော် လည်း အကြောင်းမျိုးစေ့ မပေါ်ထွက်နိုင်ရာ။

ဥပမာ။ အသက်(၆၀)ကျော် အမယ်အိုကြီးသည် (၁၈) နှစ်အရွယ်ရှိကလေးနှင့် အိမ်ထောင်ဘက် ပြုသော်လည်း မိမိမှာ မျိုးစေ့ဖြစ်ပေါ်နိုင်သော သွေးအားလေအားမရှိသဖြင့် တဖန် ထပ်၍ ကိုယ်ဝန် တည်း ဟူသော သားကို မရနိုင် သကဲ့သို့ ဤသညာရိပ် ဝိညာဏ်ရိပ်တို့သည်လည်း သဘာဝကပင်မျိုးစေ့ သုဉ်းဆိတ်နေပြီဖြစ်၍ အဘယ်မှာလျှင် အနှစ်အသား ရှိနိုင်ပါ မည်နည်း။

ဤဝိပရိဏာမသဘောသည်လည်း အကြောင်းမျိုးစေ့အနှစ် အသား မြုမျှမရှိသော သဘော တရား အမှန် ဖြစ်သောကြောင့် ၎င်း၏သဘာဝသည် အသာရကဋ္ဌ ခေါ် သဘောတရားသို့အစဉ် ဥက္ကောင်း ကျရောက်နေခြင်းကို အနှစ်အသားမရှိဟု ပညာဖြင့် သိမ်းဆည်းခြင်းပင်ဖြစ်သည်။ ဤ၌ ပညာဖြင့် သိမ်းဆည်းခြင်း ဆိုသည်မှာလည်း သညာဝိညာဏ် သဘောများကဲ့သို့ လက်ညှိုး ထိုး၍ လုပ်ကြံပြီးလျှင် တရားခံကို စီရင်ရသော သဘောမျိုး မဟုတ်ပေ။ သူ့သဘာဝအတိုင်း တောက်တဲ့ တောက်တဲ့ဟု မည်ဟစ်လာသော အကောင်ကို သဘာဝအတိုင်း တောက်တဲ့ ဟု မြင်အောင်ရှုခြင်းကို သိမ်းဆည်းခြင်းဟု ဆိုလိုသည်။

ပရတ အနတ္တဆိုသည်မှာ.... မိမိနှင့်မဆိုင် တစိမ်းပြင်ပဖြစ် သော သဘောတရားကို ဆိုလိုသည်။ ဤ၌ တစိမ်းပြင်ပအရ ဝေဘန်ပြန်လျှင် ဝိပရိဏာမသဘောတရားသည် တစုံတခုသော ဆွဲကိုင်စရာ အကြောင်းတရား အုပ်စိုးခြင်းမှ လုံးဝလွတ်ကင်း၍ သူ့အလိုလို သူ့သဘာဝအတိုင်း ဖေါက် ပြန် ပျက် စီး ခြင်း သဘောသို့ မည်သို့မျှ ကြောင့်ကြမစိုက်ဘဲ (ဝ၊)ရောက်ပါစေ

ကျပါစေ ဟူသော ဗျာပါရ မရှိဘဲ ဥက္ကောင်း ဆိုက်ရောက်နေသော သဘောတရားဖြစ်သောကြောင့် ပရတ သဘောအရာ၌ တည်ရှိနေလေသည်။

ဤတည်ရှိနေသော သဘောတရားသည်ပင်လျှင် အနတ္တာနုပဿနာ ပညာမြင်စခန်းကို ထုတ်ဖော်၍ ပြုခြင်းပင် ဖြစ်ပေသည်။ ဆိုလိုရင်းမှာ ဝိပရိဏာမ သဘောတရား၌ပင် ပညာမြင် အနတ္တညာဏ် ရှိနေပုံကို အာရဒ္ဓ ယောဂီ ပုဂ္ဂိုလ်များ သိရှိနိုင်ရန် ရှင်တော်မြတ်ဘုရားက ပရတ သဘောကို ထုတ်ဖော်၍ ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

ထို့ကြောင့် ဤဝိပရိဏာမ သဘောတရားသည် အကြောင်းတရားတို့၏ အုပ်စိုးဆဲ့ကိုင်ခြင်း ဟူသော အတ္တရိပ်မရှိဘဲ အပြင်သဘော အနတ္တခေတ်သာရှိသဖြင့် မပိုင်ဆိုင်သော သဘောသို့ ရောက်ရှိနေခြင်းကို ပညာမြင်အနတ္တညာဏ်ဖြင့် အပိုင်သိမ်းဆည်းနိုင်ရန် ဖော်ပြခြင်းပင် ဖြစ်ပေသည်။

**အဝသဝတ္တန** ဆိုသည်မှာ....အလိုသို့မလိုက်ခြင်းသဘောပင် ဖြစ်ပေသည်။ အလိုသို့မလိုက် ဆိုခြင်းမှာလည်း အစိုးမရခြင်းသဘောပင်ဖြစ်သည်။ အစိုးမရပုံကို အကျယ်အားဖြင့် ဝေဘန်သိမ်းဆည်းသော် ဤနေရာ၌ ပေါ်ထွက်နေသော ဝိပရိဏာမ သဘောတရားသည် အရေးပါအရာရောက်ကြသော ရုပ်သဘော နာမ်သဘော အကြောင်းသဘော အကျိုးသဘော ဖြစ်-ပျက် သဘောခေါ် အလုံးစုံသော သဘောတရားတို့သည် သဲဦးဆိတ်၍ အရိပ်အရောင် သဘော အနေမျှသာ ပေါ်ထွက်နေသော သဘောတရား ဖြစ်လေသည်။

တစုံတခု ဆွဲကိုင်ပြစရာ အခြေခံ အဋ္ဌမြစ်ကား အလျှင်းမရှိတော့သဖြင့် သူ့သဘာဝသည်လျှင် သင်္ခတလောက၏ အလိုသို့ မလိုက်နိုင်ဘဲ အသင်္ခတသဘောသို့ ဥက္ကောင်း ဆိုက်ရောက်သွားခြင်းကို ဆိုလိုသည်။ ထို့ကြောင့် ဝိပရိဏာမခေါ် ဖေါက်ပြန်ပျက်စီးခြင်းသည် သင်္ခတ လောကကြီး၏ အလိုကို မလိုက်ဘဲ သင်္ခတလောက၏ ဇာတ်သိမ်းခြင်းကို ဆိုလိုရင်းဖြစ်သည်။

**မှတ်ချက်။** ဤအဝသဝတ္တနသဘော အနတ္တသည် သမုတိသစ္စာ ပညတ်နယ်ကြီးကို နုတ်ပယ်၍ ဇာတ်သိမ်းလိုက်သော အနတ္တ အစစ် ဖြစ် ပေ သည်။ ဤ အနတ္တမှ နေ၍ အသင်္ခတဓာတ်ခေါ် မဂ်ဉာဏ်တရားပေါ်ထွက်မည် ဟု မှတ်ပါ။

ဤသို့အားဖြင့် ဝိပရိဏာမသဘောတရားကို အနတ္တသဘော ၄-ချက်ဖြင့် သိမ်းဆည်းရာတွင် ထိုအနတ္တ ၄-ချက် စလုံးသည် ဝိပရိဏာမသဘောသို့ အလုံးစုံ သက်ဝင် နိုင်လေရကား အရိပ်အရောင်ခေါ် သညာရိပ်,ဝိညာဏ်ရိပ် ဇာတ်သိမ်း၍ သင်္ခတ လောက ပညတ်နယ်ကြီး ချုပ်ငြိမ်းခြင်းသို့ ဥက္ကောင်း ဆိုက်ရောက်လေလည်း။

ဤဖေါ်ပြခြင်းကား ဒေသနာနည်းအရ စေဘာန်သိမ်းဆည်း၍ ပြခြင်းပင်ဖြစ်ပါသေး၏။ လက်တွေ့နည်းအရ တဖန် ဝေဘန်သိမ်းဆည်း ပြပေဦးမည်။ မျက်ခြေမပြတ်အောင် အနတ္တအသိဉာဏ်ဖြင့် အာရုံ အထူးပြုထား စေလိုပါသည်။ ဤကား သတိပေးခြင်းပင်တည်း။

## ဝိပဿနာလုပ်ထုံးကျမ်း (၂၉၇)

**လက်တွေ့နည်း ဝေဘန်သုံးသပ်ပုံ** သညာတခေါ် သဘောတရားနှင့် အသာရကဌသဘောတရားနှစ်ပါးတို့ကား သညာရိပ်ကို ပယ်သတ်ကြသော သဘော တရားများဖြစ်ကြလေသည်။ အဘယ်ကြောင့်ဆိုသော် သညာတ သုဉ်းဆိတ်ခြင်းနှင့် အသာရကဌ အနှစ် အသား မရှိခြင်း တို့သည် အကြောင်းရိပ်မှ ထွက်ပေါ်လာသော မျိုးစေ့နှင့် အကြောင်းရိပ်ကြီးကို ပယ်သတ်ခြင်းပင်ဖြစ်လေသည်။

အနှစ်အသား မရှိခြင်းဆိုသည်မှာလည်း အကြောင်းမျိုးစေ့ကိုဆိုလို၏။ သုဉ်းဆိတ်ခြင်းဆိုသည်မှာလည်း အကြောင်းရိပ်ပင်ဖြစ်၍ ဤနှစ်ပါးတို့ကား အကြောင်းနာမ်ရိပ် အကျိုးနာမ်ရိပ်ကို ပယ်သတ်သည်ဟု မှတ်။

ပရတ သဘောနှင့် အဝသဝတ္တန သဘောတို့ သည်ကား ဝိညာဏ်ရိပ်ကို ပယ် သတ် ကြ လေ သည်။ မဆိုင်ခြင်း သဘောဆိုသည်မှာလည်း အစိုးမရခြင်း ကြောင့်ပင် ဖြစ်၏။ အစိုးမရခြင်း သည် လည်း မပိုင်ခြင်း မဆိုင်ခြင်း သဘောပင် ဖြစ်၏။ ထို့ကြောင့် ပရတသဘောကား အကြောင်းရုပ်ရိပ်ကိုသတ်၏။ အဝသဝတ္တနကား အကျိုး ရုပ် ရိပ် ကို သတ်၏။ ဆိုလိုရင်းမှာ ပညတ်နှင့်ပရမတ်သည် တဦးနှင့်တဦးစွဲ၍ ထွက်ပေါ်နေခြင်းကို ရုပ်ရိပ် နာမ်ရိပ်ဟုခေါ်သည်။ ဤအရိပ်ကို အနုပဿနာအနုတ္တဉာဏ်က ပယ်သတ်ပေးနိုင်မှ မဂ်သို့တင်မည့် အနုသယ တဆုံးခံစစ်ကို တွေ့နိုင်သည်ဟု ဆိုလိုသည်။

မှတ်ချက်။ လူပေါင်း တရာသည် လူပေါင်း တရာလုံး မဂ်ဝင် တရားခံကို မတွေ့ဘဲ နေကြသည်။ လူတထောင်မှ တယောက် လောက်သာ မဂ်ဝင်တရားခံကို တွေ့နိုင်သော အရိယာခေတ် ဖြစ်၍ တရားခံကို တွေ့နိုင်ရန် အကြိမ်ကြိမ် အထပ်ထပ် လက်ဆွဲ၍ ပြနေခြင်းဟု မှတ်ကြစေလိုပါကြောင်း ထပ်လောင်း၍သတိပေးပါသည်။

သဘာဝနည်းနှင့်လည်း ဤသုညတစသောသဘောလေးပါးတို့ကို သိမ်းဆည်းဝေဘန်၍ပြပေအံ့။ သဘာဝနည်းဆိုသည်မှာ (ကောဓမ္မော)ပင်ဖြစ်ပေ၏။ ကောဓမ္မောအရ သုညလေးလုံးကိုပေါင်း၍ အဆီညှစ်လိုက်သော် အဝသဝတ္တနခေါ် သဘောတရားတခုသာ ထွက်ပေါ်လာပေသည်။

ထွက်ပေါ်လာပုံမှာ ရှေးဦးစွာ သုညတသဘောကို စစ်ဆေးရမည်။ အဘယ့်ကြောင့် သုဉ်းဆိတ်ရသနည်း စစ်ဆေးသော် အာသာရကဋ္ဌခေါ် အနှစ်အသား မရှိသဖြင့် သုဉ်းဆိတ် ရပါသည်ဟု အဖြေ ထွက်ပေါ် လာသည်။ တဖန်ထပ်၍ အဘယ့်ကြောင့် အနှစ်အသားမရှိရပါသနည်းဟု စစ်ဆေးမေးမြန်းသော် မိမိမဆိုင် မိမိမပိုင်သောကြောင့် အဖြေထွက်ပြန်လေသည်။

အဘယ့်ကြောင့် မိမိမပိုင် မိမိမဆိုင်ရပါသနည်းဟုစစ်ဆေးပြန်သော် အဝသဝတ္တန ခေါ် အစိုးမရ အလို မ လိုက် သောသဘောတရား ဖြစ်သောကြောင့်ဟု အဖြေ ထွက်ပေါ် လာလေသည်။ ဤအဝသဝတ္တန သဘောတရားသည် သုညအနက်

၄-ချက်တို့တွင် နောက်ဆုံး အဆီညှစ်၍ ထွက် ပေါ် လာသော သဘောတရားဖြစ်သောကြောင့်သဘာဝနည်းအရကောဓမ္မော ဝေဘန်ချက်တွင် သွင်းနိုင်လေသည်။

ဤသို့အားဖြင့် သဘာဝနည်းနှင့် ဝေဘန် သိမ်းဆည်း လိုက်သော် မဂ်သို့တင်ရမည့် တရားခံသည် အဝိသဝတ္တနခေါ်သဘော တရားပင် ဖြစ်ပေသည်။ ဤအစိုးမရ အလိုသို့မလိုက် ဟူသော သဘောတရားကို မဂ်သို့သွင်းသောအခါ ဤအမည်နှင့်သွင်းမည် မဟုတ်။ အဘယ့်ကြောင့်ဆိုသော် ဤအမည်သည်ကားအနတ္တာ နုပဿနာ ဉာဏ်စခန်းတွင် ခေါ်ဝေါ် သုံးစွဲထားသော အမည် ဖြစ်၍ သင်္ခါရုပေက္ခာဉာဏ်၏ ကျက်စားရာ အာရုံတွင်း မှာပင် ထွက် ပေါ် နေ သော အမည် ဖြစ်ပေသည်။ ထိုသင်္ခါရုပေက္ခာ ဉာဏ်မှ လွတ်မြောက်၍ အနုလောမဉာဏ်၏ ကျက်စားရာ အာရုံ သဘောသို့ ကူးပြောင်းတင်သွင်းနိုင်ရန် သင်္ခါရုပေက္ခာ ဉာဏ်၏ အဆုံးတွင် မဂ်ဝင်တရားခံအဖြစ် အမည်နာမနှင့်တကွ သဘာဝ တရား ထပ်မံ၍ ပေးရပေလိမ့်မည်။ သို့မှသာ အနုလောမဉာဏ် က လက်ခံ၍ မဂ်ဝင်တရားခံဖြစ်နိုင်မည်။

ဥပမာ။ လောကီ ရုံးတော် များ တွင် လူသတ်မှု တရားခံကို စစ်ဆေးရာတွင် ရှေးဦးစွာ အထူးအာဏာရတရားသူကြီးရုံးတွင် အမှုကို စစ်ဆေးစေလျက် ပြစ်မှုထင်ရှားသောအမှုကို စီရင်ချက် ရေးသား၍ လူသတ်တရားခံအား ခြေထိပ် လက်ထိပ် ၂-ဘက် ခပ်၍ အဝတ်နီကိုဝတ်စေပြီးလျှင် စက်ရှင်မင်းကြီး ရုံးတော်သို့ ပို့နှင်းတော် မူဘိုသကဲ့သို့ ဤအဝသဝတ္တန သဘော တရားကို

လည်း လူသတ်တရားခံ နည်းအတူ အမည်နာမ ကူးပြောင်း၍ တပ်ရပေလိမ့်မည်။

ဤကား သဘာဝနည်းအရ ဝိပဿနာ အာရဒ္ဓပုဂ္ဂိုလ်များ ဝေဘန် သိမ်းဆည်း နိုင်ရန် အကျဉ်းမျှ ဖော်ပြ လိုက် ပေ၏။ အကျယ် ဝေဘန်နည်း ကိုလည်း ထပ်မံ၍ ထုတ်ဖော် ပြဦးမည်။ ဤအနုတ္တာနုပဿနာ ဉာဏ်စခန်းတွင် ထုတ်ဖော် ထား သော သုည ၄-လုံးတို့သည်ကား မဂ် ၄-လုံးနှင့် သက်ဆိုင်နေကြလေသည်။ သုညတ အနုတ္တသည်ကား သောတာပတ္တိမဂ်သို့ဝင်သော တရားခံဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် သောတာပတ္တိ မဂ်ဉာဏ်သည်ကား ဒိဋ္ဌိစွဲကိုသာ ပယ်ဖြုတ်နိုင်သေးသဖြင့်သုညတ သည်လည်း ဒိဋ္ဌိစွဲပေါ်တွင် ပယ်ဖြုတ်ရန် ပေါ်ထွက်လာသော သဘာဝဖြစ်ပေ၏။

အသာရကဋ္ဌ အနုတ္တဆိုသည်မှာ.... သကဒါဂါမိ မဂ် ဉာဏ် စခန်းသို့ ဝင်နိုင်သော တရားခံဖြစ်လေသည်။ အဘယ်ကြောင့် ဆိုသော် ဒိဋ္ဌိစွဲကျွတ်ပြီးသောပုဂ္ဂိုလ်သည် တဏှာကိုပယ်သတ်ရန် အရေးပေါ်လာပြန်ပေသည်။ တဏှာဖြစ်ပေါ်ခြင်းသည် အာရုံ၏ အပေါ်၌ အနှစ်အသားဟု ဆွဲကိုင်ထား မှုကြောင့် တဏှာ ဖြစ်ပေါ်ရခြင်းဖြစ်၍ ပစ္စုပ္ပန်အရိပ်၏ အနှစ်အသား မရှိပုံကို သိမ်းဆည်းသော အနုတ္တဉာဏ်ဖြစ်လေရကား သကဒါဂါမိ မဂ် ဉာဏ်စခန်းသို့ ဥက္ကောင်းဆိုက်ရောက်နေလေသည်။

ပရတ အနုတ္တဆိုသည်မှာ.... အနာဂါမိ မဂ်ဉာဏ် စခန်းသို့ ဝင်နိုင်သော တရားခံဖြစ်လေသည်။ အဘယ်ကြောင့် ဆိုသော် အနာဂါမိမဂ်သည်ကား ကာမရာဂကိုအကြွင်းမဲ့ပယ်သောမဂ်ဖြစ်

၍ ပရတသဘောအနတ္တသည်လည်းပစ္စုပ္ပန်အရိပ်၏အပေါ်တွင် ပယ်သတ် လေရကား အနာဂါမိ မဂ်နှင့် လျော်ကန် လျောက် ပတ်သော သဘောတရားဖြစ်နေကြလေသည်။

**အဝသဝတ္တန** အနတ္တဆိုသည်မှာ.... အရဟတ္တမဂ်ဉာဏ်စခန်းသို့ တက်လှမ်းဝင်နိုင်သော တရားခံ ဖြစ်လေသည်။ အဘယ့်ကြောင့်ဆိုသော်အရဟတ္တမဂ်ဉာဏ်သည်မာနတရားကို အကြွင်းမဲ့ ပယ်သတ်သော မဂ်ဉာဏ်ကြီးဖြစ်၍ မာန သဘောအရ ဝေဘန်ပြန်သော် ပညတ်နာမ်ရိပ် အပေါ်တွင် ဆွဲကိုင်ထားသော အစွဲဖြစ်၍ ထိုပညတ်နာမ်ရိပ်ကို အဝသဝတ္တန အနတ္တသည် အပိုင်သိမ်းဆည်းနိုင်လေရကား အရဟတ္တမဂ် ဉာဏ်စခန်းတွင်သဘာဝဆိုက်ရောက်နေလေသည်။

ဤသို့ အားဖြင့် အနတ္တ ၄-မျိုးကို မဂ် ၄-ပါးနှင့် ဝေဘန်သိမ်းဆည်းရပေမည်။ ဤသို့သိမ်းဆည်းသော် သောတာပတ္တိမဂ်သို့ ဝင်သောတရားခံသည် သုညတအနတ္တဖြစ်ပေ၏။ သဘာဝနည်းနှင့် အကျဉ်းဝေဘန်ချက်တွင်ကား မဂ်သို့ဝင်သောတရားခံသည် အဝသဝတ္တန အနတ္တဖြစ်သည်ဟု ဝေဘန်ခဲ့လေသည်။ ဤဝေဘန်ခြင်းသည် မဂ်၄-ပါးတို့၏အပေါ်ကိုတပေါင်းတည်းပြု၍ ဝေဘန်သည်ဟုမှတ်။ အကျယ်ဝေဘန်ချက် မှာကား မဂ် ၄-ပါးကို ခွဲစိတ်ဝေဘန်သည်ဟုမှတ်။ ဆိုလိုရင်းမှာ မဂ်တပါးဝင်လျှင် မဂ်-၃ပါးလည်းဝင်နိုင်သည်ဟုမှတ်။ သို့ရာတွင် ပြဋ္ဌာန်းမှုအပေါ်တွင် မူတည်၍ အနတ္တ ၄-ချက်ကို မဂ်၄-ချက်နှင့်ခွဲစိတ်ဝေဘန်လိုက်ခြင်း ဖြစ်ပေသည်။

ဤသို့အားဖြင့် သဘာဝနည်းအရ အနန္တ ၄-ချက်ကို မဂ် ၄-ပါးနှင့် ခွဲစိတ်ဝေဘန်ပြသဖြင့် ပါရမီရှင်များတရားဥက္ကောင်း တက်ပုံကို ဝေဘန်နိုင်လောက်ပေပြီ။

သုညတ အနန္တ သည်သာလျှင် အောက် မဂ် ဉာဏ် ခေါ် သောတာပတ္တိမဂ်တွင် တရားဥက္ကောင်းအဖြစ်သွင်းနိုင်လေရကား ထိုသုညတ အနန္တကို အကျဉ်းနည်းအားဖြင့် ခွဲစိတ်ပြန်သော် ၂-မျိုးရ၏။

၁။ အကြောင်း သုညတ အနန္တ။
၂။ အကျိုး သုညတ အနန္တ။

အကြောင်း သုညတ အနန္တဆိုသည်မှာ ဥဒယဗ္ဗယဝိပဿနာ ဉာဏ်စခန်းတွင် ပယ်သတ်ခဲ့သော ဖြစ်-ပျက်ခေါ် သညာသဘော ဝိညာဏ်သဘောတို့ပင် ဖြစ်ပေသည်။

ထိုမှတပါး ထိုသညာ ဝိညာဏ်တို့ ပေါ်ထွက်ရာ အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရဟူသော အကြောင်းတရားနှင့်တကွ အတ္တ ဒိဋ္ဌိ, သဿတဒိဋ္ဌိ, ဉစ္ဆေဒဒိဋ္ဌိ, အကိရိယဒိဋ္ဌိစသော ဒိဋ္ဌိစွဲ ၄-ချက် တို့သည် အကြောင်းသုညတ အနန္တသဘောသို့ ဥက္ကောင်းဆိုက် ရောက်၍ ဇာတ်သိမ်းခဲ့လေသည်။

အကျိုးသုညတ ဆိုသည်မှာ,... ဘင် ဉာဏ်က စ၍ ထွက်ပေါ် လာသော ရှုတတ်သော သဘော တရား ခေါ် ပစ္စုပ္ပန်အကျိုး ဝိညာဏ်ရုပ် သညာရုပ်နှင့်တကွ မုချကျိုးသာမန်ကျိုးအာနိသံသ ကျိုးခေါ် အလုံးစုံသောသင်္ခါရအရုပ်နိမိတ်တို့ကို အကျိုးသုညတ ဟူ၍ ခေါ်ဆိုနိုင်လေသည်။

ထိုအကျိုးသုညတ တရားအစုတို့သည် အနုပဿနာဉာဏ်စဉ်သို့လိုက်၍ အဆင့်ဆင့် ဇာတ်သိမ်းလာခဲ့ရာ ယခုအခါ အနတ္တာနုပဿနာခေါ် သုညတ အနတ္တ စခန်းတွင် အရိပ် အရောင်မျှ မကျန် ပညတ် ၄-ပါးနှင့်တကွ ပေါ်ထွက်နေသော သင်္ခါရ အရိပ်ကြီးသည် ဇာတ်သိမ်း သွားရ ပြန်လေသည်၊ ဤသင်္ခါရ အရိပ်ကြီး၏ ဇာတ်သိမ်း ခြင်းကိုလည်း အကျိုး သုညတ ဟူ၍ ခေါ်သည်။

ထိုအကျိုးသုညတ မျိုးကို မဂ်ဉာဏ်သို့ တရားခံအဖြစ် သွင်းရမည်ဟု ဝေဘန်သော ပညာရှင်သည် မဂ်တရားခံ အစစ်ကို တွေ့ပြီ မြင်ပြီဟု မဆိုနိုင်ရာ။ သို့ရာတွင် ယခုအခါ မဂ်ဆိုက်ပြီ ဖိုလ်ဆိုက်ပြီဟု တွက် ကိန်း ထုတ် နေ ကြသော လူဘရာလျှင် တရာလုံးတို့သည်ကား ဤအကျိုးသုညဘမျိုးကို မဂ်သွင်းနေကြလေသဖြင့် သာသနာတော်၌ ပေါ် ထွက် နေ သော အရိယာနေဝန်းကြီးသည် မိုဃ်းတိမ်တိုက်တို့အုပ်ဆိုင်းလျက်ရှိနေသည်ဟု ဆိုလိုသည်။

ဤဖော်ပြခြင်းသည် အစစ်ကိုမြင်စေလိုသော သဒ္ဓါတရားဖြင့် ဖော်ပြခြင်းဖြစ်ပါသည်။ တပါးသော ပုဂ္ဂိုလ်တို့၏ မဂ်ရခြင်း ဖိုလ်ရခြင်း၏ အပေါ်၌ မနာလို ဝန်တို ဣဿာ မစ္ဆေရသဘော လုံးဝမရှိပါ။

အကျိုးသုညတသည်လည်း ၂-မျိုးရှိ၏။

၁။ သင်္ခါရ အရိပ် နိမိတ်၏ ဆိတ် သုဉ်း ခြင်း ခေါ် အကျိုးသုညတ တပါး။

၂။ အနုသယသဘောခေါ် ရေသောက်မြစ်ဖြစ်သော အကျိုးသုညတ တပါး။

ဤသို့ ၂-မျိုးရှိသည်။

၁။ သင်္ခါရအရိပ်နိမိတ်တို့၏ ဆိတ်သုဉ်းခြင်းသုညတသဘောသည် ရုပ်ရိပ် နာမ်ရိပ် သညာရိပ် ဝိညာဏ်ရိပ်ပြတ်သော အနုတ္တာနုပဿနာ ဉာဏ်အမြင် သုညတမည်၏။

၂။ အနုသယခေါ် အကျိုးသုညတ ဆိုသည်မှာ အနုတ္တာနုပဿနာဉာဏ်ဖြင့် အလုံးစုံသောသင်္ခါရတရားတို့၏ အရိပ်နိမိတ်ကို ဆိတ် သုဉ်း လိုက် သည် ရှိသော် ပညတ်သမုတိ သစ္စာနယ်ဟူသော သင်္ခတ လောကကြီး သည် အရိပ် အရောင် အနေဖြင့် ဓာတ်သိမ်း၍ ချုပ်ငြိမ်းခြင်းသဘောသို့ ဆိုက်ရောက်သောအခါ ထိုသင်္ခတ လောကကြီး၏ အနုသယခေါ် ရေသောက် မြစ်ကြီး ထွက်ပေါ်လာလေသည်။

ထိုရေသောက်မြစ်ကား အနုလောမဉာဏ်၏အခေါ် ပဋ္ဌက္ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ ဟူ၍ခေါ်သည်။ ထိုပဋ္ဌက္ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ ၂ ပါးကို အဘိဓမ္မာနည်း၌ ဒိဋ္ဌိစွဲနှင့် ဝိစိကိစ္ဆာ ဟူ၍ ခေါ်ပြန်သည်။ ထိုရေသောက်မြစ်သည် အလုံးစုံသော သင်္ခတ လောကကြီးမှ ညှစ် ထုတ် ထား သော သဘော တရား ဖြစ်၍ အကျိုးတရား အစစ်အမှန် ဖြစ်ပေသည်။

ထိုအကျိုးတရား ကိုလည်း နာမည်မှည့်ခေါ်သော အခါ သုညတသဘောမှ နောက်ဆုံး ထွက်ပေါ်လာရသော အကျိုး တရားဖြစ်၍ ပညာရှင်များ မြင်လွယ်သိလွယ်စေခြင်းငှါ အကျိုး သုညတဟု အမည်ပြုလေသည်။ ထို့ကြောင့်ဝိပဿနာတရားလုပ် ငန်းစဉ်ကို နှစ်ရှည် လများ ပွါးများ အားထုတ်ကြသော ပညာ ရှိကြီးများက မိန့်မှာစကား ပြောကြားခဲ့သည်မှာ အကြောင်း တရားကို ပယ်သတ်သည်ထက်အကျိုးတရားကို ပယ်သတ်ရခြင်း ကားသာလွန်၍ခဲယဉ်းပေသည်ဟုမိန့်မှာစကားထားခဲ့ပေသည်။ ထို့ကြောင့် အနုသယခေါ် အကျိုးသုညတကို (၉·လွှာစခန်း တွင်) မဂ်သဘာဝ ၄·ချက်ထုတ်၍ သောတာပတ္တိမဂ်ဉာဏ်တွင် အကြွင်းမရှိရအောင် တချက်တည်း ပယ်သတ်ပါလိမ့်မည်။

ဤဖော်ပြအပ်သော စကားအစဉ်ဖြင့် ဒိဋ္ဌိစွဲအဆင့်ဆင့် နေပုံ,ရုပ်နာမ်စသောသဘာဝအမျိုးမျိုးပေါ်ထွက်ပုံ,ဉာဏ်စဉ် အသီးသီးရှိနေပုံတို့ကို ဝေဘန်သိမ်းဆည်းပြသဖြင့် ပါရမီရှင် များ သိနိုင်လောက်ပါပြီ။ ဤအနုတ္တာနုပဿနာ ပညာစခန်း၌ ဉာဏ်စဉ်ကြီး ၃·ပါးနေပုံကို ဆက်လက်၍ ဝေဘန်သိမ်းဆည်း ပြပေအံ့။

**ဉာဏ်စဉ် ၃·ပါး ပေါ်ထွက်ပုံ**

အနုတ္တာ နုပဿနာ ဉာဏ်တွင် ဉာဏ်စဉ် ၃·ပါးကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာတွင် တမြိုင် တည်းတွဲ၍ ဖော်ပြထားလေသည်။ ထိုဖော် ပြချက်အရ မည်သည့်သဘောမှ မည်သည့်ဉာဏ်ထွက်ပေါ်လာ ရခြင်း၏ သဘာဝကို ဝေဘန်သိမ်းဆည်းရမည်။

၁။ မုဋ္ဌိတုကမျတာဉာဏ်ဆိုသည်မှာ အလုံးစုံသောသင်္ခါရ အရိပ်နိမိတ်မှ လွတ်လိုသော ဉာဏ်ကိုဆိုလိုသည်။ ထိုဉာဏ်သည် ကား သုညတဟူသော အနတ္တသဘောမှ ထွက်ပေါ်လာသော ဉာဏ်ဖြစ်ပေသည်။ လွတ်လိုသောသဘောတရားသည် မည်သည့် သဘော တရား အပေါ်၌ တည်ရှိနေပါ သနည်းဟု ဝေဘန် သုံးသပ်သော်အကြောင်းသုညတ၊ အကျိုးသုညတ၊ ဆိတ်သုဉ်းပြီး ဖြစ်သော ဝိပဿနာဉာဏ်ပညာသည် တစုံတခုသောဆွဲကိုင်စရာ အာရုံအာရမ္မဏိက သဘောတရား ဖြစ် ပေါ် ခြင်း မရှိ သော ကြောင့် သင်္ခါရအရိပ်နိမိတ်မှ လွတ်မြောက်လိုခြင်းသဘောသို့ အလိုလို ပေါ်ထွက်ဆိုက်ရောက်လာခြင်းပင် ဖြစ်ပေသည်။

**မှတ်ချက်။** စိတ်ဝိညာဏ်တို့၏သဘောသည် အာရုံနှင့်မွေ့လျော် ရမှသာ ပျော်မွေ့ နေနိုင်သည်။ အာရုံ သုဉ်းဆိတ် လျှင်စိတ်ဝိညာဏ်လည်း အဘယ်မှာရပ်တည်နေနိုင် ပါမည်နည်း။ လောကီမွေ့လျော်ခြင်း အလုံးစုံတို့မှ ကင်းခြင်းပင် ဖြစ်ပေသည်။

ဤ၌ လွတ်လိုသည်အရ ဝေ ဘန် ပြ န် သေ ာ် ၂ - မျိုး ထွက်လာ၏။

၁။ ဝိညာဏ်သဘောတို့၏ လွတ်လိုမှုမျိုး။

၂။ ပညာသဘောတရား၏ လွတ်လိုမှုမျိုး။

မိမိဆွဲကိုင်သော အာရုံတခု၏ အပေါ်တွင် မိမိဆွဲကိုင်သလို မရသော အခါ ဒုက္ခဝေဒနာ ဖြစ်၏။ ထိုဝေဒနာ ဖြစ်သော ဝိညာဏ်၏လွှတ်လိုမှုသည် ကြောင့်ကြဗျာပါရရှိသော လွှတ်လို မှုဟုဆိုသည်။ ဤကား ဝိညာဏ်၏ လွှတ်လိုမှုပင်တည်း။

ပညာ၏လွှတ်လိုမှုကား အာရုံအာရမ္မဏိကသဘော အလုံးစုံ တို့သည် သုဉ်းဆိတ်သဖြင့် ထွက်ပေါ်လာသော ဝိပဿနာ အသိဉာဏ်၏လွှတ်လိုမှုသည် တစုံတခုသော ဝေဒနာ သဘော အပေါ်တွင် ခံစားမှုလုံးဝမရှိသောကြောင့် ပညာ၏ လွှတ်လိုမှု ဟု ခေါ်သည်။

မှတ်ချက်။ ဝိညာဏ်လွှတ်လိုမှုနှင့် ပညာလွှတ်လိုမှုကို ကွဲပြား အောင် ဝေဒနာပေါ်တင်၍ ဆင် ခြင် သုံး သပ်ပြီး လျှင် ဉာဏ်အံမြင်ထင်အောင် ပိုင်းခြားကြပါ။

ပဋိသင်္ခါဉာဏ် ဆိုသည်မှာ....တဖန် သင်္ခါရတရားတို့ကို ဆင် ခြင်သုံးသပ်သော ဉာဏ်ဖြစ်သည်။ ထိုဉာဏ်သည်လည်း (အသာ ရကဋ္ဌ)ဟူသောသဘောတရားမှ ထွက်ပေါ်လာသောဉာဏ်ဖြစ် လေသည်။ ဤ၌ တဖန် ဆင်ခြင်ခြင်း ဆိုသည်မှာ ရုပ်တရား နာမ်တရား,ကြောင်း-ကျိုးတရား, သညာဝိညာဏ်, အလုံးစုံတို့ သည် သုဉ်းဆိတ်၍ သင်္ခါရအရိပ် နိ မိ တ် မျှ သာ ရှိကြောင်း ဉာဏ်အမြင်ပေါက်အောင် ဆင်ခြင်ခြင်းကို ဆိုလိုသည်။ ဤ၌ လည်း ဝိညာဏ်စွဲ ဆင်ခြင်ပုံနှင့် ပညာမြင် ဆင်ခြင်ပုံ တို့ကို ဉာဏ်အမြင် အပိုင်ရအောင် ခွဲခြားဆင်ခြင်ပါလေ။

သင်္ခါရုပေက္ခာဉာဏ် ဆိုသည်မှာ.... အလုံးစုံသော သင်္ခါရ တရားတို့ကို လျစ်လျူပြုခြင်းပင်ဖြစ်ပေသည်။ လျစ်လျူပြုခြင်း ဆိုသည်မှာလည်း ဤအနုတ္တာနုပဿနာဉာဏ်စခန်းတွင် ဆိုက် ရောက်လာသော အရိပ်အရောင် သင်္ခါရအရိပ် နိမိတ်သည် ရုပ် နာမ်ဟူသော သဘောတရား၊ကြောင်းကျိုး၊ဖြစ်-ပျက်၊ဟူသော သဘောတရား မှုမျှမရှိ သုဉ်းဆိတ်၍ အရိပ်သက်သက်သာလျှင် ဖြစ်နေသောကြောင့် လူမနေသော အိမ်ကြီးသည် အချည်းနှီး ဖြစ်ဘိသကဲ့သို့ သင်္ခါရအရိပ်နိမိတ်သည်လည်း အချည်းနှီး ဖြစ် ကြောင်း ဉာဏ်အမြင် ထင်မြင်ခြင်းကို သင်္ခါရုပေက္ခာ ဉာဏ်ဟု ခေါ်သည်။

ရုပ်သဘော နာမ်သဘောကင်းသော သင်္ခါရ အရိပ် နိမိတ် သည် တဖန် ပြန်လည်၍ သင်္ခါရလောကကြီးကို မထူထောင် နိုင်လေရကား ၎င်းအရိပ် နိမိတ်ကို မြော်လင့်ချက် မရှိသဖြင့် လျစ်လျူပြုခြင်းသို့ အလိုလိုကျရောက်ခြင်းကို ဆိုလိုသည်။

ဤ၌လည်း ဥပေက္ခာ ဝေဒနာ များကဲ့သို့ စိတ်ဝိညာဏ်က လုပ်ကြံ၍ လျစ်လျူ ပြုခြင်းမျိုး မဟုတ်ပေ။ သူ့သဘာဝသည် ပင်လျှင် လျစ်လျူ ပြုခြင်းသဘောသို့ အလိုလို ဆိုက်ရောက်လာ ခြင်း ဖြစ်ပေသည်။

**မှတ်ချက်။** ဝိညာဏ်စွဲ လျစ်လျူပြုပုံနှင့် ပညာမြင် လျစ်လျူ ပြုပုံခြင်း ကွဲပြားအောင် ဆင်ခြင်သုံးသပ်ပါလေ။

ထိုသခ်ါရှပေက္ခာ ဉာဏ်သည်ကား အနုတ္တ ၄-ချက် တို့တွင် 'ပရတ' ဟူသော အနုတ္တသဘောမှပေါ်ထွက်လာသောဉာဏ်ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ပရတ သဘောတရားသည် မိမိနှင့်မဆိုင် မပိုင်သော သဘောတရားဖြစ်၍ လျစ်လျူပြုခြင်း သဘောသို့ သဘာဝ ဆိုက်ရောက်နေသောကြောင့်ပင် ဖြစ်ပေသည်။

ဤမျှသော စကားအစဉ်ဖြင့် ဉာဏ် ၃-ပါးတို့၏ သဘောတရား နေပုံကို ပညာရှင်များ ဝေဘန် နိုင် လောက် ပေပြီ။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာတွင်လာသော ဥပမာ စကားအရပ်ရပ်နှင့် ဝေဘန်ချက် အမျိုးမျိုးတို့ကို ထုတ်ဖော်၍ရေးသားပါက လက်တွေ့နည်းမပေါက်ဘဲ အသိဉာဏ်ပို၍ ရှုပ်သွားမည်ကို စိုးရိမ်လှပေသည်။

ထို့ကြောင့် အကျယ် ဝေဘန် ချက်ကို လိုလား ကြသော ပုဂ္ဂိုလ်တို့သည် ပညာရှိများ ရေးသား ထုတ် ဝေ သော ကျမ်းစာအုပ်များတွင် ကြည့်ရှုတော်မူကြပါ။




အလ္လာ(၉)လ္လာ ပုံစံ

ဤသို့လျှင် ပထဝီ ဓာတ်နှင့် ဉာဏ် ၉-လ္လာဟု ဝန်ခံသည့် အတိုင်း ပထဝီဓာတ် တပါးတည်း ကိုပင်လျှင် အသီးသီးခွဲစိတ် ဝေဘန်ပြခဲ့ရာ ယခုအခါ ၈-လ္လာမြောက်စခန်းသည်ပြီးဆုံးခြင်း သို့ ရောက်ပါပြီ။ ၉-ခုမြောက်ဖြစ်သော မဂ်အလ္လာထိ ဖွင့်ပြရန် စကားအစဉ်သို့ ဆိုက်ရောက်လာပါပြီ။ ဤသို့ ဆိုက်ရောက်လာ သည့်အတိုင်း ၉-ခုမြောက်အလ္လာကို ပုံစံနှင့်တကွ ဖေါ်ပြလိုက်ပါ ကြောင်း။

ယခု ဖော်ပြထားသော အလွှာ သည်ကား သောတာပတ္တိ မဂ်ဉာဏ်သို့ဝင်သော အလွှာဖြစ်ပါသည်။ ထိုအလွှာ၏ သဘော တရားကို မ ဝေ ဘန် သေး မီ အနုတ္တာ နုပဿနာ ဉာဏ်စခန်းမှ တရား ဥက္ကောင်း ဆိုက် ရောက် လာ သော သဘော တရားကို ဝေဘန်ပြပေအံ့။

**အကျိုးသုညတ**

တရားဥက္ကောင်း ဆိုက်ရောက် လာသော သဘောတရားကား အကျိုး သုညတပင် ဖြစ်ပေ၏။ထိုအကျိုးသုညတသည်အနုတ္တာနုပဿနာဉာဏ်စခန်းမှ ပေါ် ထွက်လာ သော (ကောဓမ္မော)ခေါ် အနုသယဖြစ်ပေ သည်။ အနုသယကို သံသရာ၏ရေသောက်မြစ်ဟူ၍လည်း ခေါ် နိုင်လေသည်။ ထိုရေသောက်မြစ်ကို ပယ်ဖြတ်သော ဉာဏ်သည် သောတာပတ္တိ မဂ်ဉာဏ်မည်၏။ ဤသို့လက်တွေ့နည်းကို အသုံး ပြု၍ ကောဓမ္မောကို တွေ့အောင်ရှာဖွေရမည်။ လက်တွေ့နည်း မရဘဲလျက် ဒေသနာနည်း ကလေး နှင့် ဝေဘန် သိမ်း ဆည်း နေသော် အဘယ်မှာလျှင် လိုရာခရီးသို့ ရောက်နိုင်ပါမည်နည်း။

ထို့ကြောင့် အာရဒ္ဓ ယောဂီ ပုဂ္ဂိုလ် တို့သည် မိမိတို့၏ လက်တွေ့နည်းကို အခြေခံထား၍ လိုရာခရီးသို့ ရောက်အောင် ကြိုးစားနိုင်စေရမည်။ ဤဖော်ပြထားသောအလွှာသည်ကား မဂ်ပေါ်ပုံကို ဖော်ပြထားသော အလွှာ ဖြစ်ပါ သောကြောင့် မဂ်ပေါ်ပုံ သဘောတရားကို မိမိ၏ဉာဏ်မှီသလောက်သာဖော်ပြ နိုင်ပေမည်။ ဤသဘောတရားသည် အစစ်အမှန် ( မဂ် ) ဟု ကျွန်ုပ်တို့ ဝန်မခံနိုင်ပေ။

ဝန်ခံခဲ့သည်ရှိသော် မိမိသည် မဂ်တရားဖိုလ်တရားကိုရကြောင်း ဝန်ခံသည်နှင့်တူ၏။ ကျွန်ုပ်တို့ သည်လည်း ယခုဘဝ နှင့်ပင် မဂ်ဖိုလ်သို့ ရောက်အောင် ကြိုးစားအားထုတ်ဆဲပင် ဖြစ်ပါ၏။ အကြင် အတ္တဒိဋ္ဌိစသော အစွဲတရားတို့သည် မိမိ၏သန္တာန်၌ မရှိခဲ့သော် အောက် မဂ် ကို ရပြီဟုမှတ်။ အစွဲတရား တို့သည် နှလုံးအိမ်၌ ကိန်းဝပ်နေသေးလျှင် မရသေးဘူးဟူ၍မှတ်။

မဂ်တရား ဖိုလ်တရားတို့မည်သည်မှာ မိမိရလျှင် မိမိသာလျှင် သိနိုင်သည်။ ရပုံရနည်းကို သူတပါးတို့အား ပြောပြခြင်းငှါ မဖြစ်နိုင်ပေ။ မဂ်တရား ဖိုလ်တရားကို မျက်မှောက်ပြုနိုင်သော ပုဂ္ဂိုလ်ချင်း သာလျှင် သိနိုင်သော တရားမျိုးဖြစ်၍ တရားထူး တရားမြတ် ဖြစ်လေရကား ရှင်တော် မြတ်ဘုရားက မဂ် ဖိုလ် ရကြောင်း မပြောကြားအပ်ဟု တားမြစ်ခြင်းဖြစ်ပေသည်။

မဂ်ရပြီ ဖိုလ်ရပြီ ဟု အတိအလင်း ဝန်ခံ ပြောဆိုကြသော ပုဂ္ဂိုလ်တို့သည်ကား မရသောပုဂ္ဂိုလ်တို့သာလျှင် ပြောဆိုရိုးရှိလေသည်။ ဤကား သတိပြုရန်အချက်ပင်တည်း။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဒေသနာနည်းကိုသာ အခြေခံထား၍ မဂ်ဉာဏ် သဘောနေပုံကို အာရဒ္ဓယောဂီပုဂ္ဂိုလ်များ နှလုံးသွင်း ဆင်ခြင်နိုင်ရန် ဖော်ပြမည် ဖြစ်ပေသည်။

ဤပုံစံတွင်ဖော်ပြသည့် အကျိုးသုညဘာ သဘောတရားနေပုံ တို့ကို အောက်ဖြစ်သော သင်္ခါရုပေက္ခာဉာဏ်စခန်းတွင် အနည်း ငယ် ထုတ်ဖော်ပြခဲ့ပေပြီ။ သို့ရာတွင် အားထုတ်ကြသော အာရဒ္ဓ ပုဂ္ဂိုလ်များအတွက်ထပ်မံ၍ ခဝဘာန်ပြပါဦးမည်။

အကျိုးသုညတ ဆိုသည်မှာ ရုပ်ရိုပ် နာမ်ရိုပ်မှ ထွက်ပေါ်လာသော အနုသယ အကျိုးရိုပ်ကို ဆိုလိုသည်။ ထိုအကျိုးရိုပ်သည် သင်္ခါရပေက္ခာဉာဏ်မှ အလုံးစုံသော သညာရိုပ် ဝိညာဏ်ရိုပ်ခေါ် သင်္ခါရ အရိုပ်နိမိတ်တို့၏ သဉ္စိုးဆိတ်ခြင်းသဘောမှ ထွက်ပေါ်လာခြင်းဖြစ်ပေသည်။

ထွက်ပေါ်လာပုံမှာ.... သင်္ခါရ အရိုပ်နိမိတ်ကို အကျဉ်းအားဖြင့် ဝေဘန်သော် သညာရိုပ်နှင့် ဝိညာဏ်ရိုပ် ၂-ပါးတို့ပင်ဖြစ်ပေသည်။ ထိုသညာရိုပ် ဝိညာဏ်ရိုပ်ကို ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ဦးသွင်းသော် ၄-ချက် ထွက်ပေါ်လာသည်။

၁။ အတိတ် အကြောင်းစက်။
၂။ ပစ္စုပ္ပန် အကျိုးစက်။
၃။ ပစ္စုပ္ပန် အကြောင်းစက်။
၄။ အနာဂတ် အကျိုးစက်။

ဤ ၄-ချက်တို့သည် သညာရိုပ် ဝိညာဏ်ရိုပ် ၂-ပါးမှ ထွက်ပေါ်လာကြသော စက်ချက် လေးပါးမည်၏။ ထိုသညာရိုပ် ဝိညာဏ်ရိုပ်မှ အနုသယ ခန္ဓာ နေပုံကို ဝေဘန်သိမ်း သည်းပြဦးမည်။

သညာရိုပ်မှ အနုသယခန္ဓာ ၂-ပါး ပေါ်ထွက်၏။

၁။ ဥပါဒါနက္ခန္ဓာခေါ် ပညတ်ရုပ်မျိုးစေ့။
၂။ ပဉ္စက္ခန္ဓာခေါ် ပညတ်နာမ်မျိုးစေ့။
ဝိညာဏ်ရိုပ်မှသည်း ဤနည်းအတူ ခန္ဓာ ၂-ပါးထွက်၏။

၁။ ဥပါဒါနက္ခန္ဓာခေါ် ပရမတ်ရုပ်မျိုးစေ့။
၂။ ပဥ္စက္ခန္ဓာခေါ် ပရမတ်နာမ်မျိုးစေ့။

ဤသို့အားဖြင့် သညာရိပ် ဝိညာဏ်ရိပ် ၂-ပါးမှ ရုပ် နာမ် မျိုးစေ့တို့သည် ၂-ပါးစီ အညီအညွတ် ထွက်သော် ခန္ဓာသည် ၄-မျိုး ဖြစ်လာ၏။ ထို၄-မျိုးကို နာမက္ခန္ဓာဟု ခေါ်သည်။ ထိုနာမက္ခန္ဓာ ၄-ပါးတို့၏ ပေါင်းစုခြင်းသဘောကို ရူပက္ခန္ဓာဟု ခေါ်သည်။

ထိုသညာရိပ် ဝိညာဏ်ရိပ်မှ ထွက်လာသော အနုသယ ရေသောက်မြစ် ခန္ဓာ၄-ပါးကို သောတာပတ္တိမဂ်ဉာဏ်က အကြွင်းမရှိ ပယ်သတ်မည့်ဖြစ်၍ အကျိုးသုညာအရ အနုသယ ခန္ဓာ ၄-ပါးကို ဉာဏ်အမြင်ပိုင်အောင် ရှေးဦးစွာ ဝေဘန်သိမ်းဆည်းတော်မူကြပါ။

ပိဋကတ်ဘော်၌သည်း ခန္ဓာ ၂-ပါးကို အခြေခံထား၍ ထုတ်ဖော်ပြ သည်မှာ ပရိယတ် သင်ကြား ဘူးသော ပုဂ္ဂိုလ်များ သဘာဝဉာဏ်ထုတ်၍ စဉ်းစားဆင်ခြင်ပါလျှင် သဘောပေါက်ပါလိမ့်မည်။

**အနုသယဆိုသည်မှာ**.... ဥပါဒါနက္ခန္ဓာ အရိပ်၌ ပဥ္စက္ခန္ဓာ အရိပ် အစဉ်ကိန်းနေသည်။ ဤနည်းအတူ ပဥ္စက္ခန္ဓာအရိပ်၌လည်း ဥပါဒါနက္ခန္ဓာ အရိပ်သည် အစဉ်ကိန်းလျက်နေသည်။ ၄-ပါး ခွဲစိတ်ပြခြင်းမှာကား ကိန်းနေသော ခန္ဓာတို့ကို ဖော်ထုတ်၍ ပြခြင်းဖြစ်ပေ၏။ ဤဖော်ပြသော စကားအစဉ်ဖြင့် မဂ်ဉာဏ်စခန်းသို့ စွဲချက်ဘင်ရန် တရားခံအစစ်ကို ထုတ်ဖော် ပြသဖြင့်

ပါရမီရှင်များ စေဘန်နိုင်လောက်ပေပြီ။ မဂ်ဉာဏ်၏ ပယ်သတ်ပုံကိုသာ ထုတ်ဖော်၍ပြပေအံ့။

ဝိပဿနာ အားထုတ်ကြသော အာရဒ္ဓယောဂီပုဂ္ဂိုလ်တို့သည် မဂ်ဉာဏ်၏အပေါ်၌အလွန် အထင်ကြီးကြ လေသည်။ အဘယ်ကြောင့်ဆိုသော် ကိလေသာကို အကြွင်းမဲ့ပယ်သတ်ခြင်းကြောင့်ပင် ဖြစ်ပေသည်။

စင်စစ်သဘောမှာ ဝိပဿနာဉာဏ်တို့က ကိလေသာရန်သူပုန်တို့ကို နှလုံးမထူနိုင်အောင် ဖြိုခွင်းလျက် အသက်ထွက်ရန် ကိစ္စလောက်သာ ကြွင်းကျန်သောသဘောကို မဂ်စခန်းသို့ပို့ဆောင်လိုက်ခြင်း ဖြစ်ပေသည်၊

ဥပမာ။ နိုင်ငံတော်ကိုအုပ်ချုပ်ကြသော ဝန်ကြီးများသည် လုပ်ငန်းစဉ်အရပ်ရပ်၌ အာဏာတန်ခိုး လွှမ်းမိုးသော်လည်း သဘောတရားအရဝေဘန်လျှင် လက်မှတ်ရေးထိုးသော သဘောတရားလောက်သာ ရှိဘိသကဲ့သို့ ကိလေသာကို ပယ်သတ်ရာ၌လည်း ဝိပဿနာ ဉာဏ်တို့သည် အလွန် အရေးပါ အရာရောက်လေသည်။

မဂ်ဉာဏ်ဆိုသည်မှာ.... လက်မှတ်ရေးထိုးရန် သဘောမျှသာရှိ၍(ဝိပဿနာပရိယောသာနေ မဂ္ဂ)ဟူသည်နှင့်အညီ ဝိပဿနာဉာဏ်၏အဆုံး၌ မဂ်တရားသည် ထွက် ပေါ် လေ တော့ သည်။ မဂ်တရားထွက်ပေါ်ရန်ကိစ္စမှာလည်းသာမန်ထွက်ပေါ်ခြင်းမျိုး မဟုတ်ပေ။ အဆောင်အယောင်နှင့်တကွ ထွက်ပေါ်တော်မူလေသည်။ အဆောင်အယောင် ဆိုသည်မှာလည်း အနုလောမဉာဏ် ဂေါတြဘူဉာဏ် ၂-ပါးတို့ကို ရှေ့တော်ကထား၍ ထွက်ပေါ်ခြင်းပင်ဖြစ်သည်။

အန္နလောမဉာဏ်သည်ကား အတွင်းရေးမှူးအရာ၌ တည်၏။ ဂေါတြဘုဉာဏ်သည်ကားအပါးတော်မြဲအရာ၌တည်၏။မဂ်ဉာဏ်သည်ကား ဝန်ကြီးချုပ်နှင့် တူ၏။ အတွင်းရေးမှူးခေါ် အနုလောမဉာဏ်က မဂ်ဉာဏ်ထွက်ပေါ်ရန် လျော်ကန်လျောက်ပတ်ကြောင်း အစီရင်ခံစာရေးသွင်းရလေသည်။ရေးသွင်းသော အစီရင်ခံစာကို အပါးတော်မြဲခေါ် ဂေါတြဘုဉာဏ်က စုံစမ်းဆင်ခြင်ပြီးလျှင် သဘောတူညီပါက ပုထုဇဉ်အနွယ်ကို ဖြတ်၍ အရိယာအနွယ်သို့ သွင်းပေးရပြန်လေသည်။

အရိယာဇာတ်အနွယ်သို့ ရောက်သော်သောတာပတ္တိမဂ်ဉာဏ်သည် အင်္ဂါ ၈-ပါးရှိသော မဂ္ဂင်များကို ခြံရံဝန်းလျက် သစ္စာ ၄-ချက် သိလသမာဓိ ပညာဟူသော သိက္ခာ ၃-ပါး သစ္စာဉာဏ် ၁၆ ချက်တို့နှင့်တကွ ထွက်ပေါ်တော်မူလေသည်။

အနုလောမဉာဏ်၏ လုပ်ငန်းစဉ်မှာကား အနုသာသနာဉာဏ်ခေါ်တိုင်းမင်းကြီး(၇)ယောက်တို့ထံမှ ပေးပို့တော်မူသောလုပ်ငန်းစဉ်ခေါ် အစီရင်ခံချက်တို့ကို ဆင်ခြင်သုံးသပ်တော်မူ၍ မဂ်ဉာဏ်သို့ တင်ပို့ခြင်းငှါ သင့်,မသင့်၊လျော်,မလျော်၊ ထိုက်,မထိုက်ကို အထူးစစ်ဆေးတော်မူရလေသည်။ အကယ်၍မလျော်ကန် မလျောက်ပတ်သေးသော် မဂ်ဉာဏ်သို့ မသွင်းသေးဘဲ လုပ်ငန်းစဉ်ကို တဖန်ပြန်လည်၍ စေခိုင်းသောအားဖြင့် ဝိပဿနာဉာဏ်စဉ်ထဲမှာသာ ထားတော်မူလေသည်။

အကာယ်၍ လျော်ကန် လျောက်ပတ် ခဲ့သော် မဂ်ဉာဏ်သို့ သွင်း ဆောင် တော် မူလေသည်။ ထို့ကြောင့် အနုလောမအရ မြန်မာအနက်ပြန်ဆိုလျှင် မဂ်နှင့်လျော်သော သဘောတရားဟု ဘာသာပြန်ဆိုရလေသည်။ ဤသို့လျော်ကန်လျောက်ပတ်ခြင်းအရ ဒေသနာနည်းကို ဝေဘန်လျှင် အလွန် ကျယ်ဝန်း လေ သည်။ ကျယ်ဝန်းရခြင်းမှာလည်း မဂ် ၄-ဆင့်အားလုံးတွင် အနုလောမ ဉာဏ်ထားသောကြောင့် ရင်းဉာဏ်သည် အလွန်ကျယ်ဝန်းခြင်း ဖြစ်လေသည်။

လက်တွေ့နည်းအရ သောတာပတ္တိမဂ်ဆိုင်ရာ အနုလောမ ဉာဏ်၏ သဘောတရားကို ထုတ်ဖော်ရလျှင် သင်္ခါရ အရိပ် နိမိတ်ခေါ် သညာရိပ် ဝိညာဏ်ရိပ်မရှိ ဆိတ်သုဉ်း၍ လုံးလုံး ကင်းပြတ်လျက် အနုသယခန္ဓာ ၂-ပါး ပေါ်ထွက်ခြင်းသို့ ဆိုက် ရောက်ခြင်းကို မဂ်နှင့်လျော်သည်ဟု ဆိုလိုသည်။

ထိုအနုလောမဉာဏ်သည် ဒေသနာစဉ်အားဖြင့်သာ တခမ်း အနား ထုတ်ဖော်၍ပြဆိုရသော်လည်း သဘောတရား နေပုံမှာ ကား မဂ်ဉာဏ်နှင့်တရှိန်ထည်း တဝိထိတည်းအတူဖြစ်ပေါ်သော သဘောတရားဟူ၍မှတ်ပါ။ အတူဖြစ်သော်လည်း အာရုံပြုခြင်း ခေါ် လုပ်ငန်းစဉ်သဘောတရားမှာကား ကွဲပြားလျက်ရှိပေ၏။

ဂေါတြဘူဉာဏ် ဆိုသည်မှာလည်း ပုထုဇဉ် အနွယ်ကိုဖြတ်၍ အရိယာအနွယ်သို့ ပွါးသောဉာဏ်ပင်ဖြစ်ပေသည်။ ထိုဉာဏ်၏ သဘောတရားကို ဒေသနာနည်းအရ ဝေဘန်လျှင်အလွန်ကျယ် ဝန်းပြန်လေသည်။

လက်တွေ့နည်းအရဝေဘန်လျှင် မဂ်ဉာဏ်တို့၏သဘောတရား သည် သင်္ခတနယ်၌· ဖြစ်ပေါ်ရိုးမရှိ အသင်္ခတနယ်မှာသာလျှင် ဖြစ်ပေါ်နိုင်သောကြောင့် သင်္ခတနှင့် အသင်္ခတ နယ်ခြားအရာရှိ ပင်ဖြစ်ပေသည်။ အနုမတ္တ သံသရာအစမထင်သော ဘဝစဉ်က စုးဝင်လာသော အတ္တဒိဋ္ဌိ၊ အတ္တာနုဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ တရားတို့ကို သောတာပတ္တိ မဂ်ဉာဏ်က ပယ်သတ်နိုင်ရန်အတွက် ဂေါတြဘူ ခေါ် အပါးတော်မြဲက နယ်ခြားတော်မူ၍ တရားခံအစစ်အမှန် ကို ဆွဲကိုင်တုတ်နှောင်ပေးခြင်းသဘောကို အရိယာဇာတ်အနွယ် သို့ ပို့ဆောင်ပေးခြင်းသဘောပင်ဖြစ်သည်။

ပို့ဆောင်ပေးခြင်း ဆိုသည်မှာလည်း အသင်္ခတနယ်ကို ဖွင့် လိုက်ခြင်းပင် ဖြစ်ပေသည်။ အသင်္ခတနယ်ဖွင့်ပုံနှင့် သင်္ခတနယ် ရုပ်သိမ်းပုံတို့မှာ ၂-ဌာနဖြစ်နေသော်လည်း လုပ်ငန်းစဉ်သဘော မှာကား တချက်တည်းပင်ဖြစ်ပေ၏။သင်္ခတဓမ္မကိုဖြတ်ခြင်းသည် အသင်္ခတဓမ္မကို ဖွင့်ခြင်းမည်၏။

**ဥပမာ**။ ပြာဖုံးလျက်ရှိသောမီးခဲကို လေနှင့် မှုတ်ထုတ်လိုက် သောအခါ ပြာလွင့်စင်ခြင်းနှင့် မီးခဲရဲရဲ ထွက်ပေါ်လာသကဲ့သို့ ကိစ္စတခု၌ သဘောတရား ၂-ချက် ပါဝင်ပြီးစီးလေသည်။

ဤကား အနုလောမဉာဏ် ဂေါတြဘူဉာဏ်နေတို့ကို အာရဒ္ဓ ယောဂီပုဂ္ဂိုလ်များအတွက် ဝေဘန်နိုင်ကြစေရန် လက်တွေ့နည်း ကို ထုတ်ဖော်လိုက်ပေသတည်း။

သဘာဝနည်းအရ ဝေဘန်ပြန်သော် မဂ်ကိုစွတခုတည်း၌ပင် ၎င်းဉာဏ် ၂-ပါးတို့ ၁-ပါးတည်း ပါဝင်နိုင်လေသည်။ ပါဝင်နိုင်ပုံကို မဂ်ဉာဏ်စခန်း ထုတ်ပြသောအခါတွင် ထင်ရှားပါလိမ့်မည်။ ပုံစံ၏သဘောတရား နေပုံနှင့်တကွ မဂ်ဉာဏ်ပယ်ပုံတို့ကို ဆက်လက်၍ ဖေါ်ပြပေအံ့။

ပုံစံတွင်ဖေါ်ပြထားသည့် အကျိုးသုညတ သဘောတရားကို သဘာဝ ၄ ချက်နှင့် ဝေဘန်သိမ်းဆည်းသော် မဂ်ဘဘောကို တွေ့နိုင်ပါလိမ့်မည်။ ပုံစံတွင်ပြဆိုထားသည့် သဘာဝ ၄-ချက်တို့ကား မဂ္ဂသစ္စာအနက် ၄-ချက်ခေါ် သဘောတရားများဖြစ်ချေသည်။ ထိုသဘောတရားတို့၏ အကျယ် ဝေဘန် ချက်သည် သမ္မောအဋ္ဌကထာကျမ်းကြီးများတွင် ပါရှိလေသည်။

နိယျာနဋ္ဌ ဆိုသည်မှာ.... လွတ် မြောက် ခြင်း သဘောကို ဆိုလို၏။ ဤ၌ လွတ်မြောက်ခြင်းဆိုသည်မှာ သညာရိပ်သဘော အစဉ် ဖုံး·အုပ် လာခဲ့သော ဥပါဒါနက္ခန္ဓာခေါ် အနုသယ ရေသောက်မြစ်သည် အနုပဿနာဉာဏ် အနတ္တစခန်းဖြင့်ဖုံးအုပ်နေသော သညာအရိပ်ကို ပယ် သတ် လိုက်သော အခါ ကျွင်တိုရေသောက်မြစ် ဥပါဒါနက္ခန္ဓာသည် သညာအရိပ်မှဘွားကနဲ ပေါ်ထွက်လာခြင်းကို နိယျာနဋ္ဌဟု ဆိုလိုသည်။

ဥပမာ။ မိုးသည်း ကောင်း ကင်မှ ထွက် ပေါ် လျက် ရှိသော လဝန်းကြီးကို မိုးတိမ်တိုက်တို့သည် အစဉ် ဖုံး အုပ် ထား သဖြင့် လဝန်းကြီး မြုပ်တိမ်နေဘိသကဲ့သို့ ထိုဥပါဒါနက္ခန္ဓာ ခေါ် အနုသယရေသောက်မြစ်သည်လည်း သညာအရိပ် အစဉ်ဖုံးအုပ်

လာခဲ့သဖြင့် ဝိပဿနာဉာဏ် မျက်စိတို့ဖြင့် ကြည့်ရှုသော်လည်း မမြင်မတွေ့နိုင်ကြပေ။ မဂ်ဉာဏ်ခေါ် နိယျာနဋ္ဌခေတ်မျက်စိနှင့် ကြည့်ရှုသောအခါမှ မိုဃ်းတိမ်တိုက်လွှတ်သော လဝန်းကြီးကို မြင်သကဲ့သို့ တွေ့မြင်ခြင်းသဘောပင် ဖြစ်ပေသည်။

ဤ၌ မြင်ခြင်းသည် ၂-မျိုးရှိပြန်၏။

၁။ သဘာဝနှင့်တကွ တွေ့မြင်ခြင်း သဘောတရား။
၂။ သဘာဝကင်း၍ တွေ့မြင်ခြင်း သဘောတရား။

ဤသို့အားဖြင့် ၂-မျိုးရှိရာ ဝိညာဏ်မြင် ဝိညာဏ်တွေ့ သဘောမှာကား သဘာဝနှင့်တကွ မြင်တွေ့နိုင်ခြင်းအလျှင်းမရှိပေ။ ပညတ်မြင်ပညတ်တွေ့ သဘောမျှသာ ဝိညာဏ်မြင်သည် စွမ်းဆောင်နိုင်လေသည်။ဤဝိညာဏ်၏မြင်ခြင်းသည်သဘာဝကို မမြင်သောကြောင့် သဘာဝကင်း၍တွေ့မြင်ခြင်းဟု ဆိုလိုသည်။

မဂ်ဉာဏ်တို့၏ တွေ့မြင်ခြင်းမှာကား သဘာဝကို အခြေခံထား၍ တွေ့မြင်ခြင်း ဖြစ်သောကြောင့် သဘာဝ မြင်ဟူ၍ ခေါ်ဝေါ်သမုတ်နိုင်လေသည်။ ဤနိယျာနဋ္ဌခေါ်မဂ်သဘာဝ၏ မြင်ခြင်းကား သဘာဝနှင့်တကွ မြင်ခြင်းမည်၏။

**သဘာဝနှင့်တကွ မြင်ပုံ**

ဤ ဥပါဒါနက္ခန္ဓာ ခေါ် အနုသယ ရေသောက် မြစ်သည် သညာရိပ်မှ လွှတ်မြောက်လာခြင်း၏သဘာဝကိုမြင်ခြင်းပင် ဖြစ်ပေသည်။ တိမ်တိုက်မှ လွှတ်မြောက်လာသော လမင်းကြီးအား လွှတ် မြောက် သည် နှင့် တပြိုင်နက် လဝန်း၏ အရောင်

ထွက်ပေါ် ၍လာခြင်းကို တွေ့မြင်သကဲ့သို့ဤဥပါဒါနက္ခန္ဓာခေါ် အနုသယ ရေသောက် မြစ်ကိုလည်း သညာရိပ်မှ လွတ်မြောက် ထွက်ပေါ် သည်နှင့် တပြိုင်နက် သူ့ သဘာဝသည် သူ့ သဘာဝ အတိုင်း သုဉ်းဆိတ်ခြင်း သဘောကို မြင်ခြင်း သည် ပင် လျှင် နိဗ္ဗာန၏ သဘာဝနှင့်တကွ လွတ်မြောက်ခြင်းကို မြင်ခြင်းဟု ခေါ် ဆိုသည်။

**မဂ်ဉာဏ်တို့က ပယ်သတ်ခြင်းဆိုသည်မှာ....** သဘာဝ အစစ် အမှန်ကို မြင်ခြင်းသည်ပင်လျှင် ပယ်သတ်ခြင်းမည်၏။ သဘာဝ အစစ်အမှန်ကို မမြင်ခြင်းသည် အဝိဇ္ဇာအရိပ်ဖုံးအုပ်သည်မည်၏။ သဘာဝ အစစ် အမှန်ကို မြင်ခြင်းသည် အဝိဇ္ဇာရိပ် ဖုံးအုပ် ခြင်းမှ လွတ်မြောက်သည် မည်၏။

ဝိပဿနာဉာဏ်စဉ်တို့၏ အမြင်မှာကား အဝိဇ္ဇာအရိပ် အစဉ် ကပ်လျက် လိုက်ပါနေသောကြောင့် သဘာဝ အစစ် အမှန်ကို မမြင် မတွေ့နိုင်ကြပေ။ ဤမဂ်ဉာဏ်၏ အမြင်မှာကား ဖုံးအုပ် သော အဝိဇ္ဇာရိပ်မှ လွတ်မြောက်၍ မြင်သောကြောင့် သဘာဝ အလုံးစုံကို အပိတ်အပင် အဆီးအတားမရှိ ဖြစ်သဖြင့် မိုဃ်းကြိုး စက်ကဲ့သို့ စူးယှဉ်ထက်မြက်သော မြင်ခြင်းဖြစ်ပေသည်။ နိဗ္ဗာန ခေါ် လွတ်မြောက်ခြင်းသဘောကို ဉာဏ်အမြင်ပိုင်စေရန် သုတ္တန် နည်းဖွင့်၍ ဝေဘန်ပြဦးမည်။

**ဥပမာ။** မျက်စိဖြင့် မြင်သောအခါ အဆင်းသဘောကိုမြင် ၏။ နားဖြင့်ကြားသောအခါ အသံသဘောကိုကြား၏။ သို့ရာ တွင် မြင်သော ပုဂ္ဂိုလ်တို့၏ သညာရိပ် ဝိညာဏ်ရိပ် မှာကား

41 ထင်ရှားရှိသော အဆင်းသဘော အသံသဘောတို့ကို မဆွဲကိုင်

ကြသဲ မြင်တိုင်းမြင်တိုင်း ယောကျ်ား မိန်းမကိုမြင်သည်။ ပုဂ္ဂိုလ် သတ္တဝါကိုမြင်သည်။ ကျောင်း အိမ် ဇရပ်ကိုမြင်သည်။ ဤနည်း အတူ ကြားတိုင်းကြားတိုင်း ထင်ရှားရှိသော အသံသဘောကို မဆွဲကိုင်ဘဲ ခွေးသံ စောင်းသံ သီချင်းသံ လူသံ ယောကျ်ား မိန်းမသံဟု ဆွဲကိုင်ကြခြင်းသည် သညာဝိညာဏ် သဘော၏ လှည့်ပတ်ရာသို့ လိုက်လျော၍(ဝ) လုပ်ကြံ၍မြင်ခြင်းကြားခြင်း သည် အမှန် မြင်ခြင်းကြားခြင်း သဘောမဟုတ်ပေ။ မမှန်သော မြင်ခြင်း မဟုတ်သောမြင်ခြင်းပင် ဖြစ်ပေသည်။

မဂ်ဉာဏ်တို့၏ အမြင်သဘောမှာကား မျက်စိဖြင့်မြင်သော အဆင်းသဘော နားဖြင့်ကြားသော အသံသဘောတို့ မှာကား သူတို့၏ သဘာဝသည် ယောကျ်ား မိန်းမ ဟူသော သဘာဝ ခွေးသံ လူသံ စောင်းသံ သီချင်းသံ ဟူသော သဘာဝမှ အမြဲ သုဉ်းဆိတ်လျက် အနတ္တသဘောတရား ထင်ပေါ်နေသည့် သဘာဝသာရှိပေသည်။ သညာဝိညာဏ်လုပ်ကြံ၍ထွက်ပေါ်လာ သော ပညတ်သဘာဝကား အလျှင်းမရှိနိုင်။ သူ့သဘာဝသည် ပင်လျှင် သူ့သဘာဝအတိုင်း သုဉ်းဆိတ်နေခြင်းပင်ဖြစ်သည်။

ဤသုဉ်းဆိတ်နေခြင်းကို တဖန်ဝေဘန်လျှင်သညာရိပ်ဝိညာဏ် ရိပ် ပြတ်ကင်း နေခြင်းပင် ဖြစ်သည်။ ဤပြတ်ကင်း နေခြင်းကို မဂ်ဉာဏ်က နိယျာနဠ (သညာရိပ် ဝိညာဏ်ရိပ်မှ လွတ်မြောက် ခြင်း) ဟု ဆိုလိုက်သည်။ ဤ လွတ်မြောက်ခြင်းသည် လုပ်ကြံ၍ ထွက်ပေါ်လာခြင်း မဟုတ်ပေ။ သဘာဝအတိုင်း အစဉ်ထွက် ပေါ်နေသော သဘောပင်ဖြစ်ပေသည်။

ဤအစဉ်ထွက်ပေါ်နေသော သဘာဝကိုမြင်ခြင်းသည်မဂ်မြင် ဖြစ်၍ မဂ္ဂသစ္စာ ပေါ်ထွက်လာသည်။ မဂ္ဂသစ္စာနှင့် တပြိုင်နက် ယှဉ်တွဲ၍ နိရောဓသစ္စာလည်း ပေါ်ထွက်လာသည်။နိရောဓသစ္စာ ပါဝင်ထွက်ပေါ်လာပုံမှာ သဘာဝကို အမှန်မြင်လိုက်သည်နှင့် တပြိုင်နက် ဖုံးအုပ်ထားသော သညာရိပ် ဝိညာဏ်ရိပ် ခေါ် အဝိဇ္ဇာရိပ်သည် ဇာတ်သိမ်း၍ ချုပ်ငြိမ်းသွားခြင်းပင် ဖြစ်ပေသည်။

ထိုအဝိဇ္ဇာရိပ် ဇာတ်သိမ်း၍ ချုပ်ငြိမ်းသွားခြင်းကိုပစ္စက္ခနွှာ ချုပ်ငြိမ်းသည်ဟု ဆိုလိုသည်။ ပစ္စက္ခနွှာ ချုပ် ငြိမ်း ခြင်း သည် နိရောဓသစ္စာမည်၏။ ဉပါဒါနက္ခန္ဓာအနုသယကို အမှန်မြင်ခြင်း သည် ပယ်သတ်ခြင်း သဘောဖြစ်၍ မဂ္ဂသစ္စာ မည်၏။ ဤသို့ သစ္စာ ၂-ပါးသည် မဂ်ခဏမှာ တပြိုင်တည်းထွက်ပေါ်ခြင်းသည် သမုဒယနှင့် ဒုက္ခသစ္စာ ၂-ပါးကို ဇာတ်သိမ်း၍ ပေါ်ထွက်နိုင် လေရကား ဇာတ်သိမ်းခြင်းနှင့် ပေါ်ထွက်ခြင်းတို့သည် သဘာဝ ကွဲခြားသော်လည်း လုပ်ငန်းစဉ်ကိစ္စတခုတည်းဖြစ်သောကြောင့် ပိဋကတ်ကတ်တော်များတွင် မဂ်ခဏ၌ သစ္စာလေးပါး တပြိုင်နက် ဖြစ်သည်ဟု ထုတ်ဖော်ပြထားလေသည်။

နိယျာနဋ္ဌ သဘောတရားကို ဒေသနာနည်း လက်တွေ့နည်း ၂-ပါးဖြင့် သိမ်းဆည်းပုံကို ဝေဘန်ပြခဲ့လေပြီ။ ယခု တဖန် သဘာဝနည်းကိုထုတ်ဖော်၍ အဆီဉ္စစ်ပြပေဦးအံ့။

နိယျာနဋ္ဌဆိုသည်မှာ လွတ်မြောက်ခြင်း အနက်သဘောဟု မြန်မာ ဘာသာ ပြန်ချက် အရ လွတ်မြောက်ခြင်း သဘောကို ဝေဘန်သိမ်းဆည်းပြန်လျှင် ဤ ၃၁-ဘုံကြီးသည် ၂၉-ပါးသော

ကံတရား၏ ပြုပြင် စီမံခြင်းကို ခံရသော သခ်တခေါ ဘုံလောက ကြီးဖြစ်ပေသည်။

ထိုကံတရား၏ပြုပြင်စီမံနိုင်ခြင်းမှာလည်းအဝိဇ္ဇာတည်းဟူသော အရိပ်ကြီးကြောင့်ပင်ဖြစ်ပေသည်။ ထိုအဝိဇ္ဇာအရိပ်ကို သဘာဝ နည်းနှင့် ရှာဖွေသော် အနမတဂ္ဂ သံသရာအစဉ်က ပါလာသော အတိတ်မျိုး ဟိတ်ကြီးပင်ဖြစ်ပေသည်။ ထိုအတိတ်မျိုးကို တဖန် ထပ်၍ ခန္ဓာပေါ်မှာရှာဖြွန်လျှင် သညာဝိညာဏ်ကိုဆွဲကိုင်ထား သော ပညတ်ရိပ်ကြီးပင် ဖြစ်ပေသည်။

၁။ နာမပညတ်ရိပ်။
၂။ သဏ္ဌာန ပညတ်ရိပ်။
၃။ သမူဟ ပညတ်ရိပ်။
၄။ သန္တတိ ပညတ်ရိပ်။

ဤပညတ်ရိပ် ၄-မျိုးတို့သည်အဝိဇ္ဇာအရိပ်ကိုအခြေခံထား၍ ပေါ်ထွက် နေလေရကား ၎င်းဘို့ကို အဝိဇ္ဇာ အရိပ်ဟူ၍လည်း ခေါ်နိုင်သည်။

နိယျာနဌခေါ် လွတ်မြောက်ခြင်း သဘောသည် အဘယ်မှ လွတ်မြောက်သနည်းဟု အပါဒါန်ကိုရှာသော် အတိတ်မျိုးခေါ် အဝိဇ္ဇာရိပ်ပညတ်သဘောမှလွတ်မြောက်ခြင်းဖြစ်၍ဤနိယျာနဋ္ဌ သဘောသည် အတိတ်မျိုးတွင် အစဉ်ကိန်းလျက်ရှိသော ဥပါဒါ နက္ခန္ဓာခေါ် ကံမျိုးစေ့ကလေးကို သူ့သဘာဝအတိုင်း ပယ်နုတ် လိုက်သဖြင့် အတိတ်မျိုး အဝိဇ္ဇာ ပညတ်ရိပ်မှ လွတ်ထွက်၍ ကံမျိုးစေ့သုဉ်းဆိတ်ခြင်းကို ဝေဘန်သိမ်းဆည်းပါ။

ဤ ကံမျိုးစေ့ သုဉ်းဆိတ်ခြင်းသည် အပါယ်၄-ပါးမျိုးစေ့ ကျွတ်ပြီဟူသော အကျိုးတရားပေါ်ထွက်နိုင်လေသည်။ ဤကား သဘာဝ နည်းအရ ဘဝန် သိမ်းဆည်းရန် ထုတ်ဖော် ပြခြင်း ဖြစ်ပေသည်။

**မှတ်ချက်။** ဤကျမ်းကို ကြည့်ရှု၍ သဘော မပိုင် သေး လျှင် ဓမ္မစကြာ ပဋိပတ် အဖွင့်ကျမ်း အနတ္တလက္ခဏာသုတ် အဖွင့်ကျမ်းများကို ဆက်လက်၍ ကြည့်ရှုရန် တိုက် တွန်း လိုက်ပါ၏။

ဟေတုဌ ဆိုသည်မှာ.... ရောက်ကြောင်း အနက်ဟု မြန်မာ ဘာသာ ပြန်ဆိုနိုင်သည်။ ရောက်ကြောင်း ဆိုသည် မှာလည်း အဘယ်သို့ ရောက်ကြောင်းပါနည်းဟု ကံပုဒ်ကိုဝေဘန်စဉ်းစား ပြန်သော်အသင်္ခတခေါ် မပြုပြင်ခြင်းသဘောသို့ရောက်ကြောင်း ဟု ဆိုလိုသည်။ ဤ၌ ရှေးဦးစွာ အသင်္ခတသဘောကို ရှာဖွေ ရမည်။ ၎င်းနောက် ရောက်ကြောင်းသဘောကို ရှာဖွေရမည်။ သို့မှသာ သဘာဝဉာဏ် အလင်းသို့ရောက်၍ အမြင်မှန်ကိုတွေ့နိုင် လိမ့်မည်။

**အသင်္ခတ သဘောဆိုသည်မှာ**....မပြုပြင်ခြင်း သဘောတရား ကိုဆိုလို၏။ ဤမပြုပြင်ခြင်းအရ လက်တွေ့ ဝေဘန် သိမ်းဆည်း သော် သညာရိပ်မှ ထွက် ပေါ် လာ သော အနုသယ ခေါ် ရေသောက်မြစ်သည် ၂-မျိုးရှိကြောင်း နောက်က ထုတ်ဖော် ပြခဲ့လေသည်။

၁။ ဥပါဒါနက္ခန္ဓာခေါ် ရေသောက်မြစ်၊
၂။ ပဉ္စက္ခန္ဓာခေါ် ရေသောက်မြစ်။

ဥပါဒါနက္ခန္ဓာခေါ် အနုသယ ရေ သောက် မြစ် ကိုကား နိယျာနဋ္ဌသဘောဖြင့် သိမ်းဆည်း၍ သဒ္ဒိုးဆိတ်ခြင်းသဘောသို့ ဥက္ကောင်း ဆိုက် ပြီး လျှင် အတိတ်မျိုးမှာ ရှိသော ကံရိပ်သည် ဇာတ်သိမ်း၍ အပါယ်လေးပါးသို့ ဖြစ်စေတတ်သော ဥပါဒါ နက္ခန္ဓာ အနုသယရိပ် ချုပ်ငြိမ်းသွားရှာလေသည်။

ယခုတဖန် တွဲဘက်ဖြစ်သော ပဉ္စက္ခန္ဓာ အနုသယရေသောက် မြစ်ကိုလည်း ဟေဟုဋ္ဌခေါ် မဂ်ဉာဏ်ဒါးကဖြတ်ပယ်ရန် ပေါ် ထွက်လာပြန်ပြီ။ ဟေတုဋ္ဌခေါ် မဂ်ဉာဏ်ဒါး၏ ပယ်သတ်ရန် တရားခံသည် ပဉ္စက္ခန္ဓာအချုပ်ပင်ဖြစ်ပေသည်။ မဂ်ဉာဏ်ဒါးက မပယ်သတ်မီ ကြွင်းကျန်သော ပဉ္စက္ခန္ဓာ၏သဘာဝကိုရှေးဦးစွာ ဝေဘန်ရမည်။

ဥပါဒါနက္ခန္ဓာနှင့် ပဉ္စက္ခန္ဓာ ၂-ပါးတို့သည် တစင်ထောင်၍ ပေါ်ထွက်နေသော သဘောတရားတို့မဟုတ်ပေ။ ဥပါဒါနက္ခန္ဓာ အရိပ်၌ ပဉ္စက္ခန္ဓာသည် အနုသယအနေဖြင့် ကိန်းလျက် တည်ရှိ နေသည်။ ပဉ္စက္ခန္ဓာအရိပ်၌လည်း ဥပါဒါနက္ခန္ဓာ အရိပ်သည် ကိန်းလျက် တည်ရှိနေကြခြင်းဖြစ်သည်။

ဥပမာ။ ပဉ္စက္ခန္ဓာသည် သင်္ခတလောက၌ပေါ်ထွက်သော အခါ ဥပါဒါနက္ခန္ဓာသည် ကိန်းလျက်ပါရှိလေသည်။ ဤနည်း အတူ ဥပါဒါနက္ခန္ဓာက သင်္ခတလောကတွင်ပေါ်ထွက်ပြန်သော အခါတွင်လည်း ပဉ္စက္ခန္ဓာသည်ကိန်းလျက်ပါလာပြန်လေသည်။

ဤသို့အားဖြင့် အပြန်အလှန် အနုသယအနေဖြင့် ကိန်း၍ ပေါ်ထွက်နေကြသော ခန္ဓာများဖြစ်ကြလေသည်။

ဤနည်းအတူ ကုသိုလ်နှင့်အကုသိုလ် သဘောတရားတို့သည် အန္ဓပုထုဇဉ် ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သော အခါ ကုသိုလ် သဘောတရား၌ အကုသိုလ်သည် အစဉ်ကိန်းလျက် ပါလာလေသည်။ အကုသိုလ်ဖြစ်သောအခါလည်း ကုသိုလ်သဘောတရားသည် အစဉ်ကိန်းလျက် ပါလာလေရကား ရှင်တော်မြတ်ဘုရားသည်ထိုအန္ဓပုထုဇဉ်ပုဂ္ဂိုလ်တို့အား သက္ကာယဒိဋ္ဌိ မပြုတ်သမျှသင်တို့သည် အပါယ်လေးပါးမှ လွတ်ပြီဟု မဆိုနိုင်သေး။ အပါယ်လေးပါးနှင့် ဆက် သွယ် လျက် နေ သည် ဟု ဆုံးမ ချက်သည် ဤအနုသယဒိဋ္ဌိစွဲ၏ ရေသောက်မြစ်ကို ထုတ်ဖော်၍ ပြခြင်းဖြစ်ပေသည်။

သောတာပန် အရိယာတို့မှာကား ကုသိုလ်တရား၌အကုသိုလ်ကိန်းခြင်း။ အကုသိုလ်တရား၌ ကုသိုလ်တရား ကိန်းခြင်းခေါ် ဒိဋ္ဌိစွဲ အနုသယ ရေ သောက် မြစ် ကို ပယ် ဖြတ် လိုက် သဖြင့် အကုသိုလ် တရားသည်လည်း သောတာပန်တို့၏နှလုံးအိမ်၌ ဖြစ်ပေါ်သောအခါ အလွန် သန့်ရှင်း ဖြူစင်စွာ ဖြစ်ပေါ်သည်ဟု ဆိုလိုသည်။

ထို့ကြောင့် ငါတို့သည် ဒိဋ္ဌိစွဲကို မမြင်သေးခင်ကယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါဟု ဆွဲကိုင်နေသော အစွဲသဘောကိုသာ ဒိဋ္ဌိစွဲဟု သာမန်မှတ်ယူထားခဲ့လေသည်။ ဝိပဿနာ ဉာဏ်စဉ်တို့နှင့်တကွ မဂ်ဉာဏ်စခန်းအထိ လုပ်ငန်းစဉ်ကို အကြိမ်ကြိမ်လေ့လာ သုံးသပ်သော အခါတွင် ဒိဋ္ဌိစွဲသည် သာမန်အစွဲ မဟုတ်

ကြောင်း အလွန်သိမ်မွေ့နက်နဲသဖြင့် မြင်ခဲနိုင်ကြောင်းဝေဘန်သိမ်းဆည်းရမိလေသည်။

ယခုအခါ သောတာပန်ဖြစ်ရန် အားထုတ်ကြသော ပါရမီရှင်တို့သည် ဒိဋ္ဌိစွဲကိုပြုတ်ရန်ထားပါဦး မြင်အောင်ဘဲ ကြည့်ကြစေလိုပါသည်။ ဤကား သတိပေးခြင်း တရပ်ပင်တည်း။

ထိုပဋိစ္စသမုပ္ပါဒ်အရိပ်ကို ဟေတုဋ္ဌခေါ် မဂ်ဉာဏ်ဒါးကပယ်သတ်ပုံကို ဖေါ်ပြပေအံ့။

သောတာပတ္တိမဂ်ဉာဏ်တွင် မဂ်သဘာဝခေါ် သဘောတရားနှ-ချက်ရှိရာ ရှေးဦးစွာ နိယျာနဋ္ဌသဘောဖြင့် ဥပါဒါနက္ခန္ဓာအနုသယ ရေသောက်မြစ်ကို ပယ်သတ်လိုက်လေသည်။ ဤပယ်သတ်ခြင်းခံရသော ဥပါဒါနက္ခန္ဓာအရိပ်၌ ပဋိစ္စသမုပ္ပါဒ်သည် အစဉ်ကိန်းလျက် ပါလာသော ခန္ဓာဖြစ်၍ သစ်ပင်ကြီး လဲကျသော် အသီးသီးရန် ပွင့်ကင်းလျက် ရှိနေကြသော မျိုးစေ့တို့သည် အဘယ် အရပ်မှာမှ တည်၍မနေ နိုင်ဘဲ တပါတည်း ပါဝင်၍ ကျဆုံးပျက်စီးခြင်းသို့ ဆိုက်ရောက်ရလေသည်။

သစ်ပင်ကြီးလဲခြင်းနှင့်ကား ဥပါဒါနက္ခန္ဓာရိပ် ပြုတ်ခြင်းနှင့် တူသည်။ အပွင့်အကင်း ပါခြင်း သဘော နှင့် ကား ပဋိစ္စသမုပ္ပါဒ်အနုသယအရိပ်နှင့် တူသည်။

**သဘာဝဉာဏ်နှင့် မြင်အောင်ရှု**

ဥပါဒါနက္ခန္ဓာ အရိပ်ပြုတ်ခြင်း သဘောကို နိယျာနဋ္ဌဟုခေါ်သည်။ ပဋိစ္စသမုပ္ပါဒ်အနုသယ အရိပ် ကင်းခြင်း ကို ဟေတုဋ္ဌ ခေါ်ဆိုရာ ဟေတုဋ္ဌ သဘောကို ဝေဘန် သိမ်းဆည်းရမည်။ ဟေတုဋ္ဌ၏ သဘောကို နောက်က ဖေါ်ပြခဲ့သည့် အတိုင်း အသင်္ခတခေါ်

မပြုပြင်ခြင်းသဘောသို့ရောက်ကြောင်းဟုပြဆိုခဲ့ရာ မပြုပြင်ခြင်း သဘောအရ ဝေဘန်လျှင် ပဋ္ဌက္ခန္ဓာ အနုံသယအရိပ်ပင် ဖြစ်ပေသည်။ ဤအရိပ်သည် တစင်ထောင်၍ ပေါ်နေသော အရိပ်မဟုတ်၊ ဥပါဒါနက္ခန္ဓာ အရိပ်တွင် ကိန်းလျက် ပါလာရသော အရိပ်ဖြစ်၍ သူ့သဘာဝသည် မပြုပြင်နိုင်ခြင်း သဘောသို့ အလိုလို မည်သူမျှ ကြောင့်ကြဗျာပါရ မစိုက်ဘဲ ဆိုက်ရောက်သွားခြင်းပင် မဟုတ်ပါလော။

ဤသို့ ဆိုက် ရောက် သွား ခြင်း ကို လောကတွင်( မိမိမသာလောင်း)ကိုမိမိက ထမ်းဆောင်၍ ချခြင်း ခေါ်သလို ပဋ္ဌက္ခန္ဓာ အရိပ်ကိုလည်း ခေါ်နိုင်လေရကား မဂ်ဉာဏ်၏ အမြင်နှင့်ကြည့်သော် မပြုပြင်ခြင်းသဘောကို အမှန်မြင်ခြင်းသည်ပင်လျှင် မဂ်က ပယ်သတ်သည်ဟု ဆိုလိုသည်။ ဤကား မပြုပြင်ခြင်း သဘောထွက်ပုံကို ရှေးဦးစွာ သဘာဝဉာဏ်နှင့် ရှုပါ။

ရောက်ကြောင်းဆိုသည်မှာလည်းဤပဋ္ဌက္ခန္ဓာအရိပ်၏မပြုပြင်ခြင်း သဘောတရားသို့ ဆိုက်ရောက်သည့်ရှိသော် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်တွင် ပစ္စုပ္ပန်အကျိုး၌ ကံမျိုးစေ့မပါသဖြင့် သံသရာ၏နောက်အစွန်းခေါ် ဘဝ စက်ယန္တရားသည် မလည်ပတ်နိုင်ခြင်းသို့ အကျိုးထင်လေသည်။ ဤသို့အကျိုးထင်ခြင်းကိုရောက်ကြောင်းဟု ဆိုလိုသည်။ထို့ကြောင့် ပဋ္ဌက္ခန္ဓာ အနုံသယအရိပ်၏ ဇာတ်သိမ်းလိုက်ခြင်းကို ပစ္စုပ္ပန် မျိုးစေ့ပြတ်ပြီဟု ဆိုလိုသည်။ ဤပစ္စုပ္ပန်မျိုးစေ့ပြတ်ခြင်းကို တဏှာရိပ်ဇာတ်သိမ်းပြီဟုပိဋကတ်တော်များတွင် မှတ်ချက်ထားတော်မူလေသည်။ သစ္စာ ၄-ပါး

42 အနေနှင့်ကြည့်လျှင် အဝိဇ္ဇာရိပ် ဇာတ်သိမ်းခြင်းသည် နိရောဓ

သစ္စာမည်၏။ တဏှာရိပ်ဇာတ်သိမ်းခြင်းသည် မဂ္ဂသစ္စာမည်၏။ ဤသစ္စာ ၂-ပါးတို့ တပြိုင်နက် တချက်တည်း ပေါ်ထွက်ကြလေသည်။ အဘယ်မှာပေါ်ထွက်ပါသနည်း၊ ဒုက္ခသစ္စာနှင့် သမုဒယ သစ္စာခေါ် သင်္ခါရဓာတ်မှ ပေါ်ထွက်ကြသဖြင့် ဒုက္ခနှင့်သမုဒယ ကိုသည်း ပေါ်ထွက်ရာ အခြေခံဌာနတခုအဖြစ်ထား၍ မဂ်ခဏ၌ သစ္စာ ၄-ပါးတို့သည် တပြိုင်နက် ဖြစ်ကုန်၏ဟု ဒေသနာတော်တွင် အထင်အရှား ထုတ်ဖော်ထားလေသည်။

ဒဿနဋ္ဌဆိုသည်မှာ....မြင်ခြင်းသဘောတရားကိုဆိုလိုသည်။ မြင်ခြင်းဆိုသည်မှာလည်း သောတာပတ္တိမဂ်ဉာဏ်သည် နိဗ္ဗာန် သို့အာရုံပြု၍ ဖြစ်ပေါ်ခြင်း သဘောပင်ဖြစ်သည်။

ဤ၌ နိဗ္ဗာန်သို့ မြင်ခြင်းသည် ၂-မျိုးရှိ၏။

၁။ ဝိပဿနာဉာဏ်တို့၏ နိဗ္ဗာန်မြင်ခြင်း။

၂။ မဂ်ဉာဏ်တို့၏ နိဗ္ဗာန်မြင်ခြင်း။

ဝိပဿနာဉာဏ်တို့၏ နိဗ္ဗာန်မြင်ပုံမှာ အနုမာနမျက်ရမ်းဆ၍ မြင်ခြင်း သဘောပင် ဖြစ်၏။ မဂ်ဉာဏ်တို့၏ မြင်ခြင်း မှာကား ပစ္စက္ခသိဒ္ဓိခေါ် မျက်မှောက်ပြု၍ အပိုင်မြင်သော သဘောကို ဆိုလိုသည်။

ဥပမာ။ စဉ်း ချိန် ခွင် တွင် ထည့်၍ မချိန်တွယ်ဘဲ လက်နှင့် ရမ်းဆသော ယောကျ်ား၏ အလေး ချိန်ကို သိခြင်း ကဲ့ သို့ ဝိပဿနာဉာဏ်တို့၏ နိဗ္ဗာန်မြင်ပုံကိုမှတ်ရမည်။ လက်နှင့်အလေး ချိန် မည်မျှရှိသည်ကို ရမ်းဆသော ယောကျ်ားသည် မိမိရမ်းဆ

သော အလေးချိန်သည် ရမ်းဆသည့်အတိုင်း အမှန်ဖြစ်စေကာမူ တထယ်ကျ ဟုတ်မှန်သည်ဟု ဝန်မခံနိုင်ပေ။ အဘယ့်ကြောင့် ဆိုသော် လက်နှင့်ရမ်းဆ၍ စဲ့ယူရသော အလေးချိန် ဖြစ်သော ကြောင့် မူး၊ ပဲ၊ ရွေးမျှ ပိုခြင်းသော်လည်းကောင်း၊ ယုတ်ခြင်း သော်လည်းကောင်းရှိနိုင်လေရကား ထိုယောကျ်ား၏အသိဉာဏ် သည် အဘယ်မှာလျှင် အမှန်ကိုဝန်ခံနိုင်ပါမည်နည်း။

သောတာပတ္တိမဂ်ဉာဏ်၏နိဗ္ဗာန်သို့မြင်ခြင်းကား စဉ်းချိန်ခွင် တွင် ထည့်၍ ရွှေငွေ ရတနာကို ချိန်တွယ်သော ပန်းထိမ်ဆရာ ရွှေချိန်သမား၏ အလေးချိန် မည်မျှရှိသည်ကိုထထစ်ကျ ဆုံးဖြတ် နိုင်ခြင်းကဲ့သို့ မဂ် ဉာဏ်၏ နိဗ္ဗာန် မြင်ခြင်း သဘောကို မှတ်ယူ ရမည်။

ဤကား ဒဿနဌ သဘော တရားကို ဒေသနာ နည်းဖြင့် ပညာရှိများ ဝေဘန်နိုင်ရန် ဖေါ်ပြခြင်းပင်ဖြစ်ပေသည်။ လက် တွေ့နည်းကို ဆက်လက်၍ ဝေဘန်ပြဦးမည်။

လက်တွေ့နည်း ဆိုသည်မှာ ထို သဘာဝကို အကြိမ်ကြိမ် အထပ်ထပ်ပြန်လှန်သုံးသပ်သဖြင့် မိမိတို့၏နှလုံးအိမ်၌ပေါ်ထွက် လာသော ပဋိပတ္တိဓမ္မခေါ် သဘောတရားကို လက်တွေ့နည်းဟု ဆိုလိုသည်။

နေတ္တိပါဠိတော်တွင် အောက်ပါအတိုင်း မိန့်ဆို၏။
"ပဋိပတ္တိ ဓမ္မောနာမ စိန္တာမယ ပညာ"

ပဋိပတ္တိဆိုသည်မှာ စိန္တာမယပညာပင်ဖြစ်သည်။ စိန္တာမယ ဆိုသည်မှာ အကြိမ်ကြိမ် ဝေဘန်သဖြင့် ထိုးထွင်း၍ သိမြင်လာ သော ပညာပင်ဖြစ်သည်။

ဤ၌ ဒဿနဌ အမှန်မြင်ခြင်း သဘောဆိုရာ အဘယ်သို့ မြင်ခြင်းကို ခေါ်ပါသနည်း။ ဝေဘန်ဆင်ခြင်သော် မပြုပြင်ခြင်း သဘောကို မြင်ခြင်းပင်ဖြစ်ပေသည်။ ထိုမပြုပြင်ခြင်းသဘောကို ပေးတွင် သဘောနှင့်လည်း သိမ်း ဆည်း ခဲ့ လေ ပြီ။ ယခုတဖန် မပြုပြင်ခြင်းသဘောကိုပင်ထပ်၍ ဒဿနဌဖြင့် သိမ်းဆည်း မည်ဖြစ်ရာ မပြုပြင်ခြင်းတို့သည် အမည်ပင်တူသော်လည်း သဘာဝ ကွဲပြားပုံကို တွေ့ကြပါလိမ့်မည်။ (ဤကားသတိပြုရန်အချက်)။

သညာရိပ် အနုသယဓာတ်သိမ်း သွားသော် ဝိညာဏ်ရိပ် အနုသယသည် ကြွင်းကျန်သေး၏။ ထိုဝိညာဏ်ရိပ် အနုသယကို လည်း နောက်ကရေသောက်မြစ်ကို ထုတ်ဖေါ်ပြခဲ့လေပြီ။

၁။ ဥပါဒါနက္ခန္ဓာခေါ် အနုသယ ရေသောက်မြစ်။
၂။ ပဉ္စက္ခန္ဓာခေါ် အနုသယ ရေသောက်မြစ်။

သညာရိပ်ကဲ့သို့ ဝိညာဏ်ရိပ် ကိုလည်း အနုသယ ခန္ဓာ ရေသောက်မြစ် ၂-ချက်ထုတ်ဖေါ် ပြထားခဲ့လေရာ ယခုအခါ ဒဿနဌ မဂ်ဉာဏ်ဒါးက ဝိညာဏ်ရိပ်မှ ထွက်ပေါ်သော ဥပါဒါနက္ခန္ဓာ ရေသောက်မြစ်ကို ပယ် သတ် ပါ လိမ့် မည်။ ထို့ကြောင့် မပြုပြင်ခြင်းဟူသော အမည်ပင် တူသော်လည်း ထွက်လာသောအရိပ်မှာ သဘာဝကွဲပြားလျက်ရှိသည်။ သဘာဝ ကွဲပြားသလို ရေသောက်မြစ် မှာလည်း ဥပါဒါနက္ခန္ဓာ နှင့် ပဉ္စက္ခန္ဓာချင်း ကွဲလွဲကြသည်။ အကျိုး ထင် သော အခါလည်း ပစ္စုပ္ပန်အကျိုး မျိုးစေ့နှင့် ပစ္စုပ္ပန်အကြောင်းမျိုးစေ့ ၂-ပါး တို့၏ မပြုပြင်ခြင်း သဘောသို့ ဥက္ကောင်းဆိုက်မည်ဖြစ်၍ ကွာခြားလျက်ရှိကြောင်း အလွန်ထင်ရှားပါလိမ့်မည်။

သညာရိပ်သည် နိယျာနဌ,ဟေတုဌ, သဘော ၂-ချက်ဖြင့် သင်္ခတလောကတွင် ဇာတ်သိမ်းခဲ့သော် ထိုသညာရိပ်ကိုအမှီပြု၍ ထွက် ပေါ် ရသော ဝိညာဏ်ရိပ် သည်လည်း အကြမ်းနည်း နှင့်ဘဲ ဝေဘန်ကြည့်သော် အဘယ်မှာ ထွက်ပေါ် နိုင်ပါမည် နည်း။

သင်္ခတ လောက ခေါ် ပညတ်နယ် လောကကြီး ဖန်ဆင်း တည်ထောင်ရာ၌ သညာရိပ်သည် ပြဌာန်းလျက်ရှိ၏။ ပရမတ္ထ ခေါ် သဘာဝနယ်လောက၌ကား ဝိညာဏ်ရိပ်သည် ပြဌာန်း လျက်ရှိ၏။

သညာရိပ် ပြဌာန်းသော နေရာကား ပညတ်နယ် လောက ဖန်ဆင်းမှု အပေါ်တွင် ဝေဘန် သိမ်းဆည်းပါ။ ထို့ကြောင့် (သညာ ပုဗ္ဗကာ သင်္ခါရာ)ဟူ၍ ပိဋကတ်တော်တွင် ထုတ်ဖော် ထားလေသည်။

ပရမတ္ထသစ္စာ ပညာနယ် လောက ဘန်ဆင်း တည်ထောင် ရာ၌ကား ဝိညာဏ်ရိပ် ပြဌာန်းလျက် ရှိပေသည်။ ထို့ကြောင့် ဓမ္မပဒပါဠိတော်တွင် (မနော ပုဗ္ဗင်္ဂမာဓမ္မာ) စသည်ဖြင့် ထုတ် ဖော်ထားပြန်လေသည်။

ဤမဂ်ဉာဏ်တွင်ဆိုက်ရောက်လာကြသောသညာရိပ်,ဝိညာဏ် ရိပ် ၂-ပါးတို့ မှာကား ပညတ်ပြဌာန်းသော သင်္ခတလောက၏ ရေသောက်မြစ်များ ဖြစ်ကြလေရကား သညာရိပ်သည်ပြဌာန်း သည်ဟု ဆိုနိုင်လေသည်။ ထိုပြဌာန်းသော သညာရိပ် ဇာတ် သိမ်းသော် ဝိညာဏ်ရိပ်သည်လည်း အဘယ်မှာ ဇာတ်ထောင်၍ နေနိုင်ပါမည်နည်း။

ဥပမာ။ ဇာတ်သဘင်ပွဲများတွင် မင်းသား မင်းသမီး အစုံအညီရှိမှ နှစ်ပါးသွား ထွက်နိုင်လေရာ မင်းသမီး မရှိခဲ့သော် မင်းသားတယောက်ထည်းနှင့် ၂-ပါးသွား မထွက်နိုင် သကဲ့သို့ မှတ်ပါ။ အကယ်၍ မင်းသားတယောက်ထည်း ၂-ပါးသွား ထွက်သော်လဲ ပွဲကြည့်သူတို့အား အဘယ်မှာ ကြက်သရေ ဆောင်၍ ပြနိုင်ပါမည်နည်း။

ဤနည်းအတူ သညာရိပ် ဇာတ်သိမ်းခဲ့သော် ဝိညာဏ်ရိပ်၌ ရှိသော ဥပါဒါနက္ခန္ဓာခေါ် အနုသယ ရေသောက်မြစ်သည် အနာဂတ်ဘဝ တည်းဟူသောမျိုးစေ့ကိုမဘန်ဆင်းနိုင်တော့ပြီ။ ထိုအနာဂတ် မျိုးစေ့ ဇာတ် သိမ်း သွား ခြင်း ကို ကံမျိုးစေ့ သုဉ်းဆိတ်ပြီဟုဆိုလိုသည်။ သောတာပန်ပုဂ္ဂိုလ်မှာ အနာဂတ် ကံမျိုးစေ့ သုဉ်းဆိတ် သောကြောင့် ပါဠိတော် များ တွင် (အဝိနိပါတဓမ္မော)ဟု အကျိုးတရားကို သံယုတ်ကျမ်းများတွင် ထုတ်ဖေါ်ပြထားလေသည်။

ဤသို့ ဥပါဒါနက္ခန္ဓာအရိပ်၏ အနာဂတ်မျိုးစေ့မပေါ်နိုင်ခြင်းကို အမှန်မြင်ခြင်းသည် ဒဿနဉာဏ်ဟုဆိုလိုသည်။ ဤဒဿနဉာဏ် သဘောသည်လည်း လုပ်ကြံ၍ ပေါ်ထွက်လာခြင်း မဟုတ်ပေ။ သူ့သဘာဝကို သဘာဝအတိုင်း မပြုပြင်ခြင်း သဘောတရား အမှန် ထွက် နေ ခြင်း ကို ထွက်နေသည့်အတိုင်း မြင်ခြင်းပင် ဖြစ်ပေသည်။

ဤ ဥပါဒါနက္ခန္ဓာအရိပ် ဇာတ်သိမ်းလိုက်သောအခါ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၌ ပစ္စုပ္ပန် အကြောင်းမျိုး စက်ရဟတ်သည် မလည်ပတ်နိုင်ဘဲ တခါတည်းပြတ်ကင်းခြင်းသို့ ဥက္ကောင်းဆိုက်

ရောက်လေသည်။ ဤသို့ ဆိုက်ရောက်ခြင်းကို ကံအရိပ် ဇာတ်သိမ်းပြီဟု ဆိုသည်။

၄။ အဓိပ္ပါယ်ကို သဘောတရားနေပုံကို ပါရမီရှင်များ ဉာဏ်အမြင်ပိုင်စေရန် ဆက်လက်၍ ဝေဘန်သိမ်းဆည်းပြပေအံ့။

အဓိပ္ပါယ်ကို ဆိုသည်မှာ.... ကြီးမှူးစိုးရခြင်း သဘောကို ဆိုလိုသည်။ ကြီးမှူးစိုးရခြင်း၏အဓိပ္ပါယ်မှာလည်း သောတာပတ္တိမဂ်ဉာဏ်ခေါ် သမ္မာဒိဋ္ဌိ မဂ္ဂင်သည် ကြွင်းသော မဂ္ဂင် ၇-ပါးတို့အား အကြီးအမှူး အဖြစ်ဖြင့် ပြဋ္ဌာန်းလျက် အသခ်တဓမ္မသို့ ဆိုက် ရောက် ခြင်း သဘော တရားကို ကြီး မှူး စိုးရ ခြင်း ဟု ဆိုလိုသည်။

ထို့ကြောင့်နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော မဂ္ဂင် ၈-ပါးတို့တွင် အရေးကြီးသော မဂ္ဂင်ကိုဝေဘန်ရာတွင် သမ္မာဒိဋ္ဌိ မဂ္ဂင်ကြီးသည်အရေးအကြီးဆုံးဖြစ်လေသည်။ ကြွင်းသောမဂ္ဂင် ၇-ပါးတို့သည်ကားပြဋ္ဌာန်းခြင်းသဘောမရှိကြသောကြောင့်ဝိပဿနာယာနိကလမ်းကို အားထုတ်ကြသော ပါရမီရှင်တို့သည် ပညာဦးစီး ပြီးလျှင် လုပ်ငန်းစဉ်ကို ဆောင်ရွက် အားထုတ်ကြ လေသည်။

သီလ, သမာဓိ, ပညာ ၃-ပါးတို့တွင်လည်း ပညာသာလျှင် ဦးစီးဖြစ်၍ ပြဋ္ဌာန်းသောကြောင့် ပညက္ခန္ဓမဂ္ဂင် ပါဝင်ပြည့်စုံမှသာလျှင် နိဗ္ဗာန်သို့စီးဝင်နိုင်လေရကား သောတာပတ္တိမဂ်ဉာဏ်ဟူသော သဘောတရားသည် အလုံးစုံပြည့်စုံပြီဟု မှတ်။

ဤကား အဓိပ္ပတေယျဋ္ဌ သဘောကို ဒေသနာ နည်း အရ ပါရမီရှင်များ ဝေဘန်နိုင်ရန် ဖေါ်ပြလိုက်ပေ၏။ လက်တွေ့ နည်းဖြင့် ဝေဘန်သိမ်းဆည်းပုံ ဖေါ်ပြပါဦးအံ့။

အဓိပ္ပတေယျဋ္ဌ ဆိုသည်မှာ ကြီးမှူးစိုးရခြင်း သဘောကို ဆိုသဖြင့် ထိုကြီးမှူးစိုးရခြင်းကို ဝေဘန်သော် မဂ်ဉာဏ် တို့၏ ဥကွောင်းချရာ သန္တိသုခခေါ် နိဗ္ဗာနဓာတ်ကို ဆိုလိုသည်။

ထိုနိဗ္ဗာနဓာတ်ကြီးသည်ကား(မဂ္ဂဖလာန မာလမ္ဗဏဘူတော အသင်္ခတဓမ္မော) ဟု မိန့်ဆိုထားသောကြောင့် မဂ်ဖိုလ် တို့၏ အာရုံဖြစ်သော အသင်္ခတ တရားပင်ဖြစ်ပေသည်။

သောတာပတ္တိ မဂ်ဉာဏ်သည် မဂ်သဘာဝ ၄-ချက်ခေါ် (၁)နိယျာနဋ္ဌ၊(၂)ဟေတုဋ္ဌ၊(၃)ဒဿနဋ္ဌ၊(၄)အဓိပ္ပတေယျဋ္ဌ၊ (၄)ချက်တို့ဖြင့် သင်္ခတလောကခေါ် ပညတ်သမုတိ သစ္စာနယ် ကြီးကို ဖျက်သိမ်းကြသောအခါ နိယျာနဋ္ဌသဘောသည် နာမ ပညတ်၏ ပေါ်ထွက်ရာ အတိတ်မျိုးစေ့ခေါ် ဥပါဒါနက္ခန္ဓာ အရိပ်ကိုသာ ပယ်နိုင်သဖြင့် အသင်္ခတ ဓာတ်ကို အပိုင်အနိုင် မဆွဲကိုင်နိုင်သေးပေ။ အဘယ့်ကြောင့်ဆိုသော် အလွန်ထူထပ် လှစွာသော ပညတ်အရိပ်ကို ထွင်းဖေါက် နေရသဖြင့် နိဗ္ဗာန ဓာတ်ကို မျက်မှောက်ပြုနိုင်ရုံမျှသာဖြစ်၏။ အပိုင်အနိုင်မဆွဲကိုင် နိုင်ပေ။

ဒုတိယ မဂ်သဘာဝ ခေါ် ဟေတုဋ္ဌ သဘော သည်လည်း သဏ္ဌာန ပညတ် ပေါ်ထွက်ရာ ပစ္စုပ္ပန် အကျိုး မျိုးစေ့ ခေါ် ပဉ္စက္ခန္ဓာ အနုသယ ရေသောက်မြစ်ကိုသာ ပယ်သတ်နိုင် သဖြင့်

ပညတ်သမုတိ သစ္စာနယ် ကြီးသည် လုံး၀ ဇာတ်သိမ်း ခြင်းသို့ မရောက်နိုင်သေးပေ။ ရေသောက်မြစ် ၂-ခုသာပြတ်ကင်းသေးသဖြင့် ဤပဟေတု၌ သဘောတရား သည်လည်း သခ်တခေတ်ကို အပိုင်အနိုင် မဆွဲကိုင်နိုင်သေးပေ။ နိဗ္ဗာနခေတ်ကိုသာအာရုံပြုနိုင်သေး၏။

တတိယ မဂ်သဘာ၀ ခေါ် ဒသာနဠ သဘော ဖြင့် လည်း သမူဟ ပညတ်ပေါ်ထွက်ရာ ပစ္စုပ္ပန် အကြောင်း မျိုးစေ့ခေါ် ဥပါဒါနက္ခန္ဓာ အနုသယအရိပ်ကိုသာ ပယ်သတ် နိုင်သေးသဖြင့် ပညတ်သမုတိသစ္စာနယ်ကြီးသည် ရေသောက်မြစ်၃-ချက် ပြတ်ကင်းပြီး လဲလူမတတ်ဖြစ်သော်လည်း သန္တတိ ပညတ်ရိပ်ခေါ် အနုသယရေသောက်မြစ်သည် ကြွင်းကျန်လျက် နေလေသည်။

ဤစတုတ္ထခေါ် မဂ်သဘာ၀ ဖြစ် သော အဓိပ္ပတေယျ၌ သဘောဖြင့် အနာဂတ်အကျိုးမျိုးစေ့ခေါ် ပဉ္စက္ခန္ဓာ အနုသယ ရေသောက်မြစ်ကို ဖြတ်ပယ်လိုက်သောအခါတွင် ပညတ်သမုတိ သစ္စာ သခ်ါတလောကကြီးသည်ရေသောက်မြစ် ၄-ချက်ပြတ်၍ ဇာတ်သိမ်းရလေသည်။ ဤအဓိပ္ပတေယျ၌သဘောသည် အလုံးစုံသော သမုတိသစ္စာ သခ်တ နယ်ကြီးနှင့် တကွ သညာရိပ်, ၀ိညာဏ်ရိပ်, ရုပ်ရိပ်, နာမ်ရိပ်, ပဉ္စက္ခန္ဓာအရိပ်, ဥပါဒါနက္ခန္ဓာ အရိပ်, အကြောင်းရိပ်, အကျိုးရိပ်, အလုံးစုံတို့သည် ဇာတ်သိမ်း၍ အသခ်တခေတ်ခေါ် နိဗ္ဗာနခေတ်ကြီးကို အပိုင်ဆွဲကိုင်နိုင်လေရကား ၎င်းစတုတ္ထ မဂ်သဘာ၀ကို ကြီးမှူး စိုးရခြင်းဟု ဆိုလိုသည်။

ဤသို့အားဖြင့် ပုံစံတွင် ဖော်ပြထားသည့်အတိုင်း အကျိုး သုညတ သဘောကို နိယျာနဋ္ဌ စသော သဘော ၄-ချက်နှင့် ဝေဘန်သိမ်းဆည်းသော် မဂ်ဉာဏ်၏ သဘောနေပုံ၊ အသင်္ခတ ဓာတ် ပေါ်ပုံတို့ကို မိမိတို့၏ နှလုံးအိမ်၌ ဉာဏ် အမြင်ပိုင် ၍ အသိဉာဏ် အလင်းသို့ရောက်ခြင်းသည် မဂ်ရသည်ဟုဆိုလိုသည်။

ပထဝီဓာတ်နှင့် ဉာဏ် ၉-လွှာ ဆိုသည့်အတိုင်း ယခုဖော်ပြ အပ်သော အလွှာသည်ကား ၉-ခုမြောက် ဖြစ်သော အလွှာ ဖြစ်ပေသည်။

ပထဝီဓာတ်နှင့် ဉာဏ် ၉-လွှာခေါ် ဝိပဿနာလုပ်ထုံးနည်း ကျမ်းသည် ၁၃၁၂-ခုနှစ် တန်ဆောင်မုန်းလဆန်း ၉-ရက် စနေနေ့ ညနေ ၄-နာရီအချိန်တွင် အောင်မြင်ပြီးစီးခြင်း ရောက်ပါသတည်း။

## ဓမ္မစကြာ သာသနာပြု အဖွဲ့ချုပ်၏

# ထုတ်ပြန်ကြေငြာချက်

မြန်မာနိုင်ငံတော်တွင် လွန်ခဲ့သော နှစ်ပေါင်း(၂၀)ကျော်ကပင် အစပြု၍ မဟာသမယ သုတ်တော်အလာကို သမထလုပ်ငန်းစဉ်များတွဲဘက်၍ ကျင့်စဉ်နည်း ပဋိပတ် အစုံနှင့် တိုင်းပြည်သို့ တင်ဆက်ခဲ့သည်မှာ ရဟန်း,ရှင်လူ ပြည်သူ,ပြည်သားအပေါင်းတို့ သိရှိကြပြီး ဖြစ်ပေလိမ့်မည်။

ထိုစဉ်အခါက ထုတ်ဝေခဲ့သော လုပ်ငန်းစဉ် သဘောတရားတို့မှာ "မဟာသမယသုတ် လုပ်ငန်းစဉ်"မျှသာ ဖြစ်သည့်အပြင် ဝိဇ္ဇာဂိုဏ်း, နတ်ဂိုဏ်းတို့ကိုလည်း အချုပ်အတဲထားလျက် ဂရုဓမ္မနိစ္စသီလကို အဦးပြု၍(၀၁)မူထား၍ လုပ်ငန်းစဉ်ဖွင့်ခဲ့လေသည်။

ယခုအခါ မှာတား နိုင်ငံတော်အတွင်းရှိ သာသနာပြုခေါင်းဆောင် အရှင်ကောင်း အရှင်မြတ်ကြီးတို့၏ ဆောင်ရွက်စောင့်ရှောက်တော် မူချက်ကြောင့် ရှင်တော် မြတ် ဘုရား ၏ သာသနာတော်ကြီးသည် အိမ်ယာထောင် အာဂါရိက အရိယာလမ်းကြီးနှင့်တကွ အိမ်ယာထောင် မဟုတ်သော အနာဂါရိကလမ်းကြီးနှစ်သွယ်ကို တက်လှမ်းနေပြီ ဖြစ်ပါကြောင်း။

ထို့ကြောင့် ငါတို့သည် ထိုအရိယာဝိဇ္ဇာလမ်းမကြီး၏အမြန်ထွန်းပေါ်ရေးကို အလွန်အလိုရှိသည်အားလျော်စွာရှေးအခါကဖွင့်လှစ်လုပ်ဆောင်ခဲ့သော သမထနည်းခေါ် မဟာသမယသုတ်လုပ်ငန်းစဉ်များကို ၁၃၁၀-ခုနှစ်တွင် နှစ်ပေါင်း(၁၀)နှစ်စေ့

မြောက်သဖြင့် ရုပ်သိမ်းတော်မူပြီးလျှင် ဝိပဿနာ ပညာစခန်း လုပ် ငန်း စဉ် များ ကို ဆက်လက်၍ ဖွင့်လှစ် လုပ် ဆောင် ပြန် လေသည်။

## ရည်ရွယ်ချက်

ငါတို့၏ ရည်ရွယ်ချက်မှာကား ဝိဇ္ဇာဂိုဏ်း, နတ်ဂိုဏ်းပညာကို လိုက်စားကြသော ပါရမီရှင်အပေါင်းတို့သည် သမထ လုပ်ငန်း စဉ်မျှနှင့် တင်းတိမ် အားရ နေကြ ပါလျှင် သာသနာတော်၏ အရသာကို ခံစားကြရမည်မဟုတ်ပါသောကြောင့် ထိုပါရမီရှင် တို့အား သာသနာ့ အရသာကို မြိန်ယှက်စွာ ခံစားနိုင်ကြစေရန် နှင့် မှန်ကန်သော လမ်းစဉ်ကြီးသို့ ရောက်အောင်ပို့ဆောင်ပေး ရန်တာဝန်သည် ငါတို့၏တာဝန်ဖြစ်ပေသည်။

ထိုတာဝန်အတိုင်း ဝိဇ္ဇာဂိုဏ်း, နတ်ဂိုဏ်း ပညာကို ယုံကြည် အားကိုးကြသော ပါရမီရှင် ပုဂ္ဂိုလ်များနှင့် ဝိပဿနာပညာကို ဆည်းပူးလေ့လာ အား ထုတ် ကြသော ပုဂ္ဂိုလ်များ အတွက် ဝိပဿနာဉာဏ်မျက်စိ အလင်းဓာတ်ပေါက်စေရန် ရည်သန်တော် မူပြီးလျှင် ( ပထဝီဓာတ်နှင့် ဉာဏ် ၉-လွှာ ) ခေါ် လက်တွေ့ လုပ်ထုံးနည်းဖြစ်သည့် သုဒ္ဓဝိပဿက ယာနိကလမ်းကို ရှေးဦးစွာ (ပဋ္ဌာန်းတရား မဂ္ဂဇင်း)တွင် ထည့်သွင်း၍ တိုင်းပြည်သို့ တင်ဆက် ခဲ့လေသည်။

ဝိဇ္ဇာဂိုဏ်း, နတ်ဂိုဏ်း ပညာကို သက်ဝင် ယုံကြည် ကြသော ပါရမီရှင်အပေါင်းတို့နှင့် ဝိပဿနာပညာကို လိုက်စားကြသော အာရဒ္ဓ ဝိပဿက ပုဂ္ဂိုလ် အပေါင်းတို့မှာ ထိုဝိပဿနာ နည်းကို

နှလုံးအိမ်၌ အကြိမ်ကြိမ် မွေ့နှော်ဆင်ခြင်ကြရာတွင် သဘော ဉာဏ် အလင်းဓာတ်ခေါ် ဘာဝနာမယဉာဏ် စခန်းသို့ ဆိုက်ရောက်ကြ၍ လက်တွေ့ ခံစားကြရသောကြောင့် အနုယ်နယ် အရပ်ရပ်ရှိ ပညာရှိများထံမှ စာအုပ်တခုအဖြစ်သို့ရောက်အောင် ထုတ်ဝေချီးမြှင့်ပါရန် တောင်းပန် တိုက်တွန်းကြလေသည်။

ထိုတောင်းပန်ချက် ယုံကြည်မှု အဓိဂမသဒ္ဓါတရားကို လေးစားပြီးလျှင် ပါရမီရှင်အပေါင်းတို့လည်းအားရတင်းတိမ်အောင် နှလုံးအိမ်၌ နှစ်သိမ့်ရွှင်လန်း ပီတိပန်းဖြာနိုင်ကြစေရန် ရည်သန်ရိုးရင်း နှလုံးသွင်းလျက် ရှေးဦးစွာဒေသနာခေတ်တွင် ဒေသနာနည်းကို အခြေခံထား၍ ဥဒယဗ္ဗယဉာဏ်စခန်းထိ အနတ္တဉာဏ် အကြမ်း ခွဲစိတ်နည်းကို ပုံနှိပ်၍ စာအုပ်မူအဖြစ် ထုတ်ဝေခဲ့လေသည်။

ဝိပဿနာ အသိဉာဏ် ပညာစခန်းကို နှစ် ပေါင်း များ စွာ လက်တွေ့, သဘောတွေ့, မနောတွေ့ ဖြစ်အောင် အားထုတ်ကြသော အထက်တန်း နေယျဥက္ကဋ္ဌခေါ် ပါရမီ ရှင်ကြီး တို့ မှာ ထိုဒေသနာနည်း သဘောတရား ဝိပဿနာ နည်းကိုပင် အလွန့်အလွန် သဘောပေါက်၍ နှစ်ခြိုက်တော်မူလေရကား ဥဒယဗ္ဗယဉာဏ်စခန်းအထိနှင့် တင်းတိမ် အားရ မနေနိုင်ကြသဖြင့် ဆက်လက်၍ တဖန် အထက်ဉာဏ်စခန်း အဆုံး ၉--လွှာအထိ သင်္ခါရုပေက္ခာဉာဏ်မှ မဂ်သို့ရောက်အောင်အသိဉာဏ်စခန်းတက်လှမ်းလိုကြပြန်လေသည်။

ယင်းသို့ တောင်းတလိုလားချက်ကို အလေးဂရုမေတ္တာပြုပြီးလျှင် ပညာမြင့် ဥဒယဗ္ဗယဉာဏ်မှစ၍ သင်္ခါရုပေက္ခာ ဉာဏ်အထိ မထုတ်ဝေရသေးသော ကြွင်းကျန်သည့်အလွှာများကိုရေးသားစီရင်ပြီးလျှင် (ဝိပဿနာလုပ်ထုံးနည်းကျမ်း)ဒုတိယတွဲကို တဖန်ပုံနှိပ်ထုတ်ဝေရပြန်လေဘည်။

ဤသို့အားဖြင့် ၁၃၀၀-ပြည့်နှစ်ကစ၍ တိုင်းပြည်သို့ တင်ဆက်ခဲ့သော ဝိဇ္ဇာဂိုဏ်း,နတ်ဂိုဏ်း ပညာရပ်များသည် သမထတရားသက်သက်ဖြင့် တင်ဆက်ခြင်းမဟုတ်စေတော့ဘဲ ဝိပဿနာပညာလုပ်ငန်းစဉ်ကိုပင် တင်ဆက်၍ ယထာဘူတ ကျန မှန်ကန်စွာ ရဟန်း,ရှင်လူ ပြည်သူ,ပြည်သား အပေါင်းတို့အားအရိယာတရား ဓာတ်ဆေးကို တိုက်ကျွေး စေနိုင်ပြီ ဖြစ်သော ကြောင့် ငါတို့၏ ရည်ရွယ်ချက်သည် ရှေးဦးစွာ အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်ပြီဟု ဆိုနိုင်လေသည်။

## ဒုတိယ အောင်မြင်မှု လုပ်ငန်းစဉ်

ငါတို့သည် ဝိဇ္ဇာဂိုဏ်း,နတ်ဂိုဏ်း ပညာရပ်များကိုတိုင်းပြည်သို့ ရှေးဦးစွာ တင်ဆက်ရာတွင် စာအုပ်စာတန်း ထုတ်ဝေမှု အလုပ်မျှနှင့်ပင် တင်ဆက်နိုင်ခဲ့လေသည်။

ကိုယ်တွေ့,သဘောတွေ့,မနောတွေ့ အားထုတ်လိုကြသော ပါရမီရှင်များအတွက် လက်ထပ်သင်ပြနိုင်ရန် သင့်လျော်သော နေရာဌာနတွင် တရားပြဌာန အဆောက်အဦ တခုခု ရှိမှသာ လက်တွေ့အားထုတ်လိုကြသော ပုဂ္ဂိုလ်များအတွက်အာသာဆန္ဒ ပြည့်ဝမည် ဖြစ်ပေသည်။

ထိုတရားပြဌာန အတွက်လည်း ငါတို့သည် အထူးအားမထုတ်ရဘဲ တရားလိုလားသော ပုဂ္ဂိုလ်တစုတို့၏ ဝိုင်းဝန်းကူညီ အားပေးမှုဖြင့် ရန်ကုန်မြို့ ရွှေတိဂုံ စေတီတော် ကြီး၏ မြောက်ဘက်အာဇာနည်ကုန်းအနီး ရွှေဂုံတိုင်ရပ်သာတွင် ပေ-၁၀၀ကျော်ပတ်လည်ရှိသော မြေကွက်ပေါ်တွင် ဝိပဿနာတရားအောင်မြေခေတ်ကို တည်စိုက်ပြီးလျှင် ဝိပဿနာ သင်တန်း နည်းပြ ဓမ္မာရုံတော်ကြီးကို ဆောက်လုပ်ခဲ့လေသည်။

ထိုဓမ္မာရုံကြီး၌ ဝိပဿနာသင်တန်းနည်းကို ဆရာ ဦးစိန်ခန့်ကိုယ်တိုင် ရဟန်းအဖြစ်ကို ခံယူပြီးလျှင် မြို့နယ် ခရိုင် အတွင်းရှိပါရမီရှင်တို့ကား ဘိတ်ကြား၍ ရက်ပေါင်း ၃၀-သင်တန်းနည်းဖွင့်ပြီးလျှင် ပထဝီခေတ်ကို ဝိပဿနာ ဉာဏ် ၉-ပါးနှင့် ၉-လွှာရအောင် ခွဲစိတ်ပုံနည်းစုံဖြင့် အနုတ္တဉာဏ်စခန်းသို့ ဆိုက်ရောက်အောင် လုပ်နည်းမှတ်ချက် အရပ်ရပ်တို့ကို ပါရမီရှင် တို့အားပေးအပ်ခဲ့လေသည်။

ဤသို့အားဖြင့် လက်တွေ့ ကိုယ်တွေ့ သဘောတွေ့ ဒိဋ္ဌတွေ့ကိုအလိုရှိကြသော ပုဂ္ဂိုလ်များအတွက် ဝိပဿနာ အရိယာလမ်းကြီးကို ထုတ်ပြ ပေးနိုင် ခြင်းသည် ဒုတိယ ပန်းတိုင်သို့ တဖန်လှမ်းကိုင် အောင်မြင်မှု ဟုဆိုနိုင်လေသည်။

## တထိယ အောင်မြင်မှု လုပ်ငန်းစဉ်

ရှင် တော် မြတ် ဘုရား၏ အနာဂတ် သာသနာတော် သည်အရိယာတရားခေတ်ကြီးကို ထွန်းလင်း တောက်ပြောင်စေလျက်ကမ္ဘာသူ ကမ္ဘာသား အပေါင်း တို့အား ဝိမုတ္တိရသ ဆေးကို

တိုက်ကျွေး တော်မူမည်ဟု အရှင်ဖုံသ ရဟန္တာ အရှင် မြတ်၏ ဟောကြား ဝေဘန်တော် မူချက်ဖြစ်သော (ခေတ်)ငါးပါးကို စဉ်းစားဆင်ခြင်တော်မူပြန်ရာ....

ရှင် တော် မြတ် ဘုရား ၏ သာသနာ တဝက် ကျော်သော် ထိုဝိမုတ္တိရသ ဆေးတော်ကြီးသည် အမှန် ထွက်ပေါ် တော်မူ၍ ပါရမီဉာဏ် အထက်တန်းတွင်မျက်နှာပန်းအသိစခန်းသို့ပွင့်လန်း ကြသော ပုဂ္ဂိုလ်တို့သည် ဇေကန်မလွတ် မချွတ်အမှန် ခံစံသုံး ဆောင်ကြရပေလိမ့်မည်။

ဤဝိမုတ္တိရသ ပွဲတော်ကြီးသို့ ငါတို့သည် အမှီလိုက်နိုင်မှသာ လျှင် လူဖြစ်ကျိုးအမှန် နပ်ချေတော့မည်။ ဤပွဲတော်ကြီးသို့ လိုက်နိုင်အောင် ယခုရရှိသော ဝိပဿနာအသိဉာဏ်တရားမျက်စိ ကလေးနှင့်မလုံလောက်နိုင်ရာ၊အခြေခံလမ်းလျှောက်နိုင်ရုံမျှသာ ဖြစ်သေး၏။

ရှင်တော်မြတ်ဘုရား ဟောကြားတော်မူအပ်သော ဓမ္မစကြာ တရားတော်၊အနတ္တလက္ခဏသုတ်တရားတော်၊ မဟာသတိပဋ္ဌာန် တရားတော်တို့ကို လုပ်ငန်းစဉ်ဖြင့် သဘောဉာဏ် သက်ဝင်ဆင် ခြင် အားထုတ်နိုင်မှသာလျှင် ဝိမုတ္တိရသထူးကို ဆွတ်ခူးနိုင်ရာ၏ ဟု ဝိပဿနာအသိဉာဏ်တရားမျက်စိဖြင့် ထောက်လှမ်း ဆင်ခြင် သုံးသပ်ပြန်လေသည်။

ဤသို့အားဖြင့် တရားလုပ်ငန်းစဉ်ကို အဆင့်ဆင့် တက်လှမ်း ယူရန် အာသာဆန္ဒသည် (ကမ္ဘာဦး သူတို့) နေလ ၂–ပါး တောင့်တငြားဘိသကဲ့သို့ ငါတို့၏နှလုံးအိမ်၌လည်း လုပ်ငန်းစဉ်

အဆင့်ဆင့် တက်လှမ်းရန် အာသာဆန္ဒသည် အလွန်ပြင်းပြ ဖြစ်ပေါ်လေရကား (၁၃၁၃-ခု ဝါဆိုလဆန်းအစပြု၍) ဓမ္မစကြာ တရားတော်နှင့် ပတ်သက်သော တရားလုပ်ငန်းစဉ်နှင့် ပါရမီလုပ်ငန်းစဉ်တို့ကို မနေမနား ကြိုးစားအားထုတ်ကာ အပတ်တကုတ် ရှာဖွေလိုက်လေရာ ( ၁၃၁၅-ခုနှစ် တပေါင်းလပြည့်နေ့ ) တွင် ဓမ္မစကြာ လုပ်ငန်းစဉ်ကြီး ပန်းတိုင်ကို လှမ်းကိုင်တက်ယူနိုင်လေသည်။

ရှင်တော်မြတ်ဘုရား၏ သာသနာတော်၌ မှီတင်းနေထိုင်ကြသော ဗုဒ္ဓဝါဒီအယူရှိကြသည့် ရဟန်း,ရှင်လူ အပေါင်းတို့သည်လည်း (ဗုဒ္ဓ ဝါဒ) အစစ် ဖြစ်သော ဓမ္မစကြာ တရား အဆီကို သောက်မျိုနိုင်အောင် လုပ်ငန်းစဉ်သို့ ပို့ဆောင် ပေးလိုသော သဒ္ဓါ တရား တို့သည် ငါတို့၏ နှလုံးအိမ်၌ ထွန်းလင်းတောက်ပြောင်လျက် တဝင်းဝင်း တကြည်ကြည် အလျှပ်လျှပ်ထွက်ပေါ်ကွန့်မြူးလျက် ဖြစ်ပေါ်နေပြန်လေသည်။

ထိုမှတပါး ငါတို့ထုတ်ဝေခဲ့သော ဝိပဿနာဉာဏ် ၉-ပါးလုပ် ငန်း စဉ် ကို အားထုတ် ကြသော ပါရမီရှင် အပေါင်းတို့သည်လည်း ဝိပဿနာဉာဏ် ၉-ဉာဏ်ခေါ် သန္တတိစဲမှ လွတ်မြောက်လျက် တကြောင်းသော လမ်းခရီးသို့ ဆိုက်ရောက်ရန်တာဝန်သည် ငါတို့၏ တာဝန် ဖြစ်ပေသည်ဟု ဝေဘန် သုံးသပ်ပြီးလျှင် ရှေးဦးစွာ ဓမ္မစကြာ ပဋိပတ် အဖွင့်ကျမ်းကို လုပ်ငန်းစဉ်တဆင့်တက်၍ ပုံနှိပ်ထုတ်ဝေပြန်လေသည်။

ရှင်တော်မြတ်ဘုရား ဟောကြားတော်မူသော ဓမ္မစကြာ တရားတော်သည်ကား (ဝိပဋ္ဋိတညျု)မဟာသာဝကတို့၏ ပါရမီ အသိဉာဏ်ကို အခြေခံမူလထား၍ ဟောကြားဖွင့်ပြတော်မူသော သစ္စာလေးပါး တရား အဆီ အနှစ် ကြီး ဖြစ် သော ကြောင့် သာသနာတော်၏ နောက်ပိုင်းတွင် မဂ်ဖိုလ် လိုလားကြသော ဝေနေယျတို့မှာကား နေယျပုဂ္ဂိုလ်တို့၏ အဆင့်အတန်း ပါရမီ ဉာဏ်မျှသာ ရှိနိုင်လေသဖြင့် စာအုပ် စာတမ်း ထုတ်ဝေ၍ ဓမ္မစကြာတရားအဆီကို ဖွင့်သော်လည်း လုံလောက်စွာသောက် မျိုနိုင်ကြမည် မဟုတ်တန်ရာ။ လက်တွေ့ကိုယ်တွေ့သဘောတွေ့ ခေါ် လုပ်ငန်းစဉ်တွေ့ ရောက်အောင် ပို့ဆောင် ပေးနိုင် မှသာ ဓမ္မစကြာသစ္စာလေးပါး တရားအဆီကို သောက်မျိုသုံးစွဲနိုင်ပေ မည်ဟု ဆင်ခြင်သုံးသပ်ပြီးလျှင် (ဓမ္မစကြာတရားပြဌာန) တခု ဖွင့်လှစ်နိုင်ပါမူကား ကောင်းလေစွဟု ပါရအကျိုး မြှော်ကိုးပြီး လျှင် တောင့်တသျက် အောင်မြင်ထမြောက်ရန် ကြံဆောင်ပြန် လေသည်။

ယခုအခါ ထို တောင့်တ လိုလား ကြံဆောင်ချက် အတိုင်း ဓမ္မစကြာ တရားတော် ကြီး၏ တန်ခိုး အာနု တော် ကြောင့် (၁၃၁၆-ခု ကဆုန်လပြည့်)တွင် ရန်ကုန်မြို့ ကမ္ဘာဧ ဘုရား လမ်း ဓမ္မစကြာသာသနာပြုအဖွဲ့ချုပ်တွင် ဓမ္မစကြာ တရားပြ ဌာနကြီးတခု ဖွင့်လှစ်ထားပြီးဖြစ်၍ ပရိသတ် ၁၀၀–ကျော် တရားယူနိုင်သော ဓမ္မစကြာ တရားပြ ရိပ်သာ တခုကို ဖွင့်လှစ် နိုင်ခြင်းသည် တတိယအောင်မြင်မှုဟု ဆိုနိုင်ဘွယ်ရာအကြောင်း ဖြစ်ပေသည်။

ထို့ကြောင့် အရိယာသာသနာ့ ခေတ်ပွဲကြီး အကြိုတွင် သောတာပန် စခန်းသို့ တက်လှမ်း၍ တေဝိဇ္ဇာ သာသနာ့ပွဲသို့ ဝင်ရောက်လိုကြကုန်သော ပါရမီရှင်အပေါင်းတို့သည် ဤပထဝီ ဓာတ်နှင့် ဉာဏ် ၉-လွှာခေါ် ဝိပဿနာ လုပ်ထုံးနည်း ကျမ်း၏ ဝိပဿနာသဘောတရားလောက်နှင့် တင်းတိမ်အားရ ဘဝင်ကျ မနေကြသေးဘဲ ဓမ္မာစကြာ သာသနာပြု အဖွဲ့ချုပ်မှ အထူး ဖွင့်လှစ်ထားသော ဓမ္မစကြာတရားပြရိပ်သာခေါ် အလုပ်စခန်း ဌာနကြီးသို့ ကိုယ်တွေ့ လက်တွေ့ သဘာဝတွေ့ ဖြစ်ကြစေရန် ကြွရောက်အားထုတ်နိုင်ပါကြောင်း ကောင်းမြတ်သောစိတ်ထား ဖြင့် ဘိတ်ကြားကြေငြာအပ်ပါသည်။

ဓမ္မစကြာ သာသနာပြုအဖွဲ့ချုပ်
ကမ္ဘာ့ဧ ဘုရားလမ်း၊ ရန်ကုန်မြို့။

# အထူးဖော်ပြချက်

ဓမ္မစကြာ အဖွဲ့ချုပ်၏ ထုတ်ပြန် ကြေငြာချက်သည် မူရင်း စာအုပ်(ဒုတိယတွဲ)၏ ရှေ့ပိုင်းတွင်ပါရှိပါသည်။ မူရင်းစာအုပ်မှာ ပဌမတွဲ၊ ဒုတိယတွဲ-ဟူ၍ ၂-တွဲခွဲ၍ ထုတ်ဝေခဲ့ပါသည်။

ယခု စာတွဲအကြိမ် ရိုက်နှိပ်သောအခါတွင်မူ တတွဲတည်း၊ တအုပ်ထည်း ပေါင်း၍ ရိုက် နှိပ် ပါသဖြင့် ဤကြေငြာချက်ကို ကျမ်းစာအုပ်၏ အပြီးသတ် နိဂုံးပိုင်းတွင် ထည့်သွင်း ဖော်ပြရပါသည်။

ကျေးဇူးရှင် ဓမ္မစကြာမူလနာယက ဆရာတော် ဘုရားကြီး၏ တပည့်သာဝကများ အနေနှင့် ဓမ္မစကြာ ပဋိပတ် သာသနာပြု လုပ်ငန်းစဉ်တွင် သမိုင်းတွင်စေမည့် သမိုင်းဝင် အချက်အလက်များ မတိမ်မြုပ်၊ မပျောက်ကွယ်၊ စေခြင်းငှါ ဤကြေငြာချက်ကို ရှေးမူမပျက် ရိုက်နှိပ်ဖော်ပြထားပါသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ဗမာပြည်အရပ်ရပ်ရှိ ဓမ္မစကြာ ရိပ်သာခွဲများရှိ တပည့်အားလုံးအတွက်၎င်း၊ နိုင်ငံနှင့် အဝှမ်း သမထလုပ်ငန်းစဉ်သက်သက်ဖြင့် အားထုတ်နေကြသော တပည့် အားလုံး အတွက်၎င်း၊ ရည်သန်တော်မူ၍ ဝိပဿနာ၏ အခြေခံ သိသင့်သော တရားများ လေ့လာကျင့်သုံး၍ ဉာဏ်ဖြစ် ရမည့်အချက်များကို အတိတကျ ဖော်ထုတ်ခဲ့ပါသည်။

၎င်းကျမ်းစာအုပ် ရေးသားထုတ်ဝေပြီးသည့်နောက်ပိုင်းတွင် အဆင့်မြင့်ပုဂ္ဂိုလ်များ လေ့လာကျင့်သုံးနိုင်ရန်အတွက်....

(၁) ဓမ္မစကြာအဖွင့်ကျမ်း။
(၂) အနတ္တလက္ခဏသုတ်အဖွင့်ကျမ်း။
(၃) အနတ္တဝိပဿနာအဖွင့်ကျမ်း။
(၄) အိမ်ယာထောင်ကျင့်စဉ်ကျမ်း။
(၅) ပဋိပတ္တိဘာသာပြန်ကျမ်း။
(၆) မဂ်ဝင်အာနာပါနကျမ်း စသော ကျမ်းစာအုပ် များကို ဆက်တိုက် ဖြန့်ချိထုတ်ဝေခဲ့ပါသည်။

ကောဇာသက္ကရာဇ် ၁၃၂၆-ခုနှစ်တွင် မန္တလေးမြို့အိမ်တော်ရာ ဆင်တဲတားရပ်နေ အောင်မြန်မာသည့်နှ့် ဆီစက်ပိုင်ရှင်၊ဦးကိုကြီး ဒေါ်ဒေါ်ကြည်၊ သမီး-တင်တင်ဦး တို့၏ ပါရမီ အလင်းဓာတ်နှင့် ပေါ် ထွက် လာသော နန်း တော် ရှေ့ မင်္ဂလာဥယျာဉ် ရပ် ဓမ္မစကြာ ပဋိပတ် သာသနာပြု ရိပ်သာကြီး၌....

မဟာသတိပဋ္ဌာန် တရားတော်

ဓမ္မစကြာ တရားတော်

အနတ္တလက္ခဏသုတ် တရားတော်

ဝိသာခါအနုလောမ တရားတော် များကို ၄-နှစ်တိတိ မန္တလေးရိပ်သာ၌ ဟောကြားချီးမြှင့်တော်မူပါသည်၊

ကျေးဇူးရှင် မူလ ဆရာတော်ဘုရားကြီး ဟောကြားချီးမြှင့်တော်မူခဲ့သော ထိုတရားတော်များကို မန္တလေးမြို့ ဓမ္မစကြာ ပဋိပတ်သာသနာပြုရိပ်သာမှ ဖေါ်ထုတ်ရေး, ပေါ်ထွက်ရေး, ကိန်းဝပ်တည်နေရေး အဖွဲ့ဝင်တစုတို့သည် " မဟာသတိပဋ္ဌာန် တရားတော်" ကို ပဌမတွဲ,ဒုတိယတွဲ,တတိယတွဲအားဖြင့် ၃-ပိုင်း ခွဲဝေ၍ ၁၃၃၀-ခုနှစ်တွင် ထုတ်ဝေဖြန့်ချီခဲ့ကြပါသည်။

"ဝိသာခါပဋိပတ်အနုလောမ ဟောစဉ်ကျမ်း"ကို၁၃၃၄-ခုနှစ်တွင် ထုတ်ဝေဖြန့်ချီခဲ့ကြပါသည်။

ဓမ္မစကြာတရားတော်နှင့် အနတ္တလက္ခဏသုတ် တရားတော်များကိုလည်း ထုတ်ဝေဖြန့်ချီရန် အစီအစဉ်များ ပြုလုပ်နေကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

အခါအခွင့်သင့်သဖြင့် အထူးဖေါ်ပြလိုသောအချက်တချက်ကို ဖေါ်ပြပါရစေ....

ကျေးဇူးရှင် ဓမ္မစကြာ မူလနာယက ဆရာတော်ဘုရားကြီး ၄-နှစ် ၄-မိုးသ် အပင်ပန်းခံတော်မူ၍ နေ့ရော,ညပါ ချီးမြှင့် ဟောကြားတော်မူသော တရားတော်များကို မိမိတို့၏နှလုံးအိမ်တွင် အစဉ်အမြဲ ကိန်းဝပ်တည်နေအောင်—ရရှိပြီးသော တရား

ခေတ်တို့ကို တဆင့်ထပ်မံ၍ ပေါ်ထုတ်နိုင်အောင်= ပေါ်ထွက်လာအောင်= ကြိုးစားကြကုန်သော, အားထုတ်ကြကုန်သော, ပွါးများကြကုန်သော, ဗမာပြည်အရပ်ရပ်ရှိ ဓမ္မစကြာရိပ်သာခွဲအသီးသီးမှ ဆရာတော်ဘုရားများသည်....

မန္တလေးမြို့ဓမ္မစကြာပဋိပတ်သာသနာပြုရိပ်သာ၌(၁၃၃၉-ခု တန်ဆောင်မုန်းလပြည့်နေ့) ဆရာဝန်ကြီး ဦးဝင်းဖေ-ဒေါ်ဆွေဆွေ တို့၏ မိသားစု ကထိန်ပွဲတော်တွင် တွေ့ဆုံတော်မူကြသည့်အခိုက် ဓမ္မစကြာပဋိပတ် သာသနာပြု လုပ် ငန်း စဉ် ကို ရင်း၊ အနာဂတ် သာသနာတော်၏အရေးကိုရင်း၊ ဆွေးနွေးတော်မူကြပါသည်။

ဗမာပြည်အရပ်ရပ်မှ ကြွရောက်တော်မူလာကြသော ဓမ္မစကြာရိပ်သာခွဲ အသီးသီးမှ ဆရာတော်ဘုရားများ (အားလုံး) သည် မန္တလေးမြို့ ဓမ္မစကြာ ပဋိပတ် သာသနာပြု ရိပ်သာမှ ဆရာတော် ဦးကုမာရ(သာသနဓဇ သိရိပဝရ မဟာစရိယ)အား ဓမ္မစကြာရိပ်သာခွဲများ၏နာယကဆရာတော်အဖြစ်တညီတညွတ်တည်း သဘောတူ ရွေးကောက်တင်မြှောက်ကြသည့်အကြောင်း ကျေးဇူးရှင် ဓမ္မစကြာ မူလနာယက ဆရာတော် ဘုရားကြီး၏ တပည့်အပေါင်းတို့အား သတင်းကောင်းပါးလိုက်ပါသည်။

သာသနာခေတ်, တရားမြတ်၊
လွှမ်းပတ်ကမ္ဘာ, တည်စေသောဝ်။
ဓမ္မစကြာ, သာသနာ၊
ရောင်ဝါနေသို့ လင်းစေသောဝ်။

ပဋ္ဌမ ဈာန်ဝင် စိတ်တပါး၌ (၉) လွှာရအောင်
ဘယ်လို ခွဲစိတ်ကြမည်နည်း။

အနတ္တအစစ်သဘောကို ဘယ်အလွှာကျမှ
တွေ့ကြမည်နည်း။

ဝိညာဏ် သိ နှင့် ပညာ သိ သဘောကို
ဘယ်လို စိတ်ခွဲ ကြည့်မှ သိနိုင် မည်နည်း။

ငါမဟုတ်, သူမဟုတ်, ယောကျ်ားမဟုတ်
မိန်းမ မဟုတ်, ပုဂ္ဂိုလ် သတ္တဝါမဟုတ်
ဟူ၍ — သညာ သိ သဘော သိရုံမျှနှင့်
သက္ကာယဒိဋ္ဌိ ကွာနိုင်ပါမည်လား။

မမြဲသော တရား, ဆင်းရဲစေသော တရား,
အစိုးမရသော တရားဟူ၍ဖြင်း
သဘော တရား စိတ်သတ္တိ ခေါ
မြေ့ မြေ့ ကလေးသာရှိ၏ ဟူ၍ မှူးသာသိရုံနှင့်
ဝိညာဏ် သိစဉ်၍ ပညာမြင် ဖြစ်ကြပြီလား။

သိလိုလျှင် — ဤ ကျမ်းစာကို
ဖတ်ပါ မှတ်ပါ ဆွေးနွေးပါ။